http://www.dhammadownload.com

လူငယ်များအတွက်

# ဂမ္ဘီရဝိပဿနာ

အတွဲ(၃+၄)

## မေတ္တာရှင်

(ရွှေပြည်သာ)



လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ အတွဲ(၃+၄) မေတ္တာရှင် (ရွှေပြည်သာ)

http://www.dhammadownload.com

## လမ်း၏ အပြစ်မဟုတ်ပါ

ရန်သူပိုင်းထား
ထိုယောက်ျားကား
ပြေးသွားဖို့ရာ
လမ်းပေါက်သာလျက်
ပြေးမထွက်
လမ်း၏အပြစ် မဟုတ်ချေ။
ထို့အတူ သင်တို့၏
ဘဝအဆက်ဆက်က မိုက်မဲစွာ ပြုခဲ့ကြသော
အပါယ်ဆွဲချမယ့် အကုသိုလ်ရန်သူတွေဟာ
သင်တို့၏ ဘေးမှာဝိုင်းရံ လို့နေပါတယ်။
အဲ့ဒီအကုသိုလ်ရန်သူတွေထဲက
ပြေးထွက်စရာတစ်ခုတည်းသောလမ်းကတော့
ဝိပဿနာမဂ္ဂင် လမ်းပဲဖြစ်ပါတယ်။

http://www.dhammadownload.com

မေတ္တာရှင် (ရွှေပြည်သာ)

---

# လူငယ်များအတွက် ဂမ္ဘီရ ဝိပဿနာ

## အတွဲ (၃ + ၄)

ဖြန့်ချိရေး

ဦးစိုးတင့် 'ရွှေပြည်သာစာပေ'၊
မန္တလေးကျောင်း၊ ဥပသကာအဖွဲ့၊ ၆/၁၀ ရပ်ကွက်၊
ချင်းတွင်းလမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၆၁၀၆၂၂၊ ၀၉-၅၀-၁၆၆၆၃၊

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၃၂၀၆၅၉၀၆၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၃၂၀၆၄၄၀၆၁၀

ထုတ်ဝေခြင်း
ပထမအကြိမ်၊ ၂၀၀၇၊ ဇူလိုင်

အုပ်ရေ
၅၀၀၀

မျက်နှာဖုံးဒီဇိုင်း
ကိုစိုးတင့်၊ ကိုဆန်းထွန်း

အတွင်းဖလင်
အောင်ဇော် 'ပုံရိပ်ရှင်'

ပုံနှိပ်သူ
ကာလာဇုန်ပုံနှိပ်တိုက် (၀၆၈၂၁)ဦးဇော်မြင့်ဝင်း၊
အမှတ် (၁၈၄)၊ ၃၁ လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးကျော်ဆန်း (ရဲအောင်စာပေ)
အမှတ် (၂)၊ ချွန်း ၁-လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၅၀၀ ကျပ်

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မကြည့်တတ်တော့တဏှာ | ၂၂၃ |
| | မဂ်တား, ဂိုလ်တား, အန္တရာယ်ငါးပါး | |
| | သီသီလေးနှင့်တစ်သက်လုံးလွဲ | ၂၃၂ |
| | စကားတစ်ခွန်း ဘုရားနှစ်ဆူ | ၂၄၀ |
| | ကဲ့ရဲ့လွယ်သူများသတိထား | ၂၄၇ |
| | ငှက်ပျောတုံးဖောင်ပေါ်မှ မာန်ထောင်သူများ | ၂၅၀ |
| | ဥပမာ ဥပမေယျ | ၂၅၀ |
| | စိတ်၏ပူလောင်ကြောင်းတရားများ | ၂၅၄ |
| | လောဘဆိုးကျိုးသုံးမျိုး | ၂၅၈ |
| | မတ္တရာဆရာတော် | ၂၆၄ |
| | သဒ္ဓါဝိမုတ္တနဲ့ ပညာဝိမုတ္တအထူး | ၂၆၆ |
| | သောတာပန်တို့ ခံ,စံကြရသော | |
| | နိဗ္ဗာန်၏အနက်လေးချက် | ၂၆၇ |
| | မိတ်ဆွေနဲ့ရန်သူ | ၂၈၃ |
| | ဓမ္မသဘာဝ သညာ,စိတ်,ပညာ,သင်္ကာယဒိဋ္ဌိ(၂၀) | ၂၈၇ |
| | ပထမ နိဗ္ဗာန် | ၂၉၈ |
| | နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဉာဏ် | ၃၀၅ |
| | ဝိပဿနာတရားအစ, သုတမယဉာဏ်က | ၃၂၅ |
| | တောင်ကား,တရား၊ ဘုရားကား,တောင်ပေါ်ကလူ | ၃၃၆ |
| | ယထာဘူတာဉာဏ်ကိုရသော် | ၃၃၉ |
| | ငါးထွေခန္ဓာရေလဲဆိုသည်မှာ | ၃၄၁ |

http://www.dhammadownload.com

http://www.dhammadownload.com

# အခန်း (၂၂)

## မင်္ဂလာပိုလ်ရသင့်လျှောက်မရခြင်းအကြောင်းနှစ်ပါး

အင်း စာတွေတတ်သားဗျာ၊ စာအတိုင်းလိုက်နာရုံပါပဲ၊ ဘယ်သူမှ စာထက်ပိုပြီး မလုပ်နိုင်ပါဘူး။ စာကိုအဟုတ်ယုံကြည်ဖို့ ပဲလိုပါတယ်၊ ဘုရားကတရားနှစ်မျိုးတည်းဟောတာပဲ။

ဘယ်ဟာက ပဟာတဗ္ဗ (ပယ်ရမယ့်)တရား၊ ဘယ်ဟာက ဘာဝေတဗ္ဗ (လိုက်နာပွားများ ကျင့်ကြံရမယ့်) တရားဆိုတာသိတယ် မဟုတ်လား မလုပ်နဲ့ဆိုတဲ့ဟာမလုပ်နဲ့၊ လုပ်ဆိုတဲ့ဟာလုပ် ဒါပဲ ကျုပ်တို့အခုနေတာလည်း ဒီအတိုင်းပါပဲ။

မောင်ပဥ္စင်း တို့များသာသနာနဲ့တွေ့ရတာ အလွန် အကျိုး များတယ် နည်းနာတကျ ကမ္မဋ္ဌာန်းပေးတတ်တဲ့ဆရာရဖို့ မလွယ် ဘူး။ လက်ပံတောရ ဦးအာဒိစ္စလည်း တော်ပါပေတယ်။

http://www.dhammadownload.com



ခုလိုသာသနာနဲ့ဆရာနဲ့ တွေ့တဲ့အခါ အသက်ကို အပ်နှင်းနိုင်တဲ့အထိ သာသနာကိုရော ဆရာကိုရော တထစ်ချယုံဖို့ပုံဖို့ အရေးကြီးတယ်။

သံဃာများ ကိုယ်ကျင့်တရားပျက်ကွက်နေတာ တွေ့ရတော့ သူငယ်ချင်းရဟန်းခုနစ်ပါးဟာ စိတ်တူသဘောတူကတိထားပြီး ဒီအကြောင်းတရားကို ပွားများရင် အကျိုးတရားကို မုချရမယ်ဆိုတာယုံကြည်ကြတယ်။

ကိုယ်တော်ခုနစ်ပါးလုံး နွယ်ကြိုးလှေခါးဆင်ပြီး တောင်ပေါ်ကိုတက်ကြတာ တောင်ပေါ်ရောက်တာနဲ့တစ်ပြိုင်နက် လှေကားကို တွန်းချပစ်ခဲ့တယ်။ ပြန်လမ်းမထားဘူး။

တရားထူးရလျှင်ရ၊ မရလည်းဒီတောင်ပေါ်မှာ ငါ့သင်္ချိုင်းဖြစ်ပစေဆိုပြီး အသက်နဲ့လဲအားထုတ်ကြတာ။ တစ်ရက်ကြာတော့ တစ်ပါးက ရဟန္တာဖြစ်လို့ အဘိညာဉ်နဲ့မြောက်ကျွန်းကြွပြီး ဆွမ်းခံကျွေးတယ်။ ကျန်ကိုယ်တော်စုက မစားကြဘူး။ ကိုယ့်အစွမ်းနဲ့ ကိုယ်ရမှစားမယ်ဆိုပြီး အားကျမခံ အားထုတ်ကြတယ်။ နောက်တစ်ရက် တစ်ပါးက အနာဂါမ်ဖြစ်တယ်။ ခုနစ်ရက်ကြာတော့ ကျန်ငါးပါးဟာ တရားထူးမရဘဲ အစာရေစာပြတ်သေပြီး နတ်ပြည်ရောက်ကြတယ်။

## ကိုယ့်တာဝန်ကိုယ်လုပ်တစ်ချက်ခုတ်နှစ်ချက်ပြတ်

မောင်ပဥ္စင်းတို့ တို့တစ်တွေဟာ အဲသည်တုန်းကထက် သာသနာ ပွင့်လင်းနေမှ ကိုယ်ကတကယ်ယုံပြီး အဟုတ်လုပ်ဖို့သာ

http://www.dhammadownload.com



လိုတာပဲ။ ကိုယ်က ရှေ့မရောက်သေးဘဲနဲ့ သူများကိုငဲ့ပြီး ခေါ်ချင်တာမျိုးမလုပ်ရဘူး။

တစ်ပါးထဲနေပေမယ့် တစ်ကိုယ်ကောင်းအလွတ်ရုန်းတာ မဟုတ်ဘူးကွဲ။ ကိုယ့်ကိုယ်ကို ကောင်းအောင်လုပ်ရင်းက အများအကျိုးဆောင်နိုင်တာ ဒီအလုပ်ပဲရှိတယ်။

မဟာဝဂ္ဂသံယုတ်ပါဠိတော်မှာ ဆရာတပည့် ဝါးလုံးထောင်တက်တဲ့ ဥပမာပြပြီး မြတ်စွာဘုရားဟောတော်မူတာရှိတယ်။ ဝါးလုံးကို ပခုံးပေါ်ထောက်ပြီး ထိန်းပေးတဲ့ဆရာရော တက်တဲ့တပည့်ရော ကိုယ့်အလုပ်ကိုယ်ရှိသေပြီး ကိုယ့်ကိုယ်ကို စောင့်ရှောက်ရင်း သူများကိုလည်းစောင့်ရှောက်ပြီးသားဖြစ်တယ်တဲ့။

အဲဒီဥပမာအတိုင်း မိမိကမ္မဋ္ဌာန်းကို မိမိအားထုတ်နေတာဟာ သတ္တဝါတွေကို စောင့်ရှောက်နေတယ်လို့ မှတ်ရမယ်။ (အတ္တာနံ ရက္ခန္တော ပရံရက္ခတိ)

သည်းခံတာ၊ မေတ္တာ၊ ကရုဏာပွားများနေတာလည်း (ပရံရက္ခန္တော အတ္တာနံ ရက္ခတိ၊ သူများကိုစောင့်ရှောက်ရင်း ကိုယ့်ကိုယ်ကို စောင့်ရှောက်ပြီးသားဖြစ်တယ်၊ သိပ်ကျေးဇူးကြီးတဲ့အလုပ်ကွဲ. (သေဒကသုတ်)

အပရာပရိယ ဝေဒနိယကံသံသရာက အကုသိုလ်ကြွေးတွေကို ရှင်းနိုင်တာလည်း ဒီအလုပ်ပဲ၊ ခန္ဓာကိုယ်ကို အလျော်အစားလုပ်ပြီး ကြွေးဆပ်လို့ ကြွေးမကျေဘူး။ (ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ စာ-၁၈၇မှ)

မှတ်ချက်။ သက်တော် ၉၉ နှစ် ၉လ ၉ရက်နေတော်မူသွားသော ခတ်တော်ကျ ရဟန္တာဘုန်းတော်ကြီး ဦးသာရွှန်း၏

http://www.dhammadownload.com



ဩဝါဒဖြစ်သည်။ အဆုံး အမတရားနည်းနာတောင်းခံလာသော ကန္တီဆရာတော်လောင်းလျာ ဦးသောဘိတအား ပေးလိုက်သော ဩဝါဒပင်။

၁၂၄၇ခုနှစ်ဝန်းကျင်ကပေးသော ဩဝါဒဖြစ်၍ ယခု ဆိုလျှင် နှစ်ပေါင်း ၁၁၇ နှစ်ကျော်ရှိလေပြီ။

နုပ် မင်းခန္ဓာကို ပရမတ်ဉာဏ်မျက်စေ့နဲ့ ကြည့် လိုက်တော့ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါ ဆိုတာ မတွေ့ရတော့ဘဲ ဆိတ်သုဉ်းသွားတာကို သုည အမြင်လို့ခေါ်တယ်။ သတ္တလောက၊ ဩကာသ လောက၊ သင်္ခါရလောကဆိုတဲ့ လောကသုံးပါးလုံးကို အားလုံး သုညဖြစ်သွားအောင် ကြည့်နိုင်ရမယ်၊

သန်း လောကသုံးပါးအဓိပ္ပာယ် ပြောပါဦးဘုရား။

နုပ် သတ္တလောကက အပါယ်ဘုံသားနဲ့ လူနတ် ဗြဟ္မာတွေကို ပြောတာ၊ ဩကာသလောကဆိုတာ သူတို့နေတဲ့ ဘုံဌာန တွေကို ပြောတာ၊ သင်္ခါရလောကဆိုတာက သူတို့ သန္တာန်မှာ ဖြစ်ပျက်နေတဲ့ရုပ်တရား နာမ်တရားတွေကို ပြောတာ၊

ဒီလောကသုံးပါးလုံး ဘာမှရှာမတွေ့ရတော့ဘဲ ဆိတ်သုဉ်းသွားအောင် ပရမတ်ပညာနဲ့ ကြည့်နိုင်ရမယ်။ အဲဒီလိုကြည့်နိုင်ရင် သေမင်းကနေ လွတ်မြောက်သွား ပြီတဲ့။ သေမင်းကလည်း ကိုယ့်ကို မမြင်နိုင်တော့ဘူးတဲ့။ အဲဒီအဓိပ္ပာယ်မျိုး သုတ္တနိပါတ်မှာ ဘုရားရှင်က မောဃ ရာဇအမည်ရှိတဲ့ ရဟန်းကို ဟောဘူးတယ်။

http://www.dhammadownload.com



သုညတော လောကံ အဝေက္ခဿု၊
မောဃရာဇ သဒါသတော။
အတ္တာနုဒိဋ္ဌိံ ဥဟစ္စ၊
ဧဝံ မစ္စုတရောသိယာ။
ဧဝံလောကံ အဝေက္ခန္တံ၊
မစ္စုရာဇာ နပဿတိ။ (သုတ္တနိပါတ်)

မောဃရာဇ သင်သည် ငါရှိသည်ဟုအယူမှားသော သက္ကာယဒိဋ္ဌိကို ပယ်စွန့်၍ လောကသုံးပါးကို သုညဖြစ်အောင် ဉာဏ်ပညာဖြင့် ကြည့်ရှုလော့။ ဤသို့ကြည့်ရှုနိုင်သည်ရှိသော် သေမင်းကိုလွန်မြောက်၏။ မောဃရာဇ ဤသို့ လောကသုံးပါးကို သုဉ်းဆိတ်သွားအောင် ကြည့်ရှုနိုင်သူကို သေမင်းမမြင်နိုင်တော့။

ဒီဒေသနာအတိုင်း ကြည့်နိုင်ဖို့ဆိုတာ လွယ်တာမှတ်လို့ကွာ၊ ယောဂီမှာပရမတ်ပညာမရှိဘဲ ဘယ်လိုမှကြည့်လို့မရနိုင်ဘူး၊ ဒီလိုကြည့်တတ်ဖို့အတွက် ပရမတ်တရားတွေကို ကြိုသင်ပေးလာတာပေါ့။ ကဲ လက်တွေ့ကြည့်ကြရအောင်၊ ကြည့်လို့လွယ်အောင် ပထမဆုံးအနေနဲ့ လောကသုံးပါးကို တူရာပေါင်းပြီး နှစ်ပုံ ပုံပစ်ရမယ်။

အာရုံကိုမသိတာကရုပ်၊ အာရုံကိုသိတာကနာမ်။ ဒီနှစ်ပုံထဲကို လောကသုံးပါးလုံးဝင်အောင်သွင်းရမယ်။ ပထမဆုံး အပါယ်ဘုံသားတွေနေတဲ့ ဘုံ၊ လူနတ်ပြဟ္မာတွေနေတဲ့ဘုံတွေကို ရုပ်တရားခြင်းတူလို့ တူရာပေါင်းပြီး တစ်ပုံပုံပါ။ ဒါဆိုရင်တော့ တောတောင်ရေမြေတွေပါမကျန် ဩကာသလောက အကုန်ကုန်သွားပြီ၊ နောက် သတ္တလောကလို့ခေါ်တဲ့ သတ္တဝါတွေကိုလည်း ရုပ်နဲ့နာမ် ခွဲပြီးပုံရမယ်။

http://www.dhammadownload.com



သတ္တလောကလို့ခေါ်တဲ့ သတ္တဝါတွေကို ရုပ်နဲ့နာမ်ခွဲလိုက်တာနဲ့ သင်္ခါရလောကပါ တခါတည်းပါသွားပြီ။ ပထမဆုံး အပါယ်ဘုံသားတွေကို ရုပ်နဲ့နာမ် ခွဲပစ်ရမယ်။ သိတတ်တဲ့ နာမ်တရားတွေကို တစ်ပုံပုံမယ်။ နာမ်တရားမရှိတော့တဲ့အတွက် အသေကောင်ဖြစ်နေတဲ့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် မသာတွေကို ရုပ်တရားခြင်းတူတဲ့အတွက် ဩကာသလောကဘုံ ဌာန ရုပ်ပုံထဲမှာ သွားပုံပါ။

ဒါဆိုရင် အပါယ်ဘုံသားဆိုတာလည်း မရှိတော့ဘူး၊ ပျောက်သွားပြီ။ နောက်လူ့ဘုံကလူတွေအားလုံးကိုလည်း ရုပ်နဲ့နာမ်နဲ့ခွဲပစ်ပြီး နာမ်ကို စောစောက နာမ်ပုံထဲမှာ သွားပုံလိုက်၊ ကျန်တဲ့လူမသာတွေကို ရုပ်တရားဖြစ်လို့ ဘာမှမသိတတ်တဲ့ သဘောတရားခြင်းတူတဲ့အတွက် ရုပ်ပုံထဲမှာသွားပုံရမယ်။ ဒါဆိုရင် လူဆိုတာလည်း မရှိတော့ဘူး။

နောက်နတ်သားနတ်သမီးတွေအားလုံးကိုလည်း ရုပ်နဲ့နာမ်ခွဲပြီးရုပ်တရားကို ရုပ်ပုံထဲထည့်၊ နာမ်တရားကိုနာမ်ပုံထဲမှာသွားထည့်ပါ။ ဒါဆိုရင် နတ်ဆိုတာလည်းမရှိတော့ဘူး။ ဗြဟ္မာတွေကိုလည်း ရုပ်နဲ့နာမ်ခွဲပြီး ရုပ်တရားကို ရုပ်ပုံထဲသွားထည့် နာမ်တရားကို နာမ်ပုံထဲထည့်ရမယ်။

ကဲ မင်းသေချာပြန်ကြည့်စမ်း။ အပါယ်ဘုံသားဆိုတာ ရှိသေးသလား။

**သန်း** မရှိတော့ပါဘူးဘုရား၊

**နုပ်** ဘာနဲ့ဘာပဲရှိသလဲ၊

**သန်း** ရုပ်နဲ့နာမ်ပဲရှိတယ်၊

http://www.dhammadownload.com



နုပ် လူဆိုတာရှိသေးလား၊
သန်း မရှိတော့ပါဘုရား၊
နုပ် ဘာနဲ့ဘာပဲရှိသလဲ၊
သန်း ရုပ်နဲ့နာမ်ပဲရှိပါတယ်ဘုရား။
နုပ် နတ်ဆိုတာရှိသေးလား။
သန်း မရှိတော့ပါဘုရား၊
နုပ် ဘာနဲ့ဘာပဲရှိသလဲ၊
သန်း ရုပ်နဲ့နာမ်ပဲရှိပါတယ်၊
နုပ် ဗြဟ္မာဆိုတာရှိသေးလား၊
သန်း မရှိတော့ပါဘုရား၊
နုပ် ဘာနဲ့ဘာပဲရှိသလဲ၊
သန်း ရုပ်နဲ့နာမ်ပဲရှိပါတယ်၊
နုပ် ငါ၊ သူတစ်ပါး၊ယောက်ျား၊မိန်းမ ပုဂ္ဂိုလ် သတ္တဝါရော ရှိသေးလား။
သန်း မရှိတော့ပါဘုရား၊
နုပ် ဘာနဲ့ဘာပဲရှိသလဲ၊
သန်း ရုပ်နဲ့နာမ်ပဲရှိပါတယ်၊
နုပ် ရုပ်နဲ့နာမ်ကရွှံ့တွေနဲ့တူတယ်။ အပါယ်ဘုံသားတွေ လူနတ်ဗြဟ္မာတွေက ရွှံ့နဲ့လုပ်ထားတဲ့ အရုပ်မျိုးစုံနဲ့ တူတယ်။ ရွှံ့ကိုယူပြီးနွားရုပ်လုပ်တော့ နွားလို့ခေါ်တာပဲ။ လူရုပ်လုပ်တော့ လူလို့ခေါ်တာပဲ။ နတ်ရုပ်လုပ်တော့ နတ်လို့ ခေါ်တာပဲ၊ ဗြဟ္မာရုပ်လုပ်တော့ ဗြဟ္မာလို့ခေါ်တာပဲ။ ဒါတွေကနာမည်တပ်ထားတဲ့ ပညတ်တွေပေါ့၊

http://www.dhammadownload.com



တကယ့်အရှိတရားကရှိပါပဲ၊ ပန်းပုဆရာ လုပ်ထားတဲ့ အတိုင်းသာ နွားပုံ၊ လူပုံ၊ နတ်ပုံဆိုပြီး ပုံအမျိုးမျိုး ဖြစ်နေကြရတာပါ။ တကယ်အရှိတရားကို သိချင်ရင် အရုပ်အားလုံးကို ရေနဲ့လောင်းပြီး ပြန်နယ်ကြည့်လိုက်ရုံ ပါပဲ။ ဒီလို လုပ်ကြည့်လိုက်ရင်တော့ ပန်းပုဆရာ လုပ်ထားတာ ဘယ်လောက် လက်ရာကောင်းကောင်း ရှိ့ဟာရှိ့ပါပဲ။ ရှိ့သာလျှင် အရှိတရားပါ။

ဒီဥပမာအတိုင်းပဲ ကံဆိုတဲ့ပန်းပုဆရာကြီးက ရုပ်နဲ့ နာမ်ကိုယူပြီး အပါယ်ဘုံသားပုံစံ ဖန်ဆင်းတော့ အပါယ်ဘုံသားလို့ ခေါ်ကြရတာပါ။ လူပုံစံ ဖန်ဆင်းတော့ လူလို့ခေါ်ကြရပြန်တာပါ။ နတ်ပုံစံဖန်ဆင်းတော့ နတ်လို့ ခေါ်ကြရပြန်တယ်၊ ဗြဟ္မာပုံစံ ဖန်ဆင်းတော့ ဗြဟ္မာ လို့ခေါ်ကြရပြန်တယ်။

အခုလို ဗုဒ္ဓဟောကြားထားတဲ့ ပရမတ်ဉာဏ်နဲ့ ဝေဖန်ကြည့်လိုက်တော့ ရုပ်နဲ့နာမ်ပဲရှိပါတယ်။ အပါယ်ဘုံ သား လူနတ်ဗြဟ္မာဆိုတာနာမည် တပ်ထားတဲ့ ပညတ် တွေပါတကယ့် အရှိတရားမဟုတ်ပါဘူး။ ငါ၊ သူတစ်ပါး၊ ယောကျာ်း၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါဆိုတာလည်း ခေါ်လို့ ပြောလို့ရရုံ အမည်တပ်ထားတဲ့ ပညတ်တွေပါ။ တကယ့် အရှိတရားမဟုတ်ပါဘူး။

ဒီလိုသိသွားတော့ သတ္တလောကနဲ့ ဩကာသ လောက နှစ်ခု ဆိတ်သုဉ်းပြီး သုညဖြစ်မသွားဘူးလား။

သန်း သုညဖြစ်သွားပြီဘုရား ဘာမှမရှိတော့ဘူး။

http://www.dhammadownload.com



နုပ် ဒါပေမယ့် ရုပ်နာမ်လို့ခေါ်တဲ့ သင်္ခါရလောက ကျန်နေသေးတယ်။ သူ့ကိုလည်း သုညဖြစ်အောင်ဉာဏ်နဲ့ ဆက်ကြည့်ရမယ်။ ကဲ လွယ်ကူတဲ့ နာမ်တရားကနေ စကြည့်ရအောင် နာမ်တရားဆိုတာ အာရုံကိုသိတတ်တဲ့ သဘောတရားလေးပဲမဟုတ်လား။ အတုံး၊ အလုံး၊ အခဲ၊ အရည်အဖတ်၊ အမှုန်အမွှားလို့ရှိသေးလား။

သန်း မရှိပါဘူးဘုရား။

နုပ် ဒါဆိုရင် နာမ်တရားအပေါ်မှာလည်း သုညတ ဆိုက်သွားတာပေါ့၊ နောက်ရုပ်တရားကိုသွားရအောင် ရုပ်တရားထဲက ပထဝီဓာတ်တစ်လုံးကို ပြောရင်ကျန်တာအကုန်ပါသွားပြီ၊ ပထဝီဆိုတဲ့ ရုပ်ဓာတ်ကရော အလုံး အတုံးအခဲ၊ အရည်အဖတ်၊ အမှုန်အမွှားဟုတ်သလား။

သန်း မဟုတ်ပါဘူးဘုရား မာတဲ့ သဘောနဲ့ပျော့တဲ့ သဘောလေးပါဘုရား။

နုပ် ဒါဆိုရင် ရုပ်တရားမှာလည်း သုညတဆိုက်သွားပြီ၊ ရုပ်နာမ်လို့ခေါ်တဲ့သင်္ခါရလောကကိုလည်း သဘောတရားမျှသာရှိပါလားလို့ သိလိုက်ရင် သုညတဆိုက်တာပဲ။ ဒီလိုဆိုတော့ လောကသုံးပါးလုံး သုညဆိုက်သွားတာပေါ့။ ပုဂ္ဂိုလ်သတ္တဝါရှိတယ်လို့ယူဆတဲ့ သူမှာမှသေတယ်ဆိုတာရှိတာ။

ပုဂ္ဂိုလ်သတ္တဝါမရှိရင် သေတယ်ဆိုတာလည်း မရှိတော့ဘူး။ ငါရှိတယ်လို့ ယူဆထားမှ ငါသေတယ်ဆိုတာဖြစ်နိုင်တာ၊ ငါမှမရှိရင် ငါသေတယ်ဆိုတာလည်း မရှိနိုင်တော့ဘူး။ ဒီလိုပိုင်းပိုင်းခြားခြား သိသွားတဲ့ လူကို

http://www.dhammadownload.com



သေခြင်းတရားဟာ စိတ်အနှောက်အယှက် ဖြစ်အောင် မလုပ်နိုင်တော့ဘူး။ ဒါကိုရည်ရွယ်ပြီး လောကကို သုဉ်းဆိတ်သွားအောင် ကြည့်မြင်နိုင်သောသူကို သေမင်းမမြင်နိုင်လို့ ဟောတော်မူခဲ့တာပါ။

ခုလောက်ဆိုရင် ငါးစွဲဒိဋ္ဌိအကြွမ်းစားတော့ အတော်လေး ကွာသွားရောပေါ့ကွာ၊ ရှေ့ဆက်ရမှာက ဗုဒ္ဓဘာသာအချို့မှာ ဖြစ်တတ်တဲ့ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိအကြောင်း အကျယ်ပဲ၊ အဲဒါပြီးသွားရင် ခုပြထားတဲ့ခတ်(၈)ပါးကို အနုစိတ်ထပ်ပြရမယ်။ ရှေ့ဆက်ပြတော့မယ့် စကားလုံးတိုင်းဟာ မဂ်ဖိုလ်ကိုရစေမယ့် စကားလုံးတွေချည်းပဲ၊ တစ်လုံးမှမလွတ်အောင် နာယူဖတ်ရှုသွားဖို့ အရေးကြီးတယ်။

## မဂ်ဖိုလ်ရသင့်လျက် မရခြင်းအကြောင်း (၂) ပါး

ဒီနေရာမှာ ဝိပဿနာလိုက်စားသူတိုင်း သိသင့်တဲ့ မဂ်ဖိုလ်ရသင့်လျက် မရခြင်းအကြောင်းနှစ်ပါးကို ပြောပြမယ်။

သန်း အံ့ဩစရာပါးလားဆရာတော်၊ မဂ်ဖိုလ်ကိုရသင့်တဲ့ ပါရမီရှိနေပါလျက် မရတာဟာ တော်တော်နစ်နာပါတယ်ဘုရား။

နုပ် အေး ဒါကြောင့် ဒီအကြောင်းဟာ ဗုဒ္ဓဘာသာဝင်တိုင်း အရေးတကြီးသိသင့်တယ်၊ အဲဒီအကြောင်းနှစ်ခုက

**ပါပမိတ္တတာ** = ယုတ်ညံ့သော အဆွေခင်ပွန်းကို မှီဝဲခြင်း

http://www.dhammadownload.com



ကိရိယပဟာနိ = ကျင့်မှုဟောမှု၏ ယုတ်လျော့ခြင်း တို့ပဲ။ ပထမအကြောင်းကို သက်သေထုတ်ရရင် အဇာ တသတ်ဘုရင်ပဲ။ သူ့မှာဘုရားတရားနာယူလိုက်ရုံနဲ့ မဂ် ဖိုလ်ကို တထိုင်ထဲရသွားမယ့်ပါရမီတွေအပြည့်ပါတယ်။ ဒါပေမယ့် တန်ခိုးကိုဘန်းပြပြီး စည်းရုံးတဲ့ ဒေဝဒတ် နောက်ကိုပါသွားပြီး အဖသတ်ကံကြီးကို ကျူးလွန်မိလိုက် တယ်။

"နောင်တစ်ချိန် နောင်တတွေရပြီး မြတ်စွာ ဘုရားဟောတဲ့ သာမညဖလသုတ်ကိုတော့ နာရပါရဲ့ ဒါပေမယ့် အဖသတ်ကံကြီးက တားထားတော့ ဘာမဂ် ဘာဖိုလ် မှမရဘဲ လောဟကုမ္ဘီငရဲကိုပဲ ကျသွားတယ်။ တရားနာရတဲ့ အကျိုးကကြီးမားပါတယ်။ မြတ်စွာဘုရား ဟောတဲ့ တရားကိုသာ မနာလိုက်ရရင် အဇာတသတ် ဟာအဝီစိငရဲကြီးထိကျမှာ။

အဲဒီ အဝီစိငရဲကြီးရောက်သွားရင် လွတ်ဖို့ရာ တော်တော်နဲ့ မလွယ်တော့ဘူး။ သက်တမ်းရှည်လွန်း အားကြီးတော့ နှစ်နဲ့တောင် ရေတွက်လို့မရဘူး။ ကပ်နဲ့ပဲ ရေတွက်ရတယ်။ အဝီစိငရဲကို ကျသွားရင် ဝိဝဋ္ဋဌာယီ ကပ်တစ်ကပ်ကြာအောင်ခံရတယ်။

တရားနာလိုက်ရတဲ့ ဓမ္မသဝန ကုသိုလ်ကြောင့် အရုံငရဲငယ်လေးကိုပဲ ကျသွားတာ။ အများကြီး သက် သာသွားတာပေါ့။ ဒီတော့ အဇာတသတ်မင်း မဂ်ဖိုလ် ရသင့်ရဲ့သားနဲ့ မရတာဟာ ဒေဝဒတ်လို မိတ်ဆွေယုတ်ကို

http://www.dhammadownload.com



ပေါင်းသင်းမိတဲ့အတွက်ကြောင့်ပါပဲ။

ဒုတိယ တရားမရခြင်း အကြောင်းက ကိရိယ ပဟာနိ နာမှုဟောမှုမှာ ယုတ်လျော့သွားခြင်းဆိုတော့ တရားဟောသူရော တရားနာသူရော နှစ်ဦးလုံးနဲ့ဆိုင်တယ်။ နာသူဘက်က ယုတ်လျော့ခြင်းကို စပြောရအောင် တစ်ချို့က တရားကိုဆုံးအောင်မနာချင်ဘူး။ တရားစာအုပ်ကို ဆုံးအောင်မဖတ်ချင်ဘူး။ အဲဒါဟာ မဂ်ဖိုလ်ရသင့်လျက်မရခြင်းရဲ့အကြောင်းတစ်ခုပဲ။

ဒီအချက်နဲ့ပတ်သက်ပြီး မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ကန္ဒရသုတ်ကို အကျဉ်းပြောပြမယ်။ တစ်ခါတော့ ဆင်ထိန်းရဲ့သား ပေဿအမည်ရှိတဲ့ ဒကာတစ်ယောက်ဘုရားကျောင်းတော်ကို ရောက်လာတယ်။ ပုဂ္ဂိုလ်လေးမျိုးအကြောင်းကို အကျယ်ရှင်းပြလိုက်တာနဲ့ ပေဿသောတာပန်တည်မှာကို ဘုရားကမြင်တော်မူတယ်။

ဒါ့ကြောင့် ဘုရားက တရားတော်ကို မေးခွန်းတစ်ခုနဲ့ စလိုက်တယ်။ ပေဿ လောကမှာ ပုဂ္ဂိုလ်လေးမျိုးရှိတယ်။ ဘာတွေလဲဆိုတော့

မိမိကိုယ်ကို ပူပန်စေတတ်သောသူ

သူတစ်ပါးကို ပူပန်စေတတ်သောသူ

မိမိ သူတစ်ပါးနှစ်ဦးသားကို ပူပန်စေတတ်သောသူ

မိမိ သူတစ်ပါးနှစ်ဦးသားကို မပူပန်စေတတ်သောသူ

တို့ပဲ။ ဒီလေးမျိုးမှာ သင်ဘယ်ပုဂ္ဂိုလ်ကို သဘောကျပြီး ဘယ်ပုဂ္ဂိုလ်တွေကို သဘောမကျသလဲလို့မေးတော့

http://www.dhammadownload.com



မိမိသူတစ်ပါး နှစ်ဦးသား မပူပန်စေတတ်သူကို သဘော ကျပါတယ်။ ကျန်ပုဂ္ဂိုလ်များကိုတော့ သဘောမကျပါ ဘူးလို့ ပေဿကဖြေတယ်။ ဒီတော့ ဘုရားရှင်က ကျန် သုံးယောက်ကိုရော ဘာဖြစ်လို့သဘောမကျတာလဲလို့ မေးတော့ မိမိသူတစ်ပါး တစ်ဖက်ဖက်ကိုဖြစ်စေ နှစ်ဖက် လုံးကိုဖြစ်စေ ပူပန်စေတတ်လို့ပါလို့ ဖြေတယ်။

ဒီနေရာရောက်လို့ ဘုရားရှင်က ပုဂ္ဂိုလ်လေး မျိုးကို အကျယ်ဟောဖို့လည်း ပြင်လိုက်ရော ပေဿက တပည့်တော်အိမ်မှာ ကိစ္စရှိလို့ ပြန်လိုက်ဦးမယ်ဘုရား ဆိုပြီး တခါထဲထပြန်သွားတယ်။ ဘုရားကိုတောင် အားမနာဘူး။ အဲဒီမှာတင် ဘုရားရှင်က အနားမှာရှိနေတဲ့ ရဟန်းတွေကို ပြောတယ်။

"ချစ်သားတို့ ပေဿဟာ ငါဘုရားဟော
မည့် တရားကိုဆုံးအောင် မနာယူတဲ့အတွက်
မဂ်ဖိုလ်ရသင့်တဲ့ ပါရမီရှိပါလျက် မရဘဲလွဲ
ချော်သွားခဲ့ရပြီ။ သံသရာ မပြတ်နိုင် တော့တဲ့
အတွက် (၃၁) ဘုံမှာ အို နာ သေ ဒုက္ခတွေကို
အကြိမ်ကြိမ်ခံရင်း ပေဿရဲ့ အရိုးတွေဟာ
တောင်လိုပုံရတော့မယ်"

တဲ့။ ကြည့်စမ်း နာသင့်တဲ့တရားလေးဆုံးအောင် မနာ လိုက်တဲ့အတွက် သံသရာတစ်လျှောက် ဘယ်လောက် နစ်နာသွားသလဲလို့။ ဒါ့ကြောင့် မင်းလည်းအခုပြနေတဲ့ တရားကိုဆုံးခန်းတိုင်အောင်နာပါ။ စာဖတ်နေသူတွေလဲ

http://www.dhammadownload.com



ဆုံးအောင်ဖတ်ကြပါလို့ မေတ္တာရှေ့ထားပြီး မှာလိုက်ပါရစေ။

သန်း တပည့်တော် ဆုံးအောင်နာမှာပါဘုရား။

နုပ် နောက်တစ်ခါ ဟောမှုယုတ်လျော့တဲ့အတွက် မဂ်ဖိုလ်ရသင့်လျက် မရသူရဲ့အကြောင်းကို ပြောကြရအောင်။ အဲဒါက ဗုဒ္ဓလက်ထက်က ဓနဉ္စာနီပုဏ္ဏားကြီးပဲ။ ပုဏ္ဏားကြီးသေခါနီးတော့ အရှင်သာရိပုတ္တရာကို ပင့်ပြီး တရားနာတယ်။ အရှင်သာရိ ပုတ္တရာက ခေတ်၊ ပရမတ် ဆိုတဲ့ ဝိပဿနာတရားတွေဟောနေရင် ဉာဏ်လိုက်နိုင်မယ်လို့ မထင်တာနဲ့ မေတ္တာပွားနည်းကိုပဲ ဟောပေးတယ်။ "မေတ္တာဒယောတယောစတုက္ကဇ္ဈာနိကာ" ဆိုတဲ့ သင်္ဂဟကျမ်းအဖွင့်အရ မေတ္တာ၊ ကရုဏာ၊ မုဒိတာ သုံးပါး တစ်ပါးပါးကိုပွားရင် စတုတ္ထဈာန်ထိရနိုင်တယ်။ ပြီးတော့ သမထကမ္မဋ္ဌာန်းလေးဆယ်ထဲမှာ မေတ္တာဟာ ဈာန်ရဖို့ အလွယ်ကူဆုံးပဲ။ အကုသိုလ်စိတ်တွေကင်းပြီး မေတ္တာပွားများမှုအပေါ်မှာ စိတ်စိုက်နေတာကို မေတ္တာဈာန်ရတယ်လို့ ပြောတာ။ ကောင်းကင်ပျံတာကို ပြောတာမဟုတ်ဘူး။

ကောင်းကင်ပျံတာက အဘိညာဉ်အဆင့် ဖြစ်သွားပြီ။ အဲဒီ မေတ္တာဈာန်နဲ့သေသွားတော့ ဓနဉ္စာနီပုဏ္ဏားကြီးဟာ ဗြဟ္မာဘုံကို ရောက်သွားတယ်။ အရှင်သာရိပုတ္တရာ ကျောင်းပြန်ရောက်တာနဲ့ ဘုရားရှင်က ဆီးပြောတယ်။ သာရိပုတ္တရာ သစ္စာတရားကိုသာ နာရရင် ဓနဉ္စာနီပုဏ္ဏားကြီးဟာ မဂ်ဖိုလ်ကိုရမှာ၊ အခုသင်က

http://www.dhammadownload.com



မေတ္တာတရားပဲဟောပေးလိုက်လို့ ဖြဟ္မာ့ဘုံပဲ ရောက်သွားတယ်။ ပုဏ္ဏားကြီးအတွက် နစ်နာတယ်။

ဒါ့ကြောင့် ဖြဟ္မာပြည်ထိလိုက်သွားပြီး သစ္စာတရားကို ဟောပေးပါလို့နိုင်းလို့ အရှင်သာရိပုတ္တရာ ဖြဟ္မာ့ပြည်ထိ သစ္စာတရားကိုလိုက်ဟောပေးရတယ်။ တရားဆုံးမှာ ဓနဉ္စာနိပုဏ္ဏားတစ်ဖြစ်လဲ ဖြဟ္မာကြီးဟာ မဂ်ဖိုလ်ကိုရသွားပါတယ်။ အဲဒီကနောက် အရှင်သာရိပုတ္တရာဟာ တရားဟောတိုင်း သစ္စာလေးပါးကိုမပါပါ အောင်ထည့်ဟောပေးပါတယ်။

ဟောသူဘက်က ယုတ်လျော့မှုဖြစ်ပြီး နာယူသူတွေ မဆုံးရှုံးရအောင်ဆိုတဲ့ မေတ္တာစေတနာပါပဲ။ ဒီသတ္တဝါကတော့ ဣန္ဒြေရင့်ပြီး သစ္စာလေးပါးတရားကို ဟောလို့ရပြီ။ ဒီသတ္တဝါကတော့ ဣန္ဒြေမရင့်ကျက်သေးဘူး။ သစ္စာလေးပါးတရားဟောလို့ မရသေးဘူး။ အဲဒီလိုခွဲခြားပြီး သိနိုင်တဲ့ ဣန္ဒြိယ ပရောပရိယတ္တိ ဉာဏ်ဟာ ဘုရားရှင်မှာပဲရှိတယ်။ သာဝကတွေမှာမရှိဘူး။

နောက် ဒီသူကတော့ ကသိုဏ်းလို၊ မေတ္တာလို နူးညံ့တဲ့ ကမ္မဋ္ဌာန်းနဲ့မှ သင့်လျော်တယ်။ ဒီသူကတော့ အသုဘကမ္မဋ္ဌာန်းလို ကြမ်းတမ်းတဲ့ ကမ္မဋ္ဌာန်းနဲ့မှ သင့်လျော်တယ်လို့ သူတစ်ပါးရဲ့ ကိန်းအောင်းနေတဲ့ အလိုဆန္ဒကို သိတဲ့ဉာဏ်ကို အာသယာနုသယ ဉာဏ်လို့ ခေါ်တယ်။ ဒီဉာဏ်တော်ကြီးဟာလည်း ဘုရားရှင်မှာသာ ရှိတယ်။ ကျန်သာဝကတွေမှာမရှိဘူး။

http://www.dhammadownload.com



ဒါ့ကြောင့် အခါတစ်ပါး အရှင်သာရိပုတ္တရာဟာ ရဟန်းသစ်တစ်ပါးကို အသုဘကမ္မဋ္ဌာန်းကြီးပေးပြီး အားထုတ်ခိုင်းတာ ဝါတွင်းသုံးလသာကုန်သွားတယ်။ ဘာတရားမှမရဘူး။ ဒါနဲ့ဘုရားရှင်ဆီခေါ်သွားတော့ ဘုရားရှင်က နူးညံ့တဲ့နည်းနဲ့မှတရားရမှာကိုသိတော့ အင်မတန်လှပတဲ့ ကြာပွင့်ကြီးတစ်ပွင့်ကို ဖန်ဆင်းပေးလိုက်ပြီး စိုက်ကြည့်ခိုင်းထားတယ်။

နောက်တဖြေးဖြေးခြောက်သွေ့ပြီး ကြာပန်းကပွင့်ဖက်တွေ တစ်လွှာချင်း ကြွေကျတာကို ဆက်ပြတယ်။ အဲဒီကမှ သံဝေဂဉာဏ်ဝင်လာတာကို တွေ့တာနဲ့ အနိစ္စတရားကို ပြလိုက်တာ တစ်ရက်တည်းနဲ့ ရဟန္တာ ဖြစ်သွားတယ်။ ဒါ့ကြောင့် တရားရှာဖွေတဲ့နေရာမှာ ဆရာစွဲမထားဘဲ ဒီနည်းနဲ့မသင့်တော်ရင် နောက်နည်းကိုပြောင်းပြီး နာကြားအားထုတ်ကြည့်ဖို့ ဝန်မလေးသင့်ဘူး။ မောဟကင်းပြီးသားဖြစ်တဲ့ အရှင်သာရိပုတ္တရာတောင် တရားအပေးမှားသေးရင် မောဟမကင်းသေးတဲ့ အခုခေတ် ဆရာများဆိုရင် ပိုလို့တောင်မှားနိုင်သေးတာပေါ့။

http://www.dhammadownload.com



## ဝိပဿနာတရားနှင့် သမာဓိ (၃) မျိုး

သမထယာနိကဿ ဟိ ဥပစာရပ္ပနာဘေဒံ၊
သမာဓိံ ဣတရဿ ခဏိကသမာဓိံ ဉဘယေသမ္ပိ၊
ဝိမောက္ခမုခတ္တယံ ဝိနာ နကဒါစိပိ လောကုတ္တရာ-
ဓိဂမော သမ္ဘဝတိ၊ တေနာဟ သမာဓိဥ္စေဝ
ဝိပဿနဥ္စ ဘာဝယမာနောတိ
(ဝိသုဒ္ဓိမဂ် မဟာဋီကာ ၁၊ ၁၅)

သမာဓိခေါင်းဆောင်သော သမထယာနိက ဝိပဿနာအား ဥပစာရသမာဓိ၊ အပ္ပနာသမာဓိနှစ်မျိုးကို ဖယ်ထား၍ မဂ်ဖိုလ်ကိုမရနိုင်။

ပညာခေါင်းဆောင်သော သုဒ္ဓဝိပဿနာအား ခဏိက သမာဓိကိုပယ်ထား၍ မဂ်ဖိုလ်ကိုမရနိုင်၊ သမထယာနိက သုဒ္ဓ ဝိပဿနာ ယာနိကနှစ်ပါးလုံးတို့အား အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ရှုပွားခြင်းသုံးမျိုးကို ဖယ်ထား၍ မဂ်ဖိုလ်ကိုရခြင်းမဖြစ်နိုင်။

http://www.dhammadownload.com

# အခန်း (၂၃)

## ဘဝကူးမှုနှင့်ပတ်သက်၍ သဿတဒိဋ္ဌိဖြစ်ပုံ၊ ဖြုတ်ပုံ

### တောနေယောဂီတို့အတွက် အကောင်းဆုံးလက်နက်

ဖုတ်၊ တစ္ဆေ သရဲ မကောင်းဆိုးဝါးများ ပေါသည်ဟု နာမည်ကြီးသောလယ်တီတောရ၌ တောရဆောက်တည်နေသည့် လယ်တီဆရာတော်လောင်းလျာ ဦးဉာဏကို မုံရွာမှကျောင်းဒကာ ဦးဝိုင်းနှင့် ဒကာများက အန္တရာယ်ရှိ၍ ဤနေရာ၌ တောရ မဆောက်တည်သင့်ကြောင်း ဝိုင်းလျှောက်ကြရာတွင် ဆရာတော် ပြန်ပြောသော မှတ်သားဖွယ်စကား

"ဘယ်လောက်ကြမ်းကြမ်း ဘုရားစကားနားထောင်ရင် ရန်သူမရှိပါဘူး။ အဖော်လဲမလိုပါဘူး။ တောနေရဟန်းတို့အတွက် အကောင်းဆုံးလက်နက်ကတော့ သီလစင်ကြယ်အောင်နေပြီး

http://www.dhammadownload.com



မေတ္တာပွားနေရင် နေမှု၊ စားမှုအတွက်ရော ဘေးအန္တရာယ် အတွက်ရော ပူစရာမလိုပါဘူး။

မြတ်စွာဘုရားက သံယုတ်ပါဠိတော်ကြီးမှာ မေတ္တာပွားနေ တဲ့ပုဂ္ဂိုလ်ကို မြည့်နေအောင်ထက်တဲ့ နှစ်ဘက်သွားလှံနဲ့တူတယ် လို့ ဟောထားတယ်။ အဲဒီလှံသွားကို ချိုးမယ်၊ ခေါက်မယ်၊ လိပ်မယ်ဆိုပြီး လုပ်ရင်လုပ်တဲ့သူသာ ရှုမှာပဲ။

ဒါ့ကြောင့် မေတ္တာပွားနေတဲ့ပုဂ္ဂိုလ်ကို ဘယ်အမနုဿကမှ မထိရဲဘူး။ ထိရင်ထိတဲ့သူပဲ ဒုက္ခရောက်တာ သူတို့သိတယ်ကွယ့်။ စိတ်ဖောက်ပြန်ပြောင်းလဲအောင် လုပ်နိုင်ဖို့ဆိုတာ အဝေးကြီးပဲ။

အဲ ဒီသတ္တိသုတ်ကိုကြည့်ရင် မေတ္တာဟာ အကာအကွယ် တင်မဟုတ်ဘူး။ တန်ပြန်လက်နက်ကြီးကလား။ မေတ္တာအကျိုး၊ (၁၁)မျိုးဟာ ပြောဟောကောင်းရုံမဟုတ်ဘူး။ တကယ်ယုံကြည်ပြီး သုံးရင် ဘယ်တစ္ဆေ ဘယ်လက်နက်၊ ဘယ်အဆိပ်မှ ကြောက်စရာ မလိုပါဘူး။

(လယ်တီဆရာတော် ၁၂၄၈ ခုနှစ်က ပေးခဲ့သော ဩဝါဒ ဖြစ်၏)

နုပ် ရုပ်တရား၊ နာမ်တရားတစ်ပါးပါးကို မပျက်မစီး အမြဲ တည်နေတယ်လို့ အယူမှားတာကို သဿတဒိဋ္ဌိလို့ ခေါ်တယ်။ သတ္တဝါဆိုတာ သေရင်ပြတ်တာပဲ။ နောက် ထပ်ဘာမှ မဖြစ်တော့ဘူးလို့ အယူမှားတာကိုကျတော့ ဥစ္ဆေဒဒိဋ္ဌိလို့ခေါ်တယ်။ ဗုဒ္ဓဘာသာတွေဟာ လူသေပြီး ဘဝကူးပြောင်းတာနဲ့ ပတ်သက်ရင် သဿတဒိဋ္ဌိအယူ ရှိတယ်။

http://www.dhammadownload.com



နိဗ္ဗာန်နဲ့ ပတ်သက်လာရင်တော့ ဥစ္ဆေဒဒိဋ္ဌိ အယူရှိတယ်။ ငါတွေ့ဘူးသလောက် လူတစ်ရာမှာ ကိုးဆယ်လောက်ဟာ အဲဒီအတိုင်းပဲဖြစ်နေတယ်။ ဒိဒိဋ္ဌိနှစ်ခုလုံးရှိနေတာဟာ မဂ်ဖိုလ်မရ အောင်တားထား သလိုဖြစ်နေတယ်။ ဒါ့ကြောင့် ဓာတ် ၈ ပါး အကျယ် မပြမီမှာ ဒိဒိဋ္ဌိနှစ်ပါး ကွာအောင်ပြချင်သေးတယ်။

သန်း ပြပါဘုရား။

နုပ် ဒီအတွက် ငါ ဆောင်းပါးနှစ်ပုဒ်ရေးထားတာရှိတယ်။ ဒီဆောင်းပါးနှစ်ပုဒ်ဖတ်ပြီးတာနဲ့ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ တော်တော်ရှင်းသွားပါလိမ့်မယ်။ ကဲရော့ ဖတ်ပေတော့။

၂၀၀၀ ခုနှစ်၏ မိုးတွင်းကာလပင်ဖြစ်၏။ ကျွန်ုပ် နေထိုင်ရာ ရွှေပြည်သာမြို့ မန္တလေးကျောင်းရှေ့တွင် ကုက္ကိုပင်ကြီး နှစ်ပင်ရှိ၏။ အရိပ်အာဝါသကောင်းသဖြင့် လမ်းသွားလမ်းလာများ မကြာခဏ နားခိုကြ၏။ ခုံတန်းရှည်များနှင့် သောက်ရေအိုးစင် တစ်ခုကို စီမံပေးထားခြင်းကြောင့်လည်း လူပုဂ္ဂိုလ်များသာမက ရဟန်းသာမဏေများပင် ဝင်ရောက်နားနေတတ်ကြ၏။

ဤအမှတ် (၆) ရပ်ကွက်အတွင်းတွင် ဘုန်းကြီးကျောင်း ပေါင်း (၇၀)ခန့်ရှိ၏။ ရန်ကုန်ဘုန်းကြီးလမ်းရှိ သရက်တောတိုက် ကဲ့သို့ ဘုန်းကြီးကျောင်းရပ်ကွက်ကြီးတစ်ခုပင်ဖြစ်၏။ ဤတစ် ရပ်ကွက်လုံးတွင် ကျွန်ုပ်ကျောင်းမှရေသည် အကောင်းဆုံးအလေး ပင်ဆုံးဖြစ်နေခြင်းပင်။ ရန်ကုန်မြို့ပေါ်မှ ဒကာများကပင် ဂျုံးဖြူ ရေထက်ကောင်းသည်ဟု ချီးမွမ်းကြ၏။

ကျွန်ုပ်စာချဘုန်းကြီးဘဝက စာသင်သားသံဃာ (၃၀)

http://www.dhammadownload.com



ကျော်အတွက် တစ်နေ့လျှင် ရေစည် ၂၀ ခန့် သုံးနှစ်ကြာ တုံကင်နှိပ်လှူခဲ့သော ကုသိုလ်ကြောင့်ဟု ထင်မိ၏။ ထိုသို့ ရေကောင်းသဖြင့်လည်း လူရော ရှင်ရဟန်းပါ နားနားနေနေ ရေဝင်သောက်ကြခြင်းဖြစ်၏။ ထိုရက်က ကျွန်ုပ်တို့ နေ့ဆွမ်းစားပြီးစအချိန်ပင်ဖြစ်၏။

ကျောင်းရှေ့ကုက္ကိုပင်အောက်တွင် အသက်အစိတ်သုံးဆယ်ဝန်းကျင်ရှိ မိန်းကလေးသုံးယောက် မယောင်မလည်ရပ်နေသည်ကို တွေ့ရ၏။ သူတို့အမူအရာမှာ တစုံတခုကို မဆုံးဖြတ်နိုင်ဖြစ်နေဟန်ကိုတွေ့ရသဖြင့် ကျောင်းသားတစ်ယောက်ကို သွားခေါ်ခိုင်းလိုက်၏။

မိန်းကလေးသုံးယောက် မယောင်မလည်နှင့်လိုက်ပါလာကြ၏။ ရောက်လာသော နှစ်ယောက်က ကျွန်ုပ်ကိုဦးချသော်လည်း ကျန်တစ်ယောက်က ဦးမချနိုင်ဘဲ သူ့လက်ထဲတွင် ကိုင်ထားသော လက်ကိုင်ပုဝါနှင့် စပယ်ပန်းတစ်ကုံးကိုသာ မျက်လုံးအဝိုင်းသားနှင့် စိုက်ကြည့်နေ၏။ ဘယ်လိုသဘောပါလိမ့်ဟု ကျွန်ုပ်ပင် တွေးမရအောင်ဖြစ်သွားသဖြင့် ထုတ်မေးလိုက်ရ၏။

''ဒါယိကာမလေး အဲဒီလက်ကိုင်ပုဝါနဲ့ ပန်းမှာ ဘာထူးခြားချက်ရှိနေလို့လဲပြောပါဦး''

သူက ကျန်နှစ်ယောက်ကို မေးဆတ်ပြပြီး ပြောလိုက်ရမလားဟု ခွင့်ပြုချက်တောင်း၏။ ကျန်နှစ်ယောက်က ခေါင်းငြိမ့်ပြပြီး သဘောတူလိုက်၏။ ထိုအခါကျမှသူမသည် လက်ကိုင်ပုဝါနှင့်စံပယ်ပန်းကုံးကို ဘေးသို့ချထားပြီးလျှင်ကျွန်ုပ်ကို ဦးချ၏။ ပြီးလျှင် လက်ကိုင်ပုဝါနှင့် စံပယ်ပန်းကုံးကို လက်ညှိုးထိုးပြပြီးပြော၏။

http://www.dhammadownload.com



"ဒီထဲမှာတပည့်တော်တို့အဖွားရဲ့ ဝိညာဉ်ကောင်လေးရှိတယ်ဘုရား"

"ဟေ"

ကျွန်ုပ်ပါးစပ်မှထိုအာမေဋိတ်တစ်ခုသာထွက်နိုင်၏။

"အစအဆုံးရှင်းပြစမ်းပါဦး၊ မင်းတို့အဖွားဝိညာဉ်ကဘာယ်လိုလုပ်ပြီး ဒီလက်ကိုင်ပုဝါထဲရောက်နေရတာလဲ"

"ဒီလိုပါဘုရား လွန်ခဲ့တဲ့တစ်ပတ်က တပည့်တော်တို့အဖွားဆုံးပါတယ်။ ဒီလက်ကိုင်ပုဝါနဲ့ပန်းကုံးလေးကအဖွားသုံးခဲ့တာပါ။ သုဿန်မှာသင်္ဂြိုဟ်ပြီးတဲ့အခါ ရက်လည်ဆွမ်းကျွေးပြီးအဖွားကိုအမျှပေးဦးမယ်။ အခု အိမ်ကိုလိုက်ခဲ့ပါလို့ပြောပြီး အဖွားဝိညာဉ်ကိုခေါ်ခဲ့ကြပါတယ်။

ကျွန်ုပ်မှာသူတို့စကားကိုရယ်ချင်သော်လည်း သူတို့ကိုအားနာသဖြင့်မရယ်မိပါ။ အလိုက်တသင့်လှမ်းမေးရင်း စိတ်ဝင်တစားနားထောင်နေရသည်။

"ဒါနဲ့ မင်းတို့အဖွားဝိညာဉ်က အခုရက်လည်ဆွမ်းကျွေးပြီးအမျှလည်းဝေပြီးလို့ အဖွားဝိညာဉ်လေးကို အရိပ်အာဝါသကောင်းတဲ့သစ်ပင်နားမှာသွားထားပေးပါလို့ မိဘများကခိုင်းလို့ တပည့်တော်တို့လာထားတာပါ၊ အဲဒါဆရာတော်ကကျောင်းထဲကို ခေါ်လိုက်တော့လက်ကိုင်ပုဝါကိုကြမ်းပြင်ပေါ်မှာ ချမိသွားပြီ"

"အဲဒီတော့ ဘာဖြစ်လဲ"

"အဖွားဝိညာဉ်လေးက လက်ကိုင်ပုဝါချတဲ့နေရာမှာနေမှာတဲ့ဘုရား၊ အဲဒါဆိုရင် အဖွားဟာ ဆရာတော်ကျောင်းထဲမှာပဲ နေတော့မယ်ထင်တယ်"

http://www.dhammadownload.com



" ဩော် လက်စသတ်တော့ မင်းတို့ကသရဲလာအပ်တာကိုး။ ရပါတယ်။ ငါ့ကျောင်းကကျောင်းသားကိုရင်တင် လက်ခံတာမဟုတ်ဘူး သရဲလဲလက်ခံတယ်"

ကျွန်ုပ်စကားကြောင့်သူတို့သောကများ တဒင်္ဂပျောက်သွားပြီးရယ်မောကြသည်။ သူတို့နေထိုင်ရာရပ်ကွက်နှင့် လမ်းကိုမေးမြန်းကြည့်သောအခါတွင်မှ ကျောင်းမှ ဦးပဥ္စင်းတစ်ပါး၏ ဆွမ်းခံအိမ်ဖြစ်နေသည်ကိုသိရ၏။ သူတို့သုံးယောက်တွင် နှစ်ယောက်ကဘွဲ့ရကျောင်းဆရာမများဖြစ်ကြ၏။ ထိုနှစ်ယောက်တွင် တစ်ယောက်ကစိတ်ဝင်တစားမေးခွန်းတစ်ခုကိုမေးလာ၏

"ဆရာတော် ဝိညာဉ်ဆိုတာ ဒီလိုခေါ်လို့ရသလား"

"အင်း လောကီရေးမှာသာ ဘွဲ့ရကြတာ၊ ဘာသာရေးမှာတော့ မူလတန်းအဆင့်တောင်မရောက်သေးပါလား"ဟု ယခုခေတ်လူငယ်များအတွက် အားမလိုအားမရဖြစ်မိ၏။

"ဝိညာဉ်ဆိုတာကိုက မရှိပါဘူး။ လူတစ်ယောက်မှာ အာရုံကိုမသိတတ်တဲ့ ရုပ်နဲ့ အာရုံကိုသိတတ်တဲ့ နာမ်ဒီနှစ်မျိုးပဲရှိပါတယ်။

မြင်တာကရုပ်၊ သိတာကနာမ်
ကြားတာကရုပ်၊ သိတာကနာမ်
နံတာကရုပ်၊ သိတာကနာမ်
စားတာကရုပ်၊ သိတာကနာမ်
ထိတာကရုပ်၊ သိတာကနာမ်
တွေးတာကရုပ်၊ သိတာကနာမ်

လို့မှတ်ထားပေါ့။ ဒီထဲကအာရုံကိုသိစိတ် နာမ်တရားကို

http://www.dhammadownload.com



ပဲ ဝိညာဉ်ကောင်လို့ထင်ပြီး မှန်းဆပြောနေကြတာပါ။ ခုလိုကိုင်ပြုကြည့်လို့ရတာက ပညတ်ရုပ်၊ ဥတုဇရုပ်ပေါ့။

ရုပ်အနိစ္စ အမြဲမရှိလို့ဝိပဿနာရှုရတဲ့ ပရမတ်ရုပ်ကတော့ အကောင်အထည် အလုံးအခဲ အရည်အဖတ် အမှုန်အမွှားရယ်လို့ မရှိဘူး။ သဘောတရားမျှပဲရှိတယ်။ ရုပ်ရဲ့အဓိပ္ပာယ်ကတော့ ဖောက် ပြန်တတ်တဲ့သဘောတရားလို့ဖြစ်တယ်။ တစ်ခုခြင်း ပြောရရင် ပထဝီဓာတ်ဟာ မာတဲ့သဘော ပျော့တဲ့သဘောလေး ပဲပေါ့။

အာပေါဓာတ်ဟာဖွဲ့စည်းတဲ့သဘော ယိုစီးတဲ့သဘောလေး ပဲပေါ့။ ဒီပရမတ်ရုပ်တရားတွေဟာ တစ်စက္ကန့်အတွင်းမှာ အကြိမ်ပေါင်းကုဋေ (၅၈၈၀) ကျော်ဖြစ်ပျက်နေကြတယ်၊ သိတတ်တဲ့ နာမ်တရားကတော့ တစ်စက္ကန့်မှာ အကြိမ်ပေါင်းကုဋေတစ်သိန်းဖြစ် ပျက်နေကြတယ်။ တစ်ပျက်ထဲပျက်နေတာပဲ ရုပ်နားနေကြတယ် လို့မရှိပါဘူး။

သံဃာဆိုတဲ့စကားနှစ်လုံးကိုပြောလိုက်တဲ့အခါ သံကိုပြော သခိုက်မှာဖြစ်တဲ့ ရုပ်တရား၊ နာမ်တရားတွေဟာ ''ဃာ''ဆိုတဲ့ ဒုတိယမြောက်စကားလုံးရောက်ချိန်ထိ မခံကြတော့ဘူး။ ''သံ'' ဆိုတဲ့ စကားလုံးပြောပြီးချိန်မှာဘဲ ချုပ်ပျောက်ပျက်စီးသွားကြပြီ။ ''ဃာ''ဆိုတဲ့ နောက်စကားလုံးကို နောက်ထပ်ရုပ်သစ် နာမ်သစ် နဲ့ပြောနေရတာပေါ့။

ဒါ့ကြောင့် အမြဲတမ်းမရပ်မနားဖြစ်ပျက်နေတဲ့ ရုပ်နာမ် တရားတွေဟာ မပျက်မစီး အမြဲတည်နေတဲ့ ဝိညာဉ်ကောင်အဖြစ် ဘယ်မှာရှိနိုင်ပါ့မလဲ။

http://www.dhammadownload.com



"ဒါဆိုရင် သေသွားတဲ့သူဟာ (၇)ရက်အတွင်း ဘယ်မှ မသွားပဲ အိမ်ဝိုင်းထဲမှာပဲနေဝဲယ်ဆိုတာ မဟုတ်ဘူးပေါ့ဘုရား"

"ဘယ်ဟုတ်တော့မှာလဲ၊ အရင်းလဲ အဖျားထင်းဖြစ်ပေ့။ ဝိညာဉ်ကောင်လို့မှမရှိပါဘူးဆိုနေ ဘယ်သူက အိမ်ဝိုင်းထဲမှာ (၇)ရက် လာနေလို့ရပ့ါမလဲ"

ယခုလို ရှင်းပြတော့လည်း သူတို့ထိုက်သင့်သလောက် သဘောပေါက်သွားဟန်တူသည်။ စိတ်ဝင်တစားရှိလာကြသည်။ တစ်ယောက်ကတွေးတွေးခေါ်ခေါ်ဖြင့် မေးခွန်းတစ်ခုမေးလာ၏။

"ဒီလိုအမြဲတမ်းဖြစ်ပျက်နေတဲ့ ရုပ်နာမ်တရားတွေဟာ နောက်ဘဝကို ဘယ်လိုကူးသွားသလဲဘုရား။ ဒီမှာ ဝိညာဉ်ကောင် မရှိဘူးဆိုရင် အခုဘဝပြုခဲ့တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေနဲ့ ကောင်းကျိုးဆိုးကျိုးကို ဘယ်သူတွေက ခံစားသလဲဘုရား။

ယင်းကဲ့သို့သော မေးခွန်းမျိုးကို ကျွန်ုပ်စာအုပ်တစ်အုပ် ထဲတွင် ဖတ်ခဲ့ရ၏။

ဆရာကြီး ဦးဗဂျိုင်ရေးသားသော ဂမ္ဘီရဝိပဿနာရှုဘွယ် ကျမ်းဒုတိယတွဲတွင် ဖြစ်၏။ ဆရာကြီးအမေရိကန်ရောက်စဉ်က မေးမြန်းကြသော မေးခွန်းများအနက် တစ်ခုဖြစ်၏။ ယင်းစာအုပ် ၌ မေးခွန်းကိုသာ ဖော်ပြထားသော်လည်း အဖြေကိုကား ရေးမ ထားပါ။ စာပေဗဟုသုတရှိသောသူများအတွက် အဖြေမှာ မခဲယဉ်း ဟု ရေးထား၏။

စာပေဗဟုသုတမရှိသောသူများအတွက်ကား ခဲယဉ်း သော မေးခွန်းတစ်ခုပင်ဖြစ်၏။ ဗုဒ္ဓဘာသာဝင်တိုင်းလည်း အသေ အချာသိသင့်၏။ ထို့ကြောင့် စိတ်ရှည်ရှည်ပင် ရှင်းပြရ၏။

http://www.dhammadownload.com



ပုထုဇဉ်တွေသေရင် ရောက်နိုင်တဲ့ဘုံငါးမျိုးရှိတယ်။
လူ့ဘုံရောက်နိုင်တယ်
နတ်ဘုံရောက်နိုင်တယ်
ငရဲဘုံရောက်နိုင်တယ်
ပြိတ္တာဘုံရောက်နိုင်တယ်
တိရစ္ဆာန်ဘုံရောက်နိုင်တယ်

"အသူရကာယ်နဲ့ ဗြဟ္မာဘုံရော မရောက်နိုင်ဘူးလား ဘုရား"

"ရောက်နိုင်ပါတယ်။ ဗြဟ္မာဘုံကို နတ်ဘုံထဲမှာ ပေါင်းထည့်ထားတယ်။ အသူရကာယ်ဘုံကို ပြိတ္တာထဲမှာ ပေါင်းထည့်ထားတယ်။ ပါဠိလိုဒေဝသဒ္ဒါဟာ ဗြဟ္မာကိုလည်း ဟောနိုင်တယ်။ အသူရကာယ်ဆိုတာ ပြိတ္တာအကြီးစားပဲ။ ဒါ့ကြောင့် ပြိတ္တာထဲမှာ ထည့်ထားတာ"

ဟိုဘက်ဘုံအသစ်မှာ သွားဖြစ်တဲ့အခါ ဒီဘက်ဘဝက ရုပ်တရား နာမ်တရားတွေတစ်ခုမှပါမသွားကြဘူး။ ဒါပေမဲ့ ဒီဘဝက နာမ်နဲ့ကင်းတော့မဖြစ်ကြဘူး။ အသစ်ထပ်ဖြစ်ကြရတာ။ ဒီဘက်ဘဝ နေ့ခင်း(၁၂)နာရီက သေမယ်ဆိုရင် ဟိုဘက်လူ့ဘဝ မိခင်ဝမ်းထဲမှာ (၁၂)နာရီတိတိမှာ သွားဖြစ်တယ်။ ရုပ်သစ် နာမ်သစ် အသစ်ဖြစ်တာကိုပြောတာနော်။

ဒီဘက်ဘဝက ဝိညာဉ်ကောင်လေးက ဟိုဘက်ဘဝ မိခင်ဝမ်းထဲဝင်သွားတာလို့ ထင်မနေနဲ့။

"သေသွားတဲ့ အဖွားက လူဖြစ်သွားမယ်ဆိုရင် တပည့်တော်တို့ဝေတဲ့ အမျှကို သာဓုမခေါ်နိုင်တော့ဘူးပေါ့ဘုရား"

http://www.dhammadownload.com



''ဟုတ်တယ် မခေါ်နိုင်တော့ဘူး။ ဒါပေမယ့် ဒီကုသိုလ်တွေက အလကားဖြစ်မသွားပါဘူး။ ဒီကုသိုလ်ရဲ့ကောင်းကျိုးကို ပြုတဲ့သူခံစားရမယ်။ ဘဝအဆက်ဆက်တော်စပ်ခဲ့ဘူးတဲ့ မကျွတ်မလွတ်သေးတဲ့ ဆွေမျိုးပေါင်းတွေအများကြီးရှိတယ်။ သူတို့တစ်တွေလဲ သာဓုခေါ်နိုင်တယ်''

''ဆွေမျိုးမတော်တဲ့ တခြားမကျွတ်မလွတ်တဲ့ သူတွေလည်း သာဓုခေါ်နိုင်ပါတယ်။ ဒါ့ကြောင့် သေသူကိုရည်မှန်းပြီး လှူတဲ့အလှူကိုတော့ ကေန်မုချပြုသင့်ပါတယ်။ သေပြီး နတ်ပြည်ရောက်ရင်လဲ ချက်ခြင်းပဲ စုတိနဲ့ပဋိသန္ဓေဟာ တစ်ဆက်တည်းနေတာပေါ့။ စုတိဆိုတာ သေတဲ့စိတ်၊ ပဋိသန္ဓေဆိုတာ နောက်ဘဝမှာ အသစ်ဖြစ်တဲ့စိတ်။ သူတို့နှစ်ခုကြားထဲမှာ ဘာမှမရှိဘူး။ ချက်ချင်းပဲ၊ သင်္ဂြိုဟ်မှာတော့ အနန္တရမေဝဆိုတဲ့ ပါဠိနဲ့ပြတယ်။

မြန်မာလိုတော့ ချက်ခြင်းပေါ့၊ ကျန်တဲ့ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံတို့မှာ ဖြစ်မယ်ဆိုရင်လည်း အကြားမရှိဘဲ ချက်ခြင်းသွားဖြစ်တာပဲ။ အိမ်နားမှာ (၇)ရက်နေလို့ ရနိုင်တာဆိုလို့ ပြိတ္တာဘုံတစ်မျိုးပဲရှိတယ်။ ဒီပြိတ္တာဘုံဘဝရောက်ခဲ့လျှင် ကျွတ်လွတ်ပါစေဆိုတဲ့ စေတနာနဲ့ ဆွမ်းသွတ်တဲ့ ကုသိုလ်ကို ပြုကြတာဖြစ်တယ်။

''ဒီဘက်ဘဝက ပြုခဲ့တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေကို ဟိုဘက်ဘဝမှာ ဒီကရုပ်နာမ်လည်းပါမသွားဘဲနဲ့ ဘယ်ပုံဘယ်နည်း ခံစားရတယ်ဆိုတာကို ဆက်ရှင်းပါဦးဘုရား''

''ကုသိုလ်ကံ၊ အကုသိုလ်ကံတွေပြုတဲ့အခါ ဇောစေတနာတွေဖြစ်တယ်။ ဒီဇောစေတနာတွေဟာ နာမ်တရားဖြစ်လို့၊ ဖြစ်ပြီး

http://www.dhammadownload.com



ပျက်သွားတာမှန်ပေမယ့် နောက်ဘဝမှာ ကောင်းကျိုးဆိုးကျိုး ဖြစ်စေမယ့် အာနိသင်သဘောတရားလေးတွေ ကျန်နေခဲ့တယ်။ ဒီစေတနာလို့ခေါ်တဲ့ ကံနဲ့ ခန္ဓာ ဒုက္ခမသိမှု အဝိဇ္ဇာ၊ ခန္ဓာအသစ်ကို လိုချင်မှုတဏှာ ဒီသုံးပါးပေါင်းမိပြီး ဘဝသစ်ဖြစ်အောင် ဖန်တီးလိုက်ကြတာပဲ''

''ပုံစံနဲ့ပြောကြည့်မယ်။ ကျောင်းဒကာအနာထပိဏ် သေတယ်။ ကျောင်းလှူတဲ့ကုသိုလ်ကြောင့် နတ်ပြည်မှာ နတ်သားလာဖြစ်တယ်။ ဒီနေရာမှာ ဗုဒ္ဓအလိုကျယူရမှာက နတ်သားလာဖြစ်တဲ့အခါမှာ အနာထပိဏ်ဘဝက ရုပ်တရား နာမ်တရားတွေ နတ်ပြည်ကိုတစ်ခုမှ ပါမလာဘူး''

''ဒါပေမယ့် အနာထပိဏ်ရဲ့သေခြင်းနဲ့ ကင်းပြီးတော့လည်း နတ်သားလာမဖြစ်နိုင်ပြန်ဘူး''

''သိပ်ခက်တယ်ဘုရား တပည့်တော်တို့ဉာဏ်နဲ့ မလိုက်နိုင်တော့ဘူး''

''ဒီလိုဆိုရင်လဲ ဥပမာပေးပြီး တစ်မျိုးကြိုးစားကြည့်မယ် ဋီကာကျော်ကျမ်းမှာတော့ ဘဝသစ်ဖြစ်ပုံကို ဥပမာသုံးမျိုး ပေးထားတယ်''

မီးတိုင်ရယ်
တံဆိပ်တုံးရယ်
ပဲ့တင်သံရယ်ပဲ။

ဖယောင်းတိုင်တစ်တိုင် မီးထွန်းထားတယ်။ နောက်တစ်တိုင်ထွန်းချင်တဲ့အခါ ပထမအတိုင်ကနေ မီးကူးယူလိုက်တယ်။ ဒီနေရာမှာ စဉ်းစားရမှာက ဒုတိယအတိုင်မှာ တောက်လောင်နေ

http://www.dhammadownload.com



တဲ့မီးဟာ ပထမအတိုင်က ကူးလာတဲ့ မီးတွေလား။ ဒုတိယအတိုင်က ဖယောင်းသားကို လောင်နေတဲ့ မီးတွေလားဆိုတာပဲ။ တကယ့်အမှန်က ပထမဖယောင်းတိုင်က မီးတွေဟာ ဒုတိယဖယောင်းတိုင်ကို ကူးမလာပါဘူး။

ဒါပေမယ့် ပထမဖယောင်းတိုင်က မီးနဲ့ကင်းပြီးတော့လည်း ဒုတိယဖယောင်းတိုင်ဟာ မီးမတောက်နိုင်ပါဘူး။ ထို့အတူ ကျောင်းဒကာအနာထပိဏ်ဘဝက ရုပ်နာမ်တရားတွေဟာ နတ်ပြည်ကို တစ်ခုမှကူးမလာပါဘူး။ ဒါပေမယ့် ကျောင်းဒကာအနာထပိဏ်နဲ့ ကင်းပြီးတော့လည်း နတ်ပြည်မှာ နတ်သားလာမဖြစ်နိုင်ပါဘူး။ အကြောင်းအကျိုးဆက်သွယ်မှုလောက်ပဲ ရှိတယ်လို့ယူရမှာပေါ့။

တံဆိပ်တုံးနဲ့ ဥပမာပေးကြဦးစို့။ ဒီသက်န်းခေါက်ကို ကြည့်လိုက်ပါ။ သက်န်းသားပေါ်မှာ ဂဠုန်တံဆိပ်ထင်နေတယ်။ သံပြားထုထုမှာ ဂဠုန်တံဆိပ်ထွင်း အပူပေးပြီး သက်န်းခေါက်ပေါ်ဖိချလိုက်တာနဲ့ ဂဠုန်တံဆိပ်ထင်သွားတာပါပဲ။ ဒီလိုထင်တဲ့နေရာမှာ သက်န်းမှာထင်နေတဲ့ ဂဠုန်ရုပ်ဟာ သံပြားက ဂဠုန်ရုပ်မဟုတ်ပါဘူး။

ဒါပေမယ့် သံပြားက ဂဠုန်ရုပ်နဲ့ကင်းပြီးတော့လည်း မထင်နိုင်ပါဘူး။ ထို့အတူ နတ်ပြည်က နတ်သားဘဝဟာ လူ့ပြည်ကကျောင်းဒကာ အနာထပိဏ်မဟုတ်ပါဘူး။ ရုပ်သစ် နာမ်သစ်ထပ်ဖြစ်တာပါ။ ဒါပေမယ့် လူ့ပြည်က အနာထပိဏ်နဲ့လည်း ကင်းပြီးတော့ မဖြစ်နိုင်ပါဘူး။ ဒါကတံဆိပ်တုံး ဥပမာပေါ့။

ပဲ့တင်သံ ဥပမာကတော့ လိုဏ်ဂူကြီးထဲမှာ ဟေးကနဲ

http://www.dhammadownload.com



တစ်ချက်အော်လိုက်ရင် ပထမအသံက လိဏ်ဂူနံရံကို ရိုက်ပြီး ဟေး ဟေး ဆိုတဲ့ ဒုတိယ၊ တတိယ ပဲ့တင်သံများပေါ်လာပါတယ်။ ဒုတိယ တတိယပဲ့တင်သံများဟာ ပထမအော်လိုက်တဲ့ အသံ မဟုတ်ပါဘူး။ အသစ်ထပ်ဖြစ်တာပါ။

"ဒါပေမယ့် ပထမအော်သံနဲ့လည်း ကင်းပြီးမဖြစ်နိုင်ပါဘူး။ အကြောင်းအကျိုးဆက်စပ်မှုကတော့ ရှိနေပါတယ်။ ထို့အတူ နတ်သားဘဝဟာ အသစ်ထပ်ဖြစ်တဲ့ ရုပ်နာမ်ပေါ့။ လူ့ဘဝက အနာထပိဏ်ရဲ့ ရုပ်နာမ်နဲ့လည်း ကင်းပြီးတော့မဖြစ်နိုင်ပါဘူး။ ဒီလောက်ဆိုရင် ဝိညာဉ်ကောင်ပါမသွားပဲ ဘဝသစ်ဖြစ်ပုံကို မင်းတို့နားလည်လောက်ပြီ ထင်တယ်"

"မှန်ပါ နားလည်ပါပြီဘုရား"

"တကယ်နားလည်သွားတယ်ဆိုရင်တော့ သိပ်ဝမ်းသာ တယ်။ ဘာဖြစ်လို့လဲဆိုတော့ ရုပ်နာမ်တစ်ပါးပါးကို မပျက်မစီး အမြဲတည်တယ်လို့ အယူမှားတဲ့ သဿတဒိဋ္ဌိခံနေရင် ဝိပဿနာ အားထုတ်တောင် တရားမရဘူး ဖြစ်တတ်တယ်။ အခုလိုရှင်းရှင်း လင်းလင်းနားလည်သွားတယ်ဆိုရင် မဂ်လမ်း ဖိုလ်လမ်း ပွင့်သွား တာပေါ့။ ဒီအချက်နဲ့ပတ်သက်လို့ မိုးကုတ်ဆရာတော်ဘုရားကြီးက ဗုဒ္ဓဘာသာတွေဟာ လူသေတာနဲ့ ပတ်သက်ရင် သဿတဒိဋ္ဌိဖြစ် တတ်တယ်လို့ ပြောခဲ့တာပါ။

"တပည့်တော်တို့ သဿတဒိဋ္ဌိလွတ်ပါပြီဘုရား"

"သာဓု သာဓု သာဓု"

မေး အရှင်ဆန္ဒမထေရ်သည် နှစ်ပေါင်း ၄၀ ကျော်ကို ကိုယ်တိုင်ဖြစ်ပျက် အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေကို ကြိုးစား

http://www.dhammadownload.com



အားထုတ်ပါလျက်သားနဲ့ ဘာ့ကြောင့် မဂ်ဖိုလ်မရပါသလဲ။

ဖြေ ဣန္ဒြေမကျွာလို့ပါ။

မေး ဒါဖြစ်ရင် ဖြစ်ပျက် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုမှု နှင့် ဣန္ဒြေခွာမှုဟာ ဘယ်သူ့ကို ရှေ့ထားရမလဲ။

ဖြေ ဣန္ဒြေခွာမှုကို ရှေ့ထားရပါမယ်။

မေး ဘယ်ဣန္ဒြေကို ခွာရမတုန်း။

ဖြေ သဿတဣန္ဒြေနဲ့ ဥစ္ဆေဒဣန္ဒြေကို ခွာရပါမယ်။

မေး ကြောင်းကျိုးရုပ်နာမ်တရားတွေဟာ ခိုင်မြဲတယ်၊ ဆက်တယ်၊ အမြဲဖြစ်တယ်၊ အမြဲရှိတယ်လို့ ယူဆတာ ဘာဣန္ဒြေလဲ။

ဖြေ သဿတဣန္ဒြေပါ။

မေး ကြောင်းကျိုးရုပ်နာမ်တရားတွေဟာ ဘာမှမရှိဘူး။ ဘယ်တော့မှမဖြစ်ဘူး ပြတ်နေတယ်လို့ ယူဆတာ ဘာဣန္ဒြေတုန်း။

ဖြေ ဥစ္ဆေဒဣန္ဒြေပါ။

မေး ဥပမာ ဝေဒနာဆိုတာ ဖဿလုပ်လိုက်တော့ မဖြစ်ဘူးလား။

ဖြေ ဖြစ်ပါတယ်။

မေး အကယ်၍ ဖဿချုပ်သွားရင် ဒီဝေဒနာလေး ကော။

ဖြေ ချုပ်သွားပါတယ်။

မေး အကြောင်းကြောင့် အကျိုးဖြစ်တာကို မြင်လိုက် လို့ရှိရင် ဘာဒိဋ္ဌိစင်သတုန်း။

ဖြေ ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်။

http://www.dhammadownload.com



မေး အကြောင်းချုပ်လို့ အကျိုးချုပ်တယ်လို့ သိရင် ကော။
ဖြေ သဿတဒိဋ္ဌိဝင်ပါတယ်။
မေး ဩော် . . . အကြောင်းဖြစ်လို့ အကျိုးဖြစ်တာပဲလို့ သိလိုက်ရင် ဘာဒိဋ္ဌိစင်သတုန်း။
ဖြေ ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်။
မေး ဩော် . . . . . အကြောင်းချုပ်လို့ အကျိုးချုပ်တာပဲလို့ သိလိုက်ရင် ဘာဒိဋ္ဌိစင်သတုန်း။
ဖြေ သဿတဒိဋ္ဌိစင်ပါတယ်။

တော်လောက်ပြီ။ ဒီလောက်ဆို ဒကာ၊ ဒကာမတို့ သဿတဥစ္ဆေဒစင်ပြီ (မိုးကုတ်ဆရာတော် အမှတ်စဉ် (၄) ကျမ်းစာ ဒိဋ္ဌိမကွာရင် နိဗ္ဗာန်မမြင်တရားတော်မှ)

## လူလေးမျိုး

၁။ လူတစ်ရာတွင် ငါးယောက်ခန့်သည် အနုလောမခန္တီ ခေါ် **ခန္ဓာငါးပါးသည်** အဝိဇ္ဇာ၊ တဏှာ၊ ကံကြောင့်ဖြစ်သည်။ တခြားအကြောင်းကြောင့်မဖြစ် စသောအားဖြင့် ပဋိစ္စသမုပ္ပါဒ် ဉာဏ်၌ ကျက်စားသည်။

၂။ **နောက်ငါးယောက်သည် ခန္ဓာငါးပါးအနိစ္စ၊ ခန္ဓာငါးပါးဒုက္ခ၊ ခန္ဓာငါးပါးအနတ္တ စသည်ဖြင့် ရှုပွားလျက် ယထာဘူတ ဉာဏ်၌ ကျက်စားသည်။**

၃။ လူတစ်ရာတွင် (၄၅)ယောက်ခန့်သည် ရုပ်နာမ်နှစ်ပါး ကို မပျက်မစီး အမြဲတည်သည်ဟု ယူဆသော သဿတဒိဋ္ဌိ၌

http://www.dhammadownload.com



ကျက်စားသည်။ သဿတဒိဋ္ဌိသည် ဘဝကိုတပ်မက်သော လောဘ တဏှာနှင့် ယှဉ်သောကြောင့် စွန့်လွှတ်ရန် ခက်သည်။ ထို့ကြောင့် သဿတဒိဋ္ဌိသမားသည် မဂ်ဖိုလ်ကို အရနှေးသည်။

၄။ ကျန် (၄၅)ယောက်က ရုပ်နာမ်နှစ်ပါးသည် သေလျှင် ပြတ်သည်၊ ဘာမှမဖြစ်တော့ဟု ယူဆသော ဥစ္ဆေဒဒိဋ္ဌိ၌ ကျက်စားသည်။ ထိုဒိဋ္ဌိသည် ဒေါသနှင့်ယှဉ်၏။ အပြစ်ကြီး၏။ သို့သော် တရားသိလျှင် စွန့်လွှတ်ရန်လွယ်ကူ၍ မဂ်ဖိုလ်ကို အရမြန်သည်။

(မဇ္ဈိမနိကာယ်၊ ဒီဃနခသုတ်အဖွင့်)

http://www.dhammadownload.com

# အခန်း (၂၄)

## နိဗ္ဗာန်နှင့်ပတ်သက်၍ ဥစ္ဆေဒဒိဋ္ဌိဖြစ်ပုံ ဖြုတ်ပုံ

(၁) သွားရပ်ထိုင်လျောင်းဣရိယာပုတ်လေးပါးတို့၌ အကုသိုလ် မဖြစ်စေရ၊ ကုသိုလ်တရား ဖြစ်အောင် နှလုံးသွင်းရမည်။

(၂) အကုသိုလ်ဖြစ်သောအချိန်ကာလကို မရှိစေရ၊ ကုသိုလ် ဓမ္မဖြင့်သာ အချိန်ကာလကို ကုန်လွန်စေရမည်။

(၃) ကောင်း၊ မကောင်းဖြစ်သော ကံဟောင်းကို မမျှော်ရ၊ ကောင်းသောကံသစ်ကိုသာဖြစ်အောင် အားထုတ်ရမည်။

(၄) အကျိုးကိုအားမထုတ်ရ၊ မကျင့်ရ၊ အကြောင်းကိုသာ ဖြောင့်မှန်အောင် အားထုတ်ကျင့်ကြံရမည်။

http://www.dhammadownload.com



(၅) အကျင့်အတုအယောင်ကိုမဖြစ်စေရ၊ အကျင့်အစစ်အမှန်ကို ကျင့်ရမည်။

(၆) ကိုယ်အကျင့်ကို တစ်ပါးသူမသိစေရ၊ ကိုယ့်အကျင့်မှန်မမှန်ကို ကိုယ်တိုင် သိအောင်ဆင်ခြင်ရမည်။

(၇) သူတစ်ပါးကိုအားမကိုးရ၊ မိမိကိုယ်ကိုသာ အားကိုး၍ ကျင့်ရမည်။

(၈) မိမိကမကျင့်မှု၍ သူတစ်ပါးအားမဆုံးမရ၊ ကိုယ့်ကိုယ်ကိုသာ ယဉ်ကျေးအောင် ဆုံးမရမည်။

(၉) သူတစ်ပါး၏အပြစ်ကိုမရှုရ၊ ကိုယ့်အပြစ်ကိုသာ ကိုယ်မြင်အောင် ရှု၍ အပြစ်လွတ်အောင်နေရမည်။

(၁၀) သူ့ပစ္စည်းကိုမလိုချင်ရ၊ ကိုယ့်ပစ္စည်းအစစ်ဖြစ်သော အကျင့်တရားကို သာလိုချင်သော သမ္မာဆန္ဒကိုဖြစ်စေရမည်။

(၁၁) ပစ္စည်းရအောင်မကျင့်ရ၊ တရားကောင်း အစစ်ကို ရအောင်ကျင့်ရမည်။ (ဓမ္မဒါယာဒ)

(၁၂) အပေါင်းဖော်နှင့်ပျော်၍ သူများနှင့်သင့်အောင် မနေရ၊ ရုပ်နာမ်တရားတို့နှင့် သုံးသပ်မွေ့လျော်သင့်တော်အောင်နေရမည်။

(၁၃) ကြောက်လန့်အောင်မနေရ၊ ကြောက်လန့်မှုမရှိအောင်နေရမည်။

(၁၄) စာပေကျမ်းဂန်တတ်သိခြင်းမများစေရ၊ တတ်သိ

http://www.dhammadownload.com



ခြင်း အမှန်ကျအောင် သတိသမ္ပဇဉ်ရှိရမည်။

(၁၅) စာပေကျမ်းဂန်၌ တတ်သိရုံမျှနှင့် ရောင့်ရဲမနေရ၊ တရားတတ်သိအောင် အားထုတ်ကျင့်ကြံရမည်။

(၁၆) သံသရာ၌ အသက်ရှည်ရန်မလိုအပ်၊ သံသရာ သက်တိုရန်သာလိုအပ်သည်။

(၁၇) ရှည်လျားသောတဏှာကိုဖြတ်၍ တိုသေးသော ပါရမီကို ဆက်ပေးရမည်။

(၁၈) မေ့၍နေလျှင် အဖန်တလဲလဲသေရလိမ့်မည်။ မမေ့လျှင် နောက်ထပ်မသေရပြီ။

(၁၉) အဆက်မပြတ်ရှင်လျှက်ရှိသော အဝိဇ္ဇာတဏှာ ကို သေအောင်သတ်၊ အမြဲသေ၍သာနေသော အသခ်တနိဗ္ဗာန် သို့ရောက်အောင် ကပ်ရမည်။

(၂၀) သင်္ခါရအလုံးစုံ၌ စွဲလမ်းသော ဥပါဒါန်ကိုဖြတ်၊ သင်္ခါရဟူသမျှကို စွန့်လွှတ်နိုင်မှ အနုပါဒိသေသ နိဗ္ဗာန်သို့ရောက်မည်။

(ရဟန္တာသမုတ်ခံရသော လေ့သင်းမင်းကျောင်းဆရာတော်)

ဗုဒ္ဓဘာသာဝင်တွေဟာ လူ့သေတာနဲ့ ပတ်သက်ရင် သဿတဒိဋ္ဌိ ဖြစ်တတ်ကြတယ်၊ နိဗ္ဗာန်နဲ့ပတ်သက်လာရင် ဥစ္ဆေဒဒိဋ္ဌိဖြစ်တတ် ကြတယ်။

(မိုးကုတ်ဆရာတော်)

မိုးကုတ်ဆရာတော်၏ တရားခွေတစ်ခွေမှ စကားပိုဒ်

http://www.dhammadownload.com



ပင်ဖြစ်၏။ လူသေတာနှင့်ပတ်သက်၍ သဿတဒိဋ္ဌိ ဖြစ်ပုံကိုရေးခဲ့ပြီးဖြစ်၏၊ ယခုနိဗ္ဗာန်နှင့် ပတ်သက်၍ ဥစ္ဆေဒဒိဋ္ဌိအဖြစ်များပုံကို ရှင်းလင်းမည်ဖြစ်၏၊ ပထမရွှေကျင် ဆရာတော်ဘုရားကြီးကလည်း နိဗ္ဗာန်နှင့်ပတ်သက်၍ ဗုဒ္ဓဘာသာဝင်များ ဥစ္ဆေဒဒိဋ္ဌိကြီးသို့ မကပ်ရောက်စေရန် ဂမ္ဘီရာ ဂမ္ဘီရမဟာနိဗ္ဗုတ ဒီပနီဟူသော ကျမ်းကြီးကို ရေးသားတော်မူခဲ့၏။

ဆရာတော်ကြီး၏ မေတ္တာစေတနာကားကြီးမားလှ၏။ ကျမ်းစာရေးသားရာ၌ ကျွန်ုပ်တို့ကဲ့သို့ စာပေမပြည့်စုံသူတို့အတွက် အကျဉ်း၊ စာပေပြည့်စုံသူတို့အတွက် အကျယ်ဆိုပြီး နှစ်ခန်းခွဲရေးသားခဲ့ပါ၏။ ဒွါရသာသနာပိုင်အုတ်ဖို ဆရာတော် ဘုရားကြီးသည်လည်း ဒကာတစ်ယောက်၏ လျှောက်ထား တောင်းပန်ချက်အရနိဗ္ဗာန်နှင့်ပတ်သတ်၍ စဏ္ဍ မဏ္ဍလ သုက္ကစာတမ်းဟူသော ကျမ်းငယ်ကို စီစဉ်ရေးသားခဲ့၏။

လယ်တီဆရာတော်ဘုရားကြီးသည်လည်း နိဗ္ဗာနမဂ္ဂဒီပနီမည်သောကျမ်းကိုရေးသားစီရင်ခဲ့၏။

ယင်းကျမ်းတို့နှင့်တကွ ပါဠိတော်အဋ္ဌကထာအချို့ကို မှီပြီးလျှင် ပခုက္ကူဝိပဿနာ သင်တန်းဆရာကြီး ဦးကြင်ရွှေ၏ နိဗ္ဗာန်တရားတော်(၁၇) ခွေ၊ သဲအင်းဂူဆရာတော်ဘုရားကြီးနှင့် မိုးကုတ်ဆရာတော်ဘုရားကြီးတို့၏ နိဗ္ဗာန်တရားခွေတို့ကို နာကြားပြီး ဤဆောင်းပါးကို ရေးခြင်းဖြစ်၏။

နိဗ္ဗာန်နှင့်ပတ်သက်၍ သာမန်ဗုဒ္ဓဘာသာဝင်များကို မဆိုထားနှင့် ဘာသာရေး စာရေးဆရာအချို့ပင် မှားယွင်းရေးသားနေသောအချက်ကို ဦးစွာတင်ပြချင်၏။ ထိုရေးသားချက်ကား

http://www.dhammadownload.com



ဓမ္မပဒအဋ္ဌကထာ၌လာသည့် "သဗ္ဗေဓမ္မာ အနတ္တာ" ဟူသော ဂါထာတစ်ပုဒ်ကိုထောက်၍ နိဗ္ဗာန်ကို အနတ္တ ဟု မှားယွင်းရေး သားနေကြခြင်းဖြစ်၏။

မြတ်စွာဘုရားသည် နိဗ္ဗာန်ကို အနတ္တဟု တစ်ကြိမ် တစ်ခါမှ ဟောတော်မမူခဲ့ပေ။ သို့ဆိုလျှင် ယင်းဂါထာ၌ သဗ္ဗေဓမ္မာဟူ၍ အဘယ်ကြောင့် ဟောထားသနည်းဟု မေးခဲ့ ပြီးအံ့။ ဤပြဿနာသည်ဓမ္မပဒအဋ္ဌကထာလာ ဂါထာသုံးပုဒ်လုံး ကိုဖော်ပြ ရှင်းလင်းမှ ပြည့်စုံမည်ဖြစ်၏။

ပထမ ရဟန်းငါးရာသည် တောထဲတွင် တရားအားထုတ် ရာ သူတို့စရိုက်နှင့်မကိုက်သော ကမ္မဋ္ဌာန်းဖြစ်နေ၍ တရားမရကြ။ ဘုရားထံ ပြန်ရောက်လာချိန်တွင် သူတို့စရိုက်နှင့်ကိုက်ညီသော

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊
ယဒါပညာယပဿတိ။
အထနိဗ္ဗိန္ဒတိဒုက္ခေ၊
ဧသောမဂ္ဂေါဝိသုဒ္ဓိယာ။

အလုံးစုံသော သင်္ခါရတရားတို့သည်
အမြဲမရှိ (ခန္ဓာငါးပါးအနိစ္စ)ဟု ပညာဖြင့်ရှုဆင်ခြင်
၏။ ထိုအခါခန္ဓာငါးပါး ဒုက္ခတရား၌ ငြီးငွေ့၏။
ဤကားစင်ကြယ်သော မဂ္ဂင်လမ်းပေတည်း။

ဟုဟောကြားလိုက်ရာ ဂါထာအဆုံးမှာပင် အပါးငါးရာလုံး ရဟန္တာ ဖြစ်ကြ၏။ သူတို့သည် အရင်ဘဝများက အနိစ္စာ နုပဿနာကိုများများကြီး အားထုတ်ခဲ့ဖူးသောကြောင့် သူတို့စရိုက် နှင့်ကိုက်ညီသောတရားကို နာကြား ရသဖြင့် လွယ်ကူချမ်းသာစွာ

http://www.dhammadownload.com



ရဟန္တာဖြစ်ကြခြင်းပေတည်း။ ဒုတိယမြောက် အပါးငါးရာလည်း ထိုကဲ့သို့ပင် ရောက်လာပြန်ရာ ဗုဒ္ဓကသူတို့၏ရှေ့ဘဝ ပါရမီကို ကြည့်ပြီး . . .

သဗ္ဗေ သင်္ခါရာဒုက္ခာ၊
ယဒါပညာယပဿတိ။
အထနိဗ္ဗိန္ဒတိဒုက္ခေ၊
သောမဂ္ဂေါ ဝိသုဒ္ဓိယာ။

အလုံးစုံသော သင်္ခါရတရားတို့သည် ဆင်းရဲ၏။ (ခန္ဓာငါးပါးဒုက္ခ)ဟု ပညာဖြင့် ရှုဆင်ခြင်၏။ ထိုအခါ ခန္ဓာငါးပါး ဒုက္ခတရား၌ ငြီးငွေ့၏။ ဤကား စင်ကြယ်သော မဂ္ဂင်လမ်း ပေတည်း။

ဟုဟောကြားလိုက်ရာ အားလုံးရဟန္တာဖြစ်သွားကြ၏။ သူတို့သည် အတိတ်က ဒုက္ခာနုပဿနာကို ပွားများခဲ့ဖူးသူများ ဖြစ်၏။ ဤနှစ်ဂါထာ၌ သဗ္ဗေ သင်္ခါရာအရ လောကီစိတ်(၈၁)၊ စေတသိက်(၅၂)၊ ရုပ်(၂၈)ကို ကောက်ယူရ၏။ လောကုတ္တရာစိတ် (၈)ခုနှင့် သူနှင့်ယှဉ်သောစေတသိက် (၃၆)မပါသေးသည်ကို သတိပြုပါ။ တတိယမြောက်အပါးငါးရာလည်း ထိုနည်းအတိုင်း ရောက်လာပြန်ရာ ဗုဒ္ဓက–

သဗ္ဗေ ဓမ္မာအနတ္တာ၊
ယဒါပညာယပဿတိ။
အထနိဗ္ဗိန္ဒတိဒုက္ခေ၊
သေမဂ္ဂေါ ဝိသုဒ္ဓိယာ။

http://www.dhammadownload.com



အလုံးစုံသောစိတ်၊ စေတသိက်၊ ရုပ်
တရားအားလုံးတို့သည် အစိုးမရအနှစ်သာရမရှိ
(ခန္ဓာငါးပါး အနတ္တ)ဟု ပညာဖြင့်ရှုဆင်ခြင်၏။
ထိုအခါ ခန္ဓာငါးပါးဒုက္ခတရား၌ ငြီးငွေ့၏။ ဤကား
စင်ကြယ်သောမဂ္ဂင်လမ်းပေတည်း။

ဟုဟောကြားလိုက်ရာ အားလုံးရဟန္တာဖြစ်သွားကြ၏။ ဤနောက်ဆုံးဂါထာ၌ ရှေ့နှစ်ဂါထာကဲ့သို့ သဗ္ဗေ သင်္ခါရာဟု မဟောဘဲ သဗ္ဗေဓမ္မာဟု ဟောတော်မူခြင်းမှာ ခန္ဓာငါးပါးဖွဲ့ရသော တရားအကုန်ပါစေလိုသောကြောင့်ဖြစ်၏။ ရှေ့နှစ်ဂါထာ၌ သဗ္ဗေ သင်္ခါရာအရ လောကီစိတ်၊ စေတသိက်၊ ရုပ်တို့ကိုသာ ယူထားရာ ခန္ဓာဖွဲ့ရာ၌ပါဝင်သော လောကုတ္တရာစိတ်၊ စေတသိက်တို့ကျန်နေ၏။

ခန္ဓာငါးပါးဖွဲ့ရာ၌ ပါဝင်သော ယင်းလောကုတ္တရာစိတ်၊ စေတသိက် သည်လည်း အနတ္တတရားပင်တည်းဟုသိစေခြင်းငှာ သဗ္ဗေဓမ္မာဟုပြောင်း၍ ဟောကြားခြင်းဖြစ်၏။ ဤရှင်းပြချက်ကား ဓမ္မပဒ အဋ္ဌကထာဆရာ အရှင် မဟာ ဗုဒ္ဓဃောသ၏ အာဘော်ပင်ဖြစ်၏။ သဗ္ဗေဓမ္မာဟူသော ပုဒ်ကိုကြည့်ပြီး နိဗ္ဗာန်ကိုပါ ကောက်ယူမိမှာစိုးသောကြောင့်

သဗ္ဗေဓမ္မာ တွေ
ပဉ္စက္ခန္ဓာဝေ အဓိပ္ပေတာ

**သဗ္ဗေ ဓမ္မာဟူသောပုဒ်၌ ဓမ္မာအရ ခန္ဓာငါးပါးဖွဲ့ရာ၌ ပါဝင်** သော တရားတို့ကိုသာ ကောက်ယူရမည်ဟု မှတ်ချက်ဖြင့်ဖွင့်ပြတော်မူခဲ့၏။ နိဗ္ဗာန်သည်ခန္ဓာဖွဲ့ရသော တရားမဟုတ်၊ ခန္ဓာမှ

http://www.dhammadownload.com



လွတ်သောတရားဖြစ်၏။ ထိုဂါထာ၏အဖွင့် ဓမ္မပဒ အဋ္ဌကထာကို သေချာပြန်ကြည့်ပါလေ။ ဤကားအဋ္ဌကထာ သာဓကယုတ္တိဖြင့် နိဗ္ဗာန်သည် အနတ္တမဟုတ်ကြောင်း ရှင်းပြချက်ဖြစ်၏။

ယခုတဖန်သဘာဝယုတ္တိဖြင့် နိဗ္ဗာန်သည် အနတ္တတရား မဟုတ်ကြောင်း ရှင်းပြဦးအံ့။ လောကဓာတ်တကယ့်အရှိတရားကား သင်္ခတ တရားနှင့် အသင်္ခတတရား နှစ်မျိုးသာရှိ၏။ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းလေးပါးတို့ ပြုပြင်ဖန်တီးမှုကို ခံရသော စိတ်၊ စေတသိက်၊ ရုပ်တရားသုံးပါးကို သင်္ခတ တရားဟုခေါ်၏။ ထိုသုံးပါးကို ငါးပုံပုံလျှင် ခန္ဓာငါးပါးဖြစ်၏။

ထိုအကြောင်းလေးပါးတို့၏ ပြုပြင်ဖန်တီးခြင်းမှလွတ်သော နိဗ္ဗာန်ကို အသင်္ခတတရားဟုခေါ်၏၊ ခန္ဓာငါးပါးမှ အလွတ်ဖြစ်၏၊ အိုနာသေ ကင်းရာနိဗ္ဗာန်ချမ်းသာကို ရလိုလျှင် သင်္ခတဖြစ်သော ခန္ဓာငါးပါးကို မမြဲခြင်းအနိစ္စ ဟူ၍လည်းကောင်း၊ ဆင်းရဲခြင်း၊ ဒုက္ခဟူ၍လည်းကောင်း၊ အစိုးမရ အနှစ်သာရမရှိခြင်း အနတ္တဟူ၍ လည်းကောင်း ခန္ဓာငါးပါးကို အပြစ်မြင်လာအောင်ရှုရ၏။

ခန္ဓာငါးပါးကို အပြစ်မြင်မှ၊ ခန္ဓာငါးပါးကိုမုန်းမှ၊ ခန္ဓာငါးပါး ဆုံးမှ နိဗ္ဗာန်ကိုရမည်ဖြစ်၏။ ဤသဘာဝယုတ္တိအရ အနိစ္စ၊ ဒုက္ခ၊ အနတ္တသည် အပြစ်မြင်ရသော တရားများဖြစ်၏၊ ခန္ဓာငါးပါးမှာသာ ယင်းအပြစ်များရှိ၏။ နိဗ္ဗာန်ကားယင်းအပြစ်များ တစ်ခုမှမရှိပေ။ သင်္ခတ တရားနှင့် အသင်္ခတ တရားကို ဆန့်ကျင် ဘက်ယူရမည်ဟု ဖွင့်ပြချက်ရှိ၏။

သင်္ခတ တရားသည် အနိစ္စ အမြဲမရှိ။
အသင်္ခတ တရားသည် နိစ္စအမြဲရှိ၏။

http://www.dhammadownload.com



သင်္ခတ တရားသည် ဒုက္ခဆင်းရဲ၏။
အသင်္ခတ တရားသည် သုခချမ်းသာ၏။
သင်္ခတ တရားသည် အနတ္တအနှစ်သာရ မရှိ။
အသင်္ခတ တရားသည် အတ္တ အနှစ်သာရ ရှိ၏။

တိတိကျကျ ပြည့်ပြည့်စုံစုံဆိုလျှင် ဤကဲ့သို့ ဟောရမည် ဖြစ်၏။ သို့သော်ပါဠိတော်များ၌ နိဗ္ဗာန်ကို နိစ္စသာရ၊ သုခသာရ အဖြစ်ဖြင့် ဟောသော်လည်း အတ္တသာရအဖြစ်ကား တိုက်ရိုက် ဟောတော်မမူခဲ့ပေ။ မဟောရခြင်းအကြောင်းကား တိတ္ထိတို့ ယူဆအပ်သော အတ္တနှင့် ထင်ရောင်ထင်မှားဖြစ်မှာစိုးသော ကြောင့် ဖြစ်၏။ ဤကား သဗ္ဗေ ဓမ္မာအနတ္တာ၌ နိဗ္ဗာန်မပါပုံ ရှင်းလင်းချက် ဖြစ်၏။

ဗုဒ္ဓဘာသာအများစုသည် နိဗ္ဗာန်နှင့်ပတ်သက်လာလျှင် ဥစ္ဆေဒဒိဋ္ဌိ အယူရှိတတ်ပုံကို ရှင်းလင်းအံ့။ မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ ဝစ္ဆသုတ်၌ ဝစ္ဆအမည်ရှိသူက ဗုဒ္ဓကို နိဗ္ဗာန်နှင့် ဆက်စပ်မှုရှိသော မေးခွန်းလေးခုမေး၏။

(၁) မြတ်စွာဘုရား ရဟန္တာပုဂ္ဂိုလ်သေပြီးသည့်နောက် အဘယ်၌ဖြစ်ပါသနည်း။ ဗုဒ္ဓက ထိုမေးခွန်းသည် သဿတဒိဋ္ဌိဖြင့် ငြိနေသောကြောင့် ဖြေဖို့မသင့်လျော်ဟုပယ်တော်မူ၏။ သဿတ ဒိဋ္ဌိဖြင့် အဘယ်သို့ငြိသနည်း။ ရဟန္တာ၏ ရုပ်နာမ်သည် မပျက်စီးဘဲ သို့မဟုတ် ရုပ်သာပျက်စီးပြီး နာမ်ကမပျက်စီးဘဲ နိဗ္ဗာန်သို့ ရောက်သွားသလို မေးသောကြောင့် သဿတဒိဋ္ဌိနှင့်ငြိခြင်းဖြစ်၏။

(၂) ရဟန္တာပုဂ္ဂိုလ်သေပြီးသည့်နောက် အဘယ်သို့မျှ မဖြစ်မရောက်တော့ပြီလော၊ ဤမေးခွန်းကား ဥစ္ဆေဒဒိဋ္ဌိနှင့် ငြိသော

http://www.dhammadownload.com



ကြောင့် ဖြေဖို့မသင့်လျော်ဟု ပယ်တော်မူ၏။ ဥစ္ဆေဒဒိဋ္ဌိနှင့် အဘယ်သို့ငြိသနည်း။

> နေပူရှိန်ကြောင့် ခန္ဓာကိုယ်ပူလောင်နေသူသည် အေးမြကြည်လင်သော မြစ်ရေအတွင်း သက်ဆင်းလိုက်လျှင် အပူငြိမ်းခြင်း၊ အေးချမ်းသော အရသာကို ခံစားခြင်းနှစ်မျိုးဖြစ်၏။
> ထို့အတူ ရဟန္တာပုဂ္ဂိုလ် စုတေခြင်း၊ ရုပ်နာမ်ချုပ်သွားခြင်းသည် ခန္ဓာဒုက္ခ အပူငြိမ်းခြင်းနှင့်တူ၏။ နိဗ္ဗာန်၏အရသာကို သန္တိသုခအဖြစ်ဖြင့် ခံစားခြင်းသည် အေးမြခြင်းနှင့်တူ၏။
> **(ဂမ္ဘီရာ ဂမ္ဘီရ မဟာနိဗ္ဗုတဒီပနီကျမ်းမှ ပထမရွှေကျင်ဆရာတော် ဘုရားကြီးပေးသော ဥပမာ)**
> သဠာယတနသံယုတ်ပါဠိတော်တွင် "ကာယဿဘေဒါ ဓမ္မဒ္ဓော သင်္ချံနောပေတိဝေဒဂူ" ရဟန္တာပုဂ္ဂိုလ်ခန္ဓာကိုယ်ပျက်စီးသည်မှ နောက်၌ နိဗ္ဗာန်၌ တည်သည်ဖြစ်၍ သတ္တဝါဟူသော အရေအတွက်သို့မရောက် (သင်္ချံနောပေတိ) ဟုသာ ဟောထား၏။

ယခုခေတ်လူအများစု ထင်နေသကဲ့သို့ နိဗ္ဗာန်သည် ဘာမျှမရှိသောအရာဟုဆိုလျှင် သင်္ချံနောပေတိ သတ္တဝါဟူသော အရေအတွက်သို့မရောက်ဟု ဟောခဲ့မည်မဟုတ်။ နဿတိ-ပျောက်ပျက်၏။ နတ္ထိ-မရှိစသည်ဖြင့်သာ ဟောကြားခဲ့မည်ဖြစ်၏ ထိုသို့ နဿတိ၊နတ္ထိစသည်ဖြင့် မဟောကြားသည်ကို ထောက်သော

http://www.dhammadownload.com



အားဖြင့် နိဗ္ဗာန်သည်ဘာမျှမရှိသောအရာမဟုတ်။

သန္တိသုခ = ငြိမ်းအေးသော ချမ်းသာခံတ်အနေဖြင့် တကယ်ရှိကြောင်း ပြတ်သားစွာမှတ်ရမည်။ နံပါတ်(၃) မေးခွန်းကို ဆက်အံ့။

(၃) ရဟန္တာပုဂ္ဂိုလ်သည် သေပြီးသည်နောက် ဖြစ်သူလည်းဖြစ်၊ မဖြစ်သူလည်းမဖြစ်ဟု မှတ်ရမည်လော။ ဤမေးခွန်းသည်ကေစ္စသဿတဝါဒနှင့် ငြိနေသောကြောင့် ဖြေဖို့မသင့်လျော်ဟု ပယ်တော်မူ၏။ ကေစ္စသဿတဒိဋ္ဌိကား အချို့မြဲ၊ အချို့မမြဲဟု ယူဆခြင်းတည်း။

(၄) ရဟန္တာပုဂ္ဂိုလ်သေပြီးသည့်နောက် ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ်ဟု မှတ်ရမည်လော။ ဤမေးခွန်းသည်အမရာဝိက္ခေပ ဒိဋ္ဌိနှင့်ငြိနေသောကြောင့် ဖြေဖို့မသင့်လျော်ဟု ပယ်တော်မူ၏။ အမရာမည်သောငါးသည် ချောနေသောကြောင့် ဘယ်နေရာကမှ ကိုင်ဖမ်း၍မရသလို မရေမရာ ဟိုမရောက်သည်မရောက် အယူဝါဒကို အမရာဝိက္ခေပဝါဒဟုခေါ်၏၊ တိတ္ထိဆရာကြီးခြောက်ယောက်တွင် အပါအဝင်ဖြစ်သော သိဥ္စည်းဆရာကြီး၏ ဝါဒပင်ဖြစ်၏။

ဝစ္ဆကနိဗ္ဗာန် အယူအဆကို ဉာဏ်မမှီတော့ကြောင်း လျှောက်ထားသဖြင့် ဗုဒ္ဓက ရဟန္တာပုဂ္ဂိုလ်စုတေပြီးနောက် နိဗ္ဗာန်ချမ်းသာခံစားပုံကို မီးပုံဥပမာဖြင့်ပြတော်မူ၏။ လောင်စာကုန်သွားသောကြောင့် မီးပုံမှာ မီးများငြိမ်းသွား၏။ ငြိမ်းသွားသောမီးတောက်များကို အရှေ့အရပ်သို့ရောက်သွား သလော၊ အနောက်အရပ်သို့ရောက်သွားသလော စသည်ဖြင့်မေးလျှင် ဖြေဖို့ရာ မသင့်

http://www.dhammadownload.com



လျော်ပေ။

ထို့အတူ ခန္ဓာအသစ်မဖြစ်တော့သဖြင့် ဒုက္ခမီးငြိမ်းသွားသောရဟန္တာကိုလည်း ဘယ်အရပ်သို့ရောက်သည်၊ ဘယ်အရပ်သို့ မရောက်သည် စသည်ဖြင့် ဖြေလျှင်မသင့်လျော်ဟု ရှင်းပြတော်မူ၏။

## နိဗ္ဗာန်ဂုဏ်ရည်များ

အသင်္ခတံ အနတံ အနာသဝံ၊
သစ္စဉ္စပါရံ နိပုဏံ သုဒုဒ္ဒသံ။
အဇဇ္ဇရန္တံ ဓုဝံ အပလောကိနံ၊
အနိဒဿနံ နိပ္ပပဉ္စံ သန္တံ။
အမတံ ပဏီတဉ္စ သိဝဉ္စ ခေမံ၊
တဏှာက္ခယော အစ္ဆရိယံ အဗ္ဘုတံ၊
အနီတိကံ အနီတိက ဓမ္မံ၊
နိဗ္ဗာနမေတံ သုဂတေန ဒေသိတံ၊
အဗျာပဇ္ဈော ဝိရာဂေါ စ၊
သုဒ္ဓိ မုတ္တိ အနာလယော။
ဒီပံ လေဏဉ္စ တာဏဉ္စ၊
သရဏဉ္စ ပရာယနန္တိ ။

(သဠာယတန သံယုတ် ပါဠိတော်)

(၁) အသင်္ခတံ မူလရင်းက သင်္ခတပင်ဖြစ်သော်လည်း အလွန် သိမ်မွေ့လှသဖြင့် သင်္ခတဟုသိကြောင်းမှတ်ကြောင်း လက္ခဏာမှကင်း၍ နေထသော၊

(၂) အနတံ ဒုက္ခစိုက်ပျိုး တဏှာမျိုးတို့၊ မတိုးမညွှပ်၊

http://www.dhammadownload.com



မလာနိုင်ရာ လည်းဖြစ်ထသော၊

(၃) အနာသဝံ ငရဲပြိတ္တာဘေးရောတို့ ခါခါဖြစ်စေတတ်သည်ဖြစ်၍ ကြောက်အပ်လှစွာ တဏှာဒိဋ္ဌိစသော အာသဝေါ ညစ်ဆိုး တရားမျိုးတို့ မတိုက်ချိုးနိုင်ရာဖြစ်ထသော။

(၄) သစ္စဥ္စ နိဗ္ဗာန်ဟူသောအမည် နာမစကားမျှသာ မဟုတ်၊ နိဗ္ဗာန်ဟူသောအမည်ရှိသည့်အားလျော်စွာ၊ ငြိမ်းအေးခြင်း ပရမတ္ထသဘောအားဖြင့် တကယ်မှန်ကြီးမှန်သည်လည်း ဖြစ်ထသော၊

(၅) ပါရံ၊ ခန္ဓာကိုယ်ဆိုး ဒုက္ခအိုး၏ ပြင်ဘက်ဝဋ်ဆင်းရဲ ရေအယဉ်မှ ထွက်မြောက်ရာ ကမ်းဝထိပ်ကြီးလည်း ဖြစ်ထသော၊

(၆) နိပုဏံ၊ အထည်ဒြပ်၊ ဥပါဒ်မထင်သည်ဖြစ်၍ အလွန် သိမ်မွေ့စွာထသော။

(၇) သုဒုဒ္ဒသံ၊ ပညာဉာဏ်ဖြင့်သော်လည်း နှိုင်းချင့်ထောက်ဆ သိမြင်ရနိုင်စရာ လွန်စွာခဲယဉ်းထသော။

(၈) အဇ္ဇရန္တံ၊ ငြိမ်းအေးခြင်းသဘောအားဖြင့် ပေါ်လာပြီးနောက် ဘယ်လောက်ပင်ကြာသော်လည်း ဘယ်သည့်ကာလမှ ရင့်အိုပျက်စီးခြင်းလည်း မရှိနိုင်ထသော။

တစ်နည်း – ငြိမ်းအေးခြင်း သီတိဘာဝ သဘာဝအားဖြင့် ပေါ်လာပြီးနောက် ကမ္ဘာပျက်မီး၊ ကမ္ဘာပျက်လေကြီး၊ ရေကြီးတို့ဖြင့်သော်လည်း ဖောက်ပြန်တုန်လှုပ်ခြင်းမရှိ ပကတိမြဲမြံစွာ တည်နေထသော။

(၉) ဓုဝံ၊ ပဋိသန္ဓေနေခြင်း အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း အစရှိသည်မှ လွတ်လိုကုန်သူတို့သည် ရောက်အပ်သော

http://www.dhammadownload.com



တစ်နည်း – ဖြစ်ခြင်း၊ ပျက်ခြင်း သဘောမရှိသည်ဖြစ်၍ မြဲသောသဘောရှိထသော။

(၁၀) အပလောကိနံ၊ငြိမ်းအေးခြင်းသဘောဖြင့် ပေါ်လာပြီး နောက် ဘယ်သည့်ကာလမှ အဘာယ်တစ်စုံတစ်ခုကြောင့် ပျက်စီး ခြင်းမရှိထသော။

(၁၁) အနိဒဿနံ၊ နတ်မျက်စိဖြင့်သော်လည်း စက္ခု ဝိညာဏ်ဖြင့်မမြင် ကောင်းထသော။

(၁၂) နိပ္ပ ပဥ္စံ၊ အိုပြန်နာရ၊ သေရဆင်းရဲ၊ ပေါက်လဲခါ ခါသံသရာကို ချဲ့ထွင်တတ်သူ တဏှာ၊ မာန၊ ဒိဋ္ဌိတို့မပြုမလာနိုင် ရာဖြစ်ထသော။

(၁၃) သန္တံ၊ တစ်ဆယ့်တစ်သီး မီးကြီးငြိမ်းအေးရာလည်း ဖြစ်ထသော။

(၁၄) အမတံ၊ မိမိထံတည်ရောက်လာသူ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့၏ မအိုမသေ အမြဲတည်စံနေရာလည်းဖြစ်ထသော။

(၁၅) ပဏီတံ၊ မြင်ရရောက်ရသူတို့ မရောင့်ရဲနိုင်ဘွယ်၊ တကယ် လွန်မြတ်တော်မူထသော။

(၁၆) သိဝဥ္စ၊ ကြီးမြတ်သော ဂုဏ်ကျက်သရေရှိတော်မူ ထသော။

(၁၇) ခေမံ၊ ဘေးခပ်သိမ်း၊ ကုန်ငြိမ်းကင်းဝေးရာလည်းဖြစ် ထသော။

(၁၈) တဏှာက္ခယော၊ ဘေးကိုပြုတတ်၊ ကြောက်အပ် လှစွာ၊ ခြောက်တဏှာတို့၏ ကုန်ရာကုန်ကြောင်းလည်းဖြစ် ထသော။

http://www.dhammadownload.com



မှတ်ချက်။ ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ၊ စုစုပေါင်းတဏှာ ခြောက်မျိုးကို ကာရံကိုက်အောင် ခြောက်တဏှာဟု သုံးထားခြင်း ဖြစ်၏။

(၁၉) အစ္ဆရိယံ၊ ဒါန၊ သီလ၊ ဘာဝနာစသောအကြောင်း တရားတို့နှင့် မကင်းသော်လည်း၊ ယင်းအကြောင်းတရားတို့ ကြောင့်ဖြစ်ပုံသခ်တ နိမိတ်အရိပ်မထွက်၊ ယင်းသခ်တပုံဟန်နှင့် အလွန်ဝေးကွာ၊လွန်စွာထူးမြတ်သည်ဖြစ်၍ အလွန်အံ့ဘွယ်သရဲ၊ အံ့အဲစလောက်ဖြစ်တော်မူထသော။

(၂၀) အဗ္ဘုတံ၊ တရံတစ်ဆစ် မဖြစ်ဘူးသေးဘဲ တစ်ခါ တည်းသာဖြစ်လာပြီးနောက် မပျောက်မပျက် အမြဲတည်နေသည် လည်းဖြစ်ထသော။

(၂၁) အနီတိကံ၊ အလုံးစုံဆင်းရဲဘေးဒဏ်ဟူသမျှ ဘယ်ဟာတစ်ခု မှမရှိထသော။

(၂၂) အနီတိကဓမ္မံ၊ ဆင်းရဲရှိသော သဘောမျိုးမှ ဆန့်ကျင်ဘက်ကြီးဖြစ်၍နေထသော။

ဝေါ် တောဒိသံ ဤသို့သဘောရှိသော တရားထူးတရား မြတ်ကိုနိဗ္ဗာနံ နိဗာန်ဟူ၍။ သုဂတေန၊ မြတ်စွာဘုရားသည်၊ ဒေသိတံ-ဟောကြားတော်မူအပ်ပြီသော၊ (ဓမ္မော၊ ထိုနိဗ္ဗာန်တရား တော်သည်။)

(၂၃) အဗျာပဇ္ဈော၊ ဘေးရန်တွက်တာ ဘယ်ဟာတစ်ခု ကြောင့်ကြစရာမရှိသည်လည်းဖြစ်၏။

(၂၄) ဝိရာဂေါစ၊ ဘေးရန်ဖြစ်ကြောင်း ရာဂအပေါင်းမှ

http://www.dhammadownload.com



ကောင်းကောင်းကြီးကင်းဝေးရာလည်းဖြစ်၏။

(၂၅) သုဒ္ဓိစ–ဘေးရန်လာဘွယ် အသွယ်သွယ်သော အညစ်အကြေးမှ ကင်းဝေးစင်ကြယ်သည်လည်းဖြစ်၏။

(၂၆) မုတ္တိစ–ဘေးရန်ထူထပ် ဘုံသုံးရပ်တို့မှ လုလုကြီး လွတ်ရာလည်းဖြစ်၏။

(၂၇) အနာလယံ–အလိုလိုဝ အလုံးစုံလုသဖြင့် ဘယ်ဟာ တစ်ခုမှ မတောင့်တရာလည်းဖြစ်၏။

(၂၈) ဒီပံ၊ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့၏ ပုန်းအောင်းရာ တည်ရာ ကျွန်းကြီးသဖွယ်လည်းဖြစ်၏။

(၂၉) လေဏံ၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ ဘေးမှ လွတ်ကြောင်း ပုန်းအောင်းခိုနေရာလည်းဖြစ်၏

(၃၀) တာဏံ၊ မိမိ၌တည်ရောက်လာသူ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့အား ဘေးမလာရအောင် တကယ်စောင့်ရှောက်နိုင်သည် လည်းဖြစ်၏။

(၃၁) သရဏဥ္စ၊ မိမိတံခိုးမှီးလာသူ ပရိနိဗ္ဗုတပုဂ္ဂိုလ်၌ ဘေးမဆိုက်ရအောင်၊ ဘေးတကာကို ကောင်းစွာဖျက်ဆီးတတ် သည်လည်းဖြစ်၏။

(၃၂) ပရာယဏံ၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ အလွန်အကဲ တည်နေရာ လဲလျောင်းရာဖြစ်၏ (ဝါ) ဘေးကိုကြောက်သူ ပုဂ္ဂိုလ် ဖြူတို့၏ တကယ်ဘေးမှ လွတ်ကြောင်းကောင်းကောင်းကြီး လဲလျောင်းတည်နေရာလည်းဖြစ်၏။

မှတ်ချက်။ ပထမရွှေကျင်ဆရာတော်ဘုရားကြီးပေးသော အနက်များဖြစ်၏။

http://www.dhammadownload.com



ဂုဏ်ဟူသည်ဂုဏောမှဖြစ်ပေါ်လာ၏ ထို့ကြောင့်ဂုဏ်ရှိလျှင် ဂုဏောရှိသည်ဟု မှတ်အပ်၏၊ ဂုဏောဟူသည် ပုဂ္ဂိုလ်၊ ဒြပ်သဘော တရားအရာဝတ္ထုတစ်ခုခုဖြစ်၏။

ဂုဏ်ဟူသည် ထိုအရာများမှထွက်ပေါ်လာသော စွမ်းရည် သတ္တိဖြစ်၏၊ ဖော်ပြထားသော (၃၂)မျိုးသော ဂုဏ်တို့သည် နိဗ္ဗာန်ဟူသော ဂုဏောမှ ထွက်ပေါ်လာခြင်းဖြစ်၏။ နိဗ္ဗာန်ဟူသော ဂုဏောမရှိဘဲနှင့် ဤ(၃၂)ချက်သော ဂုဏ်များထွက်ပေါ်မလာနိုင်ပေ။

http://www.dhammadownload.com

# အခန်း (၂၅)

## နိဗ္ဗာန်နှင့်ပတ်သက်၍ ဥစ္ဆေဒဒိဋ္ဌိဖြစ်ပုံ၊ ဖြုတ်ပုံ

မေး   နိဗ္ဗာန်သည် ဘာဝလော၊ အဘာဝလော အနက်အဓိပ္ပါယ်နှင့်တကွဖြေပါ။

ဖြေ   နိဗ္ဗာန်သည် ဘာဝလည်းဟုတ်၏၊ အဘာဝလည်းဟုတ်၏၊ ထိုတွင်ဘာဝဟုတ်ပုံကား မဂ်ဉာဏ်လေးပါးသို့ ဆိုက်ရောက်သောအခါ ကိလေသာတရားတို့၏ ချုပ်ငြိမ်းမှု မည်သည် ကေန်ရှိ၏။ အမှန်ရှိ၏။

ထိုချုပ်ငြိမ်းမှုကိုပင်လျှင် သန္တိသဘောဟုခေါ်၏။ ထိုချုပ်ငြိမ်းမှုကေန် ရှိသောကြောင့် နိဗ္ဗာန်သည် ဘာဝဟုတ်၏။

အဘာဝဟုတ်ပုံကား နိဗ္ဗာန်၌ ကိလေသာတို့၏ မရှိခြင်းကြောင့် အဘာဝဟုတ်၏။ အဓိပ္ပါယ်ကား ကိလေ

http://www.dhammadownload.com



သာတရား။ သင်္ခါရတရားတို့၏ မရှိခြင်းကြောင့် အဘာဝ ဟုတ်၏။ ချုပ်ငြိမ်းမှု ကောန်ရှိခြင်းကြောင့် ဘာဝဟုတ်၏။

၁၉၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့ထုတ် သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့ ဗုဒ္ဓဘာသာသတင်းစာ၌ ဖော်ပြထားသော သီဟိုဠ်သားတို့၏ အမေးနှင့် လယ်တီ ဆရာတော်၏ အဖြေဖြစ်၏။

နိဗ္ဗာန်ထင်ရှားရှိပုံနှင့်ပတ်သက်၍ မိလိန္ဒမင်းနှင့် ရှင်နာဂသိန်တို့၏ အမေးအဖြေကထပ်ဆင့်ထောက်ခံထား၏။

ထေရ် မင်းကြီး ကောင်းကင်နှင့် နိဗ္ဗာန်သည် ထင်ရှားရှိ၏။ သို့သော် တစ်စုံတစ်ခုသောအကြောင်းကြောင့်မျှ မဖြစ်

မင်း ဒီလိုဆို အရှင်ဘုရားသည် မရှိသောတရားကို နိဗ္ဗာန်ဟု ညွှန်ပြမိလေပြီ။

ထေရ် မင်းကြီး နိဗ္ဗာန်သည်ရှိ၏။ မနောဝိညာဉ်ဖြင့် သိအပ်၏၊ စင်ကြယ်မွန်မြတ်သော၊ အနှောက်အယှက် အပိတ်အပင် ကင်းသော၊ ကာမဂုဏ် အာမိသကင်းသောစိတ်ဖြင့် ကောင်းစွာကျင့်သောအရိယာတို့သည် နိဗ္ဗာန်ကိုသိနိုင် မြင်နိုင်၏။

မင်း အရှင်ဘုရား နိဗ္ဗာန်သည် မရှိတရားမဟုတ်လျှင် နိဗ္ဗာန်ကို ဥပမာဖြင့် ပြတော်မူပါ၊ နိဗ္ဗာန်သည် အဘယ်သို့နည်း။

ထေရ် မင်းကြီး လေဆိုသောအရာသည် ရှိသည်မဟုတ်လော၊

မင်း ရှိပါသည်အရှင်။

ထေရ် လေသည် အဆင်းပုံသဏ္ဌာန် အကြီးအသေး အရှည် အတို အဘယ်သို့ရှိပါသနည်း။

http://www.dhammadownload.com



မင်း လေကို ညွှန်ပြရန် မဖြစ်နိုင်ပါ။

ထေရ် သို့ဆိုလျှင် လေမရှိသလော။
လေသည် မရှိတရားလော။

မင်း လေသည်ရှိပါ၏၊ လေကိုညွှန်ပြရန်မစွမ်းနိုင်ပါ၊ သို့သော် လေရှိသည်ကို နှလုံးသား၌သိနေပါသည်။ နှာသီးဝ၌တိုးနေပါသည်။ တိုးသောလက္ခဏာအားဖြင့် သိနိုင်ပါသည်။

ထေရ် မင်းကြီး နိဗ္ဗာန်သည်လည်း ဤသို့ပင်ဖြစ်၏၊ ငြိမ်းချမ်းမှုရရှိသည့်လက္ခဏာအားဖြင့် ထင်ရှားရှိကြောင်းသိနိုင်၏၊ လေကဲ့သို့ပင် အဆင်း အားဖြင့်လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း ညွှန်ပြ၍မဖြစ်နိုင်ပါ။

မင်း လက်ခံပါပြီအရှင်ဘုရား။ ဆက်၍မေးလိုသည်မှာ နိဗ္ဗာန်သည် တည်ရာအရပ်ရှိပါသလော။

ထေရ် မင်းကြီးနိဗ္ဗာန်သည် တည်ရာအရပ်မရှိပါ။

မင်း နိဗ္ဗာန်သည် တည်ရာအရပ်မရှိငြားအံ့၊ နိဗ္ဗာန်သည်မရှိနိုင်။ နိဗ္ဗာန်ကို မည်ကဲ့သို့မျက်မှောက်ပြုနိုင်အံ့နည်း။

ထေရ် မင်းကြီး နိဗ္ဗာန်သည်အမြဲအစွဲတည်နေသည့် နေရာအရပ်သည်မရှိသော်လည်း နိဗ္ဗာန်သည်ရှိ၏။ ကောင်းစွာကျင့်သောနှလုံးသွင်းမှုဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်၏။ ဥပမာ မီးသည်ထင်ရှားရှိ၏၊ ထိုမီး၏ အမြဲအစွဲတည်နေရာအရပ်သည် မရှိသလိုဖြစ်၏ ကျောက်ခဲနှစ်လုံးခတ်မှ ဝါးနှစ်လုံးပွတ်မှ မီးရသလိုဖြစ်၏။

စကြာမင်းတို့ရအပ်သော စကြာရတနာ၊ မိဖုရားရတနာ၊ သူကြွယ်ရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ

http://www.dhammadownload.com



အစရှိသော ရတနာ (၇) ပါးတို့သည်လည်း တည်နေရာ အရပ်မရှိပါပေ။ မင်းကျင့်တရားကောင်းမွန်သူတို့ထံ ကပ်ရောက်လာကြကုန်၏။ ထို့အတူ နိဗ္ဗာန်သည်လည်း သင့်လျော်သော နှလုံးသွင်းမှုဖြင့် အားထုတ်ကျင့်ကြံသော သူတို့သာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြကုန်၏။

မင်း လက်ခံပါပြီအရှင်ဘုရား။

လုပ်ငန်းစဉ်ကိုကြည့်၍ နိဗ္ဗာန်ကို မီးနှင့်ဥပမာပေးထားခြင်း ဖြစ်၏။ ဝါးနှစ်လုံးပွတ်တိုက်ရာ၌ မီးသည်မည်သည့်ဝါးလုံး ထဲမှာမှမရှိ၊ သို့သော် ကြာကြာပွတ်တိုက်သောအခါ မီးသည်ထွက်ပေါ်လာ၏။ ထို့အတူ ဝိပဿနာဉာဏ်ဖြင့် ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တရှုနေ၏။ ဝိပဿနာ ဉာဏ်ထဲတွင်လည်း နိဗ္ဗာန်မရှိ၊ ခန္ဓာငါးပါးထဲတွင်လည်း နိဗ္ဗာန်မရှိပါ။

သို့သော်ရှုပွားဖန်များလာသောအခါ အချိန်ကျသည်နှင့် နိဗ္ဗာန်သည်ပေါ်လာရ၏။ ထို့ကြောင့်နိဗ္ဗာန်ကို မီးနှင့်ဥပမာပေးခြင်း သည် လုပ်ငန်းစဉ်ကိုကြည့်၍ ပေးထားခြင်းဟု ဆိုခဲ့ခြင်းဖြစ်၏။

## ငြိမ်းအေးမှုချမ်းသာ

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိစသော ကာမဂုဏ်ငါးပါးသည် ခံစားရသော ဝေဒယိတသုခများဖြစ်၏၊ ခံစားရသောချမ်းသာဟု ဆိုလို၏။ ပုထုဇဉ်များသည် သံသရာ အဆက်ဆက်က ဝေဒယိတသုခ ခံစားရသော ချမ်းသာတစ်မျိုး

http://www.dhammadownload.com



သာ ထပ်ခါတစ်လဲလဲ ခံစားဘူးကြ၏ နိဗ္ဗာန်၏ သန္တိသုခ ငြိမ်းအေးသောချမ်းသာကိုကား တစ်ကြိမ်တစ်ခါမှ မခံစားဘူးကြချေ။

ထို့ကြောင့် ကာမဂုဏ်အရသာခံစားသော ဝေဒယိတ-သုခကိုသာ အထင်ကြီးပြီး၊ နိဗ္ဗာန်အရသာခံစားသော သန္တိသုခကို အထင်မကြီးခြင်းဖြစ်၏။ ထိုသို့အပြင်ပန်းစိတ်က အထင်မကြီးသော်လည်း အတွင်းစိတ်က အထင်ကြီးပြီးနှစ်သက်နေပြန်၏။ လက်တွေ့ပြအံ့။ ပုထုဇဉ်လူသားတိုင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျရသည်ကို အလွန်နှစ်သက်၏။ ထို့ကြောင့်ကမ္ဘာပေါ်တွင် ဈေးကြီးပေးရသောအိပ်ဆေးအမျိုးမျိုး အရောင်းသွက်နေခြင်းဖြစ်၏။

သေချာဆန်းစစ်ကြည့်လျှင် အိပ်မောကျနေချိန်၌ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိအာရုံခြောက်ပါးခံစားမှုတစ်ခုမှမရှိတော့ပေ။ ထိုသို့ဝေဒယိတသုခမရှိသော်လည်း ငြိမ်းအေးသော ချမ်းသာတစ်မျိုးကိုကား ခံစားနေရသည်သာဖြစ်၏။ အာရုံခြောက်ပါးမှ လွတ်နေသော လောကီချမ်းသာတစ်မျိုးဟု ဆိုရမည်ဖြစ်၏။

အိပ်ပျော်နေစဉ်၌ ခံစားရသောငြိမ်းအေးမှုအရသာလေးကို ပုထုဇဉ် လူသားများအဘယ်မျှလောက် မက်မောကြသနည်းဆိုလျှင် အိပ်မောကျနေသူတစ်ယောက်ကို မရမကနှိုးပြီး ကောင်းပေ့ဆိုသောအစားအစာများကို ကျွေးသော်လည်း ကျေးဇူးမတင်သည့်အပြင် အိပ်ရေးပျက်အောင်လုပ်သည်ဟုဆိုကာ စိတ်ဆိုးသွားသည်ကိုသာတွေ့ရလိမ့်မည်။

အိပ်ပျော်တာများကွာ စားရ၊ သောက်ရ၊ မြင်ရ၊ ကြားရ၊ ထိတွေ့ရတာလည်းမဟုတ်ဘဲနဲ့ ဘယ်လိုများကောင်းတာလဲဟု မေးလျှင်ကား နိုးလာသူသည် တိကျစွာဖြေဆိုတတ်မည် မဟုတ်ချေ။

http://www.dhammadownload.com



နှစ်ခြိုက်စွာအိပ်ပျော်ခြင်းသည် အလွန်ကောင်း၏။ ဤအချက်ကို အိပ်ပျော်သူတိုင်းသိ၏။ သို့သော် သူတစ်ပါးသဘောပေါက်အောင် ပြန်မပြောတတ်။

အဘယ်ကြောင့် ပြန်မပြောတတ်သနည်းဟု တွေးကြည့်လျှင် ခံစားနေကြ ကျန်လောကီအာရုံများထဲတွင် အိပ်မောကျခြင်းနှင့်တန်းတူလိုက်၍ ကောင်းသောအာရုံမျိုးမရှိသောကြောင့်ဟူသော အဖြေသည်ထွက်လာ၏။ လောကီထဲတွင်ပါဝင်သော အိပ်မောကျရသည့် ချမ်းသာသည်ပင်။

အာရုံခြောက်ပါးအရသာကိုခံစားသော ဝေဒယိတသုခ ထက်သာလွန်နေသေးရာ လောကချမ်းသာမှန်သမျှကို လွန်သွားသော နိဗ္ဗာန်၏ သန္တိသုခ အေးငြိမ်းသောချမ်းသာမှုက ဝေဒယိတသုခထက်သာလွန်ပုံကိုကားပြောဘွယ်ရာပင်မလိုတော့ပေ။

မိဖုရားကြီးတစ်ဦးသည် ကရဝိက်ငှက်၏တွန်ကျူးသံကို ကြားရသည်နှင့် ဘုရားရှင်၏အသံဆိုလျှင် ဤငှက်ထက်မို၍ သာယာမှာပဲဟု သဒ္ဓါစိတ်များဖြစ်ပေါ်လာ၏။ ထိုသဒ္ဓါတရားမှ လျှောက်၍ လက္ခဏာယာဉ်သုံးပါးသို့ ရောက်ပြီး သောတာပန်တည်သွား၏။ ထိုသို့သဒ္ဓါတရားကို အဦးမူ၍ သောတာပန်ဖြစ်သူများကို သဒ္ဓမုရ သောတာပန်ဟုခေါ်၏။

ဤမှုံစံ၌ ကရဝိက်ငှက်၏ အသံသာမှုသည် မြတ်စွာဘုရား၏ အသံနှင့်ကား တကယ်တူသည်မဟုတ်။ သို့သော် ဗုဒ္ဓအသံတော်၏ သာယာမှုကို တခြားမည်သည့်အသံနှင့်မျှ နှိုင်းယှဉ်စရာမရှိသဖြင့် လောက၌ အသံအသာဆုံးဟု သတ်မှတ်ထားသော ကရဝိက်ငှက်သံနှင့် နှိုင်းယှဉ်ရခြင်းဖြစ်၏။

http://www.dhammadownload.com



ယခုလည်း နိဗ္ဗာန်၏အေးငြိမ်းသောအရသာကို ပုထုဇဉ်များမှန်း ဆသိနိုင်ရန် တခြားနှိုင်းယှဉ်စရာမရှိသဖြင့် အိပ်ပျော်ပုံနှင့် နှိုင်းယှဉ်ခြင်းဖြစ်၏။ အမှန်တကယ်တွင်ကား နိဗ္ဗာန်၏ အရသာသည် အိပ်ပျော်ခြင်းအရသာထက် မနှိုင်းယှဉ်သာအောင်သာ လွန်မြင့်မြတ်လှပါ၏။

ထို့ကြောင့် ဘုရားပစ္စေကဗုဒ္ဓါနှင့် ရဟန္တာအရှင်မြတ်များသည် နိရောဓသမာပတ်ဝင်စားခြင်းဖြင့်သာ အချိန်ကို ကုန်လွန်စေကြ၏၊ နိရောဓသမာပတ်ဝင်စားခြင်းဆိုသည်မှာ နိဗ္ဗာန်၏ ငြိမ်းအေးသော အရသာကို ခံစားတော်မူကြခြင်းဖြစ်၏။

ဗုဒ္ဓလက်ထက်က ရဟန္တာအရှင်မြတ်များသည် ဆွမ်းခံတစ်ခါထွက်ပြီးလျှင် တစ်ဝက်ကိုဘုန်းပေးပြီး ကျန်တစ်ဝက်ကို နေခြောက်လှမ်းထားလိုက်ကာ နိရောဓသမာပတ်(၇)ရက် ဝင်စားသည်။ ဝင်စားချိန်အတွင်း စားခြင်း၊ သောက်ခြင်း၊ ယိုခြင်း၊ ပေါက်ခြင်းလုံးဝမရှိတော့သည့်ပြင် ထိုင်ခြင်းဣရိယာပုတ်မှပင် ပြင်ခြင်း၊ ပြောင်းခြင်းမရှိတော့ပေ။

ထိုအချိန်တွင် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များချုပ်သွားသဖြင့် ထွက်သက်ဝင်သက်ပင်မရှိတော့ပေ။ ထိုအချိန်သည် ငြိမ်းအေးသော နိဗ္ဗာန်၏အရသာကို ခံစားနေကြခြင်းဖြစ်၏။ လူ့ခန္ဓာသည်အစာမစားဘဲ (၇)ရက်ထက်ပိုနေ၍ မရသောကြောင့် (၇)ရက်စေ့လျှင် နိရောဓသမာပတ်မှထလာရသည်။

ပြီးလျှင်အခြောက်လှန်းထားသော ထမင်းခြောက်ကို ရေစိမ်ပြီးစားကာ ဒုတိယအကြိမ် နိရောဓသမာပတ်(၇)ရက် ဝင်စားပြန်၏။ ထို့ကြောင့် သန္တိမိကာရက သိက္ခာပုဒ် မပညတ်

http://www.dhammadownload.com



ခင်က ရဟန္တာများသည် (၁၄) ရက်မှ တစ်ကြိမ်သာဆွမ်းခံထွက်ကြသဖြင့် ဒါယကာ၊ ဒါယိကာမများမှာ ဒါန ကုသိုလ်ရမှု အင်မတန်နည်းပါးသွား၏။ ထို့ကြောင့်ဗုဒ္ဓက ဒါယကာ၊ ဒါယကာမများကုသိုလ်တိုးပွားရေးအချက်ကိုပါ ထည့်တွက်၍ ရဟန်းတော်များ ယာဝကာလိက (စားဘွယ်ခဲဘွယ်) ဘောဇဉ်များကို နောက်ရက်အတွက် သိမ်းထားလျှင် ပါစိတ်အာပါတ်သင့်စေ ဟူသော သန္နိဓိကာရက သိက္ခာပုဒ်ကို ပညတ်တော်မူခဲ့ခြင်း ဖြစ်၏။

ဉာဏ်ပညာကြီးမားတော်မူသော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်များသည် ့ ပုထုဇဉ်များအထင်ကြီးသည့် ကာမချမ်းသာ ဝေဒယိတသုခကို လုံးလုံးမခံစားဘဲ နိဗ္ဗာန်ချမ်းသာ၏ သန္တိသုခအငြိမ်းဓာတ်ကြီးကို မလှုပ်မယှက် မစားမသောက် မယိုမပေါက်ဘဲ (၇) ရက်တိတိ ဝင်စားတော်မူသည်ကို ထောက်သောအားဖြင့် ဝေဒယိတသုခထက် သန္တိသုခက မနှိုင်းသာအောင် သာလွန်ကောင်းမြတ်သည်မှာ ထင်ရှားလှ၏။

ဘုရားပစ္စေက ဗုဒ္ဓရဟန္တာများသည် သန္တိသုခကို(၇)ရက်(၁၆၈)နာရီတိတိ မလှုပ်မယှက် ခံစားနိုင်ကြသော်လည်း ပုထုဇဉ်များသည်ကား သူတို့အထင်ကြီးသည့် ဝေဒယိတသုခကို (၇)ရက်ဆက်တိုက်မဆိုထားနှင့် (၇)နာရီ ဆက်တိုက်ခံစားဖို့ပင် မလွယ်ကူလှပေ။ ကြာလာလျှင်ငြီးငွေ့လာသည်သာဖြစ်၏။

မည်မျှကောင်းသောဗွီဒီယိုကားဖြစ်ပါစေ သုံးနာရီကြာလောက်ထိုင် ကြည့်ရပြီဆိုလျှင်ပင် ညောင်းညာကိုက်ခဲလာတော့၏ ဇာတ်ကားတွင် စိတ်မဝင်စားတော့ချေ။ ကျန် အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတို့တွင်လည်း ထိုနည်းတူ (၇)နာရီကြာ

http://www.dhammadownload.com



အောင် မလှုပ်မယှက်ခံစားနိုင်ဖို့ဆိုသည်မှာ မလွယ်ကူလှပေ။ ဤအချက်ကိုထောက်သောအားဖြင့်လည်း သန္တိသုခသည် ဝေဒယိတသုခထက်သာလွန်ကြောင်း ထင်ရှား၏။

## လွတ်မြောက်မှုချမ်းသာ

လောကီနယ်ထဲတွင် အာရုံခြောက်ပါးခံစားမှုထက် သာလွန်သော ချမ်းသာတစ်မျိုးရှိသေး၏။ ထိုချမ်းသာကား လွတ်မြောက်မှုချမ်းသာဖြစ်၏။ ရောဂါများစွာတို့တွင် နူနာရောဂါကား ကြောက်စရာအကောင်းဆုံး၊ စက်ဆုပ်စရာအကောင်းဆုံးဖြစ်၏။ နူနာရောဂါသည်တစ်ယောက်သည် ဆရာကောင်းဆေးကောင်းနှင့် တွေ့ပြီး ရောဂါရှင်းရှင်းလင်းလင်း ပျောက်ကင်းသွား၏။ နူနာရောဂါမှ လွတ်မြောက်သွားခြင်းပင်ဖြစ်၏။

ထိုလွတ်မြောက်မှုချမ်းသာသည် ကာမဂုဏ်ချမ်းသာ ဝေဒယိတ သုခထက်များစွာသာလွန်ကြောင်း ရောဂါတစ်မျိုးမျိုး ပျောက်ကင်းဘူးသူတိုင်း လက်ခံမည်သာဖြစ်၏။ ၁၉၉၅ ဝန်းကျင်ခန့်က မြန်မာတစ်ပြည်လုံးနီးပါး ဝဲရောဂါစွဲခဲ့ကြ၏။ တင်ပါးတွေ၊ ပေါင်တွေ ကုတ်လို့မပြီးနိုင်အောင်ယား၏။ လက်ချောင်းများတွင် အရည်ကြည်ဖုများပေါက်၏။

နိုင်ငံခြားဆေး၊ မြန်မာတိုင်းရင်းဆေး၊ ဆေးမြီးတို မျိုးစုံလိမ်းသော်လည်း ပျောက်ကင်းခြင်းမရှိ၊ မိုးပြိုအများဆိုသော အတိုင်း ကျွန်ုပ်လည်း ထိုဝဲရောဂါစွဲ၏။ ညသန်းခေါင်ထထ ကုတ်ဖဲ့နေရသဖြင့် ကောင်းကောင်းမအိပ်ရသောညက များ၏။

http://www.dhammadownload.com



အလွန်စိတ်ဆင်းရဲရ၏။ ထိုရောဂါမှ ချက်ချင်းပျောက်ကောင်းလိုး၏။ ဗဟုသုတရှိသူတစ်ဦးက အကြံပေး၏။

"အရှင်ဘုရားတို့ ဒီရောဂါကပိုးက တစ်ဆင့်ကူးတာ၊ လိမ်းဆေးတစ်မျိုးလောက်နဲ့ အမြစ်ပြတ်မပျောက်ဘူး၊ ကျောင်းမှာ သံဃာဆယ်ပါးရောဂါဖြစ်နေရင် ဆယ်ပါးလုံး တစ်ပြိုင်တည်းကုမှ ပျောက်တယ်၊ ငါးပါးကကုပြီး ကျန်ငါးပါးကမကုဘူးဆိုရင် ပျောက်သွားတဲ့ကိုယ်တော်ငါးပါးဟာ ခဏပဲ။ မကုတဲ့ ကိုယ်တော်တွေဆီက ပြန်ကူးတာပဲ"

"အရေပြားပေါ်မှာ ဖြစ်တဲ့ရောဂါမို့ အရေပြားရောဂါလို့ခေါ်တယ်။ အနာကြီးရောဂါနဲ့ သွားမရောနဲ့မဆိုင်ဘူး။ အစိုးရအရေပြားကုဆေးရုံကို သွားပါ။ သွားတဲ့အခါ လိမ်းဆေးထည့်ရအောင် ပုလင်းလွတ်အလတ်စားတစ်လုံးလောက် ဆောင်သွားပါ တပည့်တော်တို့မိသားစုတောင် အရေပြားဆေးရုံမှာ သွားကုမှပဲ ဲဝရောဂါက အမြစ်ပြတ်ပျောက်သွားတယ်"

သူတို့၏ အကြံပေးချက်ကြောင့် ကျောင်းမှ သံဃာ(၇)ပါး ရန်ကုန်အရေပြားဆေးရုံသို့ ရောက်သွား၏။ ထိုအရေပြားဆေးရုံသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မျက်နှာချင်းဆိုင်ကာ လမ်းတစ်ဖက်မှာရှိ၏။ ဆေးရုံသို့ရောက်သောအခါ ဆရာဝန်ဆရာမများက သေချာစမ်းသပ်စစ်ဆေးပြီး ဆေးလည်း သုံးရက်ခန့်လာထိုးရန် ညွှန်ကြား၏။ သောက်ဆေး၊ လိမ်းဆေးပြည့်စုံအောင်ပေး၏။

ထိုတွင်လိမ်းဆေးလိမ်းနည်းမှာ အံ့ဩစရာကောင်းသလို ညွှန်ကြားချက်တစ်ခုမှာလည်း အတော်ထူးခြား၏။ လိမ်းဆေး လိမ်းရပုံကား ခေါင်းနှင့် မျက်နှာကိုချန်ထား၍ ကျန်တစ်ကိုယ်လုံး

http://www.dhammadownload.com



အနံ့လိမ်းရ၏။ ထူးခြားသော ညွှန်ကြားချက်ကား ထိုဆေး လိမ်းသောသုံးရက်အတွင်း လုံးဝရေမချိုးရဘဲ ထိုသက်န်းတစ်စုံ တည်းကိုသာ ဝတ်ထားရ၏။ တစ်ခြားသက်န်းမလဲရပေ။

ထိုသို့ ထိုးဆေး၊ သောက်ဆေး၊ လိမ်းဆေးတို့ကို စနစ် တကျလိုက်နာပြီး ပြုလုပ်လိုက်သည်နှင့် သုံးရက်ပြည့်သောအခါ တစ်ကျောင်းလုံးဝဲရောဂါ ရှင်းရှင်းလင်းလင်း ပျောက်ကင်းသွား၏။ ချမ်းသာလိုက်သည့်ဖြစ်ခြင်း။

အဘယ်ကဲ့သို့ ချမ်းသာသည်ဟုလည်း ပြောမပြတတ် သို့သော် မည်သည့်အာရုံခံစားမှုနှင့်မျှ မတူအောင်ချမ်းသာသည် ကား အမှန်ပင်ဖြစ်၏။ အမည်တပ်လျှင် ရောဂါမှလွတ်မြောက်မှု ချမ်းသာဟုသာ တပ်ရလိမ့်မည်။ အတိုကောက်မှတ်လျှင် လွတ် မြောက်မှုချမ်းသာပင်ဖြစ်၏။ နိဗ္ဗာန်၌ ယင်းလွတ်မြောက်မှု ချမ်းသာမျိုး ကေန်ရှိ၏။

နိဗ္ဗာန်ကို နိ+ဝါနဟု ပုဒ်ခွဲ၏။ ဝါနကား တဏှာ၊ နိကားကင်းခြင်း၊ နှစ်ခုပေါင်းလျှင် နိဗ္ဗာန်သည် တဏှာမှ ကင်းခြင်းဟု အဓိပ္ပါယ်ရ၏။ တဏှာကို ပဓာနနည်းအားဖြင့် ဆိုထားခြင်ဖြစ်၏။ ကျန်ကိလေသာအားလုံးကင်းခြင်းသာဖြစ်၏။ ဤနေရာ၌ လောဘခေါ် တဏှာကင်းသောကြောင့် ချမ်းသာပုံကို ရေးမည်။

တဏှာသည်ပူလောင်သော သတ္တိရှိ၏။ တဏှာနည်းနည်း ရှိလျှင် နည်းနည်းပူလောင်၏၊ တဏှာများများရှိလျှင် များများ ပူလောင်၏၊ ဆန့်ကျင်ဘက်အားဖြင့် တဏှာနည်းနည်းပါးသွားလျှင် နည်းနည်းချမ်းသာ၏၊ တဏှာ များများပါးသွားလျှင် များများ

http://www.dhammadownload.com



ချမ်းသာ၏၊ ထိုတဏှာ၏ နယ်ပယ်သည် ကျယ်ဝန်း၏၊ အနာဂါမ်ဖြစ်သည်အထိ ပြဟ္မာဘဝကို လိုချင်သော တဏှာ (ဘဝရာဂါနုသယ) ရှိသေး၏။

ရဟန္တာဖြစ်မှ တဏှာအမြစ်ပြတ်၏၊ ဗုဒ္ဓသည်တဏှာကို ပယ်စွန့်ရမည့်တရားဟု သိသာရန် သမုဒယသစ္စာအဖြစ်ဟော ထားခဲ့၏၊ ထိုတဏှာကိုပါးစေမည့် ပျောက်စေမည့် နည်းလမ်း သုံးသွယ်ကို ချပေးခဲ့၏၊ ယင်းတို့ကား

(၁) ဒါနပြုခြင်း

(၂) ဓုတင်ဆောက်တည်ခြင်း

(၃) မင်္ဂလေးပါးရအောင် ကြိုးစားခြင်းတို့ဖြစ်၏။ လှူဖွယ် ဝတ္ထုတစ်ခုခု ကိုလှူတော့မည်ဆိုလျှင် ထိုလှူဘွယ်ဝတ္ထုအပေါ်၌ တွယ်တာသောတဏှာကို သတ်ပြီးမှ လှူဒါန်းနိုင်၏။ ထို့ကြောင့် ဒါနပြုခြင်းသည် လောဘတဏှာကို တစ်ဖက်တစ်လမ်းမှ သေ အောင်သတ်နေခြင်းဟုသိအပ်၏။

ဓုတင်၏အဓိပ္ပာယ်ကား ကိလေသာကို ခါတွက်ခြင်းဖြစ်၏ ကိလေသာဆယ်ပါးတို့တွင် တဏှာကိုအဓိကထားပြီး ခါတွက် ဖယ်ရှားပေး၏၊ နမူနာပြအံ့၊ ပတ္တပိုဏ်ဓုတင်ဆောင်ပြီး ဟင်းထမင်း ရောကာ တစ်ခွက်တည်းနှင့် ပြီးအောင်စားလျှင် ဟင်းလေးငါး ခွက်မှာ ဖြစ်ပေါ်မည့် လောဘတဏှာလေးငါးမျိုးကို ဖြတ်ပြီးသား ဖြစ်သွား၏။ ထို့ကြောင့် တထပ်တည်းသာစားသော ဧကာသနိက် ဓုတင်ကိုဆောင်လိုက်မည်ဆိုလျှင် ဒုတိယတထပ်မှာဖြစ်မည့် လောဘတဏှာကိုဖြတ်ပြီးသား ဖြစ်သွား၏။

ထို့ကြောင့်ဝိပဿနာကို အားထုတ်နေကြသော ရဟန်း

http://www.dhammadownload.com



ရှင်လူအားလုံးသည် တဏှာမြန်မြန်ကုန်စေရန် မဂ်ဖိုလ်မြန်မြန်ရစေရန် ဓုတင်တစ်မျိုးမျိုးကို စွမ်းနိုင်သမျှ ဆောင်သင့်၏။ လယ်တီဆရာတော်ဘုရားကြီးကဆိုလျှင်

မဂ်ဖိုလ်ရလိုသူများသည် ဓုတင်တစ်မျိုးမျိုးကို စွမ်းနိုင်သမျှ ဆောင်သင့်သည်။ ဓုတင်ဆောင်ဖူးမှသာလျှင် မဂ်ဖိုလ်ကိုရသည်၊ ယခုဘဝ မဂ်ဖိုလ်ရသွားသူများသည် ဘဝတစ်ခုခုက ဓုတင်ဆောင်ဖူး သူများသာဖြစ်၏။

ဟု ရေးသားတော်မူခဲ့၏။ မဂ်လေးပါးတို့တွင် သောတာပတ္တိမဂ်ကိုရသည်နှင့်ကာမဘုံတွင် ဘဝများစွာကျင်လည်ရမည့် တဏှာကိုပယ်သတ်၏။ သကဒါဂါမိမဂ်ကို ရသည်နှင့် ကာမဂုဏ်ကို တပ်မက်သော တဏှာအကြမ်းစားကို ပယ်သတ်၏။ သို့သော် ကာမဂုဏ်ကို တပ်မက်သော တဏှာအနုစားကျန်နေသေး၏။ ထိုတဏှာအနုစားကို အနာဂါမိမဂ်ကပယ်သတ်၏။

သို့သော် ဗြဟ္မာဘဝကို တပ်မက်သောတဏှာ (ဘဝရာဂါနုသယ)ကျန်နေ၏၊ နောက်ဆုံးကျန်သော ထိုဘဝရာဂါ နုသယကို အရဟတ္တမဂ်ကပယ်သတ်၏၊ ဗုဒ္ဓကတဏှာကို အဘယ် ကြောင့် နည်းမျိုးစုံဖြင့်ပါးအောင် ကုန်အောင်ပယ်သတ်ခိုင်းရသနည်း။ တဏှာ၏ဆိုးကျိုး များပြားလွန်းသောကြောင့်ဟု ဆိုရမည်။

သက်ရှိကိုဖြစ်စေ၊ သက်မဲ့ကိုဖြစ်စေ စွဲလမ်းတပ်မက်သော တဏှာဖြင့်သေလျှင် ပြိတ္တာဘုံသို့ရောက်၏။ ထိုတဏှာသည် လူသား တို့သန္တာန်တွင် အဆမတန်များပြားစွာ ဖြစ်ပေါ်နေကြမည်ဆိုလျှင် ကမ္ဘာလောကကြီးတစ်ခုလုံး ဒုဗ္ဘိက္ခန္တရကပ်ခေါ် အငတ်ဘေးကြီးဆိုက် ရောက်မည်ဖြစ်၏။

http://www.dhammadownload.com



ထိုတဏှာလောဘသည် ထိုထက်အလွန်များပြားလာမည် ဆိုလျှင် ကမ္ဘာလောကကြီးတစ်ခုလုံး မီးလောင်ပြီးပျက်စီးရမည် ဖြစ်၏။ ထို့ကြောင့်ဗုဒ္ဓက တဏှာကုန်အောင်နည်းအမျိုးမျိုးဖြင့် ကြိုးစားအားထုတ်ခိုင်းခြင်းဖြစ်၏။ တဏှာလောဘမှ လွတ်မြောက်မှုချမ်းသာကို ပေါ်လွင်စေရန် လောကဥပမာတစ်ခုဖြင့်ပြအံ့။

ငွေချေးထားရာပြန်မရသဖြင့် လူတစ်ယောက်သည် အလွန် ပူလောင်နေ၏။ ငွေကြေးအပေါ်တပ်မက်သော လောဘက လောင်မြိုက်နေသောကြောင့် ဖြစ်၏။ သို့သော်မိမိကို တကယ်ဒုက္ခပေးနေသော လောဘကိုကား အပြစ်မြင်ရမှန်းမသိ၊ ချေးပြီး ပြန်မဆပ်သူကိုသာ အပြစ်မြင်နေ၏။ ပုထုဇဉ်များသည် ထိုကဲ့သို့ တရားခံ အရှာမှားကြသောကြောင့်လည်း သံသရာမှ မလွတ်နိုင် ကြခြင်းဖြစ်၏။

လောဘအပေါ်အကြောင်းပြု၍ ဒေါသပင်ကူးလာရာ တစ်ဖက်လူကို ထောင်ကျအောင်တရားစွဲရရင်ကောင်းမလား၊ ချောင်းမြောင်းသတ်ပစ်ရရင်ကောင်းမလားထိ စိတ်ကူး၏၊ အိပ်မရ စားမရဖြစ်နေ၏။ ထိုအချိန်မှာပင် နှိုင်းချိန်ဆင်ခြင်နိုင်သော **အတွေးတစ်ခုပေါ်လာ၏။**

ဒီလောက်ငွေလေးဆုံးသွားလို့ ငါ့မှာဘာမှဖြစ်သွားတာ မဟုတ်ဘူး၊ အမှုလုပ်ရင် ချေးထားတဲ့ငွေနဲ့ မကာမိအောင် ကုန်လိမ့် မယ်၊ လူသတ်မိလို့ထောင်ကျသွားရင်လည်း ငါ့ဘဝဟာ သုံးမရ တော့ဘူး၊ သူကလည်းပြန်ပေးနိုင်စွမ်းမရှိလို့ မပေးတာဘဲ၊ လိုအပ် နေတဲ့သူကို ပေးကမ်းရင် ကာလဒါနဖြစ်တယ်လို့ ဘုရားဟောထား တာပဲ။

http://www.dhammadownload.com



ကဲ ပြန်ပေးရင်လည်းယူမယ် ပြန်မပေးရင်လည်းလှူတယ်ကွာဟု စိတ်လျှော့ချလိုက်၏။ ထိုသို့စိတ်လျှော့ချလိုက်ခြင်းသည် ချေးထားသော ငွေအပေါ်ကို တပ်မက်နေသည့် တဏှာကို ပယ်သတ်လိုက်ခြင်း ပင်ဖြစ်၏။ ထိုသို့စိတ်လျှော့ချလိုက်သည်နှင့် လွတ်မြောက်အေးချမ်းသော ချမ်းသာတစ်ခုကို ခံစားလိုက်ရ၏။

အရပ်စကားဖြင့်သုံးလျှင် စိတ်သည်လေးလံထိုင်းမှိုင်းခြင်း မရှိတော့ဘဲ ပေါ့ဆင်းသွား၏။ ဤကားချေးထားသောငွေအပေါ် တပ်မက်သော လောဘမှ လွတ်မြောက်မှုချမ်းသာပင်ဖြစ်၏။ ယခုပုံစံနှင့် ခပ်ဆင်ဆင်ဖြစ်ရပ်မျိုးများကို လူတိုင်းတစ်မျိုးမဟုတ် တစ်မျိုး ကြုံဘူးကြမည်သာဖြစ်၏။

ဗဟိဒ္ဓပစ္စည်း ဝတ္ထု ငွေကြေး တပ်မက်သော တဏှာမှ လွတ်မြောက်ခြင်းသည်ပင်လျှင် ဤမျှလောက်ချမ်းသာ နေလျှင် အဇ္ဈတ္တခန္ဓာငါးပါးအပေါ် တပ်မက်သောလောဘမှ လွတ်မြောက်သော နိဗ္ဗာန်ချမ်းသာဆိုလျှင် အဘယ်ကဲ့သို့သော အရာနှင့်မျှ တိုင်းတာလို့မရအောင် ချမ်းသာမည်ဆိုသည်ကို မှန်းဆ၍သိနိုင်ပေ၏။ ထို့ကြောင့် ဗုဒ္ဓက

တဏှာယ ဇာယတေ သောကော၊
တဏှာယဇာယတေဘယံ။
တဏှာယ ဝိပ္ပမုတ္တဿ၊
နတ္ထိသောကော ကုတောဘယံ။
တဏှာကြောင့်သောကဖြစ်ရ၏၊
တဏှာကြောင့် ဘေးဖြစ်ရ၏၊
တဏှာမှကင်းလွတ်သောသူအား
သောကလည်းမရှိ၊ ဘေးလည်းမရှိ။

http://www.dhammadownload.com



ဟုဟောကြားတော်မူခြင်းဖြစ်၏။ ဤနေရာ၌ တဏှာမှ ကင်း လွတ်သောသူဟူသည် ရဟန္တာပင်ဖြစ်၏။ ရဟန္တာသည် စွဲလမ်းမှု တဏှာအားလုံးပယ်ဖြတ်နိုင်သောကြောင့် သောက အားလုံး ဘေးအားလုံးကင်းငြိမ်းပြီး နိဗ္ဗာန်ချမ်းသာကို အပြည့်အဝ ခံစားရခြင်းဖြစ်၏။

ကျွန်ုပ်တို့သည် စွဲလမ်းမှုအားလုံးမပယ်တော်စေကာမူ စွဲလမ်း မှုအနည်းငယ်ကိုပယ်ဖြတ်နိုင်လျှင်ပင် သောကအနည်းငယ် ဘေးအ နည်းငယ်ငြိမ်းပြီး နိဗ္ဗာန်ချမ်းသာအနည်းငယ်ကို ခံစားရမည်သာဖြစ် ၏။ ဒုတိယကမ္ဘာစစ်အတွင်းက ဟီရိုရှီးမားနှင့် နာဂါဆာကီတွင် အနုမြူ ဗုံးကြဲချခံရသောကြောင့် ဂျပန်လူမျိုးများ သိန်းနှင့်ချီပြီး သေသော်လည်း ထိုသတင်းကိုကြားရသော မြန်မာအများစုမှာ "ဟုတ်လား" နှင့် "ဩော်" ဟူသောစကားနှစ်မျိုးသာထွက်၏။

၁၃၃၃ ခုနှစ်က ဒလနှင့် ရန်ကုန်ကူးသော တိုးအေး သင်္ဘောနစ်၍ ခရီးသည်ရာဂဏန်းမျှသေသည့် သတင်းကို ကြားရသည်နှင့် မြန်မာများနှုတ်မှ "အို ..... ဖြစ်မှ ဖြစ်ရလေ" "ကံဆိုးလိုက်တာဗျာ"ဟူသော မချိတင်ကဲဝမ်းနည်း ပက်လက် ဖြစ်သည့် အသံများထွက်ပေါ်လာခဲ့၏။

အနုမြူဗုံးဒဏ်ကြောင့် ဂျပန်လူမျိုးများ သိန်းနှင့်ချီ၍ သေစဉ်က သောကမဖြစ်ဘဲ တိုးအေးသင်္ဘောနစ်စဉ်က ရာဂဏန်း မျှသေသော မြန်မာများကျမှ သောကဖြစ်ရသည်မှာ အဘယ် ကြောင့်နည်းဟု ဆန်းစစ်ကြည့်လျှင် အစွဲအလမ်းတဏှာရှိသော ကြောင့်ဆိုသည်မှာ ထင်ရှားလှ၏။

ထို့ကြောင့်လည်း အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌

http://www.dhammadownload.com



"ဝါနတော တဏှာယ နိက္ခန္တတ္တာနိဗ္ဗာနန္တိ ပဝုစ္စတိ"

ဝါနဟုဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သော ကြောင့် နိဗ္ဗာန်ဟူ၍ ဖွင့်ပြခြင်းဖြစ်၏။

နိဂုံးချုပ်အနေဖြင့် အရေးတကြီးမှာလိုသည်မှာ နိဗ္ဗာန်ဟူသည် ဘာမျှမရှိသော အဘာဝပညတ်နတ္ထိဘော ပညတ်မျိုး မဟုတ်။

တကယ့်အရှိတရားပရမတ်မျိုးသာ ဖြစ်၏။ လောကတွင် တကယ့်အရှိတရား ပရမတ်ကားလေးမျိုးသာရှိ၏ ယင်းတို့ကား

**စိတ်** = အာရုံကိုသိတတ်သော သဘောတရား

**စေတသိက်** = စိတ်ကိုမှီ၍ဖြစ်တတ်သော သဘော တရား။

**ရုပ်** = ဖောက်ပြန်တတ်သော သဘောတရား

**နိဗ္ဗာန်** = အိုနာသေကင်း၍ ငြိမ်းအေးသော သဘောတရား တို့ပင်ဖြစ်၏။

စိတ်၊ စေတသိက်၊ ရုပ်ဟူသော ရှေးပရမတ္ထတရား သုံးပါးထင်ရှားရှိသကဲ့သို့ နိဗ္ဗာန်သည်လည်းထင်ရှားရှိသော သဘောတရားပင်ဖြစ်၏။ ထေရာပဒါန်ပါဠိတော်မြန်မာပြန် ပထမတွဲ စာမျက်နှာ(၁)မှ (၉)ထိကို စာရှုသူကိုယ်တိုင် သေသေချာချာ ဖတ်ကြည့်စေချင်၏။

ဘုရားအလောင်းသည် တိလောကအမည်ရှိသော စကြာမင်းကြီးဖြစ်တော်မူစဉ်အခါက မြေပြင်မှ ကောင်းကင်ရောက် သည်အထိ ကျယ်ပြန့်ကြီးမားမြင့်ထည်သော ကျောင်းတော်ကြီးကို တန်ခိုးဖြင့်တည်ဆောက်၏၊ ထို့နောက် ခုတင်၊ မွေ့ယာ၊ ခေါင်းအုံး၊

http://www.dhammadownload.com



လိုက်ကာအစုံအလင်ပါသော အခန်းများကို ဘုရားရှင်များ သီတင်းသုံးဖို့အခန်း၊ ပစ္စေကဗုဒ္ဓါများသီတင်းသုံးနေဖို့အခန်း၊ ရဟန္တာများ သီတင်းသုံးနေဖို့အခန်းဟု သုံးမျိုးသုံးစားခွဲ၍ အခန်းပေါင်း မရေမတွက်နိုင်အောင် များစွာဖွဲ့စည်းထား၏၊ အားလုံးပြီးလျှင် နိဗ္ဗာန်သို့ စံဝင်နေကြကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာများအားလုံးတို့ ဤကျောင်းတော်ကြီးပေါ်သို့ ကြွရောက်သီတင်းသုံး အပူဇော်ခံရန် အဓိဋ္ဌာန်ဖြင့်ပင့်ဆောင်၏။

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာများသည့် လူ့ဘဝက ပုံသဏ္ဍာန်အတိုင်း ဖန်ဆင်းပြီး တိလောကစကြာမင်း၏ ကုသိုလ်တော်ကျောင်းကြီးပေါ်သို့ ကြွရောက်သတင်းသုံး အပူဇော်ခံတော်မူကြကြောင်း ဗုဒ္ဓကိုယ်တိုင်ဟောကြားတော်မူခဲ့၏။ ထို့ကြောင့် နိဗ္ဗာန်ဟူသည် ပရမတ္ထအားဖြင့် ထင်ထင်ရှားရှားရှိကြောင်း ရဲဝံ့စွာမှတ်သား အပ်ပါ၏။

နိဗ္ဗာန်ကိုဘာမရှိဟု
စာမကြည့်ဖျန်းကာ
ပါဠိနှင့်ကျမ်းအလာကို
ရမ်းကာသာဖယ်ရှား
အဘာဝယူပြန်လျှင်
မူမမှန်စွဲချက်ကမှား
ယမကသုတ်အလာကို
ဥစ္ဆေဒါဖြစ်ငြား
မာန်တံခွန်ထောင်လွှားပါလို့
ငါတကားငြင်းရှာ

http://www.dhammadownload.com



ဘယ်ကျမ်းဂန်ဘယ်လိုဟောသော်လည်း
သူ့သဘောရွေးမှုမပါ
နိဗ္ဗာန်မြို့ပြည်အောင်ခြာမှာ
စိန္တေယျာဂုဏ်ရှိဖို့
မယုံသည့်သူ့ကိုပင်
ဟောဖို့မမြင်
လေမီးခိုးတကယ်ထင်လျှင်
အပါယ်တွင်နစ်အုံးတော့လေး။

မှတ်ချက်။ ဗုဒ္ဓလက်ထက်က ယမကအမည်ရှိ ရဟန်းတစ်ပါးသည် ယခုခေတ်ဗုဒ္ဓဘာသာဝင် အချို့ကဲ့သို့ နိဗ္ဗာန်ဟူသည် ဘာမျှမရှိသော လေလိုမီးခိုးလိုသဘောမျိုးဟု စွပ်စွဲပြောဆို၏။ ထိုသို့နိဗ္ဗာန်ကို မဟုတ်မမှန်စွပ်စွဲ ပြောဆိုသော အယူဝါဒနှင့်သေပါက ယမကရဟန်းသည် အပါယ်လေးပါးသို့ ကျရောက်မည်ဖြစ်၏။

ထို့ကြောင့်အရှင်သာရိပုတ္တရာက ယမက ရဟန်းကိုခေါ်ယူကာ နိဗ္ဗာန်သည်ဘာမျှမရှိသော တရားမဟုတ် ထင်ရှားရှိသော တရားဖြစ်ကြောင်း ရှင်းပြသောအခါတွင်မှ ယမကရဟန်းသည် ဥစ္ဆေဒဝါဒမှ လွတ်ကာသောတာပန်တည်သွား၏။ ဤသည်ကိုရည်ရွယ်၍ လင်္ကာ၌ယမကသုတ်အလာကို၊ ဥစ္ဆေဒဖြစ် ငြားဟုစပ်ထားခြင်းဖြစ်၏။ ယမကရဟန်းကို အကြောင်းပြုဟောသောသုတ်ဖြစ်၍ ယမကသုတ်ဟုခေါ်၏။

http://www.dhammadownload.com

# အခန်း (၂၆)

## စိတ်တစ်ပါးသိလျှင် နိဗ္ဗာန်ဝင်

နုပ် ကဲအရေးတကြီးသိသင့်တဲ့ ဘဝကူးမှုနဲ့ပတ်သက်ရင် သသတဒိဋ္ဌိဖြစ်ပုံ ပယ်ပုံ၊ နိဗ္ဗာန်နဲ့ပတ်သက်ရင် ဥစ္ဆေဒ ဒိဋ္ဌိ ဖြစ်ပုံ ဖြုတ်ပုံတွေကို အကျယ်ပြပြီးသွားတော့ အခု အလှည့်ပြန်ရောက်လာတာက ရုပ်စိတ်ရှစ်ပါးကို အတုံး အလုံးအခဲအမှုန်အမွှားတွေ ပျောက်သွားပြီး သဘော တရားဆိုက်အောင် အကျယ်ရှင်းဖို့ပဲ။

ဒီစိတ်ရှစ်ပါးမှာလည်း ပထဝီစိတ်တစ်လုံးကို အကျယ်ရှင်းလိုက်ရင် ကျန်စိတ်(၇)ပါးက အလိုလို သဘောပေါက်သွားတာပါ။ ဒါကြောင့် ပထဝီစိတ် တစ်လုံးကိုပဲ အကျယ်ရှင်းမယ်။ ဒီစိတ်တစ်လုံးကို ပိုင်ပိုင် နိုင်နိုင်သိသွားရင် ဘယ်လောက်ထိ အကျိုးကြီး တယ်ဆို တာကိုလည်း ဘုရားဟောအတိုင်း ထုတ်ပြဦးမယ်။

http://www.dhammadownload.com



ပထဝီဓာတုယာဝါ၊ အာပေါဓာတုယာဝါ၊
တေဇောဓာတုယာဝါ၊ ဝါယောဓာတုယာဝါ
တေနေဝဓမ္မေအဝစ္စပသာဒေန သမန္နာဂတော
အရိယသာဝကော နိရယံဝါတိရစ္ဆာနယောနိံဝါ
ပေတ္တိဝိသယံဝါနဥပပဇ္ဇိဿတိ
(အင်္ဂုတ္တိုရ်ပါဠိတော်)

ပထဝီဓာတ်ကိုသော်လည်းကောင်း၊ အာပေါဓာတ်ကိုသော်လည်းကောင်း၊ တေဇောဓာတ်ကိုသော်လည်းကောင်း၊ ဝါယောဓာတ်ကိုသော်လည်းကောင်း၊ ထိုဓာတ်တို့အပေါ်၌ အမှန်အမှားပညတ်ပျောက်၍ သဘောတရားမျှပါလား ဟူသောယုံကြည်ခြင်းသဒ္ဓါနှင့် ပြည့်စုံသော အရိယာ၏ တပည့်သည်ငရဲသို့သော်လည်းကောင်း တိရစ္ဆာန်ဘုံသို့သော်လည်းကောင်း၊ ပြိတ္တာဘုံသို့သော်လည်းကောင်း မကျရောက်နိုင်တော့။

ဒါကအင်္ဂုတ္တိုရ်မှာ ဟောထားတာပါ၊ ဒီဓာတ်တွေကို သဘောတရားဆိုက်အောင် ယုံကြည်စွာသိသွားရင် သောတာပန်တည်ပြီး အပါယ်တံခါးပိတ်တယ်လို့ ဟောတော်မူတာပဲ။ မူလပဏ္ဏာသအဋ္ဌကထာမှာ ဖွင့်ပြတာကပိုအားရစရာကောင်းတယ်။

"သာဝကာဟိ စတုန္နံဓာတူနံ ကေဒေသမေဝ
သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ။"

သာဝကတို့သည် ဓာတ်ကြီးလေးပါးတို့တွင် တစ်ပါး

http://www.dhammadownload.com



ပါးကို သဘောတရားဆိုက်အောင် သုံးသပ် ဆင်ခြင်နိုင်လျှင် နိဗ္ဗာန်သို့ရောက်နိုင်၏တဲ့။ ဓာတ်ကြီးလေးပါး တစ်ပါးပါးကို သဘောတရား ဆိုက်အောင်သိသွားရင် ရဟန္တာထိအောင်ဖြစ်သွား နိုင်တယ်လို့ ပြောတာပါပဲ။

သန်း ဒီလိုဆိုတော့လဲ နာယူရမှာအားရစရာကောင်း လိုက်တာ ဘုရား။

နုပ် အေးအဲဒါဆိုရင် သေသေချာချာနာယူပေတော့။ ပထမ ဆုံးပြရမယ့်ရုပ်ဓာတ်က ပထဝီဓာတ်ပဲ။ အရင်တုန်းက ပထဝီဆိုရင် မင်းတို့စိတ်ထဲမှာ မြေကြီးဆိုတာလောက်ပဲ သိထားတယ်။ ပထဝီဓာတ်ကို မြေကြီးလို့သိရုံလောက်နဲ့ တော့ မဂ်ဖိုလ်မရနိုင်သေးဘူး။ ပထမတစ်ဆင့်မြှင့်ပြီးတော့ ပထဝီကို အဓိပ္ပာယ်ဖော်ကြရအောင်

ဒီအောက်ကမြေကြီးကိုလည်း ပထဝီလို့ခေါ်တယ်။ ဘာဖြစ်လို့ ပထဝီလို့ခေါ်သလဲဆိုတော့ သက်ရှိ သက်မဲ့အားလုံးရဲ့တည်ရာ မှီရာဖြစ်လို့ ပထဝီဓာတ်လို့ ခေါ်တာပဲ၊ ထို့အတူ တို့အခုပြောမယ့် ပထဝီဓာတ်ဟာလဲ ကြွင်းသောရုပ်ဓာတ်(၂၇)ပါးရဲ့ တည်ရာမှီရာဖြစ်လို့ အမှီခံ ရတာခြင်းတူတဲ့အတွက်ကြောင့် ပထဝီဓာတ်လို့ပဲ ခေါ် လိုက်တာပါ။

သက်ရှိကိုဖြစ်စေ၊ သက်မဲ့ကိုဖြစ်စေ အရာဝတ္ထု တစ်ခုခုကို တို့ကြည့် ထိကြည့်လိုက်တာနဲ့

http://www.dhammadownload.com



မာတဲ့သဘော
ပျော့တဲ့သဘော
နူးညံ့တဲ့သဘော
အိတဲ့သဘော
မွတ်နေတဲ့သဘော
ကြမ်းတဲ့သဘော

တစ်ခုခုကိုတွေ့ရမှာပဲ၊ အဲဒါ ပထဝီဓာတ်ရဲ့ လက္ခဏာတွေပါပဲ၊ အကျဉ်းချုပ်လိုက်ရင် မာတဲ့သဘောနဲ့ ပျော့တဲ့သဘောနှစ်ခုထဲ အကုန်ဝင်သွားတယ်။ မာတာကို စာပေမှာ ကက္ခဠလက္ခဏာလို့သုံးတယ်၊ ပျော့တာနူးညံ့တာကို မုဒုလက္ခဏာလို့သုံးတယ်။ ပထဝီဓာတ်ဖြစ်တဲ့ မာသဘော မျော့သဘောလေးသာ သဘောအားဖြင့် ထင်ရှားရှိပြီး ပညတ်တွေက တကယ်မရှိပုံကို လက်တွေ့စစ်ကြည့်ရအောင်။

ဟောဒီမှာ ရေသောက်တဲ့ကြေးဖလားလေး တစ်လုံး မင်းလက်နဲ့ တို့ထိကြည့်လိုက်စမ်း ဘာသဘောတွေ့သလဲ''

သန်း  မာတဲ့သဘောလေးတွေ့တယ်ဘုရား။

နုပ်  အဲသလိုတွေ့ရတဲ့မာသဘောလေးဟာ ကြေးဖလားမှာရှိတာလား၊ ပထဝီဓာတ်မှာရှိတာလားဆိုတာကို မေးခွန်းထုတ်ရမယ်။ ပရမတ်မသိ ဓာတ်မသိတဲ့ ပုထုဇဉ်တွေကတော့ ကြေးဖလားကမာတာ မာတဲ့သဘောဟာ ကြေးဖလာမှာရှိတာလို့ ဖြေကြလိမ့်မယ်၊ ပရမတ်တွေ

http://www.dhammadownload.com



ခါတ်တွေကိုသိထားတဲ့ ကလျာဏပုထုဇဉ်ကတော့ မာတဲ့ သဘောဟာ ပထဝီဓာတ်မှာရှိတာ ပထဝီဓာတ်က မာတာ လို့ဖြေကြလိမ့်မယ်။

အဖြေဟာနှစ်ခုဖြစ်နေတော့ အမှားအမှန်ကို စာတွေ့ငါတွေ့စစ်ကြည့်ကြရမယ်၊ ပထမဆုံး စာတွေ့စစ်ကြည့်မယ်၊ မင်းနာကြားထားဘူးတဲ့စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ တကယ့်အရှိတရား ပရမတ်လေးပါး ထဲမှာ ကြေးဖလားဆိုတာပါလား။

သန်း မပါဘူးဘုရား

နုပ် မပါရင် ကြေးဖလားဆိုတာ ပရမတ်လား ပညတ် လား

သန်း ပညတ်ပါဘုရား။

နုပ် ပညတ်ဆိုရင် ရှိတဲ့တရားလား မရှိတဲ့တရားလား။

သန်း မရှိတဲ့တရားပါဘုရား။

နုပ် ဒါဆိုရင် မာတဲ့သဘောဟာ ကြေးဖလားမှာ ရှိတာမဖြစ်နိုင်တော့ဘူး၊ ကြေးဖလားဆိုတာ ပင်ကိုယ်ကရှိမှမရှိဘဲကိုး၊ ဒီတော့မာတဲ့သဘောဟာ ပထဝီဓာတ်မှာသာရှိတယ်၊ ပထဝီဓာတ်ကသာမာတာဆိုတဲ့ အဖြေထွက်လာတယ်၊ ဒါကစာတွေ့စစ်လိုက်တာပါ၊ အန္ဓပုထုဇဉ်တွေအတွက်ကျ ဒီလောက်နဲ့မရတော့ဘူး၊ သူတို့က ဆက်ငြင်းနေမှာပဲ အလျှော့ပေးမှာမဟုတ်ဘူး။

ကြေးဖလားကိုကိုင်ကြည့်လို့ မာမှတော့ ကြေးဖလားက မာမှာပေါ့။ ဘယ်သူက မာရမှာလဲဆိုပြီး အကြောက်အကန်ငြင်းလိမ့်မယ်၊ သူတို့ငြင်းတာလဲ အဆိုး

http://www.dhammadownload.com



မဆိုသာဘူး၊ သူတို့ဘဝသံသရာတစ် လျှောက်လုံး ရုပ်၊ နာမ်၊ ပရမတ်ဆိုတာတွေကို တစ်ကြိမ်မှ ကြားဖူးခဲ့တာ မဟုတ်ဘူး။ ဒီတော့အသိမှားမှုအဝိဇ္ဇာဓာတ်က သူတို့ကို ဖုံးချင်တိုင်းဖုံးထားတယ်။

အဝိဇ္ဇာဖုံးထားတာခံရတော့ ဝိညာဏက္ခန္ဓာလိမ် သမျှ ခံရတော့တာပေါ့၊ သိစိတ်ဝိညာဉ်က အန္ဓပုထုဇဉ်ကို လိမ်ပုံအကြောင်း ခန္ဓာငါးပါးအခန်းကျမှ သေချာနား ထောင်ကြတာပေါ့။

လက်တွေ့စစ်ကြည့်တော့မယ်ဆိုတော့ အန္ဓ ပုထုဇဉ်ကို စကားတစ်ခွန်းတော့ ကြိုပြောထားရမယ်။ အန္ဓပုထုဇဉ် အသင်ထင်သလို ကြေးဖလားကသာ မာရိုး မှန်ရင် ကြေးဖလားပျောက်ရင် မာတာပျောက်ရမယ်။ ဒီစကားကို လက်ခံသလားဆိုတော့ သူက လက်ခံပါတယ် တဲ့၊ သူလက်ခံတယ်ဆိုကြေးဖလားကို ဖျောက်ကြစို့။ ဒီကြေးဖလားကို ပေပေါ်တင်ပြီးပေါင်တူနဲ့ အချက်များစွာ ထုကြွာ ကြာတော့ဘာဖြစ်သွားမလဲ။

သန်း ကြေးပြားဖြစ်သွားမယ်ဘုရား။

နုပ် ဟုတ်ပြီ။ ဒါဆိုရင် ကြေးဖလားမရှိတော့ဘူး ကြေးပြားပဲ ရှိတော့တယ်၊ ကြေးဖလားပျောက်သွားပြီပေါ့ ဟုတ်လား။

သန်း မှန်ပါပျောက်သွားပြီဘုရား။

နုပ် အန္ဓပုထုဇဉ်ကတော့ ကြေးဖလားပျောက်ရင် မာတာ ပျောက်ရမယ်လို့ ဝန်ခံထားတယ်၊ ကဲမာတာပျောက် မပျောက် သိရအောင် ကြေးပြားကိုစမ်းကြည့်လိုက်စမ်း။

http://www.dhammadownload.com



ဘာသဘောတွေ့သလဲ။

သန်း  မာတဲ့သဘောလေးတွေ့တယ်ဘုရား။

နုပ်  မာတဲ့သဘောကပျောက်မသွားဘူးပေါ့။

သန်း  မှန်ပါပျောက်မသွားပါဘုရား။

နုပ်  ကြေးဖလားကသာ မာရိုးမှန်ရင် ကြေးဖလား ပျောက်ရင် မာတာပျောက်ရမယ်၊ အခုကြေးဖလားတော့ ပျောက်သွားတယ်။ မာတာကမပျောက်ဘူးဆိုတော့ ကြေးဖလားက မာတာဖြစ် နိုင်ပါဦးမလား။

သန်း  မဖြစ်နိုင်တော့ဘူးဘုရား။

နုပ်  ဒါဆိုရင်ဘယ်သူကမာတာပါလိမ့်။

သန်း  ပထဝီဓာတ်က မာတာပါဘုရား။

နုပ်  အဲဒါကိုယ့်ဉာဏ်ထဲမှာ ရှင်းကနဲ လင်းကနဲနေအောင် သိသွားတဲ့ ကိုယ်တွေ့တရားပဲ၊ ကြည့်စမ်းမာသဘော ပထဝီဓာတ်ကို မမြင်အောင် ကြေးဖလားဆိုတဲ့ ပညတ်ကြီး ကဖုံးနေတာ၊ အန္ဓပုထုဇဉ်တွေအထင်မှား အမြင်မှား ဖြစ်မယ်ဆိုလည်း ဖြစ်ချင်စရာပဲကွ။ ဘာဖြစ်လို့လည်း ဆိုတော့ တကယ်မရှိတဲ့ကြေးဖလားဆိုတဲ့ ပညတ်က မံသ = အသားမျက်စေ့နဲ့ အခုကြည့် အခုမြင်ရတာ ကိုးကွ။

မာသဘောဆိုတဲ့ ပရမတ်ပထဝီဓာတ်ကိုတော့ အသားမျက်စေ့နဲ့ မမြင်နိုင်ဘူးလေ။ ဝိပဿနာဉာဏ် မျက်စေ့နဲ့မှ မြင်ရတာကိုး။ ဝိပဿနာဉာဏ် ပရမတ်ဉာဏ် ဆိုတာကလဲ ဘုရားတစ်ဆူပွင့်မှ တစ်ခါသာရနိုင်တာ။

http://www.dhammadownload.com



ဒါကြောင့် မင်းလဲဒီပရမတ်ဉာဏ်လေးတော့ မရ ရအောင် ယူပါ။

သန်း ရအောင်ယူမှာပါဘုရား။

နုပ် မြတ်စွာဘုရားက ခတ်တွေပရမတ်တွေ၊ ရုပ်နာမ်တွေ ခွဲခြားမသိသူကို အန္ဓ = အကန်းပုထုဇဉ်လို့ခေါ်တာ တကယ် မှန်ကြောင်းဒီနေရာမှာ လာပေါ်တယ်၊ အခု ကြည့်စမ်း ကြေးဖလားကို အန္ဓပုထုဇဉ်ကလည်း ကိုင် ကြည့်တယ်၊ ကလျာဏပုထုဇဉ်ကလည်း ကိုင်ကြည့်တယ်။ ဒါပေမယ့် မာသဘောပထဝီခတ်ကို အန္ဓပုထုဇဉ်က မြင်ရဲ့လား။

သန်း မမြင်ဘူးဘုရား။

နုပ် အေး– အဲဒါပရမတ်ဉာဏ်အမြင်ကန်းနေလို့ပဲ ဒါကြောင့် ဘုရားက အန္ဓပုထုဇဉ်လို့ခေါ်တာ၊ ရှင်းပြီလား။

သန်း ရှင်းပါပြီဘုရား။

နုပ် အခုကြေးပြားဖြစ်သွားဖြစ်သွားပြန်ပြီ၊ ဒီကြေးပြားကို ကိုင်ကြည့်တော့လည်း မာတဲ့သဘောလေးတွေ့ပြန်ပြီ ဒီတစ်ခါလည်းမေးဦး ဘယ်သူကမာတာလဲလို့ အန္ဓပုထုဇဉ် ကတော့ ကြေးပြားကမာတာပေါ့လို့ ဖြေဦးမှာပဲ။ ပထဝီခတ်ကမာတာလို့ ဘယ်တော့မှ သိမှာမဟုတ်ဘူး။ ဒါဆိုရင် စောစောကစကားနဲ့ ပြန်ကိုင်ရမယ်။

ကြေးပြားကသာ မာရိုးမှန်ရင် ကြေးပြား ပျောက် ရင် မာတာပျောက်ရမယ်ဆိုတာကို လက်ခံရမယ်ဆို တော့ သူကလက်ခံပြန်တယ်။ ဒါဆိုရင်ကြေးပြားကို

http://www.dhammadownload.com



ဖျောက်ကြဦးစို့၊ ကြေးပြားကို ထုရိုက်ဖဲ့ရွဲ့ပြီး လုံထဲထည့်ကြိုကွာ၊ အရည်ဖြစ်သွားတော့ ပုံစံခွက်တစ်ခုထဲ လောင်းထည့်လိုက်ရင် ကြေးခဲလေးဖြစ်မသွားဘူးလား

သန်း ဖြစ်သွားပါပြီ။

နုပ် ကိုင်း ကြေးပြားတော့ ပျောက်သွားပြီ အန္တပုထုဇဉ် ထင်သလို မာသဘောပျောက်မပျောက်သိရအောင် စမ်းကြည့်လိုက်စမ်းပါ။

သန်း မပျောက်ပါဘူး၊ မာတဲ့သဘောရှိနေတယ်ဘုရား။

နုပ် ကြေးပြားကသာမာရိုးမှန်ရင် ကြေးပြားပျောက်ရင် မာသဘောပျောက်ရမယ်၊ အခုကြေးပြားတော့ ပျောက်သွားတယ်။ မာသဘောမပျောက်ဘူးဆိုတော့ ကြေးပြားက မာတာဟုတ်ပါဦးမလား။

သန်း မဟုတ်တော့ပါဘူးဘုရား။

နုပ် ဒါဆိုရင်ဘယ်သူကမာတာလဲ။

သန်း ပထဝီဓာတ်ကမာတာပါဘုရား။

နုပ် အေး– ဉာဏ်အမြင်ကန်းတဲ့ ပုထုဇဉ်ကတော့ အလျှော့ပေးမှာမဟုတ်ဘူး။ ဒါလည်းကြေးခဲကမာတာလာဦးမှာပဲ။ ပရမတ်ကိုမမြင်အောင်ဖုံးကွယ်ထားတဲ့ ပညတ်ဆိုတာက အမျိုးအမည် မရေတွက်နိုင်လောက်အောင်များတာကလား။ အခုပဲကြည့်ပါလား၊ ကြေးဖလားကနေကြေးပြား၊ ကြေးပြားကနေ ကြေးခဲဖြစ်လာပြန်ပြီ၊ ဒါလည်းကြေးခဲက မာတာ ပထဝီဓာတ်ကမာတာ မဟုတ်ဘူးလို့ ဆက်ငြင်းနေရင် စောစောကစကားကိုပဲ ပြန်ကိုင်ပေါ့။

http://www.dhammadownload.com



ကြေးခဲကသာမာရိုးမှန်ရင် ကြေးခဲပျောက်ရင်မာသဘောပျောက်ရမယ်ပေါ့၊ သူကဝန်ခံတယ်ဆိုရင် အဲဒီကြေးခဲကို လုံကြီးကြီးထဲထည့်၊ ပြာဖြစ်သွားစေမယ့် အဂ္ဂိရပ်ဆိုင်ရာ ဓာတ်တစ်မျိုးထည့်ပြီး ဖိုထိုးကွာ။ ကြာတော့ ကြေးခဲကနေ ပြာဖြစ်မသွားဘူးလား။

သန်း ဖြစ်သွားပါပြီ။

နုပ် ကဲ ကြေးခဲဆိုတဲ့ ပညတ်တော့ပျောက်သွားပြန်ပြီ မာသဘောဆိုတဲ့ ပထဝီဓာတ်ပျောက်မပျောက် သွားစမ်းကြည့်တော့ နူးညံ့တဲ့ပျော့တဲ့သဘောလေး မတွေ့ဘူးလား

သန်း တွေ့ပါတယ်ဘုရား။

နုပ် အဲဒါလည်း ပထဝီဓာတ်ပါပဲ၊ မာတာတွေ့တွေ့၊ ပျော့တာတွေ့တွေ့၊ နူးညံ့တာတွေ့တွေ့ ပထဝီဓာတ်သာဖြစ်ကြောင်း စကတည်းကရှင်းပြထားပြီးသားပါ။ ဒီတော့ ကြေးခဲသာပျောက်သွားတာ၊ နူးညံ့တဲ့ ပထဝီဓာတ်က မပျောက်ဘူး။ ဒါကိုထောက်သောအားဖြင့် ကြေးခဲက မာတာပျော့တာမဟုတ်၊ ပထဝီဓာတ်ကမာတာပျော့တာဆိုတာထင်ရှားနေပါတယ်။

နောက်ဆုံးဒီပြာတွေကို မြေကျင်းထဲတူးမြှုပ်ထားပြီး သုံးလေးနှစ်ရှိမှ သွားဖော်ကြည့်ရင် ပြာဆိုတာမရှိတော့ပါဘူး။ မြေကြီးနဲ့ တစ်သားတည်းဖြစ်နေပါပြီ၊ ဒီမြေကြီးကို ယူပြီးတို့ကြည့် ထိကြည့် စမ်းကြည့်ရင် မာတဲ့သဘော၊ ပျော့တဲ့သဘော ပထဝီဓာတ်ကို တွေ့ရဦးမှာပဲ။ ခုပြောတာတွေကို ပြန်ချုပ်ကြည့်လိုက်ရင်

http://www.dhammadownload.com



ကြေးဖလား ပညတ်မရှိတရား– မာသဘောပရမတ်ရှိတရား
ကြေးပြား ပညတ်မရှိတရား– မာသဘောပရမတ်ရှိတရား
ကြေးခဲ ပညတ်မရှိတရား– မာသဘောပရမတ်ရှိတရား
ပြာ ပညတ်မရှိတရား– နူးညံ့သဘော ပရမတ်ရှိတရား
မြေကြီးပညတ်မရှိတရား မာသဘောပျော့သဘော
ပရမတ်ရှိတရားလို့ဖြစ်လာတယ်။ ပထဝီဓာတ် မာသဘော
လေးသာ အပြည့်ရှိပြီး ကြေးဖလားဆိုတဲ့ ပညတ်မရှိပုံကို
လက်တွေ့ ထပ်ကြည့်ရအောင်၊ ကြေးဖလားတစ်ခုလုံး
နေရာအလွတ်မကျန်အောင် လျှောက်ကိုင်ကြည့်ကွာ၊
မာသဘောလွတ်တဲ့ နေရာရှိမလားလို့။

သန်း မာသဘောလွတ်တဲ့နေရာမရှိဘူးဘုရား။ တစ်ခွက်လုံး ဘယ်နေရာစမ်းစမ်း မာတဲ့သဘောချည်းပဲ တွေ့ရတယ်၊

နုပ် ဟုတ်ပြီ သမာဓိရော ဉာဏ်ရောစိုက်ထား၊ ကိုင်း မင်း အရင်တုန်းကရှိတယ်လို့ယူဆခဲ့တဲ့ ကြေးဖလားကို တွေ့ သေးရဲ့လား။

သန်း မတွေ့တော့ဘူးဘုရား မာသဘောပထဝီဓာတ် တစ်ခုပဲ တွေ့ရတော့တယ်။

နုပ် အေး အဲဒါအမြင်မှန်ပဲ။ ကြေးပြားကိုခွက်ခွက်လေး လုပ်ပြီးရေခပ်သောက်လို့ရရင် ကြေးဖလားလို့မှတ်ဆိုပြီး ဘဝပေါင်းများစွာကမှားခဲ့တဲ့ ပညတ်မှားကို အခုခွာချလိုက်တာဘဲ။ ပညတ်ကွာကျမှ ပရမတ်ကပေါ်လာတယ်။

အခုပြောခဲ့တာက ဥပမာနက္ခ၊ တရားအစစ်လို့ မခေါ်နိုင်သေးဘူး။ ခန္ဓာပေါ်တင်ကြည့်မှတကယ့် တရား

http://www.dhammadownload.com



သဘောကိုဆိုက်တယ်။ ကဲ မင်းတစ်ကိုယ်လုံးကို လူလို့ မခေါ်ကြဘူးလား။

သန်း ခေါ်ကြပါတယ်ဘုရား။

နုပ် စောစောကပြောခဲ့တဲ့ ဥပမာကို ဉာဏ်ထဲမှာထင် မြင်နေပါစေ။ ကြေးဖလားကမရှိတဲ့ပညတ်၊ မာသဘောကရှိတဲ့ ပရမတ်၊ အခုဒီမှာကြေးဖလားဆိုတဲ့ ပညတ်နေရာမှာ လူဆိုတဲ့ပညတ်ကို ပြောင်းထည့်လိုက်တာပဲရှိတယ် ကျန်တာအားလုံးအတူတူပဲ။ ကဲ လူတစ်ကိုယ်လုံးကို လျှောက်စမ်းကြည့်စမ်းပါ၊ ခေါင်းလိုအရိုးလို နေရာစမ်းမိတော့ မာတဲ့သဘောလေးမတွေ့ဘူးလား။

သန်း တွေ့ပါတယ်ဘုရား။

နုပ် အသားလို အူလို ကလီစာလိုနေရာတွေ စမ်းမိတော့ပျော့တဲ့ သဘောလေးမတွေ့ဘူလား။

သန်း တွေ့ပါတယ်ဘုရား။

နုပ် ဒါဆိုရင်မေးခွန်းထုတ်ကြစို့ အဲဒီလိုမာတာပျော့တာဟာ ဘယ်သူကမာတာပျော့တာလဲ။

သန်း ပထဝီဓာတ်က မာတာပျော့တာပါ။

နုပ် မင်းကတော့ ကလျာဏထဲဝင်လာပြီဆိုတော့ မှန်အောင် ပြောနိုင်တာပေါ့။ အန္ဓပုထုဇဉ်ကတော့ လူကိုစမ်းကြည့်လို့မာတာ ပျော့တာတွေ့မှတော့ လူကမာတာ ပျော့တာ ပေါ့လို့ မပြောပေဘူးလား။

သန်း ပြောမှာပါဘုရား။

နုပ် အမှန်မမြင်တဲ့ အန္ဓပုထုဇဉ်ကတော့အမြဲတန်း ငြင်းနေမှာပဲ၊

http://www.dhammadownload.com



ငြင်းတာနဲ့ ပတ်သက်လို့ မင်းတို့အတွက် သင်ခန်းစာ ယူစရာလေး ပြောပြဦးမယ်။

သန်း ပြောပါဘုရား။

နုပ် ငါငယ်ငယ်ကမကောင်းတဲ့ အကျင့်တစ်ခုရှိတယ်။ အဲဒီ အကျင့်ကြောင့် လူမုန်းများခဲ့တယ်။ ဘာလဲဆိုတော့ အငြင်းသန်တဲ့အကျင့်ပဲ၊ ငါ့အသက် ၁၉နှစ်သားအရွယ် လောက်မှ ဒီမကောင်းတဲ့ အကျင့်ကြီးပျောက်သွားတယ်၊ အငြင်းသန်တဲ့ ငါဟာငြင်းခုန်ပွဲတစ်ခုကြောင့်ပဲ ဒီအကျင့် ဆိုးကြီးပျောက်သွားခဲ့တယ်။

ဒီအချိန်က မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ တောင်သာမြို့၊ သာသနာ့မူလိကာရာမ ကျောင်းသစ် ကျောင်းစာသင်တိုက်မှာ စာသင်နေတဲ့အချိန်ပေါ့၊ ငြင်းမယ့် တစ်ဖက်ကိုယ်တော်က မြင်းခြံမြို့နယ်၊ လေးအိမ် တန်းရွာဘက်ကပေါ့၊ သူ့ဘွဲ့ကိုတော့ ဦးသုမနလို့ပဲ မှတ်မိနေတယ်။ ဒါပေမယ့်သူက သေးသေးပိန်ပိန်လေးပါ။

လူကသာသေးသေးပိန်ပိန်လေး။ လေးလ တစ်ကြိမ်အမြဲ သွေးလှူတယ်။ တို့အမြဲတမ်းသွေးလှူ ဖြစ်တာလဲ သူ့ကျေးဇူးမကင်းဘူးလို့ ပြောလို့ရတယ်၊ သူလို လူပိန်သေးသေးလေးတောင်လှူလို့ရရင် သူ့ထက် ဗလတောင့်တဲ့ ငါတို့ကပိုပြီးတော့လှူနိုင်ရမှာပေါ့ဆိုတဲ့ အတွေးကလည်း သွေးလှူဖြစ်အောင်အားပေးနေသလို ဖြစ်တာပေါ့။

သူ့ကိုတစ်ကျောင်းလုံးက စိန်ဗလလို့ ချစ်စနိုး

http://www.dhammadownload.com



ခေါ်ကြတယ်။ တစ်နေ့ဘယ်ကနေဘယ်လိုစမိတယ် မသိဘူး။ သူနဲ့ငါနဲ့ ဒူးလေးနဲ့ လေးဒူးဘယ်ဟာမှန်တယ် ဆိုတာ အပြင်းအထန်ငြင်းကြတယ်၊ သူကပြောတယ် သူတို့တစ်ရွာလုံး လေးဒူးပဲခေါ်တယ်၊ မယုံရင်ရွာကို လိုက်ခဲ့တဲ့။

ငါကတော့စာပေသမားဆိုတော့ ကိုယ်ဖတ်ဖူးတဲ့ စာတွေထဲမှာ ဒူးလေးပဲတွေ့ဖူးတယ်၊ တစ်ခါမှလေးဒူးလို့ ရေးတာ မဖတ်ဖူးဘူး။ စကားတစ်ရာစာတစ်လုံးဆိုပြီး အနိုင်ရချင်ဇောနဲ့ စာအုပ်တွေထဲလိုက်ရှာတယ် တွေ့ပါ တယ်။ တန်းကျောင်းဖတ်စာအုပ်တစ်အုပ်ထဲမှာ၊ ဆရာစံ အရေးတော်ပုံအကြောင်းထဲမှာ ဆရာစံနှင့်တကွ တော် လှန်ရေးတပ်သားများ ဓား၊ လှံ၊ ဒူးလေး၊ သေနတ် တို့ကိုကိုင်၍ ဆိုတာလည်းတွေ့လိုက်ရော ဘာပြော ကောင်းမလဲ ငါစာအုပ်ဆွဲပြီး အဲဒီကိုယ်တော်ဆီချက်ခြင်း သွားပြတယ်။

ငါ့ဘက်က ကျောင်းသုံးအစိုးရစာအုပ်ကြီး တစ် အုပ်ကို သက်သေထုတ်နိုင်ခဲ့တာပဲ၊ ဒီအငြင်း အခုန်ပွဲမှာ ငါကအပြတ်အသတ် အနိုင်မရသင့်ဘူးလား။

**သန်း** ရသင့်ပါတယ်ဘုရား။

**နုပ်** ဒါပေမဲ့မရခဲ့ဘူး သရေပဲကျသွားတယ်။

**သန်း** ကိုယ်က အထောက်အထားသက်သေပြနိုင်တာပဲဘုရား ဘာဖြစ်လို့မနိုင်တာလဲ။

**နုပ်** နိုင်တယ်ဆိုတာ တစ်ဖက်ကအရှုံးပေးမှသာ နိုင်တာကွ။

http://www.dhammadownload.com



တစ်ဖက်ကအရှုံးမပေးမချင်း ဘယ်တော့မှမနိုင်ဘူး၊ သူကပြောတယ် အဲဒါပုံနှိပ်တိုက်ကမှားရိုက်ထားတာတဲ့၊ ကဲ ဘာတတ် နိုင်သေးလဲ၊ ငါ့မှာဒေါသတွေဖြစ်လိုက်တာလေ။ လက်လွန်ခြေလွန်တွေဖြစ်ခါနီးပြီ စိတ်ကို တော်တော်ထိန်းထားရတယ်၊ ကိုယ့်ကိုယ်ကို ပြန်မေးတယ်။

မင်းကဘာဖြစ်လို့ငြင်းတာလဲ။

အနိုင်ရချင်လို့ငြင်းတာ။

အနိုင်ရချင်တဲ့စိတ်ဟာ ဘာကြောင့်ဖြစ်လာရတာလဲ။ အားလုံးထက်ငါက အမြဲသာတယ်ဆိုတဲ့ ကြွားချင်တဲ့စိတ်ကြောင့်ဖြစ်လာတာ၊ ငြင်းခုန်သောအားဖြင့် ရှုံးသည်ဖြစ်စေ နိုင်သည်ဖြစ်စေရလာမည့် အကျိုးဆက်က မိတ်ဆွေပျက်ခြင်းပါပဲ။

အဲဒီလိုတွေးမိတဲ့အချိန်ကစပြီး ငြင်းခုန်တဲ့ အကျင့်ကို ဖျောက်ပစ်ခဲ့တာ ကနေ့ထိတိုင်အောင်ပဲ၊ ကြွားဖူးတာတစ်ခုရှိသေးတယ်။ လယ်တီဆရာတော် ဘုရားကြီးကျောင်းက ကျောင်းသား နှစ်ယောက် သာသနာငါးထောင်နဲ့ခြောက်ထောင်ကို အငြင်းအခုန် ဖြစ်ကြတယ်။ နိုက်ရန်ဖြစ်တဲ့အထိဆိုတော့ ဆရာတော်ဆီရောက်လာတာပေါ့။

ဆရာတော်က အကြောင်းစုံစစ်ဆေးပြီး သာသနာ ခြောက်ထောင်သမားကို ပြန်လွှတ်လိုက်ပြီး သာသနာငါးထောင်သမားကို နှစ်ချက်သုံးချက်ရိုက်ပြီး ဆုံးမတယ်၊ ဒီတော့ သာသနာ ငါးထောင်ဘက်က

http://www.dhammadownload.com



ငြင်းတဲ့ကျောင်းသားက လျှောက်တယ်။

"တပည့်တော် သာသနာ၀ါးထောင်လို့ပြောတာ မှားလို့လား" တဲ့ ဒီတော့ လယ်တီဆရာတော်က မမှားဘူးမှန်တယ်တဲ့။ ဒါဆိုရင်မှားတဲ့ကျောင်းသားကို တော့မရိုက်ဘဲ မှန်တဲ့တပည့်တော်ကိုကျတော့ ဘာဖြစ်လို့ ရိုက်တာလဲဘုရားလို့လျှောက်တော့။

သာသနာ၀ါးထောင်ဆိုတာ သာမန်ဗုဒ္ဓဘာသာ ၀င်တိုင်းသိတယ်။ သာသနာ၀ါးထောင်ဆိုတာတောင် မသိတဲ့ နလပိန်းတုံး တစ်ကောင်နဲ့ ယှဉ်ပြီးအချိန်ကုန်ခံ လေကုန်ခံပြီးငြင်းတဲ့အတွက် ရိုက်တာတဲ့၊ မင်းလည်း ကိုယ်ကတရားဗဟုသုတလေး နည်းနည်းပါးပါးရှိလာတာ နဲ့ သူများနဲ့လျှောက်မငြင်းနဲ့နော် ငါသိရင်မင်းကိုပဲရိုက်မှာ။

ဝိပဿနာတရားအသိလေးတတ်လာရင် သူများ ကို သိပ်ပြောချင်တယ်၊ ကိုယ်သိသလိုသူများ သိစေ ချင်တာဟာ တကယ့်စေတနာကောင်းပါ၊ ဒါပေမယ့် တရားစကား ပြောတော့မယ်ဆိုရင် အဖက်ဖက်က ကြည့် ရတယ်။

သူတရားနားထောင်ဖို့အချိန်ရှိရဲ့လား။

ခတ်တွေပရမတ်တွေ နားလည်နိုင်တဲ့ဉာဏ်သူ့မှာရှိ ရဲ့လား။ ပြောနေတဲ့စကားကို သူတကယ် စိတ်ဝင်စားရဲ့ လား။

ဒီသုံးချက်နဲ့ညီမှသာ တရားစကားကို သေချာ ပြောပြသင့်တယ်၊ တို့ဘုရားအလောင်းတောင်ဒီသုံးချက်နဲ့

http://www.dhammadownload.com



ညှိမကြည့်မိဘဲ စွပ်ပြီးတရား ဟောမိလို့ အထောင်းခံရ ဘူးတဲ့ ဇာတ်တော်လေးတစ်ခုရှိတယ်။

သန်း တရားဟောပေးတဲ့သူကိုတောင် ထောင်းသတဲ့လား ဘုရား။

နုပ် အေးဟုတ်တယ်ကွ။ တစ်ဖက်ကတရားမှုတန်ဖိုး မထားမိ ဘဲကိုး။ မြတ်စွာဘုရားနုစဉ်အခါ ဘဝတစ်ခုကပေါ့၊ သူတော်စင် ဘဝနဲ့တရားကျင့်ကြံနေတာဆိုတော့ ရွှေငွေ တွေလည်းကိုင်ဟန်မတူဘူး။ တစ်နေ့မြစ်တစ်ဖက်ကို ကူးစရာရှိတော့ ကူတို့လှေသမားကိုမေးပြီးစီးရတာပေါ့

ကူတို့ခ ငါးမူးပဲထားပါတော့။ အလောင်းတော် က စဉ်းစားသွားတယ်။ ငါ့မှာကူတို့ခငွေတော့ ပေးစရာ ပါမလာဘူး။ ကူတို့ခအစား တန်ဖိုးရှိတဲ့ တရားအသိ ပြောပြရမှာပဲလို့ ဆုံးဖြတ်ထားတယ်၊ ဟိုဘက်ကမ်း ရောက်တော့ လှေသမားက ကူတို့ခတောင်းတော့တာပေါ့ ဒီတော့ ဘုရားအလောင်းက

" အမောင် ငွေငါးမူးဆိုတာသုံးပစ်လိုက်ခဏနဲ့ ကုန်တာပါ။ အမောင်ကိုငွေငါးမူးထက်တန်ဖိုးရှိတဲ့ တရား ဟောပေးပါ့မယ်" လို့ပြောတော့ လှေသမားကလက်မခံ ဘူး။ ကူတို့ခ ငါးမူးပဲပေးပါ ဘာတရားမှသူစိတ်မဝင်စား ဘူးပေါ့ ဘုရားအလောင်းကလည်း ငါ့မှာငွေမကိုင်တော့ တစ်ပြားမှ မပါဘူး။ တရားပဲပေးစရာ ရှိပါတယ်လို့ ပြောတာတောင်မရဘူးကွ။ လှေသမားက ဘုရား အလောင်းကိုအားရအောင် ထုထောင်းပြီးမှထားခဲ့သတဲ့။

http://www.dhammadownload.com



သန်း တပည့်တော်တို့လည်း သူများကို သိပ်ပြောပြချင်တာဘုရား၊ အများကြီးသတိထားရမယ်။

နုပ် တရားဟောဝါသနာပါတဲ့ ဘုန်းကြီးတစ်ပါးဟာ သူ့တရားကို ဆုံးအောင်နာမယ့်သူ မရှိလို့အခက်တွေ့နေသတဲ့ တစ်နေ့ မနက်ခင်း ကျောင်းဘေးမှာ မြက်ရိတ်ရောင်းစားတဲ့ ကုလားတစ်ယောက်ကို တွေ့တော့ခေါ်ပြီး မေးတယ်။

ဟေ့ကုလား မင်းတစ်နေကုန် မြက်ရိတ်ရောင်းတာဘယ်လောက်ရသလဲ။

ဘုန်းကြီး နားမူး(ငါးမူး)ရတယ်တဲ့ ကုလားဆိုတော့ မပီဘူးပေါ့ကွာ၊ ဒီတော့ဘုန်းကြီးက မင်းအဲဒါဆိုငါဟောတဲ့တရားကို ဆုံးအောင်ထိုင်နားထောင်ရင် တစ်ကျပ်ပေးမယ်။ တစ်ဝက်တစ်ပျက်နဲ့ ထပြန်ရင်တော့ တစ်ကျပ်မရတဲ့အပြင် တစ်မတ်ပြန်ပေးရမယ်လို့ ပြောတော့ ကုလားကသဘောတူတယ်။

သူ့တွက်တာက တစ်နေကုန်ချွေးတရွှဲရွှဲနဲ့ မြက်ရိတ်မှ ငါးမူးရတာ၊ ဘုန်းကြီးတရား သက်သက်သာသာ ထိုင်နာရုံနဲ့ တစ်ကျပ်တောင်ရမှာ မနည်းဘူး။တွက်ခြေကိုက်တယ်ပေါ့၊ ဒါနဲ့မနက်စောစောကတည်းက တရားပွဲစဟောတာပေါ့ကွာ၊ သုံးနာရီကျော်လောက်လည်း နာရရော ကုလားမတတ်နိုင်တော့ဘူးကွ။

ဟောနေတဲ့ဘုန်းကြီးကို လက်ပြပြီးတားတယ်။ ဘုန်းကြီး တော်ပြီတော်ပြီ ဆက်မနာနိုင်တော့ဘူးတဲ့။ ဘုန်းကြီးက "ဟ ကုလားရ ဘာဖြစ်လို့တုန်းဟ" လို့

http://www.dhammadownload.com



မေးတော့ ကုလားက "ဘုန်းကြီး ကုလား တစ်နေကုန် မြက်ရိတ်တယ်နော်။ နားမူးရတယ်၊ ဒါပေမဲ့ ခါးပဲပူတယ်။ နားမပူဘူး။ အခုဘုန်းကြီး တရားနာတယ်နော်၊ ခါးလည်း ပူတယ် နားလည်းပူတယ်၊ ရှော့တစ်မတ်ပြန်ယူ"လို့ပြောပြီး လစ်တော့တာပဲတဲ့။

ဒါ့ကြောင့်ကိုယ်မိတ်ဆွေတွေ စကားပြောတဲ့ အခါ လည်း ကြည့်ပြောပေါ့ကွာ ကဲ နောက်အပတ်ကျမှ ပထဝီဓာတ်ကို ခန္ဓာပေါ်တင်ကြည့်ကြရအောင်။

http://www.dhammadownload.com

# အခန်း (၂၇)

## ရဟန္တာလေးပါး ရှုနည်းလေးမျိုး

### တန်ခိုးဆိုတာ ဒုက္ခသစ္စာ

သမထအစွမ်းနဲ့ရတဲ့ မစင်ကြယ်တဲ့ အကြားအမြင်ကို မဆိုထားနှင့်၊ ရူပ၊ အရူပစျာန်အဘိညာဉ်တန်ခိုးများကိုပင်လျှင် အရိယာသူတော်ကောင်းကြီးများ ဦးစားပေးတော်မမူကြပါဘူး၊ တန်ခိုးဆိုတာ ဒုက္ခသစ္စာပါပဲ။

ပကာသနတန်ခိုးပြတဲ့ ရှင်ပိဏ္ဍောလကို မြတ်စွာဘုရားက သစ်သားဖလားကို တန်ခိုးပြပြီး ယူတဲ့ကိစ္စမှာ ... ဆာ

ပကာသနတန်ခိုးပြတဲ့ ရှင်ပိဏ္ဍောလကို ပြည့်တန်ဆာမနဲ့ နှိုင်းပြီး ရှုတ်ချတော်မူဘူးပါတယ်၊ တန်ခိုးဖန်ဆင်းပြလျှင် ဒုက္ကဋ်အာပတ်သင့်စေလို့လည်း ပညတ်တော်မူပါတယ်၊ အဘိညာဉ် တန်ခိုးဟာ ရခဲသလောက် ပျောက်ပျက်လွယ်ပါတယ်၊ စောင့်ရှောက်ခက်ပါတယ်။

http://www.dhammadownload.com



ယခုအခါကဲ့သို့ ဓမ္မအဘိညာဉ်ခေါ်တဲ့ သစ္စာလေးပါး သိမှု အရိယာဖြစ်မှု၊ ဖြစ်ခွင့်မရှိတဲ့ သာသနာပပုဂ္ဂိုလ်များကျတော့ တန်ခိုးကြောင့် ပိုပြီးဒုက္ခရောက်ကြ၊ တန်ခိုးကြောင့်သံသရာရှည်ကြပါတယ်။

ပုထုဇဉ်သားတွေဖြစ်လေတော့ တန်ခိုးခြင်းပြိုင်ကြ တန်ခိုးအားကိုးနဲ့သတ္တဝါတွေကို ကျိန်စာတိုက်ကြ၊ ဒုက္ခပေးကြတာ အနမတဂ္ဂပါပဲ၊ ဘုရားအလောင်းတော် နာရဒသေ့ကြီးပင်လျှင် ဒေဝီလရသေ့ကို ဆံကျစ်နင်းမိ၍ ဒေါသ၊ မာနဖြစ်ကြရာမှအစ ကျိန်စာတိုက်ခဲ့မိဘူးပါတယ်။

ကံငါးပါးကိုတောင်မလုံတဲ့ ဂန္ဓာရီဝိဇ္ဇာလောကာယတ တန်ခိုးရှင်တွေဆိုရင် ပိုပြီးဆိုးနိုင်ပါတယ်၊ ဇာတ်တော်တွေမှာ အထင်အရှားပဲ၊ ယခုလည်းရှိကြတာပါပဲ၊ စာတတ်တဲ့သူက စာမတတ်တဲ့သူကို၊ ပိုက်ဆံရှိတဲ့လူက ပိုက်ဆံမရှိတဲ့လူကို အာဏာရှိတဲ့လူက အာဏာမရှိတဲ့လူကို ကိုယ့်တန်ခိုးလေးနဲ့ကိုယ် နှိပ်စက်ကြသလိုပါပဲ၊ ဒါကြောင့် သူတော်ကောင်းကြီးများ စက်ဆုပ်တော်မူကြပါတယ်။ တန်ခိုးဟာ ဝိပဿနာအန္တရာယ်ကြီး တစ်ခုပဲလို့ ဟောတော်မူပါတယ်။ လောကတန်ခိုးတွေထဲမှာ အထွတ်အထိပ်ဖြစ်တဲ့ အဘိညာဉ်တန်ခိုးပင်လျှင် ဓမ္မအဘိညာဉ် ခေါ်တဲ့ အရိယာအဖြစ်နဲ့ မထိန်းချုပ်မကွပ်ကဲနိုင်ရင် မနိုင်မြဲတဲ့ ဒုက္ခသစ္စာထဲကိုသာ ဝဲလှည့်စုပ်ယူသွားတတ်တယ်၊ ဒါပေမယ့် လူသာမန်တွေကတော့ အထင်ကြီးကြတာ ထုံးစံပါပဲ။

မြတ်စွာဘုရားလက်ထက်က နာဠန္ဒာမြို့မှာကုဋေ လေးဆယ်ကြွယ်ဝတဲ့ ကေဝပုဏ္ဏားကြီးဟာ သာသနာကို ကြည်ညို

http://www.dhammadownload.com



လွှန်းလို့ လူတွေပိုပြီးသဒ္ဓါတရားဖြစ်အောင် ရဟန်း တစ်ပါးပါးအား တန်ခိုးပြခွင့်ရာထူးပေးဖို့ ဘုရားကိုလျှောက်တော့ ဘုရားရှင်က မသိနိုးနားပြုပြီးနေတော်မူတယ်။

သုံးကြိမ်လျှောက်တော့ မနေသာဘူး၊ တန်ခိုးပြာဋိဟာ သုံးမျိုးကို အကျိုးအပြစ်နဲ့ဟောပြတော်မူခဲ့ရပါတယ်၊ ပြာဋိဟာသုံးမျိုးကတော့။

(၁) ဣဒ္ဓိပါဋိဟာရိယ= အမျိုးမျိုးဖန်ဆင်းပြတာကိုခေါ် ပါတယ်၊ ဒကာပုဏ္ဏားကြီးတဲ့ ဒီလိုတန်ခိုးပြရင် သဒ္ဓါတဲ့သူတွေက ပိုပြီးကြည်ညိုလာကြပေမယ့် မသဒ္ဓါတဲ့သူတွေက ဒါဂန္ဓာရီဝိဇ္ဇာပါဆိုပြီး ကဲ့ရဲ့ကြလိမ့်မယ်တဲ့။

ဂန္ဓာရီဝိဇ္ဇာတန်ခိုးရှင်တွေကလည်း ဒီလိုပဲတန်ခိုးပြနိုင်လေတော့ ဒွေးရောယှက်တင်သံသယဝင်ပြီး စင်ကြယ်မြင့်မြတ်တဲ့ ဒုက္ခလွတ်ကြောင်းတရားကောင်းကြီးတွေ ထိခိုက်လိမ့်မယ်လို့ ဆိုလိုတယ်။

(၂) နောက်တစ်ခုက အာဒေသနာပါဋိဟာရိယ= သူများစိတ်အကြံကို သိပြီးအတတ်ဟောတဲ့ တန်ခိုးပါပဲ၊ ဒီတန်ခိုးပြရင်လဲ လောကမှာ မဏိကာခေါ်တဲ့ သူများစိတ်အကြံကိုသိပြီး အတတ်ဟောတဲ့ အတတ်မျိုးတွေရှိနေလေတော့ သာသနာဂုဏ်ငယ်ပြီး ရောနှောသွားမှာစိုးလို့ ခွင့်ပြုတော်မမူဘူး။

(၃) နောက်ဆုံး အနုသာသနီပါဋိဟာရိယလို့ခေါ်တဲ့ မြတ်စွာဘုရားတရားတော် သီလ၊ သမာဓိ၊ ပညာခေါ်တဲ့ တန်ခိုးအစစ်အမှန်ကိုသာ အားကိုးကြဖို့ တိုက်တွန်းတော်မူတယ်။

ဒီသီလ၊ သမာဓိ၊ ပညာတန်ခိုးသာလျှင် လောကီ

http://www.dhammadownload.com



နယ်အတွက်လဲ လိုချင်တာအကုန်ရပြီး ဒုက္ခနယ်ကလွတ်ဖို့ရာလဲ အမှန်ဖြစ်တဲ့အတွက် အကောင်းဆုံးလို့ဆုံးမတော်မူခဲ့ပါတယ်။

(အနာဂါမ်ဆရာသက်ကြီးက ဒေးစွန်ပါတောင်မှ ဈာန်အဘိညာဉ်ရ မထေရ်နှစ်ပါးဆရာကြီးထံ ဝိပဿနာအား ထုတ်နည်းလာယူစဉ် ဟောပေးသောတရားမှ) ရဟန္တာနှင့်ပုဂ္ဂိုလ်ထူး စာ၂၇၀။

နုပ် မင်းရဲ့ ခန္ဓာကိုယ်အတွင်းအပြင်အားလုံးကို တို့ကြည့်၊ ထိကြည့်၊ စမ်းကြည့်တဲ့အခါမှာ ခေါင်းလို အရိုးလိုနေရာတွေစမ်းမိတော့ မာတဲ့သဘောတွေ့တယ်၊ အသားလို အူလိုကလီစာလိုနေရာတွေစမ်းမိတော့ ပျော့တဲ့သဘောတွေ့တယ်။ ဒီလိုမာတာ ပျော့တာဟာ ဘယ်သူက မာတာပျော့တာလဲလို့ မေးခွန်းထုတ်လိုက်တဲ့အခါ အန္ဓပုထုဇဉ်က လူကမာတာပျော့တာလို့ဖြေမယ်။ ကလျာဏပုထုဇဉ်က ပထဝီဓာတ်ကမာတာ ပျော့တာလို့ဖြေမယ်။

ဒီအဖြေနှစ်ခု ဘယ်အဖြေကမှန်သလဲဆိုတာကို စာတွေ့ ငါတွေ့စစ်ကြည့်ရမယ်၊ ပထမဆုံးစာတွေ့နဲ့ စစ်ရအောင် တကယ့် အရှိတရားဖြစ်တဲ့စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ ပရမတ်တရား လေးပါးထဲမှာ လူဆိုတာပါသလား၊

သန်း မပါပါဘူးဘုရား။

နုပ် ဒါဆိုရင်လူဆိုတာ ပရမတ်လား ပညတ်လား

သန်း ပညတ်ပါဘုရား။

နုပ် ပညတ်ဆိုရင် တကယ်ရှိတဲ့တရားလား တကယ် မရှိ

http://www.dhammadownload.com



တဲ့တရားလား။

သန်း  တကယ်မရှိတဲ့တရားပါ။

နုပ်  ဒါဆိုရင်မရှိတဲ့တရားက မာတာပျော့တာ ဖြစ်နိုင်ပါ့မလား

သန်း  မဖြစ်နိုင်ပါဘုရား။

နုပ်  ပထဝီဓာတ်ဆိုတာကရော ပရမတ်လေးပါးထဲက ရုပ်တရားထဲပါတယ်မဟုတ်လား။

သန်း  ပါပါတယ်ဘုရား။

နုပ်  ဒါဆိုရင်တကယ့်အရှိတရားဖြစ်တဲ့ ပထဝီဓာတ်ကသာ မာတာပျော့တာဆိုတာ မထင်ရှားဘူးလား။

သန်း  ထင်ရှားပါတယ်။

နုပ်  ဒါကစာတွေ့နဲ့စစ်လိုက်တာ အနုပုထုဇဉ်ဆိုတာ စာတွေ့နဲ့တင်မရဘူး ငါတွေ့နဲ့ပါစစ်ပြမှရတာ။ ကဲ လူတစ်ကိုယ်လုံးကိုစမ်းကြည့်လို့ မာတာပျော့တာဟာ ပထဝီဓါတ်၊ ပရမတ်ကမာတာ ပျော့တာမဟုတ်ဘဲ လူကမာတာပျော့တာပါဆိုရင် လူပျောက်ရင် မာတာပျော့တာပျောက်ရမယ်၊ ဒါကို အနုပုထုဇဉ်က လက်ခံတယ်ဆိုရင် လူကိုပျောက်အောင်ဖျောက်ကြစို့။

လူတစ်ကိုယ်လုံးကို ရောမရေတ်ဆုံကြီးထဲထည့်ပြီး ကြေမွနေအောင်ထောင်းပစ်ပြီး အလုံးကြီးတစ်လုံး လုံးလိုက်ပါ။ တွေ့သမျှလူကို ဒါဘာလဲလို့မေးရင် အသားလုံးလို့ပဲဖြေကြမှာပါ၊ လူလို့ဘယ်သူမှ ဖြေမှာမဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လူဆိုတဲ့ပညတ်ကြီးပျောက်သွားလို့ပါပဲ။

http://www.dhammadownload.com



ကဲ လူဆိုတဲ့ပညတ်ကြီးတော့ ပျောက်သွားပြီ။ အဲဒီအသားလုံးကို သွားစမ်းကြည့်တော့ မာသဘော ပျော့သဘောက ပျောက်ကဲ့လား။

သန်း မပျောက်ပါဘုရား။

နုပ် လူကသာ မာရိုးပျော့ရိုးမှန်ရင် လူပျောက်ရင်မာတာ ပျော့တာပျောက်ရမယ်၊ အခုလူတော့ပျောက်သွားတယ် မာတာပျော့တာက မပျောက်ဘူးဆိုတော့ လူကမာတာ ပျော့တာ ဟုတ်သေးရဲ့လား။

သန်း မဟုတ်တော့ပါဘူးဘုရား။

နုပ် ဒါဆိုဘယ်သူက မာတာပျော့တာလဲ။

သန်း ပထဝီဓာတ်ကမာတာပျော့တာပါ။

နုပ် ဒါလဲ အန္တပုထုဇဉ်က ထပ်ငြင်းဦးမှာပဲ၊ ပရမတ်မမြင် နိုင်အောင် ပညတ်ကနာမည်အမျိုးမျိုးနဲ့ လိုက်ကာပေးနေ တာကိုး၊ အသားလုံးကြီးကမာတာပျော့တာလို့ ထပ်ငြင်း လာရင် အသားလုံးကြီးက မာရိုးပျော့ရိုးမှန်ရင် အသား လုံးပျောက်ရင် မာတာပျော့တာ ပျောက်ရမယ်လို့ စကား ခံပြီး အဲဒီအသားလုံးကြီးကို ပြာဖြစ်သွားအောင် မီးရှို့ ပစ်လိုက်ပါ။

ကဲ ပြာတွေဖြစ်သွားတာနဲ့ အသားလုံးဆိုတဲ့ ပညတ်ကြီး ပျောက်သွားပြီ အဲဒီပြာကိုသွားစမ်းကြည့်တဲ့အခါ နူးညံ့ တဲ့သဘော လေးမတွေ့ရဘူးလား။

သန်း တွေ့ရပါတယ်။

နုပ် နူးညံ့တဲ့သဘောဟာ ပျော့တဲ့သဘောနဲ့အတူတူ ပထဝီ

http://www.dhammadownload.com



ခေတ်ပဲ၊ ဒီတော့ ပြာဖြစ်သွားပေမယ့် ပျော့တဲ့သဘော ပထဝီဓာတ်ကမပျောက်ဘူး၊ အဲ့သားလုံးကြီးက မာတာ ပျော့တာဟုတ်သေးရဲ့လား။

သန်း မဟုတ်တော့ပါဘူး။

နုပ် ဒါလဲ ပထဝီဓာတ်ကပျော့တာမဟုတ်ပါဘူး၊ ပြာကပျော့ တာပါလို့ထပ်လာသေးရင် ပြာကပျော့ရိုးမှန်ရင် ပြာ ပျောက်ရင် ပျော့တာပျောက်ရမယ်ဆိုပြီး အဲဒီပြာတွေကို မြေကြီးထဲကျင်းတူးမြှုပ်ထားပြီး သုံးလေးနှစ်ရှိမှ သွားဖော် ကြည့်ရင်ပြာတွေပျောက်ပြီး မြေကြီးတွေဖြစ်မသွားဘူးလား။

သန်း ဖြစ်သွားပါတယ်။

နုပ် ပြာကသာပျော့ရိုးမှန်ရင် ပြာပျောက်ရင်ပျော့တာ ပျောက် ရမယ်။ အခုပြာဆိုတာ ပျောက်သွားပြီ။ ဒီမြေကြီးသွား ကိုင်ကြည့်တဲ့အခါ မာသဘော ပျော့သဘောပျောက်ကဲ့ လား။

သန်း မပျောက်ပါဘူး။

နုပ် ဒါဆိုရင် ပြာကပျော့တာဟုတ်သေးရဲ့လား။

သန်း မဟုတ်တော့ပါဘူး။

နုပ် ဘယ်သူကပျော့တာလဲ

သန်း ပထဝီဓာတ်ကပျော့တာပါ။

နုပ် ကဲ ဒါဆိုရင် မင်းခန္ဓာကြီးဟာ ပထဝီဓာတ်သာ ရှိတာလူ ဆိုတာ မရှိဘူးဆိုတာ ထင်ရှားအောင်လက်တွေ့ဉာဏ်နဲ့ ကြည့်ကြစို့။ ကြေးဖလားတစ်ခုလုံး နေရာအနှံ့ ပျှောက် စမ်းကြည့်တဲ့အခါမှာ ကြေးဖလားဆိုတဲ့ ပညတ်ပျောက်

http://www.dhammadownload.com



သွားပြီး မာသဘောဆိုတဲ့ ပထဝီဓာတ်သာရှိတာ ပါလား ဆိုတာ ဉာဏ်ထဲမှာ လင်းသွားခဲ့သလို ဒီမှာလည်း အဲဒီလို လင်းသွားအောင်ကြည့်ရမယ်။

ကဲ မင်းတစ်ကိုယ်လုံး အတွင်းအပြင် အနုကလီစာ ပါမကျန် နေရာလပ်မကျန်အောင် လျှောက်စမ်းကြည့် စမ်း။

မှတ်ချက်။ စာရှုသူကိုယ်တိုင် မျက်စေ့မှိတ်ပြီး တစ်ကိုယ်လုံးကို ဉာဏ်ဖြင့် စမ်းသပ်ရှာဖွေကြည့်ရမည်။ ဤသို့ လက်တွေ့ဝင်စား ရှုပွားကြည့်ခြင်းသည် သောတာပန်တည်စေသော အင်္ဂါလေးချက်တွင် နောက်ဆုံးအင်္ဂါဖြစ်သော ဓမ္မာနုဓမ္မပဋိပတ္တိအရ သီလ၊ သမာဓိ၊ ပညာကို ကျင့်ကြံပွားများခြင်းပင်ဖြစ်၏။

သန်း မာသဘော၊ပျော့သဘော လွတ်တဲ့နေရာ တစ်နေရာမှ မတွေ့ဘူးဘုရား။ တစ်ကိုယ်လုံးအတွင်းအပြင် မာသဘောနဲ့ ပျော့သဘောချည်းပဲတွေ့တယ်ဘုရား။

နုပ် ဟုတ်ပြီ ဒါဆိုရင် လူဆိုတာ စမ်းလို့တွေ့သေးလား။

သန်း မတွေ့တော့ပါဘူး။

နုပ် ဘာပဲတွေ့သလဲ။

သန်း မာသဘော ပျော့သဘောပဲတွေ့ပါတယ်။

နုပ် ခေါင်းကိုယ်ခြေလက်ဆိုတာ တွေ့သေးလား။

သန်း မတွေ့တော့ပါဘူး။

http://www.dhammadownload.com



နုပ် အရေ အသား အသွေး၊ အရိုး၊ အူကလီစာဆိုတာတွေ ရောတွေ့သေးလား။

သန်း မတွေ့တော့ပါဘူးဘုရား။

နုပ် ဘာပဲတွေ့သလဲ။

သန်း မာသဘောနဲ့ ပျော့သဘောပဲတွေ့ပါတယ်။

နုပ် ဥပမေယျကိုကောင်းကောင်းသဘောပေါက်အောင် ဥပမာနကိုလည်းပြန်ပြန်ကြည့်ရတယ်။ ကြေးဖလားတို့ ကြေးပြားတို့၊ ကြေးခဲတို့၊ ပြာတို့၊ မြေကြီးတို့ဟာ တကယ်မရှိတဲ့ ပညတ်တရားတွေဖြစ်ပြီး မာသဘော ပျော့သဘော လေးသာ တကယ်ရှိတဲ့ ပရမတ်ပထဝီဓာတ်လို့ ဥပမာမှာ ပြခဲ့တယ်။

အခု ဥပမေယျမှာလည်း ဒီအတိုင်းပဲ။ လူတို့ အသားလုံးတို့၊ ပြာတို့၊ မြေကြီးတို့ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်တို့ အရေ အသား အသွေး၊ အရိုး၊ အူ၊ ကလီစာဆိုတာတွေဟာ တကယ်မရှိတဲ့ ပညတ်တွေချည်း ပါပဲ၊ တကယ်ရှိတာကတော့ အခုစမ်းကြည့်လို့ တွေ့ရတဲ့ မာသဘောနဲ့ ပျော့သဘောဆိုတဲ့ ပရမတ်ပထဝီဓာတ် ပါပဲ။

အခုလို ဗုဒ္ဓပေးတဲ့ ပရမတ်ဉာဏ်နဲ့ဖောက်ထွင်းပြီး ကြည့်လိုက်တဲ့အခါမှာ တကယ်မရှိတဲ့ ပညတ်တွေ အကုန်ပျောက်သွားပြီး တကယ်ရှိတဲ့ ပရမတ်ပဲတွေ့ ပါတော့တယ်။ တကယ်ရှိတဲ့ ပရမတ် ပထဝီဓာတ် ကလည်း မာတဲ့သဘောနဲ့ ပျော့တဲ့သဘောလေးပါပဲ။

http://www.dhammadownload.com



အကောင်အထည် အလုံး အတုံး အခဲ အရည် အဖတ် အမှုန်အမွှား တစ်ခုမှ မရှိပါဘူး။

ရုပ်ဓာတ်မှာလည်း ငါ့ဟာ သို့မဟုတ် ငါလို့စွဲလမ်းစရာ အမြဲတည်နေတဲ့ အနှစ်အသားဘာမှမရှိပါဘူး။ ရုပ်တရားရော နာမ် တရားမှာပါ ငါလို့စွဲလမ်းစရာ အမှုန်အမွှားအနှစ်အသားဘာမှမရှိပါလားဆိုတာကို သေချာသိသွားသူဟာ အရင်ကလို ငါ့အတွက်ဆိုရင် ဘာမဆိုလုပ်မယ်ဆိုတဲ့ စိတ်မိုက်စိတ်ရိုင်းမျိုးကြီး မဝင်နိုင်တော့ပါဘူး။

သတိရတုန်း လက်တွေ့သာဓကလေးတစ်ခု ပြောပြဦးမယ်။ ရွှေပြည်သာမြို့ (၈)ရပ်ကွက်က အမျိုးသားလေးတစ်ယောက်ကျောင်းမှာ ဒုလ္လဘရဟန်း လာဝတ်တယ်၊ သူဟာ ရပ်ကွက်ထဲမှာ အလွန်ဆိုးတယ်၊ ရန်ဖြစ်လို့ ရိုက်လိုက်ခုတ်လိုက်ပြီဆို သူပါတာပဲ၊ ထောင်ထဲမှာ ခဏခဏအချုပ်ခံရတယ်၊ သူ့အမေဆို မျက်ရည်နဲ့ မျက်ခွက်ပဲ။

ဘယ်လိုမှ ဆုံးမလို့မရဘူး ပေတေနေတာပေါ့၊ အဲဒီတော့ မကောင်းကျောင်းပို့ဆိုတဲ့ စကားအတိုင်း ကျောင်းလာပို့တာပဲ၊ ဒီစကားကတော့ အင်မတန်မှန်တယ်၊ ဘုန်းကြီးကျောင်းဆိုတာ ဗုဒ္ဓဓမ္မနဲ့မကောင်းတဲ့ အကျင့်တွေကို ပြင်ပေးတဲ့နေရာကြီးပဲ၊ ဒီတော့ မကောင်းတဲ့သူတွေ ကျောင်းလာပို့တာမှန်ပါတယ်။

ငါကလည်း ကျောင်းရောက်လာတဲ့ ဒုလ္လဘတွေ

http://www.dhammadownload.com



ဝတ်ရတဲ့ အချိန်လေးအတွင်း အကျိုးရှိစေချင်တယ်။ ဒါ့ကြောင့် ရဟန်းဖြစ်သွားတာနဲ့ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း မလုပ်ရတော့ဘူး။ ကျောင်းအပြင်ကို အရေးကြီးအကြောင်းကိစ္စမရှိဘဲ မသွားရဘူး။ မနက်စောစောတစ်ကြိမ် တရားထိုင်ပြီး နေ့ခင်းမှာ အနည်းဆုံးအလုပ်ပေး တရားခွေ ၄ ခွေလောက် အခြေခံကစပြီး သေချာနာရတယ်။

(၁၅)ရက်ဝတ်သွားတဲ့သူ့အတွက် တရားရသွားတယ်လို့ပဲဆိုရမယ်။ လူတစ်ယောက်တရားရ မရဆိုတာ ဘေးက လူအနေနဲ့ကတော့ သီလဆိုတဲ့ပေတံနဲ့ပဲ တိုင်းကြည့်လို့ရနိုင်တယ်။ သူဟာ လူထွက်သွားတဲ့ အချိန်ကစပြီး လုံးဝအရက်ပြန်မသောက်တော့ဘူး။ ခိုက်ရန်ဒေါသလုံးဝမဖြစ်တော့ဘဲ နူးညံ့သိမ်မွေ့သွားတယ်။

အရင်တုန်းကဆို အလုပ်ကရတဲ့လခ သူ့ဖာသာ အကုန်သုံးပစ်တယ်၊ အခုတော့ ရသမျှလခ မိဘကို အကုန်အပ်တယ်။ မိဘက ပေးသလောက်ဘဲ သုံးတယ်၊ သူဟာတရားရတာမဟုတ်ဘဲ သူတော်ကောင်းထင်အောင် ဟန်ဆောင်အောင့်အည်းနေတာဆိုရင်လည်း ကြာကြာမခံပါဘူး။ အခုဆိုရင် သူလိမ္မာနေတာ (၆)နှစ်ကျော်သွားပါပြီ။

ပုထုဇဉ်တစ်ယောက် ပထမဆုံးရတဲ့ တရားဟာ တခြားမဟုတ်ပါဘူး၊ ငါကောင်ရှိတယ်ဆိုတဲ့ အယူမှားကြီး ပျောက်သွားတာပါပဲ၊ ဒိဋ္ဌိကိလေသာလို့ ခေါ်ပါတယ်။

http://www.dhammadownload.com



အခုဆိုရင် ပရမတ် ပထဝီဓာတ်ဆိုတာ သဘောတရားပဲ ဆိုတာမင်းသိသွားပြီ၊ အဲဒီသဘောတရား ပထဝီဓာတ်ဟာ တေဇောဓာတ်လို့ခေါ်တဲ့ မရဏဓာတ်မီးလောင်ကျွမ်းမှု ကြောင့် တစ်စက္ကန့်အတွင်းမှာ အကြိမ်ပေါင်း ကုဋေ ၅၈၈၀ ကျော်ဖြစ်ပျက်နေရတယ်။

အဲဒီလောက်ဖြစ်ပျက်နေတာတောင် ဘာဖြစ်လို့ တစ်ခါတည်းအပြီးသေမသွားတာလဲလို့မေးရင် ဖြစ်ပြီးရင် ပျက်တယ်၊ ပျက်ပြီးရင် ပြန်ဖြစ်ပြန်တယ်၊ အဲဒီလိုအပျက် မြန်သလောက် နောက်ထပ်အသစ်လိုက်ဖြစ်တာကလဲ မြန်နေလို့တစ်ခါတည်းအပြီး သေမသွားတာပါ။ ထင်လွယ် မြင်လွယ်အောင် ဥပမာတစ်ခုပေးကြရအောင်။

အခု သုံးနာရီထိုးမှာ ဖယောင်းတိုင်မီးထွန်းလိုက် တယ်။ သုံးနာရီနဲ့ ငါးမိနစ်ရှိတဲ့အချိန်မှာ သွားကြည့်လဲ ဒီမီးတောက်လေးကို မြင်နေရတာဘဲ၊ သုံးနာရီနဲ့ ဆယ် မိနစ်ရှိတဲ့အချိန်မှာ သွားကြည့်လဲ ဒီမီးတောက်လေးကို မြင်နေရတာပဲ၊ အပေါ်ယံကြည့်မယ်ဆိုရင် ဒီမီးတောက် ဟာ တစ်ဆက်တည်းလို့ဘဲထင်နေရတယ်။

အခုပထဝီဓာတ်ကိုကြည့်ရင်လည်း ဒီလိုပဲ။ သုံးနာရီထိုးမှာလဲ ဒီပထဝီဓာတ်ပဲ၊ သုံးနာရီငါးမိနစ်မှာ လည်း ဒီပထဝီဓာတ်ပဲ၊ သုံးနာရီနဲ့ ဆယ်မိနစ်မှာလည်း ဒီပထဝီဓာတ်ပဲလို့ အပေါ်ယံကြည့်မယ်ဆိုရင် တစ်ဆက် တည်းလို့ ထင်နေရတာပေါ့။

အဲဒီလို ပျက်တာကို မမြင်တော့ဘဲ ဖြစ်တာ

http://www.dhammadownload.com



တွေချည်း တစီတတန်းကြီးမြင်နေတာကို သန္တတိအစဉ် လို့ခေါ်တယ်။ မမြဲတဲ့ အနိစ္စတရားကို မမြင်အောင် အဲဒီဖြစ်စဉ်ချည်းမြင်နေတတ်တဲ့ သန္တတိကဖုံးလွှမ်းထား တာပဲ။ ဒါ့ကြောင့် မမြဲတဲ့အနိစ္စကို မြင်ချင်ရင် သန္တတိအဖုံး ကိုဉာဏ်နဲ့ဖယ်ကြည့်ရတယ်။ အခုဖယ်ကြည့်ကြရအောင်။

ဥပမာပေးထားတဲ့ ဖယောင်းတိုင်မီးကို ပြန်ကြည့်၊ သုံးနာရီမှာ တောက်လောင်နေတဲ့ ဖယောင်းတိုင်မီးနဲ့ သုံးနာရီတစ်မိနစ် မှာတောက်လောင်နေတဲ့ ဖယောင်းတိုင် မီးခြင်းမတူတော့ပါဘူး။ သုံးနာရီထိုးမှာ တောက်လောင် နေတဲ့ ဖယောင်းတိုင်မီးဟာ သုံးနာရီမှာတင် ကုန်ပျောက် သွားပါပြီ။ သုံးနာရီတစ်မိနစ်ထိ ရောက်အောင် မလိုက် ပါနိုင်ပါဘူး။

သုံးနာရီတစ်မိနစ်မှာ တွေ့ရတဲ့မီးတောက်ဟာ နောက် ဖယောင်းသားကို ထပ်လောင်တဲ့မီးတောက်ပါ။ မီးကူးတာမြန်လွန်းအားကြီးတဲ့အတွက်ကြောင့် တစ်ဆက် တည်းလို့ထင်ရတာပါ။ အခု ပထဝီဓာတ်ကြီးလည်း ဒီတိုင်းပါပဲ။ သုံးနာရီထိုးမှာဖြစ်နေတဲ့ ပထဝီဓာတ်ဟာ သုံးနာရီထိုးမှာတင် ချုပ်ပျောက်သွားပါပြီ။

သုံးနာရီနဲ့ နောက်တစ်စက္ကန့်ထိ ရောက်အောင် မလိုက်နိုင်ပါဘူး။ သုံးနာရီ ၁ စက္ကန့်မှာဖြစ်နေတဲ့ ပထဝီ ဓါတ်ဟာ နောက်ထပ်အသစ်ဖြစ်တဲ့ ပထဝီဓာတ်ပါ။ ဒီလို ခွဲခြားပြီးသိတာဟာ သန္တတိအစဉ်ကို ဖယ်ရှားပြီး ပရမတ် ပထဝီဓာတ်ရဲ့ အနိစ္စအစစ်ကို သိတာပါပဲ။

http://www.dhammadownload.com



ပထဝီဓာတ်ရဲ့ စက္ကန့်မလပ် ပျက်နေပုံကို ဉာဏ်နဲ့သိပြီး ပထဝီအနိစ္စ၊ ပထဝီအနိစ္စလို့လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုထ် လေးပါးလုံးမှာသင့် လျော်သလို စိတ်ထဲကရှုပွားနေနိုင်ပါတယ်။ အဲဒီလို ပရမတ်အနိစ္စကို တကယ်ထိုးထွင်းပြီးသိမှ

ယောစဝဿသတံဇီဝေ
အပဿံဥဒယဗ္ဗယံ။
ဧကာဟံဇီဝိတံသေယျော
ပဿတော ဥဒယဗ္ဗယံ။

ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို မမြင်ဘဲ အသက်တစ်ရာ နေရခြင်းထက် ရုပ်နာမ်တို့၏ အဖြစ်အပျက်ကိုမြင်ပြီး တစ်ရက် နေရခြင်းကမြတ်၏။

ဆိုတဲ့ ဘုရားဟောဒေသနာနဲ့အကိုက်ဖြစ်သွားပါတယ်။

သန်း တပည့်တော် ဝိပဿနာတရားလည်း အတော်အတန်နာ ဘူးပါတယ်ဘုရား၊ ဝိပဿနာစာအုပ်လည်း အတော်ဖတ် ဘူး ပါတယ်ဘုရား၊ ဒါပေမယ့် ဆရာတော်အခုရှင်းပြသလို ပထဝီအနိစ္စလို့ ရှုရမယ်ဆိုတာမျိုး တစ်ခါမှ မတွေ့ဘူး ဘူးဘုရား၊ ဒီတော့ ဒီလိုရှုရုံနဲ့ မဂ်ဖိုလ်ကို ရနိုင်ရဲ့လား၊ ရသွားတဲ့ သာဓကရောရှိသလား ဆိုတာ သေချာသိချင် တယ်ဘုရား။

နုပ် အေး မင်းကမေးတော့လည်း ဖြေပေးရတာပေါ့။ သဥ္ဇာ ယတနသံယုတ်ပါဠိတော်မှာ ကိံသုကောပမသုတ်ဆိုတာ ရှိတယ်ကွ။ တစ်ခါတော့ ပုထုဇဉ်ရဟန်းတစ်ပါးဟာ

http://www.dhammadownload.com



ရဟန္တာကြီးတစ်ပါးကိုတွေ့တော့မေးတယ်၊ အဘယ်မျှ လောက်သိလျှင် အသိဉာဏ် စင်ကြယ်ပါသလဲ ရဟန္တာ ဖြစ်ပါသလဲတဲ့၊ ပထမရဟန္တာကြီးကဖြေတယ်။

ယတော ခေါ အာဝုသော ဆန္နံ ဖဿာယတနာနံ
သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ
တတ္တာဝတာ ခေါ အာဝုသော ဘိက္ခုနော ဒဿနံ
သုဝိသုဒ္ဓံ ဟောတိ။

ငါ့ရှင် ဖဿဖြစ်ကြောင်း အဇ္ဈတ္တိကာယတန ၆ပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို မှန်ကန်စွာသိ၏။ ငါ့ရှင် ဤမျှ လောက်သိလျှင် ရဟန်း၏ ဉာဏ်အမြင်သည် စင်ကြယ် ပါ၏။ ရဟန္တာဖြစ်ပါပြီတဲ့၊ ဒါပေမယ့် ပုထုဇဉ်ရဟန်းက နောက်ထပ်ရဟန္တာကြီးတစ်ပါးကို ထပ်မေးပြန်တယ်၊ ဒုတိယရဟန္တာကြီးကတော့ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ အဖြစ်အပျက်ကိုသိလျှင် ရဟန္တာဖြစ်တယ်လို့ဖြေလိုက် တယ်။ ဒါလည်း ပုထုဇဉ်ရဟန်းက သဘောမကျသေးဘူး။

အခု ဒုတိယရဟန္တာကြီးရဲ့ ရှုနည်းကို ငါတို့ သေချာပြမှာပဲ၊ ခုကတည်းက သေချာမှတ်ခဲ့၊ ပုထုဇဉ် ရဟန်းက တတိယရဟန္တာကြီးတစ်ပါးကို ထပ်မေးပြန် တယ်၊ တတိယရဟန္တာမထေရ်ကြီးက

ယတော ခေါ အာဝုသော စတုန္နံမဟာဘူတာနံ
သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ
တတ္တာဝတာ ခေါ အာဝုသော ဘိက္ခုနော ဒဿနံ
သုဝိသုဒ္ဓံ ဟောတိ။

http://www.dhammadownload.com



ငါ့ရှင် အကြင်အခါ၌ မဟာဘုတ်လေးပါးတို့၏ အဖြစ် အပျက်ကိုမှန်ကန်စွာသိ၏။ ငါ့ရှင် ဤမျှလောက်သိလျှင် ရဟန်း၏ ဉာဏ်အမြင်သည် ကောင်းစွာစင်ကြယ်ပါပြီ ရဟန္တာဖြစ်ပါပြီ လို့ဖြေတယ်။

မင်းမေးတဲ့ ပထဝီအနိစ္စဆိုတဲ့ ရှုနည်းဟာ အခု ပြောနေတဲ့ တတိယရဟန္တာကြီး ရှုတဲ့နည်းပေါ့ကွ။ ကဲ ပထဝီအနိစ္စလို့ ရှုရင်လည်း မဂ်ဖိုလ်ရနိုင်တယ်ဆိုတာ ယုံပြီလား။

သန်း ယုံပါပြီဘုရား စိတ်ဝင်စားဖို့ကောင်းလို့ရဟန္တာလေးပါးအ ကြောင်းကို ဆုံးအောင်ပြောပြပါဘုရား

နုပ် ပုထုဇဉ်ဆိုတာက အရူးပဲကွ၊ လောကီရေးမှာတင်ဆန်းချင် တာမဟုတ်ဘူး။ ဝိပဿနာရှုတာတောင်သူများထက် ဆန်းချင်သေးတာ၊ အခုရဟန်းကိုကြည့် တကယ်ဆို ပထမတစ်ပါးမေးပြီး တော်ရောပေါ့၊ ရတဲ့နည်းရှုလိုက်ပြီး တာပဲ။ အဲဒါမပြီးဘူး တွေ့တဲ့ရဟန္တာတိုင်းကို လိုက်မေး နေတယ်။ ဗုဒ္ဓလက်ထက်က ရဟန္တာတွေကလည်း အလွန်ပေါတာကိုးကွ။

စတုတ္ထမြောက်ရဟန္တာကြီးကို မေးပြန်တော့ အခုလိုဖြေတယ်။

ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မန္တိ၊
ယထာဘူတံ ပဇာနာတိ၊

http://www.dhammadownload.com



ဖြစ်ခြင်းသဘောရှိသော တရား ဟူသမျှသည်
ချုပ်ခြင်းသဘောရှိသည်ဟု မှန်ကန်စွာသိလျှင်
ဉာဏ်အမြင်စင်ကြယ်ပါပြီ ရဟန္တာဖြစ်ပါပြီ။

တဲ့ လေးပါးမေးပြီး လေးနည်းဖြစ်နေတော့ သူဘာလုပ်ရမှန်းမသိတော့ဘူး။ ဘုရားကိုသွားလျှောက်တယ် ဒီလေးနည်းမှာ ဘယ်နည်းကိုအမှန်ယူရမလဲဆိုတဲ့ သဘောမျိုးပေါ့။ ဗုဒ္ဓကလေးနည်းစလုံးမှန်ပါတယ်တဲ့။ ပြီးတော့ ဥပမာတစ်ခုပေးတယ် လူတစ်ယောက်ဟာ ရောဂါတစ်ခုဖြစ်လို့ ပေါက်ပင်မြစ်ကို အသုံးပြုရမယ်ဆိုလို့ ပေါက်ပင်လိုက်ရှာတယ်။

သူကိုယ်တိုင်ပေါက်ပင်ကိုတစ်ခါမှ မမြင်ဘူးတော့ လမ်းမှာတွေ့တဲ့လူတစ်ယောက်ကို မေးလိုက်တယ် ပေါက်ပင်ဆိုတာ ဘယ်လိုဟာမျိုးလဲပေါ့၊ ပထမလူက ဖြေတယ် အသားတုံးနီနီရဲရဲတွေ ချိတ်ဆွဲထားသလို တွေ့ရတဲ့အပင်ဟာ ပေါက်ပင်ပါပဲတဲ့။ ဒီပထမလူက ပေါက်ပွင့်ပွင့်တဲ့အချိန်ကိုမြင်ဘူးထားလို့ ဖြေလိုက်တာပဲ။ ပေါက်ပွင့်ဟာ အသားတုံးတွေလို ခပ်ရဲရဲဖြစ်နေလို့ပေါ့။ ဒါနဲ့သူဆက်သွားတယ်။

စိတ်မချတော့ ဒုတိယလူတစ်ယောက်ကို တွေ့တော့ ထပ်မေးပြန်တယ်။ ဒုတိယလူက သစ်ရွက်တွေစိမ်းပြီးအုပ်ဆိုင်းနေတဲ့အပင်ဟာ ပေါက်ပင်ပါပဲတဲ့။ ဒီဒုတိယလူက အရွက်စုံစုံထွက်နေတဲ့ အချိန်ကိုမြင်ဘူးထားတာကိုး။ ဒါလည်း စိတ်မချတော့ တတိယတွေ့တဲ့

http://www.dhammadownload.com



လူကိုမေးပြန်တယ်။ တတိယလူက အသီးတွေအပွင့်အသိပ်နဲ့တွေ့ရင် ပေါက်ပင်လို့မှတ်ပါလို့ ဖြေပြန်တယ်။

ဒီတတိယလူက အသီးသီးနေတဲ့ အချိန်ကို မြင်ဘူးထားတာကိုး။ ဒါနဲ့လည်း စိတ်မချတော့ စတုတ္ထမြောက်လူတစ်ယောက်ကို ထပ်တွေ့တော့ မေးပြန်တယ်။ စတုတ္ထမြောက်လူကတော့ အရွက်အသီးအပွင့်မရှိဘဲ သစ်ခြောက်ပင်ကြီးလိုဖြစ်နေတာဟာ ပေါက်ပင်ပဲလို့ ဖြေလိုက်ပြန်တယ်။ အဲဒီလိုအဖြေလေးခုဖြစ်နေလို့ ဇဝေဇဝါဖြစ်စရာမလိုဘူး။

အားလုံးဟာ ပေါက်ပင်ကိုချည်းပြောနေကြတာပါ။ ဒါ့ကြောင့် ဘယ်ပုံစံနဲ့တွေ့ရတဲ့ပေါက်ပင်ဖြစ်ဖြစ် အမြစ်ကို ယူပြီးသုံးရင် သက်ဆိုင်တဲ့ရောဂါပျောက်ရသလို အခုလည်း ရဟန္တာကြီးလေးပါးပြောတာ အကျဉ်းချုပ်တော့ ရုပ်နာမ်နှစ်ပါးကိုပဲ ဝိပဿနာရှုဖို့ပြောကြတာပါ။ ဒါ့ကြောင့် ဘယ်နည်းနဲ့ရှုရှု ကိလေသာရောဂါပျောက်ပြီး နိဗ္ဗာန်ရောက်မယ်လို့ ဗုဒ္ဓကဟောတော်မူခဲ့တာပါ။

**သန်း** ဒါဆိုရင် အခုခေတ်မှာ ဆရာတော်ကြီးတွေ ဆရာကြီးတွေပြနေတဲ့ ကျမ်းဂန်နဲ့ညီတဲ့ နည်းတွေဟာ တစ်ခုနဲ့တစ်ခုမတူကြသော်လည်း အမှန်တွေချည်းပဲ၊ ကိုယ့်ဉာဏ်ထဲ အရှင်းဆုံးနည်းနဲ့သာရှု။ ကိလေသာရောဂါပျောက်မှာချည်းဘဲလို့ဆိုလိုတာပေါ့ ဆရာတော်။

**နုပ်** ဟုတ်ပါ့ဗျာ။ ဘုရားကလည်း အဲဒီလိုသိစေချင်တာပါကဲ နောက်အပါတ်မှ အာပေါဓာတ်ကိုဆက်ကြရအောင်။

http://www.dhammadownload.com



ရေဠှပိုက်ကြိုးတန်းလျှင်မငြိ၊
ကောင်းကင်၌ တုတ်နှင့်ရမ်းလျှင်မထိ၊
လေကိုလက်နှင့်ဆုပ်ဖမ်းလျှင် မမိသကဲ့သို့
သက်ရှိသက်မဲ့ ကောင်းဆိုးနှစ်တန်ဝဲယာ
အစွန်းနှစ်ဖက်စလုံး မငြိ မထိ မမိရအောင်
တော်တည့်ဖြောင့်မှန်သော ဗဟိုလမ်းမက
လျှောက်နိုင်ပါလျှင် အသခ်တမုခ်ဦးသို့သာ
ဆိုက်ရောက်ကြပေလိမ့်မည်။
(ဓမ္မာစရိယဦးဌေးလှိုင် - ပုဂ္ဂိုလ်ထူး - စာ၃၄၄)

## အငှားနွား

မောင်သာပိုက် မင်းတို့လည်း မငယ်တော့ဘူး၊ သေတာကမဆန်းဘူး၊ ခုလို သာသနာနဲ့တွေ့တုန်း မသေတဲ့တရားကိုရှာနိုင်မှတော်ကာကျမယ်။ ခုအခါ နိဗ္ဗာန်ချမ်းသာကြီးဟာ မုတ်ဆိတ်ပျားစွဲသလို မျိုလိုက်ရုံပဲလိုတော့တယ်။

ခန္ဓာကိုယ်ဟာ အငှားနွားကြီးပါကွာ၊ ကိုယ်က ကိုယ်ပိုင်နွားထင်ပြီး အစာရေစာကျွေးမွေးကာ မခိုင်းရက်ဘဲ ယုယနေတုန်း ပိုင်ရှင်သေမင်းကလာယူတော့မှ နောင်တဖြစ်ပြီး မကျန်ရစ်ကြစေနဲ့။

http://www.dhammadownload.com



(ပထမကြောင်ပန်းဆရာတော်ဘုရားကြီး ၁၂၅၆ ခုနှစ် နယုန်လက ပေးသောဩဝါဒ) ပုဂ္ဂိုလ်ထူး စာ- ၃၆၈။

နုပ် အာပေါဓာတ်ဆိုတာ ယိုစီးခြင်းနဲ့ ဖွဲ့စည်းခြင်းလို့ လက္ခဏာနှစ်ခုရှိတယ်။ သူကတအားသိမ်မွေ့တယ်။ ပထဝီဓာတ်လို တို့ထိကြည့်လို့တောင် မသိနိုင်တော့ဘူး။ ဝိပဿနာပညာနဲ့ပဲသိနိုင်တယ်။ အာပေါဓာတ်ဟာ နည်းရင် ဖွဲ့စည်းတဲ့သဘောထင်ရှားတယ်။ များရင် ယိုစီးတဲ့သဘောထင်ရှားတယ်။ မိုးရွာခါနီးတိမ်တိုက်တွေ ပေါင်းစပ်လာတာဟာ အာပေါဓာတ်ရဲ့ ဖွဲ့စည်းတဲ့ သဘောပဲ။

တစ်ခါ အရည်ဖြစ်ပြီး မိုးရွာချလိုက်တာက အာပေါဓာတ်ရဲ့ ယိုစီးတဲ့သဘောပေါ့။ အာပေါဓာတ်ဟာ လည်း ပထဝီဓာတ်လို အကောင်အထည် အလုံးအခဲ အရည်အဖတ် အမှုန်အမွှား ဘာမှမရှိပါဘူး။ ဖွဲ့စည်းတဲ့ သဘောနဲ့ ယိုစီးတဲ့သဘောလေးပါပဲ။ ပထမဆုံး အာပေါဓာတ်ရဲ့ ဖွဲ့စည်းမှုသဘောကို အကြမ်းဖျင်း ပြောမယ်။ နောက်မှ အနုစိတ်ပြောမယ်။

ဖုန်လက်နှစ်ဆုပ်လောက်ယူလာပြီး ရေသင့်ရုံ ထည့်နယ်လိုက်ပါ။ ပြီးတော့ လက်နဲ့ဆုပ်လိုက်ရင် ရွှံ့ဆုပ် လေးဖြစ်သွားလိမ့်မယ်။ များပြားလှတဲ့ ဖုန်မှုန့်ပေါင်းများ စွာကို ရွှံ့ဆုပ်ဖြစ်သွားအောင် ဖွဲ့စည်းပေးတဲ့ဓာတ်ဟာ အာပေါဓာတ်ပါပဲ။ ရွှံ့ဆုပ်က ခပ်စိုစိုရှိနေတဲ့အချိန်မှာ တော့ စောဒကဝင်နိုင်ပါသေးတယ်။ ရေကရွှံ့ဆုပ်ဖြစ်

http://www.dhammadownload.com



အောင်လုပ်တာပါ။ အာပေါဓာတ်က လုပ်တာမဟုတ်ပါဘူးပေါ့။

ဒါဆိုရင်လည်း လွယ်ပါတယ်။ အဲဒီရွှံ့တွေကို ခြောက်အောင်နေလှမ်းလိုက်။ နေလှမ်းလို့ကြာတာနဲ့ ရေမှုန်သမျှ အကုန်ခြောက်သွားပြီး ဖုန်မှုန့်တွေကို ကပ်နေအောင်လုပ်နိုင်တဲ့ ရေတစ်စက်မှမရှိတော့ဘူး။ဒါပေမယ့် ဖုန်မှုန့်တွေဟာ ကွာကျမသွားဘူး။ ကပ်နေမြဲ ဖွဲ့စည်းနေမြဲပဲ။ အဲဒီလို ဖုန်မှုန်တွေ ဘေးကွာကျမသွားအောင် ဖွဲ့စည်းပေးထားတဲ့ သဘောလေးဟာ ပရမတ်အာပေါဓာတ်ပါပဲ။

ဒီဖွဲ့စည်းပေးတဲ့ သဘောတရားလေးကို အခုလို ပရမတ်ဉာဏ်နဲ့ပဲ မြင်နိုင်ပါတယ်။ တခြားဘယ်ဉာဏ်နဲ့မှ မမြင်နိုင်ပါဘူး။ အာပေါဓာတ်ရဲ့ အနုစိတ်ဖွဲ့စည်းပေးတဲ့ သဘောကို ဆက်သွားကြဦးစို့။ အကြမ်းပြထားပြီးဖြစ်တဲ့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဆိုတဲ့ အဋ္ဌကလပ် ရုပ်ဓာတ် ၈ပါး ပေါင်းမိနေအောင် အာပေါဓာတ်က ဖွဲ့စည်းပေးထားကြောင်း ပြောခဲ့ပြီ။

အဲဒီလို ရုပ်ဓာတ်ရှစ်မျိုးပေါင်းနေတာကို ကလာပ်တစ်စည်းလို့ခေါ်တယ်။ ကလာပ်လို့ပြောလိုက်ရင် သူတို့ရှစ်မျိုးပါပြီးသား လို့တစ်ခါတည်းသိထား။ ဒီကလာပ်စည်းတွေဟာ စကြာဝဠာနဲ့ အပြည့်ရှိနေတယ်။အမြဲဟမ်းဖြစ်ပျက်နေကြတာပါ။ မင်းတို့ ငါတို့ ခန္ဓာကိုယ်မှာလည်း

http://www.dhammadownload.com



ဒီကလာပ်စည်းတွေပဲ ဖြစ်ပျက်နေတာပဲ။

ဒီကလာပ်စည်းတွေ ပျက်နေတာကို သမာဓိမျက်စိနဲ့မြင်နိုင်တယ်။ ပညာမျက်စေ့နဲ့သိနိုင်တယ်။ ပညာဆိုတာထိုးထွင်းသိတဲ့ သဘောတရားပဲ။ မြင်တဲ့ သဘောတရားမဟုတ်ဘူး။ ပညာနဲ့မြင်တယ်ဆိုတဲ့ စကားဟာ တင်စားပြီးသုံးနှုန်းတဲ့စကားပါ။ ပညာဟာ ထိုးထွင်းပြီး သိတတ်တဲ့ သဘောတရားဆိုတာကို ခုကတည်းက သေချာမှတ်ခဲ့။

သူတစ်ပါးမမြင်နိုင်တဲ့အရာကို ထူးထူးခြားခြား မြင်နိုင်တာဟာ ဒိဗ္ဗစက္ခုအဘိညာဉ်ပဲ။ သူက သမထခေါ် သမာဓိရဲ့အလုပ်ပဲ။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် သုသိမသုတ်မှာ သုသိမက သမထမပါတဲ့ သုဒ္ဓဝိပဿနာနည်းနဲ့ရှုပွားပြီး ရဟန်းကိစ္စပြီးကြတဲ့ ရဟန္တာတွေကို အရှင်ဘုရားတို့ ရဟန္တာဆိုရင် ကောင်းကင်ပျံနိုင်သလား။ သူတစ်ပါးစိတ်သိသလားနဲ့ လျှောက်မေးဖူးတယ်။ ရဟန္တာတွေကမလုပ်နိုင်ဘူးလို့ ရိုးရိုးပဲဖြေတယ်။

ဒီရဟန္တာတွေဟာ ဒီရုပ်ခတ်ကလာပ်စည်းတွေကို အဘိညာဉ်မရတဲ့အတွက် သေချာမမြင်နိုင်ပါဘူး။ ဝိပဿနာပညာ မဂ်ဖိုလ်ပညာနဲ့ဖြစ်ပျက်နေတာကို ထိုးထွင်းသိပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တရှုနိုင်လို့ရဟန္တာဖြစ်ကြတာပါ။

သမာဓိကမြင်တာ ပညာကထိုးထွင်းသိတာဆိုတာကို သေချာသတိမထားကြတဲ့ စာတတ်တစ်ချို့

http://www.dhammadownload.com



တောင် ပရမတ်ကို အခုလိုအသေးစိတ်ဟောရင် မကြိုက် တတ်ကြဘူး။ ဒါတွေက ဘုရားရဟန္တာတွေအရာပါ။ သာမန်လူတွေအတွက် မလိုပါဘူးဆိုပြီး ပြောတတ် ကြတယ်။ ဗုဒ္ဓရဲ့ တရားတော်မှန်သမျှဟာ လိုအပ်လို့ ဟောထားတာချည်းပါ။ မလိုအပ်ဘဲ အပိုဟောထားတာ တစ်ခုမှမရှိပါဘူး။

သူတို့ပြောသလို ပြန်ပြောရင် ဘုရားရဟန္တာတွေ လည်း ဒီဓာတ်တွေကလာပ်တွေဖြစ်ပျက်တာကို သိပြီးမှ ဘုရားရဟန္တာ ဖြစ်ကြတာပါ။ ဘုရားရဟန္တာဖြစ်ပြီးမှ ဓာတ်တွေကလာပ်တွေ ဖြစ်ပျက်တာကို သိတာမဟုတ် ပါဘူး။ ဒီအချက်တွေကိုထောက်ပြီး ပရမတ်ရုပ်နာမ်တွေရဲ့ ဖြစ်ပျက်ကိုဉာဏ်နဲ့သိပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုပွားရင် ဘယ်သူမဆို အချိန်ကျတာနဲ့ မဂ်ဖိုလ်ကိုရမယ်ဆိုတာ စိတ်ချယုံကြည်ထားပါ။

သန်း ယုံကြည်ပါတယ်ဘုရား။

နုပ် တရားတစ်ခုမှန်မမှန် ကိုယ်တွေ့သုံးမျိုးနဲ့ တိုက်ကြည့်ရ တယ်။ မိမိကိုယ်တွေ့ ဆရာကိုယ်တွေ့ ဗုဒ္ဓကိုယ်တွေ့ (ပါဠိတော်)ပေါ့။ ဒီသုံးမျိုးမှာလည်း မိမိကိုယ်တွေ့နဲ့ ဆရာကိုယ်တွေ့က မှားရင်မှားနိုင်သေးတယ်။ ဗုဒ္ဓကိုယ် တွေ့တော့ ဘယ်တော့မှမမှားဘူး။ အခုပြောနေတာတွေ ဟာ ဗုဒ္ဓကိုယ်တွေ့ကို မဏ္ဍိုင်ထားပြီးပြော နေတာတွေပါ။ ကဲ အာပေါဓာတ်ရဲ့ အနုစိတ်ဖွဲ့စည်းမှုကိုပြောကြစို့။ စော စောကပြောခဲ့တဲ့ ရုပ်ကလာပ်စည်းပေါင်း သိန်းသန်း

http://www.dhammadownload.com



ကုဋေထိဖွဲ့ စည်းလိုက်ရင် ပရမာဏုမြူတစ်လုံးဖြစ်သွားတယ်။ ပရမာဏုမြူကျတော့ ပုထုဇဉ်တွေမြင်လို့ရတဲ့ ပညတ်ရုပ်ဖြစ်သွားပါပြီ။ ဒါပေမယ့် အလွန်တန်ခိုးကြီးတဲ့ နတ်ဗြဟ္မာအချို့ပဲ မြင်နိုင်ပါသတဲ့။ လေနဲ့အတူ စကြာဝဠာအပြည့် အမြဲတမ်းလွင့်ပါးသွားလာနေပါတယ်။

ပရမာဏုမြူတစ်လုံးဖြစ်သွားအောင် ပရမတ်ရုပ်ကလာပ်ပေါင်း ကုဋေနဲ့ချီပြီးဖွဲ့စည်းပေးတာဟာ အာပေါဓာတ်ရဲ့ သတ္တိပါဘဲ။ ပရမာဏုမြူပေါင်း ၃၆ လုံးဖွဲ့စည်းလိုက်ရင် အဏုမြူတစ်လုံးဖြစ်ပါတယ်။ ဒီအဏုမြူကိုတော့ စက္ခုပသာဒအားအကောင်းဆုံး မွေးဖွားစကလေးငယ်ပဲ မြင်နိုင်ပါတယ်။ ပကတိအရိုထက် အဆပေါင်းသိန်းသန်းမကချဲ့ထားတဲ့ မှန်ဘီလူးနဲ့လည်း ကြည့်လို့မြင်နိုင်ပါသတဲ့။

အဏုမြူတစ်လုံးဖြစ်သွားအောင် ပရမာဏုမြူပေါင်း (၃၆) လုံးကို ဖွဲ့စည်းပေးတာလည်း အာပေါဓာတ်ရဲ့ သတ္တိပါပဲ။ အဏုမြူပေါင်း (၃၆) လုံးကိုဖွဲ့စည်းလိုက်ရင် တဇ္ဇာရီမြူဖြစ်လာပါတယ်။ မှောင်နေတဲ့အခန်းထဲမှာ ထရံပေါက်ကနေ နေရောင်ထိုးဝင်နေတာ တွေ့ဖူးလိမ့်မယ်။ အဲဒီနေရောင်အတန်းထဲမှာမြင်နေရတဲ့ မြူမှုန်လေးတွေဟာ တဇ္ဇာရီမြူမှုန်ပါပဲ။

အိုသွားတဲ့လူတွေဆို မမြင်ရတော့ဘူး။ လူပျိုလူလတ် အရွယ်တွေလောက်ပဲမြင်နိုင်တယ်။ တဇ္ဇာရီမြူတစ်လုံးဖြစ်သွားအောင် အဏုမြူအလုံးပေါင်း (၃၆) လုံးကို

http://www.dhammadownload.com



ဖွဲ့စည်းပေးတာလည်း အာပေါဓါတ်ရဲ့သတ္တိပဲ။ တဇ္ဇာရီမြူ ပေါင်း (၃၆)လုံးကိုဖွဲ့စည်းလိုက်ရင် ရထရေဏုမြူဆိုတာ ဖြစ်သွားတယ်။

ကားတို့ ရထားတို့ ဖြတ်မောင်းသွားတဲ့အခါမှာ ထလာတဲ့ မြူမှုန်မျိုးတွေပါ။ ရထရေဏုမြူတစ်လုံး ဖြစ်လာအောင် တဇ္ဇာရီမြူပေါင်း (၃၆) လုံးကို ဖွဲ့စည်း ပေးတာဟာလည်း အာပေါဓာတ်ရဲ့သတ္တိပါပဲ။ရထရေ ဏုမြူပေါင်း (၃၆) လုံး ဖွဲ့စည်းလိုက်ရင် လိက္ခာမည်တဲ့ ပိုးတစ်ကောင်စာဖြစ်သွားပါတယ်။

လိက္ခာဆိုတဲ့ပိုးရဲ့ ပမာဏက ဦးခေါင်းက သန်း တစ်ကောင်ကို (၇)စိတ်စိတ်ရင် တစ်စိတ်စာလောက် ရှိပါတယ်။ လိက္ခာပိုးဆိုတာ လူတို့ရဲ့အရေပြားမှာမှီပြီး ဖြစ်ကြတယ်။ ဝဲနာယားနာကို ဖြစ်စေတတ်တဲ့ပိုးလို့ ဆိုတယ်။ ဒီလိုလိက္ခာဆိုတဲ့ ပိုးတစ်ကောင်စာဖြစ်သွား အောင် ရထရေဏုမြူပေါင်း (၃၆)လုံးကို ဖွဲ့စည်းပေးတာ ဟာလည်း အာပေါဓာတ်ရဲ့သတ္တိပါပဲ။

လိက္ခာဆိုတဲ့ ပိုးတစ်ကောင်စာ မြူမှုန်ပေါင်း များစွာကို အာပေါဓာတ်က ဖွဲ့စည်းပေးလိုက်တဲ့အခါ မင်းတို့ငါတို့အခုမြင်နေရတဲ့ ခန္ဓာကိုယ်ကြီးဖြစ်လာတာပါပဲ။ ဒီတော့ ဉာဏ်မျက်စေ့နဲ့ ကြည့်လိုက်ရင် ဒီခန္ဓာမှာဓါတ် (၈)ပါး ကလာပ်စည်းပေါင်းမရေနိုင် မတွက်နိုင်အောင် ရှိနေတယ်။ မြေဆုပ်မှာရှိတဲ့ ဖုံမှုန့်ပေါင်းများစွာကို အာပေါဓာတ်က ဘေးထွက်မကျအောင် ဖွဲ့စည်းပေးထား

http://www.dhammadownload.com



သလို

မင်းတို့ ငါတို့ခန္ဓာမှာရှိတဲ့ ပရမတ်ရုပ် ကလာပ်စည်းပေါင်းများစွာကို ဘေးထွက်ကျမသွားအောင် အာပေါဓာတ်ကဖွဲ့စည်းပေးထားတာပါ။ ရုပ်ဓာတ် (၈)ခုပေါင်းထားတာကို ကလာပ်တစ်စည်းခေါ်ကြောင်း ရှေ့မှာပြောခဲ့ပြီ။

အဲဒီကလာပ်စည်းတွေ ခန္ဓာမှာ အပြည့်အကျပ်ရှိနေပေမယ့်လို့ တစ်ခုနဲ့တစ်ခု မရောယှက်အောင်ပိုင်းခြားပေးတဲ့ဓာတ်တစ်မျိုးကို အာကာသဓာတ်လို့ခေါ်တယ်။ ဒီအာပေါဓာတ်ဟာလည်း တေဇောဓာတ်ရဲ့လောင်မြိုက်မှုကြောင့် ပထဝီဓာတ်လိုပဲ မရပ်မနားဖြစ်ပျက်နေတာပါ။ ဒါကို ဉာဏ်နဲ့သိပြီး အာပေါဓာတ်အနိစ္စလို့ရှုနိုင်ပါတယ်။ ဒီမြူတွေကို သိပ္ပံပညာကလည်း တတ်နိုင်သလောက်တော့ရှာဖွေလာကြပြီ။

သူတို့ပေးထားတဲ့ သိပ္ပံအမည်တွေက

| | | |
|---|---|---|
| တဇ္ဇာရီမြူကို | = | မော်လီကျူ |
| အဏုမြူကို | = | အက်တွမ် |
| ပရမာဏုမြူကို | = | အီလက်ထရွန်၊ နယူထရွန်၊ ပရိုတွန် |
| ဓါတ်ရှစ်ပါးပေါင်းကို | = | အင်နာဂျီ ENERGY |

လို့ခေါ်သတဲ့ နောက်ရုပ်တရားတွေရဲ့ အနိစ္စမမြဲပုံကိုလည်း အရင်နဲ့စာရင် သိပ္ပံပညာဟာအများကြီးသိလာကြပြီ။

http://www.dhammadownload.com



ဝိပဿနာက ဖြစ်ပျက် အနိစ္စလို့ရှုတဲ့ ရုပ်ကလာပ်စည်းကို ဆေးဘက်ဆိုင်ရာက CELL ဆဲလ်လို့ခေါ်သတဲ့။သိပ္ပံ လောကဓာတ်ဆရာတွေကတော့ PROTOPLASM ပရိုတိုပလပ်ဇမ်လို့ခေါ်သတဲ့။

အဲဒီပရိုတိုပလပ်ဇမ်ရုပ်နုကလေးတွေဟာ အမြဲ တမ်းခုန်နေတာကို သူတို့မှန်ဘီလူးနဲ့ ကြည့်တာမြင်ရ သတဲ့ ဒီရုပ်နုလေးတွေဟာ ထခုန်တာနဲ့ပျက်တာပဲတဲ့။ ပျက်သွားတဲ့နေရာမှာ ရုပ်နုအသစ် ဖြစ်လိုက် ထခုန်လိုက်၊ ပျက်လိုက်နဲ့ အတော်ကိုမြန်သတဲ့။ အဲဒီမြန်နှုန်းကို တွက်ကြည့်တဲ့အခါ NANOSECOND နာနိုစက္ကန့်တစ် စက္ကန့်အချိန်ကြာသတဲ့။

နာနိုစက္ကန့်တစ်စက္ကန့်ရဲ့ အချိန်ဟာ ယခုသုံးစွဲ နေကြတဲ့ ရိုးရိုးစက္ကန့်ရဲ့ သန်းပေါင်းတစ်ထောင်ပုံ တစ်ပုံ လောက်ထိပဲကြာသတဲ့။ သန်းပေါင်းတစ်ထောင်ကို ကုဋေ ဖွဲ့လိုက်ရင် ကုဋေတစ်ရာပေါ့။ ဗုဒ္ဓဟောခဲ့တဲ့ ပရမတ် ရုပ်တွေရဲ့ပျက်နှုန်းက တစ်စက္ကန့်အတွင်းမှာ အကြိမ်ပေါင်း ကုဋေ (၅၈၀၀)ကျော်ပျက်တယ်ဆိုတော့ ဗုဒ္ဓဟောတော် မူတဲ့အတိုင်း သိပ္ပံပညာက လိုက်သိဖို့ကတော့ အများကြီး လိုပါသေးတယ်။

အာပေါဓာတ်အကြောင်း ပြီးသွားရင် တေဇောဓာတ်အကြောင်းသွားကြရအောင်။ တေဇောဓာတ်ဟာ ရင့်ကျက်ခြင်းလို့ အဓိပ္ပါယ်ရပါတယ်။ အအေးနဲ့အပူဟာ ရင့်ကျက်ခြင်းကိုဖြစ်စေတတ်တဲ့ အကြောင်းတရားတွေ

http://www.dhammadownload.com



ဖြစ်လို့ သူတို့ကို တေဇောဓာတ်လို့ခေါ်ချင်လည်း ခေါ်နိုင်ပါတယ်။ အအေးနဲ့အပူဆိုတာကတော့ လက်နဲ့တွေ့ထိကြည့်လို့ရနိုင်ပါသေးတယ်။

ရင့်ကျက်ခြင်းသဘောတရား တေဇောဓာတ်စစ်စစ်ကိုတော့ ဉာဏ်နဲ့ပဲသိနိုင်ပါတယ်။ မီးကိုမတွေ့လိုက်ရသော်လည်း မီးလောင်ပြင်ကိုကြည့်ပြီး မီးရှိကြောင်းသိရသလို လူ့ခန္ဓာမှာငယ်ငယ်ကနဲ့ မတူဘဲ အိုလာတာ နာလာတာကြည့်ပြီး တေဇောဓာတ်ရှိကြောင်း သိနိုင်ပါတယ်။ ဆံဖြူလာတာ၊ နားထိုင်းလာတာ၊ မျက်စိမှုန်လာတာ၊ ခါးကိုင်းလာတာတွေကိုကြည့်ပြီး ရင့်ကျက်တဲ့တေဇောဓာတ်ကိုမမြင်ရသော်လည်း တေဇောဓာတ်ကလောင်သွားကြောင်း သိနိုင်ပါတယ်။

သေမင်းဆိုတာ အကောင်အထည်အနေနဲ့ရှိတာမဟုတ်ပါဘူး။ တေဇောဓာတ်လောင်လို့ သေသွားကြရတာပါ။ တေဇောဓာတ်ကိုပဲ သေမင်းအဖြစ်တင်စားပြီးပြောကြတာပါ။ တေဇောဓာတ်လောင်လို့ နာတာပါ။ တေဇောဓာတ်လောင်လို့ အိုတာပါ။ တေဇောဓာတ်လောင်လို့သေတာပါ။ တေဇောဓာတ်ကို မီးနဲ့ဥပမာပေးရင်တော်တော်သဘာဝကျပါတယ်။

ဖယောင်းတိုင်မီးနဲ့ တေဇောဓာတ်ကို ဥပမာပေးရအောင် တေဇောဓာတ်က ဖယောင်းတိုင်ကမီး ကျန်ရုပ်နဲ့ နာမ်တွေက ဖယောင်းသားပေါ့။ မီးတောက်ဟာဖယောင်းသားကို တဖြည်းဖြည်းခြင်းကုန်အောင် လောင်

http://www.dhammadownload.com



ပစ်နေသလို သူလည်း ကုန်လိုက်ပျက်လိုက်နေတာ ပါပဲ။ နောက်ဆုံး ဖယောင်းသားကုန်တော့ သူလည်းကုန် တာပဲ။

ဒီဥပမာအတိုင်းပဲ တေဇောစာတ်ဟာ ကြွင်းတဲ့ ရုပ်နာမ်တွေကို အမြဲပျက်စီးအောင် လောင်ကျွမ်းနေသလို တေဇောဓာတ် ကိုယ်တိုင်လည်း ကျန်ရုပ်များနဲ့အတူ ပျက်စီးလိုက်နေတာပါ။ ကျန်ရုပ်နာမ်တွေ တစ်ဘဝတာ ပျက်စီးပြီး ချုပ်သွားရင်သူလည်း ချုပ်သွားတာပါပဲ။ အဲဒီလို ကျန်ရုပ်နာမ်တွေကိုလည်း ပျက်စေ သူကိုယ်တိုင်လည်း တရစပ်ပျက်နေတဲ့ တေဇောဓာတ်ကို ဉာဏ်နဲ့သိပြီး တေဇောအနိစ္စ တေဇောအနိစ္စလို့ ရှုပွားနိုင်ပါတယ်။

အန္ဓပုထုဇဉ်တွေဟာ တေဇောဓာတ်ကို မိမိကို သေအောင်သတ်တဲ့ မရဏာဓာတ်မီးကြီးမှန်းမသိတော့ ကုသိုလ်တွေပြုပြီး ဘဝအမျိုးမျိုးကို ဆုတောင်းယူ ကြတယ်။ လူနတ်ဗြဟ္မာဘယ်ဘဝ ရုပ်နာမ်ကိုရရ မရဏာ ဓာတ်မီးလို့ခေါ်တဲ့ တေဇောဓာတ်ဟာပါပြီးသားပါ။ ဘယ် ဘဝကိုရရပါလို၏လို့ ဆုတောင်းသည်ဖြစ်စေ တေဇော ဓာတ်လောင်ပြီး သေရပါလို၏လို့ ဆုတောင်းတာနဲ့ အတူ တူပါပဲ။

သံဝေဂဖြစ်ဖွယ်ဇာတ်တော်လေးတစ်ခု ဖတ်ဖူး တယ်။ တရားသဘောပါတဲ့နေရာလေးပဲ ချုပ်ပြောမယ်။ ချစ်ခင်ယုယစွာ ပေါင်းသင်းနေတဲ့ မင်းသားနဲ့မင်းသမီး ရှိတယ်။ အရွယ်ကောင်းစဉ် အချိန်မှာပဲ မင်းသားဟာ

http://www.dhammadownload.com



ရောဂါတစ်ခုနဲ့ဆုံးပါးသွားတယ်။ မင်းသားဆုံးပြီး မကြာသောအချိန်မှာပဲ လှပတဲ့မင်းသားလေးတစ်ပါးဟာ ပျိုမြစ်လှပတုန်းဖြစ်တဲ့ မုဆိုးမမင်းသမီးလေးဆီကို လူပျိုလှည့်လာတယ်။

ရွှေလင်ပန်းတစ်ချပ် လက်ဆောင်ပေးပြီး သူ့ကို လက်ဆက်ဖို့ပြောတယ်။ မင်းသမီးလေးဟာ ကွယ်လွန်သွားတဲ့ မင်းသားလေးကို လွမ်းနေတုန်းဆိုတော့ စိတ်မဝင်စားဘူး။ လက်မဆက်နိုင်ကြောင်း တစ်ခါတည်း ငြင်းပယ်လိုက်တယ်။ မင်းသားလေးက လက်မလျှော့ဘူး။ ဒုတိယနေ့ ဆက်ရောက်လာပြန်တယ်။

ဒုတိယနေ့ကျတော့ ငွေလင်ပန်းကို လက်ဆောင်ပေးပြီး လက်ဆက်ခွင့်တောင်းပြန်တယ်။ ဒါလည်း မင်းသမီးလေးကငြင်းလိုက်တယ်။ တတိယနေ့ပြန်လာပြန်တယ်။ တတိယနေ့ကျတော့ ကြေးလင်ပန်းကို လက်ဆောင်ပေးပြီး ချစ်ရေးဆိုပြန်တော့ မင်းသမီးက ဒေါသထွက်ပြီးပြောသတဲ့။ အသင်မင်းသားဟာ အတော်အသိဉာဏ်နည်းတယ်။

တကယ်ဆိုရင် တစ်ရက်ထက် တစ်ရက်တန်ဖိုးများသထက်များတာနဲ့ပဲ လက်ဆောင်ပေးပြီး ချစ်ရေးဆိုသင့်တယ်။ အခုတော့ တစ်ရက်ပြီးတစ်ရက် တန်ဖိုးနည်းသထက်နည်းတာကိုပေးပြီး ချစ်ရေးဆိုတော့ သူ့အလိုကို ဘယ်သူကလိုက်မှာလဲလို့ ပြောလိုက်တယ်။ ဒီတော့မှ မင်းသားလေးက တရားသဘောပါတဲ့စကားနဲ့ ပြန်ရှင်းတယ်။

http://www.dhammadownload.com



အသင်မင်းသမီး ငါဟာ အသိဉာဏ်ရှိတဲ့ မင်းသားတစ်ယောက်သာဖြစ်တယ်။ သင့်ခန္ဓာကိုယ် ဆုတ်ယုတ်မှုအတိုင်းလိုက်ပြီး လက်ဆောင်ထိုးတာဖြစ်တယ်။ သင်ဟာ တစ်ရက်ပြီးတစ်ရက် အိုပြီးတော့ပဲလာတယ်။ ပျိုပြီးတော့လာတာမဟုတ်ဘူး။ ဒါ့ကြောင့် သင့်ရဲ့ တန်ဖိုးဟာ တဖြည်းဖြည်း ကျလာနေတာဖြစ်တယ်။

ဒါ့ကြောင့် ငါဟာ လက်ဆောင်ကိုလည်း တန်ဖိုးလျှော့လျှော့ပြီး ပေးသွားတာဖြစ်တယ်လို့ ပြောလိုက်တော့ မင်းသမီးဟာ တရားသဘောအပေါ် လင်းကနဲ ဖြစ်သွားတာပေါ့။ အဲဒီအချိန်ကျမှ မင်းသားလေးက အဖြစ်မှန်ကိုထုတ်ပြောတယ်။ သူဟာ မင်းသမီးရဲ့ အရင်ဘဝကခင်ပွန်းပါပဲ။ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တရားတွေ အချိန်မဆွဲဘဲပြုခဲ့လို့ အခုဆိုရင် နတ်ပြည်ရောက်နေပါပြီတဲ့။

အသင်မင်းသမီးလည်း အလှမာန်တွေတက်ပြီး ကုသိုလ်တရားတွေကို မေ့နေမှာစိုးလို့ သတိပေးလာရခြင်းဖြစ်ကြောင်း ပြောပြီးပြန်သွားသတဲ့။ ဒီဇာတ်တော်ထဲက မင်းသားလေးပြောသလို မင်းတို့ ငါတို့တစ်တွေဟာ တေဇောဓာတ်မီးရဲ့ အမြဲလောင်မြိုက်နေမှုကြောင့် အိုခြင်းဆိုတဲ့ ဇရာတရားဟာ အမြဲနှိပ်စက်နေတာပါ။

သေခြင်းဆိုတဲ့ မရဏာကလည်း နှိပ်စက်ရအောင် အမြဲ အသင့်စောင့်နေတာပါ။ ဒါ့ကြောင့် အအို၊ အသေ မဦးခင်မှာ ဝိပဿနာကို ရှုပွားဖြစ်ဖို့ အင်မတန်အရေးကြီး

http://www.dhammadownload.com



ပါတယ်။ ဒီကြားထဲ တတိယအရွယ်မှာ တရားရှာဆိုတဲ့ စကားကြီးက လူတွေကို အပါယ်များများကျအောင် ရိုက်ပို့သလိုဖြစ်နေတယ်။ ဝိပဿနာဆိုတာဉာဏ်ပညာ အလုပ်ကွ။

အသက်ကြီးတော့ ဉာဏ်တွေထိုင်းသွားပြီ။ ပရမတ်သဘော ဓာတ်သဘောတွေကို ဘယ်လောက် ပြောပြော သဘောပေါက်ဖို့ မလွယ်တော့ဘူး။ ဒါ့ကြောင့် ပထမအရွယ် ဉာဏ်အကောင်းဆုံးအရွယ်မှာ ဝိပဿနာ လိုက်စားထားရင် ပိုတောင်ကောင်းသေးတယ်။ ဒါ့ကြောင့် ဘုရားလက်ထက်က (၇)နှစ်သား (၇)နှစ်သမီးနဲ့ ရဟန္တာ ဖြစ်ကြတာတွေများတာ။

တတိယအရွယ်မှာ တရားရှာဆိုတဲ့စကားက မင်းတို့ လူ့လောကမပြောနဲ့။ ငါတို့ ရဟန်းလောကထိ အောင်လာပြီး ဒုက္ခပေးတယ်။ ငါ (၁၈) နှစ်သား အရွယ် ကတည်းက မိုးကုတ်ဆရာတော် ဘုရားကြီးရဲ့ ဟောစဉ် တရားတွေကို အငန်းမရဖတ်နေပြီ။ တစ်နေ့ စာမေးပွဲဖြေ ပြီးလို့ မိတ်ဆွေကိုရင်တစ်ပါးရဲ့ရွာကို အလည်လိုက် သွားတယ်။

အဲဒီရွာကျောင်းဘုန်းကြီးက ငါ့လက်ထဲကတရား စာအုပ်ကိုလည်းမြင်ရော "အံမယ် ကိုရင်ဇဝနက ငယ် ငယ်လေးနဲ့ ဝိပဿနာတရားတွေ လိုက်စားနေပြီလား" လို့ တအံ့တသြမေးတယ်။

အဲဒီဆရာတော်ဟာ အသက် ၆၀ ကျော်နေပြီ၊ ဒီအချိန်ထိ

http://www.dhammadownload.com



အောင် ဝိပဿနာလိုက်စားဖို့ သတိမရရှာဘူး။ အဲသလို သတိမရတဲ့အတွက် အဖြစ်ဆိုးနဲ့ကြုံသွားရတဲ့ ရဟန်းတော်တစ်ပါးကို ငါငယ်ငယ်က လက်တွေ့တွေ့ဖူးတယ်။ ဒီအချိန်က ငါကိုရင်ဖြစ်စအချိန်ပေါ့။ ငါကိုရင်ဖြစ်တဲ့ ကျောင်းက မန္တလေးမြို့ မူလဖီးဘန်နီကျောင်းတိုက် ပညာ့ဗိမာန်သာသနာပြုကျောင်းပဲ။

ရန်ကုန်–မန္တလေးကားလမ်းဘေးမှာပဲရှိတယ်။ တို့ကျောင်းကနေ လေးမှတ်တိုင်ကျော်ကျော်လောက်မှာ ဆင်ဖြူကန်သုသာန်ဆိုတာရှိတယ်။ မန္တလေးမြို့ပေါ်က သေတာမှန်သမျှ ဒီသုသာန်မှာ လာသင်္ဂြိုဟ်တာများတယ်။ မန္တလေးဆေးရုံကြီးမှာသေတဲ့ လူနာဆိုရင်လည်း ဒီသုသာန်ပဲလာချတယ်။

အသုဘချတိုင်း တို့ကျောင်းရှေ့ကဖြတ်သွားတာကို အမြဲတွေ့နေရတာပေါ့။ တစ်နေ့ တို့ဆရာတော်နဲ့ ရွယ်တူ မန္တလေးမြို့ထဲကျောင်းက ဆရာတော်တစ်ပါး ညနေလမ်းလျှောက်ရင်း ကျောင်းထဲကိုအလည်ဝင်လာတာတွေ့ရတယ်။ ဆရာတော်နှစ်ပါးလုံးဟာ သက်တော် လေးဆယ်စွန်းစွန်းဆီလောက်ပဲ ရှိကြပါသေးတယ်။

စကားစပ်ရင်းက တို့ဆရာတော်ကပြောတယ်။ "ဦးဝိလာသ ရေ တပည့်တော်တို့ အရှင်ဘုရားတို့လည်း အသက်လေးဆယ်ကျော်လာကြပြီ။ ပေါ့ပေါ့မနေသင့်တော့ အသေပြင်တဲ့တရားကို ကြိုးလုပ်ထားသင့်ပြီ" လို့ ပြောလိုက်တော့ အဲဒီဆရာတော်ကပြန်ပြောတယ်။ ဦးပညာသာမိရာ

http://www.dhammadownload.com



အသက်လေးဆယ်ဆိုတာ မကြီးသေးပါဘူး။

သေဖို့ရာ အဝေးကြီးလိုပါသေးတယ်။အနောက်နိုင်ငံတွေမှာဆိုရင် အသက်လေးဆယ်မှ ဘဝစတယ်လို့ ဆိုကြတာပါလို့ ပြန်ပြောတယ်။ မင်းလည်း အဲဒီစကား ကြားဘူးတယ်မဟုတ်လား။

သန်း ကြားဘူးပါတယ်ဘုရား။

နုပ် အေး ကြည့်ထား။ အဲဒီစကားက ဒီဘုန်းကြီးကို ဒုက္ခပေးသွားလိမ့်မယ်။ များများမကြာဘူး။ ဒီဘုန်းကြီးပြန်သွားပြီး လေးရက်လောက်ပဲကြာသေးတယ်။ တစ်နေ့ မြို့ထဲကနေ ရှေ့ဝင်းနောက်ဝင်းခင်းပြီး ဆိုင်းအဖွဲ့မျိုးစုံနဲ့ ဘုန်းကြီးပျံချလာတယ်။

သန်း ရှေ့ဝင်းနောက်ဝင်းဆိုတာ ဘာပြောတာလဲဘုရား။

နုပ် ရှေ့ဝင်းနောက်ဝင်းဆိုတာ ပုဂံခေတ်၊ ရတနာပုံခေတ် ဘုရင်၊ မိဖုရား၊ အိမ်ရှေ့မင်း၊ မင်းညီမင်းသားကစ နန်းတွင်းသူ နန်းတွင်းသား အဝတ်အစားတွေကို အပြည့်အစုံဝတ်ပြီး အလောင်းကိုလိုက်ပို့ကြတာပါပဲ။ ဘုရင်နောက်ဆုံးနေသွားတဲ့မြို့ဆိုတော့လည်း ဘုရင် မိဖုရားပုံတွေကို အလွမ်းပြေကြည့်ရအောင် မန္တလေးသူ၊ မန္တလေးသားတွေထွင်ထားတဲ့ အထက်မြန်မာပြည်က ယဉ်ကျေးမှုတစ်ခုပေါ့။

စည်စည်ကားကားဆိုတော့ ဆရာတော်ရောတို့ညီအစ်ကို ကိုရင်နှစ်ပါးလုံးပါ ထွက်ကြည့်ကြတယ်။ ဘုန်းကြီးအလောင်းတင်ထားတဲ့ ကရဝိက်ပုံစံကားကြီး

http://www.dhammadownload.com



ကျောင်းရှေ့လည်းရောက်လာရော တို့ဆရာတော် ပါးစပ်ပြုံသွားသလို ငါလည်းမျက်လုံးပြူးသွားတယ်။

မှန်ခေါင်းဘေးမှာထောင်ထားတဲ့ ဓာတ်ပုံကြီး အောက်မှာ ရေးထားတာက ဆရာတော် ဦးဝိလာသ သက်တော် (၄၂) နှစ် သိက္ခာတော် (၂၂)ဝါတဲ့၊ အရင် လေးရက်လောက်ကမှ ကျောင်းကိုရောက်လာပြီး ဦးပညာ သာမိရာ အသက်လေးဆယ်ကျော်ဆိုတာ ငယ်ငယ်လေး ရှိပါသေးတယ်။ မသေနိုင်သေးပါဘူး။အနောက်နိုင်ငံတွေ မှာဆိုရင် အသက်လေးဆယ်ကျော်မှ ဘဝစတာလို့ ပြောခဲ့တဲ့ ဘုန်းကြီးဖြစ်နေတယ်။

သန်း သတိသံဝေဂရစရာပါပဲဆရာတော်။

နုပ် အေး ဒါ့ကြောင့် အသေမဦးမီ ဉာဏ်ဦးဖို့ လူတိုင်းအတွက် အရေးကြီးတယ်။ ဝါယောဓာတ်အကြောင်းနဲ့ အန္တပုထုဇဉ် တွေဟာ ကိုယ့်ကိုကိုက်သတ်မယ့် မြွေဆိုးလေးကောင်ကို ကိုယ်ကိုယ်တိုင်ကျွေးမွေးပြုစုရတာနဲ့တူပုံ အကြောင်းကို နောက်အပါတ်မှ ဆက်ကြရအောင်။

## နေလျှင်ခြောက်ချက်

၁။ အဖိုးမထိုက်သော ကိလေသာအခွာရခက်သည်။

၂။ မထင်ရှားသော ကြိုးဆယ်စင်းအဖြေရခက်သည် (သံယောဇဉ် ၁၀ပါး)

၃။ အခိုးမထွက်သောရာဂမီး (၁၁)မီး အငြိမ်းရ

http://www.dhammadownload.com



ခက်သည်။

၄။ မဝေးသောနိဗ္ဗာန်ခရီးအသွားရခက်သည်။

၅။ အရှင်မရှိသောဥစ္စာ အရှာရခက်သည်။
(သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပသူတော်ကောင်းတရား (၇)ပါး)

၆။ ကိုယ်ဝန်ဆောင်သော ယောက်ျားအဖွားရခက်သည်။
(အရိယာစာရင်းဝင်မှ ယောက်ျားစစ်စစ်ဖြစ်သည် ဟုခေါ်သည်။)

## သေလျှင်ခြောက်ချက်

၁။ ဥစ္စာပစ္စည်းမည်မျှချမ်းသာသည်ဆိုစေကာမူ မွဲ၍သေပါလိမ့်မည်။

၂။ ဆဒ္ဒန်ဆင် ခွန်အားမည်မျှကောင်းသည် ဆိုစေကာမူ အားကုန်၍ သေပါလိမ့်မည်။

၃။ အစားအစာကောင်းကို မည်မျှစားနိုင်သည် ဆိုစေကာမူ ငတ်၍သေပါလိမ့်မည်။

၄။ စကားပြောမည်မျှ ကောင်းသည်ဆိုစေကာမူ အ၍သေပါလိမ့်မည်။

၅။ နတ်မိမ္မိ လှမမျှလှပသည်ဆိုစေကာမူ အရုပ်ဆိုး၍ သေပါလိမ့်မည်။

၆။ စုံမက်ချစ်ခင်သူများသည်ဆိုစေကာမူ အမုန်းခံ၍ သေရပါလိမ့်မည်။

http://www.dhammadownload.com



(စတုဘုမ္မိကငှက်တွင်းဆရာတော် ဦးပဏ္ဍိတ)

## မြွေလေးကောင်ကို လုပ်ကျွေးပြုစုသူများ ရဟန္တာဖြစ်မှု ဗုဒ္ဓအလိုကျ

နသီလဗ္ဗတ မတ္တေန၊ ဗာဟုသစ္စေဝါပန
အထဝါသမာဓိလာဘေန ဝိဝိတ္တသယနေနဝါ
ဖုသာမိနေက္ခမ္မသုခံ အ ပုထုဇ္ဇနသေဝိတံ
ဘိက္ခု ဝိဿာသ မာပါဒိ အ-ပတ္တောအာသဝက္ခယံ။

(ဓမ္မပဒ ၂၇၁၊ ၂၇၂)

ရဟန်း သင်သည် ရဟန္တာဖြစ်ခြင်းသို့ မရောက်သေးပဲ သီလစင်ကြယ်ရုံမျှ၊ ဓုတင်ဆောင်နိုင်ရုံမျှဖြင့် စိတ်ချလက်ချ နေခြင်းသို့ မရောက်လင့်။

ပိဋကတ်သုံးပုံဆောင်နိုင်သည့် တိုင်အောင် အကြားအမြင်များရုံမျှဖြင့်လည်း စိတ်ချလက်ချ နေခြင်းသို့ မရောက်လင့်။

ဈာန်သမာပတ် ၈ ပါးကို ရရုံမျှဖြင့်လည်း စိတ်ချလက်ချနေခြင်းသို့မရောက်လင့်။

ဆိတ်ငြိမ်သော တောကျောင်း၌နေနိုင်ရုံမျှဖြင့်လည်း စိတ်ချလက်ချနေခြင်းသို့ မရောက်လင့်။

ပုထုဇဉ်တို့ မမှီဝဲနိုင်သော အနာဂါမိ ဖိုလ်ချမ်းသာကို တွေ့နိုင်ရောက်နိုင်သည်ဟူ၍

http://www.dhammadownload.com



လည်း စိတ်ချလက်ချနေခြင်းသို့ မရောက်လင့်။

နုပ် ဝါယောဓာတ်အကြောင်းကိုပြောရအောင် ဝါယောဓာတ်ကို လေလို့သိရုံနဲ့တော့ ပရမတ်ပေါက်အောင်သိတယ်လို့ မဆိုနိုင်သေးဘူး။ ဝါယောဓာတ်ရဲ့ ပရမတ်သဘောက ထောက်ကန်တဲ့ သဘောနဲ့ လှုပ်ရှားတဲ့သဘောပဲ။ မင်း အခုထိုင်နေတယ်မဟုတ်လား။

သန်း ထိုင်နေတယ်ဘုရား။

နုပ် ဝါယောဓာတ်အကြောင်းကို သိမထားရင် ငါထိုင်ချင်သလို ထိုင်လို့ရတယ်။ ထိုင်တာဟာ ငါပဲလို့ အယူမှားနေမှာပဲ။ တကယ်တော့ ဝါယောဓာတ်ရဲ့ ထောက်ကန်ပေးမှုကို မရရင် ကိုယ်ထိုင်ချင်တိုင်းထိုင်လို့မရပါဘူး။ မင်း ဒီနေရာ ရောက်တာနဲ့ ထိုင်ချင်စိတ်ပေါ်လာတယ်။ အဲဒီထိုင်ချင် စိတ်ကထိုင်လို့ ရအောင်ထောက်ကန်ပေးမယ့် ဝါယော ဓာတ်တွေကိုဖြစ်စေတယ်။ စိတ်ကြောင့်ဖြစ်တဲ့ ဝါယော ဓာတ်မို့ ပါဠိလို စိတ္တဇဝါယောဓာတ်လို့ ခေါ်တယ်။

ဒီစိတ္တဇဝါယောဓာတ်က ခန္ဓာကြီးကို ခေါက်ခွေ သွားအောင်လုပ်ပေးပြီး ထိုင်သခိုက်မှာလဲကျမသွားအောင် ထောက်ကန်ပေးထားရတယ်။ အဲဒီထောက်ကန်ပေးထား တဲ့ သဘောလေးကို ဝါယောဓာတ်လို့ခေါ်တာပဲ။ တစ်ခါ ထိုင်ရာကနေ ထတော့မယ်ဆိုတာနဲ့ ထချင်တဲ့စိတ်က ဝါယောဓာတ်တွေကိုဖြစ်စေပြန်တယ်။

ထချင်တဲ့စိတ်ကြောင့် ဖြစ်တဲ့ဝါယောဓာတ်တွေက ခန္ဓာကိုယ်ကို ဖြောင့်မတ်ပြီးထပေးလိုက်တာပဲ။ တစ်ခါ

http://www.dhammadownload.com



ထရာကနေ သွားတော့မယ်ဆိုတာနဲ့ သွားချင်တဲ့စိတ်က ဝါယောဓာတ်ကိုဖြစ်စေပြန်တယ်။ ဒီဝါယောဓာတ်က လှုပ်ရှားသွားလာတဲ့အမူအယာကို ဖြစ်စေတာပဲ။

ဒါ့ကြောင့် လျှောင်းရင်လည်း ဝါယောဓာတ်က လျှောင်းတယ်၊ ထိုင်ရင်လည်း ဝါယောဓာတ်ကထိုင်တယ်၊ ရပ်ရင်လည်း ဝါယောဓာတ်ကရပ်တယ်၊ သွားရင်လည်း ဝါယောဓာတ်ကသွားတယ်ဆိုတာကို ဉာဏ်ကသိပေး လိုက်ရင် ငါ သူ ပုဂ္ဂိုလ် သတ္တဝါဆိုတာပျောက်တာပဲ။ ခဏရှုရင် ခဏပျောက်တာပေါ့၊ ကြာကြာရှုရင် ကြာကြာ ပျောက်တာပေါ့။

ဒီထက်ကြာကြာရှုလို့အချိန်ကျလာပြီဆိုရင် ငါစွဲဒိဋ္ဌိဟာ အမြစ်ပြတ်ပျောက်ပြီး မဂ်ဖိုလ်ရတော့တာပဲ။ ဒါ့ကြောင့် သတိရသလောက်ရှုမှတ်ပွားများနေတာဟာ ယောဂီအလုပ်လို့ပြောခဲ့တာပေါ့။ ဒီဝါယောဓာတ်ဟာလည်း ပထဝီ၊ အာပေါ၊ တေဇောဓာတ်တို့လို ထောက်ကန်ပေးတဲ့ သဘော လှုပ်ရှားပေးတဲ့သဘောလေးပါပဲ။

အကောင်အထည် အတုံး၊ အလုံးအခဲ၊ အရည် အဖတ်၊ အမှုန်အမွှားတစ်ခုမှမပါပါဘူး။ သူလည်း တစ်စက္ကန့်အတွင်းမှာ အကြိမ်ပေါင်း ကုဋေ (၅၈၈၀) ကျော်ပျက်နေတာပါ။ ပျက်လိုက် အသစ်ဖြစ်လိုက် ပျက်လိုက် အသစ်ဖြစ်လိုက်နဲ့ ရပ်နားမနေပါဘူး၊ ဒါကို ဉာဏ်နဲ့သိပြီး ဝါယောဓာတ် အနိစ္စ မြဲမြန်မာလို ဝါယော ဓာတ်အမြဲမရှိ၊ ဝါယောဓာတ်အမြဲမရှိလို့ စိတ်ထဲက

http://www.dhammadownload.com



သိပေးနေတာဟာ ဝိပဿနာပွားနေတာပါပဲ၊ ဣရိယာပုတ်လေးပါးလုံး အဆင်ပြေသလိုပွားနိုင်ပါတယ်။

ဒီခါတ်ကြီးလေးပါးနဲ့ပတ်သက်ပြီး ဟောထားတဲ့ အာသီဝိ သောပမသုတ်ဆိုတာရှိတယ်။ အန္ဓပုထုဇဉ်တွေ သတိသံဝေဂရဖို့အတွက် ဗုဒ္ဓပေးခဲ့တဲ့ ဥပမာပါ။ ဘုရင်တစ်ပါးမှာ အလွန်အဆိပ်ပြင်းတဲ့ မြွေကြီးလေးကောင် မွေးထားတာရှိတယ်။

အဆိပ်ကလည်း ကိုက်လိုက်တာနဲ့ ချက်ခြင်းလဲသေလောက်အောင် ပြင်းတယ်။ အခက်အခဲဖြစ်နေတာက ဒီမြွေကြီးလေးကောင်ကို စောင့်ရှောက်ကျွေးမွေးရဲတဲ့သူမရှိဘဲဖြစ်နေတာပဲ။ နောက်တော့ ပညာရှိတွေရဲ့ အကြံပေးချက်အရ သေဒဏ်ကျပြီးသား ရာဇဝတ်သားတစ်ယောက်ကို တာဝန်ပေးလိုက်တယ်။

သေဒဏ်ကျပြီးသားဆိုတော့ မြွေကိုက်သေလည်း ကိစ္စမရှိဘူးပေါ့။ ဒါနဲ့ ရာဇဝတ်သား တစ်ယောက်ဟာ မြွေတွေကို ပြုစုလုပ်ကျွေးရမယ့်တာဝန်ရသွားတယ် ရာဇဝတ်သားကတော့ ဒီမြွေတွေကို အဆိပ်ပြင်းတယ် ကိုက်မိရင် ချက်ခြင်းလဲသေနိုင်တယ်ဆိုတာမသိဘူး။

ဘုရင်ကိုယ်တိုင် မွေးထားတာဆိုတော့ မြွေကောင်းတွေပဲထင်ပြီး ရေချိုးပေး၊ အစာခွံ့ကျွေး အိပ်ယာပေါ်သိပ်ပေးနဲ့ သေချာပြုစုစောင့်ရှောက်တယ်။ မြွေတွေစိတ်ကောင်းဝင်နေတဲ့အချိန်နဲ့ကြုံနေတော့ ချက်ခြင်းတော့ အကိုက်မခံရသေးဘူးပေါ့။ မြွေတွေ စိတ်ဆိုးတဲ့နေ့မှာ

http://www.dhammadownload.com



ချက်ခြင်း အကိုက်ခံပြီးသေရမှာပဲ။

ဒါကိုသိနေတဲ့ သနားတတ်တဲ့ မင်းချင်း တစ်ယောက်က ရာဇဝတ်သားကိုသွားသတိပေးတယ်။ အမောင်ရာဇဝတ်သား ဒီမြွေတွေဟာ အလွန်အဆိပ်ပြင်း တဲ့ မြွေတွေဖြစ်တယ်။ ကိုက်မိရင် ချက်ခြင်းသေစေနိုင် တယ်။ အမောင့်ကို စေတနာရှိလို့ ဒီရာထူးခန့်ထားတာ မဟုတ်ဘူး။ သေမထူးနေမထူးမို့ ဒီရာထူးမှာခန့်ထား ခြင်းဖြစ်တယ်။

ဒါ့ကြောင့် အမောင် သေဘေးကလွတ်ချင်ရင် ဒီမြွေကြီးတွေအနားက အမြန်ထွက်ပြေးပါလို့ပြောမှ ရာဇဝတ်သားလည်း အမှန်ကိုသိပြီး မြွေကြီးတွေကို ကြောက်ရမှန်း နားလည်သွားတယ်။ အဲဒီတော့မှ ထွက်ပြေးလို့ မြွေကိုက်ခံရမယ့်ဘေးက လွတ်သွားတာ ပေါ့။ အဆိပ်ပြင်းတဲ့မြွေတွေကို မြွေကောင်းလို့ထင်တဲ့ ရာဇဝတ်သားဟာ အသိဉာဏ်မနည်းဘူးလား။

**သန်း** နည်းပါတယ်ဘုရား။

**နုပ်** တကယ်တော့ အဲဒီရာဇဝတ်သားနဲ့ အန္ဓပုထုဇဉ်တွေဟာ အတူတူပါပဲ။ ရာဇဝတ်သားဟာ မြွေလေးကောင်ကို အကောင်းထင်ပြီး လုပ်ကျွေးနေသလို အန္ဓပုထုဇဉ်တွေ ဟာလည်း ဓာတ်ကြီးလေးပါးကို အကောင်းထင်ပြီး လုပ်ကျွေးနေကြတာပါ။ ဓာတ်ကြီးလေးပါးဟာလည်း မြွေလေးကောင်နဲ့အတူတူပါပဲ။ ဘယ်လောက်ပင် လုပ်သား က သူ့ကိုစောင့်ရှောက်ပေးနေ အခန့်မသင့်ရင် ပြန်

http://www.dhammadownload.com



ကိုက်သတ်တာပါပဲ။

အသည်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ လည်ပင်းကင်ဆာ၊ ရင်သားကင်ဆာတွေဖြစ်ပြီး သေရတာဟာ ခက်မာတဲ့သဘော ပထဝီမြွေကကိုက်လို့ပါ။ ဝမ်းဗိုက်ကြီးတွေ ဖောင်းကား ရေတွေဖောက်ချလို့ မနိုင်အောင်ဖြစ်ပြီး သေရတယ်ဆိုတာ အာပေါမြွေကိုက်လို့ပါ။

အဖျားတွေလွန် အပူတွေများပြီးသေကြတယ်ဆိုတာ တေဇောမြွေကိုက်လို့ပါ။ လေဖြတ်ပြီးသေတာ၊ ဦးနှောက်သွေး ကြောပြတ်ပြီးသေတယ်ဆိုတာ ဝါယောမြွေကိုက်တာပါ။ ဒီတော့ ဒီဓာတ်ကြီးလေးပါးဟာ သူတို့ကို ဘယ်လောက်ဂရုတစိုက်လုပ်ကျွေးနေနေ တစ်နေ့တော့ ကိုယ့်ကိုသေအောင်ပြန်ကိုက်သတ်တာပါပဲ။

ဒါ့ကြောင့် ဘယ်ဘဝကို ဆုတောင်း ဆုတောင်း ကိုယ့်ကိုပြန်ကိုက်သတ်မယ့်မြွေလေးကောင်ကို ရရပါလို၏ လို့ဆုတောင်းတာနဲ့ အတူတူပါပဲ။

သန်း ဒါဆိုရင် တပည့်တော်တို့ ကုသိုလ်ပြုတဲ့အခါ ဘာကို ဆုတောင်းရမလဲဘုရား။

နုပ် နိဗ္ဗာန်မဂ်ဖိုလ်ကိုပဲ ဆုတောင်းရမယ်။ ဆုတောင်းမှန်ရင်ပဲ့ပါတဲ့လှေလို လိုရာကိုဖြောင့်ဖြောင့်မတ်မတ် ရောက်နိုင်တယ်။ ဒီသဘောကို မသိတော့ တစ်ချို့ယောဂီတွေဟာ အတွေးအခေါ် တွေလွဲကုန်တယ်။ သင်္ခါရပစ္စယာ ဝိညာဏံ လောကီကုသိုလ် အကုသိုလ်ဆိုတဲ့ သင်္ခါရတွေကြောင့် ဘဝသစ်ဝိညာဉ်တွေဖြစ်ရတာ။

http://www.dhammadownload.com



ဒါ့ကြောင့် ဘဝသစ်မဖြစ်အောင်ဆိုပြီး လောကီကုသိုလ်တွေရော အကုသိုလ်တွေပါ အကုန်ဖြတ်လိုက်ကြသတဲ့။ အကုသိုလ်ကို ဖြတ်တယ်ဆိုတာကတော့ မှန်ပါတယ်။ ကုသိုလ်ကိုဖြတ်တဲ့နည်းက မှားနေတယ်။ သင်္ခါရတွေမလုပ်နဲ့ဆိုတာ ကုသိုလ်ကို ဖြတ်ခိုင်းတာမဟုတ်ဘူး ကုသိုလ်ကိုလုပ်ပါ။ လုပ်တဲ့အခါ ဘုံဘဝကိုဆုမတောင်းနဲ့ ဘုံဘဝကိုမလိုချင်နဲ့လို့ ပြောလိုရင်းဖြစ်တယ်။

ကုသိုလ်အလုပ်ဆိုတာက ပုထုဇဉ်တွေမပြောနဲ့ ရဟန္တာတွေတောင်လုပ်တယ်။ အရှင်ဒဗ္ဗဆိုရင် (၇)နှစ်သားအရွယ်ကတည်းက ရဟန္တာဖြစ်တာပဲ။ ဒါပေမယ့် သံဃာတွေအတွက်နေရာထိုင်ခင်းစီစဉ်ပေးရတဲ့ ဝေယျာဝစ္စကုသိုလ်ကိုအမြဲလုပ်တယ် မဟာပန်မထေရ်ဆိုလည်း ရဟန္တာပဲ။ ဒါပေမယ့် ဆွမ်းစားကျောင်း ဘုန်းကြီးတာဝန်ယူပြီး ဝေယျာဝစ္စကုသိုလ်အမြဲလုပ်တယ်။

ကုသလာ ကုသလံဇဟံ၊

ရဟန္တာဆိုတာ ကုသိုလ် အကုသိုလ်ပယ်ပြီးသားလို့ပြောတာဟာ ကုသိုလ်အလုပ်ကို လုံးဝမလုပ်တော့ဘူးလို့ဆိုလိုတာမဟုတ်ဘူး။ ဘဝကိုလိုချင်တဲ့ တဏှာမရှိတော့တဲ့အတွက် ကုသိုလ်ရဲ့အကျိုးကို မခံစားတော့ဘူး။ ပယ်စွန့်လိုက်ပြီလို့ဆိုလိုတာပါပဲ။

လမ်းဖောက်တဲ့အလုပ်သမားရယ်၊ လုပ်အားလှူတဲ့သူရယ် နှစ်ယောက်လုံးအတူတူ လမ်းဖောက်တဲ့အလုပ်ကို လုပ်နေကြတာပဲ၊ ညနေအလုပ်သိမ်းချိန်ကျ

http://www.dhammadownload.com



တော့ အလုပ်သမားက တစ်နေ့တာလုပ်ခငွေရတယ်။ သူ့ကစလုပ်ကတည်းက လုပ်ခလိုချင်လို့လုပ်တာကိုး။ လုပ်အားလှူတဲ့သူကဘာမှမရဘူး။ သူ့ကစလုပ်က တည်းက လုပ်ခလိုချင်လို့မှ မဟုတ်ပဲ လုပ်အားလှူချင်လို့ သက်သက်လုပ်နေတာကိုး။

ဒီဥပမာအတိုင်းပဲ ပုထုဇဉ်ရော၊ ရဟန္တာရော ကုသိုလ်အလုပ်ကို လုပ်ကြတယ်။ ပုထုဇဉ်က ကုသိုလ် အကျိုးကိုလိုချင်တယ်။ လိုချင်တဲ့အတိုင်းရတယ်။ ရဟန္တာက ကုသိုလ်အကျိုးကို မလိုချင်ဘူး။ မလိုချင်တဲ့ အတိုင်းမရဘူး။ ဒါ့ကြောင့် ရဟန္တာတွေ ကုသိုလ်လုပ် ပါတယ်။ ဘုန်းတော်ကြီး ဦးသီလတို့၊ ဝေဘူဆရာတော် တို့၊ မိုးကုတ်ဆရာတော်တို့ဆို ရဟန္တာပုဂ္ဂိုလ်တွေပဲ။ ဒါပေမယ့် ကြုံရင်ကြုံသလို ဒါနမျိုးစုံလုပ်သွားကြတာပဲ။ သေချာသိချင်ရင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးစာအုပ်မှာဖတ် ကြည့်ပါ။

ဒီအချက်ကို လူတွေမပြောနဲ့ ရဟန်းအချို့ တောင်သတိမထားမိကြဘူး။ တနင်္သာရီမြို့ ဝက်ဘာ တောင်မှာ ဆရာတော်ကြီးတစ်ပါးရှိတယ်။ အိမ်ထောင်မရှိ ခဲ့တော့ ငယ်ဖြူလို့လဲပြောနိုင်ပါတယ်။ အသက် ၃၀ ကျော်လောက်မှ ရဟန်းဝတ်ဖြစ်ဟန်တူတယ်။ ခုဆိုရင် သက်တော် (၈၀) ကျော်ပြီ။ တနင်္သာရီနဲ့ မြိတ်က လူအများစုကတော့ ရဟန္တာလို့ပဲ ယူဆကြတယ်။

ဝက်ဘာတောင် တောကြီးမြက်မဲရှိစဉ်ကတည်း

http://www.dhammadownload.com



က ဝိပဿနာတရားကို နှစ်များစွာကျင့်သုံးခဲ့တာဆိုတော့ ရဟန္တာဖြစ်မယ်ဆိုလည်းဖြစ်နိုင်တာပဲ။ ဒါကတရားရဲ့ အလုပ်ပဲလေ။ ဟုတ် မဟုတ် သေချာသိနိုင်တာကတော့ ဘုရားရဲ့အလုပ်ပေါ့။ သာမန် သူလို ငါလိုလူကတော့ သေချာမသိနိုင်ပါဘူး။

ထူးခြားတာတစ်ခုက ဒီဆရာတော်ကြီးနဲ့အတူ ကျော့သောင်းမြို့ သဲအင်းဂူရိပ်သာမှာရက် ၂၀ လောက် တစ်ခန်းတည်း ကျိန်းခဲ့ရတယ်။ အဲဒါတစ်ကြိမ်မှ ကုဋ္ဌိ တက်ခြင်း၊ ကျင်ငယ်စွန့်ခြင်းမရှိတာပဲ။

သန်း အံ့သြစရာပါလားဆရာတော်။

နုပ် ဒီထက်အံ့သြစရာကောင်းတာက ဆရာတော်ကြီးဟာ တရားလုပ်တဲ့အချိန်ကစပြီး ရေမချိုးတာ အခုဆိုရင် နှစ်ပေါင်း ၄၀ လောက်ရှိပြီ။ ဒါပေမယ့် ခန္ဓာကိုယ်က ဘာနံ့မှမထွက်ဘူး။

သန်း တပည့်တော်တို့တော့ ရေမချိုးတာဆိုလို့ ညောင်ပင်အိုင် ဆရာတော်တစ်ပါးပဲ ကြားဖူးတာဘုရား။

နုပ် အေးပေါ့လေ။ မြိတ်တို့ တနင်္သာရီတို့ဆိုတာကလဲ ရန်ကုန်တို့ မန္တလေးတို့နဲ့ အတော်ဝေးတာမဟုတ်လား။ ဒါ့ကြောင့်လည်း ဒီဘက်ကလူတွေ သိပ်မသိကြတာပေါ့။ တစ်ခါတော့ အဲဒီဆရာတော်ကြီးမွေးနေ့ အလှူကုသိုလ် လုပ်တာကို ဆရာတော်တစ်ပါးက လာတားသတဲ့။ ဘယ်လိုပြောပြီး တားသလဲဆိုတော့

"ဆရာတော်ကို တစ်နယ်လုံးက ရဟန္တာလို့

http://www.dhammadownload.com



ယူဆထားတာ။ ရဟန္တာဆိုတာ ကုသိုလ်အကုသိုလ်ကို ပယ်ပြီးသားလို့ စာကဆိုထားတယ်။ ဒါ့ကြောင့် နောက်ကို ဒါနကုသိုလ်မလုပ်ပါနဲ့။

လို့ပြောပြီးတားလို့ ဆရာတော်ကြီးခမျာ စာလည်း သင်ဖူးခဲ့တာမဟုတ်တော့ အဲဒီဆရာတော်ပြောတဲ့ အတိုင်း နောက်ထပ်ကုသိုလ် မလုပ်ဝံ့ရှာတော့ဘူး။

သန်း ဒီဆရာတော်ကြီးသီတင်းသုံးတဲ့ ဝက်ဘာတောင်ကိုရော ဆရာတော် ရောက်ဖူးသေးသလားဘုရား။

နုပ် ရောက်ဖူးပါတယ်။ မေတ္တာစာတ်ကြီးမားပြီး အင်မတန် စိတ်ကောင်းရှိတဲ့သူတော်ကောင်းကြီးပါ။ ဆရာတော်ကြီး ခွင့်ပြုချက်အရ ၂၀၀၁ ခုနှစ် သကြံန်တွင်း ၅ ရက်မှာ ဒုလ္လဘရဟန်းအပါး ၇၀ လောက်ကို ဝိပဿနာတရား စခန်းဖွင့်ပြီးပြခဲ့ရသေးတယ်။

သန်း ပုထုဇဉ်တွေ ကုသိုလ်လုပ်တိုင်း မင်္ဂဖိုလ်နိဗ္ဗာန်ဆုတောင်း တဲ့အတွက် အကျိုးရပုံသာဓကလေး တစ်ခုလောက် ပြောပြပါဘုရား။

နုပ် အဲဒါဆိုရင် ဓမ္မပဒအဋ္ဌကထာမှာလာတဲ့ ဝနဝါသီတိဿ သာမဏေဝတ္ထုကိုပြောပြမယ်။ လိုရင်းအကျဉ်းလေးပေ့ါ။ သာဝတ္ထိပြည်မှာ ဝင်္ဂန္တနဲ့ မဟာသေနအမည်ရှိတဲ့ ချစ်ခင်ရင်းနှီးကြတဲ့ မိတ်ဆွေပုဏ္ဏားနှစ်ယောက်ရှိတယ်။ အရှင်သာရိပုတ္တရာဟာ ဝင်္ဂန္တပုဏ္ဏားရဲ့သားပါပဲ၊ ဒါ့ကြောင့် မိတ်ဆွေရဲ့သားဖြစ်လို့ အရှင်သာရိပုတ္တရာကို မဟာသေန ပုဏ္ဏားကြီးဟာ အလွန်ချစ်ခင်ကြည်ညိုတယ်။

http://www.dhammadownload.com



အရှင်သာရိပုတ္တရာ ကလေးဘဝတုန်းကလည်း ချစ်ခင်တယ်။ ရဟန္တာဖြစ်သွားတော့လည်း ကြည်ညို တယ်ပေါ့။ မဟာသေနပုဏ္ဏားကြီး အသက်ကြီးရင့်တဲ့ အခါကျတော့ မစားနိုင်မသောက်နိုင်ဘဝရောက်အောင် ဆင်းရဲသွားရှာတယ်။ ဒါနမရှိလို့ ဆင်းရဲတာဆိုတာကို အရှင်သာရိပုတ္တရာက မြင်တော်မူတယ်။ ဒါ့ကြောင့် မဟာသေနပုဏ္ဏားကြီးအိမ်မှာ နေ့စဉ် ဆွမ်းရပ်တယ်။ မဟာသေနပုဏ္ဏားကြီးကလည်း အတွေ့မခံဘူး။ ပုန်းနေ တယ်။

သူ့မှာလှူချင်တဲ့ သဒ္ဓါရှိပေမယ့် လှူရမယ့် အသပြာလှူဘွယ်ဝတ္ထုက ရှိမှမရှိပဲကိုး။ လာလောင်းမယ့် သူမရှိတော့လည်း အရှင်သာရိပုတ္တရာဟာ အိမ်ပေါက်ဝ ကပဲ လှည့်ကြွသွားရတာပေါ့။ ဒါကို အိမ်ထဲကချောင်း ကြည့်နေတဲ့ မဟာသေနပုဏ္ဏားကြီးဟာ စိတ်မကောင်း လွန်းလို့ မျက်ရည်တောင်ကျရှာတယ်။

တစ်နေ့တော့ ပုဏ္ဏားဟာ စာဟောပွဲတစ်ခုက ပိတ်ကြမ်းတစ်ပိုင်းနဲ့ နို့ဃနာတစ်ခွက်ရလာတယ်။ မဟာ သေနပုဏ္ဏားကြီးဝမ်းသာလိုက်တာ။ အရှင်သာရိပုတ္တရာ ကြွလာရင်လှူမယ်ဆိုပြီး အိမ်ကနေအသင့်စောင့်နေတယ်။ အရှင်မြတ်လည်း ကြွလာရော ရသမျှ အကုန်လှူတယ်။

ပိတ်ကြမ်းက သင်္ကန်းအဖြစ် နို့ဃနာက ဆွမ်း အဖြစ်ပေါ့။ လှူပြီးတော့ဘာဆုတောင်းသလဲဆိုတော့ အရှင်ဘုရားတို့သိမြင်အပ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်တရားထူး

http://www.dhammadownload.com



တရားမြတ်ကို သိရပါလို၏လို့ဆုတောင်းတယ်။

အဲဒီဘဝက စုတေသေလွန်တော့ အရှင်သာရိပုတ္တရာရဲ့ ဆွမ်းအလှူရှင် သူဌေးကတော်တစ်ဦးမှာ ပဋိသန္ဓေယူတယ်။ သူတော်ကောင်းတွေ သန္ဓေယူရင် မိခင်မှာလည်း သူတော်ကောင်းစိတ်ပေါက်လာတာ ဓမ္မတာပဲ။ ဒီကလေး ပဋိသန္ဓေရှိတာနဲ့ သူ့မိခင်ဟာ အရှင်သာရိပုတ္တရာနဲ့ ရဟန်းငါးရာကို ရေမရောတဲ့ နို့ဃနာဆွမ်းကျွေးပြီး သူမကတော့ ဖန်ရည်ဆိုးတဲ့ အဝတ်ကိုဝတ်ပြီး သံဃာတွေရဲ့ အကြွင်းအကျန်ကို စားချင်တဲ့ အာသာချင်ခြင်းဖြစ်လို့ သူမဆန္ဒအတိုင်း ပြုလုပ်ပေးရတယ်။

ယောက်ျားလေးအဖြစ်ပဲ မွေးလာပြီး အရှင်သာရိပုတ္တရာရဲ့ လူ့ဘဝက နာမည်အဆုံးပိုင်းဖြစ်တဲ့ တိဿဆိုတဲ့အမည်ကို မှည့်ပေးတယ်။ ကလေးကင်ပွန်းတပ်ပွဲမှာ အရှင်သာရိပုတ္တရာအမှူးရှိတဲ့ သံဃာငါးရာကိုပင့်ဖိတ်ပြီး လှူဒါန်းကြပြန်တယ်။ အရှင်သာရိပုတ္တရာကိုမြင်တာနဲ့ မွေးဖွားကာစကလေးလေးဟာ အရင်ဘဝကို ပြန်မှတ်မိသတဲ့။

ဒီမထေရ်ကြီးကို ပိတ်ကြမ်းနဲ့ နို့ဃနာလှူခဲ့တဲ့ အတွက်ကြောင့် ငါဟာ အခုလိုချမ်းသာတဲ့ သူဌေးသားဘဝကို ရောက်လာတာ။ ငါ့အပေါ်ကျေးဇူးကြီးမားတယ်။ ငါတတ်နိုင်သမျှ ကျေးဇူးဆပ်မယ်လို့ စိတ်အကြံဖြစ်နေသတဲ့။ ဒီအချိန်မှာ ကလေးကိုခင်းသိပ်ထားတဲ့

http://www.dhammadownload.com



ကမ္ဗလာအခင်းဟာ အသပြာတစ်သိန်းထိုက်တန်တယ်။

ကလေးကို အရှင်သာရိပုတ္တရာ ပြုရအောင် မချီလိုက်တယ်ဆိုရင်ပဲ ကလေးဟာ ကမ္ဗလာအခင်းကို လက်သန်းနဲ့ညှပ်ယူလိုက်တဲ့အတွက် ကမ္ဗလာပါ ပါလာတာပေါ့။ သူ့အကြံက တစ်သိန်းတန်ကမ္ဗလာကို အရှင်သာရိပုတ္တရာအား လှူချင်တာပါပဲ။ ဒါပေမယ့် လူကြီးတွေက သူ့အကြံကိုမသိနိုင်တော့ ကမ္ဗလာကို သူ့လက်နဲ့ငြိနေတယ်မှတ်ပြီး အတင်းဖယ်ချကြတယ်။ ဒီတော့ သူကတအားငိုတာပေါ့။

ဒီတော့မှ လူကြီးတွေက သူ့အကြံကိုရိပ်မိသွားပြီး တစ်သိန်းတန်ကမ္ဗလာကို အရှင်သာရိပုတ္တရာအား လှူလိုက်ကြပါတယ်။ သူ(၇)နှစ်သားအရွယ်ရှိတော့ ကိုရင်ဝတ်ဖြစ်သွားတယ်။ ဒါအကြောင်းမဲ့မဟုတ်ဘူးနော် သူဒါနပြုစဉ်အခါတုန်းက မဂ်ဖိုလ်နိဗ္ဗာန်ကိုရရပါလို၏ဆိုတဲ့ ဆုတောင်းလေးက ဘဝဆိုတဲ့လှေဦးကို နိဗ္ဗာန် ဆိပ်ကမ်းရောက်အောင်လမ်းကြောင်းတည့်ပေးလိုက်တာပဲ။

ကိုရင်ဝတ်တဲ့ (၂)ရက်အတွင်း ဆွမ်းခံကြွရာမှာ ဆွမ်းအုပ်တစ်ထောင်နဲ့ ပုဆိုးတစ်ထောင်ရတာကို သံဃာတွေကို အကုန်လှူပစ်တယ်။ ဒီအချိန်က ဆောင်းတွင်းဆိုတော့ ခြုံစရာကမ္ဗလာထည်မရှိလို့ မီးလှုံနေရတဲ့ ရဟန်းတွေတွေ့ရတော့ ကရုဏာသက်ပြီး မြို့ထဲကို သံဃာတစ်ထောင်လုံးပင့်ပြီး ရှေ့ကဦးဆောင်ကြွတယ်။

ကမ္ဗလာခြုံထည်တစ်ထောင်ရလို့ သံဃာ

http://www.dhammadownload.com



တစ်ထောင်လုံးလှူနိုင်ခဲ့ပါတယ်။ သူ့ မဟာသေနပုဏ္ဏား ဘဝတုန်းက လှူခဲ့တဲ့နို့ဃနာဆွမ်းကတစ်ခွက်၊ အခုဒါန ကပြန်ပေးတော့ နေ့စဉ်ဆွမ်းအုပ်တစ်ထောင်၊ သူ့ပုဏ္ဏား ဘဝတုန်းက လှူခဲ့တဲ့ပိတ်ကြမ်းကတစ်ထည်၊ အခုအဲဒီ ဒါနက ပြန်ပေးတော့ ပုဆိုးတစ်ထောင်နဲ့ ကမ္ဗလာ တစ်ထောင်။

ဒါ့ကြောင့် ဒါနဆိုတာ စွန့်တော့ နည်းနည်းလေး ပြန်ရတော့ အများကြီးပါ။ ဒါ့ကြောင့် ဗုဒ္ဓက ဓမ္မပဒမှာ

မတ္တာသုခ ပရိစ္စာဂါ၊
ပဿေစေဝိပုလံသုခံ။
စဇေမတ္တာ သုခံဓိရော၊
သမ္ပဿံဝိပုလံသုခံ။ (ဓမ္မပဒ)

အနည်းငယ်ကို စွန့်လှူရုံမျှဖြင့် များများကြီး ကောင်းကျိုးပြန်ရမည်ကို သိသော ပညာရှိ သည်။ အနည်းငယ်သော လှူဘွယ်ဝတ္ထုကို စွန့်လှူဖို့ဝန်မလေးအပ်။

လို့ ဟောကြားတော်မူခဲ့တာပါ။ ဒါက ဒီဖြစ်ရပ်ကပေးတဲ့ ပထမသင်ခန်းစာပါ။ ဒုတိယသင်ခန်းစာက ဒါနပြုတဲ့ နေရာမှာ လှူဘွယ်ဝတ္ထုနည်းတာများတာ ကောင်းတာ ညံ့တာသည် အဓိကမဟုတ်။ စေတနာဖြူစင်သန့်ရှင်းပြီး ထက်သန်ကောင်းမွန်ရင် အကျိုးပေးအားကောင်းတယ် ဆိုတာပါပဲ။

နိဗ္ဗာန်မဂ်ဖိုလ်ကို ဆုတောင်းပြီးလုပ်တဲ့ ကုသိုလ်

http://www.dhammadownload.com



မှန်သမျှကို ပဲ့ကောင်းတဲ့ ကုသိုလ်လို့ပဲ ဆိုသင့်တယ်။

တိဿကိုရင်လေးဟာ အတိတ်ကပဲ့ကောင်းတဲ့ ဒါနကုသိုလ်ကိုပြုခဲ့တော့ ကိုရင်ဝတ်ပြီး ရက်ပိုင်းအတွင်း မှာဘဲ ကမ္မဋ္ဌာန်းနည်းကောင်းကောင်းယူပြီးသာဝတ္ထိနဲ့ ယူဇနာ (၁၂၀) ဝေးတဲ့တော ကြီးထဲမှာ သွားအားထုတ် လိုက်တာ သုံးလနဲ့ရဟန္တာဖြစ်တော်မူပါတယ်။

ဒီလောက်ဆိုရင် ပုထုဇဉ်တွေ ကုသိုလ်ပြုတိုင်း နိဗ္ဗာန် မဂ်ဖိုလ်ဆုတောင်းတဲ့အတွက် အကျိုးရပုံ လက်တွေ့ သာဓကရှင်းလောက်ပြီထင်ပါတယ်။

သန်း မှန်ပါ ရှင်းပါပြီဘုရား။

နုပ် ဝဋ္ဋဓာတ် အဆင်းရပ်အကြောင်းကိုတော့ နောက်အပါတ် မှ ဆက်ကြရအောင်။

## တရားရနိုင်သောအချိန်များ

ဝိပဿနာတရားကို ရှုမှတ်ပွားများ အားထုတ် ကြသူမှန်သမျှသည်

၁။ ပဌမအရွယ်၌ တရားရနိုင်၏။

၂။ ပဌမအရွယ်၌မရလျှင် ဒုတိယအရွယ်၌ရနိုင်၏။

၃။ ဒုတိယအရွယ်၌ မရသေးလျှင် သေကာနီးအခါ၌ တရားထူးရနိုင်၏။

၄။ သေသည့်အထိ တရားထူးရမသွားလျှင် နတ်

http://www.dhammadownload.com



ပြည်ရောက်က တရားရနိုင်၏။

၅။ နတ်ပြည်ရောက်၍မှ တရားမရဘဲ ဘုရားမပွင့်သောအခါ၌ လူဖြစ်ခဲ့လျှင် ပစ္စေကဗုဒ္ဓါ ဖြစ်ရသည်။

၆။ ပစ္စေကဗုဒ္ဓါမဖြစ်ခဲ့လျှင် ပွင့်တော်မူလတ့ံသော ဘုရားရှင်တို့၏ မျက်မှောက်မှာပင် ခိပ္ပါဘိညာ။ အလျှင်မြန်ဆုံး ရဟန္တာဖြစ်ရသည်။ ဗာဟိယဒါရုစိရိယကဲ့သို့တည်း။

တရားရမသွားသော သူဟူ၍ မရှိနိုင်။

(သီလက္ခန် အဋ္ဌကထာ ၁၇၁၊ ၁၇၂)

http://www.dhammadownload.com

# အခန်း (၂၈)

## မြင်တာချင်းတူ၏ သိတာခြင်းမတူ

### တရားကို မဂ်ဖိုလ်ရအောင် လေ့လာနည်းနှင့်ကျင့်စဉ်

အင်္ဂုတ္တရနိကာယ်၊ ဒသကနိပါတ် ပုဏ္ဏိယသုတ်မှ ဗုဒ္ဓနှင့် ရှင်ပုဏ္ဏိယတို့၏ အမေးအဖြေများဖြစ်သည်။

မေး မြတ်စွာဘုရား လူတိုင်းတရားဉာဏ်ပေါက်ရောက်နိုင်ပါသလားဘုရား။

ဖြေ လူတိုင်းတရားဉာဏ်မပေါက်ရောက်နိုင်ဘူး ချစ်သား။

မေး ပေါက်ရောက်နိုင်ရန် ဘယ်အချက်ပေါ်မှာ တည်ရှိသလဲဘုရား။

ဖြေ ယုံကြည်မှုရှိခြင်း၊ မရှိခြင်းအပေါ်မှာ တည်တယ် ချစ်သား ယုံကြည်မှုရှိလာလျှင် သူတော်ကောင်းတို့ထံ၌ ဆည်းကပ်နိုင်တယ်။

http://www.dhammadownload.com



မေး သူတော်ကောင်းထံ ဆည်းကပ်တိုင်းတရားသိနိုင်ပါသလားဘုရား။

ဖြေ မသိနိုင်ဘူး ချစ်သား။ ထိုသူတော်ကောင်းနှင့် ဆွေးနွေးခြင်း၊ မဆွေးနွေးခြင်းအပေါ်မှာတည်နေတယ်။

မေး ဆွေးနွေးလျှင်ကော တရားသိနိုင်ပါသလားဘုရား။

ဖြေ ဆွေးနွေးတိုင်းလည်း မသိနိုင်ဘူး ချစ်သား ကောင်းစွာနားထောင်ခြင်း၊ မထောင်ခြင်းအပေါ်မှာ တည်နေတယ်။

မေး ကောင်းစွာ နားထောင်တိုင်းတရားရပါသလားဘုရား။

ဖြေ နားထောင်တိုင်း တရားမရဘူးချစ်သား။ မှတ်သားမှုရှိခြင်း၊ မရှိခြင်းအပေါ်မှာ တည်နေပြန်တယ်။

မေး မှတ်သားမှုရှိလျှင်ကော တရားရပါမည်လားဘုရား။

ဖြေ မရနိုင်ဘူး ချစ်သား ကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင်မှု၊ မဆင်ခြင်မှုပေါ်၌ တည်ပြန်တယ်။

မေး ဆင်ခြင်မှုရှိလျှင်ကော တရားပေါက်ပြီလားဘုရား။

ဖြေ တရားမပေါက်သေးဘူး ချစ်သား၊ လက်တွေ့ကျင့်သုံးမှသာလျှင် တရားပေါက်ရောက်နိုင်တယ်ချစ်သား။

နုပ် ဝဏ္ဏစာတ်ဆိုတာ အဆင်းရုပ်ကိုပြောတာပဲ။ ရူပါရုံလို့လည်း ခေါ်ကြတယ်။ ပရမတ်ကိုသဘောဆိုက်အောင်မသိသေးရင် အဖြူ၊ အပြာ၊ အနီ၊ အဝါဆိုတဲ့ အရောင်တွေကိုမှ အဆင်းလို့ထင်မိတတ်တယ်၊ အရောင်တစ်ခုခုရှိမှ အဆင်းလို့ခေါ်တာမဟုတ်ပါဘူး။ မျက်စိနဲ့မြင်လို့ရတဲ့ အရာဝတ္ထုမှန်သမျှကို အဆင်းလို့ပဲခေါ်ရတယ်။

ရုပ်ဓာတ်(၂၈)ပါးထဲမှာ မျက်စေ့နဲ့ မြင်လို့ရတာ

http://www.dhammadownload.com



ဆိုလို့ အဆင်းရုပ်တစ်ခုပဲရှိတယ်၊ အဆင်းရုပ်ဆိုတာ လည်းမြင်လို့ရတဲ့ သဘောတရားလေးပဲ။ အကောင်အထည် အတုံးအလုံးအခဲအရည် အဖတ်တစ်ခုမှမဟုတ်ပါဘူး၊ သူလည်း စက္ကန့်နဲ့အမျှ တရစပ် ပျက်နေတာပါပဲ။ ဒါကို ဉာဏ်နဲ့သိပြီး ဝဏ္ဏဓာတ်အနိစ္စ။ သို့မဟုတ် အဆင်းရုပ်အနိစ္စလို့ ရှုနိုင်ပါတယ်။ ဝဏ္ဏဓာတ်မှာလည်း မြင်ရတဲ့သဘောတရားလေးကို ဝဏ္ဏဓာတ်လို့မသိဘဲ ပညတ်တုံးပညတ်ခဲကို ဝဏ္ဏဓာတ်လို့ အထင်မှားတတ်တဲ့အတွက် နမူနာ လက်တွေ့တစ်ခုလောက်ပြပါမယ်။ ဟောဒီဖွန်ပန်းပွင့်လေးကို ကြည့်လိုက်စမ်း။ မြင်တယ် မဟုတ်လား။

သန်း မြင်ပါတယ်ဘုရား။

နုပ် ဘယ်သူ့ကို မြင်တာလဲလို့မေးလိုက်ရင် ပရမတ်မသိတဲ့အန္ဓပုထုဇဉ်က ဖွန်ပန်းပွင့်ကိုမြင်တာလို့ပဲဖြေလိမ့်မယ်။ ပရမတ်သိတဲ့ ကလျာဏပုထုဇဉ်ကတော့ အဆင်းရုပ်ကို မြင်တာလို့ဖြေလိမ့်မယ်။ အဖြေနှစ်ခု ဘယ်သူကမှန်သလဲ ဆိုတာကို စာတွေ့လက်တွေ့စစ်ကြရအောင်။ ကဲ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ ပရမတ်တရားလေးပါး ထဲမှာ ဖွန်ပန်းပွင့်ဆိုတာပါသလား။

သန်း မပါဘူးဘုရား။

နုပ် မပါရင် ဖွန်ပန်းပွင့်ဆိုတာ ပရမတ်လား ပညတ်လား

သန်း ပညတ်ပါဘုရား။

နုပ် ပညတ်ဆိုရင် ရှိတရားလား မရှိတရားလား။

http://www.dhammadownload.com



သန်း မရှိတရားပါဘုရား။

နုပ် အေး ဖွန်ပန်းပွင့်ဆိုတာ မရှိတဲ့ ပညတ်တရား ဒါ့ကြောင့် ဖွန်ပန်းပွင့်ကို မြင်လို့မရနိုင်ဘူး။ အဆင်းရုပ်ဆိုတဲ့ ဝဏ္ဏဓာတ်သည်သာလျှင် အရှိတရားဖြစ်လို့ အဆင်းရုပ်ကိုမြင်တာဆိုတဲ့ အဖြေကမှမှန်တယ်။ ဒါက စာတွေ့။ နောက် ငါတွေ့စစ်ကြဦးစို့။

ငါတွေ့စစ်ကြည့်တယ်ဆိုတာ နေယျပုဂ္ဂိုလ်တွေအတွက် တရားကို လက်တွေ့ကျင့်သုံးနေခြင်းလို့ သိထားပါ။ ဒီဖွန်ပန်းကို လှမ်းကြည့်တဲ့အခါ မြင်ရတာကို အန္ဓပုထုဇဉ်က ဖွန်ပန်းကိုမြင်တယ်လို့ပဲ ယူဆတယ်။ ကလျာဏပုထုဇဉ်က အဆင်းရုပ်ကိုမြင်တယ်လို့ပဲ ယူဆတယ်၊ ဘယ်သူကမှန်တယ်ဆိုတာ စစ်ကြည့်ဖို့အတွက် အန္ဓပုထုဇဉ်ကို စကားတစ်ခုတော့ခံထားရမယ်။

ဖွန်ပန်းပွင့်ကိုသာ မြင်ရရိုးမှန်ရင် ဖွန်ပန်းပွင့်ပျောက်ရင် မြင်တာပျောက်ရမယ်လို့ အန္ဓပုထုဇဉ်ကို စကားခံပြီး ဖွန်ပန်းပွင့်ကိုလက်နဲ့ချေပစ်လိုက်ပါ။ ပြီးတော့ လုံးလိုက်ရင် ညိုတိုတိုအလုံးသေးသေးတစ်လုံး ဖြစ်သွားပါပြီ။ ဖွန်ပန်းပွင့်ပျောက်သွားပြီ ဖွန်ပန်းပွင့်မရှိတော့ဘူး၊ အဲဒီညိုညိုအလုံးလေးကို ကြည့်ရော မမြင်ရဘူးလား

သန်း မြင်ရပါတယ်ဘုရား။

နုပ် ဖွန်ပန်းပွင့်ကိုသာ မြင်ရရိုးမှန်ရင် ဖွန်ပန်းပွင့်ပျောက်ရင် မြင်တာပျောက်ရမယ်။ အခုဖွန်ပန်းပွင့်တော့ ပျောက်သွားတယ်။ မြင်ရတာမပျောက်ဘူးဆိုတော့ ဖွန်ပန်းပွင့်ကို

http://www.dhammadownload.com



မြင်တာဟုတ်နိုင်သေးရဲ့လား။

သန်း မဟုတ်နိုင်တော့ပါဘူးဘုရား။

နုပ် ဘယ်ဓာတ်ကိုမြင်တာလဲ။

သန်း ဝဏ္ဏဓာတ်ကိုမြင်တာပါဘုရား။

နုပ် အေး ဒီလိုရှင်းလိုက်ရင် ပညတ်နဲ့ ဝဏ္ဏဆိုတဲ့ ပရမတ် တစ်ခါတည်းရှင်းသွားတာပေါ့။ တခြားမြင်ရတာမှန်သမျှ ဒီနည်းအတိုင်းပဲ ရှင်းသွားအောင် မိမိကိုယ်တိုင် ဆင်ခြင် ယူပါ။ ဒါလက်တွေ့အလုပ်ပေးလိုက်ခြင်းပဲ။ ဒီလိုမိမိ ကိုယ်တိုင်လက်တွေ့ဆင်ခြင်ခြင်းဟာလည်း မဂ်ဖိုလ်ရ ခြင်းရဲ့ အကြောင်းတစ်ခုပါပဲ။

အဆင်းရုပ်ကို ပရမတ်အနေနဲ့ ပြတ်သားအောင် မြင်တတ်သွားရင်ပဲ လောဘ၊ ဒေါသ၊ မောဟကင်းသွားပုံ လက်တွေ့ပြမယ်။ ဝိပဿနာဟာ ပညာအလုပ်ဆိုတာ ဒီနေရာမှာ ပိုပေါ်သွားလိမ့်မယ်။ ကဲ မင်းရှေ့မှာ မိန်းကလေးတစ်ယောက် ဖြတ်သွားတာမြင်လိုက်ပြီတဲ့။ နှစ်သက်တော့-

သန်း လောဘပါဘုရား။

နုပ် မနှစ်သက်တော့

သန်း ဒေါသပါဘုရား။

နုပ် ဒါ မိန်းမပဲလို့ အသိမှားတော့

သန်း မောဟပါဘုရား။

နုပ် ကဲ မိန်းမဆိုတဲ့ ပညတ်အတိုင်းသာမြင်ရရင် လောဘ၊ ဒေါသ၊ မောဟ တစ်ခုခုမဖြစ်ဘဲနေပါ့မလား။

http://www.dhammadownload.com



သန်း မနေပါဘူးဘုရား။

နုပ် ဒီတော့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်တရားတွေဟာ မိန်းမဆိုတဲ့ ပညတ်ကိုမှီပြီးမှ ဖြစ်ရတာဆိုတာပေါ်သွားပြီ။ မိန်းမဆိုတဲ့ ပညတ်ပျောက်အောင်ရှုနိုင်တာနဲ့ လောဘ၊ ဒေါသ၊ မောဟဟာ လာလို့မရတော့ဘူး။ ဒါကြောင့် မိန်းကလေးကိုမြင်တာနဲ့ ငါမြင်တာအဆင်းရုပ်ပဲလို့ ပရမတ်ဆိုက်အောင်သိလိုက်တာနဲ့ မိန်းမဆိုတဲ့ ပညတ်ပျောက်သွားတယ်။

မိန်းမဆိုတဲ့ ပညတ်ပျောက်သွားတာနဲ့ ဒီမိန်းမဆိုတဲ့ ပညတ်အပေါ်မှာ မှီပြီးဖြစ်ရတဲ့ လောဘ၊ ဒေါသ၊ မောဟဟာဘယ်လိုမှ မဖြစ်နိုင်တော့ဘူး။ ဒါဟာ ဘုရားသာသနာတွင်းမှာသာသိနိုင်တဲ့ ပရမတ်ပညာပါပဲ၊ အဆင်းရုပ်လို့သိပြီးတာနဲ့ ဒီအဆင်းရုပ်ရဲ့ မမြဲခြင်း အနိစ္စဟာတစ်ခါတည်းပေါ်လာမှာပါ။

လောဘ၊ ဒေါသ၊ မောဟနဲ့တကွ ကိလေသာဆယ်ပါးလုံးဟာ သူတို့ကို လက်ခံတဲ့သတ္တဝါမှန်သမျှကို ပူလောင်ဆင်းရဲစေပါတယ်။ ဘယ်လောက်ထိ ပူလောင်ဆင်းရဲစေသလဲဆိုရင် သေတဲ့အထိ ပူလောင်ဆင်းရဲစေပါတယ်။ ဗုဒ္ဓလက်ထက်တော်ကပေါ့၊ ဘိက္ခုနီမများဟာ ဥပုသ်ပြုပြီး သိမ်ပေါ်ကနေ ဆင်းလာကြတယ်။

သိမ်ကိုလာတဲ့ လမ်းတစ်ဝက်လောက်မှာ အလွန်လှပတဲ့ မင်းသားရုပ်လေးတစ်ရုပ်ထုလုပ်ထားတယ်။ ဘိက္ခုနီမတစ်ယောက်ဟာ အဲဒီမင်းသားရုပ် ပန်းပုရုပ်လုံး

http://www.dhammadownload.com



ကိုကြည့်ပြီး ရပ်ကျန်ခဲ့တယ်။ တော်တော်ကြာတော့ နောက်မှာကျန်ခဲ့တဲ့ ဘိက္ခုနီမတစ်ယောက်ကမှီလာပြီး မင်းသားရုပ်ရပ်ကြည့်နေတဲ့ ဘိက္ခုနီမကို "အရှင်မသွားကြစို့၊ ဘာဖြစ်လို့ ဒီလောက်ထိအောင်စိုက်ကြည့်နေရတာလဲ" လို့ပြောပြီး လက်ကိုဆွဲလှုပ်လိုက်တယ်။

ဒီအခါကျမှ ရပ်ကြည့်နေတဲ့ ဘိက္ခုနီမမှာ အသက်မရှိတော့မှန်းသိရတယ်။ ကြည့်စမ်း မင်းသားရုပ်ကို တပ်မက်စွဲလမ်းတဲ့လောဘစိတ်က ဘိက္ခုနီမကို သေအောင်သတ်လိုက်တာပါပဲ။ တကယ်သူမြင်ရတာက ပရမတ်အဆင်းရုပ်ပါ၊ အဆင်းရုပ်ကို အဆင်းရုပ်လို့ မမြင်နိုင်ဘဲ မင်းသားလေးဆိုတဲ့ ပညတ်ပေါ်မှာ သွားမြင်နေတော့ လောဘမီးအလောင်ခံရတာပေါ့၊ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်တရားတွေဟာ ပညတ်ကို မှီပြီးဖြစ်ရတာတွေမဟုတ်လား။ အဆင်းရုပ်ကို ပရမတ်ဆိုက်အောင် တကယ်သိသွားတဲ့ သူတော်ကောင်းကြီးတွေကျတော့လည်း ဘယ်လိုတပ်မက်စရာ အာရုံနဲ့တွေ့တွေ့ ကိလေသာတွေဖြစ်ပေါ်မှု မရှိတော့ပါဘူး။

ဗုဒ္ဓလက်ထက်က ကိလေသာအာသဝေါကုန်ခန်းပြီးဖြစ်တဲ့ အရှင်အနုရုဒ္ဓါ မထေရ်မြတ်ဟာ သူဌေးမတစ်ဦးရဲ့ ကုသိုလ်ဖြစ်ဆောက်လုပ်ထားတဲ့ အဆောင်ကြီးမှာ တည်းရတယ်။ မထေရ်မြတ်ကိုမြင်လိုက်ရကတည်းက စွဲလမ်းသွားတဲ့ သူဌေးမဟာ မထေရ်မြတ်ကို သူတစ်ယောက်တည်းသာသွားခွင့်ရှိတဲ့ သီးသန့်အခန်းထဲမှာ

http://www.dhammadownload.com



နေရာချထားပေးခိုင်းလိုက်တယ်။

သူဌေးမဟာ အလွန်လှပပြီးပျိုမျစ်နုနယ်တဲ့ အရွယ်ပါ အစိတ်သုံးဆယ်တွင်း အပျိုကြီးတစ်ယောက်ပေါ့။ ညမိုးချုပ်ရောက်တဲ့အခါ အလှပဆုံးပြင်ဆင်ပြီး အရှင် အနုရုဒ္ဓါရဲ့အခန်းကို တစ်ယောက်တည်းသွားပြီး လူထွက်ဖို့ သူ့ကိုယူပြီး လူ့ဘဝမှာပဲ ချမ်းသာခံစားပြီး ကုသိုလ်ပြုဖို့ အမျိုးမျိုးဆွဲဆောင်တယ်။

မထေရ်က မတုန်မလှုပ်ဘယ်လိုမှ သူ့ဖက်ကို ပါမလာတဲ့အခါ နောက်ဆုံးတိုက်စစ်အနေနဲ့ ကိုယ်ဝတ် အားလုံးကို ဖယ်ရှားပစ်ပြီး မိမွေးတိုင်း ဖမွေးတိုင်း မိန်းမ အလှနဲ့ဆွဲဆောင်ပြန်တယ်။ သူမက ဘယ်လိုမျိုးတွေပဲ လုပ်ပြနေနေ မြင်ရတာဟာ အမြဲဖြစ်ပျက်နေတဲ့ အဆင်း ရုပ်ဆိုတာကို ပြတ်သားစွာသိတားထဲ့ အရှင် အနုရုဒ္ဓါက နကမ္ပတိ ဘယ်လိုမှ တုန်လှုပ်ယိမ်းယိုင်မှုမရှိတော့ဘူး။

သူဌေးမဟာ သိပ်အံ့သြသွားတယ်၊ သူ့ကိုလိုချင် လို့ဝိုင်းဝိုင်းလည်နေတဲ့ ယောကျ်ားတွေဟာအများကြီးပဲ သူကြိုက်တာမတွေ့လို့သာ မယူပဲနေခဲ့တာ။ အခု ကိုယ်တော်ကတော့ သူကခခယယ ခန္ဓာကိုပြပြီး ပုံအပ် တာတောင် လက်မခံဘူးဆိုတော့ သာမန်ရဟန်းတစ်ပါး မဟုတ်တော့ဘူးဆိုတာသိသွားပြီး ကြောက်လန့်တကြားနဲ့ သူမရဲ့အပြစ်တွေကို ကန်တော့တောင်းပန်သွားပါတယ်။

သန်း။ ရှင်အနုရုဒ္ဓါက ရဟန္တာမို့လို့ထင်တယ်ဆရာတော်၊ ပုထုဇဉ် ဆိုရင် ရမယ်မထင်ဘူးဘုရား။

http://www.dhammadownload.com



နုပ် တရားကိုသာ တကယ်သိထားရင်ရပါတယ်ကွ။ ရုပ်လက်တွေ့သာဓကတစ်ခုကို ဝိညာဏက္ခန္ဓာ အခန်းဝိညာဏ် လိမ်ပုံကိုပြတဲ့နေရာကျမှ လက်တွေ့သာဓကတစ်ခု ထုတ်ပြမယ်။ ကဲ ဂန္ဓဓာတ်ကိုသွားကြဦးစို့။ ဂန္ဓဆိုတာ အနံ့ရုပ်ကိုပြောတာပဲ။ ဂန္ဓာရုံလို့လည်း စာပေမှာသုံးတယ်။ ဃာနပသာဒ၊ နှာခေါင်းအကြည်ရုပ်နဲ့ နံလို့ရတာနံတာ မှန်သမျှကို အနံ့ရုပ်လို့သိထားပေါ့။ ဒီနေရာမှာလည်း အနံ့ရုပ်ကို ပညတ်ပေါ်မှာတင်နေတတ်တယ်။

အကောင်အထည် အလုံး၊ အတုံး၊ အခဲ၊ အရည် အဖတ်၊ အမှုန်အမွှားဟာ အနံ့ရုပ်မဟုတ်ဘူး နှာခေါင်းမှာ နံလာတဲ့သဘော တရားလေးကိုသာ အနံ့ရုပ်လို့ခေါ်တာပါ။ စောစောက ဖွန်ပန်းပွင့်လေးနဲ့ပဲ စာတွေ့လက်တွေ့ ပြောကြရအောင်၊ ဒီဖွန်ပန်းပွင့်လေးကို နမ်းကြည့်တဲ့ အခါမှာ အနံ့တစ်ခုခုမရဘူးလား။

သန်း ရတယ်ဘုရား။

နုပ် အဲဒါ ဘယ်သူကနံတဲ့ အနံ့လဲလို့ မေးလိုက်ရင် အန္ဓ ပုထုဇဉ်က ဖွန်ပန်းပွင့်ကနံတာလို့ဖြေမယ်။ ကလျာဏ ပုထုဇဉ်ကတော့ အနံ့ရုပ်က နံတာလို့ဖြေမယ်။ ဘယ်ဟာ မှန်တယ်ဆိုတာသိဖို့ စာတွေ့နဲ့ စပြီးစစ်ကြည့်မယ်။ ကဲ ပရမတ်လေးပါးထဲမှာ ဖွန်ပန်း ပွင့်ဆိုတာပါသလား။

သန်း မပါဘူးဘုရား။

နုပ် မပါရင် ဖွန်ပန်းပွင့်ဆိုတာ ပရမတ်လား ပညတ်လား

သန်း ပညတ်ပါဘုရား။

http://www.dhammadownload.com



နုပ် ပညတ်ဆိုရင် ရှိ တရားလား။ မရှိ တရားလား။

သန်း မရှိတရားပါ ဘုရား။

နုပ် ဒီတော့ မရှိတဲ့တရားက နံလို့မရနိုင်ဘူး။ ရှိတဲ့တရားက သာနံရမှာ၊ အနံ့ရုပ်ဆိုတာကတော့ တကယ့်အရှိတရားပဲ၊ ဒါကြောင့် စာတွေ့အရ အနံ့ရုပ်ကသာနံတာဖြစ်ကြောင်း ထင်ရှားသွားပြီ၊ စာတွေ့ပြီးရင် လက်တွေ့စစ်ကြဦးစို့ အနံ့ရုပ်ကနံတာမဟုတ်ပဲ ဖွန်ပန်းပွင့်ကသာနံရိုးမှန်ရင် ဖွန်ပန်းပွင့်ပျောက်ရင် နံတာပျောက်ရမယ်။

ဒီစကားနဲ့ ကိုင်ပြီး ဖွန်ပန်းပွင့်ကို လက်နဲ့ချေပြီး ဖျောက်လိုက်၊ ဖွန်ပန်းပွင့်ပျောက်သွားပြီး ချေထားတဲ့ အရာလေးကို နမ်းကြည့်ပါ အနံ့တစ်ခုခုမရဘူးလား။

သန်း ရပါတယ် ဘုရား။

နုပ် အနံ့ဆိုရင် ပြီးတာပဲနော်၊ ဖွန်ပန်းနံ့ရမှလို့ဆိုလိုတာ မဟုတ်ဘူး။ ဖွန်ပန်းပွင့်ကသာ နံရိုးမှန်ရင် ဖွန်ပန်းပွင့် ပျောက်ရင် နံတာပျောက်ရမယ်။ အခုဖွန်ပန်းပွင့်သာ ပျောက်သွားတယ်။ နံတာက မပျောက်ဘူးဆိုတော့ ဖွန်ပန်းပွင့်ကနံတာဟုတ်နိုင်သေးရဲ့လား။

သန်း မဟုတ်နိုင်တော့ပါဘူးဘုရား။

နုပ် ဒါဆိုရင် ဘယ်သူကနံတာလဲ။

သန်း အနံ့ရုပ်ကနံတာပါဘုရား။

သန်း ဒီလိုပြတ်ပြတ်သားသားသိလိုက်ရင် နောက်ကိုဘာနံ့ရရ အသိရှေ့က ဝင်လိုက်တာနဲ့ ကိလေသာမလာတော့ ဘူး။ ဒီအနံ့ရုပ်ဟာလည်း မရပ်မနားတရစပ်ပျက်နေတာ

http://www.dhammadownload.com



ပါပဲ။ ဒါကို ရေးရုပ်ဓာတ်များအတိုင်း ဉာဏ်နဲ့သိပြီး ဂန္ဓါတ်အနိစ္စလို့ဖြစ်စေ၊ အနံ့ရုပ်အနိစ္စလို့ဖြစ်စေ ရှုပွား နိုင်ပါတယ်။

ရသရုပ်ကိုသွားကြရအောင်

ရသလို့ဆိုရင် ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါးဆိုတဲ့ ရသဓာတ်ခြောက်မျိုးကိုသာထင်တတ်တယ်၊ ဗုဒ္ဓသိစေချင်တာက ဒီအရသာ ၆ ပါးကိုမှ ရသ ဓာတ်လို့ခေါ်တာ မဟုတ်ဘူး။ လျှာပေါ်တင်လိုက်လို့ ပေါ်လာတဲ့ အရသာသဘောမှန်သမျှကို ရသဓာတ်လို့ပဲ ခေါ်တယ်။ ဩဇာကိုပါတစ်ဆက်တည်းပြောရရင် ဩဇာ ဓာတ်ဆိုတာကို သိလွယ်အောင် အဆီ၊ အနှစ်၊ အစေး လို့ရေးထားပေမယ့် ထောပတ်တို့ ဆီတို့လိုဟာမှ အဆီ အနှစ် ဩဇာဓာတ်ရှိတာလို့ မမှတ်နဲ့။

ရသဓာတ်ရှိရင် ဩဇာဓာတ်ရှိတာပဲ။ ဩဇာ ဓာတ်ဆိုတာ အသက်ရှည်စေတတ်တဲ့ အားဓာတ်တစ်မျိုး ပါပဲ။ ပကတိအသားမျက်စေ့နဲ့လည်း မြင်လို့မရပါဘူး။ ဝိပဿနာပရမတ်ဉာဏ်မျက်စေ့နဲ့ ပဲမြင်နိုင်သိနိုင်တယ်။ မျက်စေ့နဲ့မမြင်ရပေမယ့် ရသဓာတ်ရှိရင် ဩဇာဓာတ်ရှိ ပုံလက်တွေ့ကြည့်ရအောင်။ ဟောဒီကောက်ရိုးခြောက် နဲ့မြေကြီးမှာ မင်းတို့ငါတို့လူတွေအနေနဲ့ဆိုရင် ရသနဲ့ ဩဇာမရှိဘူးလို့ ထင်စရာပေါ့။

ကောက်ရိုးကို လျှာပေါ်တင်လိုက်ရင် ကောက်ရိုး အရသာပေါ်မှာပဲ။ အဲဒါ ရသဓာတ်ပေါ့။ မြေကြီးကို

http://www.dhammadownload.com



လျှာပေါ်တင်လိုက်ရင် မြေကြီးအရသာပေါ်မှာပဲ။ အဲဒါ ရသဓာတ်ပေါ့။ ကောက်ရိုး မြေကြီးဆိုတဲ့ ပညတ်တွေကို ရသဓာတ်လို့ထင်မနေနဲ့ဦး။ လျှာပေါ်တင်လိုက်တဲ့အခါ မှာ ပေါ်လာတဲ့ အရသာသဘောလေးကိုသာ ရသဓာတ် လို့သိပါ။

ဒီကောက်ရိုးနဲ့ မြေကြီးမှာ ဩဇာဓာတ်ပါတာ ပဲ။ ဘာကို ထောက်ဆပြီးသိရသလဲဆိုတော့ ဒီကောက် ရိုးကိုသာစားတဲ့ နွားတွေအသက်ရှင်ကြ။ ဒီမြေကြီးကို သာစားတဲ့ တီကောင်တွေ အသက်ရှင်ကြတယ်။ ဒါဟာ ကောက်ရိုးထဲ မြေကြီးထဲမှာပါတဲ့ ဩဇာဓာတ်ကြောင့် အသက်ရှင်နိုင်ကြတာပဲ။

ဒီလောက်ဆိုရင် ဓာတ်ရှစ်ပါးအကြောင်းကို သဘောပေါက်လောက်ပြီ။ ဒီဓာတ် ၈ ပါးဟာ ခွဲခြားလို့ မရဘူး။ ၈ ပါး လုံးအမြဲတမ်း အတူရှိနေတယ်။ အိမ်ကို သွားကြည့် အိမ်မရှိဘူး ဓာတ်ရှစ်ပါးပဲရှိတယ်။ အမိုး၊ အကာ၊ အခင်း၊ တိုင်၊ ထုပ်၊ လျှောက်ဒိုင်းမျှားတစ်ခု စီကိုင်ပြီးလိုက်မေးရင် အိမ်ဆိုတာ ပျောက်သွားတာပဲ။ ဒါတွေ အားလုံးပေါင်းပြီးတော့ အိမ်လို့သတ်မှတ် ခေါ်နေကြတာကိုး။

အိမ်သာမရှိတာမဟုတ်ဘူး။ အမိုး၊ အကာ၊ အခင်း၊ တိုင်၊ ထုပ်၊ လျှောက်၊ ဒိုင်း၊ မျှားဆိုတာတွေ လည်း နာမည်တပ်ထားတဲ့ ပညတ်တွေပါပဲ။ တကယ် ရှိတာက ခုပြောခဲ့တဲ့ ရုပ်ဓာတ် ၈ ပါးပဲ။ တစ်ခုလောက်

http://www.dhammadownload.com



လက်တွေ့စစ်ကြည့်ရအောင်။ တိုင်တစ်လုံးကို ကိုင်ကြည့်လိုက်။ မာတဲ့သဘောလေးတွေ့လိမ့်မယ်။ အဲဒါ ပထဝီဓာတ်ပဲ။

တိုင်မဟုတ်ဘူး။ တိုင်မရှိဘူး ဒီတိုင်တစ်တိုင်ဖြစ်လာအောင် ရုပ်ကလာပ်ပေါင်းများစွာကို ဖွဲ့စည်းထားရတယ်။ ဒါအာပေါဓာတ်ပဲ။ ဉာဏ်နဲ့ပဲသိနိုင်တယ်။ ဒီတိုင်ကိုကိုင်ကြည့်ရင် ရင့်ကျက်ခြင်းကိုဖြစ်စေတဲ့ အေးသဘော ပူသဘော တစ်ခုခုတွေ့ရလိမ့်မယ်။ အဲဒါ တေဇောဓာတ်ပဲ။ ဒီတိုင်မှာ ထောက်ကန်ထားတဲ့ သတ္တိရှိတယ်။ ဒါဟာ ဝါယောဓာတ်ပဲ။

ဒီတိုင်ကိုကြည့်ရင် မြင်ရတာဟာ ဝဏ္ဏဓာတ်ပဲ၊ ဒီတိုင်ကို နမ်းကြည့် အနံ့တစ်ခုခုရတာဟာ ဂန္ဓဓာတ်ပဲ၊ ဒီတိုင်ကိုလှီးဖြတ်ပြီး လျှာပေါ်တင်ကြည့်လို့ အရသာတစ်ခုခုပေါ်လာတာဟာ ရသဓာတ်ပဲ၊ ဒီတိုင်ကို စားတဲ့ခြတွေဟာလဲ အသက်ရှည်နိုင်တာကြောင့် ဩဇာဓာတ်လည်းရှိတယ်၊ ဒီတော့ဓါတ် ၈ ပါးသာအရှိတရားကျန်တာတွေ မရှိတဲ့ပညတ်လို့သိပါ။

လူဆိုတာကို ကိုင်ကြည့်လိုက်ရင်လည်း လူမရှိတော့ပါဘူး။ ဓာတ် ၈ ပါးပဲရှိပါတယ်။ ခေါင်း ကိုယ်ခြေလက်ဆိုတာလည်းမရှိတဲ့ ပညတ်တရားပါပဲ။ တကယ်ရှိတာက ဓာတ် ၈ ပါးပါ၊ အရေ၊ အသား၊ အသွေး၊ အရိုး၊ အူ၊ ကလီစာဆိုတာလည်းမရှိတဲ့ ပညတ်ပါပဲ။ တကယ်ရှိတာက ရုပ်ဓာတ် ၈ပါး၊ ရုပ်ဓာတ် ၈ပါးပေါင်း

http://www.dhammadownload.com



တစ်စည်းခေါ်ကြောင်း ရှင်းပြခဲ့ပါပြီ။

ပရမတ် ရုပ်ဓာတ်ကလာပ်စည်းပေါင်း ကုဋေနဲ့ချီပြီး အာပေါဓာတ်ကဖွဲ့စည်းပေးမှ လူတွေမျက်စေ့နဲ့ အဆများစွာချဲ့ထားတဲ့ မှန်ဘီလူးနဲ့ ဘယ်လိုမှ မမြင်ရဘဲ တန်ခိုးကြီးတဲ့ နတ်ပြဟ္မာအချို့ သာမြင်ရတဲ့ ပရမာဏုမြူ တစ်လုံးဖြစ်ပါတယ်။

ပရမာဏုမြူပေါင်း (၃၆) လုံးဖွဲ့စည်းမှ အဏုမြူ တစ်လုံးဖြစ်တယ်၊ အဏုမြူပေါင်း (၃၆) လုံးဖွဲ့စည်းမှ တဇ္ဇာရီမြူတစ်လုံးဖြစ်တယ်။ တဇ္ဇာရီမြူပေါင်း (၃၆)လုံး ဖွဲ့စည်းမှ ရထရေဏုမြူတစ်လုံးဖြစ်တယ်။ ရထရေဏုမြူ ပေါင်း (၃၆) လုံးဖွဲ့စည်းမှ လိက္ခခေါ်တဲ့ ပိုးကောင်တစ် ကောင်စာမြူဖြစ်တယ်။

အဲဒီလို လိက္ခမြူပေါင်း ကုဋေနဲ့ချီပြီး ဖွဲ့စည်းမှ အိုးတို့ ခွက်တို့ ပန်းကန်တို့ မင်းတို့ငါတို့ ခန္ဓာကိုယ်တို့ ဆိုတဲ့ ရုပ်ဓာတ် အစုအဝေးတွေဖြစ်ပေါ်လာတာပါပဲ။ ဘယ်လောက်ပဲ ရုပ်ဓါတ်အစုအဝေးတွေ ကြီးမားနေနေ ရုပ်ဓာတ် ၈ ခုပေါင်းကလာပ်စည်းတွေဟာ သူ့ကလာပ် စည်းနဲ့သူနေရတယ်။ ရောမသွားဘူး။

ကလာပ်စည်းတစ်ခုနဲ့ ကလာပ်စည်းတစ်ခု ကြား လေးတွေက ရှိနေတာပဲ။ မင်းရဲ့ လက်ငါးချောင်းကို စေ့ကြည့်လိုက်ပေါ့၊ ဘယ်လိုပင်စေ့စေ့ ကြားလေးကတော့ ရှိနေတာပဲ၊ အဲဒီကြားလေးကိုပဲ အာကာသဓာတ်လို့လည်း ခေါ်တယ်၊ ပရိစ္ဆေဒရုပ် လို့လည်းခေါ်တယ်။ ဒါ့ကြောင့်

http://www.dhammadownload.com



ဘယ်လောက်လုံပါတယ် ခိုင်မာပါတယ်ပြောပြော လက်တွေ့စမ်းကြည့်ရင်တော့ မလုံကြောင်း မခိုင်မာကြောင်းတွေ့နိုင်တယ်။

ဟောဒီရေချိုးတဲ့ ဒန်ဖလားကိုကြည့်၊ အသားမျက်စေ့နဲ့ ကြည့်ရင်တော့ လုံနေတာပဲ ခိုင်မာနေတာပဲ၊ ဒန်သားထူထူ အကောင်းစားနဲ့ လုပ်ထားတာကိုး။ ပရမတ်မျက်စေ့နဲ့ ကြည့်လိုက်တော့ မလုံတော့ဘူး။ မခိုင်မာတော့ဘူး။ ရုပ်ကလာပ်စည်း တစ်ခုနဲ့တစ်ခုရဲ့ အကြား အကြား အာကာသဓာတ်တွေက အပြည့်ရှိနေတာကိုး။ လက်တွေ့စမ်းကြည့်ရအောင်။ ပူနေတဲ့ရေနွေးတွေ လောင်းထည့်လိုက်ပါ။ ပြီးတော့ အပြင်ဘက်က စမ်းကြည့်။ ပူမလာဘူးလား။

သန်း ပူလာပါတယ်ဘုရား။

နုပ် အဲဒါ ပူတဲ့ ဥဏှတေဇောဓာတ် အပြင်ထွက်လာလို့ ပူတာပဲ။ တေဇောဓာတ်ထွက်လာတာနဲ့ ကျန်တဲ့ဓာတ် (၇) ပါး အကုန်ပါလာပြီးသားလို့မှတ်ပါ။

ဒီထက်ပိုပြီးတော့ ရှင်းရှင်းလင်းလင်းသိချင်ရင် ခြင်္သေ့ဆီကိုထည့်ကြည့်လိုက်။ တစ်ခါတည်းအောက်ကို အကုန်ယိုကျသွားလိမ့်မယ်။ ဘယ်ကနေ ယိုကျသွားတာလဲဆိုတော့ အာကာသဓာတ် အကြား အကြားကနေ ယိုကျသွားတာပဲ။ ကြေးခွက်ထဲထည့်လည်း ယိုကျတာပဲ။ သံခွက်ထဲထည့်လည်း ယိုကျတာပဲ။ အဲဒါအာကာသဓာတ်အကြားအကြားတွေ အပြည့်ရှိနေလို့ပေါ့။

http://www.dhammadownload.com



ခြသေ့်ဆီထွက်မကျဘဲနဲ့ နေနိုင်တာဆိုလို့ သိင်္ဂီရွှေခွက်တစ်ခုပဲရှိတယ်။ ဒါလည်းသိင်္ဂီရွှေခွက်က အာကာသဓာတ် အကြား အကြားတွေမရှိလို့မဟုတ်ဘူး။ သိင်္ဂီရွှေခွက်မှာရှိတဲ့ အာကာသဓာတ်က ခြသေ့်ဆီမှာ ရှိတဲ့ အာကာသဓာတ်ထက်ပိုပြီး စိပ်လို့တည်တာပါ။

ဒန်ခွက်၊ ကြေးခွက်၊ သံခွက်တွေတုန်းက ယိုကျတာက ဒီခွက်တွေမှာရှိတဲ့ အာကာသဓာတ်က ကျဲတာကြောင့်ပါ။ ဒီဥပမာကိုကြည့်ပြီး မင်းတို့ငါတို့ ခန္ဓာမှာကိုယ့်ကိုလည်း လုံခြုံတယ်၊ ခိုင်မာတယ်ထင်မနေပါနဲ့။ အာကာသဓာတ် အပေါက်ပေါက်တွေက အပြည့်ပါ။

ဒါကြောင့်ရင်ဘတ်ကို လေတိုက်ခံရတာနဲ့ အဆုတ်မှာသွား အအေးပတ်တာပေါ့၊ ဒီလေတွေဟာ ဘယ်အပေါက်ကနေ အဆုတ်ဆီရောက်အောင်ဝင်သလဲ ဆိုရင် အာကာသဓာတ် အကြားကြားကနေဝင်တာပါပဲ၊ ဃနပျောက်ချင်ရင် အာကာသနဲ့ဖောက်ဆိုတာ အခုပြောတဲ့ အာကာသဓာတ်ကိုပြောတာပဲ။

အတုံးကြီး၊ အခဲကြီးလို့ထင်နေတာကို ဃနခံတယ်လို့သုံးတယ်၊ အနတ္တဉာဏ်ပေါက်ဖို့အတွက် ခန္ဓာကိုယ်ကို အတုံးအခဲလို့ထင်နေတဲ့ ဃနပျောက်အောင် လုပ်ရတယ်။ ဃနပျောက်ချင်ရင် အာကာသနဲ့ဖောက်ရတယ်လို့ဆိုလိုတာပါပဲ။ ခုပြခဲ့တဲ့ ရုပ်ဓာတ် (၈) ပါးဟာ အမြဲတမ်းဖြစ်ပျက်နေကြရတာပါ၊

ပရမတ်ရုပ်ကလပ်တွေရဲ့ အသက်တိုပုံ အပျက်

http://www.dhammadownload.com



မြန်ပုံကို ထင်သာမြင်သာအောင် ဥပမာငါးမျိုးနဲ့ အဆင့်ဆင့်ပြထားတယ်။

မန်ကျည်းပင်ထက် ကြက်ဆူပင်ကပိုပြီးအသက်တိုတယ်။ ကြက်ဆူပင်ထက် ပဒိုင်းပင်ကသာပြီးအသက်တိုတယ်။ ပဒိုင်းပင်ထက် မြက်ပင်က သာပြီးအသက်တိုတယ်။ မြက်ပင်ထက် ရေမြှုပ်ခဲက သာပြီးအသက်တိုတယ်။ ရေမြှုပ်ခဲထက် ရေပွက်ကသာပြီး အသက်တိုတယ်။ ထိုရေပွက်ထက် ပရမတ်ရုပ်ဓာတ် ရုပ်ကလပ်တွေက အဆပေါင်း သိန်းသန်းမကသာလွန်၍ အသက်တိုပါတယ်။ ဒီရုပ်ဓာတ်တွေရဲ့မမြဲမှုကို ဉာဏ်နဲ့သိပေးနေတာဟာ ဝိပဿနာရှုတာပါပဲ။

ဒီရုပ်ဓာတ်(၈)ပါး ခွဲခြားလို့မရတာကို သတိထားမိမှ ဖြေနိုင်မယ့် အဘိဓမ္မာမေးခွန်းတစ်ခု တို့ငယ်ငယ်က ဖြေခဲ့ရတယ်။ ရေထဲမှာ မီးရှိသည်။ မီးထဲမှာ ရေရှိသည် ဆိုတဲ့စကားဟုတ်နိုင် မဟုတ်နိုင် ဖြေပါတဲ့။ ရုတ်တရက်ဆိုရင်တော့ မဟုတ်နိုင်ဘူးထင်ရတာပေါ့။ အဝိနိဗ္ဘောဂရုပ်(၈)ပါးတစ်ပေါင်းတည်းနေနိုင်တာကို သတိထားမိတာနဲ့ ဖြစ်နိုင်တယ်ဆိုတဲ့ အဖြေဟာ တန်းပေါ်လာတာပဲ။

မီးဆိုတာ ဥဏှတေဇောဓာတ်ကို ပြောတာ။ ရေဆိုတာက အာပေါဓာတ်ကိုပြောတာ၊ ဒီမေးခွန်းကိုမှီပြီး မြေထဲမှာရေရှိတယ်။ ရေထဲမှာမြေရှိတယ်ဆိုတဲ့စကား မှန်မမှန်ဆိုရင်လည်း မှန်တယ်လို့ပဲဖြေရမယ်။ မြေလို့ခေါ်တဲ့ ပထဝီဓာတ်ထဲမှာ ရေလို့ခေါ်တဲ့အာပေါဓာတ်ဟာ

http://www.dhammadownload.com



ရှိနိုင်တာပဲ။ မြေကြီးဆိုတော့ ခက်မာတဲ့သဘော ပထဝီ ဓာတ်ကအားများပြီး ယိုစီးသဘော အာပေါဓာတ်က အားနည်းတာပေါ့။

ရေထဲမှာကျတော့လဲ ယိုစီးသဘော အာပေါ ဓာတ်က အားများပြီး ခက်မာသဘောပထဝီဓါတ်က အားနည်းတာပေါ့။ ရေထဲမှာ ခက်မာတဲ့သဘော ပထဝီ ဓာတ်ကို အားများလာအောင် လုပ်ကြည့်ရင်လည်းရတယ်။ အင်္ဂလိပ်အုပ်ချုပ်စဉ်က မြန်မာပြည်မှာ သတ္တုထုတ်လုပ် ရေးတွေ အတော်လုပ်သွားတယ်။

အဲဒီတုန်းက ကျောက်တောင်တွေကို ရေအားနဲ့ ခွဲပြီး သတ္တုရှာတဲ့နည်းကိုသုံးတယ်။ တောင်ပေါ်က ကျလာတဲ့ရေတွေကို ပိုက်အကြီးစားနဲ့သွယ်လိုက်တယ်။ အဲဒီပိုက်အကြီးစားထဲက ရေကို ပိုက်အလတ်စားထဲ ပြောင်းထည့်တော့ ရေအားက တအားကောင်းလာတာ ပေါ့။ နောက်တစ်ခါ ပိုက်အငယ်စားထဲပြောင်းထည့်ပြန် တော့ ရေအားက သိပ်ပြင်းထန်နေပြီ။

အဲဒီရေကိုမှ လက်ကိုင်စက်တစ်ခုထဲထည့်ပြီး အသေးဆုံး ပိုက်ကနေ လွှတ်ပေးတော့ ဒီရေဟာ ဘယ် လောက်ပြင်းထန်သလဲဆိုရင် ဘယ်လောက်မာတဲ့ ကျောက် တောင်ဖြစ်ဖြစ် ကွဲကြေကျသွားတာပဲ။ ဒီနေရာမှာ တွေး ကြည့်ရအောင်။

''ရေထဲမှာ ပထဝီဓာတ်မပါပဲ အာပေါဓာတ် ချည်းသာဆိုရင် ဒီကျောက်တောင်ကို ဘယ်လိုမှဖြိုခွဲနိုင်

http://www.dhammadownload.com



စရာမရှိဘူး။ သူ့ထက် မာတဲ့အရာနဲ့တွေ့လို့သာ ဒီကျောက်တောင်ဟာ ပြိုဆင်းသွားရတာပါ။ ဒီတော့ ပန်းထွက်နေတဲ့ ရေထဲမှာ ကျောက်ထက် မာကျောတဲ့ ပထဝီဓာတ်ပါလို့သာ ဒီကျောက်တောင်ကြီးပြိုကွဲသွားတယ်ဆိုတာ စဉ်းစားလို့ရပါတယ်။

တစ်ဆက်တည်းပြောလိုက်ဦးမယ်။ တစ်နေ့ အင်္ဂလိပ်အရာရှိတစ်ယောက်ဟာ အဲဒီလိုရေအားနဲ့ ကျောက်တောင်တွေကို ခွဲနေတာမြင်ရတော့ အားကျသွားတယ်။ ဒါနဲ့ အနားက မြန်မာအလုပ်သမားတစ်ယောက်လက်ထဲက ရေပန်းတဲ့စက်ကို တောင်းယူတယ်။ တကယ်တော့ ဒီရေပန်းတဲ့စက်ဆိုတာ အင်မတန်အန္တရာယ်များတယ်။

အားကောင်းမောင်းသန်လည်းဖြစ်မှ၊ ကျွမ်းလည်းကျွမ်းကျင်မှသာ ကိုင်ရတယ်။ ဒါကိုစာတွေ့သာရှိဘူးတဲ့ အရာရှိကမသိဘူး။ ငါတွေ့ရှိတဲ့အလုပ်သမားကသိတယ်။ ဒါပေမယ့် အရာရှိဆိုတော့ဘာမှမပြောရဲပဲ ပေးလိုက်ရတာပေါ့။ အရာရှိလက်ထဲလည်းရောက်ရော ရေကချိန်သားမကိုက်တော့ဘဲ ထွက်ချင်သလိုထွက်သွားတယ်။

အဲဒီမှာတင်အနားကအလုပ်သမား တစ်ယောက်ကို ဒီရေက သွားထိုးမိတယ်။ ရေအရှိန်ကပြင်းလွန်းအားကြီးတော့ အလုပ်သမားခမျာ အရှိန်နဲ့အပေါ်မြောက်တက်သွားပြီး ကျောက်နံရံနဲ့ရိုက်မိတယ်။ ရေထိုးခံလိုက်ရတဲ့ကျောကနေ ဗိုက်ထိအပေါက်ကြီးဖြစ်ပြီး အသေဆိုးနဲ့သေရရှာတယ်။

http://www.dhammadownload.com



အဲဒီအင်္ဂလိပ်အစိုးရက အဲဒီအရာရှိကိုတော့ အပြစ်မပေးဘူး။ ရေပန်းတဲ့စက်ကိုပဲ အပြစ်ပေးပြီး ထောင်ချလိုက်သတဲ့။

ကဲ နောက်အပတ်မှ ဝိပဿနာလိုက်စားတဲ့သူတွေ နှတ်ပြည့်မှာ သောတာပန်တည်ပုံလေးမျိုးအကြောင်းကို ပြောကြရအောင်။

## ကိုယ့်လုပ်စာကိုယ်မစားရသော လယ်သမား

ဦးမေဓါဝီ၊ ပရိယတ္တိကိုလည်း တတ်အောင်သင်၊ ကိုယ်တတ်ပြီးတော့ တစ်ဆင့်ပို့ချပြီး ပရိယတ္တိကိုလည်းဆောင်ရမှာပဲ။ ဒါပေမယ့် တစ်သက်လုံး ပရိယတ္တိနှင့်ချည်း အရိုးထုတ်သွားရမှာကတော့ နည်းနည်းမှမတော်ဘူး။

အပန်းတကြီး တောင်ယာတွေခုတ်ထွင်၊ နေပူ၊ မိုးရွာမရှောင် ထွန်ယက်စိုက်ပျိုး၊ သီးနှံတွေရိတ်သိမ်း၊ ကျီထဲသွင်းပြီးခါမှ ကိုယ့်လုပ်စာကိုယ်မစားရဘဲသေသွားရတဲ့ လယ်သမားကြီးလိုဖြစ်နေမယ်ဗျ။

လင့်စင်ကုန်းဆရာတော်ကြီးက ပထမ ညောင်လွန်တောရဆရာတော် ဦးမေဓါဝီကို တောထွက်တရားအားထုတ်ဖြစ်ရင် တိုက်တွန်းသောစကား။ ထိုစကားကြောင့် သံဝေဂရတောထွက်ပြီး ရဟန္တာဖြစ်ခဲ့သည်။

http://www.dhammadownload.com

# အခန်း (၂၉)

# တရားသမားတို့ နတ်ပြည်၌ မင်္ဂဖိုလ်ရပုံ

## တစ်ဘဝတည်းနဲ့ ရဟန္တာဖြစ်ချင်ရင်

ငါ့ရှင်သုမန အားထုတ်ရမည့် တရားကားမခက်။ ဝီရိယသာလိုသည်။ ယခုခေတ်တွင် မင်္ဂဖိုလ်ရနိုင်စွမ်းသော ဝီရိယကို မထူထောင်ကြဘူးကွဲ့။ အဋ္ဌကထာဆရာတို့ဆုံးမတဲ့အတိုင်း ပန်းဝတ်ရည်ယူအံ့ဟု ပျံသွားသောပျား၊ ရေအပြင်ကြာရှက်၌ သွေးကြောဖြတ်သင်သောဆေးသမား၊ အသပြာလေးထောင်ကို လို၍ ပင့်ကူချည်မျှင် လေးလံ ရအောင်တုတ်တံဖြင့် ရစ်ယူသော ယောက်ျား၊

လေကြမ်းလျှင် ခါးလည်ကိုစီး၍ လေညံ့လျှင် ရွက်ကုန်ဖြန့်၍ ရွက်တိုက်သောလှေသမား၊ အပေါက်ကျဉ်းလှသော ကျည်တောက်၌ မဖိတ်ရအောင် ဆီသွတ်သော ယောက်ျားကဲ့သို့ မဆုတ်

http://www.dhammadownload.com



မနစ်မတတ်ကြွားစေရအောင် စိတ်ကို စဉ်းစားဆင်ခြင်၍ သမုဒ္ဒရာ၏ ဟိုမှာဘက်ကမ်းသို့ ကူးသန်းအံ့သောယောကျ်ား၏ အာသာဆန္ဒကဲ့သို့လည်းကောင်း သက်စွန့်ကြိုးစားပြီး အားထုတ်ရမယ်ကွဲ့။

ရှေးအခါက ယောကျ်ားနှစ်ဦးတို့ တောင်ကြားခရီး၌ ရှားနှစ်ကိုတွေ့၍ ရှားနှစ်ကိုမီးပွတ်သော် မီးရမည်လောဟု တစ်ယောက်ကဆိုလျှင် တစ်ယောက်ကမစင်ပါအောင် ပွတ်သော်လည်း မီးမရနိုင်ဟုဆိုသည်ကို မခံချင်လှ၍ ငါမစင်ပါအောင်ပွတ်မည်ဟု ကြိုးစားအားထုတ်ပွတ်ရာတွင် အခိုးထလေလေ နှိပ်ပြီးပွတ်လေလေဖြင့် မစင်လည်းဗျစ်ခနဲပါ မီးလဲရလာသည်ဟူသော ဥဒါန်းစကားအတိုင်း မီးပွတ်ယောကျ်ား၏ အာသာဆန္ဒလုံ့လပယောဂလောက်မျှ မရှိကြ။

တရားထူးရမည်ကို သက်နီးတစ်ထည် သပိတ်တစ်လုံးရမည်လောက်မျှဝမ်းမမြောက်၊ ဆွမ်းတစ်အုပ်ရသလောက်မှ မခင်မင် ပုထုဇဉ်ပေတုံးပိတ်ဖျင်ကိုသာ ဖြုန်းကြသောကတုံးတွေမှာ မြေကြီးနှင့်ကောင်းကင်အလား ဤတရားမြတ်နှင့်ဝေးလိမ့်မယ်ကွယ့်။

အရေ၊ အကြော၊ အသား၊ အသွေး အကုန်ခြောက်ပါစေ ရထိုက်သောတရားမျိုးသာမှန်ပါလျှင် မရသမျှ ငါမနေ မပေါက်မရောက်သမျှ ငါမနေဟု ဝီရိယမလျှော့ဘဲ အားထုတ်ရမယ့်ကွယ့်။ ဤသို့သက်စွန့်ကြိုးစားအားထုတ်ပါလျှင် ခပေါင်းရေကြည်စေ့ခပ်သော ရေသည် တစ်ခဏခြင်း စိမ်းမြကြည်လင်ဖြူစင်သန့်ရှင်းသကဲ့သို့၊

တစ်ခုတည်းသော တရားအာရုံကိုသာ စူးစိုက်စွဲမြဲသော သမာဓိနှင့် ယှဉ်ရသဖြင့် တရားအားထုတ်သူ၏ စိတ်အစဉ်သည်

http://www.dhammadownload.com



လွှန်စွာကြည်လင်တောက်ပပြီး အဆင့်ဆင့်မြတ်သော တရားထူး တရားမြတ်ကို ရနိုင်တယ်ကွဲ့။

(လယ်တီဆရာတော်)

''ထိုဩဝါဒအတိုင်း ၁၀ နှစ်တိတိစကားမပြော၊ တရားမဟောဘဲ အားထုတ်သဖြင့် ဦးသုမနသည် ရဟန္တာဖြစ်ခဲ့ရသည်။ ထိုဦးသုမနကား မုံရွာသမ္ဗုဒ္ဓေမိုးညှင်းဆရာတော်ဘုရားကြီး ပါတည်း။ ၁၂၇၃ ခုနှစ်ခန့်က ပေးသောဩဝါဒဖြစ်၏။

နှပ် မောင်သန်းလင်းအောင် ရွှေတိဂုံဘုရားအနောက်မုခ်က ဗုဒ္ဓဝင်ပြခန်းကို ကြည့်ဖူးတယ်မဟုတ်လား။

သန်း ကြည့်ဖူးပါတယ်ဘုရား။

နှပ် ဘယ်ဘက်ကအခန်းတစ်ခုမှာ ပန်းပုပုံတစ်ပုံကို ပြန်ပြီး အာရုံယူကြည့်လိုက်။ ဘုရားရှင်က အိမ်ရှေ့လမ်းမမှာ ဆွမ်းရပ်နေတယ်။ အိမ်ထဲမှာတော့ ပုဏ္ဏားတစ်ယောက်က အိမ်ဘက်ကို မျက်နှာပြုပြီး ထမင်းစားနေတယ်။ ဇနီးသည်ပုဏ္ဏားမက လက်တစ်ဖက်က ထမင်းဝိုင်းကို ယပ်ခတ်ပေးရင်း မျက်နှာကဘုရားရှင်ကို လှမ်းကြည့်နေတဲ့ပုံလေး ပြန်မြင်တယ်မဟုတ်လား။

သန်း မြင်တယ်ဘုရား။ မှတ်မိတယ်။ ပဉ္စဂ္ဂဒါယက ပုဏ္ဏား အကြောင်းပါ။

နှပ် ဟုတ်ပြီ။ ဒီပုဏ္ဏားကို စပါးစိုက်ပြီးအဦးငါးမျိုး လှူတတ်တဲ့အတွက်ကြောင့် ပဉ္စဂ္ဂဒါယကလို့ခေါ်တာ အဲဒီနေ့က စကား တစ်လုံးကိုနာယူလိုက်တာနဲ့ သူမင်္ဂဖိုလ်ရမယ့်နေ့ ဆိုတာကို ဗုဒ္ဓကသိမြင်တော်မူလို့ သူ့အိမ်ကိုတစ်ပါး

http://www.dhammadownload.com



တည်းဆွမ်းခံကြွလာတာပဲ။ သူကမမြင်ဘူး။ ပုဏ္ဏေးမက မြင်တယ်။ ဒါပေမယ့်ဘုရားကြွတော်မူတာကို သိသွားရင် သူ့ယောက်ျားဆွမ်းထလောင်းနေရပြီး ထမင်းစားပျက်မှာ စိုးလို့ ပုဏ္ဏေးမကဘုရားရှင်ကို အသံတိတ်နည်းနဲ့ ကန်တော့ဆွမ်းလောင်းလိုက်တယ်။

သန်း ဘယ်လိုလောင်းသလဲဘုရား။

နုပ် လွှယ်ပါတယ်ကွ။ ခေါင်းရမ်းပြလိုက်တာပေါ့။ လောင်းစရာမရှိဘူး။ ကြွတော့ဆိုတဲ့သဘောပေါ့။ အံ့မယ် ဗုဒ္ဓကလည်း လွယ်လွယ်နဲ့မကြွဘူးကွ။ ပြန်ပြီးခေါင်းရမ်းပြတယ်။ ဆွမ်းလောင်းမှ ပြန်မယ်။ ဆွမ်းမလောင်းရင် မပြန်ဘူးဆိုတဲ့သဘောပေါ့။ အမှန်က ဘုရားရှင်ဟာ ဆွမ်းလိုလို့ ကြွလာတာမဟုတ်ဘူး။ ပဉ္စဂ္ဂဒါယကာ ပုဏ္ဏားကို မဂ်ဖိုလ်ရအောင်ဟောပေးချင်လို့ ကြွလာခြင်းသာဖြစ်တယ်။

ဒါ့ကြောင့် ပုဏ္ဏားမက ခေါင်းရမ်းပြတာတောင် ပြန်မကြွတာပါ။ ဘုရားရှင်လိုပုဂ္ဂိုလ်မျိုးက ခေါင်းပြန်ရမ်းပြတာကို ပုဏ္ဏေးမက တော်တော်သဘောကျပြီး အသံထွက်ရယ်မိသွားတယ်။ ဒီတော့မှ ပုဏ္ဏားက မေးစမ်းကြည့်ရင်းနဲ့ ဘုရားကြွလာတာကို သိသွားတယ်။ သူ့မှာ စားဦးစားဖျားမကျန်တဲ့အတွက် စားနေတဲ့ပန်းကန်ထဲက ဘေးတစ်ဝက်ကို လှူလို့ရမရမေးကြည့်တော့ ဗုဒ္ဓက ရတယ်ဆိုတော့ ပုဏ္ဏားကဝမ်းသာအားရလောင်းလှူတယ်။

ပြီးတော့ မေးခွန်းတစ်ခုမေးတယ်၊ မြတ်စွာဘုရားရဲ့တပည့် သာဝကတွေကို ဘာဖြစ်လို့ ဘိက္ခုရဟန်းလို့

http://www.dhammadownload.com



ခေါ်ရပါသလဲလို့မေးတယ်။ ဒီတော့ ဗုဒ္ဓက ပုဏ္ဏားအမှတ်မထင်အကြွင်းသူရဲ့သန္တာန်မှာ အလုံးစုံသော နာမ်ရုပ်တရားနှစ်ပါး၌ ငါ့ဥစ္စာ၊ ငါ့ဟာလို့တဏှာ ဒိဋ္ဌိနဲ့မစွဲငြိဘူး။ နာမ်ရုပ်နှစ်ပါးချုပ်ပျောက်သွားလို့လည်းဘဲ စိုးရိမ်ပူဆွေးခြင်းအလျဉ်းမရှိဘူး။ အဲဒီသူကို စင်စစ်ဘိက္ခုဟု ငါဟောအပ်တယ်လို့ ဘုရားရှင်က ဟောလိုက်တယ်။ တရားအဆုံးမှာနှစ်ယောက်လုံး အနာဂါမ်ဖြစ်သွားတယ်။

ဘာဖြစ်လို့ အဲဒီလောက်ချမ်းသာလွယ်ကူစွာနဲ့ အနာဂါမ်တည်ရသလဲဆိုတော့ သူတို့ဟာ အတိတ်ဘဝ ကဿပဘုရားလက်ထက်က ရုပ်နာမ်ဆိုတဲ့ ဝိပဿနာတရားစကားကို နာကြားဖူးတယ်။ အဲဒီလိုတရားနာခဲ့ဖူးတဲ့ ကုသိုလ်ကြောင့် ယခုဘဝကျတော့ ဘုရားရှင်ကိုယ်တိုင် သူ့အိမ်ကိုရောက်အောင် ကြွလာပြီးတော့ အနာဂါမ်တည်အောင် တရားဟောပေးရတာပဲ။

သန်း ဒီလိုဆိုတော့လည်း တရားနာကြရတာ အားရစရာကောင်းလိုက်တာဆရာတော်။

နုပ် ဒီထက်အားရစရာ ကောင်းတာရှိသေးတယ်။

သန်း အမိန့်ရှိပါဦးဘုရား။

နုပ် အားရစရာမပြောမီ ယောဂီတိုင်းသိသင့်တဲ့ ငါ့မယ်တော်ကြီးရဲ့ မေးခွန်းကိုပြောပြချင်တယ်။ မယ်တော်ကြီးဟာ ငယ်ရွယ်စဉ်ကတည်းက ဝိပဿနာကို နာကြားအားထုတ်ခဲ့တယ်။ မယ်တော်ကြီးရဲ့ စိတ်နေစိတ်ထားနဲ့

http://www.dhammadownload.com



အပြောအဆိုတွေကို အနီးကပ်လေ့လာကြည့်ရသ လောက် ဆိုရင် သောတာပန်လောက်ကတော့ဖြစ်နိုင်မယ့် အနေ အထားတွေတွေ့ရတယ်။

သောတာပန်မှာရှိတဲ့ ဂုဏ်ရည်တွေ မယ်တော် ကြီးမှာ ရှိနေတာတွေ့ရတယ်။ ဒါပေမယ့် မယ်တော်ကြီးက စာမတတ်ရှာဘူး။ တစ်နေ့တို့ကိုလာမေးတယ်။

''သားဘုန်းကြီးမယ်တော်ကြီးဟာ သေရမှာ မကြောက်ဘူး။ ကိုယ့်တရားအမှတ်နဲ့ကိုယ်ဆိုရင် အချိန် မရွေးသေရဲတယ်။ ဒါပေမယ့် ရောဂါဒဏ်ချက်ကြောင့် တရားလက်လွတ်သေရမှာကိုတော့ ကြောက်တယ်။ အဲဒီ လိုသေရင် အပါယ်မကျဘူးလားတဲ့။

သန်း စိတ်ဝင်စားစရာပဲ။ ဆရာတော် ဒီမေးခွန်းမျိုးဟာ လူတိုင်း သိချင်နေတဲ့ မေးခွန်းပဲဘုရား။

နုပ် ပိုပြီး စိတ်ဝင်စားစရာကောင်းတာက ဒီမေးခွန်းမျိုးကို လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်က မဟာနာမ်ဆိုတဲ့ သာကီဝင် မင်းကြီးကဘုရားရှင်ကို မေးဘူးခဲ့တာပဲ။

သန်း ဟုတ်သလားဘုရား။ ဒီအတိုင်းဘဲလား။

နုပ် စကားလုံးတော့ ကွဲတာပေါ့ကွာ။ ဒါပေမယ့် လိုရင်း အဓိပ္ပါယ်က အတူတူဘဲ။ မြတ်စွာဘုရား သူ့ဇာတိမြို့ဖြစ် တဲ့ ကပိလဝတ်ပြည် နိဂြောဓါရုံကျောင်းမှာ သီတင်းသုံး နေတော်မူတဲ့ အချိန်ပေါ့။ တစ်နေ့ ဗုဒ္ဓရဲ့နောင်တော်ကြီး မဟာနာမ်ဟာကျောင်းကို ရောက်လာပြီး အခုလိုလျှောက် တယ်။

http://www.dhammadownload.com



''မြတ်စွာဘုရား တပည့်တော်မြတ်စွာဘုရားထံသို့ တစ်ခေါက်လာရသည်မှာ မလွယ်ကူပါ။ ကပိလဝတ် ပြည်မှ မြင်းရထားများသည် အင်မတန်အမောင်းကြမ်းကြ ပါသည်။ တပည့်တော် မြင်းရထားအတိုက်ခံရပြီး ရုတ်တရက်သေခဲ့လျှင် အပါယ်လေးပါးသို့ ကျ မကျသိ လိုပါသည်ဘုရား'' တဲ့ ဒီတော့ ဘုရားရှင်က ဖြေတယ်။ နောင်တော်ကြီး မဟာနာမ် ထောပတ်အိုးကို ရေထဲချပြီး ခွဲလိုက်လျှင် အိုးကွဲတွေသာ ရေအောက်တွင်ကျန်ရစ်ပြီး ထောပတ်များကား ရေပေါ်သို့တက်ရသကဲ့သို့၊ တရား သိပြီးသူသည် မည်သည့်နည်းနှင့်သေသည်ဖြစ်စေ၊ ခန္ဓာ အကောင်ပုပ်သာလျှင် လူ့ပြည်၌ကျန်ခဲ့ပြီး ရုပ်သစ်၊ နာမ် သစ်ကား နတ်ရွာသုဂတိ ရောက်ရသည်တဲ့။

''အဲဒီမေးခွန်းကိုသာ မေးနေတာ။ တကယ် တော့ မဟာနာမ်ဟာ သကဒါဂါမိမဂ်ကိုတောင်ရပြီး နေပါ ပြီ။ ဒီအဖြေကြားလိုက်ရတော့မှ မယ်တော်ကြီးလည်း တော်တော်ဝမ်းသာသွားတယ်။ ချန်ထားခဲ့တဲ့ တရားနာ ပုဂ္ဂိုလ်တွေ ပိုအားရစရာကောင်းတဲ့ အကြောင်းတစ်ခုကို ပြောကြရအောင်။ ဝိပဿနာတရားကို နာယူကျင့်ကြံ နေတဲ့ယောဂီများ လေးမျိုးသောနည်း၊ တစ်နည်းနည်းနဲ့ သောတာပန်တည်နိုင်ပုံအကြောင်းပါဘဲ။

http://www.dhammadownload.com



## သောတာပန်ဖြစ်ပုံလေးမျိုး

အင်္ဂုတ္တိုရ် ပါဠိတော်၊ သောတာနုဂတသုတ် (အံ၊ ၁၊၅၀၄) မှာ ဟောထားတာပဲ။ ဗုဒ္ဓရဲ့တရားတော်တွေကို

၁။ သောတာနုဂမန = နားယဉ်အောင် နာကြားထားသော ပုဂ္ဂိုလ်

၂။ ဝစသာပရိစယ = နှုတ်ဖြင့် လေ့ကျက်ထားသော ပုဂ္ဂိုလ်

၃။ မနသာနုပေက္ခန = စိတ်ဖြင့် ဆင်ခြင်နေသော ပုဂ္ဂိုလ်

၄။ ဒိဋ္ဌိယာသုပ္ပဋိဝေဓ = ရုပ်နာမ်ပဲရှိတယ်။ ငါဆိုတာမရှိပါလားလို့ ပညာဖြင့် ထိုးထွင်း၍ သိထားသောပုဂ္ဂိုလ်

ခုပြနေတဲ့ တရားတော်တွေကို နာကြားနေသူ၊ ဖတ်ရှုနေသူတွေဟာ အဆင့်အမြင့်ဆုံး လေးယောက် မြောက် ပုဂ္ဂိုလ်ထဲမှာ ပါပါတယ်။ ဒီပုဂ္ဂိုလ်လေးဦးလုံးဟာ သေခါနီး ရောဂါပြင်းထန်၍ ဘုရားတရားမေ့သေသွားတောင် အပါယ်ကိုမကျဘဲ

၁။ နတ်ပြည်ရောက်တာနဲ့ချက်ခြင်း သောတာပန် တည်ပါတယ်။

တဿတတ္ထ သုခိနော ဓမ္မပဒါနိပ္လဝန္တိ၊
ဒန္ဓောဘိက္ခဝေသတုပ္ပါဒေါ၊ အထခေါ
သောသတ္တောခိပ္ပမေဝ ဝိသေသဘာဂီဟောတိ။

နတ်ပြည်၌ ပဋိသန္ဓေကိုယ်ဝန်ထဲ နေစရာမလို

http://www.dhammadownload.com



သည့်အတွက် ချမ်းသာစွာသွားဖြစ်သော ပုဂ္ဂိုလ် လေးယောက်သည် ညကအိပ်မက်များ မနက်တွင် ပေါ်လာကြသကဲ့သို့ လူ့ဘဝကဆည်းပူးခဲ့သော တရားများ ချက်ခြင်းပြန်ပေါ်လာကြ၏။

ထို့ကြောင့် ဩော် ငါသေ၍နတ်ပြည်ရောက် နေပါလားဟူသော အတွေးကပင် နောက်ကျသေး၏။ သောတာပတ္တိမဂ်ကို အလျှင်အမြန်ချက်ခြင်းရ၏။

"ကဲ ဘယ်လောက်အားရစရာကောင်းလိုက် သလဲလို့ နတ်ပြည်ရောက်တာနဲ့ နတ်သားဆိုရင်အသက် (၂၀)အရွယ်၊ နတ်သမီးဆိုရင် (၁၆)နှစ်အရွယ်တန်း ဖြစ်တာဆိုတော့ အသိဉာဏ်ကလည်း ကြီးမားပြီးသားဘဲ။ တကယ်လို့ လူ့ပြည်ရောက်သွားရင်အခုလို မဂ်ဖိုလ်ကို ချက်ခြင်းမရနိုင်ဘူး။ မိခင်ဝမ်းထဲမှာ ဆယ်လနေရမယ်။

နောက်အသက်ခုနစ်နှစ်အရွယ်ရောက်အောင် စောင့်ရမယ်။ ဒီအရွယ်ကျမှ ရုပ်နာမ်ခန္ဓာသစ္စာဆိုတာတွေ ကို ဉာဏ်ကမှီတာကိုး၊ တရားတော်က သူ့တာဝန်သူ ကျေပွန်တယ်။ တရားလိုက်စားထားတဲ့ ပုဂ္ဂိုလ်လူ့ဘဝ ရောက်သွားရင် အဲဒီလိုမဂ်ဖိုလ်တန်းမရဘဲ (၇) နှစ်ကျော် ကြာအောင် စောင့်နေရမှာစိုးတဲ့အတွက် မဂ်ဖိုလ်ကို ရောက်ရောက်ခြင်းရနိုင်တဲ့နတ်ပြည်ကို ပို့ပေးခဲ့တာပဲ။

သန်း တရားတော်ဟာ အံ့သြကြည်ညိုစရာပါလား ဆရာတော်။

နုပ် တရားရဲ့အဓိပ္ပါယ်ကိုက "အတ္တာနံဓါရေန္တေ စတူသု- အပါယေသု ဝဋ္ဋဒုက္ခေသုစ အပတမာနေ ကတွာဓါရေ- တီတိ ဓမ္မော"

http://www.dhammadownload.com



မိမိဟုဆိုအပ်သော တရားကိုဆောင်ထား
သောသူအား အပါယ်လေးပါးတို့၌လည်းကောင်း၊
ဝဋ္ဋဒုက္ခတို့၌လည်းကောင်း မကျစေမူ၍ ဆောင်ထား
တတ်သောကြောင့် တရားလို့ခေါ်တာပဲ။

ဒါ့ကြောင့် ဝိပဿနာတရားကို သေသည်အထိ နာကြားအားထုတ်နေဖို့ကယောဂီရဲ့အလုပ်။ ကိလေသာကို ပယ်သတ်ပြီး မဂ်ဖိုလ်ကိုပေးဖို့က တရားရဲ့အလုပ်၊ မဂ်ဖိုလ်ရ မရ သေချာဆုံးဖြတ်ပေးနိုင်တာက ဘုရားရဲ့ အလုပ်လို့ ရှေ့ပိုင်းမှာတစ်ခါပြောခဲ့သေးတာပေါ့။

ဝိပဿနာတရားဆိုတာ ကိုယ့်စီးပွားရေးလည်း အပျက်မခံပဲ ပုံမှန်လေးရှုပွားသွားရတယ်။ ပုံမှန်နာကြား ရှုပွားနေရင် ဒီနေ့ မရရင်နောက်နေ့ မဂ်ရလိမ့်မယ်။ ဒီလမရရင် နောက်လရလိမ့်မယ်။ ဒီနှစ်မရရင် နောက်နှစ် ရလိမ့်မယ်။ နောက်ဆုံး ဒီဘဝမရရင် နောက်ဘဝရလိမ့် မယ်။ နောက်ဘဝဆိုလို့ အကြာကြီးထင်မနေနဲ့။ နောက် ဘဝဆိုတာတကယ်စဉ်းစားကြည့်ရင် နောက်နေ့လောက် တောင် ကြာတာမဟုတ်ဘူး။

သန်း နောက်ဘဝက နောက်နေ့လောက်တောင်မကြာဘူးဆိုတာ ဘယ်လိုသဘောလဲဘုရား။ တပည့်တော် နားမလည်ဘူး။

နုပ် မင်းနောက်နေ့ဆိုတာရောက်အောင် ဒီညတစ်ည အနည်း ဆုံး (၆)နာရီလောက် မအိပ်ရဘူးလား။

သန်း အိပ်ရတယ်ဘုရား။

နုပ် အေး တရားလုပ်နေတဲ့ ယောဂီတစ်ယောက် အခုညနေ

http://www.dhammadownload.com



ငါးနာရီသေရင် ဒီငါးရီအချိန်မှာပဲ စောစောကပြောခဲ့သလို နတ်ပြည်ရောက်သွားပြီး သောတာပန်တည်ရတာပဲ။ ဒါ့ကြောင့် နောက်ဘဝဆိုတာ နောက်နေ့လောက်တောင် မကြာဘူးလို့ပြောတာ သဘောပေါက်ပြီလား။

သန်း သဘောပေါက်ပြီဘုရား။

နုပ် ကဲ သောတာပန်တည်ပုံလေးမျိုးကို ဆက်ရအောင်။ ပထမနည်းက နတ်ပြည်ရောက်ရောက်ခြင်း သောတာပန် တည်တယ်။

၂။ ဒုတိယနည်းက အရှင်မဟာမောဂ္ဂလာန်မထေရ် ကဲ့သို့ တန်ခိုးကြီးတဲ့ရဟန္တာမထေရ်တစ်ပါးပါး နတ်ပြည် တက်လာပြီး ဟောကြားတဲ့တရားကို နာရတဲ့အခါ လူ့ဘဝ တုန်းက ငါကျင့်ကြံအားထုတ်ခဲ့တဲ့တရားဟာ ဒီတရား မျိုးပဲလို့ သတိရသွားပြီး သောတာပတ္တိမဂ်ကို လျှင်မြန်စွာ ရတတ်ပြန်တယ်။

၃။ ပြောခဲ့ပြီးတဲ့နည်းနှစ်ပါးနဲ့ သောတာပန်မတည် သေးရင် ပဉ္စာလစဏ္ဍ၊ အတ္တကဗြဟ္မာ သနင်္ကုမာရဗြဟ္မာ အစရှိတဲ့ ဓမ္မကထိက နတ်သားတစ်ပါးပါ ဟောတဲ့တရား ကိုနာကြားရတဲ့အခါ လူ့ဘဝကအားထုတ်ခဲ့တဲ့တရားကို ပြန်အမှတ်ရပြီး သောတာပတ္တိ မဂ်ကိုရပြန်တယ်။

၄။ ဒီသုံးနည်းနဲ့မှ သောတာပန်မတည်သေးရင် လူ့ဘဝက တရားအတူနာဘက် အတူအားထုတ်ဖက် နတ်သား၊ နတ်သမီးချင်းတွေ့ပြီး တရားအကြောင်း ဆွေး နွေးမိရာကနေ သောတာပတ္တိမဂ်ကို ရသွားပြန်တယ်။

http://www.dhammadownload.com



လူ့ဘဝက ဝိပဿနာတရားကို တကယ်လိုက်စားတဲ့သူမှန်သမျှ နတ်ပြည်ရောက်ရင် ဒီလေးနည်းထဲက တစ်နည်းနည်းနဲ့ သောတာပန်တည်ရကြောင်း ဗုဒ္ဓက ဟောတော်မူထားတယ်။ ဒါကြောင့် ဝိပဿနာတရားကို ပုံမှန်နာကြားအားထုတ်နေဖို့က မိမိတာဝန်လို့သာ သိထားပါ။ ဝိပဿနာရှုပွားတဲ့အခါမှာလည်း ဆရာစွဲမပြောနဲ့၊ ငါစွဲတောင်ဖြုတ်ထားမှ ပန်းတိုင်ကိုမြန်မြန်ရောက်တယ်။

သန်း ဘယ်လိုဖြုတ်ထားပြီး ရှုပွားရမှာလဲဆရာတော်။

နုပ် သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ၊ သမ္မသန္တိ ဝဝတ္ထပေန္တိ ၊ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တိ

သင်္ခါရတရားတို့က သင်္ခါရတရားတို့ကို ဝိပဿနာရှုကြ၏။ သုံးသပ်ကြ၏။ ပိုင်ခြားကြ၏။ သိမ်းဆည်းကြ၏။ ပိုင်းဖြတ်ကြ၏။

(ဝိသုဒ္ဓိမဂ်၊ ၌၊ ၂။ ၂၆၃)

သင်္ခါရတရားတွေက သင်္ခါရတရားတွေကို ဝိပဿနာရှုနေတာလို့ အမြင်ရှင်းထားရမယ်။ နောက်တစ်ခုက

ဒုက္ခမေဝဟိ နကောစိဒုက္ခိတော
ကာရကော နကိရိယာဝဝိဇ္ဇတိ။
အတ္ထိနိဗ္ဗုတိ နနိဗ္ဗုတောပုမာ၊
မဂ္ဂမတ္ထိ ဂမကော နဝိဇ္ဇတိ

ဒုက္ခသာရှိ၏။ ဒုက္ခိတ (ဒုက္ခကိုခံစားသူ) ပုဂ္ဂိုလ်မရှိ၊ ပြုလုပ်သူမရှိ၊ ပြုလုပ်မှုသာရှိ၏။ ငြိမ်း

http://www.dhammadownload.com



အေးမှုသာရှိ၏။ ငြိမ်းအေးသူမရှိ လမ်းစဉ်သာရှိ၏။
သွားသူမရှိ ။ (ပဋိသံ၊ ၄၁၊ ၂။ ၁၉၇)

ဆိုလိုတာကတော့ ပုဂ္ဂိုလ်သတ္တဝါမရှိပါဘူးဆို တာကို ဉာဏ်ဖြန့်ပြီးသိနိုင်ဖို့ ဖွင့်ပြထားတာတွေပါပဲ။ ကဲ ခန္ဓာအကြောင်းကို ဆက်ရအောင်။ ရုပ်နာမ်အကြောင်း ဟောရုံနဲ့ မဂ်ဖိုလ်ရောက် နိုင်ရက်သားနဲ့ ခန္ဓာငါးပါးကို ဘာလို့ဆက်ဟောရသလဲဆိုတော့ တစ်ချို့ပုဂ္ဂိုလ်က ခန္ဓာ အမည်နဲ့အရင်ဘဝက တရားလုပ်ခဲ့ကြတယ်။ ဒီလိုပုဂ္ဂိုလ် မျိုးတွေကျတော့ ခန္ဓာအမည်နဲ့ဟောမှဘဲ တရားရတယ်။ ဒါ့ကြောင့် ခန္ဓငါးပါးကို ဆက်ဟောတာပဲ။

ဒီတော့ ခုကတည်းက မှတ်သားရမှာက ခန္ဓာ ငါးပါးသည် အသီးအခြားမဟုတ်။ ရုပ်နာမ်နှစ်ပါးပဲဖြစ် တယ်။ ရုပ်နာမ်နှစ်ပါးကို ငါးပုံပုံရာက ခန္ဓာငါးပါးဖြစ် လာတာလို့ သေခြာသိပါ။ တစ်ချို့ဝေနေယျကျတော့ အာယတနအမည်နဲ့ဟောမှ မဂ်ဖိုလ်ရတယ်။ ဒီဝေနေယျ တွေအတွက် ရုပ်နာမ်ကို (၁၂)ပုံ ပုံပြီးဟောလိုက်တာနဲ့ အာယတန (၁၂)ပါးဖြစ်သွားတာပဲ။

တစ်ချို့ပုဂ္ဂိုလ်တွေကျတော့ ဓါတ်အမည်နဲ့ဟောမှ မဂ်ဖိုလ်ရတယ်။ ဒီပုဂ္ဂိုလ်တွေအတွက် ရုပ်နာမ်နှစ်ပါးကို (၁၈)ပုံ ပုံပြီး ဟောလိုက်တဲ့အခါကျတော့ ဓာတ် (၁၈)ပါး ဖြစ်သွားတာပဲ။ တစ်ချို့ ပုဂ္ဂိုလ်ကျဟော့ သစ္စာအမည်နဲ့ ဟောမှ မဂ်ဖိုလ်ရတယ်။ ဒီပုဂ္ဂိုလ်တွေအတွက် ရုပ်နာမ်နဲ့ နိဗ္ဗာန်ကို လေးပုံပုံပြီးဟောလိုက်တဲ့အခါကျတော့ သစ္စာ

http://www.dhammadownload.com



လေးပါးဖြစ်သွားတာပဲ။

တစ်ချို့ပုဂ္ဂိုလ်တွေကျတော့ ပဋိစ္စသမုပ္ပါဒ်-အကြောင်း အကျိုးအမည်နဲ့ဟောမှ မဂ်ဖိုလ်ရတယ်။ ဒီပုဂ္ဂိုလ်တွေအတွက် ရုပ်နာမ်နှစ်ပါးကို နောက်တစ်နည်း (၁၂)ပုံ ပုံပြီးဟောလိုက်တဲ့အခါကျတော့ ပဋိစ္စသမုပ္ပါဒ်ဖြစ်သွားတာပါပဲ။ တစ်ချို့ပုဂ္ဂိုလ်ကျတော့ သတိပဋ္ဌာန်အမည်နဲ့ဟောမှမဂ်ဖိုလ်ရတယ်။ ဒီပုဂ္ဂိုလ်တွေအတွက် ရုပ်နာမ်ကို နောက်တစ်နည်းလေးပုံပုံပြီးဟောပေးတဲ့အခါကျတော့ သတိပဋ္ဌာန်လေးပါးဆိုတာဖြစ်လာတာပါပဲ။

သန်း ဩော် ခုမှသေချာရှင်းသွားတယ်ဆရာတော်။ ဒါဆိုရင် ဘယ်နည်းနဲ့အားထုတ် အားထုတ် မဂ်ဖိုလ်ကိုရနိုင်တာပေါ့ ဆရာတော်။

နုပ် ရနိုင်တာပေါ့။ အားလုံးဟာ မဂ်ဖိုလ်ကိုရဖို့ ဟောခဲ့တဲ့တရားတွေချည်းပဲ။ ကိုယ့်အသိဉာဏ်နဲ့အကိုက်ဆုံး အရှင်းဆုံးနည်းကို ရွေးပွားနိုင်ပါတယ်။ တရားရှာတဲ့နေရာမှာ မာနမထားရဘူး။ မာနထားရင်လည်း တရားမရဘူး။ ဥပမာ ကိုယ်ကနာမည်ကြီး ဆရာတော်ကြီးတစ်ပါးရဲ့နည်းနဲ့အားထုတ်နေတယ်။ တရားကမတက်ဘူး။

ဒီအချိန်မှာ ကိုယ့်စရိုက်နဲ့ကိုက်မယ့်တရား တစ်ခုကို လူဆရာတစ်ယောက်ကပြနေတယ်ဆိုပါစို့။ ငါကရဟန်း၊ ဟိုမှာ ပြနေတာကလူဆရာ၊ သူ့ဆီမှာနည်းခံရင် အောက်ကျပါတယ်ဆိုပြီး နည်းခံနာကြားအားထုတ်ခြင်း မရှိရင် ကိုယ်သာတရားမရမှာဘဲ၊ ဒါ့ကြောင့် မာနထားရင်

http://www.dhammadownload.com



တရားမရဘူးလို့ပြောတာ။

ဒီအချက်နဲ့ပတ်သက်ပြီး ချီးကျူးစရာကောင်းတဲ့ ဆရာတပည့်နှစ်ပါးအကြောင်းကို ပြောပြမယ်။ မိုးညှင်း ဆရာတော်ဘုရားကြီးဆိုတာ သူ့ခေတ်သူ့အခါမှာ ပဋိပတ္တိ အရာပြိုင်ဘက်မရှိတဲ့ ဆရာတော်ကြီး တစ်ပါးပါ။ ဝိပဿနာမှာ မိုးညှင်းနည်းဆိုပြီး အခုအချိန်တိုင်အောင် ရှိခဲ့တာပဲ။ ဒီဆရာတော်ကြီးထံမှာ ဦးပဏ္ဍဝဆိုတဲ့ ဆရာတော်တစ်ပါးနည်းခံပြီး (၁)နှစ်လောက်ကျင့်တယ်။

နောက် မိမိကိုယ်ကို အားမရသေးတဲ့အတွက် မဲဆောက် ဆရာဦးမင်းဒင်ဆီမှာ သတိပဋ္ဌာန်ရှုပွားနည်း ကို တပည့်ခံပြီး သင်ယူနာကြားတယ်။ ဒီအချိန်က မော်လမြိုင်မြို့ တောင်ဝိုင်းကြီး ကျောင်းတိုက်မှာ သီတင်း သုံးတယ်။

သတိပဋ္ဌာန်နည်းနဲ့မှ ဉာဏ်ထဲမှာ ရှင်းရှင်းလင်း လင်း တရားရသွားတယ်။ အဲဒီနည်းနဲ့ဘဲ မော်လမြိုင်မြို့ ၏ ဝမှာ ရိပ်သာဖွင့်ပြီးတရားပြလို့ မော်လမြိုင်မြို့ ဝသတိ ပဋ္ဌာန်ဆရာတော်ဆိုပြီး နာမည်ကြီးတယ်။ ဒါက တရားရဖို့အတွက် မာနမထားဘဲ လူပုဂ္ဂိုလ်ထံမှာပင် နည်းခံခဲ့တဲ့ ဆရာတော်ဦးပဏ္ဍဝကို ချီးကျူးစရာအချက်ပါ။

နောက်ချီးကျူးစရာက မိုးညှင်းဆရာတော်ကြီးပါ။ သူပြတဲ့နည်းကိုစွန့်ပြီး တခြားနည်းနဲ့ အားထုတ်နေတဲ့ ဦးပဏ္ဍဝရှိတဲ့ကျောင်းကို အကြောင်းတိုက်ဆိုင်တိုင်း ကြွရောက်အားပေး ချီးမြှောက်တယ်။ ငါပြတဲ့နည်းကို

http://www.dhammadownload.com



အားမထုတ်မှတော့ ငါ့တပည့်မှ မဟုတ်တော့ဘဲ၊ သွားစရာမလိုဘူးဆိုတဲ့ ဒေါသစိတ်မထားတာ ကျန်တဲ့ တရားပြ ဆရာတော်တိုင်း အတုယူသင့်တယ်။

တို့တောင်လက်တွေ့ကြုံခဲ့ရတယ်။ မြို့တစ်မြို့က နာမည်ကြီး ရိပ်သာတစ်ခုမှာ တရားတစ်ညဟောပေး ရတယ်။ ကျောင်းထိုင်ဆရာတော်ကြီးမရှိဘူး။ လက် ထောက်ဆရာတော်လေးက တို့ရေးတဲ့စာအုပ်ကို ဖတ်ပြီး ကြည်ညိုလို့ တရားဟောခိုင်းတာပါ။ နောက်ရက် ဆရာ တော်ကြီးရောက်လာတော့ လက်ထောက် ဆရာတော် လေးကို ဆူလိုက်ပြောလိုက်တာ ရစရာမရှိဘူးတဲ့။ သူတို့ နည်းနဲ့ သူတို့ပြတဲ့တရားမဟုတ်ရင် သူ့ရိပ်သာထဲမှာ တခြား ဘာတရားမှမဟောရဘူးတဲ့။ လောဘ၊ ဒေါသ ဆိုတဲ့ ကိလေသာတွေကုန်အောင်တရားပြနေပြီး လောဘ၊ ဒေါသ ကိလေသာတွေ ထွက်ပြနေတယ်ဆိုတော့ မိမိမှာ ဘာတရားမှ မရှိသေးဘူးဆိုတာ ပြလိုက်သလိုပါဘဲ။

နောက်တစ်ပါးက ကမာရွတ်နှင်းဆီခြံဘက်က ဘဲ၊ ဓမ္မာစရိယဦးဌေးလှိုင်နဲ့ ရင်းနှီးတယ်။ ဦးဌေးလှိုင်ရေးတဲ့ ဓမ္မဒူတစာအုပ်ထဲမှာ ဖတ်လိုက်ရတာ။ တကယ့်စာတတ် ဆရာတော်ကြီးတစ်ပါးပါ။ ပရိယတ္တိနဲ့ပြည့်စုံသလို ပဋိပတ် ကျတော့လည်း ဝေဘူတို့၊ မဟာစည်တို့၊ မိုးကုတ်တို့နည်း တွေနဲ့အားထုတ်ခဲ့ပေမယ့် ဉာဏ်အမြင်မှာ မရှင်းဘူးတဲ့။ နောက်ဘယ်သူ့ဆီမှာ တရားရသလဲဆိုတော့ ဟိုး မအူပင် က ဒေါ်ဝဏ္ဏာဆိုတဲ့သီလရှင်ကြီးထံ နည်းခံကျင့်မှဘဲ

http://www.dhammadownload.com



တရားရသွားသတဲ့။ အခုငါ့ဆိုရင်လည်း ကြည့်ပေါ့။ တခြားနည်းတွေ အတော်စုံအောင် အားထုတ်ကြည့်ဘူး တာဘဲ။ ဉာဏ်ထဲမှာမရှင်းဘူး။ အခုဆရာကြီး ဦးကြင်ရွှေရဲ့ ပစ္စက္ခဝိပဿနာသင်တန်းတရားနဲ့ကျမှ ရှင်းလင်းသွား တော့တာပဲ။

သန်း ဆရာတော်ပြောမှ ကိုယ့်ကိုကိုယ် သတိထားမိတယ်။ တပည့်တော်တို့လည်း လူပုဂ္ဂိုလ်ဟောတာဆိုရင် သိပ် မနာချင်ဘူးဘုရား။ ဒါဟာ မာနပဲဆိုတာခုမှ ပိုရှင်းသွား တယ်ဘုရား။

နုပ် တရားကိုနာယူကျင့်သုံးတဲ့အခါမှာ စိတ်ထားလေးတစ်ခုကို ဥပမာနဲ့ပြောပြမယ်။ သာမန်မင်းချင်းတစ်ယောက်က ဘုရင့်ရဲ့အမိန့်တော်ကို ဖတ်ကြားတဲ့အခါ ပြည်သူတွေဟာ ဒူးထောက်ပြီးတော့ နားမထောင်ရဘူးလား။

သန်း နားထောင်ရတယ်ဘုရား။

နုပ် ဒီလိုဒူးထောက် နားထောင်တာဟာ မင်းချင်းကိုလေးစား တာလား။ ဘုရင့်အမိန့်တော်ကို လေးစားတာလား။

သန်း ဘုရင့်အမိန့်တော်ကို လေးစားတာပါဘုရား။

နုပ် ဒီအတိုင်းပဲ။ ဘုရားတရားတော်မှန်ရင် ဘယ်သူ့ဆီကပဲ နာရ နာရ လေးစားရိုသေစွာ နာယူရမယ်။ ဟောသူက လူဖြစ်ဖြစ်၊ ရဟန်းဖြစ်ဖြစ် အရေးမကြီးဘူး။ တရားတော် ကို လေးစားဖို့ကဘဲ အရေးကြီးတယ်။ ကဲ ခန္ဓာငါးပါး အမိပ္ပါယ်ကို နောက်အပါတ်မှဆက်မယ်။ တရားကို တကယ်သိသွားရင် သေရမယ့်ဝေဒနာကို ခံစားရတာခြင်း

http://www.dhammadownload.com



တူပေမယ့်၊ သေပုံမတူတဲ့ အကြောင်းဖြစ်ရပ်မှန်နှစ်ခုကို လည်း ဒီကျမှတစ်ခါတည်း ပြောပြမယ်။

http://www.dhammadownload.com

# အခန်း (၃၀)

# ဝေဒနာတူသော်လည်း သေတာမတူပုံ

## ပဋ္ဌာသ=မတူဘဲနှင့်တုပြိုင်ခြင်း

ကိုယ့်ထက်အလွန်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကို ကိုယ်နဲ့ ဂုဏ်ရည်တူပြုပြီး မရှိမသေဖက်ပြိုင်ပြောဆိုပြုလုပ်တာကို ပဋ္ဌာသခေါ်တယ်။ မနိုင်းကောင်းတဲ့ ပုဂ္ဂိုလ်နှင့်နှိုင်းယှဉ် ဂုဏ်ပြိုင်တဲ့သဘောပါပဲ။ အဲဒါလဲ အပြစ်ကြီးတယ်။ ကိုယ်ကစာမတတ်ပဲနဲ့ တကယ့်စာတတ် ပုဂ္ဂိုလ်ကြီးတွေနဲ့ တန်းတူထားပြီး မရှိမသေပြောတာလဲရှိတယ်။

ဒီဆရာတော်ကြီးလဲ ငါတို့လိုပါဘဲ။ မှားတာ မသိတာရှိသေးတာပါပဲစသဖြင့် မိမိဂုဏ်ကိုမြှင့်ပြီး ပြောတာမျိုးပါ။ နောက်ပြီးတော့ ကိုယ်ကသီလမပြည့်စုံ ပါဘဲနဲ့ တကယ့်သီလပြည့်စုံတဲ့ မထေရ်ကြီးတွေနဲ့ တန်းတူ

http://www.dhammadownload.com



လုပ်ပြီး ဂုဏ်ပြိုင်ပြောဆိုတာလဲရှိတယ်။ ကိုယ်က သုတ မရှိပါပဲနဲ့ ဗဟုသုတတပြည့်စုံတဲ့ ပုဂ္ဂိုလ်နဲ့တန်းတူလုပ်ပြီး ဂုဏ်ပြိုင်ပြောဆိုတာလဲရှိတယ်။

ကိုယ်ကဘာဝနာအလုပ်ကို ကောင်းကောင်းအား မထုတ်ဘူးဘဲနဲ့ ဘာဝနာအလုပ်ကို ကောင်းကောင်း အားထုတ်ထားတဲ့ ပုဂ္ဂိုလ်နဲ့တန်းတူလုပ်ပြီး ဂုဏ်ပြိုင် ပြောဆိုတာလဲရှိတယ်။ အထူးအားဖြင့်တော့ မကြာမီကမှ သက်န်းဝတ်လာတဲ့ အချို့သော ဝုမုပဗ္ဗ ဇိတ (တောထွက်) ကိုယ်တော်ကြီးတွေက စာပေကျမ်းဂန်တတ် ဆရာတော် တွေကို သူတို့နဲ့တန်းတူထားပြီး ဖက်ပြိုင်တတ်တယ်။

သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံတဲ့ဆရာတော် တွေကို သူတို့နဲ့တန်းတူထားပြီး ဖက်ပြိုင်တတ်တယ်။ တကယ့်ဆရာတော်ကြီးတွေက မှားနေသယောင်ယောင်၊ စာပေတွေကဘဲ မှားနေသယောင်ယောင်၊ ဂုဏ်ပြိုင်ပြော ဆိုတတ်ကြတယ်၊ သုတနည်းတဲ့ လူတွေကလည်း အဲဒီလို ပြောတာကိုဘဲ အဟုတ်ထင်နေတတ်ကြတယ်၊ ပဋ္ဌာသကို အကြောင်းပြုပြီး အကုသိုလ်တွေပွားကြတာပါပဲ။

တစ်ခါတုန်းက အရူးတစ်ယောက်က ကြိုးဆွဲချ ပြီးသေနေတဲ့လူကိုတွေ့ရတော့ ကြိုးကွင်းထဲမတော်တဆ တိုးမိပြီးသေရတယ်လို့ထင်တာနဲ့ "အင်းထောင်တဲ့သူက လဲ သစ်ပင်ပေါ်မှာတက်ပြီး ထောင်ပါပေ့ဗျာ။ တိုးတဲ့လူက လဲ သစ်ပင်ပေါ်တက်ပြီးတိုးပါပေ့ဗျာ" လို့ အံ့သြတကြီး ပြောသတဲ့။

http://www.dhammadownload.com



အဲဒီလိုဘဲ၊ မဟုတ်မဟတ်တရားတွေကို ဟောတဲ့ လူကလဲ ဟောပါပေရဲ့၊ အဲဒါကိုတရားကောင်းမှတ်ပြီး နာတဲ့လူကလဲနာပါပေရဲ့ ဖြစ်မှဖြစ်ရလေခြင်းလို့ ဘုန်းကြီးရဲ့စိတ်ထဲမှာ သံဝေဂတရားတွေပွားမိပါတယ်။

လောကမှာလူတွေက စုံစမ်းဆင်ခြင်တဲ့ အသိဉာဏ် အလိမ္မာနည်းပါးကြတယ်၊ တစ်ယောက်က နှုတ်စလျှာစကောင်းကောင်းနဲ့ ရဲရဲတင်းတင်း ပြောနေရင် ဟုတ်လိမ့်နိုးနိုး ယုံလွယ်တတ်ကြတယ်၊ ဒီထဲမှာကိုယ်တွေ့ဉာဏ်တွေ့ပါလို့ပြောရင်ပိုပြီး အထင်ကြီးတတ်ကြသေးတယ်၊ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ရှေ့ကသွားမည့်သူရှိရင် နောင်ကလိုက်မည့် သူတွေကလဲ ရှိနေကြတာပဲ။

(မဟာစည်ဆရာတော်၏–သလ္လေခသုတ်တရားတော်မှ)

မှတ်ချက်။ မိမိကိုယ်တွေ့တစ်ခုကိုသာ အမှန်ဟုယူပြီး အဆက်ဆက်သော၊ ဆရာကိုယ်တွေ့၊ ဗုဒ္ဓကိုယ်တွေ့စာပေများကို ပယ်ကာဟောပြောနေကြသူ တောထွက်ကြီးအချို့ကို ရည်ညွှန်းခြင်းဖြစ်၏။

နုပ် တကယ့်အရှိတရားပရမတ် လေးပါးထဲက နိဗ္ဗာန်ကို ခဏဖယ်ထားလိုက်ရင် စိတ်,စေတသိက် ရုပ်လို့သုံးမျိုး ကျန်တယ်။ ဒီသုံးမျိုးမှာ စိတ်နဲ့စေတသိက်ကို နာမ်တရားလို့ခေါ်ကြောင်း၊ ရုပ်ကိုတော့ ရုပ်တရားပင်ခေါ်တဲ့အတွက် တစ်လောကလုံးရုပ်နာမ်သာရှိကြောင်းပြောခဲ့ပြီ။ အခုဒီရုပ်နဲ့

http://www.dhammadownload.com



နာမ်ကို ခန္ဓာငါးပါးဖြစ်အောင်ငါးပုံပုံရမယ်။

ရုပ်ဓာတ် (၂၈)ပါးက ဖေါက်ပြန်တတ်တဲ့ သဘောတရားရှိတဲ့ ရူပက္ခန္ဓာဖြစ်သွားမယ်။ စေတသိတ် (၅၂)လုံးထဲက အာရုံရဲ့ အရသာကိုခံစားတဲ့သဘော ဝေဒနာစေတသိက်လေးက ဝေဒနက္ခန္ဓာဖြစ်သွားမယ်။ ဘာအာရုံပဲဆိုတာကို မှတ်သားတဲ့သညာ စေတသိက်က သညာက္ခန္ဓာဖြစ်သွားမယ်။ (၅၀)လုံးကိုတော့ စေတနာက ဦးဆောင်တယ်။ သူတို့ ငါးဆယ်လုံးကို တိုက်တွန်းနှိုးဆော်တတ်တဲ့သဘောတရားရှိလို့ သင်္ခါရက္ခန္ဓာလို့ခေါ်တယ်။

စိတ်အကျဉ်း (၈၉)ပါး၊ စိတ်အကျယ် (၁၂၁)ပါး အကုန်လုံးကို အာရုံကိုသိတတ်တဲ့ သဘောတရားရှိတဲ့အတွက် ဝိညာဏက္ခန္ဓာလို့ခေါ်တယ်။ ဒီတော့ ရုပ်ခန္ဓာ (၁)ပါး၊ နာမ်ခန္ဓာလေးပါး ဖြစ်သွားတာပေါ့။ ရူပက္ခန္ဓာနဲ့ ပတ်သက်ပြီး ဒီဆောင်ပုဒ်ကိုကြည့်ထား။

ပြုပြင်ဆေးသုတ်, ပေါင်းထုပ်မွန်းမံ၊
ဤရုပ်ထိုရုပ်, ရေမြှုပ်သဏ္ဍာန်
မခိုင်မြဲလို့, ဆင်းရဲပူပန်
အကာကျသာရကင်းမဲ့ပြန်။

"ခြင်းကျားလိုယက်ထားတဲ့ အရိုးစုကြီးပေါ်ကို အသားစုတွေကပ်၊ အရေထူအရေပါး ဖုံးထားတာဟာ အိမ်တစ်အိမ်ကို ပြုပြင်ဆေးသုတ်ထားတာနဲ့ အတူတူပါပဲ၊ ဥပမာပေးလိုက်ပြန်တော့ ရေမြှုပ်နဲ့တူတယ်တဲ့၊ ရေမြှုပ်

http://www.dhammadownload.com



ဟာ အဝေးကနေကြည့်ရင်တော့ အတုံးအခဲကြီးအခိုင်အမာကြီးလို့ ထင်ရတာပေါ့၊ အနီးကပ်ပြီး လက်နဲ့ဖျစ်ကြည့်လိုက်တော့ ဘာမှမကျန်အောင်ပျောက်သွားတယ်။

ရူပက္ခန္ဓာခေါ် ရုပ်တရားဟာလည်း ဒီတိုင်းပါဘဲ၊ အသားမျက်စေ့နဲ့ကြည့်မယ်ဆိုရင်တော့ အကောင်အထည်အတုံးအခဲကြီးလို့ထင်ရတာပါ။ ဉာဏ်မျက်စေ့နဲ့ကြည့်လိုက်တဲ့အခါကျတော့မှ အတုံးအခဲမဆိုထားနဲ့အမှုန်အမွှားတောင်မရှိဘဲ၊ မာသဘော ပျော့သဘောစတဲ့သဘောတရားလေးပဲရှိတယ်ဆိုတာ သိရတယ်။

အရင်တုန်းကတော့ ပူတာဖြစ်ဖြစ်၊ အေးတာဖြစ်ဖြစ်၊ ကိုက်တာဖြစ်ဖြစ်၊ ခဲတာဖြစ်ဖြစ် ငါပူတယ်၊ ငါအေးတယ်၊ ငါ ကိုက်တယ်၊ ငါခဲတယ်လို့ပဲ ထင်ခဲ့တယ်၊ ဒီအချက်တွေ အားလုံးကိုဖေါက်ပြန်တယ်လို့ပဲခေါ်ပါတယ်။ ဒီလိုဖေါက်ပြန်တာမှန်သမျှဟာ ငါသူတစ်ပါးယောက်ျား၊ မိန်းမပုဂ္ဂိုလ်သတ္တဝါကဖေါက်ပြန် တာမဟုတ်ဘူး။ ရူပက္ခန္ဓာကဖေါက်ပြန်တာဆိုတာကို သေချာမှတ်သားထားရမယ်။

ဒါ့ကြောင့် ရုပ်ခန္ဓာကြီးက ဖေါက်ပြန်တိုင်း ငါဖေါက်ပြန်တာမဟုတ်၊ ရူပက္ခန္ဓာက ဖေါက်ပြန်တာ၊ ဒီလိုသိပေးနေရမယ်၊ ဒုတိယမြောက် ခန္ဓာက ဝေဒနက္ခန္ဓာ၊ အာရုံရဲ့ အရသာကိုခံစား တဲ့သဘောတရားဝေဒနာစေတသိတ်လေးကို ဝေဒနက္ခန္ဓာခေါ်တာပါပဲ၊ သူနဲ့

http://www.dhammadownload.com



ပတ်သက်တဲ့ လက်ာလေးက၊
သာယာနှစ်သက်ခံခက်နှစ်တန်၊
ဝေဒနာစက် ရေပွက်သဏ္ဌာန်၊
မခိုင်မြဲလို့ ဆင်းရဲပူပန်၊
အကာကျ သာရကင်းမဲ့ပြန်။

အာရုံရဲ့အရသာကို ခံစားတဲ့အခါမှာ သာယာနှစ်သက်မိတဲ့အခါရှိတယ်၊ အဲဒါ သုခဝေဒနာဘဲ ကောင်းတဲ့ဝေဒနာပေါ့၊ တစ်ခါတစ်ရံ အာရုံခံစားရတာ မနှစ်သက်ဘူးမကြိုက်ဘူး။

အဲဒါ ဒုက္ခဝေဒနာပေါ့ မကောင်းတဲ့ဝေဒနာလို့ဘဲ မှတ်မိအောင် မှတ်ထားလိုက် ကောင်းတာ မကောင်းတာ နှစ်ခုလုံးသိပ်မထင်ရှားတဲ့အခါမှာတော့ ဥပေက္ခာဝေဒနာလို့သိထားပေါ့၊ ဉာဏ်နဲ့ကြည့်ရင် ဝေဒနာသုံးမျိုးဟာ ဆင်းရဲကတော့ပါနေတာပါဘဲ။

သုခဝေဒနာဟာ ရှိနေတဲ့အခါ ချမ်းသာတယ်၊ မရှိတော့တဲ့အခါ ဆင်းရဲတယ်၊ ဒုက္ခဝေဒနာဟာ ရှိနေတဲ့အခါ ဆင်းရဲတယ်၊ မရှိတော့တဲ့အခါ ချမ်းသာတယ်၊ ဥပေက္ခာ ဝေဒနာကတော့ သိမြင်သော်ချမ်းသာတယ်၊ မသိမြင်သော် ဆင်းရဲတယ်လို့ (မ၊၃၊၂၊၂၆၆)

အဌကထာဆရာက ခွဲပြထားတယ် စတုဂီရိ တောင်လေးလုံးဆရာတော်ဘုရားကြီးက ရှုဘွယ်ကျမ်းမှာ ပြထားတာက

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာ

http://www.dhammadownload.com



ဝေဒနာ ဤဝေဒနာ သုံးမျိုးတို့ကိုပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တသုံးပါးတို့တွင် ဒုက္ခဟုဆိုသည်။

သုခဝေဒနာကို ဝိပရိဏာမဒုက္ခဟုမှတ်
ဒုက္ခဝေဒနာကို ဒုက္ခ ဒုက္ခဟုမှတ်
ဥပေက္ခာဝေဒနာကို သင်္ခါရဒုက္ခဟုမှတ်

တဲ့၊ သုခဝေဒနာကို ဝိပရိဏာမဒုက္ခလို့ဆိုတာက ဖြစ်ပြီးတော့ ပျက်သွားလို့၊ ဒုက္ခဝေဒနာကို ဒုက္ခ ဒုက္ခလို့ ဆိုတာက ဒုက္ခခန္ဓာကြီးပေါ်မှာ နောက်ဒုက္ခတစ်ခုထပ်ပေါ်တာမို့ပါ။ ဥပေက္ခာဝေဒနာကို သင်္ခါရဒုက္ခလို့ဆိုတာက ပျက်ဖို့အတွက်ဖြစ်ပေးရတာမို့ပါ။ ဒီဝေဒနက္ခန္ဓာကို ဗုဒ္ဓက ရေပွက်နဲ့ ဥပမာပေးထားတယ်။

တကယ်တော့ ဝေဒနာတွေဖြစ်ပျက်နေတာက ရေပွက်ထက်အဆပေါင်းများစွာ မြန်ဆန်ပါတယ်၊ တခြားဥပမာမေးစရာ မရှိလို့ရေပွက်နဲ့ ဥပမာပေးတာပါ။ ကန်ရေပြင်ပေါ်ကို မိုးရွာတဲ့အခါ ရေပေါက်တွေ အဆက်မပြတ်ကျပြီး ရေပွက်တွေအဆက် မပြတ်ဖြစ်လိုက်ပျက်လိုက်ဖြစ်နေတာကို မိုးမတိတ်မခြင်းတွေ့နေရလိမ့်မယ်။ မိုးတစ်ပေါက်ကျလို့ ပွက်လိုက်ရတဲ့ရေပွက်တစ်ပွက်ရဲ့ အချိန်ဟာ တကယ့်ကိုခဏဆိုမှ ခဏလေးပါ။ ဒီအတိုင်းဘဲ ကောင်းတဲ့ဝေဒနာဖြစ်ဖြစ်၊ မကောင်းတဲ့ဝေဒနာဖြစ်ဖြစ်ခံစားရတာဟာ ပရမတ်ပညာနဲ့ကြည့်ရင် တကယ့်ကို ခဏလေးပါ။

ဥပမာတစ်ခု ပူအိုက်တဲ့နွေရာသီမှာ အိပ်ခန်းထဲ

http://www.dhammadownload.com



အဲယားကွန်းလေးဖွင့်ပြီး နူးညံ့တဲ့အိပ်ယာပေါ်မှာ မှိန်းနေရရင်ကောင်းတဲ့ သုခဝေဒနာတွေဖြစ်မနေဘူးလား။

သန်း ဖြစ်နေပါတယ်ဘုရား။

နုပ် ဒီလိုကောင်းတဲ့ဝေဒနာကို ခံစားတဲ့အခါမှာ တစ်နာရီမှိန်းနေရင် ကောင်းတဲ့ဝေဒနာကို တစ်နာရီခံစားရမယ်လို့ အနုပုထုဇဉ်ကထင်တယ်၊ ယူဆတယ် ဒီအယူအဆမှားကြောင့်လည်း သုခဝေဒနာကို နှစ်သက်တဲ့ လောဘက ပိုအားကြီးလာတာပေါ့။ ဒီလောဘမလာစေချင်ရင် သုခဝေဒနာကို အနိစ္စရှုရမယ်။

မမြဲတဲ့ အနိစ္စသဘောကို ဝိပဿနာပညာနဲ့ ထိုးထွင်းမသိပဲနဲ့ ဝေဒနာအနိစ္စ၊ ဝေဒနာဖြစ်ပျက်လို့ စိတ်ထဲကဆိုနေရုံနဲ့လည်း လောဘက သေမှာမဟုတ်ဘူး။ အနိစ္စမမြင်အောင် သန္တတိဖုံးတယ်၊ မမြဲဘူးဆိုတာကို မမြင်အောင်ဖြစ်စဉ်အစဉ်အတန်းကြီးက ဖုံးနေတယ်လို့ ဆိုလိုတယ်။

သန္တတိအဖုံးကို ဖယ်လိုက်ရင် အနိစ္စမမြဲခြင်းလက္ခဏာကိုမြင်တာပဲ၊ မြဲနေတယ်ထင်လို့ လောဘဖြစ်တာ မမြဲဘူးဆိုတာသိတာနဲ့ လောဘမဖြစ်တော့ဘူး။ ဥပမာအုန်းဆံကြိုးကြီးတစ်ချောင်း ပေတစ်ရာလောက်ကို ရှည်တယ်၊ တော်တော်ရှည်တဲ့ကြိုးကြီးပဲ၊ပေတစ်ရာတောင် ရှိတယ်ဆိုပြီး နှစ်သက်တဲ့လောဘဖြစ်တယ်။

နောက်သေချာဉာဏ်နဲ့ တွေးကြည့်လိုက်တော့ အုန်းဆံဖတ်ဆိုတာ တစ်ထွာတစ်မိုက်ပဲရှိတာ၊ ဘယ်လိုမှ

http://www.dhammadownload.com



ပေတစ်ရာ မရှည်နိုင်ဘူး၊ အခုလိုပေတစ်ရာရှည်တယ်ဆိုတာ တစ်ထွာတစ်မိုက်ရှိတဲ့ အုန်းဆံဖတ်တွေကို တစ်ခုနဲ့တစ်ခုဆက်ပြီးကျစ်ထားတာပါလားလို့ သိသွားတယ်။ ဒီလိုတကယ်သိသွားတာနဲ့ အုန်းဆံကြိုးကြီးအပေါ် နှစ်သက်တဲ့လောဘဟာ ပျောက်သွားတယ်။

ထို့အတူပဲ အိပ်ယာပေါ်မှာ သုခဝေဒနာခံစားတာကို တစ်နာရီကြာခံစားလို့ရ မရဉာဏ်နဲ့စစ်ကြည့်ရမယ်၊ သုခဝေဒနာဆိုတာ နာမ်တရား၊ နာမ်တရားမှန်သမျှ တစ်စက္ကန့်အတွင်းမှာ ကုဋေတစ်သိန်းတောင်ပျက်တာပါလား၊ ဒီလိုဆိုတော့ သုခဝေဒနာကို တစ်နာရီခံစားဖို့ နေနေသာသာ တစ်စက္ကန့်ကြာအောင်တောင်ခံစားလို့ မရပါလား၊ တစ်စက္ကန့်အတွင်းမှာပဲ သုခဝေဒနာပေါင်း ကုဋေတသိန်းပျက်သွားပြီးဖြစ်တာ၊ ပျက်တာမြန်လွန်းအားကြီးလို့သာ တစ်နာရီကြာအောင် ခံစားရတယ်လို့ ထင်တာပါလား။

ဒီလို သုခဝေဒနာရဲ့ မမြဲမှုကိုဉာဏ်နဲ့သေချာသိပြီး ဝေဒနာအနိစ္စလို့ ရှုလိုက်တာနဲ့ နှစ်သက်တဲ့လောဘချုပ်သွားပါတယ်။ ဒါက အနိစ္စနဲ့ လောဘမလာအောင်ရှုနည်းပါ၊ နောက်တစ်ခါသောတာပန်များ အပိုင်နိုင်ဆုံးဖြစ်တဲ့ အနတ္တရှုနည်းကိုသင်ပေးဦးမယ်။

သန်း သောတာပန်က အနတ္တကို အပိုင်နိုင်ဆုံးဆိုတော့ အနိစ္စနဲ့ ဒုက္ခကို သိတ်မပိုင်သေးဘူးဆိုတဲ့ သဘောလားဆရာတော်။

http://www.dhammadownload.com



နုပ် ဟုတ်တယ်၊ သောတာပန်နဲ့သကဒါဂါမိဟာ အနတ္တ အချက်ကိုသာ အစွမ်းကုန်ထင်မြင်တယ်၊ အနိစ္စအချက်နဲ့ ဒုက္ခအချက်ကို အစွမ်းကုန်မထင်မြင်နိုင်ဘူး၊ အနာဂါမိ ပုဂ္ဂိုလ်ကျတော့ အနတ္တနဲ့ အနိစ္စကို အစွမ်းကုန်ထင်မြင် တယ်၊ ဒုက္ခအချက်ကို အစွမ်းကုန်မထင်မြင်ဘူး ရဟန္တာ ပုဂ္ဂိုလ်သာလျှင် သုံးမျိုးလုံးအစွမ်း ကုန်ထင်မြင်နိုင်တယ်။

သန်း ဒါဆိုရင် တပည့်တော်တို့အတွက်က အနတ္တအချက်ကို ပိုသိနိုင်တာပေါ့ဘုရား ဆက်အမိန့်ရှိပါ။

နုပ်။ အရင်တုန်းက ကောင်းတာခံစား ခံစား မကောင်းတာ ခံစား ခံစား ငါခံစားတယ်လို့ အယူမှားတယ်၊ အခုခန္ဓာ နဲ့ခွဲကြည့်တော့ ဘာကိုခံစား ခံစား ဝေဒနက္ခန္ဓာက ခံစားတယ်ဆိုတာ ဉာဏ်နဲ့သိသွားပြီ၊ ငါသူတစ်ပါး ယောကျ်ားမိန်းမပုဂ္ဂိုလ် သတ္တဝါဆိုတဲ့ ပညတ်တွေဟာ မရှိတရားတွေဆိုတာလည်း နားလည်သွားပြီ။

ဒါကြောင့် အိပ်ယာပေါ်မှာ မိန်းပြီးကောင်းတဲ့ ဝေဒနာလေးခံစားနေတဲ့အခါမှာလည်း ငါခံစားတာ မဟုတ်၊ငါဆိုတာမရှိ ဝေဒနက္ခန္ဓာကခံစားနေတာ၊ ဝေဒနာ အနတ္တ ဝေဒနာသည် ငါမဟုတ်လို့ ရှုပေးလိုက်ရင်လည်း နှစ်သက်တဲ့ လောဘဟာ ချုပ်သွားပြန်တာဘဲ၊ ကောင်း တာ ခံစား ခံစား ဆိုးတာခံစားခံစား ဝေဒနာအနတ္တလို့ မကြာခဏရှုပေးနေသူဟာ သေခါနီးကျတော့ အများကြီး အားကိုးရတယ်။

သန်း ဘယ်လိုအားကိုးရသလဲ ဆရာတော်၊

နုပ် မင်းမိုးကုတ်ဆရာတော်ကြီးဟောတဲ့ ပြုံးသေ မဲ့သေဆို

http://www.dhammadownload.com



တဲ့တရားကို ကြားဘူးသလား မသိဘူး။

သန်း ကြားဘူးတယ်ဘုရား။ ဖတ်တော့ မဖတ်ဖူးဘူး။

နုပ် ကြားဘူးရင် တော်ပါပြီကွာ၊ လူတွေဟာ များသောအား ဖြင့် မဲ့သေကြတာများတယ်ကွ၊ ဘာဖြစ်လို့လဲဆိုတော့ သေရတဲ့ ဆင်းရဲဝေဒနာဟာ အင်မတန်ပြင်းထန်လို့ဘဲ။

ဗုဒ္ဓက ''မရဏာတောဥတ္တရိဒုက္ခံနာမနတ္ထိ'' သေရ ခြင်းထက် ပိုလွန်သော ဆင်းရဲမရှိလို့တောင် ဟောထား တယ်။ အိုလွန်းအားကြီးလို့ မထနိုင်အောင် နာတယ်ကွာ၊ နာလွန်းအားကြီးလို့ သေတယ်ဆိုတော့ ဒုက္ခထဲမှာဖြင့် သေရတဲ့ဒုက္ခဟာအကြီးဆုံးပေါ့ကွာ၊ မင်းသေခါနီးလူတွေ ငယ်ချေးမည်းမည်းတွေပါတာ တွေ့ဘူးတယ် မဟုတ်လား။

သန်း တွေ့ဘူးတယ်ဘုရား။

နုပ် အေး အဲဒါဟာ သေရမယ့်ဝေဒနာကို မချိမဆန့်ခံစား ရလို့ မခံမရပ်နိုင်ဖြစ်ပြီး ထွက်လာတာဖြစ်တဲ့အတွက် မချိမဆန့် ချေးလို့လည်းခေါ်နိုင်တယ်။ နောက်တစ်ခါ အန္ဓပုထုဇဉ်တွေဟာ သေရမှာ အင်မတန်ကြောက်တာကွ၊ အခုလို တကယ်သေရတော့မယ်ဆိုတာလဲသိလိုက်ရော ကြောက်လွန်အားကြီးပြီး ထွက်လာတာဖြစ်တဲ့အတွက် ကြောက်ချေးလို့လည်း ခေါ်နိုင်တာပေါ့ကွာ။

သေမှာကြောက်တာနဲ့ ပတ်သက်ပြီး ငါ လက် တွေ့တစ်ခုတွေ့ဘူးတယ်၊ ငါစာသင်ဘူးတဲ့ စာသင်တိုက် တစ်တိုက်က တိုက်အုပ်ဆရာတော်ကြီးပါဘဲ၊ သက်တော် (၆၅) နှစ် ဝါတော် (၄၅)ဝါပေါ့၊ ရောဂါက အခြေအနေ

http://www.dhammadownload.com



အတော်ဆိုးနေတော့ မန္တလေးဆေးရုံကြီး ထိလာတင်ရတယ်၊ ငါလည်းတတ်နိုင်သလောက်သွားပြုစုရတာပေါ့။

ဆရာဝန်က မရတော့ဘူး၊ နက်ဖြန်လောက်မှာ ပျံလွန်တော်မူလိမ့်မယ်လို့ လူနာစောင့်ဖြစ်တဲ့ တို့တွေကို တိုးတိုးပြောပြတယ်၊ ဆရာတော်ကြီးက ပါးနပ်တယ် ဆရာဝန်တွေရဲ့မျက်နှာအမူအယာကို အကဲခတ်လိုက်တာနဲ့ သူ့ရောဂါမရတော့ဘူးဆိုတာ သိသွားတယ်။

မနက်ဖြန်ဆို ပျံတော်မူတော့မယ်ဆိုတော့ ဒီနေ့လိုမှာ တစ်နေကုန်နီးပါးငိုတယ်၊ သေရမှာကြောက်လွန်းလို့ပေါ့၊ နောက်ရက်ကျတော့ တကယ်လည်းပျံတော်မူတာပါပဲ။

သန်း ဆရာတော်ကြီးတစ်ပါးဖြစ်နေပြီး သေရမှာ ဒီလောက်တောင်ကြောက်တာ အံ့ဩစရာပဲဆရာတော် သေဖို့ရာကြိုတင်ပြင်ဆင်မထားဘူးထင်တယ်။

နုပ် ဒါပေါ့ကွာ ရဟန်းရှင်လူ မည်သူမဆို မိမိတရားတကယ်ရှိ မရှိဆိုတာသေတော့ ပေါ်တာပါဘဲ၊ ရဟန်းရှင်လူ ဗုဒ္ဓဘာသာဝင်အားလုံးဟာ ရွှေတောင်မှာနားမိကြတဲ့ ငှက်မျိုးစုံနဲ့တူတယ်။

## ရွှေရောင်ပျောက်သောငှက်များ

ရွှေတောင်ပေါ်မှာ နားကြတာဆိုတော့ ဘာငှက်ဖြစ်ဖြစ် ရွှေတောင်ကအရောင်ဟပ်ပြီး ရွှေရောင်ချည်း

http://www.dhammadownload.com



တောက်နေကြတာပေါ့။ ဒီတော့ သူကြည့်လည်း ရွှေရောင် ငါကြည့်လည်း ရွှေရောင်ဆိုတော့ အားလုံး ကိုယ့်ကိုယ်ကို ရွှေငှက်ချည်းပဲထင်ပြီး ဘဝင်မြင့်ကြတာပေါ့၊ နောက် ရွှေတောင်ကနေ တခြားနေရာလည်းပျံသွားရော ရွှေရောင် တွေပျောက်ပြီး အရင်ရှိခဲ့တဲ့ အရောင် အတိုင်းပြန်ဖြစ် သွားကြတယ်။

ခုလည်း မြန်မာတွေဟာ ဗုဒ္ဓဘာသာဝင်တွေ ချည်းများတော့ သူကြည့်လည်း ဗုဒ္ဓဘာသာ၊ ငါကြည့် လည်း ဗုဒ္ဓဘာသာဆိုတော့ အားလုံးကိုယ့်ကိုယ်ကိုယ် ဘုရားသာသနာတည်နေပြီလို့ ပဲထင်မိပြီး ဘဝင်မြင့်ကြ တာပေါ့။ သာသနာရဲ့အရောင်ကို ကိုယ့်အရောင်လို့ ထင်ကြတာပေါ့။ သေလည်းသွားရော အရင်အရောင် အတိုင်းပြန်ဖြစ်သွားတယ်။

သန်း အရင်အရောင်ဆိုတာက ဘာလဲဆရာတော်။

နုပ် အပါယ်လေးပါး ပြန်ရောက်သွားတာကိုပြောတာပေါ့။ "ပမတ္တဿစ စတ္တာရောအပါယာသကဂေဟာသဒိသာ"၊ ဝိပဿနာ တရားကိုမေ့လျော့နေတဲ့သူအတွက် အပါယ် လေးဘုံဟာသူ့အတွက် အမြဲနေတဲ့ ကိုယ့်အိမ်လိုဖြစ် နေမှာဘဲတဲ့၊ ဒါ့ကြောင့် အပါယ်မကျဘဲ သာသနာ့ အရောင်တွေ အမြဲတမ်းတောက်နေစေချင်ရင် ဝိပဿနာ တရားကို မနာချင်လည်းနာ၊ မဖတ်ချင်လည်ဖတ်၊ မပွား ချင်လည်းပွားလို့အထူးသတိပေးဟောနေရတာပေါ့ကွာ။

အနတ္တကို သဘောပေါက်ထားရင် ဝေဒနာ

http://www.dhammadownload.com



ပေးခဲ့တဲ့ နောက်ဆုံးအမွေပဲ။

လို့ ပြောပြီး အိပ်ယာပေါ် ငြင်သာစွာလှဲချတယ်။ အိပ်ယာပေါ်လှဲပြီးတာနဲ့ ပြုံးပြုံးလေးဘဲကွယ်လွန်သွားတယ်။

''ဒီနှစ်ဦးမှာ ဝေဒနာတူပြီးဘာဖြစ်လို့ သေတာမတူရတာလဲဆိုတာ သေချာအဖြေရှာရမယ်။ ဒီအဖြေဟာ ဝိပဿနာရဲ့ အထွက်အထိပ်အနှစ်သာရဘဲ။ သေရမယ့် မချိမဆန့်ဝေဒနာကြီးကိုတော့ နှစ်ယောက်စလုံးခံစားရတာပဲ။ ဒါပေမယ့်တစ်ယောက်က ရုန်းကန်အော်ဟစ်ပြီးမဲ့သေတယ်။ တစ်ယောက်ကငြင်သာစွာပြုံးပြီးသေတယ်။

သန်း တော်တော်စိတ်ဝင်စားဖို့ ကောင်းပါတယ်ဆရာတော်၊ ဒီအချက်ကို ပိုင်ပိုင်နိုင်နိုင်ရရင် ဝိပဿနာလိုက်စားရကျိုးနပ်လောက်ပါပြီဘုရား။ ဆက်အမိန့်ရှိပါ။

နုပ် မဲ့သေတဲ့ဒကာကြီးက ဝေဒနာကို ငါထင်မိလို့ဘဲသေရမယ့်ဝေဒနာကိုမချိမဆန့် ခံစားနေရတဲ့အခါမှာ ငါခံစားတာ၊ ငါခံစားတာဆိုပြီးအယူမှားတဲ့ ဒိဋ္ဌိကကပ်နေတော့ဘယ်လိုမှ ခံနိုင်ရည်မရှိတော့ဘူး။ အဲဒါကြောင့် ရုပ်ပျက်ဆင်းပျက်နဲ့မဲ့ပြီးသေရတာ၊ ပြုံးသေတဲ့ ဒကာမကြီးက ဝေဒနာက္ခန္ဓာအပေါ် ငါလို့အယူမှားတဲ့ဒိဋ္ဌိကို ဝိပဿနာနဲ့ခွါချပြီးသား။

သေမယ့် ဝေဒနာဖြစ်နေတဲ့အချိန်မှာလည်း ဤဒုက္ခဝေဒနာကို ဝေဒနက္ခန္ဓာကသာခံစားခြင်းဖြစ်သည်။ ငါက ခံစားခြင်းမဟုတ် ငါဆိုတာမရှိလို့ ပြတ်ပြတ်သားသား

http://www.dhammadownload.com



ဉာဏ်နဲ့တကယ်သိပြီး ဝေဒနာအနတ္တ ဝေဒနာသည် ငါမဟုတ်လို့ ရှုပွားလိုက်တာနဲ့ သေမယ့်ဝေဒနာဟာ အမေ့အိုကို ဘယ်လိုမှ ဒုက္ခမပေးနိုင်တော့ဘူး။

ဝေဒနာတူပြီးတော့ သေတာမတူခြင်းရဲ့ အဓိက အကြောင်းဟာ ဒီအချက်ပဲကွ။ ပွဲမဝင်ခင်အပြင်က လေ့ကျင့်ဆိုတဲ့အတိုင်းအခုကတည်းက ကောင်းတဲ့ ဝေဒနာ၊ ဆိုးတဲ့ဝေဒနာ ဘယ်ဝေဒနာကို ခံစား ခံစား ဝေဒနာအနတ္တလို့ပါဠိလိုဖြစ်စေ၊ ခံစားခြင်းသည်ငါမဟုတ် လို့မြန်မာလိုဖြစ်စေ စိတ်ထဲကနေဆိုပြီးသိပေးရမယ်။

သေခါနီးမချိမဆန့်ခံစားရတဲ့ ဝေဒနာဟာ ဒေါမနဿဝေဒနာပဲ။ တရားကိုယ်ကောက်ရင် ဒေါသကိုရတယ် မခံနိုင်တာဟာ ဒေါသဖြစ်တာပဲ ပေါ့။ အရင်ကတည်းက ကောင်းတဲ့ဝေဒနာအပေါ် မှာ လောဘမဖြစ်အောင် ရှုပွားနိုင်သူမှ အခုလို ဆိုးတဲ့ဝေဒနာအပေါ်မှာ ဒေါသမဖြစ်အောင် ရှုပွား နိုင်မှာပါ။

သညက္ခန္ဓာအကြောင်းကို နောက်အပတ်မှဆက်ကြစို့။

## တန်ဖိုးသိမှတန်ဖိုးရှိ
## ကြိုက်ရာတစ်ခုတည်းရွေး တစ်သက်လုံးလုပ်

တရားဆိုသည်ကား သမထတရားပင်ဖြစ်စေ၊ ဝိပဿနာ တရားပင်ဖြစ်စေ၊ သဘောအကျဆုံး၊ စိတ်

http://www.dhammadownload.com



ဉာဏ်အရှင်းဆုံးဖြစ်သော တရားတစ်ခုခုကိုသာ ရှာကြ၍ မိမိရရတစ်သက်ပတ်လုံး အားထုတ်ရာသည်။

ဟိုတရားကကောင်းလိမ့်ထင်၊ ဒီတရားက ကောင်းလိမ့်ထင်၊ ဟိုတရားကိုအားထုတ်လိုက်ဦးမှ၊ ဒီတရားကိုအားထုတ်လိုက်ဦးမှ စသည်ဖြင့် ဓမ္မဝိတက် ဖြစ်တတ်ကြသည်။ အဆုံးသတ်လိုက် တော့ ဟိုတရားကို လည်း မိမိရရမရှိ၊ ဒီတရားကိုလည်း မိမိရရမရှိ၊ ဟိုလိုလို သည်လိုလိုနှင့် အချိန်ကုန်တတ်ကြသည်။

အာနာပါနကမ္မဋ္ဌာန်းသည် ဝိတက်စရိုက်ပြောသူ နှင့် သင့်လျော်၏ဟု ပြဆိုသော်လည်း ဝိတက်စရိုက် မပြောသောသူတို့မှာ သာ၍ပင်သင့်လျော်သေး၏။ စရိုက် သည်ပဓာနမဟုတ်၊ စိတ်ဉာဏ်ရှင်းလင်း၍ ထင်လွယ်၊ မြင်လွယ်၊ သိလွယ်ဖို့သာလျှင် ပဓာနဖြစ်၏။

(ရဟန္တာဖြစ်တော်မူသော သပိတ်အိုင်တောရဆရာတော် ဦးကိတ္တိ၏ စူဠသောတာပန်ဖြစ်ခန်း ဓာတ်ကမ္မဋ္ဌာန်းကျမ်းမှ)

နုပ် သညက္ခန္ဓာကို ပြောကြရအောင်။ မြင်တာ၊ ကြားတာ၊ နံတာ၊ စားတာ၊ ထိတာ၊ တွေးတာမှန်သမျှကို မှတ်သား တတ်တဲ့သဘောလေးဟာ သညက္ခန္ဓာပါပဲ။ စေတသိက် ၅၂ လုံးထဲက သညာဆိုတဲ့စေတသိတ် ကလေးပဲပေါ့။ သူ့ကိုလည်း လင်္ကာလေးနဲ့မှတ်ကြရအောင်။

အကောင်းအဆိုးနဲ့ ကြောင်းကျိုးမှတ်ရန်၊
သညာနာမ်ဓါတ် တံလျှပ်သဏ္ဍာန်၊
မခိုင်မြဲလို့ ဆင်းရဲပူပန်၊

http://www.dhammadownload.com



အကာကျ သာရကင်းမဲ့ပြန်။

ကောင်းတဲ့အာရုံ၊ ဆိုးတဲ့အာရုံ၊ ကောင်းတဲ့အကြောင်း ဆိုတဲ့အကြောင်း၊ ကောင်းတဲ့အကျိုး၊ ဆိုးတဲ့အကျိုးအားလုံးကို မှတ်သားတာဟာ သညာက္ခန္ဓာပါဘဲ။ အရင်တုန်းကအာရုံတစ်ခုကို မှတ်သားရင်ငါကမှတ် တယ်။ သူကမှတ်တယ်။ ယောကျ်ားကမှတ်တယ်။ မိန်းမက မှတ်တယ်ပုဂ္ဂိုလ်သတ္တဝါကမှတ်တယ်လို့ အယူ မှားခဲ့တယ်။ အခုတော့ အယူမှန်သွားပြီ။ ဘာကိုပဲ မှတ်မှတ် သညာက္ခန္ဓာကမှတ်တာ၊ ငါ သူတစ်ပါးစတဲ့အရာတွေဟာ မရှိတဲ့ ပညတ်တွေလို့သေချာသိသွားတယ်။

ရူပက္ခန္ဓာတုန်းကလည်းဖေါက်ပြန်တဲ့အလုပ်ကို အမြဲတမ်းလုပ်တယ်။ မဖေါက်ပြန်ပါနဲ့လို့တားမရဘူး။ ရူပက္ခန္ဓာသာငါဟုတ်ရိုးမှန်ရင် ဖေါက်ပြန်နေတာကို မဖေါက်ပြန်နဲ့လို့တားလို့ရရမယ်၊ အခုမရဘူး၊ ဒါကို ထောက်သောအားဖြင့် ရူပက္ခန္ဓာဟာ ငါမဟုတ်ဘူး၊ ငါဆိုတဲ့ အတ္တမရှိဘူးဆိုတာထင်ရှားတယ်။

ဝေဒနက္ခန္ဓာကျတော့လည်း ကောင်းတဲ့ဝေဒနာရော၊ မကောင်းတဲ့ဝေဒနာရောအကုန်ခံစားတယ်။ ဝေဒနာက္ခန္ဓာသာငါဟုတ်ရိုးမှန်ရင် ငါပိုင်တယ်ဆိုရင်ကောင်းတာကိုဘဲခံစား၊ မကောင်းတာကိုမခံစားနဲ့လို့ အမိန့်ပေးလို့ရရမယ်။ အခုမရဘူး၊ ဒီလိုမရတာထောက် သောအားဖြင့် ဝေဒနာက္ခန္ဓာဟာငါမဟုတ်ဘူး။ ငါမပိုင်ဘူးဆိုတဲ့ အနတ္တသဘောဟာထင်ရှားတယ်။

http://www.dhammadownload.com



အခုမှတ်သားတဲ့ သညာက္ခန္ဓာကလည်း ကောင်းတာလည်း မှတ်တာဘဲ၊ ဆိုးတာလည်းမှတ်တာဘဲ၊ စိတ်ချမ်းသာစရာလည်း မှတ်တာဘဲ၊ စိတ်ဆင်းရဲစရာလည်း မှတ်တာဘဲ၊ အကယ်၍ သညာက္ခန္ဓာသာ ငါ ဟုတ်ရိုးမှန်ရင် ငါပိုင်ရိုးမှန်ရင် ကောင်းတာသာမှတ်၊ စိတ်ချမ်းသာစရာမှတ်၊ မကောင်းတာမမှတ်နဲ့၊ စိတ်ဆင်းရဲစရာမမှတ်နဲ့လို့ အမိန့်ပေးလို့ရရမယ်၊ အခုတော့ မရဘူး။

ဒီလိုမရတာထောက်သောအားဖြင့် မှတ်သားတတ်တဲ့ သညာက္ခန္ဓာဟာ ငါမဟုတ်ဘူး။ ငါမပိုင်ဘူးဆိုတာ ထင်ရှားပါတယ်။ သညာက္ခန္ဓာဟာလည်း ဝေဒနာက္ခန္ဓာနည်းတူ တစ်စက္ကန့်အတွင်းမှာ အကြိမ်ပေါင်းကုဋေတစ်သိန်းဖြစ်ပြီးတော့ ပျက်ပါတယ်။ ဒါကြောင့် မှတ်သားတတ်တဲ့ သဘောလေးကို ဉာဏ်နဲ့သိသိပြီးတော့ သညာက္ခန္ဓာအနိစ္စလို့ဖြစ်စေ၊ သညာက္ခန္ဓာအမြဲမရှိလို့ဖြစ်စေ ပွားများပေးရမယ်။

သညာက္ခန္ဓာအနတ္တ = သညာက္ခန္ဓာသည် ငါမဟုတ်လို့လို့ အနတ္တာနုပဿနာအနေနဲ့လည်း ပွားများနိုင်ပါတယ်။

သညာက္ခန္ဓာကို ဗုဒ္ဓက တံလျှပ်နဲ့ဥပမာပေးထားတယ်၊ တံလျှပ်ဆိုတာ မိုးခေါင်ရေရှားအရပ်တွေမှာ တွေ့ရတာများတယ်။ တောင်သာဟာလည်း ရေရှားတဲ့အရပ်ဘဲ အဲဒီမှာတို့လေးနှစ် လောက်နေဘူးတယ်၊ တစ်ချို့ရွာတွေရောက်အောင် လွင်တီးခေါင်နေပူကျဲကျဲကြီးမှာ ငါးမိုင်ခြောက်မိုင်လောက် ခြေကျင်လျှောက်ရတယ်။

http://www.dhammadownload.com



ငါးမိုင်၊ ခြောက်မိုင်ကျော်အရပ်လေးမျက်နှာမှာ စိမ်းစိမ်းစိုစိုဆိုလို့ ဘာပင်မှမရှိဘူး။ မီးလောင်ထားတဲ့ ကုန်းပြင်မှာ လျှောက်နေရသလိုဘဲ။ မိုးတွင်းက အနည်းငယ် ရေဝပ်ဘူးတဲ့နေရာက ရေငွေ့နဲ့ အပေါ်ကနေနဲ့ ထိတွေ့လိုက်တဲ့အခါ အဝေးကလှမ်းကြည့်ရင် လှိုင်းထနေတဲ့ ရေပြင်ပုံသဏ္ဍာန်လိုမြင်ရတယ်။

အဲဒါကို တံလျှပ်လို့ခေါ်တာဘဲ။ အနီးရောက်အောင်သွားမကြည့်ရရင် တကယ့်ရေပြင်ကြီးလိုဘဲထင်ရတယ်။ တစ်ခါတော့ တောထဲကသမင်တစ်ကောင်ဟာ ရေငတ်လွန်းအားကြီးတော့ ရေရှာရင်းနဲ့ တံလျှပ်တွေ အများကြီးထင်နေတဲ့ လွင်တီးခေါင်ကို ရောက်လာတယ်။ လွင်တီးခေါင်ကိုရောက်တာနဲ့ တံလျှပ်တစ်ခုကို လှမ်းမြင်ရတော့ ရေထင်ပြီးပြေးသွားတယ်။

အနားကျတော့ ပျောက်သွားပြီးဘာမှမရှိတော့ဘူး။ သမင်မှာတော့ မောဟိုက်လို့ပေါ့။ တစ်ခါအဝေးတစ်နေရာမှာတံလျှပ်က ထပ်ပေါ်ပြန်တယ်။ သမင်ဟာ တံလျှပ်ကို ရေထင်တော့အပြေးလိုက်ပြန်တယ်။ အနားရောက်တော့ မရှိတော့ဘူး။ နောက်တစ်ခါ တခြားအဝေးမှာ ထင်နေပြန် ပြေးလိုက်ပြန်နဲ့ နောက်ဆုံးဘာရေမှ မသောက်ရဘဲအမောဆို့ပြီး သေရတယ်။ အန္ဓပုထုဇဉ်တွေဟာလည်း သမင်လိုပါဘဲ။

သညာရဲ့ အလိမ်ခံရမှုကြောင့် လှခန္ဓာအကောင်းထင် အမြဲထင်ပြီး ဘုသိုလ်လုပ်ဆုတောင်းပြီး ရအောင်ယူ။

http://www.dhammadownload.com



မှောင်ပါသတဲ့။

လူ့ဘောင်လူ့ရွာ ၊ သာသနာ၌ ၊
ကြုံမှာတော်ရွေ့ ၊ ယခုတွေ့လည်း။
အလေ့မလွှဲ ၊ အများနည်းလျှင် ၊
မိုက်မြဲနှင်နှင် ၊ မိုက်စရှင်၏ ၊
မျက်မြင်လောက ၊ ဤဘဝကား
ဒုက္ခစင်းစင်း ၊ ချမ်းသာကင်း၏။

လူ့လောကမှာ သာသနာနဲ့တွေ့နေပြီ။ အဲဒါ တောင် တရားကိုရအောင်မရှာဘဲ အများနည်းတူ မိုက်စ ရှင်မနေပါနဲ့။ မျက်မြင် လောကကြီးတစ်ခုလုံးကြည့်လိုက် ပါ။ အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစားနေတဲ့ လောဘကြီးစိုးတဲ့ လောကကြီး၊ ရာထူးရှိသူက ရာထူးနဲ့ အနိုင်ကျင့်၊ ငွေရှိသူက ငွေနဲ့အနိုင်ကျင့်နေတဲ့ ဒေါသကြီး စိုးတဲ့ လောကကြီး။

ဒီကြားထဲ ငတ်မွတ်ဘေး၊ လက်နက်ဘေး၊ ရောဂါဘေးတွေကလည်း တရစပ်နှိပ်စက်ခံနေရတဲ့ ဒုက္ခ လောကကြီး၊ အိုခြင်း၊ နာခြင်း၊ သေခြင်း သုံးမျိုးက လည်း စက္ကန့်နဲ့အမျှ နှိပ်စက်ခံနေရတဲ့ အိုနာသေ လောက ကြီး၊ ဒါ့ကြောင့် ဒီလောကကြီးဟာ ချမ်းသာအနည်းငယ် မျှမရှိတဲ့ ဒုက္ခလောကကြီးပါ။

သေမင်းအစာ ၊ နင့်ခန္ဓာကို
တဏှာဘီလူး ၊ အမှောင့်ပူး၍
အရှူးပြင်ပြင် ၊ နင့်ကိုထင်၏။

http://www.dhammadownload.com



သေမင်းအစားခံရဖို့ဖြစ်လာတဲ့ နင့်ခန္ဓာကို တဏှာကဝင်စွဲ ငြိလိုက်တော့၊ ဒိဋ္ဌိကငါလို့စွဲယူလိုက်တဲ့ အတွက် နင့်ကိုတဏှာရှူး ဒိဋ္ဌိရူးလို့ဘဲ ခေါ်သင့်တယ်။

နင်နှင့် မဆိုင် ၊ နင့်ပိုင်မဟုတ်
နင့်ရုပ် နင့်နာမ် ၊ နင့်သန္တာန်ကို
နင့်ဉာဏ်မစူး ၊ အပျော်မြူး၍
မူးမူးမေ့မေ့ ၊ အများလေ့ဖြင့်
နေ့ရက်အဖုံ ၊ လွှန်ခဲ့ကုန်ပြီ။

နင်နဲ့လည်းမဆိုင်၊ နင်လည်းမပိုင်တဲ့ သူ့သဘော အတိုင်းဖြစ်ပြီး သူ့သဘောအတိုင်း ပျက်နေတဲ့ရုပ်နာမ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဉာဏ် မဝင်စားနိုင်ဘဲ အပျော်မြူး၊ မူးမေ့ပြီးနေခဲ့တာ နေ့ရက်များစွာကုန်ခဲ့ပြီ။

အာရုံဝတ္ထု ၊ မီးစာစုကို
မှုမှုရရ ၊ နင်အားကျလည်း
ဓားပြသေမင်း ၊ သူ့တပ်နင်းက
မငြင်းဆန်သာ ၊ နင့်ခန္ဓာလည်း
ပြာပုံအပြီး ၊ ဖြစ်လုနီးပြီ

အာရုံနဲ့ဝတ္ထုတိုက်မိတဲ့အချိန်မှာ ခေတ္တပေါ်လာရ တဲ့ ခန္ဓာငါးပါးဟာ မီးစားဖို့အစာခေါ်လောင်စာတွေပါ။ ဒီခန္ဓာလောင်စာတွေကို ကိလေသာမီးတွေက တဟုန်း ဟုန်းလောင်ပစ်နေတာပါ။ တကယ့်အရှိတရားက ထင်းနဲ့ မီး၊ သို့မဟုတ် ခန္ဓာနဲ့ကိလေသာမီး၊ ကိလေသာမီးတွေ အလောင်ခံရပြီး အမြဲတမ်းပျက်စီးနေတဲ့ခန္ဓာကို ငါ့ခန္ဓာလို့

http://www.dhammadownload.com



အယူမှားကြတာဟာ အန္ဓပုထုဇဉ်တွေပါ။

ဒီ မီးစာစုလို့ခေါ်တဲ့ ခန္ဓာကို ငါ့ခန္ဓာလို့အားကျ သိမ်းပိုက် နေတုန်းမှာပဲ သေမင်းဆိုတဲ့ တပ်ကြီးဝင်နင်း တော့ ပြာပုံဖြစ်သွားရတာပါပဲ။

ယီးတီးယားတား ၊ သေ၍သွားလည်း၊
တရားမကြွယ် ၊ အထုပ်ငယ်လျက်၊
အပါယ်စခန်း ၊ သွားမြဲလမ်း၌၊
တစ်ပန်းဟိုက်ဟိုက် ၊ တစ်ရှိုက်ငင်ငင်၊
တစ်ငြင်ငြိုငြို ၊ ဆင်းရဲပိုလျက်၊
ထိုထိုဘဝ ၊ အနန္တလျှင်၊
ဘဝမဆုံး ၊ အများထုံးလည်း၊
အနှုန်းမပျက် ၊ အောက်နရက်ဝယ်၊
တစ်သက်နွယ်နွယ် ၊ အမြစ်တွယ်သို့၊
အပါယ်ထိုထို ၊ ဥဒဟိုသည်၊
နင်လိုလူမိုက် သွားလမ်းတည်း။

ဒီအတိုင်းတရားမရှိဘဲ ယီးတီးယားတားနဲ့ သေ သွားမယ်ဆိုရင် ဝိပဿနာတရားသိ အထုပ်ကငယ်နေ တဲ့ အတွက် အပါယ်လေးပါးမှာဘဲ နစ်မွန်းနေရမှာပါတဲ့။

သန်း သံဝေဂရဖို့ကောင်းလိုက်တာ ဆရာတော်။

နုပ် ဆရာတော်ကြီး ဆန္ဒကတော့ လူ့ဘဝအချိန် တိုတိုလေး ရသခိုက်မှာ ဝိပဿနာကုသိုလ်ဆိုတဲ့ပါရမီတွေကို အပြည့် ယူသွားစေချင်တာပဲ။ (၃၁)ဘုံမှာ ပါရမီကုသိုလ်တွေကို တင်းပြည့်ကျပ်ပြည့်ရအောင် ဆည်းပူးနိုင်တဲ့ ဘုံဟာ

http://www.dhammadownload.com



လူ့ဘုံ တစ်ခုပဲရှိတယ်။ အပါယ်လေးဘုံကျတော့ ဆင်းရဲဒုက္ခတွေများလွန်းအားကြီးလို့ ကုသိုလ်ပါရမီကို မဆည်းပူးနိုင်ဘူး၊ နတ်ဘုံဗြဟ္မာဘုံကျတော့ ချမ်းသာတွေ များလွန်းအားကြီးလို့ ကုသိုလ်ပါရမီတွေ မဆည်းပူးနိုင်ပြန်ဘူး။

ဒါ့ကြောင့် ဘုရားအလောင်းများဟာ နတ်သားဖြစ်နေရင်တောင် နတ်သက်စေ့အောင်မနေဘဲ မြန်မြန်စုတေပြီး လူ့ဘဝမှာ ပဋိသန္ဓေယူကြတယ်။ ဒါ့ကြောင့် လူ့ဘုံကို ပါရမီဆည်းပူးရတဲ့ဘုံလို့မမြင်ဘဲ ကာမဂုဏ်ခံစားရတဲ့ဘုံလို့သာ အမြင်ကျဉ်းနေသ၍ နိဗ္ဗာန်နဲ့ ဝေးနေကြဦးမှာပါ။

တာဝတိံသာနတ်ပြည်မှာ မာလာဘာရီလို့အမည်ရတဲ့ နတ်သားတစ်ယောက်ရှိတယ်။ သူ့မှာဇနီးမယားနတ်သမီး တစ်ထောင်ရှိတယ်။ တစ်နေ့ ဥယျာဉ်ထဲထွက်ပြီး ပျော်ပါးသော့ကစားကြတယ်။ ဒီအချိန်မှာ နတ်သမီးလေးတစ်ယောက်ဟာ စုတိစိတ်ကျပြီး သေသွားတယ်။ သာဝတ္ထိမြို့မှာ မိန်းကလေးတစ်ယောက်ပဲ သွားဖြစ်တယ်။ သူဟာနောက်ဘဝကို ပြန်အမှတ်ရတဲ့ ဇာတိဿရဉာဏ်ပါလာတယ်။ အမှန်ကတော့ သညက္ခန္ဓာလို့ခေါ်တဲ့ မှတ်ဉာဏ်ကောင်း တာပါဘဲ။ ဒါ့ကြောင့် သူဖြစ်ခဲ့ရတဲ့ နတ်သမီးဘဝကို ပြန်အမှတ်ရတယ်၊ ဒီနတ်သမီးဘဝကို လိုချင်တော့ ကုသိုလ်တွေများများပြုတယ်။

ကုသိုလ်ပြုပြီးတိုင်းလည်း မာလာဘာရီနတ်သားရဲ့ဇနီး မယားနတ်သမီး ပြန်ဖြစ်ရပါလို၏လို့ ဆုတောင်း

http://www.dhammadownload.com



လေ့ရှိတယ်၊ အဲဒီလိုအရင်ဘဝကလင်ပေါင်း နတ်သားနဲ့ ပြန်ပေါင်းထုပ်ဖို့ ဆုတောင်းပြီး ပူဇော်လှူဒါန်းတာများလို့ သူ့အမည်ကို ပတိပူဇိကာလို့ခေါ်ကြတယ်။

ထုံးစံတိုင်းအရွယ်ရောက် အိမ်ထောင်ကျ သားသမီးလေးငါးယောက်ရပြီးတဲ့အချိန်လောက်မှာ သေသွားတယ်။ သူ့ဆုတောင်းအတိုင်း သာဝတိံသာနတ်ပြည်ကို ရောက်တာပါပဲ၊ ဒါက အံ့ဩစရာမဟုတ်သေးဘူး။ တကယ်အံ့ဩစရာက မာလာဘာရီ နတ်သားနဲ့ ဇနီးမယားနတ်သမီးတွေဟာ အခုအချိန်အထိ ဥယျာဉ်ထဲမှာ ပျော်ပါးဆော့ကစားလို့ မပြီးသေးတာပဲ၊

ပတိပူဇိကာနတ်သမီးကိုလည်း တွေ့လိုက်ရော မာလာဘာရီနတ်သားကမေးတယ်။

''ပတိပူဇိကာသင်စောစောက ဘယ်သွားလိုက်တာလဲတဲ့''

လူ့ဘဝတစ်သက်တာဟာ နတ်ပြည်မှာတော့ စောစောကဘဲ ရှိသေးတယ်။ ဒီတော့မှ နတ်သမီးက ဖြေတယ်။ စောစောက မဟုတ်ဘူး။ သူနတ်သက်ကြွေ သေသွားပြီး သာဝတ္ထိမြို့မှာ မိန်းကလေးတစ်ယောက် သွားဖြစ်တယ်။

အသင်နတ်သားကို သတိရတဲ့အတွက်ကြောင့် ကုသိုလ်တွေများများပြုပြီး ဒီနေရာပြန်ရောက်ဖို့ ဆုတောင်းခဲ့ရတယ်။ လူ့ဘဝထုံးစံအတိုင်း အရွယ်ရောက် အိမ်ထောင်ကျ သားသမီးလေးငါးယောက်ရပြီး သေဆုံးခဲ့

http://www.dhammadownload.com



လို့ အခုလိုနတ်ပြည်ကို ပြန်ရောက်လာတာပါလို့ ပြော တော့ နတ်သားဟာ အလွန်အံ့ဩနေတယ်။ အံ့ဩမယ် ဆိုလည်း အံ့ဩစရာပေါ့။

လူ့ဘဝသက်တမ်းတစ်ခုဟာ သူတို့နတ်တွေ ဥယျာဉ်မှာ တစ်ခါပျော်ချိန်လောက်မှ မကြာဘဲကိုး။ မြစ်တွေ ချောင်းတွေက ရေတွေကိုမတွေ့ဘူးတဲ့ နွားခြေ ရာခွက်ထဲက ဖားသူငယ်ဟာ သူ့ခြေရာခွက်ထဲက ရေကို သာအများကြီးလို့ထင်နေသလို နတ်တွေ ဗြဟ္မာတွေရဲ့ သက်တမ်းကို မသိကြတဲ့လူတွေဟာလည်း ကိုယ့်လူ့ဘဝ သက်တမ်းအနှစ်တစ်ရာလောက်ကိုဘဲ အရှည်ကြီးလို့ ထင်နေကြတာပါ။

လူတွေသက်တမ်းတိုတာကို အံ့ဩနေတဲ့ နတ် သားက မေးခွန်းတစ်ခုမေးလိုက်တယ်။ ဒီလောက် သက်တမ်းတိုတိုနဲ့ နေကြရတဲ့လူသားတွေဟာ ရသမျှ အချိန်လေးမှာ ကုသိုလ်ပါရမီတွေများများကြီး ဆည်းပူး ကြရဲ့လားတဲ့။ ဒီတော့ နတ်သမီးက ဘဝတန်ဖိုးသိပြီး ကုသိုလ်ပါရမီတွေ ဆည်းပူးကြတဲ့လူသားဟာ တစ်ရာမှာ တစ်ယောက်ခန့်အနည်းငယ်သာ ရှိပါတယ်။

ကျန်လူသားများကတော့ အာရုံငါးပါး ကာမ ဂုဏ်တရားတွေကို ရှာဖွေခံစားရင်း အချိန်ကုန်ကြပါတယ် လို့ ဖြေလိုက်တော့၊ နတ်သားဟာ ပထမတစ်ကြိမ်ထက် တောင် ပိုအံ့ဩသွားတာပေါ့။ နတ်သားအတွက် လူသား တွေဟာ အံ့ဩစရာတွေချည်းဖြစ်နေတယ်။

http://www.dhammadownload.com



လူ့သက်နှစ်တစ်ရာဟာ တာဝတိံသာ နတ်သက်တစ်ရက်သာရှိတာကြောင့် လူတွေ သက်တမ်းတိုလွန်းတာဟာ ပထမအံ့သြစရာပေါ့။ အချိန်တိုလှတဲ့ လူ့ဘဝလေးကို ကုသိုလ်ပါရမီ ဆည်းပူးဖို့အသုံးမချဘဲ ကာမဂုဏ် ခံစားဖို့ချည်း သာအသုံးချနေကြတာဟာ ဒုတိယမြောက် အံ့သြ စရာပေါ့။

ဒါ့ကြောင့် ဗုဒ္ဓက ဓမ္မပဒမှာ ဒီဂါထာလေးကို ဟောထားတာ။

မဏိံ မိဂေါ ပဿန္တောပိ၊
တိဏံ ခါဒံဝ ဂစ္ဆတိ။
လဒ္ဓကာလော ဒုပ္ပညောပိ၊
ကာမံ ဘုဥ္စံဝ ဂစ္ဆတိ။ (ဓမ္မပဒ)

သမင်သည် ပြည်တန်ပတ္တမြားကို မြင် သော်လည်း တန်ဖိုးမသိသည့်အတွက် (ဘာမှ အသုံးမချဘဲ) မြက်ကိုသာစားပြီး တောထဲ ဝင် သကဲ့သို့ ပညာမရှိသောလူသည် အလွန်အဖိုး တန်သော လူ့ဘဝကို ရနေသော်လည်း (တန်ဖိုး မသိသည့်အတွက်) ကာမဂုဏ်ကို ခံစားပြီးအပါယ် လေးပါးသို့သွားတယ်တဲ့။

သန်း ဒီဥပမာအတိုင်းဆိုရင်တော့ လူသားအများစုဟာ ပတ္တမြား တန်ဖိုးမသိတဲ့ သမင်လိုပါပဲ ဆရာတော်။

နုပ် လူ့ဘဝဟာ အဖိုးအတန်ဆုံးပါ။ ဒါပေမယ့် တန်ဖိုးသိတဲ့

http://www.dhammadownload.com



သူ့အတွက်သာ တန်ဖိုးရှိတာပါ၊ တန်ဖိုးမသိတဲ့သူ အတွက် တန်ဖိုးမရှိပါဘူး။

တို့ အမရပူရနယ်ထဲမှာ ဖြစ်ရပ်ဆန်းတစ်ခုရှိခဲ့ဘူးတယ်။ တစ်နေ့ ယာသမားတစ်ယောက်ဟာ လှည်းသွားလမ်းကနေ ကျောက်စိမ်းတုံးကြီးတစ်တုံးတွေ့သွားတယ်။ အရည်အသွေးတအားကောင်းတာပဲတဲ့။ ယာသမားကတော့ ဒီလောက်ဘယ်သိမလဲ။ အဖိုးတန်တယ်လို့သာမန်လောက်ပဲသိတယ်။ ဒီသတင်းကြားသွားတဲ့ ကျောက်ပွဲစားတစ်ယောက်က ငါးသိန်းပေးပြီးဝယ်သွားတယ်။ အဲဒီခေတ်က ငါးသိန်းဆိုတာ အများကြီးပဲ။

ယာသမားက ငါးသိန်းရတာကိုပဲ ဝမ်းသာလို့မဆုံးဘူး။ သူက ငါးသိန်းဖိုးလောက်ပဲ တန်ဖိုးသိတော့ ငါးသိန်းလောက်ပဲ ရသွားတာပေါ့။ ကျောက်ပွဲစားက ကျောက်တွင်းပိုင်ရှင် သူဌေးကို သွားရောင်းတဲ့အခါ သိန်း ၅၀ ရသွားတယ်။ ကျောက်စိမ်းကတော့ ဒီကျောက်စိမ်းပဲ၊ ဒါပေမယ့် သိန်း ၅၀ ဖိုးထိတန်ဖိုးသိတော့ သိန်း ၅၀ ဖိုးထိတန်ဖိုးရှိသွားတာပေါ့။

ကျောက်တွင်းသူဌေးက တစ်ဖက်နိုင်ငံထိ သွားရောင်းတဲ့အခါ သိန်းငါးရာထိရသွားတယ်။ ဒါကတကယ့်ဖြစ်ရပ်လေးတစ်ခုကို လူ့ဘဝနဲ့ ဥပမာပေးလိုက်တာပါ။ ကျောက်စိမ်းတုံးဟာ သိန်းပေါင်းများစွာတန်ပေမယ့် ငါးသိန်းသာတန်ဖိုးသိသူအတွက် ငါးသိန်းပဲတန်ဖိုးရှိတယ်။ သိန်းငါးဆယ်ထိတန်ဖိုးသိတဲ့သူအတွက် သိန်း

http://www.dhammadownload.com



ငါးဆယ်ထိ တန်ဖိုးရှိတယ်။

သိန်းငါးရာထိတန်ဖိုးသိတဲ့သူအတွက် သိန်းငါးရာထိ တန်ဖိုးရှိတယ်။ ဒီဥပမာအတိုင်းပဲ ရလာတဲ့လူ့ဘဝကို ကာမဂုဏ်ခံစားဖို့အတွက်လောက်ပဲ တန်ဖိုးသိရင် ကာမဂုဏ်ခံစားဖို့အတွက်လောက်ပဲ တန်ဖိုးရှိမှာ။ လူ့နတ်ချမ်းသာရဖို့လောက်အတွက်ပဲ တန်ဖိုးသိရင် လူ့နတ်ချမ်းသာရဖို့လောက်ပဲ တန်ဖိုးရှိမှာ။

အို နာ သေ ကင်းရာနိဗ္ဗာန်ချမ်းသာရဖို့ လောက်ထိတန်ဖိုး သိရင် အို နာ သေ ကင်းရာနိဗ္ဗာန်ချမ်းသာရဖို့လောက်ထိ တန်ဖိုးရှိမှာပဲ။ ကျောက်စိမ်းတုံးကြီးဟာ မိမိတန်ဖိုးသိသလောက် တန်ဖိုးရှိသလို လူ့ဘဝဟာလဲ မိမိတန်ဖိုးသိသလောက် တန်ဖိုးရှိမှာပဲ။

ကျောက်မျက်ရတနာမျိုးစုံရှိတဲ့ ဝေဘာရတောင်ပေါ်ရောက်ပြီးကာခါမှ အဖိုးတန်ပတ္တမြားကို မယူဘဲ ခဲသွေးကျောက်လောက်ပဲယူပြီး ဆင်းခဲ့မယ်ဆိုရင် သိပ်ပြီးရှုံးတာပေါ့။ ဒီအတိုင်းပဲ တန်ဖိုးရှိလှတဲ့ လူ့ဘဝကြီးကိုရပြီးခါမှ နိဗ္ဗာန်ချမ်းသာထိရအောင် အသုံးမချဘဲ လူ့နတ်ဆိုတဲ့ ကာမဂုဏ်ချမ်းသာလောက် ရအောင်ပဲ အသုံးချမယ်ဆိုရင် မိမိအတွက် အများကြီးရှုံးပါတယ်။ သိကြားမင်းရဲ့ ဝရဇိန်လက်နက်ဟာ အင်မတန်အစွမ်းထက်ပါတယ်။ ပင်လယ်ထဲပစ်ချလိုက်ရင် ပင်လယ်ရေတွေအကုန် ခမ်းခြောက်သွားနိုင်ပါတယ်။ မြေကြီးပေါ်ပစ်ချလိုက်ရင်လည်း မြေပြင်မှာရှိတဲ့အဆောက်အဦး သစ်ပင်

http://www.dhammadownload.com



တွေအားလုံး မီးလောင်ပြာကျသွားနိုင်တယ်။

ဒီလောက်အစွမ်းထက်တဲ့ ဝရဖိန်လက်နက်ကို ရထားသူဟာ တစ်ကမ္ဘာလုံးကို အုပ်စိုးရတဲ့ ကေရာဇ် ဘုရင်အဖြစ်ကိုရအောင် ယူသင့်တာပေါ့။ အဲသလို အသုံးမချဘဲ ဝရဖိန်လက်နက်ကို သားကောင်ဖမ်းတဲ့ မုဆိုးလက်နက်လောက်သာ အသုံးချမယ်ဆိုရင် တော် တော်ကို အသိဉာဏ်နည်းရာရောက်တာပေါ့။

ဒီအတိုင်းပဲ တန်ဖိုးရှိလှတဲ့ လူ့ဘဝကို နိဗ္ဗာန် ထိရောက်အောင် အသုံးမချဘဲ လူ့နတ်ချမ်းသာ ကာမ ဂုဏ်ခံစားရရုံလောက် အသုံးချတာဟာ တော်တော်ကို အသိဉာဏ်နည်းရာရောက်ပါတယ်။ ကဲ မင်းရောရလာတဲ့ လူ့ဘဝကို ဘယ်လိုအသုံးချမလဲ။

**သန်း** စိတ်ချပါဘုရား။ ဒီလောက်ထိပြည့်စုံအောင် နာကြားနေရ တာမှ နိဗ္ဗာန်ရအောင် မကြိုးစားဘူးဆိုရင် တပည့်တော် ထက် မိုက်တာဘယ်ရှိတော့မလဲဘုရား။

**နုပ်** ရန်သူတွေဝိုင်းထားခံရတဲ့ ယောကျ်ားဟာ ပြေးထွက်စရာ လမ်းပေါက်ရှိလျက်နဲ့ ပြေးမထွက်ဘဲ ရန်သူတွေရဲ့လက် ချက်နဲ့ အသတ်ခံရတယ်ဆိုရင် လမ်းပေါက်ရဲ့အပြစ် မဟုတ်ဘူး။ ပြေးမထွက်တဲ့ ယောကျ်ားရဲ့အပြစ်ပဲ။ ထို့ အတူဘဝ အဆက်ဆက်ကပြုခဲ့တဲ့ အကုသိုလ်ရန်သူတွေ ဟာ အပါယ်ဆွဲချရအောင် အန္ဓပုထုဇဉ်ရဲ့ ဘေးမှာဝိုင်းရံလို့ နေကြပြီ။

ဒီအချိန်မှာ ပြေးထွက်စရာလမ်းပေါက်ဟာ

http://www.dhammadownload.com



ဝိပဿနာမဂ္ဂင်လမ်းပါပဲ၊ ဝိပဿနာလမ်းပေါက်ရှိလျက်နဲ့ ပြေးမထွက်ဘူးဆိုရင် ဝိပဿနာမဂ္ဂင်လမ်းရဲ့အပြစ် မဟုတ်ဘူး။ ပြေးမထွက်တဲ့ အန္ဓပုထုဇဉ်ရဲ့အပြစ်ပဲ။ ခြေထောက်မှာ မစင်အညစ်အကြေးတွေ အလူးခံရတယ်။ မိမိအနားမှာလည်း ဆေးကြောသန့်စင်စရာရေတွေ အပြည့်ရှိနေတယ်။

ဒါနဲ့တောင် မဆေးကြောဘဲနေမယ်ဆိုရင် ရေရဲ့ အပြစ်မဟုတ်ဘူး။ မဆေးကြောတဲ့ သူရဲ့အပြစ်ပဲ။ ထို့အတူ ကိလေသာဆိုတဲ့ အညစ်အကြေးတွေပေကျံ နေတဲ့ အန္ဓပုထုဇဉ်အတွက် ဆေးကြောစရာ မဂ္ဂင်ရေစင် ရှိရက်နဲ့ မဆေးကြောဘူးဆိုရင် မဂ္ဂင်ရေစင်ရဲ့ အပြစ် မဟုတ်ဘူး။ မဆေးကြောတဲ့ အန္ဓပုထုဇဉ်ရဲ့အပြစ်ပဲ။

လူနာတစ်ယောက်ဟာ ရောဂါတွေအပြင်းအထန် ခံစားရလို့ ဟစ်အော်ငိုကြွေးနေတယ်။ သူ့နားမှာလည်း တစ်ခါသောက်ရုံနဲ့ ရောဂါတွေကိုချက်ခြင်းပျောက်သွား စေမယ့်ဆေးလည်းအသင့်ရှိနေတယ်။ ဒါနဲ့တောင် ဆေးကိုမသောက်ပဲ ဟစ်အော်ငိုကြွေးမြဲ ငိုကြွေးနေမယ်ဆိုရင် ဆေးရဲ့အပြစ်မဟုတ်ဘူး။ ဟစ်အော်ငိုကြွေးနေသူရဲ့ အပြစ်ပဲ။

ထို့အတူ ကိလေသာရောဂါတွေ ဒင်းကြမ်းပြည့် နေတဲ့ အန္ဓပုထုဇဉ်အတွက် ကိလေသာရောဂါပျောက် ကြောင်း ဝိပဿနာ မဂ္ဂင်ဆေးတွေ အသင့်ရှိနေတယ်။ ဝိပဿနာမဂ္ဂင်ဆေးတွေအသင့် ရှိနေပါလျက် မသောက် သုံးဘူးဆိုရင် ဝိပဿနာမဂ္ဂင်ဆေးရဲ့ အပြစ်မဟုတ်ဘူး။

http://www.dhammadownload.com



မသောက်သုံးတဲ့ အန္ဓ ပုထုဇဉ်ရဲ့အပြစ်ပါ။

ဒါ့ကြောင့် ခုပြနေတဲ့ သုဒ္ဓဝိပဿနာတရားကို ဖြစ်စေ၊ မိမိအားသန်ရာတခြား ဝိပဿနာနည်းတစ်ခုခုကို ဖြစ်စေ၊ တတ်နိုင်သမျှ ရှုပွားစေချင်တယ်။ ကဲ နောက် အပါတ်မှ သင်္ခါရက္ခန္ဓာ အကြောင်းကို ဆက်ကြရအောင်။

## မည်သူ့အပြစ်လဲ

ရန်သူဝိုင်းထား ထိုယောက်ျားကား၊
ပြေးသွားဖို့ရာ၊ လမ်းပေါက်သာလျှက်၊
ပြေးမထွက်၊ လမ်းတွက်မဟုတ်ချေ။
မစင်လူးလျှင်၊ အေးကြည်လင်သည့်၊
ရေစင်ရှိလျှက်၊ မဆေးခက်၊
ကန်တွက်မရှိလေ။
ဟစ်အော်ငိုညည်း၊ ရောဂါသည်း၍၊
လူးလည်းဗျာပါ၊ နာမချိသော်၊
တတ်သိမြင်မြော်၊ သမားတော်၌၊
ဆေးကျော်ရှိလျက်၊ မစားခက်၊
ဆေးတွက်မဟုတ်ပေ။
အနပ္ပကမ်းဘေးကြမ်းများစွာ၊
သံသရာမှ၊ ထွက်ရာလမ်းမ၊
သမထဝိပဿနာ၊ ကိလေသာဘင်၊
နာဟောင်းကျင်ကို၊ သန့်စင်လျော်ဆေး၊

http://www.dhammadownload.com



မင်္ဂလာရေအေးနှင့်၊ မြိုက်ဆေးစွမ်းထက်၊
ရှိပါလျှက်က၊ မထွက်ဆေးလို၊
မစားလို၊ မင်းပျိုကိုယ့်ထွက်ပေ။

(မဟာဝိသုဒ္ဓါရုံဆရာတော်)

## မကြည့်တတ်တော့ တဏှာ၊ ကြည့်တတ်တော့ဘာဝနာ ဝေဒနာလိုက်သည့်ဆိုသော်လည်း

နာမ်တရားဟူသမျှတို့တွင် ဝေဒနာသည်အထင် ရှားဆုံး အသိလွယ်ဆုံးဖြစ်သည်။ ဝေဒနာတရားနှင့် ပရိနိဗ္ဗာန်စံဝင်တော်မူကြသည့်ကား များစွာရှိကုန်၏။ မိမိတို့၏ကိုယ်ကို ဒွိဟိတ်မှန်း၊ တိဟိတ်မှန်း ကောင်းမသိ သေးဘဲလျှက် ဂေါဓိကရဟန်းကိုအားကျ၍ လည်ပင်းကို ဖြတ်သည့်ရှိသော် လည်ပြတ်ရုံသာရှိမည်။

ဝေဒနာတရားငါးပါးတို့တွင်လည်း ဒုက္ခဝေဒနာ သည် အသိလွယ်ဆုံး၊ အထင်ရှားဆုံး ဖြစ်သည်။ နည်းနည်းညောင်းလျှင် နည်းနည်းထင်ရှား၏။ များများ ညောင်းလျှင်များများထင်ရှား၏။ ညောင်းညာပါစေ၊ ထုံကျဉ်ပါစေ၊ ကိုက်ခဲပါစေ၊ ယိမ်းယိုင်ပါစေဟူ၍ ဘယ် သောအခါမျှ နလုံးမသွင်းအပ်၊ ဝေဒနာဖုံးနေသည်။ ညောင်းလွန်းအားကြီးလျှင် ပြင်ဆင်နိုင်သည်၊ အညောင်း လွန်သော် စိတ်ပျံ့လွင့်၍ အမျိုးမျိုးအဖုံဖုံဖြစ်တတ်ကြ

http://www.dhammadownload.com



သည်။ ဤကဲ့သို့ ဖြစ်တတ်သည်ကိုပင် အကောင်း ထင်မှတ်ကြသေး၏။ မထင်မှတ်အပ်၊ ယောဂီပုဂ္ဂိုလ် တစ်ဦးက ရှေ့ကနေ၍ လွဲနေလျှင် နောက်ကလိုက်သော ယောဂီတွေ အကုန်လွဲကုန်၏။

ညောင်းညာ ထုံကျဉ်ကိုက်ခဲ၍လာသောအခါ သူ့အလိုလို ယိမ်းယိုင်လာတတ်သည်။ ထ၍ပင် ခုန်တတ် သေးသည်။ အကောင်းမဟုတ်၊ စိတ်ကိုမလွှတ်ရာ၊ ကြာ လျှင်အရူးကဲ့သို့ဖြစ်တတ်၏။ ဤကဲ့သို့ဖြစ်သည်ကိုပင် သမာဓိမှတ်ထင်တတ်သေးသည်။

စိတ်ဉာဏ်ကလိုက်နိုင်ပါမူ တစ်ကိုယ်လုံး၌ပြန့်နှံ့၍ သွားသည်တို့ကိုထင်မြင်အောင် နှလုံးသွင်းအပ်၏။ မိုးတိမ် များလေသင့်ရာသို့ ရေးရေးရေးရေးနှင့် သွားနေသကဲ့သို့ အသစ် အဟောင်း ပြောင်းလဲ၍ ပြောင်းလဲ၍ ဖြစ်ပျက်၍ ဖြစ်ပျက်၍ သွားသည်တို့ကို အာရုံစူးစိုက်၍ နှလုံးသွင်း နိုင်လျှင် လက္ခဏာ အထူးတင်ရန်မလိုတော့ချေ၊ တင်ပြီး သကဲ့သို့ဖြစ်၏။

(ခတ်တော်ကျ– သပိတ်အိုင်ဆရာတော်ဦးကိတ္တိ၏၊ ခတ် ကမ္မဋ္ဌာန်းကျမ်းမှ)

ပြုပြင်ပြောင်းလဲ၊ ဖောက်လွဲဖောက်ပြန်၊
သခိရက္ခာ၊ ငှက်ပျောသဏ္ဌာန်။
မခိုင်မြဲလို့ ဆင်းရဲပူပန်၊
အကာကျ၊ သာရကင်းမဲ့ပြန်။

နုပ် စေတသိက်၅၂ လုံးထဲမှာ ဝေဒနာသညာကြဉ်ပြီး

http://www.dhammadownload.com



ကျန်တဲ့အလုံး ၅၀ ကိုသင်္ခါရက္ခန္ဓာလို့ ခေါ်တယ်။ ဒီစေတသိက် ၅၀ ထဲမှာစေတနာ စေတသိက်က ခေါင်းဆောင်တယ်။ စေတနာစေတသိက်ရဲ့သဘောက တိုက်တွန်းပေးခြင်းနဲ့ နှိုးဆော်ပေးခြင်းပဲ၊ စေတနာရဲ့ သဘောတရားကိုပဲ သင်္ခါရက္ခန္ဓာရဲ့ သဘောတရားလို့ သတ်မှတ်လိုက်တာပဲ။

မြင်ချင်အောင် တိုက်တွန်းနှိုးဆော်တာ သင်္ခါရက္ခန္ဓာ
ကြားချင်အောင် တိုက်တွန်းနှိုးဆော်တာ သင်္ခါရက္ခန္ဓာ
နံချင်အောင် တိုက်တွန်းနှိုးဆော်တာ သင်္ခါရက္ခန္ဓာ
စားချင်အောင် တိုက်တွန်းနှိုးဆော်တာ သင်္ခါရက္ခန္ဓာ
ထိချင်အောင် တိုက်တွန်းနှိုးဆော်တာ သင်္ခါရက္ခန္ဓာ
တွေးချင်အောင် တိုက်တွန်းနှိုးဆော်တာ သင်္ခါရက္ခန္ဓာ
ကောင်းတာလုပ်ချင်အောင် တိုက်တွန်းနှိုးဆော်တာ သင်္ခါရက္ခန္ဓာ
မကောင်းတာလုပ်ချင်အောင် တိုက်တွန်းနှိုးဆော်တာ သင်္ခါရက္ခန္ဓာ။

အရင်တုန်းကဘာလုပ်ချင်လုပ်ချင်၊ ငါကလုပ်ချင်တာ၊ သူကလုပ်ချင်တာ၊ ယောက်ျား၊ မိန်းမကလုပ်ချင်တာ၊ ပုဂ္ဂိုလ်သတ္တဝါကလုပ်ချင်တာလို့ အယူမှားခဲ့တယ်၊ အခုတော့သိပြီ။ ကောင်းတာလုပ်ဖြစ်အောင်ဖြစ်စေ၊ မကောင်းတာလုပ်ဖြစ်အောင်ဖြစ်စေ တိုက်တွန်းနှိုးဆော်နေတာဟာ သင်္ခါရက္ခန္ဓာရဲ့အလုပ်ပဲလို့ပြတ်ပြတ်သားသား သိထားရမယ်။

http://www.dhammadownload.com



သင်္ခါရက္ခန္ဓာလို့လည်းခေါ်တယ်၊
သင်္ခါရလို့လည်းခေါ်တယ်၊
စေတနာလို့လည်းခေါ်တယ်၊
ကံလို့လည်းခေါ်တယ်၊

ဘဝခန္ဓာအသစ်ဖြစ်အောင်လုပ်ပေးတဲ့ အဝိဇ္ဇာ၊ တဏှာ၊ ကံဆိုတဲ့တရားသုံးပါးထဲက ကံဆိုတာ သင်္ခါရက္ခန္ဓာရဲ့အမည်တစ်မျိုးပဲ၊ ဒါကြောင့်အခုဘဝခန္ဓာကို သင်္ခါရက္ခန္ဓာကဖြစ်အောင် လုပ်ပေးခဲ့တယ်ဆိုရင်မမှားဘူး၊ ဒီ သင်္ခါရ က္ခန္ဓာလည်း ကျန်နာမ်ခန္ဓာများလို တစ်စက္ကန့်မှာ ကုဋေတစ်သိန်းဖြစ်ပျက်နေတာပဲ၊ ဒါကိုဉာဏ်နဲ့သိပြီး သင်္ခါရက္ခန္ဓာအနိစ္စလို့ စိတ်ထဲကသိပေးနေရင် ဝိပဿနာ ဖြစ်ပါပြီ။ ဒီသင်္ခါရက္ခန္ဓာကို ငှက်ပျောပင်နဲ့ဥပမာပေး ထားတယ်။

သူရူးတစ်ယောက်ဟာ ရောမငှက်ပျောတောကြီး တစ်တောထဲကို ရောက်သွားတယ်၊ သူဟာငှက်ပျောပင်ကို တစ်ခါမှမြင်ဘူးသူမဟုတ်တော့ လုံးချောပြီးပြောင်နေတဲ့ ငှက်ပျောပင်တွေကို ကျောက်တိုင်၊ သံတိုင်တွေလို ခိုင်မာ မယ်လို့ထင်နေသတဲ့။ ဒါ့ကြောင့် ဒီငှက်ပျောတောကြီး ထဲမှာသာ နေရရင် အန္တရာယ်ကင်း ဘေးရှင်းမယ်။

ဒီလိုယူဆပြီးသူ့ကိုယ်သူ ငှက်ပျောတောဘုရင်ဘွဲ့ ကိုခံယူလိုက်သတဲ့၊ ငှက်ပျောပင်တွေကို မပျက်မစီး ခိုင်မာတဲ့ အရာတွေလို့ထင်နေတာကိုး၊ တစ်နေ့တော့ မာနတွေပါတက်လာပြီး၊ နိုင်ငံတစ်နိုင်ငံကဘုရင်ဆီကို

http://www.dhammadownload.com



ရာဇသံပို့လိုက်သတဲ့၊ ရာဇသံမှာရေးထားတာက တိုင်းပြည်ကိုပဲအပ်မည်လော၊ စစ်ပဲခင်းမည်လော၊ ပုံ–ငှက်ပျောတောဘုရင်ပေါ့၊ ရုတ်တရက်တော့ ရာဇသံရတဲ့ ဘုရင်လည်းလန့်သွားတာပေါ့။

နောက်မှသေချာစုံစမ်းကြည့်တော့ သူရူးမှန်းသိသွားတယ်။ ငှက်ပျောပင်တွေကို အနိုင်အမာထင်ပြီးမာနထောင်နေမှန်းသိလို့ ငှက်ပျောပင်တွေကို တစ်ပင်မကျန်ခုတ်လှဲခိုင်းလိုက်တယ်၊ သူအနိုင်အမာထင်နေတဲ့ငှက်ပျောပင်တွေလည်း ကုန်သွားရောသူရူးလည်း မာနတွေတစ်ခါတည်း ကျသွားတာပေါ့။

အဲဒီသူရူးဟာ အန္ဓပုထုဇဉ်နဲ့တူတယ်။ သူရူးဟာငှက်ပျောပင်တွေကို အနိုင်အမာထင်နေသလို အန္ဓပုထုဇဉ်တွေဟာလည်း သင်္ခါရက္ခန္ဓာနဲ့လုပ်ထားတဲ့ဘ၀ခန္ဓာကို မပျက်မစီးအမြဲတည်တယ်လို့ ထင်နေတယ်။ ဒီဘ၀ခန္ဓာကြီးမပြောနဲ့ ကိုယ်ကိုယ်တိုင်ကာထားတဲ့ဝင်းထရံလေးဆိုရင်တောင် နှစ်အကြာကြီးမပျက်မစီးမြဲမယ်လို့ပဲ ယုံကြည်နေတတ်တယ်။

ဗုဒ္ဓရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့လက္ခဏာရေးသုံးပါးနဲ့ ဖောက်ခွဲကြည့်လိုက်တဲ့အခါကျတော့ ဒီခန္ဓာမှာခိုင်မာတဲ့အရာ ဘာတစ်ခုမှမရှိတော့ပါဘူး၊ ဒီသင်္ခါရက္ခန္ဓာဟာလည်း အလုံး အတုံး အရည်အဖတ်၊ အမှုန် အမွှားတစ်ခုမှမဟုတ်ဘဲ တိုက်တွန်းနှိုးဆော်တဲ့ သဘောတရားလေးပဲလို့သိထားပါ။

http://www.dhammadownload.com



နောက်ဆုံးဖြစ်တဲ့ဝိညာဏက္ခန္ဓာကို ပြောကြရအောင် သူ့လင်္ကာလေးက

သွင်ပြင်ဖောက်ပြား၊ မှောက်မှားစေရန်၊
ဝိညာဉ်လက်လှဲ့၊ မျက်လှည့်သဏ္ဍာန်၊
မခိုင်မြဲလို့ ၊ ဆင်းရဲပူပန်၊
အကာကျ သာရ ကင်းမဲ့ပြန် ... တဲ့။

စိတ်အကျဉ်း ၈၉ ပါး၊ စိတ်အကျယ် ၁၂၁ ပါးလုံးကို ဝိညာဏက္ခန္ဓာလို့ခေါ်တယ်။ ဒါကြောင့် စိတ်ဆိုရင် ဘာစိတ်တွေ့တွေ့ ဘယ်နှစ်ပါးတွေ့တွေ့ ဝိညာဏက္ခန္ဓာလို့ပဲ မှတ်ထားပါ။

အဆင်းရုပ်ကိုမြင်လိုက်ရင် သိတာ ဝိညာဏက္ခန္ဓာ
အသံရုပ်ကိုကြားလိုက်ရင် သိတာ ဝိညာဏက္ခန္ဓာ
အနံ့ရုပ်ကိုနံလိုက်ရင် သိတာ ဝိညာဏက္ခန္ဓာ
အရသာရုပ်ကိုစားလိုက်ရင် သိတာ ဝိညာဏက္ခန္ဓာ
အတွေ့ရုပ်ကို ထိလိုက်ရင် သိတာ ဝိညာဏက္ခန္ဓာ
အတွေးအာရုံကိုတွေးလိုက်ရင် သိတာ ဝိညာဏက္ခန္ဓာ

အကျဉ်းချုပ်ပြောတော့ အာရုံကိုသိတာမှန်သမျှ ဝိညာဏက္ခန္ဓာလို့ဘဲမှတ်ထားပေါ့၊ သူလည်းပဲ တစ်စက္ကန့်အတွင်းမှာ အကြိမ်ပေါင်းကုဋေတစ်သိန်း ဖြစ်ပျက်နေတာပဲ။ ဒါကိုဉာဏ်နဲ့ သိပြီးအာရုံကိုသိလိုက်တိုင်း သိစိတ်အနိစ္စလို့စိတ်ထဲကသိပေးနေရင် ဝိပဿနာပွားပြီးသားဖြစ်နေတာပါပဲ။

ဝိညာဏက္ခန္ဓာဆိုတာလည်း အလုံး အတုံး အခဲ၊

http://www.dhammadownload.com



အရည် အဖတ်၊ အမှုန် အမွှားတစ်ခုမှမဟုတ်။ အာရုံကို သိတတ်တဲ့ သဘောတရားလေးလို့ပဲသိထားရင် လုံလောက်ပါပြီ။ ဒီဝိညာဏက္ခန္ဓာကို မျက်လှည့်နဲ့ ဥပမာပေးထားတယ်၊ မျက်လှည့်ဟာ လူတွေကိုလိမ်ညာပြီး မဟုတ်တာကို အဟုတ်လုပ်ပြသလို၊ မရှိတာကို အရှိလုပ်ပြသလို၊ ဝိညာဏက္ခန္ဓာကလည်း အန္ဓပုထုဇဉ်ကို မဟုတ်တာကို အဟုတ်လုပ်ပြ၊ မရှိတာကိုအရှိလုပ်ပြပြီး လိမ်တတ်တယ်။

တကယ်မရှိတဲ့ ယောက်ျားမိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါ၊ တိုက်တာခြံမြေဆိုတဲ့ ပညတ်တရားတွေကို တကယ့်အရှိတရားလို့ထင်အောင်လိမ်ပြတယ်၊ တကယ်ရှိတဲ့ရုပ်နာမ် နိဗ္ဗာန်ဆိုတဲ့ ပရမတ်တရားတွေကျတော့ တကယ်မရှိဘူးလို့ထင်အောင်လိမ်ပြန်တယ်။ ငါကိုယ်တိုင် (၁၂) နှစ်သားအရွယ်လောက်က အမရပူရမှာ မျက်လှည့်ဆရာ တစ်ယောက်နဲ့ကြုံဘူးတယ်။

**သန်း** အဲဒီမျက်လှည့်ဆရာကရော ဘာတွေလိမ်ပြသလဲဘုရား၊

**နုပ်** (၂၆) နှစ်လောက်ကြာသွားပြီဆိုတော့ နှစ်မျိုးလောက်ပဲ မှတ်မိတော့တယ်။ ပထမတစ်မျိုးက ဖဲထုပ်တစ်ထုပ်ကို ကုလားဖဲဆိုရင် ကုလားဖဲ၊ ဆယ်ဖဲဆိုရင် ဆယ်ဖဲတွေချည်း ဖြစ်အောင်လုပ်ပြတယ်။ ဒုတိယတစ်မျိုးက စက္ကူနဲ့ လုပ်ထားတဲ့ အရိုးခြောက်ရုပ်ကလေးတွေကို ထကအောင် လုပ်ပြတယ်။

**သန်း** အရိုးခြောက်ရုပ်တွေထကအောင် လုပ်ထားတဲ့နည်းကို

http://www.dhammadownload.com



တော့ တပည့်တော်လည်းသိပါတယ်ဘုရား။

နုပ် မင်းသိတဲ့နည်းကို ပြောစမ်းပါဦး။

သန်း ကြေးနဲ့ပြဒါးဟာမတည့်ဘူးဘုရား၊ ဒါကြောင့် အရုပ်မှာ ပြဒါးသုတ်ထားပြီး ကြေးလင်ပန်း၊ ကြေးလကွင်း တစ်ခုခုကို ခေါက်ပေးရင် အရုပ်တွေထကတယ်လို့ ပြောကြတယ်ဘုရား။

နုပ် မျက်လှည့်ဆရာက မင်းတို့ငါတို့သိတာထက် တစ်ကွက်သာသွားတယ်။ မင်းပြောသလိုထင်မှာစိုးလို့လို့ပြောပြီး ကြေးလင်းကွင်းကိုတောင်မတီးဘူး၊ အရုပ်တွေကိုလက်ခုပ်တီးပြီးကခိုင်းတယ်။

သန်း အဲဒါဆိုရင်တော့ အံ့သြစရာပဲ၊ ဆရာတော် တပည့်တော်လည်းမသိတော့ဘူး။

နုပ် အဲဒီလိုအံ့သြမှုလည်း သူတို့ကလိမ်ပြလို့ရမှာကိုးကွ၊ ငါလည်းမင်းလိုပဲ သိပ်အံ့သြသွားတယ်၊ ထူးခြားတာက ဒီမျက်လှည့်ဆရာဟာ ပြကွက်တွေပြီးတဲ့အခါ ဘာဆေးမှရောင်းမစားဘဲ မျက်လှည့်ပြကွက်တွေကို တစ်မျိုးနှစ်ကျပ်နှုန်းလောက်နဲ့ လိုချင်တဲ့သူတွေကို သင်ပေးတာပဲ။

ငါလည်း လအတော်ကြာစုထားတဲ့ မုန့်ဖိုးလေး ထုတ်ယူလာပြီး အရိုးခြောက်တွေထကတဲ့ ပြကွက်ကို သင်လိုက်တယ်။

သန်း ဟာ ဒါဆိုဆရာတော် အဲဒီပြကွက်ကို တတ်သွားပြီပေါ့၊

နုပ် ဘာလဲ မင်းကြည့်ချင်လို့လား၊

သန်း ကြည့်ချင်တယ်ဘုရား၊

http://www.dhammadownload.com



နုပ် ချက်ခြင်းတော့ပြလို့ မရဘူးကွ။ ကြိုးတစ်ချောင်းပြန်ရှာ ရဦးမယ်။

သန်း ကြိုးပါမှတော့ ဘယ်သူမဆိုပြတတ်တာပေါ့ဘုရား။

နုပ် ဒါပေမယ့် ဒီကြိုးက ငါးပေလောက်ကလှမ်းကြည့်ရင် မမြင်ရတော့ဘူးကွ၊ သေးသေးမှုန်မှုန်လေးရယ်၊ အရောင်ကတော့ အနက်ရောင်လေးပဲ၊ သူတို့ ဘယ်လိုလုပ်ထားတယ်မသိဘူး။ အဲဒီကြိုးတစ်စကို အရုပ်မှာချည် ကျန်ကြိုးတစ်စကို လက်မှာချည်ပြီး လက်ခုပ်တီး လိုက်ရင် အရုပ်တွေက ထကတော့တာပေါ့။

သန်း ဒီလိုဆိုတော့လည်း ဘာမှမထူးဆန်းပါလားဆရာတော်၊

နုပ် အဲဒါကြောင့်ပြောတာပေါ့၊ လိမ်ညာပြတဲ့ မျက်လှည့် ပညာဆိုတာမသိရင်ရွှေတစ်ဆုပ်၊ သိရင်ဖွဲတစ်ဆုပ်တဲ့၊ ငါ့ဆီကငွေနှစ်ကျပ်သာကုန်သွားတယ်၊ ရလိုက်တာက တော့ အရိုးခြောက်ရုပ်တစ်ရုပ်နဲ့ ကြိုးလေးတစ်ချောင်းပါပဲ။

သန်း ငွေနှစ်ကျပ်လောက်ပဲ ဆရာတော်၊ သိပ်ကုန်တာမဟုတ် ပါဘူး။

နုပ် အခု (၂၀၀၃) ခုနှစ်အတွင်းလောက်ဆိုရင်တော့ ငွေနှစ် ကျပ်ဟာဘာမှတန်ဖိုးမရှိတော့တာ မှန်တာပေါ့၊ တို့မူလ တန်းကျောင်းသားအရွယ် (၁၉၅၅) က ကျောင်းသွားရင် မုန့်ဖိုး ငါးပြားပဲရတာကွ၊ ဒါပေမယ့် ဒီမုန့်ဖိုးငါးပြားက ကျောင်းကရောင်းတဲ့ မုန့်တီ၊ မုန့်ဟင်းခါးလက်သုပ် မျိုးစုံကို ဝယ်စားလို့ရတယ်။

ဒီငွေနှစ်ကျပ်ရအောင် ငါ့မှာ (ရက် ၄၀ )လောက်

http://www.dhammadownload.com



စုခဲ့ရတာ၊ ဒါ့ကြောင့် အဲဒီအချိန်က အတိုင်းအတာနဲ့ ဆိုရင် ငွေနှစ်ကျပ်ဟာတော်တော်တန်ဖိုးရှိတာပေါ့၊ ကဲ မျက်လှည့်ဆရာလိမ်ပုံ ပြောပြီးတော့ ဝိညာဏက္ခန္ဓာ လိမ်ပုံကို ပြောကြရအောင်၊ ဒီနေရာမှာမကြည့်တတ် တော့တဏှာ၊ ကြည့်တတ်တော့ ဘာဝနာဆိုတဲ့ စကားပုံ လေးကို သာဓကနှစ်ခုနဲ့ ရှင်းလိုက်ရင် ဝိညာဏက္ခန္ဓာ လိမ်ပုံဟာ ပိုပြီးထင်ရှားမယ်။

## မကြည့်တတ်တော့ တဏှာ

မကြည့်တတ်တော့တဏှာဆိုတဲ့စကားကို သာဓက အရင်ထုတ်ရအောင်။ သီဟိုဠ်ကျွန်းမှာ ရဟန္တာမထေရ် ကြီးတစ်ပါးနဲ့ ၁၈ နှစ်ခန့်ရှိတဲ့ ကိုရင်တစ်ပါး တောကျောင်း တစ်ကျောင်းမှာ သီတင်းသုံးနေကြတယ်။ ဆရာဘုန်းကြီး က ရဟန္တာသာဖြစ်တာ ဈာန်အဘိညာဉ် ရဟာန်မတူဘူး။ ဒီဇာတ်လမ်းသွားကို ထောက်ကြည့်ရင်ပေါ့။ ကိုရင်က ဈာန်အဘိညာဉ်ရတယ်၊ ဒါပေမယ့် ဘာမဂ်ဘာဖိုလ်မှ ရမထားဘူး။

တစ်နေ့ ဆရာတပည့်နှစ်ပါး ဒုဋ္ဌဂါမဏိမင်းကြီး တည်ထားခဲ့တဲ့ မဟာစေတီတော်ကြီးပေါ်ကို ဘုရားဖူး ကြွကြတယ်၊ ဘုရားပေါ်ရောက်တဲ့အခါ မထေရ်ကြီးက ကိုရင်ဘုရားကို ပန်းပူဇော်ချင်တယ်၊ အနီးအနားက တောပန်းတောင်ပန်း အနည်းငယ်ရှာခဲ့ပါလို့ အမိန့်ရှိ

http://www.dhammadownload.com



လိုက်တယ်။ သိုင်းတတ်ကာစလူဟာ တွေ့တဲ့လူနဲ့ ပညာစမ်းကြည့်ချင်နေသလို ဈာန်အဘိညာဉ်ရကာစ ကိုရင်ကလည်း နေရာတိုင်းဈာန်အဘိညာဉ်ကို သုံးချင်နေတာ ဆိုတော့ ချက်ခြင်းအဘိညာဉ်ဝင်စားပြီး အိန္ဒိယနိုင်ငံ အတွင်းက ဟိမဝန္တာတောထဲထိရောက်အောင်ကြွပြီး ပန်းတွေခူးပြန်လာတယ်။

သီဟိုဠ်နဲ့ အိန္ဒိယဟာ မိုင်ပေါင်းရာနဲ့ချီပြီး ဝေးသော်လည်း ဈာန်အဘိညာဉ် တန်ခိုးနဲ့သွားတာ ဆိုတော့ ဆန့်ထားတဲ့လက်ကွေးသလောက်ပဲကြာတယ်၊ ချက်ခြင်းပြန်ရောက်လာတာပေါ့၊ ပြီးတော့ရေစစ်ထဲ ထည့်ထားတဲ့ပန်းတွေကို ရေစစ်ပါ မထေရ်ကြီးလက်ထဲ လှူလိုက်တယ်။ မထေရ်ကြီးလည်း မဟာစေတီရင်ပြင်ကြီးတစ်ခုလုံးကို ပန်းတွေချပြီးပူဇော်တယ်။

စေတီရင်ပြင်တစ်ခုလုံးသာ ပန်းတွေပြည့်သွားတယ်၊ ရေစစ်ထဲကပန်းကမကုန်ဘူး။ ကိုရင်ရဲ့ အဘိညာဉ်တန်ခိုးကြောင့်ပါပဲ။ ဒီအခါ မထေရ်ကြီးက ကိုရင် ပန်းတွေကမကုန်နိုင်ပါလားလို့ အမိန့်ရှိလိုက်တော့ ကိုရင်က ''ကုန်စေချင်ရင် ရေစစ်ကို မှောက်ချလိုက်ပါဘုရားလို့ လျှောက်တယ်'' အဲဒီလို မှောက်ချလိုက်တော့မှ ရေစစ်ထဲကပန်းတွေ ကုန်သွားတယ်။

ကိုရင်ကတော့ သူ့အဘိညာဉ်တန်ခိုးကို အစွမ်းပြခွင့်ရလို့ သိပ်ဝမ်းသာနေတာပေါ့။ ဒါပေမယ့် အနာဂတ်ကို လှမ်းမျှော်နိုင်တဲ့မထေရ်ကြီးက ကိုရင်ကို ဆုံးမ

http://www.dhammadownload.com



စကား တစ်ခွန်းပြောတယ်။ ကိုရင် ချာန်သိပ်မကစားနဲ့၊ ချာန်သိပ်ကစားရင် အကန်းမနဲ့ညားလိမ့်မယ်တဲ့၊ ဒီဆုံးမစကားကို ကိုရင်က အလေးမထားဘူး၊ ချာန်ကစားမြဲဆက်ကစားနေတယ်။

တစ်နေ့ မထေရ်ကြီးက ဆွမ်းခံကြွကာနီး သပိတ်ပြင်ခိုင်းတယ်၊ ကိုရင်က သူ့အဘိညာဉ်တန်ခိုးပြချင်တော့ "ဆရာသခင် သက်န်းရုံပြီးကြွနှင့်ပါ၊ သပိတ်ကို ရွာပေါက်ဝမရောက်ခင် ပို့ပေးပါမယ်" လို့ လျှောက်တယ်၊ မထေရ်ကြီးလည်း ဘာမှမတတ်နိုင်တော့ ဆက်မပြောတော့ဘူး၊ ဒီအတိုင်းပဲ ကြွသွားရတယ်။

မထေရ်ကြီးကြွပြီး ရွာပေါက်ဝရောက်မှ ကိုရင်ဟာအဘိညာဉ်တန်ခိုးနဲ့ ကောင်းကင်ကဆင်းလာပြီး သပိတ်ကိုကပ်တယ်။ တောသားတစ်ယောက် လက်နှိပ်ဓာတ်မီးတစ်လက်ဝယ်လာတယ်၊ အဲဒီညက လပြည့်ညဖြစ်နေတော့ မြို့ကနေ တောရွာကိုသွားတဲ့ လမ်းတစ်လျှောက်လုံးလရောင်နဲ့ လင်းထိန်နေလို့ လက်နှိပ်ဓာတ်မီးထိုးစရာ အမှောင်မရှိဘူးဖြစ်နေတယ်။

အသစ်ဝယ်လာတဲ့ ဓာတ်မီးကိုလည်း လက်တွေ့စမ်းကြည့်ချင်နေတဲ့တောသားဟာ ပုဆိုးကို ခေါင်းမြီးခြုံပြီး အထဲမှာပဲ မီးထိုးကြည့်သတဲ့။ အခုကိုရင်လည်း ဒီအတိုင်းပေါ့။ အဘိညာဉ်တန်ခိုးကို သိပ်ပြချင်နေတော့ ကျောင်းမှာကပ်လိုက်လည်းဖြစ်တဲ့ သပိတ်ကို ရွာပေါက်ဝရောက်မှလိုက်ကပ်နေတာ။

http://www.dhammadownload.com



မထေရ်ကြီးကိုသပိတ်ကပ်ပြီး ကောင်းကင်ကနေ ကျောင်းအပြန် မိန်းကလေးတစ်ယောက်ရဲ့ သာယာနာပျော်ဘွယ်ရာ သီချင်းဆိုသံတစ်သံကို ကြားသွားတယ်။ ရွာထိပ်ရေကန်ထဲက ကြာပန်းချိုးရင်းသီဆိုလိုက်တဲ့ မိန်းမပျိုလေးတစ်ယောက်ရဲ့ အသံပါပဲ။

ဒီနေရာမှာ ဝိညာဏက္ခန္ဓာက တစ်ကြိမ် စလိမ်လိုက်တယ်။ ပရမတ်ဉာဏ် မျက်စေ့နဲ့ကြည့်ရင် နားက ကြားလို့ရတဲ့ အရာမှန်သမျှဟာ သဒ္ဒါခေါ်အသံရုပ်ချည်းပါပဲ။ အသံရုပ်ပဲ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူးလို့ အမှန်ကို သိသွားရင်လိုချင်တဲ့ လောဘဖြစ်မှာမဟုတ်ဘူး။ လိုချင်တဲ့ လောဘဖြစ်ဖို့အတွက် ဝိညာဏက္ခန္ဓာက ကိုရင်ကို လိမ်လိုက်တယ်။

ဘယ်လို လိမ်လိုက်တာလည်းဆိုတော့ ငယ်ရွယ်နုပျိုတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အသံမှတ်ပါလို့ လိမ်လိုက်တာပဲ၊ ဝိညာဏက္ခန္ဓာရဲ့ အလိမ်ခံလိုက်ရတဲ့ ကိုရင်ဟာတပ်မက်တဲ့လောဘစိတ် ပေါ်လာတယ်၊ တစ်ခါ အသံရှင်ကို လှမ်းမြင်လိုက်ရတယ်ဆိုရင်ပဲ ဝိညာဏက္ခန္ဓာက ဒုတိယအကြိမ်လိမ်ပြန်တယ်။

ပရမတ်၊ ဉာဏ်မျက်စေ့နဲ့ကြည့်ရင် မျက်စေ့နဲ့ မြင်လို့ရတဲ့ အရာမှန်သမျှဟာ ဝဏ္ဏခေါ်အဆင်းရုပ်ချည်းပဲ၊ အဆင်းရုပ်ပဲ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူးလို့ အမှန်ကိုသိသွားရင် တပ်မက်တဲ့လောဘ ဖြစ်မှာမဟုတ်ဘူး။ တပ်မက်တဲ့လောဘဖြစ်ဖို့အတွက် ဝိညာဏက္ခန္ဓာက

http://www.dhammadownload.com



ကိုရင်ကိုဘယ်လို လိမ်လိုက်သလဲဆိုတော့ ချောမော လှပတဲ့ မိန်းကလေးတစ်ယောက်ပါလို့ လိမ်လိုက်တယ်။

ပူလောင်ပြင်းထန်တဲ့လောဘစိတ် ဖြစ်ပေါ်လာတာနဲ့ ကိုရင်ဟာစျာန်လျှောပြီး မိန်းကလေးရှိရာ ရေကန်အနီးမှာ ကျလာပါတယ်၊ ကိုရင်ကအကြောင်းစုံပြောပြပြီး ချစ်ခွင့်ပန်တဲ့အခါမှာ မိန်းကလေးကလည်း သူ့ကြောင့် ရပြီးသားစျာန်တွေတောင် လျှောတယ်ဆိုတော့ ကရုဏာသက်သွားဟန်တူပါတယ်၊ လက်ခံလိုက်တယ်၊ အဲဒီတင် ကိုရင်လည်းလူထွက်ပြီး မိန်းကလေးနဲ့ ပေါင်းသင်းနေတာပေါ့။

သန်း မိန်းကလေးရဲ့ အဆင်းတို့အသံတို့ဟာ တော်တော်ကြောက်စရာကောင်းပါလား ဆရာတော်။ ကြားရရုံ၊ မြင်ရရုံနဲ့တင် စျာန်လျှောကျသွားတာ တော်တော်အံ့သြစရာကောင်းတယ်ဘုရား။

နုပ် ဒါကြောင့် တို့ရဟန်းတော်များကို ဆရာတော်ကြီး တစ်ပါးက လင်္ကာလေးတစ်ပုဒ်နဲ့ သတိပေးတော်မူခဲ့တာ သိပ်မှတ်ဖို့ကောင်းတယ်၊ လင်္ကာလေးက

အနာဂါမ် လောကုတ်၊
သဘောဟုတ်မရမှီ၊
ပြောအလုပ်နှင့် သမဏာပီအောင်၊
မ မသိစေနှင့်၊
သင်းအတွက်ရမက်ခွာ၊
စက္ကဝါခြား၍နေသင့်၊

http://www.dhammadownload.com



ဝိသဘာဂ အာရုံမျှော်သည်၊
ရှာပုံတော်တွေနှင့်၊
ကာမဂုဏ်ညှော်လေပင့်တော့၊
လေလွင့်ရပြန်သည်၊
ဈာန်လက်ကိုင်ပုဂ္ဂိုလ်များ၊
ယုတ်ယိုပျက်ပြားများလှလေပြီ၊
ကျင့်သီလ စာမရီလို၊
မကွာညီတည်ရစ်ဖို့၊
ပြည်ချစ်တဲ့ညီလျှာ၊
သိပါစိမ့်ငါ၊
နောင်တော်ကြီးအကိုဝါ၊
ထိုကဗျာလက်ကမ်းပေ့ါလေး။

(ရန်ကုန်မြို့ ပထမ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝါသဝါဘိဝံသ)

သန်း အဓိပ္ပါယ်လေးနည်းနည်းရှင်းဦးမှပေ့ါဘုရား၊

နုပ် အဓိပ္ပါယ်အချုပ်က ရဟန်းတွေဟာ အနာဂါမ်မတည် မခြင်း အမျိုးသမီးတွေနဲ့ နီးနီးနားနားမနေသင့်ဘူး၊ ဖြစ်နိုင်ရင်စကြဝဠာတစ်ခုလောက်ခြားပြီးနေသင့်တယ်၊ မိန်းမဆိုတဲ့ ကာမဂုဏ်ညှော်လေအပင့်ခံရလို့ ဈာန်လျှော ကျရတဲ့မထေရ်တွေ အတော်များနေပြီတဲ့၊ ရဟန်းရဲ့ အကျင့်သီလကို စာမရီဆိုတဲ့သတ္တဝါက မိမိရဲ့အမြီးကို မပျက်စီးအောင် စောင့်ရှောက်သလို စောင့်ရှောက်ဖို့ အတွက် တိုင်းပြည်မှာလူသိများပြီး ကျော်ကြားနေတဲ့

http://www.dhammadownload.com



ညီရဟန်းတွေကို နောင်တော်ကြီး ဝါသဝက သတိပေးပါတယ်လို့ဆိုလို့ပါတယ်။

သန်း ကိုရင်လူထွက်အကြောင်း ဆက်ပါဦးဘုရား။

နုပ် မိန်းကလေးက ယက်ကန်းရက်တာဆိုတော့ ကိုရင်လူထွက်လည်း ယက်ကန်းရက်ရတာပေါ့။ တစ်နေ့ ယက်ကန်းရုံမှာ ယက်ကန်းရက်နေတယ်၊ ထမင်းစားချိန်ရောက်ပေမယ့်၊ ဇနီးက ထမင်းပို့ရောက်မလာဘူး။ အကြောင်းတခုကြောင့် နောက်ကျနေတယ်။ ကိုရင်လူထွက်က ထမင်းဆာတော့ ဇနီးကို အတော်ဒေါသထွက်နေတယ်။

ဒါကြောင့် ဇနီးသည်လည်းရောက်လာရော အကျိုးအကြောင်းတောင် မမေးနိုင်တော့ဘဲ လွန်းတစ်ခုနဲ့ ကောက်ပေါက်လိုက်တာ မျက်စိသွားစိုက်လို့ ဇနီးသည်ဟာ အကန်းဘဝရောက်သွားရရှာတယ်။ ဇနီးသည် မျက်စိကန်းသွားတာကိုမြင်မှ ကိုရင်လူထွက်ဟာ ဆရာရဲ့ ဆုံးမစကားကိုသတိရပြီး ရှိုက်ကြီးတငင်ငိုကြွေးတယ်။

ဘေးကလူတွေက ဖြစ်ပြီးမှတော့ဘာတတ်နိုင်မှာလဲကွာ။ တရားနဲ့သာဖြေပါလို့ ပြောကြတဲ့အခါကျတော့ ကိုရင်လူထွက်ကပြောသတဲ့ တခြားကြောင့် မဟုတ်ပါဘူး။ ဆရာမထေရ်က ကိုရင် ဈာန်သိပ်မကစားနဲ့ ဈာန်ကစားလွန်းရင် အကန်းမနဲ့ညားလိမ့်မယ်လို့ ဆုံးမခဲ့တာကို မနာယူခဲ့လို့ အခုလိုဖြစ်ခဲ့ရကြောင်း ရှင်းပြသတဲ့။

http://www.dhammadownload.com



## ကြည့်တတ်တော့ ဘာဝနာ

ကြည့်တတ်တော့ ဘာဝနာအကြောင်းကို သွားကြရအောင်၊ ဒီဖြစ်ရပ်လည်း သီဟိုဠ်ကျွန်းကပဲ၊ တောကြီးတစ်တောထဲမှာ ရဟန်းတစ်ပါးဟာ ဝိပဿနာတရားကို ရှုပွားအားထုတ်နေတယ်၊ ဝိပဿနာနဲ့အတူ အသုဘဘာဝနာကိုလည်းအချိန်ပိုင်းနဲ့ ပွားများတယ်။ တစ်ရက်တော့ အရွယ်ကောင်း ရုပ်ချောအမျိုးသမီးတစ်ယောက်ဟာ လင်နဲ့စိတ်ဆိုးပြီး မိဘအိမ်ကို ဆင်းလာတယ်။ မိဘတွေရှိရာ ရွာရောက်အောင် ဒီတောအုပ်ကြီးကို ဖြတ်ရသေးတယ်။

လူသူကင်းပြတ်တဲ့ တောအုပ်အလယ်ကို ရောက်တဲ့အခါ အမျိုးသမီးနဲ့ရဟန်းနဲ့ ပက်ပင်းတွေ့ကြတယ်။ အရွယ်ကောင်းပြီး ယောကျ်ားပီသတဲ့ရဟန်းကို တွေ့တဲ့အခါ အမျိုးသမီးဟာ ဖောက်ပြန်လိုတဲ့စိတ်တွေ ပေါ်လာတယ်၊ ဒါ့ကြောင့် ရဟန်းကို မြူဆွယ်တဲ့အနေနဲ့ ပြုံးပြလိုက်တယ်။

ဝိပဿနာကိုပွားများနေတဲ့ ရဟန်းကိုတော့ ဝိညာဏက္ခန္ဓာဟာ မလိမ်နိုင်တော့ဘူး။ ပြုံးပြတဲ့ အမျိုးသမီးရဲ့ ဖြူဖွေးတဲ့သွားတွေကို မြင်လိုက်ရတယ်ဆိုရင်ပဲ ပွားများနေကျ အဋ္ဌိကခေါ် အရိုးစုကမ္မဋ္ဌာန်းဟာ တန်းပေါ်လာပြီး အမျိုးသမီးလို့မမြင်တော့ဘဲ အရိုးစုကြီးကိုပဲ မြင်တော့တယ်၊ ဒီတော့ လောဘဟာ ဝင်လို့မရတော့ဘူး။

တစ်ဖန် ဝိပဿနာပေါ်ဆက်တင်တော့ မြင်ရတဲ့

http://www.dhammadownload.com



အရာမှန်သမျှဟာ ပရမတ်အဆင်းရုပ်သာ ဖြစ်တယ်၊ ပုဂ္ဂိုလ် သတ္တဝါမဟုတ်ဘူး၊ ဒီအဆင်းရုပ်ဟာလည်း အမြဲတမ်းဖြစ်ပျက်နေတဲ့အနိစ္စတရားပဲ၊ အဆင်းနဲ့ မျက်စိ အကြည်ရုပ်တို့ တိုက်ဆိုင်တုန်း ဖြစ်လာတဲ့မြင်သိစိတ်ဟာ လည်း အမြဲတမ်းဖြစ်ပျက်နေတဲ့ အနိစ္စတရားပဲလို့လည်း ဉာဏ်နဲ့သိလိုက်ရော အဲဒီအမျိုးသမီးရှေ့မှာတင် လေးမဂ် လေးဖိုလ်ရပြီး ရဟန္တာဖြစ်သွားတယ်။

အမျိုးသမီးလည်း မြူဆွယ်လို့မရမှန်းသိတော့ သူ့လမ်းသူ ဆက်သွားတာပေါ့။ ခဏကြာတော့ အဲဒီအမျိုး သမီးရဲ့ယောကျ်ား နောက်ကလိုက်လာတယ်။ ရဟန်းကို တွေ့တော့မေးတယ်။ အမျိုးသမီး တစ်ယောက်ဖြတ် သွားတာ မမြင်လိုက်ဘူးလားတဲ့၊ ရဟန်းကဖြေတယ် အရိုးစုကြီးတစ်ခုဖြတ်သွားတာပဲ မြင်လိုက်တယ်တဲ့။

သန်း ကြည့်တတ်တော့ ဘာဝနာဆိုတဲ့ အဓိပ္ပါယ်ကို တပည့် တော် ခုမှသဘောပေါက်တယ်ဘုရား၊ ကြည့်တတ် တဲ့သူအတွက်တော့ ရှုစရာဝိပဿနာချည်း ဖြစ်နေ တာပေါ့ ဆရာတော်။

နုပ် စကားတစ်ခွန်းရှိတယ်။

ဝမ်းမီးကောင်းတဲ့သူအတွက် စားသမျှဟာ အာဟာရ ဖြစ်သလို၊ ဝိပဿနာသတိရှိတဲ့သူအတွက် တွေ့သမျှ ကြားသမျှဟာ ရှုပွားစရာ တရားအာရုံချည်းပဲပေါ့၊ ဒါကြောင့် ဝိပဿနာ ရှုပွားလိုတဲ့သူအတွက် နေရာ၊ အချိန်၊ အာရုံ ဘာမှ ရွေးစရာမလိုဘူးလို့ မှတ်ထားပေါ့၊ ကဲ နောက်

http://www.dhammadownload.com



အပါတ်မှ မဂ်တား ဖိုလ်တားအန္တရာယ်ငါးပါးအကြောင်း ဆက်ကြရအောင်။

## မဂ်တား ဖိုလ်တား အန္တရာယ်ငါးပါး သိသိလေးနှင့် တစ်သက်လုံးလွဲ

ရုပ်မှန်း၊ နာမ်မှန်း၊ အနိစ္စအချက်မှန်း၊ ဒုက္ခအချက်မှန်း၊ အနတ္တအချက်မှန်းမသိဘဲလျှက် ထွက်သက်လေ၊ ဝင်သက်လေကိုသာ အာရုံပြု၍မှတ်နေလျှင် သမထပင်ဖြစ်သည်။

ရုပ်မှန်း၊ အနတ္တအချက်မှန်းသိလျှက် ထိုရုပ်နာမ်တို့၏ အဖြစ်အပျက်ကိုလက္ခဏာတင်၍ သုံးသပ်ပါမှ ဝိပဿနာဖြစ်လေတော့၏။ နားမလည်လျှင် သိသိကလေးနှင့် တစ်သက်လုံးလွဲချော်တတ်၏။

ထွက်သက်လေနှင့် ဝင်သက်လေတို့သည် ဝါယောဓာတ်ဟုဆိုသော်လည်း ပထဝီ၊ အာပေါ၊ တေဇောဓာတ်တို့လည်းပါမြဲဖြစ်လေသည်။ ထွက်သက်လေ မဟာဘုတ်နှင့် ဝင်သက်လေ မဟာဘုတ်သည် ရုပ်၊ ထွက်ဝင်မှန်းသိသော စိတ်သည်နာမ်၊

စိတ်ဉာဏ်က (အစ၊ အလယ်၊ အဆုံး) မလိုက်နိုင်မှုအဝင်၌အဖြစ်တစ်ချက်တည်းကိုဖမ်း၊ အထွက်၌ အပျက်တစ်ချက်တည်းကိုဖမ်း၊ အဖြစ်ကိုဖြစ်စေ၊ အပျက်ကိုဖြစ်စေ တစ်ချက်မိလျှင် မဂ်ကိစ္စပြီးနိုင်သည်။ အရေးကြီး

http://www.dhammadownload.com



သောအချက် ကောင်းစွာမှတ်။

ရုပ်နာမ်တရားတို့သည် တစ်နေရာမှ တစ်နေရာသို့ တစ်ဆံဖျားမှ ရွေ့ပြောင်းသည်ဟူ၍မရှိ၊ တစ်နေရာတည်း၌ပင်ဖြစ်၍ပျက်ကြရကုန်၏။

(ခတ်တော်ကျ သပိတ်အိုင်တောရ ဆရာတော် ဦးကိတ္တိ၏ ခတ်ကမ္မဋ္ဌာန်းကျမ်းမှ)

**သန်း** မဂ်ဖိုလ်မရအောင်တားတဲ့ အန္တရာယ်ဆိုတာဘာတွေလဲဘုရား။

**နုပ်** ငါးမျိုးရှိတယ်၊ သူတို့က

ကမ္မန္တရာယ် ပဉ္စာနန္တရိယ ကံငါးပါးတစ်ပါးပါးကိုလွန်ကျူးခြင်း၊

ကိလေသန္တရာယ် – ငါရှိသည်၊ သူရှိသည်၊ ပုဂ္ဂိုလ်သတ္တဝါရှိသည်ဟု အယူမှားခြင်း

ဝိပါကန္တရာယ် – ပဋိသန္ဓေ တည်စဉ်ကတည်းက ဉာဏ်ပါမလာခြင်း

အရိယူပဝါဒန္တရာယ် – အရိယာကို ပြစ်မှားစော်ကားခြင်း

အာဏာဝီတိက္ကမန္တရာယ် = ရဟန်းတော်များသည် မြတ်စွာဘုရား ပညတ်တော်မူခဲ့သော (၂၂၇) သွယ်သိက္ခာပုဒ်များကို ကျူးလွန်ခြင်းတို့ပဲ၊

**သန်း** ပဉ္စာနန္တရိယကံ ငါးပါးကိုယူရတဲ့ ကမ္မန္တရာယ် အဓိပ္ပါယ်ကိုတော့ ကောင်းကောင်းသိပါပြီဘုရား၊ ဝိပါကန္တရာယ်အရ ဉာဏ်ပညာပါမလာသူဆိုတာ မွေးကတည်းက ဖျင်း အ ပြီး

http://www.dhammadownload.com



အရှေ့ အနောက် တောင် မြောက်ကိုတောင် မသိတဲ့ သူကို ပြောတာလားဘုရား။

နုပ် ဒီနေရာမှာ ဉာဏ်ပညာဆိုတာ မဂ်ဖိုလ်ရကြောင်း သစ္စာလေးပါးကို သိနိုင်တာကို ပြောတာ၊ ဒါကြောင့် ဝိပါကန္တရာယ်အရ ဖျင်း အ နေသူတွေကိုသာမက၊ လောကီဘီအေ၊ အမ်အေဘွဲ့တွေရသော်လည်း သစ္စာလေးပါး ဝိပဿနာတရားကို ဉာဏ်မလိုက်နိုင်သူမှန်ရင် ဝိပါကန္တရာယ် အရယူရမှာပဲ၊ စာလိုကတော့ ဒွိဟိတ် ပုဂ္ဂိုလ်လို့ခေါ်တယ်။

အလောဘ၊ အဒေါသဆိုတဲ့ဟိတ်နှစ်ပါးသာရှိလို့ ဒွိဟိတ်ပုဂ္ဂိုလ်လို့ခေါ်တာပါ၊ အလောဘဟိတ်ဆိုတာ မလိုချင်တာ၊ မတပ်မက်တာပဲ၊ ဒါကြောင့် ဒွိဟိတ် ပုဂ္ဂိုလ်ဟာ ဒါနကတော့ပြုတယ်၊ အဒေါသဆိုတာက မကြမ်းတမ်းတာ၊ မေတ္တာထားတာ သူတစ်ပါးအကျိုး ဆောင်တာပဲ။ ဒါ့ကြောင့် ဒွိဟိတ်ပုဂ္ဂိုလ်ဟာ ပရဟိတ အလုပ်ကိုလည်းလုပ်ပါတယ်။

အမောဟလို့ခေါ်တဲ့ ဉာဏ်ပညာပါမလာတဲ့ အတွက် မဂ်ဖိုလ်ကိုအရပေးမယ့် ခတ်တရားပရမတ် တရားတွေကျတော့ မလိုက်နိုင်တော့ဘူး။ သိပ်အံ့ဩဖို့ ကောင်းတယ်။ အမောဟလို့ခေါ်တဲ့ ဉာဏ်ပညာပါလာသူကိုတော့ အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ ဟိတ်သုံးပါး ပါတဲ့အတွက်ကြောင့် တိဟိတ်ပုဂ္ဂိုလ်လို့ခေါ်တယ်။ ဒီနေရာမှာ ဒွိဟိတ်ပုဂ္ဂိုလ်ဆိုတာ ပုဂ္ဂိုလ်လေးမျိုး ခွဲတဲ့ ထဲက ပဒပရမပုဂ္ဂိုလ်နဲ့ အတူတူပါပဲ။ ပုဂ္ဂလ

http://www.dhammadownload.com



ပညတ်အဋ္ဌကထာ၊ စတုက္ကနိဒ္ဒေသ၊ စာမျက်နှာ (၇၃) မှာ ဖွင့်ထားတဲ့ ပုဂ္ဂိုလ်လေးမျိုးဆိုတာ ဖတ်ဘူးတယ် မဟုတ်လား၊

သန်း ဖတ်ဘူးတယ်ဘုရား။

နုပ် ဖတ်ဘူးရင်မှတ်မိသလောက် ပြောပြစမ်းပါ၊

သန်း အကျဉ်းနာရုံနဲ့ မဂ်ဖိုလ်ရရင် ဥဂ္ဃဋိတညူပုဂ္ဂိုလ်၊ အကျယ်နာမှ မဂ်ဖိုလ်ရရင် ဝိပဉ္စိတညူပုဂ္ဂိုလ်၊ နာလည်းနာ အားလည်းထုတ်မှ မဂ်ဖိုလ်ရရင် နေယျပုဂ္ဂိုလ်၊ ဘယ်လိုပင်အားထုတ်သော်လည်း ယခုဘဝမှာ မဂ်ဖိုလ်ကို မရနိုင်ရင် ပဒပရမပုဂ္ဂိုလ် လို့မှတ်ဘူးတယ်ဘုရား။

နုပ် ပဒပရမပုဂ္ဂိုလ်နဲ့ ပတ်သက်ပြီး အရေးကြီးတဲ့အတွေးအခေါ် တစ်ခုပြောစရာရှိတယ်၊ မိမိက ပဒပရမပုဂ္ဂိုလ် ဖြစ်နေပါပြီတဲ့၊ ငါဟာ ဒီဘဝမှာ မဂ်ဖိုလ်ကိုမရထိုက်တော့တဲ့ဟာ အားထုတ်နေလည်းအပိုပါပဲဆိုပြီး ဝိပဿနာတရားကိုနာကြားအားထုတ်ခြင်းမပြုဘဲ စွန့်လွှတ်လိုက်မယ်ဆိုရင် အပါယ်ကိုလည်းကျသွားနိုင်သလို ပဒပရမဘဝကလည်း ဘယ်တော့မှမလွှတ်တော့ဘူး။

သန်း ဒါဆိုရင် ပဒပရမပုဂ္ဂိုလ်ဟာ မဂ်ဖိုလ်ကို မရမှန်းသိသော်လည်း အားထုတ်နေရမယ်လို့ ဆိုလိုတာလားဘုရား။

နုပ် ဟုတ်တယ်။ အင်္ဂုတ္တိုရ်ပါဠိတော် သောတာ နုဂတသုတ်မှာ ဝိပဿနာတရားကို နာကြားအားထုတ်နေသူတွေဟာ ရုတ်တရက် တရားကိုမေ့ပြီး သေသွားတောင် အပါယ်မကျဘဲ နတ်ပြည်ကိုရောက်တယ်၊ နတ်ပြည်ကိုရောက်ရောက်ခြင်း

http://www.dhammadownload.com



ငါးနတ်ပြည်ကိုရောက်နေ ပါလားဆိုတဲ့ အတွေးက နောက်ကျနေသေးတယ်။ သောတာပန်ကအရင် တည် တယ်လို့ ဟောကြားထားတယ်။

ဒီဒေသနာကိုထောက်ပြီး ပဒပရမပုဂ္ဂိုလ်ဟာ ဝိပဿနာတရားကို ဖွဲ့ရှိရှိနဲ့ နာကြားအားထုတ်နေ သင့်တယ်၊ ဒီဘဝမင်္ဂဖိုလ်ကိုမရပေမယ့် နောက်ဘဝမှာ ကေန်မုချရ မယ်ဆိုတဲ့ မျှော်လင့် ချက်ရှိနေလို့ပဲ၊ နောက် ဘဝဆိုလို့ တစ်ချို့က သိပ်ကြာတယ် ထင်ချင်ထင်နေဦးမှာ

သန်း သိပ်မကြာဘူးလားဘုရား။

နုပ် နောက်ဘဝဆိုတာ နက်ဖြန်ထက် ပိုမြန်သေးတယ်။ နက်ဖြန်ဆိုတာကညမှာ (၈) နာရီလောက် အိပ်ပြီးမှ ရောက်တာ၊နောက်ဘဝဆိုတာက အခုညနေ ငါးနာရီသေ ရင်ဒီငါးနာရီအချိန်မှာပဲ နတ်ပြည်ရောက်ပြီး သောတာ ပန်တည်ရတာ၊ ဒါနဲ့ နေယျပုဂ္ဂိုလ်ကို သုံးမျိုးထပ်ခွဲတာ ရော မင်း ဖတ်ဖူးသေးလား။

သန်း ဒါတော့မဖတ်ဖူးဘူးဘုရား။

နုပ် ဒါဆိုရင်တော့ နေယျပုဂ္ဂိုလ်တိုင်းကို အထင်မသေးအောင် သေချာရှင်းပြရသေးတာပေါ့၊ တစ်ချို့က ဥဂ္ဃဋိတညူ၊ ဝိပဉ္စိတညူပုဂ္ဂိုလ်တွေနဲ့ နှိုင်းစာကြည့်ပြီး နေယျပုဂ္ဂိုလ် ကိုအထင်သေးတတ်တယ်။ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ စာမျက်နှာ (၂၂၆) မှာ

''ဒန္ဓပညောဟိနေယျပုဂ္ဂလောသတ္တဟိဒိဝသေဟိ

http://www.dhammadownload.com



အရဟတ္တံ ပါပုဏာတိ၊ တိက္ခပညော ဧကဒိဝသေန
သေသဒိဝသေ မဇ္ဈိမပညာဝသေန ဝေဒိတဗ္ဗံ ”

ဒန္ဓနေယျပုဂ္ဂိုလ်က ခုနစ်ရက်အားထုတ်ရင် အရဟတ္တဖိုလ်ကိုရောက်နိုင်တယ်တဲ့၊ တိက္ခနေယျပုဂ္ဂိုလ်ကတော့ တစ်ရက်တည်းနဲ့ကို အရဟတ္တဖိုလ်ကိုရနိုင်တယ်တဲ့၊ ကြွင်းတဲ့မဇ္ဈိမနေယျ ပုဂ္ဂိုလ်ကတော့ အနည်းငယ်အားဖြင့် နှစ်ရက်ကနေခြောက်ရက်အတွင်း အရဟတ္တဖိုလ်ရသူရှိသလို များသောအားဖြင့် ခုနစ်ရက်၊ ခုနစ်လ၊ ခုနစ်နှစ်အားထုတ်မှအရဟတ္တဖိုလ်ကိုရသူလည်းရှိပါသတဲ့။

သန်း ဒီလောက်ဆိုရင် ဝိပါကန္တရာယ်အကြောင်းသိပါပြီဘုရား၊ ကိလေသန္တရာယ် အကြောင်းကို အမိန့်ရှိပါဦးဘုရား။

နုပ် ကိလေသန္တရာယ်ဆိုတာက ကိလေသာဆယ်ပါး ထဲက ငါရှိတယ်၊ သူရှိတယ်၊ပုဂ္ဂိုလ် သတ္တဝါရှိတယ်လို့ အယူမှားတဲ့ ဒိဋ္ဌိကိလေသာကိုပြောတာပါ။

သန်း မိစ္ဆာဒိဋ္ဌိ (၆၂) ပါးရှိကြောင်းမှတ်သားရဘူးတယ် ဘုရား၊ ဒီနေရာမှာ မိစ္ဆာဒိဋ္ဌိ(၆၂) ပါးလုံးယူရမှာလားဘုရား၊

နုပ် ယူရမယ်။

သန်း ဒီလောက်များတဲ့ မိစ္ဆာဒိဋ္ဌိတွေကုန်အောင် ဘယ်လောက်ကြာအောင်ပယ်ရမှာလဲဘုရား။

နုပ် အကုန်လုံး လိုက်ပယ်နေစရာမလိုပါဘူး၊ သက္ကာယဒိဋ္ဌိ တစ်မျိုးကိုပယ်လိုက်ရင် ကျန်တဲ့ဒိဋ္ဌိတွေကို အကုန်ပယ်ပြီးသားဖြစ်သွားတာပဲ၊ အသီးတစ်ရာ အညာတစ်ခုဒိုတဲ့ စကားလိုပေါ့။ အသီးတွေဘယ်လောက်များများ တစ်လုံးစီ

http://www.dhammadownload.com



လိုက်ခြွေနေစရာမလိုဘူး။ အညာတစ်ခုကိုဖြတ် ချလိုက်ရင်အသီးတစ်ရာအကုန်ပါသွားတာပဲ၊

ဒါ့ကြောင့် သဠာယတနသံယုတ်အဋ္ဌကထာမှာ

"သက္ကာယဒိဋ္ဌိယာ သတိက္ကမာဒိဋ္ဌိယောဥပ္ပဇ္ဇန္တိ၊

သက္ကာယဒိဋ္ဌိယာ အသတိက္ကမာဒိဋ္ဌိယောနဟောန္တိ။"

သက္ကာယဒိဋ္ဌိ အယူမှားရှိသောကြောင့်သာလျှင် ကြွင်းတဲ့မိစ္ဆာဒိဋ္ဌိများ ဖြစ်နိုင်ခြင်းဖြစ်သည်။ သက္ကာယဒိဋ္ဌိမရှိလျှင် ကြွင်းသော မိစ္ဆာဒိဋ္ဌိများမဖြစ်နိုင်တော့ပေ ... တဲ့။

ဝိပါကန္တရာယ်နဲ့ ကိလေသန္တရာယ်ဟာ မွေးကတည်းကအလိုလိုပါလာတဲ့ ဒိဋ္ဌိပဲ၊ ဝိပါကန္တရာယ် ကကုစားလို့မရပေမယ့် ကိလေသန္တရာယ်က ကုစားလို့ရတယ်၊ မြတ်စွာဘုရားကလည်း ဒီသက္ကာယဒိဋ္ဌိကို အရေးတကြီး မြန်မြန်ပယ်သတ်ဖို့ ဟောကြားထားတယ်။

သတ္တိယာဝိယ ဩမဋ္ဌော၊
ဍယှမာနောဝ မတ္ထကေ။
သက္ကာဒိဋ္ဌိပ္ပဟာနာယ၊
သတောဘိက္ခု ပရိဗ္ဗဇေ၊

(သဂါထာဝဂ္ဂသံယုတ်ပါဠိ၊ ၁၂ )

ရင်ဝ၌လှံအစူးခံရသောသူသည် လှံကိုမြန်မြန်နှုတ်ပစ်ရသကဲ့သို့၊ ဦးခေါင်း၌မီးလောင်သော သူသည်မီးကိုမြန်မြန် ငြိမ်းပစ်ရသကဲ့သို့ သတိရှိသောရဟန်းသည် ငါစွဲသက္ကာယဒိဋ္ဌိကိုပယ်ဖြုတ်ခြင်းငှာ ဝိပဿနာအလုပ်ကိုအလျှင်အမြန်ကြိုးစားအားထုတ်ရာ၏။

http://www.dhammadownload.com



ဒီလောက်ထိကို အရေးတကြီးထားပြီး ဟောကြားထားတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ သတ္တဝါတွေကို အပါယ်ဆွဲချတဲ့ အဓိကတရားခံဟာ သက္ကာယဒိဋ္ဌိဖြစ်နေလို့ပဲ။ ဒိဋ္ဌိတရားကအပါယ်ဆွဲချပုံသာဓကယုတ္တိ၊ သဘာဝယုတ္တိတွေကိုပြီးမှ အကျယ်ဆက်ပြီးဆွေးနွေးကြမယ်။ အခုလောလောဆယ်တော့ အန္တရာယ်ငါးပါးစုံအောင်သွားကြဦးစို့။

သန်း ဒါဆိုရင် အရိယူပဝါဒကံအကြောင်းကို အမိန့်ရှိပါဘုရား။

နုပ် အရိယူပဝါဒကံဆိုတာက သမ္မာသမ္ဗုဒ္ဓဘုရားရှင်ရယ်၊ ပစ္စေကဗုဒ္ဓရယ်၊ အရိယာပုဂ္ဂိုလ်ရှင်ယောက်ရယ်၊ စုစုပေါင်း ၁၀ ယောက်အပေါ်မှာ ပြစ်မှားစော်ကားမိတာကို ခေါ်တာပဲ၊ ဒီပုဂ္ဂိုလ်ဆယ်ပါးမှာ ဘယ်ပုဂ္ဂိုလ်အပေါ်မှာပဲ စော်ကားစော်ကား အရိယူပဝါဒကံထိုက်တယ်။

ဒီအရိယူပဝါဒကံဟာ ဘယ်လိုပုဂ္ဂိုလ်တွေအထိုက်များသလဲဆိုရင် သူတစ်ပါးရဲ့အပြစ်ကိုဆီလိုအပေါက်ရှာပြီး အပြစ်ပြောတတ်တဲ့သူတွေ အထိုက်များတယ်။ ဒါ့ကြောင့် ဓမ္မပဒမှာ ဗုဒ္ဓက

ပရဝဇ္ဇာနုပဿိဿ၊
နိစ္စံဥဇ္ဈာနသညိနော၊
အာသဝါတဿဝဍ္ဍန္တိ၊
အာရာ သော အာသဝက္ခယာ။

သူတစ်ပါး၏အပြစ်ကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ အမြဲတမ်းကဲ့ရဲ့ရှုတ်ချလိုသော အမှတ်သညာရှိနေသူအား

http://www.dhammadownload.com



အပါယ်လားကြောင်း၊ အာသဝေါတရားတို့သည်တိုးပွား ကုန်၏။ ထိုသို့ သူတစ်ပါးအပြစ်ကို ရှာလေ့ရှိသောသူသည် အာသဝေါတရားကုန်ရာ အရဟတ္တမဂ်မှ လွန်စွာဝေး၏လို့ ဟောတော်မူခဲ့တာပေါ့။

## စကားတစ်ခွန်း ဘုရားနှစ်ဆူ

ကဿပဘုရားလက်ထက်က လယ်သမားမိတ်ဆွေ နှစ်ဦး ရှိတယ်၊ လယ်သမားမိတ်ဆွေတစ်ဦးဟာ ဘုရားရဲ့တရားကို နာကြားပြီး တရားရခဲ့တော့ သူ့မိတ်ဆွေလယ်သမားကို နောက်တစ် နေ့မှာ တရားလိုက်နာဖို့လာခေါ်တယ်၊ တကယ်ဆိုရင်မလိုက် နိုင်ဘူးလို့ပြောလိုက်ရင် ပြီးတာပဲ၊ ဘာမှအပြစ်မရှိပါဘူး၊ အခုတော့ အဲဒီလယ်သမားပြန်ပြောတာက

တရားနာရင် ငါ့အလုပ်တွေ ပျက်တယ်၊ မင်း ဘုရားရဲ့ တရားကိုလိုက်နာရင် မင်း ဘုရားက ငါ့လယ်တွေကိုလာ ထွန်ပေး မှာလားတဲ့၊ အဲဒီစကားဟာ အရိယူပဝါဒကံထိုက်စေတဲ့စကားပဲ၊ လယ်သမားကတော့သူ့စကားသူအရိယူပဝါဒကံထိုက်မှန်းမသိလိုက် ပါဘူး၊ ဒါ့ကြောင့် ကန်တော့ တောင်းပန်ခြင်းလည်းမပြုဘူး။

အရိယူပဝါဒကံဟာအလွန်ကြောက်စရာကောင်း ပါတယ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုမရအောင် တားရုံမကဘူး၊ အပါယ်လေးပါး ကိုလည်းဆွဲချပါသေးတယ်၊ ဒီလယ်သမားသေတဲ့အခါမှာ တော အုပ်ကြီးတစ်အုပ်ထဲမှာ ချွေးတဒီးဒီးကျအောင် မရပ်မနားလယ်ထွန် နေရတဲ့ လယ်သမားပြိတ္တာကြီး သွားဖြစ်နေတာ။ ဘုရားနှစ်ဆူ

http://www.dhammadownload.com



ပွင့်ချိန်ကာလတိုင်အောင် မကျွတ်လွတ်ပါဘူး၊ ကဿပဘုရား လက်ထက်ကစပြီး ဂေါတမဘုရား လက်ထက်တိုင်အောင် လယ်သမား ပြိတ္တာဘဝကမလွတ်ပါဘူး။

တစ်ခါတော့ သီဟိုဠ်ကျွန်းက ရဟန်းတော်များအိန္ဒိယမှာ ဘုရားဖူးလှည့်လည်ရင်း လမ်းမှားပြီး စောစောကလယ်သမား ပြိတ္တာကြီးအနီး ရောက်သွားကြတယ်၊ လူသာမန်လို့ထင်တာနဲ့ လမ်းမှန်ကိုမေးကြတယ်၊ ဒီအခါမှာ လယ်သမားပြိတ္တာကြီး ပြန်ပြောတာက အရှင်ဘုရားတို့လမ်းမှားတာက ရက်ပိုင်းပဲရှိပါသေးတယ်၊ တပည့်တော် အရိယာကိုစော်ကားမိလို့ လမ်းမှားနေတာက ဘုရားနှစ်ဆူ ပွင့်တဲ့ကာလထိကြာလှပါပြီတဲ့။

**သန်း** ဝစီဘေဒထိတိုင်းရှုဆိုတဲ့စကားလို တော်တော်ကြောက်စရာကောင်းပါလားဆရာတော်။

နုပ် လျှပ်စစ်တို့ မီးတို့ဟာ အသုံးပြုတတ်ရင် အများကြီးကောင်းကျိုးပြုသလို အသုံးမပြုတတ်ရင်လည်း အများကြီးဆိုးကျိုးကိုဖြစ်စေတယ်၊ ထိုနည်းတူဘုရားအစရှိတဲ့ အရိယာသူတော်ကောင်းကြီးတွေကို လျှုဒါန်းကြည်ညို ပူဇော်ရင်အင်မတန်ကောင်းကျိုးပေးသလို စော်ကားမော်ကားပြုရင်လည်း အင်မတန်အပြစ်ကြီးပြီး ဆိုးကျိုးပေးတတ်တယ်။

တိရစ္ဆာန်ဖြစ်ပေမယ့် ပလလဲဆင်မင်းနဲ့ မျောက်တစ်ကောင်တို့ဟာ ဂေါတမမြတ်စွာဘုရားကို ဝေယျာဝစ္စပြုပြီးအသီးအနှံတွေ လှူဒါန်းပူဇော်ခဲ့ကြလို့ သေတဲ့အခါနတ်ရွာသုဂတိ ရောက်ရတယ်။ ဒေဝဒတ်နဲ့ သုပ္ပဗုဒ္ဓတို့ဟာ လူသားတွေဖြစ်သော်လည်း ဘုရားရှင်ကို ပူဇော်

http://www.dhammadownload.com



ရမှန်းမသိပဲ စော်ကား မော်ကားပြုခဲ့တဲ့အတွက် အဝီစိငရဲကို ကျခဲ့ရတယ်။

နောက်ထပ် သုပ္ပဗုဒ္ဓတယောက်ရှိသေးတယ်။ ဒေဝဒတ်ဖခင် သုပ္ပဗုဒ္ဓကတော့ မြတ်စွာဘုရားကို မြို့ထဲဆွမ်းခံကြွမရအောင် လမ်းတွေပိတ်ပြီး တားဆီးခဲ့လို့ အရိယူပဝါဒကံထိုက်ပြီး အဝီစိငရဲကျခဲ့ရတာ၊ အခု သုပ္ပဗုဒ္ဓတစ်ယောက်ကတော့ ပစ္စေကဗုဒ္ဓါတစ်ပါးကိုစော်ကားခဲ့မိတာပဲ၊ ဘဝတစ်ခုတုန်းက သူဟာ အင်မတန်ချောမောလှပတဲ့သူဌေးသားတစ်ယောက်ဖြစ်ခဲ့တယ်။

သူဟာအလှဆုံးပြင်ဆင်ဝတ်စားပြီး မြင်းရထားတစ်စီးနဲ့ မြို့ထဲကိုအလှပြထွက်လေ့ရှိတယ်။ သူထွက်လာတဲ့အခါတိုင်း မြို့တွင်းရှိသမျှလူတွေဟာ သူ့ရဲ့လှပတင့်တယ်ခြင်းကိုတမက်တမော ငေးမောကြည့်ရှုလေ့ရှိကြတယ်၊ တစ်နေ့သောနံနက်ခင်းအချိန်သူမြင်းရထားနဲ့ ထွက်လာတဲ့အခါမှာတော့ မြို့သူမြို့သားတွေဟာ သူ့ကိုတစ်ယောက်မှမကြည့်ကြတော့ပဲ၊ ပစ္စေကဗုဒ္ဓါတစ်ပါးကို ဝိုင်းဝန်းဖူးမြော်ပြီး လှူဒါန်းပူဇော်နေကြတယ်။

သူ့ကို မြို့သူမြို့သားတွေ ဝိုင်းမကြည့်တာတစ်ခုအတွက်နဲ့ပဲ သူဌေးသားဟာ ပစ္စေကဗုဒ္ဓါအပေါ်မှာ ရန်ညိုးဖွဲ့တယ်၊ ဆဲရေး ရေရွတ်ချင်တဲ့ သူ့ပါးစပ်ဟာပွစိပွစိဖြစ်လာတယ်။ သူဟာ ပစ္စေကဗုဒ္ဓါကိုလှမ်းကြည့်ပြီး ပြစ်တင်ကဲ့ရဲ့စရာရှာလိုက်တယ်။ ဒေါသဦးစီးနေပြီဆိုမှတော့ ဘယ်မှာကောင်းကွက်ကိုမြင်တော့မှာလဲ၊ မကောင်းကွက်

http://www.dhammadownload.com



ကိုသာ မြင်တော့တာပေါ့။

ဒေါသဟာ မိမိရဲ့ကိုယ်နဲ့စိတ်ကိုပူလောင် ပျက်စီးစေသလို သူတစ်ပါးရဲ့ကိုယ်နဲ့စိတ်ကိုလည်း ပူလောင်ပျက်စီးစေပါတယ်။

အခုဘဝမှာ ပျက်စီးဆုံးရှုံးစေသလို နောက်ဘဝမှာလည်း ပျက်စီးဆုံးရှုံးစေပါတယ်။ မိမိရရှိမယ့်ကောင်းကျိုးတွေပျက်စီးသွားသလို သူတစ်ပါးရရှိမယ့်ကောင်းကျိုးတွေကိုလည်း ပျက်စီးသွားစေပါတယ်။

သန်း ဒီဒေါသက တော်တော်ဆိုးတာပဲ၊ သူပေါ်မလာအောင် ဘယ်လိုလုပ်ရမလဲ ဘုရား။

နုပ် ဂူတစ်ဂူမှာခြင်္သေ့နှစ်ကောင်မအောင်းသလို၊ လူတစ်ယောက်သန္တာန်မှာလည်းဒေါသနဲ့ မေတ္တာဟာ တစ်ပြိုင်နက်မဖြစ်နိုင်ကြဘူး၊ ဒေါသအဖြစ်များနေသူရဲ့သန္တာန်မှာ မေတ္တာစိတ်မဖြစ်နိုင်သလို မေတ္တာစိတ်ပွားများနေသူရဲ့ သန္တာန်မှာလည်း ဒေါသစိတ်ဖြစ်လာဖို့ မလွယ်ပါဘူး။ ဒါကြောင့် မေတ္တာကိုသာအချိန်ယူပြီးပွားများနေပါ။ ဒေါသဟာကြာရင် အရှုံးပေးသွားလိမ့်မယ်။

အခုကြည့်ပါ။ သူဌေးသားဟာ ဒေါသနဲ့ ကြည့်လိုက်တဲ့အတွက် ပစ္စေကဗုဒ္ဓါဝတ်ရုံထားတဲ့ ပံ့သကူသင်္ကန်းကြီးကို အပြစ်ပြောစရာ အဖြစ်မြင်လိုက်ပါပြီး။ ပံ့သကူသင်္ကန်းဆိုတာ လမ်းကြို၊ လမ်းကြား၊ သင်္ချိုင်းကြားက ထဘီပုဆိုးစ ရသမျှကောက်ထားပြီး သင်္ကန်းတစ်စုံစာရတဲ့အခါ ကိုယ်တိုင်ချုပ်၊ ကိုယ်တိုင် ဆိုးပြီး

http://www.dhammadownload.com



ဝတ်ရုံထားတဲ့ ချုပ်ရာဖာရာ အများဆုံးသက်န်းပါပဲ။

တကယ့် သူတော်ကောင်းတွေဟာ အရှက်လုံရုံ ဝတ်ရရင် အဝတ်အစားဟာလုံလောက်ပြီ၊ ဝတ်မသေရုံ စားရရင် အစားအစာဟာလုံလောက်ပြီ။ မိုးလုံရုံနေရရင် နေစရာဟာ လုံလောက်ပြီ၊ နွားကျင်ငယ်ရည်ရရင် ဆေးပစ္စည်းဟာ လုံလောက်ပြီလို့ သတ်မှတ်ထားကြ ပါတယ်။

မကောင်းကွက်ကိုသာ ရှာကြံကြည့်တတ်တဲ့ သူဌေးသားအတွက်ကတော့ ဒီသူတော်ကောင်းဆန်တဲ့ အချက်တွေကိုပဲ အပြစ်လို့မြင်စရာဖြစ်နေပြန်တာပေါ့၊ ဒါကြောင့်လည်း ဒီလူတွေနှယ် ကိုယ်မကောင်းတဲ့ သူတောင်းစားလိုအဝတ်စုတ်ကြီး ခြုံထားတဲ့သူကိုများ အထူးအဆန်းလုပ်ပြီးဝိုင်းကြည့်နေကြတယ်လို့ ပြောမိသွား တာပေါ့။ အဲဒီ အရိယူပဝါဒကံကြီးကြောင့် အဝီစိငရဲမှာ နှစ်ပေါင်းများစွာခံရပြီး ငရဲကလွတ်လို့လူဖြစ်လာတဲ့အခါ တိုင်း ကိုယ်မကောင်းတဲ့ သူတောင်းစားဘဝချည်း ဖြစ်ရ ပါတယ်။

သန်း ပြစ်တင်ကဲ့ရဲ့တာနဲ့ ဆုံးမသွန်သင်တာဟာ တူသလား ဘုရား။

နုပ် မတူပါဘူး၊ ပြစ်တင်ကဲ့ရဲ့တာက သူတစ်ပါး အရှက်ရ ပြီးစိတ်ဆင်းရဲစေလိုတဲ့ဒေါသကြောင့်ဖြစ်ပေါ်လာတာ၊ ဆုံးမသွန်သင်တာက လောကပြစ်၊ သံသရာပြစ်ကလွတ် စေလိုတဲ့ မေတ္တာ၊ စေတနာကြောင့် ဖြစ်ပေါ်လာတာ

http://www.dhammadownload.com



နဲ့ပြမှပိုရှင်းမယ်။ သီဟိုဠ်ကျွန်းမှာ မြို့ထဲဆွမ်းခံရင်း ရဟန်းကြီးတစ်ပါးနဲ့ ရဟန်းငယ်တစ်ပါးလမ်းမှာ ဆုံကြတယ်။

ဒီအချိန်မှာ အသက်ကြီးကြီးရဟန်းကြီးက ရလာတဲ့ဆန်ပြုတ်ကိုလမ်းဘေးက သစ်တုံးပေါ်မှာတင်ထိုင်ပြီး ဘုဉ်းပေးလိုက်တယ်၊ ဒါကိုမြင်သွားတဲ့ ရဟန်းငယ်ကရဟန်းကြီးကို ဝိနည်းနားမလည်တဲ့တောထွက်ကြီးတစ်ပါးလို့ထင်သွားဟန်တူတယ်။ ဒါ့ကြောင့်ရဟန်းငယ်ကလှမ်းပြောလိုက်တယ်။ ကိုယ်တော်ကြီး အရှက်မရှိဘာဖြစ်လို့ လမ်းပေါ်မှာဘုဉ်းပေးရတာလဲ၊ ဝိနည်းနားမလည်ဘူးလားတဲ့။

ဒီစကားဟာ ရဟန်းကြီးကို အရှက်ရပြီး စိတ်ဆင်းရဲစေလိုတဲ့ဒေါသနဲ့ ပြောလိုက်တာပါ၊ ဒါ့ကြောင့်အရိယူပဝါဒကံထိုက်ပါတယ်။ အကယ်၍မေတ္တာ ကရုဏာနဲ့ ဆုံးမသွန်သင်တာမျိုးဆိုရင် အရှင်ဘုရားလမ်းမှာဘုဉ်းပေးတာ လူမြင်လို့မသင့်တော်ပါ၊ ကျောင်းကျမှဘုဉ်းပေးရင် ပိုပြီးသင့်တော်ပါတယ်လို့ လျှောက်ရမှာပါ။

ရဟန်းငယ်ရဲ့ စကားဆုံးတာနဲ့ ရဟန်းကြီးက ပြန်မေးတယ်၊ ငါ့ရှင် ဝိပဿနာတရားပွားများ အားထုတ်ပါသလားတဲ့၊ ဟိုက အားထုတ်ပါတယ်လို့ဖြေတော့၊ ဘယ်အဆင့်ရောက်ပြီလဲတဲ့၊ သောတာပန်အဆင့် ရောက်နေပါပြီလို့ဆိုတော့၊ ဒါဆိုရင် ငါ့ရှင် ဆက်အားမထုတ်နဲ့တော့၊ ဆက်အားထုတ်လည်း အထက်မဂ် အထက်ဖိုလ်များကို

http://www.dhammadownload.com



မရနိုင်တော့ဘူး၊ ငါ့ရှင်ဟာ ရဟန္တာကို ပြစ်မှားစော်ကား မိပြီတဲ့။

ဒီစကားဟာ ကြွားဝါလိုတဲ့ စိတ်နဲ့ပြောတဲ့စကား မဟုတ်ဘူး၊ မတောင်းပန်ပဲနေရင် ရဟန်းလေးအထက်မဂ် အထက်ဖိုလ်တွေကို မရမှာစိုးလို့ပြောတဲ့ မေတ္တာစကားပါ၊ အဲဒီကျမှ ရဟန်းလေးမှာ ထိတ်လန့်တကြားဖြစ်သွားပြီး ရဟန္တာကြီးကို ကန်တော့တောင်းပန်ပါတယ်။ ဒီအရိယူပဝါဒကံဟာ ရှိခိုးကန်တော့လိုက်ရင်ပျောက်သွားတာပါပဲ။

သန်း ကိုယ်ပြစ်မှားခဲ့တဲ့အရိယာက တောင်းပန်ကန်တော့ချင်တဲ့အချိန်မှာ ဆုံးသွားပြီဆိုရင် ဘယ်လိုလုပ်မလဲဘုရား။

နုပ် အဲဒါဆိုရင် အရိယာပုဂ္ဂိုလ်ရဲ့အုတ်ဂူမှာဖြစ်စေ၊ မြေပုံမှာဖြစ်စေ ကန်တော့တောင်းပန်ရင် ပြေပျောက်ပါတယ်။

သန်း အုတ်ဂူတို့မြေပုံတို့ကို ရှာမတွေ့တော့ဘူး ဆိုရင်ကော ဘုရား။

နုပ် အဲဒါဆိုရင်တော့ ရဟန်းတော်တစ်ပါးပါးရှေ့မှာ ပြစ်မှားမိပုံကိုဝန်ခံပြောကြားပြီး စိတ်မှန်းနဲ့ရှေ့က ရဟန်းကို ကန်တော့လိုက်ရင်လည်းပြေပျောက်တာပါပဲ။

သန်း တပည့်တော်တို့လည်း ဒီအကြောင်းတွေအခုလိုမသိခင်က ပြောမှားဆိုမှားရှိခဲ့ပါတယ်ဘုရား၊ ဒါ့ကြောင့် အခု ဆရာတော်ရှေ့မှာပဲပြစ်မှားမိသမျှတွေကြေအောင် တောင်းပန်ကန်တော့ချင်ပါတယ်ဘုရား၊ ဒါ့ကြောင့် ဆရာတော်ပဲ ရှေ့ကတိုင်ပေးပါ။

နုပ် အေး ဒါဆိုရင်လည်းလိုက်ဆို

http://www.dhammadownload.com



အရှင်ဘုရား...တပည့်တော်သည် ဘဝအဆက်ဆက်မှစ၍ ယခုဘဝတိုင်အောင် မပြစ်မှားထိုက်သောအရိယာ အစရှိသောပုဂ္ဂိုလ်တို့အားပြစ်မှားမိသည်ရှိသော် ထိုအပြစ်တို့မှ ပြေပျောက်စေရန်အရှင်ဘုရားရှေ့မှောက်၌ တောင်းပန်ကန်တော့ပါတယ်ဘုရား။

အဲဒီလိုဆိုပြီး ဦးသုံးကြိမ်ချလိုက်ရင် ပြီးတာပါပဲ။

သန်း တပည့်တော်တော့ အခုလိုကန်တော့လိုက်မှပဲ စိတ်ထဲရှင်းသွားတယ်ဘုရား။

နုပ် ဒီလိုအပြစ်တွေပြေပျောက်အောင်ကန်တော့တာဟာ သူတော်ကောင်းတွေရဲ့ အလုပ်ပဲ။ မြိတ်မြို့နယ်၊ ကျောက်ဖြူတောင်ရွာမှာဖွင့်ထားတဲ့ တို့ရိပ်သာမှာလည်း တရားဝင်တဲ့ယောဂီတိုင်း တရားမထိုင်ခင်မှာ ပြစ်မှားမိသမျှအခုလို တောင်းပန်တဲ့ အစီအစဉ် အမြဲတမ်းထည့်ထားပါတယ်။

ကဲ နောက်အပါတ်မှ ရဟန္တာဖြစ်တော်မူကြတဲ့ ဘုန်းတော်ကြီးဦးသီလနဲ့ ဝေဘူဆရာတော် ဘုရားကြီးတို့ရဲ့ အရိယူပဝါဒကံကာကွယ်ရေး နည်းပေးလမ်းပြသြဝါဒတွေကို ဆက်ဆွေးနွေးကြရအောင်၊

## ကဲ့ရဲ့လွယ်သူများ သတိထား

သောတာပန်၊ သကဒါဂါမ်၊
အနာဂါမ်ပုဂ္ဂိုလ်တို့မှာ ဝိဉာဏ်ခြောက်ပါးတို့၌
အနိစ္စပရိညာ၊ အနတ္တပရိညာ၊ နှစ်ပါးသာ
အခွင့်တုံးသေးသည်၊ ဒုက္ခပရိညာ အခွင့်မတုံး။

http://www.dhammadownload.com



အဆုံးမတိုင်သေး စိတ်ဝိညာဏ်ကို သုခအနေနှင့် သာယာသော တဏှာတန်းလန်းနှင့် ပင်ရှိကြ သေးသည်။

ဘယဉာဏ်၊ အာဒီနဝဉာဏ်များမှာ အားထုတ်ခွင့် မတုံးသေး။ ဘယဉာဏ်၊ အာဒီနဝဉာဏ်တို့နှင့် ရှု၍နေဆဲအခါ၌ သာလျှင် ဝိညာဏ်၌ ဒုက္ခကြီးစွာထင်မြင်နိုင်သည်။ မရှုသောအခါ၌ သုခသညာ ကပ်မြဲကပ်ပြန်သည်။ လူ့ချမ်းသာ၊နတ်ချမ်းသာ၊ ဗြဟ္မာ ချမ်းသာထင်မြဲထင်ပြန်သည်။

အနာဂါမ်ပုဂ္ဂိုလ်ကား ဗြဟ္မာချမ်းသာအထင်သာရှိတော့ သည်။ လူ့ချမ်းသာ၊ နတ်ချမ်းသာ အထင်မရှိပြီ။ ဝိပဿနာတရား ကိုအားထုတ်သော ပုထုဇဉ်တို့မှာဆိုဘွယ်မရှိပြီ။ ထိုပုဂ္ဂိုလ်မှာ လည်း ဝိပဿနာထင်မြင်နိုင်သည်ဆိုငြားသော်လည်း အနိစ္စပရိညာ နှင့် အနတ္တပရိညာ ဤနှစ်ပါးသာ စွဲမြဲစွာထင်နိုင်သည်။

ဒုက္ခပရိညာသည်မူကား အားထုတ်၍ရှုဆဲအခါ၌သာ ကောင်းစွာထင်နိုင်၏။ မရှုပြန်လျှင် သုခသညာ ကပ်မြဲကပ်ပြန်သည်။ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာထင်မြဲထင်ပြန်သည်။

ဒုက္ခပရိညာဖြစ်သော ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်တို့ကို လွန်စွာအားထုတ်၍ ရှုနေစဉ်တွင် အဆင့်ဆင့် ဉာဏ်ပွင့်လင်း၍ သွားသဖြင့် အတ္တဒိဋ္ဌိပြုတ်လောက်အောင် လင်း၍ သွားသောအချက်တွင် သောတာပတ္တိမဂ်သို့ဆိုက်လေ၍ ဗိုလ် ပစ္စဝေက္ခဏာပေါ်အောင် ဉာဏ်အချက်သွားလေ၏။

ပစ္စဝေက္ခဏာမှထ၍ ပကတိနေပြန်လျှင်သုခ သညာကပ်မြဲ ကပ်ပြန်၏။ လူဖြစ်ခဲ့လျှင် ဥစ္စာစီးပွားသားမယားအာရုံနှင့် မွေ့လျော်

http://www.dhammadownload.com



မြဲမြဲ့လျော့၍ နေနိုင်ပြန်၏။ အချို့သောသူတို့ကား ထိုသို့မသိရှာကြသည့်အတွက်ကြောင့် ဝိပဿနာထင်မြင်သူမှန်လျှင် လူထဲရှင်ထဲမှာရွှင်ကြည်စွာ မနေနိုင်ရာပြီ။

ဥစ္စာစီးပွားသားမယားအလယ်မှာ မနေရာပြီ၊ ရွှင်သောမျက်နှာ၊ ရွှင်သောစကား၊ ကြွရွသော ကိုယ်အမူအယာ မရှိရာပြီဟု ထင်ကြကုန်၏။ အဆိပ်ပင်ကြီးနှစ်ခုသည်ရှိရာ၏။ တစ်ပင်မှာ ရေသောက်မြစ် အကုန်ပြတ်ပြီးတည်း၊ တစ်ပင်မှာ ပကတိအနေအတိုင်းပင်။

ရှေ့အပင်မှာ ရေသောက်မြစ်ပြတ်ပြီးပင်ဖြစ်သော်လည်း၊ မြေထဲမှာ မြစ်သေးမြစ်မွှားကျန်ရှိသေးသည်ကတစ်ကြောင်း၊ မြေပေါ်ရှိ တစ်ပင်လုံးမှာရှိနေသော အစေးတို့ခြောက်ခမ်း၍ မကုန်ခမ်းသေးသည်ကတစ်ကြောင်း။

ထိုအကြောင်းတို့ကြောင့် ပကတိအပင်နှင့်နေပုံမထူးကြသေး၊ စိုစိုပြည်ပြည် ရွှင်ရွှင်လန်းလန်း အတိုင်းပင်ရှိနေသေးသည်။ အစေးအားကြီးလှသောအပင်မျိုးဖြစ်၍ တဖြေးဖြေးသာစိုပြည်ရွှင်လန်းမှုရုပ်သိမ်း၍သွားသည်။

ပကတိအပင်မှာမူကား အစဉ်အဆက်ပွားစီး၍ ထိုအရပ်တွင်အဆိပ်ပင်တောကြီးဖြစ်အောင် သွားလမ်းသာရှိနေ၏။ မျက်မြင်မှာ ရွှင်ပုံခြင်းတူကြသော်လည်း၊ ဝိပဿနာထင်မြင်သော ပုထုဇဉ်ပုဂ္ဂိုလ်၊ သောတာပန်ပုဂ္ဂိုလ်တို့၏ ရွှင်မှုနှစ်ပါးအထူးသည် မသိတတ်လျှင်အပြစ်ကြီးစွာ ဖြစ်တတ်သောအချက်ဖြစ်၍ ဥပမာနှင့်တကွပြဆိုလိုက်သည်။

(လယ်တီဆရာတော်)

http://www.dhammadownload.com



## ငှက်ပျောတုံးဖောင်ပေါ်မှ မာန်ထောင်သူများ

သူဌေးသူကြွယ်ဖြစ်ကြရန် မဟာသမုဒ္ဒရာကိုကူး၍ ဥစ္စာစီးပွားပြုလုပ်မည့်ရှိကြရာ ငှက်ပျောတုံးတွေကို ဖောင်လုပ်ရသော် သင့်လျော်မည်လော၊ ငှက်ပျောတုံးတွေကိုဆက်၍ ရွက်တိုင်စသည်လုပ်ရသော် သင့်လျော်မည်လော။

လောက၌ ငှက်ပျောတုံးဖောင်လုပ်မှုဟူသည်ကား ငှက်ပျောတုံးကိုဖောင်၏ အတ္တလုပ်မှုပင်တည်း။ ငှက်ပျောတုံးကိုဖောင်၏ အတ္တပြုလုပ်၍ ထိုငှက်ပျောတုံးဖြင့် မဟာသမုဒ္ဒရာသို့ ကူးခဲ့သော် ထိုဖောင်ရှင်သည်ဒုက္ခကြီးစွာရောက်၍ ခဏခြင်းနစ်မြုပ်ကြကုန်လတ္တံ့။

အဘယ့်ကြောင့်ဆိုသော် လှိုင်းလေတစ်ချက်မျှ အလှုပ်အလက်မခံ ပျက်စီးလွယ်လှသော အနိစ္စဝတ္ထုမျိုးကိုဖောင်၏ အတ္တပြုမိသောကြောင့်တည်း။

### ဥပမာ–ဥပမေယျ

၁။ အနမတဂ္ဂသံသရာကြီးသည် မဟာသမုဒ္ဒရာနှင့်တူ၏။

၂။ ကိလေသာတို့သည်လည်းကောင်း၊ ဇရာမရဏတို့သည်လည်းကောင်း၊ မဟာသမုဒ္ဒရာပြင်၌ အမြဲဖြစ်နေသော လေကြမ်းလှိုင်းကြမ်းတို့နှင့်တူကုန်၏။

၃။ သတ္တဝါတို့သည် ဖောင်ရှင်တို့နှင့်တူကုန်ကြ၏။

၄။ အတ္တဘောတို့သည် ဖောင်နှင့်တူကုန်၏။

၅။ စက္ခုသောတအစရှိသော ရုပ်ခန္ဓာနာမ်ခန္ဓာတို့သည် ငှက်

http://www.dhammadownload.com



ပျောတုံးတို့နှင့်တူကုန်၏။

၆။ ထိုဖောင်ရှင်တို့သည် ခဏခြင်းနစ်မြုပ်ကြကုန်သကဲ့သို့ အနမတဂ္ဂသံသရာ၌ လူနတ်ဗြဟ္မာသတ္တဝါတို့သည် အပါယ်လေးပါးသို့အဖန်တလဲလဲ ကျ၍ နေကြရကုန်၏။

အဘယ့်ကြောင့်ဆိုသော် အခိုင်အမြဲမဟုတ်သော စက္ခုသောတ အစရှိသော ရုပ်ခန္ဓာနာမ်ခန္ဓာတို့ကို အတ္တပြုမှား၍နေကြသောကြောင့်တည်း။

( လယ်တီဆရာတော်၏ ဘာဝနာဒီပနီမှ )

သန်း အရိယူပဝါဒကံ ကာကွယ်ရေးနဲ့ပတ်သက်ပြီး ဘုန်းတော်ကြီးဦးသီလပေးတဲ့ ဩဝါဒကို တပည့်တော်ဖတ်ဘူးတယ်ဘုရား။

နုပ် ဖတ်ဖူးရင် မင်းပဲပြန်ပြောစမ်းပါ။

သန်း တစ်ခါတော့ ဘုန်းကြီးတွေကိုအပြစ်ပြောတတ်တဲ့ ဒကာတစ်ယောက်ကို ဘုန်းတော်ကြီး ဦးသီလကခေါ်ပြီး မေးသတဲ့ဘုရား။ ဟဲ့ ဒကာ၊ ဘုရင့်သားတော်တစ်ပါးကို အနေအထိုင်မကြိုက်ဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ လူတစ်ယောက်က လက်နဲ့သွားပုတ်ခတ်ရင် ဘာဖြစ်မလဲလို့မေးတော့ ဒကာကလက်ဖြတ်ခံရမယ်ဘုရားတဲ့ ခြေနဲ့ကန်ရင်ရောလို့ ဆက်မေးတော့ ခြေဖြတ်ခံရမယ်ဘုရားတဲ့။

ပါးစပ်နဲ့မကောင်းပြောရင်ကောဆိုတော့ ဓားနဲ့အဟာတ်ခံရမယ်ဘုရားတဲ့၊ ဒီတော့ ဆရာတော်ကြီးက အေး အဲ့ဒါ လောကီဘုရင်ရဲ့သားတော်ပဲ ရှိသေးတာ၊

http://www.dhammadownload.com



လောကုတ္တရာ ဘုရားသားတော်ဆိုရင် ဘယ်လောက် ထိခံရမယ်ဆိုတာ ကိုယ့်ဖာသာစဉ်းစားကြည့်ပေါ့တဲ့၊ ဒကာ လည်း ကြောက်လန့်သွားပြီး အဲဒီနေ့ကစ ဘုန်းကြီးတွေရဲ့ မကောင်းကြောင်းကို မပြောတော့ဘူးတဲ့။

အရိယူပဝါဒကံ ကာကွယ်ရေးဆိုတာ ဒီ အကြောင်းအရာပဲ မဟုတ်လားဘုရား။

နုပ် အေးဟုတ်ပါတယ်၊ ဒါနဲ့ ဝေဘူဆရာတော်ကြီးရဲ့ ဩဝါဒ ကိုရော ဖတ်ဘူးသလား။

သန်း ဒါတော့ မဖတ်ဘူးဘူးဘုရား။

နုပ် ဒီလိုကွ တစ်ခါတော့ ဝေဘူဆရာတော်ကြီးက ခေတ္တဝတ် တဲ့ ဒုလ္လဘရဟန်းတွေကို ဩဝါဒပေးသတဲ့။

အရှင်ဘုရားတို့ရဟန်းဖြစ်သွားရင် ရဟန်းသိက္ခာနဲ့ ညီအောင်နေကြပါ၊ စွမ်းရည်သတ္တိနည်းပါးမှုကြောင့် မိမိအတွက် သာသနာ့ဂုဏ်မတက်ရင်နေပါစေ၊ အနေ အထိုင်မတတ်မှုကြောင့် မိမိအတွက် သာသနာ့ဂုဏ် တော့မပျက်ပါစေနဲ့။

အကြောင်းကိစ္စရှိလို့ ရပ်ရွာထဲကြွတဲ့အခါ ဣန္ဒြိယ သံဝရသီလကို ထိန်းသိမ်းပြီးကြွကြပါ။ မိမိကို အကြောင်း ပြုပြီး ဒကာ၊ ဒကာမတွေ အရိုးမရှိတဲ့ လျှာကအာခေါင် မစူးပါစေနဲ့တဲ့။

သန်း အရိုးမရှိတဲ့လျှာက အာခေါင်မစူးပါစေနဲ့ဆိုတာ ဘာကို ဆိုလိုတာလဲဘုရား။

နုပ် ဒါက တင်စားပြီးပြောလိုက်တာပါ။ အနေအထိုင်မတတ်

http://www.dhammadownload.com



တဲ့ ရဟန်းတစ်ပါးပါးကို တွေ့လိုက်မိတာနဲ့ ကျန်တဲ့ရဟန်း ကောင်းတွေ၊ အရိယာတွေကိုပါ ဝါးလုံးသိမ်းရမ်းပြီး စော်ကား မော်ကားပြောလိုက်မိရင် အရိယူပဝါဒကံထိုက် တာပေါ့။ ဒီလိုအရိယူပဝါဒကံထိုက်တာကိုပဲ အရိုးမရှိတဲ့ လျှာက အာခေါင်ကိုစူးတယ်လို့ပြောတာပါ။

ဒါကြောင့် ရဟန်းတွေကလည်း ဒကာ၊ ဒကာမ တွေကို အရိယူပဝါဒကံမထိုက်အောင် အနေအထိုင် တတ်ပါစေလို့ ဆုံးမတာပါပဲ။

သန်း ကောင်းလိုက်တာဘုရား။ ဆရာရော၊ ဒကာရော နှစ်ဖက် လုံး ပါအောင်ဆုံးမလိုက်တဲ့ စကားလေးပဲဘုရား။ သိပ်ထိ မိတာပဲ။ ဆရာတော်ကြီးမို့ ဒီစကားလုံးမျိုးလေးရှာ တွေ့တတ်တယ်ဘုရား။

နုပ် တရားတော်ရဲ့ တန်ခိုးတွေပေါ့။ တရားရှာတဲ့သူတွေ အတွက် ထိထိမိမိဆုံးမထားတဲ့ စကားတစ်ခွန်းရှိသေးတယ်။

သန်း အမိန့်ရှိပါဘုရား။

နုပ် တရားရှာတဲ့သူတွေဟာ ကိုယ်နေရာမကျသေးတာကို နေ ရာ မကျမှန်းသိရင် နေရာကျပြီ ကိုယ်နေရာမကျသေး တာကို နေရာကျတယ်လို့ ထင်နေရင် ဘယ်တော့မှနေရာ မကျတော့ဘူးတဲ့၊ နေရာမကျသေးဘူးဆိုတာ တရားမရ သေးတာကို ပြောတာပါပဲ။

သန်း ဒီဩဝါဒလေးလည်း ကောင်းတာပဲဘုရား။

နုပ် ဆရာတော်ကြီးစကားတွေကတော့ အကောင်းတွေချည်း ပဲ၊ ကျယ်ကျယ်ပြန့်ပြန့်ဖတ်ချင်ရင်တော့ ဦးဒွေးလှိုင်စိစဉ်တဲ့

http://www.dhammadownload.com



သန္နိဋ္ဌိက တရားတော်များ အကာလိကတရားတော်များ တို့ဆိုတဲ့ စာအုပ်တွေဝယ်ဖတ်ပေါ့။

သန်း ဖတ်ပါဦးမယ်ဘုရား။ ဒါနဲ့အရေးကြီးဆုံးလို့ပြောထားတဲ့ ကိလေသန္တရာယ်အကြောင်းကိုလည်း အကျယ်ပြောပါဦး။

နုပ် ကိလေသန္တရာယ်ဆိုတာ ကိလေသာဆယ်ပါးကို ပြောတာပါပဲ၊ ဒါပေမယ့် မင်္ဂဖိုလ်မရအောင် အဓိကတားတာကတော့ ဒိဋ္ဌိကိလေသာပေါ့၊ ဒါကြောင့်ဒီနေရာမှာ ဒိဋ္ဌိကိလေသာကိုသာ ယူရမယ်။

သန်း လူအများစုကတော့ ယောကျ်ားကမိန်းမကို တပ်မက်တာ ကိလေသာ၊ မိန်းမက ယောကျ်ားကိုတပ်မက်တာ ကိလေသာ ဒီလိုပဲထင်နေကြတယ်ဘုရား။

နုပ် အေး ... အဲဒီအထင်ဟာ ဆယ်ပုံပုံတစ်ပုံပဲမှန်တယ်။ တကယ်တော့ ကိလေသာဆိုတာ တရားဆိုးဆယ်မျိုးကို ကိုယ်စားပြုထားတဲ့အမည်ပဲ။ ကိလေသာဆိုတာ ကိလေသဆိုတဲ့ ပါဠိစကားကို မြန်မာစကား ပြုထားတာပဲ။ ပြည့်စုံအောင်ဖော်ရင် စိတ်၏ပူလောင်ကြောင်းတရား၊ စိတ်၏ ညစ်နွမ်းကြောင်းတရားလို့ အဓိပ္ပါယ်ရတယ်။

ကိလေသာဆယ်ပါးက –

## စိတ်၏ပူလောင်ကြောင်းတရားများ

လောဘ – လိုချင်တပ်မက်ခြင်းသဘောတရား။

ဒေါသ – စိတ်ဆိုးခြင်းပျက်စီးခြင်းသဘောတရား။

http://www.dhammadownload.com



မောဟ – တွေဝေခြင်းအမှန်ကို မသိခြင်းသဘော တရား။
မာန – ထောင်လွှားခြင်းသဘောတရား။
ဒိဋ္ဌိ – ငါရှိ၊ သူရှိ၊ ပုဂ္ဂိုလ်သတ္တဝါရှိဟု အယူ မှားခြင်း
ဝိစိကိစ္ဆာ – ငါသည် အရင်တုန်းကရှိခဲ့သလား။ အခု လည်းရှိဆဲလား စသည်ဖြင့် ယုံမှား သံသယ ဖြစ်ခြင်း။
ထိန – စိတ်၏ လေးလံထိုင်းမှိုင်းခြင်း၊ တရား ထိုင်ရာ၊ တရားနာရာတို့၌ ငိုက်မြည်းခြင်း။
ဥဒ္ဓစ္စ – စိတ်ပျံ့လွင့်ခြင်း။
အဟိရိက– အကုသိုလ်မှ မရှက်ခြင်း။
အနောတ္တပ္ပ– အကုသိုလ်မှ မကြောက်ခြင်းတို့ပဲ။

ဒီကိလေသာဆယ်မျိုးလုံးဟာ သူ့ကိုလက်ခံသူ သတ္တဝါမှန်သမျှကို ပူလောင်စေတယ်။ ဘယ်လောက်ထိ ပူလောင် စေသလဲဆိုရင် သေတဲ့အထိပူလောင်စေတယ်။

**သန်း** ဒီလောက်တောင်ပဲလားဆရာတော်။

**နုပ်** အေး မင်းတို့လိုအန္ဓပုထုဇဉ်တွေအတွက်ကတော့ လောဘ ကြောင့်ပူလောင်ရတာကိုပဲ အရသာလို့ထင်နေကြတယ်။ ငရုပ်သီးတောင့်ထဲ နေနေကြပိုးဟာ ပူလို့ပူမှန်းမသိသလိုပေါ့။

ဒါကြောင့် မိမိရထားတဲ့ ခန္ဓာအတွက်လောဘနဲ့ ပူလောင်ရတာ အားမရတော့ လင်တွေ၊ မယားတွေယူပြီး ထပ်ဆင့်ပူလောင်ပြန်တယ်။ ဒါနဲ့ အားမရပြန်တော့

http://www.dhammadownload.com



မြေးတွေ၊ မြစ်တွေပါယူပြီး ပူလောင်ပြန်တယ်မဟုတ်လား။ မြက်ခြောက်ကိုမီးရှို့ပြီး တွဲလဲဆွဲကိုင်ထားတဲ့အခါ အနား ရောက်လာလေ လက်ကိုပူလောင်လာလေပေါ့။

လက်ကိုလောင်တော့သာပူတယ်။ ပူတယ်ဆိုပြီး အော်နေတယ်။ မြက်ခြောက်ကိုတော့ လွှတ်မချဘူး။ ဒီဥပမာအတိုင်းပါပဲ အန္ဓပုထုဇဉ်တွေဟာ မီးနဲ့တူတဲ့ ဇနီး ခင်ပွန်း သားသမီးမြေးမြစ်တွေကိုလည်း လက်ကမလွှတ် နိုင်ဘူး၊ မိမိကိုလောင်ပြန်တော့လည်း ငြီးငြူနေပြန်တယ်။

ဒီနေရာမှာပေါ်လာတဲ့ အတွေးလေးတစ်ခု ဖြတ်ပြောဦးမယ်။ မီးလောင်နေတဲ့မြက်ခြောက်တွေကို လူနှစ်ယောက်ဟာ ကိုင်ထားကြတယ်။ တစ်ယောက်က လောင်နေတဲ့မီးတွေကို ရေနဲ့ငြိမ်းပစ်ပြီးဆက်ကိုင်ထားတယ်။ တစ်ယောက်က လောင်နေတဲ့အတိုင်းပဲကိုင်ထားတယ်။ ဒီတော့ကြာလာတဲ့အခါ သူ့လက်ကိုမီးက လောင်တော့ တာပေါ့၊ မီးကိုငြိမ်းသတ်ထားသူကိုတော့ မီးဟာ မလောင် နိုင်ဘူး။

ဒီ ဥပမာအတိုင်းပဲ လောဘဆိုတဲ့မီးကို တရား ဏသိနဲ့ ငြိမ်းသတ်ထားနိုင်သူဟာ တိုက်တာခြံမြေ တပည့် သာဝက အသိုင်းအဝိုင်းတွေနဲ့နေသော်လည်း သောကမ ဖြစ်ပါဘူး မပူလောင်ပါဘူး။ လောဘကို သတ်မထားသူ အတွက်ကတော့ အမြဲတမ်းသောကဖြစ်ပြီး ပူလောင်နေ ရမှာပါ၊ ဒီနေရာမှာ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား သိရမှာက ဗုဒ္ဓက တိုက်တာခြံမြေ ဇနီး ခင်ပွန်း၊ သားသမီး

http://www.dhammadownload.com



မြေးမြစ်တွေကို စွန့်လို့ပြောတာ မဟုတ်ဘူး၊ ဒီအာရုံတွေ အပေါ်မှာ စွဲလမ်းတပ်မက်တဲ့ လောဘကိုသာ စွန့်နိုင်းတာပါ။

စောစောက ဥပမာနဲ့ ဥပမေယျကို ပြန်ဟတ်ပြရရင် မြွက်ခြောက်တွေက တိုက်တာခြံမြေ၊ ဇနီး၊ ခင်ပွန်း စတာတွေနဲ့တူတယ်။ လောင်နေတဲ့ မီးက လောဘနဲ့တူတယ်၊ မီးငြိမ်းသတ်ပြီး မြွက်ခြောက်ကို ဆက်ကိုင်ထားတဲ့သူကို မီးဟာမလောင်နိုင်တော့သလို လောဘကို ငြိမ်းသတ်ထားသူကိုလည်း တိုက်တာခြံမြေ သားသမီး တပည့်သာဝက စတာတွေဟာ ဘာမှဒုက္ခမပေးနိုင်ပါဘူး။ ရဟန္တာဖြစ်တော်မူသွားကြတဲ့ ဝေဘူဆရာတော်ကြီးတို့ မိုးကုတ်ဆရာတော်ကြီးတို့ဟာ တိုက်တာခြံမြေ၊ တပည့်သာဝကတွေနဲ့ အတူနေကြတာပါပဲ။

ဒါပေမယ့် လောဘတဏှာကို မဂ်ဉာဏ်နဲ့ ပယ်သတ်ထားပြီးသားဆိုတော့ ဘာပူလောင်မှုမှမရှိပါဘူး။ လောင်နေတဲ့မီးကို ငြိမ်းသတ်ပြီးမှ မြွက်ခြောက်ကို ကိုင်တွယ်ထားသူလိုပေါ့။ ဆရာတော်ကြီးတို့လို လောဘကို အရဟတ္တမဂ်နဲ့ မပယ်သတ်နိုင်သေးတောင်မှ လောဘရဲ့ ဆိုးကျိုးတွေကို တကယ်သိထားမယ်ဆိုရင် မသိတဲ့သူနဲ့စာရင် ပူလောင်မှုတွေ လျော့သွားမှာအမှန်ပါ။

မီးကျီးခဲကို မဖြစ်မနေကိုင်ကြရတဲ့အခါမှာ ပူမှန်းသိတဲ့သူက ကြားခံပစ္စည်း တစ်ခုခုအသုံးပြုပြီး ကိုင်တဲ့အတွက် အပူသက်သာတာပေါ့။ ပူမှန်းမသိတဲ့သူကတော့

http://www.dhammadownload.com



တအားဆုပ်ကိုင်မိတဲ့အတွက် ပူလောင်တဲ့ဝေဒနာကို ပိုပြီး ခံရသလို လောဘရဲ့ဆိုးကျိုးတွေကို သိထားသူဟာ သိမထားသူထက် အပူသက်သာတာက တော့အမှန်ပါ။

## လောဘဆိုးကျိုးသုံးမျိုး

လောဘဟာ ဆိုးကျိုးသုံးမျိုးကို ပေးလေ့ရှိပါတယ်။ သက်ရှိကိုဖြစ်စေ၊ သက်မဲ့ကိုဖြစ်စေ၊ စွဲလမ်းတပ်မက်တဲ့ လောဘစိတ်နဲ့သေရင် ပြိတ္တာဘုံရောက်ပါတယ်။ လောဘဟာ တိရစ္ဆာန်သန္တာန်မှာဖြစ်ဖြစ်၊ လူ့သန္တာန်မှာဖြစ်ဖြစ်၊ နတ်သန္တာန်မှာဖြစ်ဖြစ် လိုချင်ခြင်းသဘောတရားကနေ ဘယ်သောအခါမှ ဖောက်ပြန်မသွားသလို လောဘကိုလက်ခံထားသူမှန်သမျှကိုလည်း ပြိတ္တာဘုံသို့ ဆွဲချခြင်းသဘောတရားကနေ ဘယ်သောအခါမှ ဖောက်ပြန်မသွားပါဘူး။ ဒီလောဘဓာတ်တွေ သိပ်အားကြီးလာမယ်ဆိုရင် ကမ္ဘာသူ ကမ္ဘာသားအားလုံး ဒုဗ္ဘိက္ခန္တရကပ်ခေါ်တဲ့ အငတ်ဘေးကြီး ဆိုက်ရောက်ပါတယ်။ ဒါကြောင့် ဒုဗ္ဘိက္ခန္တရကပ်ဆိုတာ လူသားတွေသန္တာန်မှာဖြစ်လာတဲ့ လောဘဓာတ်က ဖန်တီးပေးတာလို့ သိထားစမ်းပါ။

လောဘဓာတ်တွေဟာ အမြင့်ဆုံးအဆင့်ကိုရောက်သွားပြီဆိုရင်တော့ ကမ္ဘာလောကကြီးတစ်ခုလုံး မီးလောင်ပြီးတော့ ပျက်စီးသွားပါတယ်။ ဒါကြောင့် ကမ္ဘာပျက်တယ်ဆိုတာလဲ လူသားတွေသန္တာန်မှာဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟကြောင့်လို့ သိထားစမ်းပါ။ ဝိပဿနာနဲ့အတူ ဒါနပြုရင်းဖြင့်လည်း လောဘ

http://www.dhammadownload.com



ကိုတစ်ဖက်တစ်လမ်းကသတိပေးသင့်တယ်။ ဒါနပြုတယ်ဆိုတာ လောဘကုန်ဖို့ဆိုတဲ့ ဗုဒ္ဓရဲ့ရည်ရွယ်ချက်ကိုလည်း မေ့မထားသင့်ဘူး။

ဝိပဿနာရှုပွားတယ်ဆိုတာ ဒီကိလေသာတရားတွေ ကုန်အောင် လုပ်နေတာပါ၊ ရှုပွားနေတိုင်း ကုန်နေပါတယ်၊ ဘယ်နေ့ဘယ်ရက်က ဘယ်လောက်ကုန်သွားတယ်ဆိုတာကိုတော့ ပြောလို့မရဘူးပေါ့။ ရှုပွားတိုင်း ကိလေသာတွေကုန်ကုန်နေ တာကတော့ အမှန်ပါ။ ဒါကြောင့် ဝိပဿနာ တရားကို နေ့စဉ် ပွားနေရမယ်။ နေ့စဉ်ဆိုတာက တစ်နေ့ တစ်နာရီ၊ နာရီဝက် ဒီလိုရှုမှတ်ပွားများတာကို ပြောတာပါ။

နေစဉ်ဆိုတာက စီးပွားရေးရောင်းဝယ်ဖောက်ကားလုပ် နေရင်း၊ သွားနေရင်း၊ စားနေရင်း၊ မြင်ခိုက်၊ ကြားခိုက်၊ နံခိုက်၊ စားခိုက်၊ ထိခိုက်၊ တွေးကြံခိုက်မှာ ဝိပဿနာရှုပွားတာကို ပြောတာပါ။ ဒီလိုသာ သတိလေးထားပြီးရှုပွားနေမယ်ဆိုရင် အိမ်ထဲမှာအိမ်မှုကိစ္စတွေလုပ်ရင်း ကျောင်းထဲမှာ ကျောင်းမှုကိစ္စ တွေလုပ်ရင်း လေးမင်လေးဖိုလ်ရပြီး ရဟန္တာဖြစ်သွားနိုင်ပါတယ်။

သုဒ္ဓေါဒနမင်းကြီးဟာ တိုင်းပြည်အုပ်ချုပ်ရင်း ဘုရင် အဖြစ်နဲ့ ရာဇပလ္လင်ပေါ်မှာ ရဟန္တာဖြစ်သွားသူပါ။ ငါတို့က စားဝတ်နေရေးကိစ္စတွေများတယ်၊ ဝိပဿနာမလုပ်နိုင်ပါဘူးဆိုတဲ့ သူတွေကို သုဒ္ဓေါဒနမင်းကြီးက လုပ်ရင်ဖြစ်တဲ့အကြောင်း လက်တွေ့ပြသွားတာပါ။ အခုခေတ်လူတွေရဲ့ စီးပွားရေးအလုပ် ဟာ ရှင်ဘုရင်အလုပ်လောက်တော့ ဘယ်လိုမှ မရှုပ်နိုင်ပါဘူး။

မန္တလေးတိုင်း တံတားဦးမြို့က သရက်တောကျောင်းတိုက် ဆရာတော်ဟာ ကျောင်းမှုကိစ္စ ရပ်ရွာသာရေးနာရေးကိစ္စတွေ

http://www.dhammadownload.com



ဆောင်ရွက်ရင်း ဝိပဿနာရှုပွားနေခဲ့တာပါ။ စစ်ကိုင်းမြို့နယ် အစီခံရွာ၊ ရွှေဟင်္သာကျောင်း ဆရာတော်ကြီးဟာလည်း စာသင်သား သံဃာတွေစာပေပို့ချရင်း တိုက်တာသန့်ရှင်းတိုးတက်ရေးတွေ ဆောင်ရွက်ရင်း ဝိပဿနာရှုပွားခဲ့တာပါ။

ဘေးပုဂ္ဂိုလ်တွေက ဒီဆရာတော်ကြီးနှစ်ပါးလုံး ဝိပဿနာ ရှုပွားနေမှန်းတောင် သိကြတာမဟုတ်ပါဘူး။ ဝိပဿနာတရားဆိုတာ ကိုယ်ပွားနေတာကိုယ်သိရင်ကိစ္စပြီးတာပါပဲ၊ သူတစ်ပါးသိစရာ မလိုပါဘူး၊ ဒီဆရာတော်ကြီးနှစ်ပါးပျံလွန်တော်မူလို့ မီးသင်္ဂြိုဟ်တဲ့အခါ ဓာတ်တော်တွေကျမှ ရဟန္တာတွေဖြစ်မှန်း သိကြရတယ်။

"ဒီနေရာမှာ ရဟန္တာဖြစ်ရင် ဓာတ်တော်ကျရမယ်ဆိုတဲ့ တစ်ယူသန် အစွဲကြီးကိုလည်း စွန့်ပစ်လိုက်ပါ။ ရဟန္တာ ဖြစ်တိုင်းလည်း ဓာတ်တော်မကျပါဘူး၊ ရဟန္တာလည်းဖြစ်မှ ဓာတ်တော်တွေကျပါစေလို့ အဓိဋ္ဌာန်ပြုမှ ဓာတ်တော်ဆိုတာကျတာပါ။ ဓာတ်တော်မကျဘဲ ရိုးရိုးသာမန်ပရိနိဗ္ဗာန်စံသွားတဲ့ ရဟန္တာတွေ အများကြီးပါ။

မိမိက ရဟန္တာဆိုရင် ဓာတ်တော် ကျကိုကျရမယ်လို့ စွဲယူထားရင် ဓာတ်တော်မကျတဲ့ ရဟန္တာတစ်ပါးပါးရဲ့ ရုပ်ပနကို တွေ့ရတဲ့အခါ ပုထုဇဉ်ကြီးပဲ ဘာတရားမှလည်းမရှိဘူးလို့ စွပ်စွဲလိုက်မိရင် အရိယူပဝါဒကံကြီးထိုက်တတ်ပါတယ်။ ဗုဒ္ဓဘာသာဝင်တိုင်း ဒီအချက်ကိုအထူးသတိထားသင့်တယ်။

သန်း  တပည့်တော်တော့ အခုဆရာတော်ပြောမှပဲ သတိထားမိတာပဲဘုရား၊ ရဟန္တာဆိုရင် ဓာတ်တော်ကျရမယ်ဆိုတဲ့ အစွဲဟာဗုဒ္ဓဘာသာ တစ်ရာမှာ (၉၉) ယောက်

http://www.dhammadownload.com



လောက်ဖြစ် နေတယ်ဘုရား။ ဒါကြောင့် ရဟန္တာဖြစ်ပြီး ခတ်တော်မကျတဲ့ ထင်ရှားတဲ့သာဓကတစ်ခုလောက် သိထားချင်ပါ တယ်ဘုရား။

နုပ် အဲဒါဆိုရင် ဗုဒ္ဓလက်ထက်တော်က အင်မတန် ထင်ရှား ခဲ့တဲ့ အရှင်ဒဗ္ဗအကြောင်းကို ပြောပြမယ်၊ အပါဒါန် ပါဠိတော်မှာအကြောင်းအရာ အပြည့်အစုံပါပါတယ်။ ဒီမှာတော့ အကျဉ်းချုပ်လိုရင်းလေးပဲပြောမယ်။ လွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်းထက်က ပွင့်တော်မူခဲ့တဲ့ ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်အခါက ဟံသာဝတီမြို့မှာ အရှင်ဒဗ္ဗအလောင်းအမျိုးသားဟာ သူဌေးသားတစ် ယောက်ဖြစ်ခဲ့တယ်။

တစ်ခါတော့ ပဒုမုတ္တရဘုရားရှင်က ရဟန်း တစ်ပါးကို သံဃာတွေအတွက် ကျောင်းအိပ်ယာနေရာခင်း ကျင်းပေးတဲ့နေရာမှာအတော်ဆုံးဆိုတဲ့ တေဒဂ်ဘွဲ့ထူးကို ပေးပါတယ်။

သူဌေးသားဟာ အားကျသွားပြီး ဘုရားအမှူးရှိ တဲ့ သံဃာတော်တွေကို ဆွမ်းလုပ်ကျွေးပြီး ဒီဆုကိုတောင်း ပါတယ်။ ဂေါတမမြတ်စွာဘုရားလက်ထက်မှာ ဒီဆုကို ရရှိမယ့်အကြောင်း ဗျာဒိတ်ပေးခံရတယ်။

ပုထုဇဉ်ဆိုတာ ကောင်းကွက်မကောင်းကွက် နှစ် မျိုးလုံးရှိတတ်တာပါပဲ၊ အခုလုပ်ဆောင်ချက်က ဒဗ္ဗ မထေရ်အလောင်းရဲ့ကောင်းကွက်ပေါ့၊ တစ်ခါ ဒီဘဒ္ဒကမ္ဘာ ကနေ ပြန်ရေတွက်ရင်း (၉၁)ကမ္ဘာထက်မှာ ပွင့်တော်မူခဲ့

http://www.dhammadownload.com



တဲ့ ဝိပဿီမြတ်စွာ ဘုရားလက်ထက်အခါမှာတော့ သူဟာ ရဟန်းတစ်ပါးကို အခြေအမြစ်မရှိဘဲ မိန်းမနဲ့စွပ်စွဲ သမုတ်ခဲ့တယ်။ ဒါက သူ့ရဲ့မကောင်းကွက်ပေါ့။ ဒီလို အချက်လေးတွေကြည့်ပြီး မေတ္တာအစွမ်း အံ့မခန်းဆိုတဲ့ စာအုပ်ထဲမှာ ဒီအတွေးအခေါ်လေးတစ်ခု ထည့်ရေးခဲ့တယ်။

မကောင်းကွက်ကိုသာကြည့်မည်ဆိုလျှင်၊
ပေါင်းနိုင်စရာပုဂ္ဂိုလ်မရှိ၊
ကောင်းကွက်ကိုသာကြည့်မည်ဆိုလျှင်၊
မပေါင်းနိုင်စရာပုဂ္ဂိုလ်မရှိ၊

ဒီအတွေးအခေါ်လေးကို မင်းသဘောပေါက်ရဲ့လား။

သန်း သဘောပေါက်ပါတယ်ဘုရား။ ပုထုဇဉ်ဆိုရင်အကောင်းနဲ့ အဆိုးနှစ်မျိုးလုံးရှိမှာပဲဘုရား။ ဒီမှာမိမိက မကောင်းမြင်ဝါဒနဲ့ အဆိုးချည်းပဲ ကြည့်မယ်ဆိုရင် ပေါင်းချင်စရာ ပုဂ္ဂိုလ်တစ်ယောက်မှ မရှိတော့တဲ့အပြင် မိမိမှာလည်း အကုသိုလ်ချည်းပဲ ဖြစ်စရာရှိတော့တယ်ဘုရား။ ကောင်းတဲ့ အကွက်လေးသာ ရှာကြည့်မယ်ဆိုရင် ပေါင်းချင်စရာ ပုဂ္ဂိုလ်ချည်းပဲဖြစ်တဲ့အပြင် မိမိမှာလည်း ကုသိုလ်ချည်းပဲဖြစ်စရာရှိတာပေါ့ဘုရား။

နုပ် အေး မင်းတကယ်သဘောပေါက်ထားတာပဲ ချီးကျူးပါတယ်ကွာ၊ လက်တွေ့ကျင့်စဉ်လေးပါ ပါသွားအောင် လက်တွေ့သာဓကလေးနှစ်ခု ထည့်ပေးလိုက်ချင်တယ်ကွာ။

သန်း ထည့်ပေးပါဘုရား ပိုကောင်းသွားတာပေါ့။

http://www.dhammadownload.com



နုပ် ပထမဆုံး မကောင်းမြင်ဝါဒ (အယောနိသောမနသိကာရ) ရှိတဲ့ဆရာတော်တစ်ပါးအကြောင်းစပြောရအောင် တစ်နေ့ သူ့ကျောင်းပေါ်ကို တက်လာတဲ့ တပည့်တစ်ပါးရဲ့ ခြေသံ ဟာ အနည်းငယ်ထွက်သွားသတဲ့၊ ဒီတော့ မကောင်း ကွက်ကိုသာကြည့်လေ့ရှိတဲ့ဆရာတော်က ဘာပြောလဲ ဆိုတော့ ဒီလောက်ခြေသွားကြမ်းတာ သူတောင်းစား ဖြစ်ဦးမယ့်ကောင်တွေတဲ့။

သန်း ဒါကတော့ တပည့်ကိုက ခြေသွားကြမ်းတာကိုဘုရား ပြောမှာပေါ့။

နုပ် အေးပါ ဒါကတော့ထားလိုက်ပါ။ နောက်တစ်ကြိမ် ဒီ တပည့်လေးအကြောင်းကိစ္စရှိလို့ ကျောင်းပေါ်ကို တက်ရ တဲ့အခါ ခြေသံမကြားအောင် ခြေဖျားထောက်ပြီး ဖွဖွလေး သွားတယ်။ ခြေသံလည်းမထွက်တော့ပါဘူး။ ဒါလည်း မင်းဆရာတော်ကြီးကအပြစ်ပြောတာပဲ။

သန်း ခြေသံမှမထွက်တဲ့ဟာ တပည့်တော်တော့ အပြစ်ပြောစရာ မတွေ့ပါဘူး။ ဆရာတော်ကြီးကဘယ်လိုပြောသလဲဘုရား။

နုပ် သွားတာကိုက ရိုးရိုးတန်းတန်းသွားတာမဟုတ်ဘူး။ သူခိုး သွားသွားနေတယ်တဲ့။

သန်း ဟား ဟား ဟား ဆရာတော်ကြီးနှယ် ကြံဖန်ပြီးအပြစ် မြင်တတ်တယ်ဘုရား။

နုပ် အေး ဒီသာဓကကိုထောက်ပြီး မကောင်းမြင်ဝါဒ ရှိသူ အတွက် သူကိုယ်တိုင်မှာလည်း အမြဲတမ်းအကုသိုလ် ချည်းပဲဖြစ်နေရသလို သူနဲ့ပတ်သက်သူမှန်သမျှမှာလည်း

http://www.dhammadownload.com



စိတ်ဆင်းရဲမှုနဲ့ချည်း ကြုံနေကြရတာပေါ့။ မကောင်းမြင်ဝါဒ ရှိသူနဲ့ အကောင်းမြင်ဝါဒရှိသူတို့ဟာ ငယ်ရွယ်စဉ် ကိုယ့်အားကိုယ်ကိုးနေနိုင်စဉ်မှာတော့ သိပ်မသိသာပါဘူး။

အသက်ကြီးလာလို့ သူတစ်ပါးကိုအားကိုးပြီးနေကြရတဲ့အခါကျတော့ တော်တော်ကို သိသာသွားတယ်၊ မကောင်းမြင်ဝါဒရှိတဲ့ အဖိုးကြီးအဖွားကြီး ကိုဘယ်သူကမှ မပြုစုချင်ကြလို့ တစ်ယောက်တည်း အထီးကျန်နေရတတ်တယ်၊ အကောင်းမြင်ဝါဒရှိတဲ့ အဖိုးကြီး အဖွားကြီးတွေကိုတော့ ပြုစုယုယချင်သူတွေ အလွန်ပေါများတယ် ဒီအချိန်ကျမှ သိသာတယ်လို့ပြောရမှာပေါ့။

## မတ္တရာဆရာတော်

မင်းတုန်းမင်းလက်ထက်က အကောင်းမြင်ဝါဒရှိတဲ့ နေရာမှာ နှစ်ပါးမရှိတဲ့ မတ္တရာဆရာတော်ဆိုတာ ပေါ်ပေါက်ခဲ့ဘူးတယ်။ ဆရာတော်ကြီးဟာ တောရွာတစ်ရွာက သာမန်ကျောင်းထိုင်ဘုန်းကြီးတစ်ပါးပါပဲ၊ အကောင်းမြင်ဝါဒရှိသူအတွက် ခန္တီပါရမီကိုလည်း အလိုလိုဖြည့်ပြီးသားဖြစ်သွားတယ်။ အကောင်းမြင်ဝါဒကို အခြေခံပြီးပြည့်ဝလာတဲ့ ခန္တီပါရမီက တောရွာဘုန်းကြီးဘဝကနေ မင်းကိုးကွယ်ခံဘုန်းကြီး တစ်ပါးဘဝ ရောက်အောင် ပို့ပေးလိုက်တာပါ။

ဆရာတော်ရဲ့ သည်းခံမှုဂုဏ်သတင်းတွေဟာ နန်းတော်ရောက်အောင် ပြန့်နှံ့လာတဲ့အတွက် မင်းတုန်းမင်းကြီးဟာ လက်တွေ့သိရအောင် ကပ္ပိယကာရကတွေ လွှတ်ပြီးလက်တွေ့ လေ့

http://www.dhammadownload.com



လာပါတယ်။ ကပ္ပိယတွေက ပထမရက်မှာ ဆွမ်းတွေကို ပျော့စိပြီး ကော်လိုဖြစ်အောင်ချက်ပြီးကပ်ကြတယ်။ ဆရာတော်ကတော့ အပြစ်မပြောဘူး။ မြိန်ရေယှက်ရေဘုဉ်းပေးနေတာပဲ၊ ဆွမ်းစားပြီးတော့ ကပ္ပိယတွေက မနေနိုင်တော့ဘူး၊ ထုတ်မေးရတယ်။ အပြစ်များ ပြောမလားလို့ပေါ့လေ။ ဆရာတော် ဆွမ်းဘုဉ်းပေးရတာ .အဆင်ပြေရဲ့လားဘုရားတဲ့။

ဒီတော့ ဆရာတော်က သိပ်အဆင်ပြေတာပဲ အခုလိုဆွမ်းပျော့ပျော့လေးစားရတော့ အဝါးရသက်သာတယ်တဲ့၊ ကြည့်စမ်း အကောင်းမြင်ဝါဒရှိသူမှာ သူ့အတွက်လည်းကုသိုလ် တရားတွေဖြစ်ရသလို နီးစပ်ရာပုဂ္ဂိုလ်များမှာလည်း စိတ်ချမ်းသာကြရတာပေါ့။

နောက်နေ့ကျတော့ ကပ္ပိယတွေက ဆွမ်းတွေမာနေအောင်ချက်ပြီး ကပ်ပြန်တယ်၊ ဆရာတော်ကတော့ ဘာမှအပြစ်မပြောဘူး။ မြိန်ယှက်စွာနဲ့ ဘုန်းပေးနေတာပဲ။ ဆွမ်းစားပြီးတာနဲ့ ကပ္ပိယတွေကမေးတယ်၊ ဆွမ်းဘုန်းပေးရတာအဆင်ပြေရဲ့လားတဲ့၊ ဘာအပြစ်တင်စကားများပြောမလဲပေါ့၊ ဆရာတော်ကပြောတယ်။

အဆင်ပြေတယ် ဆွမ်းလေးတွေက မာဆတ်ဆတ်လေးတွေဆိုတော့ ဝါးရတာအရသာပိုပေါ်တယ်တဲ့၊ နောက်ရက်ကျတော့ ဟင်းတွေထဲမှာ ဆားတွေ ငန်အောင်ခပ်ပြီး ကပ်ပြန်တယ်၊ ဆရာတော်ကဘာပြောလည်းဆိုတော့ ဆားငန်ငန်လေးဘုဉ်းပေးရတော့ သွေးကြွေတယ် သွေးသန့်တယ်တဲ့။

နောက်ရက်ကျတော့ ဟင်းထဲမှာ ဆားမထည့်ဘဲ ကပ်ပြန်တယ်။ ဒီအခါကျတော့ ဆရာတော်က ဆားပေါ့ပေါ့စားရတော့ သွေးတိုးရောဂါကို ကာကွယ်ပြီးသားဖြစ်တာပေါ့တဲ့။ ဒီအကြောင်း

http://www.dhammadownload.com



တွေကိုသိသွားတဲ့ မင်းတုန်းမင်းဟာ တအားကြည်ညိုသွားပြီး ဘုရင့်စီးတော်လှေကြီးနဲ့ ပင့်ခိုင်းလိုက်တယ်။

သူတော်ကောင်းတွေဆိုတာ သူတစ်ပါးစိတ်ချမ်းသာမှုကိုသာ အဓိကထားတယ်၊ သူတစ်ပါးအကျိုးကိုဆောင်မှ တကယ့်စိတ်ချမ်းသာမှုအစစ်ကို ရတယ်ဆိုတာကိုလည်း တကယ့်သူတော်ကောင်းတွေပဲသိတယ်။ ဒါကြောင့်လည်း မတ္တရာဆရာတော်ဟာ ပင့်တဲ့အတိုင်းလိုက်ကြွလာတာပေါ့။

မတ္တရာဆရာတော်ကိုပင့်လာတဲ့ လှေတော်ကြီး မန္တလေးဆိပ်ကမ်းလည်းရောက်ရော မတ္တရာဆရာတော်ကို မကိုးကွယ်လိုတော့ပါတောရွာသို့ ပြန်ပို့စေဆိုတဲ့ ဘုရင့်အမိန့် တော်ကြီးက အသင့်စောင့်နေတယ်။

သန်း ဘုရင်စမ်းသပ်တာကလည်း လွန်လှချေလား ဆရာတော် တပည့်တော်သာဆိုရင်တော့ သည်းမခံနိုင်တော့ဘူးဘုရား။

နုပ် ဆရာတော်ကြီးကတော့ သည်းခံနိုင်တယ်။ ဒီအခါဘာပြော လည်းဆိုတော့ တောရွာကတပည့်တွေနဲ့ ဒကာ၊ ဒကာမ တွေက ငါမရှိလို့ စိတ်ဆင်းရဲနေကြတာ၊ အခုလိုဘုန်းကြီး ကို ပြန်ပို့တော့ သူတို့စိတ်ချမ်းသာတာပေါ့တဲ့။ ကဲ ကျန်တာနောက်အပါတ်မှ ဆက်ကြရအောင်။

## သဒ္ဓါဝိမုတ္တနဲ့ပညာဝိမုတ္တအထူး

သဒ္ဓါဝိမုတ္တနှင့် ပညာဝိမုတ္တအထူးကား ဓားတုံးတုံးနှင့် ငှက်ပျောပင် ကိုခုတ်သည့်အခါ ခွန်အားစိုက်၍ လည်းခုတ်ရသည်။

http://www.dhammadownload.com



ခါးပြတ်ရာ၌လည်း မကောင်းသကဲ့သို့ ထို့အတူ သဒ္ဓါဝိမုတ္တဟူသော ခါးတုံးတုံးနှင့် သခါရတည်းဟူသော ငှက်ပျောပင်တွေကို ခုတ်ဖြတ်ရသောအခါ ခွန်အားစိုက်၍လည်း ခုတ်ရသည်။ ပညာဝိမုတ္တကား ထက်လှစွာသော ဓားနှင့် ငှက်ပျောပင်တွေကို ခုတ်ဖြတ်တဲ့အခါ ခွန်အားမစိုက်ရဘဲ ဖြတ်ရသောကြောင့် တညီတည်းပြတ်သွားသကဲ့သို့ ထို့အတူ အလွန်အားမထုတ်ရပဲ လျှပ်ကာလှဲ့ကာနှင့် သခါရမှလွတ်သွား၏။ (မဂ်ဖိုလ်ရသွား၏ဟူလို)

(ဝန်းသိုမြို့ ခန္တီးဆရာတော်ကြီး၏ စက်ဖြတ်ဝိပဿနာကျမ်း, နှာ ၃၁၁ မှ)

## သောတာပန်တို့ခံစံကြရသော နိဗ္ဗာန်၏ အနက်လေးချက်

မှန်၏။ တစ်စုံတစ်ယောက်သောသူက သောတာပန်ပုဂ္ဂိုလ်သည် ထောင့်ငါးရာကိလေသာကို အကုန်မပယ်ရသေး၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း ဒုက္ခမှ မကင်းသေး၊ ထို့ကြောင့် နိဗ္ဗာန်သို့ရောက်သည့် နိဗ္ဗာန်သွားရာလမ်းမကြီးပေါ်သို့ ရောက်နေပြီဟု မဆိုထိုက်ဟု စောဒကတက်ခဲ့သော် ။

(က) နိဿရဏဋ္ဌ ။ ။ ဒိဋ္ဌိဝိစိကိစ္ဆာအမျိုးရှိသော အလွန်မည်းညစ်လှစွာသော ကိလေသာဝဋ်မှ အပြီးကျွတ်လွတ်မှု၊ ဒုစရိုက်ဆယ်ပါး ဒုရာစိဝ ဟူသော အကုသလကမ္မဝဋ်မှ အပြီးကျွတ်လွတ်မှု၊ အပါယ်ဘဝဟူသော ဝိပါကဝဋ်မှ အပြီးကျွတ်လွတ်မှုသည် သောတာပန်ပုဂ္ဂိုလ်တို့ ခံစံကြရသော နိဿရဏမည်၏။

http://www.dhammadownload.com



ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် လူမင်း၊ နတ်မင်း၊ သိကြားမင်း၊ ဗြဟ္မာမင်း ဖြစ်၍ပင်နေကြသော်လည်း ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဒုစရိုက်၊ ဒုရာဇီဝ၊ အပါယ်ဘဝတို့မှ အပြီးကျွတ်လွတ်မှု၊ အပြီးလွတ်ငြိမ်းမှုဟူသော နိဿရဏဒုက္ခကို မရကြကုန်။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတွေ တန်းလန်း၊ ဒုစရိုက် ဒုရာဇီဝတွေတန်းလန်း၊ အပါယ်သို့ကျရောက်မှုတွေ တန်လန်းနှင့်သာနေကြရကုန်သည်။

(ခ) ပဝိဝေကဒုက္ခ ။ ။ သောတာပန်ပုဂ္ဂိုလ်သည် ဘဝများစွာ ကမ္ဘာများစွာ ကြာမြင့်သော်လည်း မိမိတို့၏ စိတ်သန္တာန်၌ မိစ္ဆာဒိဋ္ဌိတရားတို့၏ နှောင့်ယှက်မှုမှ အချင်းခပ်သိမ်း ကင်းငြိမ်းကြကုန်၏။ ဤသို့ သံသရာ၌ အလွန်တရာယုတ်မာ ဆိုးရွားလှသော ပါပဓမ္မ၊ အပါယဒုက္ခတို့၏ အနှောက်အယှက် အဖျက်အစီးမှ ဆိတ်ကင်းမှုသည် သောတာပန်ပုဂ္ဂိုလ်တို့ခံစား ကြရသောပဝိဝေကဒုက္ခမည်၏။

ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် လူမင်း၊ နတ်မင်း၊ သိကြားမင်း၊ ဗြဟ္မာမင်း ဖြစ်၍ပင်နေကြသော်လည်း သမ္မာဒိဋ္ဌိနှင့်ကြည်တစ်ခါ၊ နောက်တစ်လှည့် သုစရိုက်မှုနှင့် ကြည်တစ်ခါ၊ ဒုစရိုက်မှုနှင့် နောက်တစ်လှည့် သုဂတိချမ်းသာနှင့် ကြည်တစ်ခါ၊ အပါယ်ဒုက္ခ သို့ရောက်၍ အနှောက်ကြီးနှောက်တစ်လှည့် ဤသို့သော် နှောက်ယှက်မှုတို့မှ မလွတ်ကင်းကြကုန်လေ။

(ဂ) အသခ်တဒုက္ခ ။ ။ သောတာပန်ပုဂ္ဂိုလ်တို့ဆိုက်ရောက်ရရှိ တည်နေရာဖြစ်သော ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဒုစရိုက်၊ ဒုရာဇီဝ၊ အပါယ်ဒုက္ခတို့၏ အပြီးလွတ်ငြိမ်းမှုဟူသော သပါဒိသေသနိဗ္ဗာန်သည် ဘဝကမ္ဘာ အသင်္ချေ ကြာသော်လည်း ပျက်ကွက်ခြင်းရှိတော့

http://www.dhammadownload.com



သည်မဟုတ်။ အနမတဂ္ဂသံသရာနှင့် တကွနိစ္စထာဝရဖြစ်၍တည်လေ၏။

ထိုသို့ပျက်ကွက်ခြင်းမရှိ၊ နိစ္စ ထာဝရတည်ရှိသော တရားဖြစ်ပေသောကြောင့် အသစ်တစ်ဖန်ထူထောင်ပြုပြင်မှုဟူ၍ မရှိပြီ၊ ထိုသို့နိဗ္ဗာန်ဆွေးမြေ့ပျက်စီးပြန်၍ မိမိသန္တာန်၌ထိုနိဗ္ဗာန်ကို တစ်ဖန်ဖြစ်ပေါ်လာရန် ဒါနပြုမှု ဒုက္ခတွင်းသို့ ဆင်းရပြန်သည်ဟု မရှိပြီဆိုလိုသည်။

ဤသို့အဖန်ဖန် ပြုပြင်ရခြင်းဟူသော သင်္ခါရဒုက္ခတို့မှ လွတ်ငြိမ်းမှုသည် သောတာပန်ပုဂ္ဂိုလ်တို့ခံစံကြရသော အသင်္ခတဒွမည်၏။ သောတာပန် ပုဂ္ဂိုလ်တို့အား ကြွင်းကုန်သော ကိလေသာတို့၏ ချုပ်ငြိမ်းဖို့အတွက်နှင့်သာ ဒါန၊ သီလ၊ ဥပေါသထဘာဝနာမှုကိုပြုဖွယ် ကိစ္စရှိတော့သည်။ ချုပ်ငြိမ်းလေပြီးသော သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာဒုစရိုက်ဆယ်ပါးတို့၏ ငြိမ်းဖို့အတွက်နှင့်ပြုဖွယ်ကိစ္စမရှိပြီ။

(ဃ) အမတဒွ ။ ။ ထိုသက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဒုစရိုက် ဒုရာဇီဝ၊ အပါယ်ဒုက္ခတို့၏ အပြီးလွတ်ငြိမ်းမှုဟူသော သဉပါဒိသေသနိဗ္ဗာန်သည် အနတဂ္ဂသံသရာမှာ ဘယ်အခါမှ ဆွေးမြွေပျက်ဆုံးသည်ဟူ၍ မရှိပြီ။ ထိုဝိသာခါ အနာထပိဏ်အစရှိသော ဘုံစဉ်စံသောတာပန်ပုဂ္ဂိုလ်တို့အား တစ်ဘဝလျှင် တစ်ခါခန္ဓာငါးပါး ပျက်ဆုံးမှုကားရှိကြ၏။

မိမိတို့ရရှိပြီးသော နိဗ္ဗာန်ကား ခန္ဓာပျက်ဆုံးသော်လည်း ပျက်ဆုံးခြင်းမရှိပြီ။ ခန္ဓာ တစ်ဘဝတစ်ခုပျက်ဆုံး၍ ခန္ဓာ တစ်ဘဝတစ်ခုသို့ ရောက်ကြပြန်လျှင် ထိုနိဗ္ဗာန်တွင်း၌သာ ရောက်ကြပြန်၏။

http://www.dhammadownload.com



ပုထုဇဉ်ခန္ဓာသို့ ပြန်၍ရောက်ကြကုန်သည်ဟု မရှိပြီ။ ခန္ဓာတို့ကား မတာတာတ်မျိုးဖြစ်၍ တစ်ဘဝတစ်ခါ ပျက်ဆုံးကြကုန်သည်။ ထို နိဗ္ဗာန်သည်ကား အမတာတာတ်မျိုးဖြစ်၍ ခန္ဓာပျက်သော်လည်း တစ်ခါတစ်ရံမျှ ပျက်ဆုံးသည်ဟူ၍မရှိပြီ။ အနုပါဒိသေသနိဗ္ဗာန်နှင့် တစ်ဆက်တည်း ဆက်မိလေတော့သည်။ ထိုသောတာပန်တို့အား ထိုငြိမ်းမှု ကုန်ဆုံး၍သွားမည်ကို ကြောင့်ကြဖွယ်မရှိ။

ဤသို့ သောတာပတ္တိမဂ်သို့ ရောက်သည့်နေ့မှစ၍ အနုပါ ဒိသေသနိဗ္ဗာန်သို့ ဆိုက်ရောက်သည်တိုင်အောင် ဘဝများစွာ ကမ္ဘာများစွာ ကြာချင်တိုင်းကြာငြားသော်လည်း တစ်ခါတစ်ရံမျှ ပျက်ကွက်ခြင်းမရှိမူ၍ ထိုဘုံစဉ်စံ သောတာပန်ပုဂ္ဂိုလ်အနန္တတို့၏ ကိုးကွယ်ရာ လဲလျောင်းရာ၊ ပုန်းအောင်းရာ အနေနှင့်အမြဲ စောင့် ရှောက်ကာ ပါရှိ၍နေသောအမှုသည် ထိုသောတာပန်ပုဂ္ဂိုလ်တို့ ခံစံကြရသော အမတဓာပေတည်း။ ဤကား သောတပန်ပုဂ္ဂိုလ် တို့ ခံစံကြရသော သဉပါဒိသေသနိဗ္ဗာန်ဖြစ်၏။

(လယ်တီဆရာတော် စတုသစ္စဒီပနီ)

နုပ် မတ္တရာဆရာတော်ကြီး သဘော်လည်းခွာရော ဘုရင့် အမိန့်တော်က ထပ်ရောက်လာတယ်။ နေပြည်တော်မှာ ကိုးကွယ်တော့မယ်။ ပြန်ကြွလာပါတဲ့။ ဒီအခါကျတော့ လည်း ငါ့တရားကိုမနာဘူးတဲ့ မြို့က ဒကာ၊ ဒကာမတွေ တရားနာခွင့်ရတာပေါ့ဆိုပြီး ပြန်ကြွလာတာပဲ၊ ဆရာတော် ကို အခမ်းအနားကြီးနဲ့ပင့်လာပြီး အသင့်ဆောက်လုပ် ထားတဲ့ ကျောင်းတော်ကြီးကိုလည်း ရောက်ရော အမိန့်တော်တစ်ခုကလာပြန်တယ်။

http://www.dhammadownload.com



မတ္တရာဆရာတော် ကျောင်းကြီးပေါ်မှာ သိတင်းမသုံးရတဲ့ ကျောင်းလေးပေါ်မှာသာ သိတင်းသုံးရမယ်တဲ့၊ ဒီအခါ ဆရာတော်က တဲကျောင်းလေးပေါ်မှာဆိုတော့ တက်ရဆင်းရလွယ်ကူတာပေါ့လို့ပြောပြီး နေလိုက်တာပဲ။ တဲကျောင်းပေါ်လည်းရောက်ပြီးရော အမိန့်တော်က ထပ်လာပြန်တယ်၊ ကျောင်းကြီးပေါ်မှာပဲ ပြန်လာနေပါတဲ့။ ဒီအခါ ဆရာတော်က ကျောင်းကြီးပေါ်ဆိုတော့ တရားနာတဲ့သူတွေ မိုးလုံလေလုံနေရတာပေါ့တဲ့။

သန်း သူတော်ကောင်းတွေအတွက်တော့ ကုသိုလ်ဖြစ်စရာချည်းပါပဲလားဆရာတော်။

နုပ် ဒါကြောင့်ဗုဒ္ဓက အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောကြားတော်မူခဲ့တာပေါ့။ ယောနိသောမနသိကာရရှိသူအတွက် အမြဲတမ်းကုသိုလ်တရားချည်းပဲ ဖြစ်တယ်တဲ့၊ အယောနိသောမနသိကာ ရရှိသူအတွက် အမြဲတမ်း အကုသိုလ်ချည်းပဲဖြစ်တယ်တဲ့။

တစ်နေ့တော့ ဆရာတော်ကြီးရဲ့ ပေါင်မှာ အနာကြီးတစ်ခုပေါက်လာပြီး ပိုးလောက်တွေပါကျနေတယ်။ တပည့်တွေသိတဲ့အချိန်ကျတော့ ပိုးလောက်တွေဖယ်ရှားပြီး ဆေးကုဖို့လျှောက်ထားကြပေမဲ့ လက်မခံဘူး၊ ပိုးလောက်တွေရဲ့ မိသားစုအဆောက်အဦးကို မဖျက်ဆီးကြပါနဲ့လို့ တောင်းပန်တယ်၊ နောက်တော့ ဒီအနာကြီးကြောင့်ပဲ ပျံလွန်တော်မူသွားရှာတယ်။

ကဲ စကားတွေဘေးထွက်သွားတာ တော်တော်

http://www.dhammadownload.com



မှာထားတယ်၊ မေတ္တိယနဲ့ ဘူမဇကရဟန်းနှစ်ပါးဟာ ဝိနည်းမလေးစားဘူး၊ အနေအထိုင်မကောင်းဘူး၊ ဒါကို သူဌေးကသိထားတယ်၊ မေတ္တိယနဲ့ဘူမဇက ရဟန်းနှစ်ပါး ကတော့ သူဌေးရဲ့ စိတ်ဓာတ်ကိုမသိဘူး''

''သူတို့ကိုကြည်ညိုမယ်လို့ပဲထင်နေတယ်၊ အစား ကောင်းတွေ စားရတော့မယ်လို့တွေးပြီး ညအိပ်တောင် မပျော်ဘူးတဲ့၊ မနက်ရောက်လို့ဆွမ်းစားလည်းကြွရော အိမ်ပေါက်ဝမှာတင် ဆန်ကွဲထမင်းနဲ့ ပုန်းရည်ဟင်းကို စားပြီးပြန်ခဲ့ရတယ်၊ မေတ္တိယနဲ့ ဘူမဇကတို့ဟာ သူတို့ ဝိနည်းနဲ့အညီမနေတဲ့ အပြစ်ကိုတော့ မမြင်ကြဘူး သူဌေး နဲ့အရှင်ဒဗ္ဗကိုပဲအပြစ်မြင်ကြတယ်''

'' အရှင်ဒဗ္ဗ ကိုတော့ နံပါတ်တစ်ရန်သူအဖြစ် သတ်မှတ် လိုက်ကြတယ်။

အပယ်ကျသူမှန်သမျှဟာ သူတစ်ပါးအပြစ်ကိုသာမြင်ပြီး၊ မိမိအပြစ်ကို မမြင်တဲ့သူတွေပဲ၊ မဂ်ဖိုလ်နိဗ္ဗာန်ရသူမှန်သမျှ ကတော့ သူတစ်ပါးအပြစ်ကို မမြင်ဘဲ၊ မိမိအပြစ်ကိုသာ မြင်ပြီးပြုပြင် တတ်သူတွေပဲ။

အရှင်ဒဗ္ဗက သူတို့မကောင်းကြောင်းတွေကို ထုတ်ပြောလိုက်လို့သာ ဆွမ်းဒကာက အကြည်ညိုပျက်တာ လို့ယူဆပြီး အရှင်ဒဗ္ဗကိုသာသနာ့ဘောင်က ထွက်အောင် လုပ်ဖို့ မေတ္တိယာ အမည်ရှိတဲ့ ရဟန်းမတစ်ပါးကို အကူအညီတောင်းတယ်၊ သူတို့ အကူအညီတောင်းတဲ့ အတိုင်းပဲ။ ဘုရားရှင်ထံသွားပြီး အရှင်ဒဗ္ဗက သူ့ကို

http://www.dhammadownload.com



မတရားကျင့်တဲ့အကြောင်း တိုင်တန်းလျှောက်ထားတယ်၊

သန်း ဟင် ရဟန္တာကြီးကိုတောင် ပြစ်မှားရဲသလားဘုရား။

နုပ် ရဟန္တာမှန်းမှမသိကြဘဲ။ ရဟန္တာဆိုတာ အသိဉာဏ်သာ ပြောင်းသွားတာ ရုပ်ခန္ဓာကြီးကပြောင်းတာမဟုတ်ဘူး။ အမှုပေါ်ပြီဆိုတော့ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အရှက်ကွဲရတာပေါ့၊ သိက္ခာကျရတာပေါ့၊ ပရိသတ်လေးပါးရှေ့မှာ ဗုဒ္ဓကစစ်မေးတော်မူတဲ့အခါ အရှင်ဒဗ္ဗက တပည့်တော် မတရားကျင့်တယ်၊ မကျင့်ဘူးဆိုတာ မြတ်စွာဘုရား သိမြင်တော်မူပါတယ်ဘုရားလို့ ပြန်လျှောက်တယ်။

ဒီတော့ဘုရားက ချစ်သားဒဗ္ဗ အမှုမှန်ပေါ်အောင်စစ်နေတာဖြစ်တဲ့အတွက် ဒီအဖြေမျိုးမဖြေရဘူး၊ မတရားကျင့်ရင်ကျင့်တယ်၊ မကျင့်ရင်မကျင့်ဘူးလို့ ပြတ်သားစွာဖြေဖို့ မိန့်တော်မူတယ်၊ ဒါပေမဲ့အရှင်ဒဗ္ဗက ရဟန္တာအဖြစ်ကို လူမသိစေချင်တဲ့အတွက် စောစောကအတိုင်းသွယ်ဝိုက်ပြီးပဲ သူ မကျူးလွန်ကြောင်းကို ဖြေဆိုနေတယ်။

ဗုဒ္ဓကသုံးကြိမ်မြောက်ထိ တိုက်ရိုက်ဖြေဖို့ သတိပေးတဲ့အခါမှာတော့ အရှင်ဒဗ္ဗဟာမနေသာတော့ဘဲ အခုလို ပြတ်သားစွာ ရဲရဲတောက်ဖြေဆိုတော်မူတယ်။ မြတ်စွာဘုရား တပည့်တော်သည် ရဟန္တာဖြစ်သည့်အချိန်မှစ၍ မေထုန်မှုကို အပြင်ဘက်၌ မဆိုထားဘိ အိမ်မက်ထဲ၌ပင် မကျူးလွန်တော့ပါဘုရားတဲ့။

http://www.dhammadownload.com



သန်း ဒီတော့ ဘုရားက ဘယ်လိုဆုံးဖြတ်ပေးသလဲဘုရား။

နုပ် ငါဘုရားလည်း မကျူးလွန်ကြောင်းကို သိပြီးသားဖြစ်တယ်။ လူအများသံသယကင်းစေခြင်းငှာ မေးတော်မူခြင်းဖြစ်တယ်လို့ မိန့်ဆိုတော်မူပြီး ရဟန်းမကိုလူဝတ်လဲစေပြီး ကျောင်းကနှင်ထုတ်လိုက်တယ်၊ မေတ္တိယနဲ့ ဘူမဇကတို့ကိုလည်းခေါ်ယူဆုံးမပြီး သိက္ခာပုဒ်တစ်ခုကိုလည်း ပညတ်တော်မူတယ်၊ သိက္ခာပုဒ်အဓိပ္ပါယ်ကတော့ ရဟန်းတစ်ပါးဟာ၊ ရဟန်းတစ်ပါးကို အခြေအမြစ်မရှိဘဲ ပါရာဇိကအာပတ်တစ်ခုခုနဲ့ စွပ်စွဲခဲ့ရင် သံဃာဒိသေသ်အာပတ်သင့်စေတဲ့။

လောဘ၊ ဒေါသတစ်ခုခုဖြစ်နေတဲ့သူဟာ အမှားအမှန်ကို မဆင်ခြင်နိုင်ဘူး။ ထင်ရာစွပ်လုပ်တတ်တယ်၊ အခုလည်းကြည့် အရှင်ဒဗ္ဗအပေါ် ဒေါသဖြစ်နေတဲ့ မေတ္တိယနဲ့ ဘူမဇက ရဟန်းနှစ်ပါးတို့ဟာ အရှင်ဒဗ္ဗလူမထွက်ရရင် မနေဘူးဆိုတဲ့ စိတ်ဓာတ်နဲ့ ဒုတိယအကြိမ်စွပ်စွဲပြန်တယ်၊ ဒုတိယအကြိမ်စွပ်စွဲတာကတော့ အရှင်ဒဗ္ဗနဲ့ မေတ္တိယာဘိက္ခုနီမတို့ မေထုန်မှီဝဲတာကို ငါတို့မျက်စိနဲ့ မြင်ရတယ်လို့ပြောဆိုမှုပဲ။

သေချာအကြောင်းမှန်ကို မသိသူတွေအတွက်တော့ ယုန်ထင်ကြောင်ထင်စရာပေါ့၊ မဟုတ်မမှန်စွပ်စွဲတာဖြစ်သော်လည်း အရှင်ဒဗ္ဗအတွက်တော့ ဒုတိယအကြိမ်သိက္ခာကျရပြန်တာပေါ့၊ သေချာစစ်ဆေးလိုက်တဲ့အခါ မေတ္တိယနဲ့ဘူမဇကတို့ဟာ လမ်းမှာဆိတ်ထီးနဲ့

http://www.dhammadownload.com



ဆိတ်မမေထုန်မှီဝဲတာကို တွေ့ကြရတယ်၊ အကြံသမား ဖြစ်တဲ့သူတို့က ဆိတ်ထီးကို အရှင်ဒဗ္ဗ၊ ဆိတ်မကို၊ မေတ္တိယာဘိက္ခုနီမလို့ အမည်ပေးပြီးစွပ်စွဲကဲ့ရဲ့ကြတာပဲ။ ဗုဒ္ဓက ရဟန်းတစ်ပါးဟာ အခြားရဟန်းတစ်ပါးကို မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားသံသယရှိခြင်းဆိုတဲ့အကြောင်း သုံးပါးအနက် တစ်ပါးပါးမှမရှိဘဲ ပါရာဇိကအာပတ် တစ်ခုခုနဲ့ စွပ်စွဲရင် သံဃာဒိသေသ်အာပတ်သင့်စေဆိုပြီး ဒုတိယဒုဋ္ဌဒေါသ သိက္ခာပုဒ်ကို ပညတ်တော်မူခဲ့ရတယ်၊ ဒါလည်းမေတ္တိယနဲ့ ဘူမဇကတို့ဟာ အခဲမကြေနိုင်သေးဘူး။

သူတို့နဲ့ရင်းနှီးတဲ့ ဒကာတစ်ယောက်ကို အကူအညီတောင်းပြန်တယ်၊ သူတို့တောင်းတဲ့အတိုင်း ဒကာကလည်း ဘုရားရှင်ထံသွားပြီး အရှင်ဒဗ္ဗက သူ့အမျိုးသမီးကို မတရားကျင့်ကြံတဲ့အကြောင်း လုပ်ကြံလျှောက်ထားပြန်တယ်၊ မဟုတ်မမှန်သော်လည်း စွပ်စွဲခံရပြီဆိုတာနဲ့ အရှင်ဒဗ္ဗဟာ လူပုံအလယ်မှာ သိက္ခာကျရပြန်တာပေါ့။ သေချာစစ်ဆေးမေးမြန်းတဲ့အခါ အဖြစ်မှန်ပေါ်သွားတဲ့အတွက် အဲဒီ ဒကာရဲ့အိမ်ကို သံဃာအားလုံးက သပိတ်မှောက်ကြတယ်၊ သပိတ်မှောက်တယ်ဆိုတာသူ့အိမ်ကို သာရေး နာရေးကိစ္စ ဘာပဲပေါ်ပေါ် ဘယ်သံဃာမှ မကြွတော့တာပဲ၊ နောက်ပိုင်းဒကာကိုယ်တိုင် အမှန်ကို သိသွားပြီး သံဃာတွေရှေ့မှာ တောင်းပန်ကန်တော့တဲ့အတွက် သပိတ်ပြန်လှန်ပေးလိုက်တယ်။

http://www.dhammadownload.com



အရှင်ဒဗ္ဗ ပရိနိဗ္ဗာန် စံချိန်ရောက်တဲ့အခါ ကောင်းကင်မှာ တင်ပလ္လင်ခွေထိုင်ပြီး တေဇောကသိုဏ်း ဝင်စားတယ်၊ တေဇောကသိုဏ်းက ထွက်လာတဲ့မီးနဲ့ပဲ ခန္ဓာကိုယ်ကို မီးသင်္ဂြိုဟ်တယ်၊ ဓာတ်တော်အလုံးအလုံး မပြောနဲ့ ပြာတောင်မကျန်ပါဘူးတဲ့၊ ဓာတ်တော်မကျတဲ့ အတွက် အရှင်ဒဗ္ဗကို ပုထုဇဉ်လို့စွပ်စွဲရင် စွပ်စွဲသူမှာ အရိယူပဝါဒ ကံထိုက်မှာပဲ"

"မဟာစည် ဆရာတော်ဘုရားကြီးကလည်း သလ္လေခသုတ်တရားတော်မှာ ဟောတော်မူဘူးတယ်၊ အိန္ဒိယနိုင်ငံမှာ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန် တို့ရဲ့ ဓာတ်တော်ကိုဖူးခဲ့ရတယ်တဲ့၊ မြန်မာအများစု ထင်သလို အလုံး၊ အလုံးလေး တွေမဟုတ်ပါဘူးတဲ့"

သန်း ဒါဆိုရင်ဘယ်လိုမျိုးတွေလဲဘုရား။

နုပ် ပကတိအရိုးအတိုင်းပါပဲတဲ့၊ ဆရာတော်ဖူးခဲ့ရတဲ့ အဂ္ဂသာဝကနှစ်ပါးရဲ့ ဓာတ်တော်ဆိုရင် လက်ဆစ်ရိုးက လက်ဆစ်ရိုးအတိုင်းပါပဲတဲ့၊ အလုံးလုံးတွေ တစ်ခုမှမပါ ပါဘူးတဲ့၊ ဘုရားရှင်ရဲ့ဓာတ်တော်မှတစ်ပါး ကျန်သာဝကအားလုံးရဲ့ ဓာတ်တော်ဟာ ပကတိအရိုးအတိုင်းပဲ ဖြစ်ရမယ်။

ဒါကြောင့်မြန်မာပြည်မှာ မိမိကြည်ညိုတဲ့ ရဟန်းတော် တစ်ပါးပျံတော်မူလို့ ဓာတ်တော်အလုံးအလုံး တွေကျတယ်ဆိုတဲ့စကားကို ချင့်ချိန်ပြီးယုံသင့်တယ်လို့ မိန့်တော်မူခဲ့တယ်။ ထီးချိုင့်မြို့ တည်တောဆရာတော်

http://www.dhammadownload.com



ဘုရားကြီးကလည်း ခါတ်တော်ကျဖို့အတွက် ရဟန္တာတွေမှာ တာဝန်မရှိဘူး၊ ဘုရားရှင်များမှာသာ တာဝန်ရှိတယ်တဲ့၊ ဘာကြောင့်လဲဆိုတော့ သတ္တဝါတွေချေ ချွတ်ဖို့ဆိုတာ ဘုရားရှင်များရဲ့အလုပ်ပါတဲ့။

ရဟန္တာများမှာတော့ ပရိနိဗ္ဗာန်မစံမီ ခရီးသွားဟန်လွှဲအနေနဲ့ သတ္တဝါတွေကို ချေချွတ်ရတာပါတဲ့၊ ပရိနိဗ္ဗ ာန်စံပြီးတဲ့နောက်မှာတော့ တာဝန်မရှိတော့ပါဘူးတဲ့၊ ဒါကြောင့်ခါတ်တော်တွေ ဖူးတွေ့ပြီး အကျွတ်တရားရဖို့ဟာ ဘုရားရှင်တို့ရဲ့တာဝန်ပါတဲ့၊ နောက်တစ်ခု ထပ်ပြတာက အလောင်းတော် ကဿပဂူကိုသွားရာ လမ်းက ရဟန္တာအပါးငါးရာရဲ့ အရိုးခါတ်တော်တွေ အကြောင်းပဲ''

သမိုင်းကြောင်းရှိတဲ့အတွက် အဲဒီရဟန္တာခါတ်တော်တွေကို ရှာကြည့်တဲ့အခါတွေ့ပါတယ်၊ ဒါပေမဲ့ အများထင်သလို အလုံး အလုံးတွေမဟုတ်ပါဘူး၊ ပကတိ အရိုးတွေအတိုင်းပါပဲတဲ့၊ အရိုးရှိတဲ့သတ္တဝါကိုမီးရှို့တဲ့အခါ အရိုးတွေကျန်တာဟာ သဘာဝပါ၊ ပရမတ်တရားတွေကို ပြောကြဆိုကြတဲ့အခါ ခါတ်ဆိုတဲ့စကားလုံးကို အများဆုံး သုံးစွဲကြတယ်။

ရဟန္တာများရဲ့ ခန္ဓာကိုယ်မီးရှို့လိုက်တဲ့အခါ အရိုးရှိတဲ့ အမျိုးအစားမို့ အသွေးအသားတွေ မီးလောင်ပြီးတဲ့အခါ အရိုးတွေကျန်ခဲ့တာပေါ့၊ ရဟန္တာအရှင်မြတ်ဆိုတော့ အရိုးလို့ သာမန်မပြောပဲ၊ ရိုသေတဲ့အနေနဲ့ အရိုးခါတ်တော်လို့ သုံးနှုန်းပြောဆိုကြရာကနေ ကာလကြာလာတဲ့

http://www.dhammadownload.com



အခါ အရိုးဆိုတဲ့စကားကပျောက်သွားပြီး ဓာတ်တော်လို့ ခေါ်နေကြတဲ့အကြောင်း တည်တောဆရာ တော်ကြီးက ရှင်းပြတယ်"။

မှတ်ချက် ။ ။ယင်းဓာတ်တော်အကြောင်းအကျယ်ကို မဟာစည်ဆရာတော်ကြီးဟောကြားသော သလ္လေခသုတ် တရားတော်စာအုပ်၌လည်းကောင်း၊ တည်တော ဆရာ တော်ဘုရားကြီး ရေးသားတော်မူသော ယနေ့ဗုဒ္ဓဝါဒ ဆိုင်ရာ အမေးအဖြေများ(၃) တွဲ၌လည်းကောင်း ဖတ်ရှုနိုင် သည်။

ကိလေသန္တရာယ်ကိုပြောဖို့အတွက် ကိလေသာ ဆယ်ပါးကိုပြောရင်းက လောဘအကြောင်းကနေ ထွက် သွားလိုက်တာ ဓာတ်တော်အကြောင်းထိ ရောက်သွား တယ်၊ အခုဒိဋ္ဌိကိလေသာရဲ့ ဆိုးဝါးပုံကိုပြောတော့မယ်၊ ဒေါသ၊ မောဟ၊ မာနစတဲ့ ကိလေသာတွေရဲ့ ဆိုးကျိုးကို တော့ အလျင်းသင့်တဲ့နေရာမှာ ဆက်ပြောမယ်၊

မဂ်တားဖိုလ်တား အန္တရာယ်ငါးပါးထဲက ကိလေ သန္တရာယ်အရ မဟာစည်ဆရာတော်က နိယတ မိစ္ဆာဒိဋ္ဌိ သုံးမျိုးကိုယူတယ်၊ မိုးကုတ်ဆရာတော်၊ ပခုက္ကူဝိပဿနာ သင်တန်း နည်းပြဆရာကြီး ဦးကြင်ရွှေ ပသုံးလုံးဝိပဿနာ နည်းပြဆရာကြီး ဦးပဂိုဒိုတို့ကတော့ သက္ကာယဒိဋ္ဌိ(သို့) အတ္တဒိဋ္ဌိကိုယူကြတယ်၊

သန်း ဒါဆိုရင် ဘယ်အယူအဆကမှန်မလဲ ဆရာတော်။

http://www.dhammadownload.com



နုပ် နှစ်မျိုးလုံးမှန်ပါတယ် အဋ္ဌသာလိနီမှာ အနုစားဖြစ်တဲ့ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိတို့ဟာ သုဂတိချမ်းသာကိုရဖို့ မတားပေမဲ့၊ မဂ်ဖိုလ် ရဖို့ကိုတော့ တားမြစ်တယ်၊ နိယတ မိစ္ဆာဒိဋ္ဌိစတဲ့ အကြမ်းစားဒိဋ္ဌိများကတော့ သုဂတိကို လည်းတား၊ မဂ်ဖိုလ်ကိုလည်းတားတယ်ဆိုတဲ့ ဖွင့်ဆို ချက်ရှိတယ်၊ ဒါကြောင့်မဂ်တားဖိုလ်တားအရ ဘယ်ဒိဋ္ဌိ ကောက်ကောက်မှန်တယ်လို့ပြောတာ။

ဒါပေမယ့် နိယတမိစ္ဆာဒိဋ္ဌိသုံးမျိုးက ကုသိုလ် အကုသိုလ် ဆိုတဲ့ အကြောင်းရယ်၊ ကောင်းကျိုးဆိုးကျိုး ဆိုတဲ့အကျိုး ရယ် နှစ်မျိုးလုံးကို ပယ်တာပဲ၊ ကမ္မဿ ကတာ- သမ္မာဒိဋ္ဌိနဲ့ပိုပြီးနီးစပ်တယ်၊ ဒီမဂ်တားဖိုလ်တားပြောတဲ့ နေရာဟာ ဝိပဿနာသမ္မာဒိဋ္ဌိ ဖြစ်နေတဲ့အတွက်ကြောင့် သက္ကာယဒိဋ္ဌိကို ယူတာကပိုသဘာဝကျမယ်လို့ တို့က တော့ယူဆတယ်''

သန်း နိယာတမိစ္ဆာဒိဋ္ဌိသုံးမျိုးနာမည်တွေက နတ္ထိကဒိဋ္ဌိ၊ အကြိ ယဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိတို့ မဟုတ်လားဘုရား။

နုပ် ဟုတ်တယ်။ မဂ်တားဖိုလ်တားအရ နိယတမိစ္ဆာဒိဋ္ဌိကို ယူတဲ့ဘက်ကလည်းစောဒကတစ်ခုတက်တယ်၊ သက္ကာယ ဒိဋ္ဌိဆိုတာ လူတိုင်းမှာ ရှိနေတာပဲ၊ ဒါပေမဲ့ တရားအား ထုတ်တဲ့အခါ သက္ကာယဒိဋ္ဌိပျောက်ပြီး မဂ်ဖိုလ်ရတာပဲတဲ့၊ ဒါကြောင့် ကိလေသန္တရာယ်အရ နိယတမိစ္ဆာဒိဋ္ဌိကိုပဲ ယူရမယ်လို့ပြောကြတယ်။

တကယ်တော့ ရုပ်နာမ်ကိုငါဆိုတဲ့ အစွဲကြီး

http://www.dhammadownload.com



နဲ့တရားရှုနေသ၍ မင်္ဂဖိုလ်ကို မရနိုင်ပါဘူး၊ ရုပ်နာမ်ကို ငါစွဲကြီးနဲ့ရှုနေတဲ့ ဝိပဿနာကို ဒုဗ္ဗလဝိပဿနာလို့ ခေါ်တယ်။ အားနည်းတဲ့ဝိပဿနာပေါ့။ ဒီဝိပဿနာဟာ မင်္ဂဖိုလ်ကို မရနိုင်ဘူး။ ငါစွဲကို အသိနဲ့ဖြုတ်ပြီး ပွားများတဲ့ ဝိပဿနာကိုတော့ ဗလဝဝိပဿနာလို့ခေါ်တယ်၊ မင်္ဂဖိုလ်ရနိုင်တဲ့ ဝိပဿနာပေါ့။

ဒါကြောင့်ဝိသုဒ္ဓိမဂ်၊ အဋ္ဌကထာ၊ ၂။ ၂၆၃ မှာ
သင်္ခါရာဝသင်္ခါရေဝိပဿန္တိသမ္မသန္တိ။
ဝဝတ္ထပေန္တိ၊ ပရိဂ္ဂဏှန္တိ၊ ပရိစ္ဆိန္ဒန္တိ။
သင်္ခါရတရားတို့က သင်္ခါရတရားတို့ကို ဝိပဿနာရှုကြ၏။ သုံးသပ်ကြ၏။ ပိုင်းခြားကြ၏။ သိမ်းဆည်းကြ၏။ ပိုင်းဖြတ်ကြ၏။

အဲဒီလိုငါစွဲဖြုတ်ထားပြီး သင်္ခါရတရားက သင်္ခါရတရားကို ဝိပဿနာရှုတယ်လို့ အမြင်ရှင်းမှ မင်္ဂဖိုလ်ကို ရနိုင်ကြောင်း ဖွင့်ပြထားတယ်၊ ငါကဝိပဿနာ ရှုတယ်လို့အယူမှားနေသ၍ တရားမရနိုင်ဘူးလို့ သိထားပေ့၊ ဒါကြောင့် သက္ကာယဒိဋ္ဌိ ကြီးရှိနေသ၍ မင်္ဂဖိုလ်မရနိုင်လို့မှတ်ပေ့။

"ကိလေသာဆယ်ပါးထဲမှာ ကြောက်စရာအကောင်းဆုံးဟာ ဒိဒိဋ္ဌိကိလေသာပဲ၊ ဘာကြောင့်လဲ ဆိုတော့ မင်္ဂဖိုလ်မရအောင်တားမြစ်တာ၊ အပါယ်လေးပါးသို့ဆွဲချတာဟာ သူချည်းဖြစ်နေလို့ပဲ၊ ဒါကြောင့် ပရမတ္တဒီပနီဋီကာမှာ

http://www.dhammadownload.com



သဗ္ဗာနိစ အပါယဂါမိ ကမ္မာနိနာမ
အတ္တဒိဋ္ဌိယာ သတိယာဝေ ဝိပစ္စန္တိ၊
အသတိယာ နဝိပစ္စန္တိ၊

လို့ ရေးသားထားတာပေါ့၊ အဓိပ္ပါယ်က အကုသိုလ်အား လုံးဟာ အတ္တဒိဋ္ဌိရှိမှသာ အပါယ်လေးပါးကိုချနိုင်တာ၊ အတ္တဒိဋ္ဌိမရှိရင် အပါယ်လေးပါးကိုမချနိုင်ဘူးတဲ့၊ ဋီကာတစ်ခုမှာ ဒိဋ္ဌိကိလေသာကို ပုတီးကုံးရဲ့ကြိုးနဲ့ ဥပမာ ပေးထားတယ်။ ပုတီးလုံး(၁ဝ၈)လုံးမှာ ဘယ်ပုတီး လုံးကိုဆွဲဆွဲ တစ်တွဲလုံးပါလာမှာပဲ၊ ဘာကြောင့်လဲ ဆိုတော့ ကြိုးစပါနေလို့တဲ့ ''

''ဒီဥပမာနကို ဥပမေယျနဲ့ ဟပ်ကြည့်လိုက်ရင် ပုထုဇဉ်လူသားရဲ့ ခန္ဓာဟာ ပုတီးကုံးနဲ့တူတယ်၊ ကြိုးစဟာ ဒိဋ္ဌိကိလေသာနဲ့တူတယ်၊ ပုတီးလုံးတွေက ကြွင်းတဲ့ ကိလေသာ ကိုးပါးနဲ့တူတယ်၊ ကြိုးစရှိနေရင်ဘယ်ပုတီးလုံး ကိုဆွဲဆွဲ တစ်ကုံးလုံးပါလာသလို၊ ရုပ်နာမ်ကို ငါလို့ အယူမှားတဲ့ ဒိဋ္ဌိရှိနေရင် လောဘ၊ ဒေါသ၊ မောဟ ဘယ်ကိလေသာနဲ့သေသေ အပါယ်ကျတာပဲ''

## ''မိတ်ဆွေနှင့်ရန်သူ''

ဒီနေရာမှာ မိတ်ဆွေနဲ့ရန်သူဆိုတဲ့ အတွေးအခေါ် လေးတစ်ခုကို ပြောပြချင်တယ်၊ မိမိသန္တာန်မှာ ဒိဋ္ဌိ ကိလေသာကြီးရှိ နေမယ်ဆိုရင် မိမိနဲ့ပတ်သက်သမျှ

http://www.dhammadownload.com



သက်ရှိသက်မဲ့ အရာဝတ္ထု အားလုံး မိမိရဲ့ရန်သူချည်းပဲ၊ ဘာကြောင့်လဲ ဆိုတော့ ဘယ်အရာဝတ္ထုကို စွဲလမ်း စွဲလမ်း အပါယ်လေးပါးကျနိုင်လို့ပဲ''

''မိမိသန္တာန်မှာ ဒိဋ္ဌိကိလေသာကြီးမရှိတော့ဘူး ဆိုရင် မိမိနဲ့ပတ်သက်သမျှအရာဝတ္ထုအားလုံးဟာ မိမိရဲ့ မိတ်ဆွေချည်းပဲ၊ ဘာကြောင့်လည်းဆိုတော့ ဘယ်အရာ ဝတ္ထုကို စွဲလမ်းစွဲလမ်း အပါယ်လေးပါးကိုမကျနိုင်တော့ လို့ပဲ၊ ပုံစံလေးပြမယ်။ ဗုဒ္ဓလက်ထက်က တိဿအမည် ရှိတဲ့ ရဟန်းတစ်ပါးဟာ သင်္ကန်းလေးတစ်စုံကို စွဲလမ်း တဲ့လောဘနဲ့ သေခဲ့လို့ သင်္ကန်းခေါက်ထဲမှာ (၇)ရက် တိတိ သန်းကြီးတစ်ကောင်ဖြစ်ခဲ့ရတယ်''

'' အနာထပိဏ်တို့၊ ဝိသာခါတို့၊ ဗိမ္ဗိသာရ မင်းကြီးတို့ကျတော့ သားသမီးတွေ၊ မယားတွေ၊ လင်တွေ၊ စည်းစိမ်ဥစ္စာတွေနဲ့ နေကြပေမယ့် တစ်ယောက်မှအပါယ် မကျပါဘူး၊ တိဿရဟန်းကျတော့ သင်္ကန်းလေးတစ်စုံ စွဲလမ်းတဲ့ လောဘကအပါယ်ချနိုင်ပြီး အနာထပိဏ်တို့၊ ဝိသာခါတို့၊ ဗိမ္ဗိသာရတို့ကျတော့ သားတွေ၊ မယားတွေ၊ လင်တွေ၊ ဥစ္စာစည်းစိမ်တွေစွဲလမ်းတဲ့ လောဘက ဘာကြောင့် အပါယ်မချနိုင်ရတာလဲဆိုရင် တိဿရ ဟန်းက ဒိဋ္ဌိကိလေသာရှိနေပြီး အနာထပိဏ်တို့၊ ဝိသာခါတို့၊ ဗိမ္ဗိသာရတို့က ဒိဋ္ဌိကိလေသာမရှိလို့,လို့ ပြောရမှာပေါ့''

သန်း လောဘချင်းတူရဲ့သားနဲ့ တိဿရဟန်းရဲ့ လောဘကသာ

http://www.dhammadownload.com



အပါယ်ကိုဆွဲချပြီး၊ အနာထပိဏ်တို့သုံးဦးရဲ့ သန္တာန်မှာဖြစ်တဲ့ လောဘကျတော့ အပါယ်မချနိုင်ပုံကို လူတိုင်းနားလည်အောင် ဥပမာတစ်ခုနဲ့ရှင်းပြပါဦးဘုရား''

နုပ် မင်းပိန်းရိုးဟင်းချိုသောက်ဖူးတယ်မဟုတ်လား။

သန်း သောက်ဘူးပါတယ်ဘုရား။

နုပ် ပိန်းက အယဉ်၊ အရိုင်းလို့နှစ်မျိုးရှိတယ်၊ အယဉ်မရှိတဲ့နေရာမှာတော့ အရိုင်းကိုပဲ ဟင်းချိုချက်သောက်ရတယ်၊ ပိန်းရိုင်းကိုဟင်းချိုချက်ချင်ရင် သုံးလေးခါလောက် ရေနဲ့ပြုတ်ပစ်ပြီး အယားဓာတ်ကိုဖျောက်ရတယ်၊ အယားဓာတ်ကိုဖျောက်ထားတဲ့ ပိန်းရိုးရယ်၊ မဖျောက်ရသေးတဲ့ပိန်းရိုးရယ်ဟာ အပေါ်ယံကြည့်ရင်တော့ အတူတူပဲပေါ့။ ဒါပေမဲ့ ဟင်းချိုချက်ပြီးသောက်ကြည့်တဲ့အခါ အယားဓာတ်မဖျောက်ရသေးတဲ့ ပိန်းရိုးဟင်းချိုက တစ်ဇွန်းသောက်မိတာနဲ့ တစ်ကိုယ်လုံးယားတာပဲ၊ အယားဓာတ်ဖျောက်ပြီးတဲ့ ပိန်းရိုးဟင်းချိုကတော့ လုံးဝမယားတော့ဘူး၊ သောက်လို့တအားကောင်းတယ်၊ ပိန်းအယဉ်ထက်တောင် ပိုချိုသေးသတဲ့။

ဒီနေရာမှာလည်း ပုထုဇဉ်နဲ့ သောတာပန်မှာ လောဘကိလေသာရှိနေတာချင်းတော့တူတယ်၊ ဒါပေမယ့် သောတာပန် သန္တာန်မှာဖြစ်တဲ့ လောဘက အပါယ်ကျစေတဲ့ဓာတ် မရှိတော့ဘူး။ ပုထုဇဉ်သန္တာန်မှာဖြစ်တဲ့ လောဘကတော့ အပါယ်ကျစေတဲ့ ဓာတ်ရှိသေးတယ်လို့ ခွဲမှတ်ပေါ့။

http://www.dhammadownload.com



နောက်ဥပမာတစ်ခုထပ်ပေးရရင် မန်ကျည်းပင်က မန်ကျည်းသီးတွေ ကြွေကျတဲ့အခါ မြေနဲ့ရေရဲ့ အထောက်အပံ့ကိုရတာနဲ့ တစ်ချို့အစေ့ကအပင်ပေါက်တယ်၊ တစ်ချို့အစေ့ကအပင်မပေါက်ဘူး။ အပင်ပေါက်တာက ပိုးထိုးမခံရတဲ့မျိုး စေ့ပေါ့၊ အပင်မပေါက်တာကတော့ ပိုးထိုးခံရတဲ့မျိုးစေ့ပေါ့။

ဒီအတိုင်းပဲ ပုထုဇဉ်သန္တာန်မှာဖြစ်တဲ့လောဘ၊ ဒေါသစတဲ့ ကိလေသာ တွေဟာပိုးထိုးမခံရတဲ့ မျိုးစေ့တွေလို ဖြစ်လို့အပါယ်ခန္ဓာပင်တွေ ပေါက်တာပေါ့။ သောတာပန်သန္တန်မှာဖြစ်တဲ့ လောဘ၊ ဒေါသစတဲ့ ကိလေသာတွေကတော့ ပိုးထိုးခံရ တဲ့မျိုးစေ့တွေလိုဖြစ်လို့ အပါယ်ခန္ဓာပင်တွေမပေါက်တော့တာပေါ့။

သန်း သဘောပေါက်ပါပြီဘုရား။ ဒါဆိုရင်ပတ်ဝန်းကျင်မှာရှိတဲ့ သက်ရှိ သက်မဲ့အားလုံး မိမိရဲ့မိတ်ဆွေဖြစ်ဖို့ဆိုရင် ဒိဋ္ဌိကိလေသာကြီးအမြစ်ပြတ် ပယ်ပျောက်အောင် ဝိပဿနာတရားကို နာကြားရှုပွားဖို့လိုတာပေါ့ဘုရား။

နုပ် မှန်တာပေါ့၊ ဒီအချက်ကိုဗုဒ္ဓဘာသာအားလုံး သေသေချာချာ သိစေချင်တယ်၊ ကိလေသာဆယ်ပါးထဲမှာ ဒိဋ္ဌိကိလေသာကို ဝိပဿနာပညာ၊ မဂ်ပညာနဲ့ အရင်ဆုံးပယ်သတ်ရတယ်၊ နောက်မှလောဘစတဲ့ ကိလေသာတွေကိုပယ်သတ်ရတယ်၊ ဒိဋ္ဌိကိုအရင်မသတ်ဘဲ လောဘစတဲ့ကိလေသာတွေကို ပယ်သတ်လို့မရဘူး။ ဒါကြောင့် မိုးညှင်းဆရာတော်ဘုရားကြီးက

http://www.dhammadownload.com



ဒိဋ္ဌိမသတ်၊ တဏှာသတ်၊
မပြတ်သံသရာ၊
တဏှာမသတ်၊ ဒိဋ္ဌိသတ်၊
အပြတ်သံသရာ
လို့ဆိုးမခဲ့တာပေါ့။

**သန်း** ဒါဆိုရင် တပည့်တော်တို့မှာရှိနေတဲ့ သက္ကာယဒိဋ္ဌိ ကိလေသာကို ပယ်သတ်နိုင်မယ့် ဝိပဿနာပညာကို ဆက်လက်ဟောကြားပေးပါဘုရား။

**နုပ်** သက္ကာယဒိဋ္ဌိကို ပယ်သတ်တော့မယ်ဆိုရင် ဒီသက္ကာယ ဒိဋ္ဌိ ရဲ့အဓိပ္ပါယ်ကို အရင်သိအောင်လုပ်ရမယ်၊ သက္ကာယ ဆိုတာထင်ရှားရှိတဲ့ ခန္ဓာငါးပါးကိုပြောတာ၊ ဒိဋ္ဌိဆိုတာ ငါလို့ အယူမှားတာကိုပြောတာ၊ နှစ်ခုပေါင်းလိုက်တော့ ခန္ဓာငါးပါးကို ငါလို့အယူမှားတာကို သက္ကာယဒိဋ္ဌိလို့ ခေါ်တာပါပဲ ဒီသက္ကာယဒိဋ္ဌိက အမျိုးအစားနှစ်ဆယ်ရှိတယ်၊

လူတစ်ယောက်မှာတော့ တစ်မျိုးသာရှိနိုင်တာ ပေါ့၊ ဒါပေမဲ့ ဘယ်သက္ကာယဒိဋ္ဌိရှိရှိ အပါယ်ကျနိုင် သေးတာပဲ၊ သက္ကာယဒိဋ္ဌိနှစ်ဆယ်နဲ့ ပယ်သတ်ပုံကို နောက်အပါတ်မှ ဆက်ကြရအောင်။

## ဓမ္မသဘာဝ

## သညာ၊ စိတ်၊ ပညာ

သညာသည် တွယ်တတ်၊ နှစ်ကျွံတတ်သည်။

http://www.dhammadownload.com



စိတ်သည်ဖယ်တတ်သည်၊ မ–ပယ်တတ်။
ပညာသည်ပယ်တတ်သည်၊ မ–ဖယ်တတ်
ဖယ်မှုသည်ကြောင့်ကြစိုက်ရသော အလုပ်ဖြစ်၏
ပယ်မှုသည် ကြောင့်ကြမစိုက်ရသော အလုပ်ဖြစ်၏
ဖယ်မှုနောက်က ငါသုံးပါးပါလာတတ်၏
ပယ်မှုနောက်က ငါမပါဘဲ ပယ်မှုသာပါ၏
ဖယ်မှုတွင် ဝီရိယ၊ သီလ၊ သမာဓိတို့ပါကြအားများကြ၏
ပယ်မှုတွင်သမာဓိနှင့်ပညာတို့ ညီညွတ်ကြပြီး ပညာအားများ၏
သီလနှင့်သမာဓိတို့သည် တွယ်မှုကိုဖယ်သော အလုပ်ကိုလုပ်ကြ၏။
ပညာသည်တွယ်ခွင့်မရအောင် ပယ်သောအလုပ်ကိုလုပ်၏
ဖယ်မှုသည် ကာလသုံးပါးအတွင်းမှာ ဖြစ်သည်
ပယ်မှုသည် ကာလသုံးပါးမှ လွတ်၍ဖြစ်သည်
ဖယ်မှုအခိုက် ပရိယတ်နှင့် သမထအလုပ်ဝင်သည်
ပယ်မှုအခိုက် ပဋိပတ်နှင့် ပဋိဝေဓအလုပ်ဝင်သည်
ဝိပဿနာဖြစ်လိုလျှင် ပယ်မှုအဆင့်သို့ရောက်ပါစေ။
**(မှတ်ချက်– စိတ်နှင့်ပညာအရ ပဋိပတ်လာစိတ်နှင့်ပညာကို ဆိုသည်)။**

**သံလျင်တောရဆရာတော်၏ ဝိပဿနာဘုံသွား–ဥဒ္ဓေလှေခါးကျမ်း စာမျက်နှာ (၁၂၀) မှ**

သန်း သက္ကာယဒိဋ္ဌိနှစ်ဆယ်ကို အမိန့်ရှိပါဘုရား
နုပ် ၁/ ရူပက္ခန္ဓာသည် ငါဟုတ်၏၊

http://www.dhammadownload.com



၂/ ငါသည် ရူပက္ခန္ဓာဟုတ်၏။
၃/ ရူပက္ခန္ဓာထဲ၌ ငါရှိ၏။
၄/ ငါထဲ၌ ရူပက္ခန္ဓာရှိ၏။
ဖောက်ပြန်သော ရုပ်အပေါင်းအစုဟာ ငါ။
ငါဟာဖောက်ပြန်သော ရုပ်အပေါင်းအစု။
ဖောက်ပြန်သော ရုပ်အပေါင်းအစုထဲ၌ငါရှိ၏။
ငါထဲ၌ ဖောက်ပြန်သောရုပ်အပေါင်းအစု ရှိ၏။
၅/ ဝေဒနက္ခန္ဓာသည် ငါဟုတ်၏။
၆/ ငါသည် ဝေဒနက္ခန္ဓာဟုတ်၏။
၇/ ဝေဒနက္ခန္ဓာထဲ၌ ငါရှိ၏။
၈/ ငါထဲ၌ဝေဒနက္ခန္ဓာရှိ၏
အာရုံ၏အရသာကိုခံစားသောအပေါင်းအစုသည်
ငါဟုတ်၏။
ငါသည် ခံစားသောအပေါင်းအစုဟုတ်၏။
ခံစားသောအပေါင်းအစုထဲ၌ ငါရှိ၏။
ငါထဲ၌ ခံစားသောအပေါင်းအစုရှိ၏။
၉/ သညက္ခန္ဓာသည် ငါဟုတ်၏။
၁၀/ ငါသည် သညက္ခန္ဓာဟုတ်၏။
၁၁/ သညက္ခန္ဓာထဲ၌ငါရှိ၏။
၁၂/ ငါထဲ၌ သညက္ခန္ဓာရှိ၏။
အာရုံကိုမှတ်သားသော အပေါင်းအစုသည်
ငါဟုတ်၏။
ငါသည် မှတ်သားသော အပေါင်းအစုဟုတ်၏။
မှတ်သားသော အပေါင်းအစုထဲ၌ ငါရှိ၏။
ငါထဲ၌ မှတ်သားသော အပေါင်းအစုရှိ၏။

http://www.dhammadownload.com



၁၃/ သင်္ခါရက္ခန္ဓာသည် ငါဟုတ်၏။
၁၄/ ငါသည် သင်္ခါရက္ခန္ဓာဟုတ်၏။
၁၅/ သင်္ခါရက္ခန္ဓာထဲ၌ ငါရှိ၏။
၁၆/ ငါထဲ၌ သင်္ခါရက္ခန္ဓာရှိ၏။

အာရုံ၏အရသာကို ကြည့်ရှု၍ နားထောင်ခံစားရန် တိုက်တွန်းနှိုးဆော်သော အပေါင်းအစုသည် ငါဟုတ်၏။

ငါသည် တိုက်တွန်းနှိုးဆော်သော အပေါင်းအစုဟုတ်၏။

တိုက်တွန်းနှိုးဆော်သော အပေါင်းအစု၌ ငါရှိ၏။
ငါထဲ၌ တိုက်တွန်းနှိုးဆော်သော အပေါင်းအစုရှိ၏။

၁၇/ ဝိညာဏက္ခန္ဓာသည် ငါဟုတ်၏။
၁၈/ ငါသည် ဝိညာဏက္ခန္ဓာဟုတ်၏။
၁၉/ ဝိညာဏက္ခန္ဓာထဲ၌ ငါရှိ၏။
၂၀/ ငါထဲ၌ ဝိညာဏက္ခန္ဓာရှိ၏။

အာရုံကိုသိသော အပေါင်းအစုသည် ငါဟုတ်၏။
ငါသည် အာရုံကိုသိသော အပေါင်းအစုဟုတ်၏။
အာရုံကိုသိသော အပေါင်းအစုထဲ၌ ငါရှိ၏။
ငါထဲ၌အာရုံကိုသိသော အပေါင်းအစုရှိ၏။
အဲဒါ သက္ကာယဒိဋ္ဌိနှစ်ဆယ်ပဲ။

သန်း  အပေါင်းအစုဆိုတာ ဘယ်ပါဠိရဲ့ အဓိပ္ပါယ်လဲဘုရား။

နုပ်  ခန္ဓသဒ္ဒါရဲ့ အဓိပ္ပာယ်ပဲ၊ ခန္ဓသဒ္ဒါဟာအပေါင်းအစုကို ဟောတယ်၊

ရုပ် ၁၁ မျိုးကိုပေါင်းထားလို့ ရူပက္ခန္ဓာခေါ်တယ်၊

http://www.dhammadownload.com



ဝေဒနာ ၁၁ မျိုးကိုပေါင်းထားလို့ ဝေဒနာက္ခန္ဓာခေါ်တယ်၊
သညာ ၁၁ မျိုးကို ပေါင်းထားလို့ သညာက္ခန္ဓာခေါ်တယ်၊
သင်္ခါရ (စေတနာ) ၁၁ မျိုးကိုပေါင်းထားလို့
သင်္ခါရက္ခန္ဓာခေါ်တယ်။
ဝိညာဏ် (၁၁) မျိုးကို ပေါင်းထားလို့ ဝိညာဏက္ခန္ဓာ
ခေါ်တယ်။
ရုပ် ၁၁ မျိုးဆိုတာ
အတိတ်ရုပ်၊ အနာဂတ်ရုပ်၊
ပစ္စုပ္ပန်ရုပ်၊ အတွင်း(အဇ္ဈတ္တ) ရုပ်၊
အပြင်(ဗဟိဒ္ဓ)ရုပ်၊ ကြမ်းတမ်းသော(ဩဠာရိက)ရုပ်
နူးညံ့သော (သုခုမ)ရုပ်၊ ယုတ်ညံ့သော (ဟီန) ရုပ်
မြင့်မြတ်သော(ပဏီတ)ရုပ်၊ ဝေးသော (ဒူရ) ရုပ်
နီးသော(သန္တိကေ) ရုပ်တို့ပဲ။ ဝေဒနာ(၁၁)မျိုး၊
သညာ(၁၁)မျိုးတို့ကိုလည်း ဒီအတိုင်းနည်းမှီ ပြီးသိပေါ့။

**သန်း** အတွင်းရုပ်၊ အပြင်ရုပ်၊ ကြမ်းတမ်းသောရုပ်၊ နူးညံ့သောရုပ်၊ ယုတ်ညံ့သောရုပ်၊ မြင့်မြတ်သောရုပ်၊ ဝေးသောရုပ်၊ နီးသောရုပ်လို့ဘာကြောင့် ခေါ်ရတာလဲဘုရား။

**နုပ်** စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒ ရုပ်ငါးမျိုးကို ခန္ဓာအတွက် ကျေးဇူးများတဲ့အတွက်ကြောင့် အတွင်းရုပ်လို့ခေါ်တယ်၊ ကျန်တဲ့ရုပ် ၂၃ပါးကိုတော့ ပသာဒရုပ်ငါးခုလောက် ခန္ဓာအပေါ်ကျေးဇူးမများတဲ့အတွက် အပြင်ရုပ်လို့ခေါ်တယ်။ ပသာဒရုပ် ငါးပါး၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊

http://www.dhammadownload.com



ပထဝီ၊ တေဇော၊ ဝါယောဆိုတဲ့ အတွေ့အထိရုပ် စုစုပေါင်း ၁၂ ပါးကို ဉာဏ်နဲ့သိလွယ်တဲ့အတွက် ဩဠာရိက ကြမ်းတမ်းသောရုပ်လို့ခေါ်တယ်၊ ကျန်တဲ့ သုခုမရုပ် ၁၆ပါးကတော့ ဉာဏ်နဲ့သိဖို့ခက်တဲ့အတွက် နူးညံ့သောရုပ်လို့ခေါ်တယ်၊

သန်း နူးညံ့သောရုပ်၁၆ပါးကို သေချာသိချင်သေးတယ်ဘုရား၊

နုပ် သုခုမရုပ် ၁၆ ပါးက

အာပေါ = ယိုစီးသဘော၊ ဖွဲ့စည်းသဘော

ဣတ္ထိန္ဒြေ= မိန်းမဟုသိကြောင်း ဣတ္ထိဘာဝရုပ်

ပုရိသိန္ဒြေ= ယောကျာ်းဟုသိကြောင်း ပုရိသဘာဝရုပ်

ဟဒယရုပ်= နှလုံးသွေး

ဇီဝိတရုပ်= ကျန်ရုပ်တို့ကို စောင့်ရှောက်သောရုပ် (ရုပ်သက်)

အာဟာရရုပ်= ဆောင်တတ်သောရုပ်

ပရိစ္ဆေဒရုပ်= ကလာပ်စည်းများကို ပိုင်းခြားပေးသောရုပ် ( အာကာသဓါတ်လည်းခေါ် )

ကာယဝိညတ်= ကိုယ်အမူအရာရုပ်

ဝစီဝိညတ်= နှုတ်အမူအရာရုပ်

ရူပဿလဟုတာ= ပေါ့ပါးရွှင်လန်းသောရုပ်

ရူပဿမုဒုတာ= နူးညံ့ပျော့ပျောင်းသောရုပ်

ကမ္မညတာ= အမှုဥ္စခန့်ငြားသောရုပ်

ဥပစယ= စ၍ဖြစ်သောရုပ်

သန္တတိ= ဆက်၍ဖြစ်သောရုပ်

http://www.dhammadownload.com



ဇရတာ= ရင့်ရော်သောရုပ်
အနိစ္စတာ= မမြဲသောရုပ်တို့-ပဲ

သန်း မြင့်မြတ်သောရုပ် ယုတ်ညံ့သောရုပ်တို့ရဲ့အဓိပ္ပါယ်ကို ဆက်ပါဦးဘုရား။

နုပ် လူ၊ နတ်၊ ဗြဟ္မာတွေရဲ့ ရုပ်သို့မဟုတ် ကုသိုလ်စိတ်ပေါ် သခိုက်မှာဖြစ်တဲ့ရုပ်ကို မြင့်မြတ်သောရုပ်လို့ခေါ်တယ်၊ အပါယ်ဘုံသားတွေရဲ့ ရုပ်၊ သို့မဟုတ် အကုသိုလ်စိတ်ပေါ် သခိုက်မှာဖြစ်တဲ့ရုပ်ကို ယုတ်ညံ့သော ရုပ်လို့ခေါ်တယ်။

သုခုမ ရုပ် ၁၆ ပါးကိုပဲသိဖို့ ခဲယဉ်းတဲ့အတွက် ကြောင့် ဝေးသောရုပ်လို့ခေါ်တယ်။ ဩဠာရိကရုပ် ၁၂ ပါးကိုပဲ ဉာဏ်နဲ့ယူ ဖို့လွယ်တဲ့အတွက်ကြောင့် နီးသော ရုပ်လို့ခေါ်တယ်၊ခန္ဓာအဓိပ္ပါယ်သိပြီးတဲ့နောက် သက္ကာယဒိဋ္ဌိ ခွာပုံဆက်ကြရအောင်။ အာရုံနဲ့ဒွါရ တိုက်မှုကြောင့် ခန္ဓာ ဖြစ်ပုံခြောက်မျိုးထဲက တစ်မျိုးလောက်ကိုပဲ သေချာ ပြောပြမယ်။

ကျန်တဲ့ ငါးမျိုးကိုတော့ ကိုယ့်ဖာသာအကျယ် ချဲ့သိပေါ့။ မင်းအခုလမ်းမကိုလှမ်းကြည့်တော့ မိန်းကလေး တစ်ယောက်ကို မြင်တယ်၊ မိန်းကလေးက အဆင်းရုပ်၊ မင်းရဲ့မျက်စေ့ထဲက မျက်စိအကြည်ရုပ်၊ ဒီရုပ်နှစ်ခု တိုက်မိတော့ မြင်သိစိတ်နဲ့တကွ စေတသိက် (၇) လုံးပေါ် တယ်၊ အဲဒီအချိန်မှာ ခန္ဓာငါးပါးဖြစ်ပျက်သွားတာပဲ။ ပညတ်ပရမတ်ခွဲရင် မိန်းကလေးက ပညတ်၊မြင်ရတဲ့ သဘောတရားအဆင်းရုပ်က ပရမတ်၊ မျက်လုံးကြီး

http://www.dhammadownload.com



ကပညတ်၊ အဆင်းရိပ်က ထင်တဲ့သဘောတရားလေးက ပရမတ်၊ အဲဒီသဘော တရားရုပ်နှစ်ခုကို ရူပက္ခန္ဓာလို့ ခေါ်တယ်၊ ပျက်တယ်ဆိုတာ အဲဒီ သဘောတရား ရုပ်ကလေးက ပျက်တာ၊ ကဲမင်းစဉ်းစားပြီးဖြေကြည့် အဲဒီ ရူပက္ခန္ဓာဟာ ငါဟုတ်သလား။

သန်း မဟုတ်ပါဘုရား။

နုပ် ငါကရော ရူပက္ခန္ဓာဟုတ်သလား။

သန်း မဟုတ်ပါဘုရား။

နုပ် ရူပက္ခန္ဓာထဲမှာရော ငါရှိသလား။

သန်း မရှိပါဘုရား။

နုပ် ငါထဲမှာရော ရူပက္ခန္ဓာရှိသလား။

သန်း မရှိပါဘုရား။

နုပ် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ ပရမတ်တရား လေးပါးထဲမှာ ငါဆိုတာပါသလား။

သန်း မပါပါဘုရား။

နုပ် မပါရင် ငါဆိုတာ ပရမတ်လား၊ပညတ်လား။

သန်း ပညတ်ပါဘုရား။

နုပ် ပညတ်ဆိုရင် ရှိတဲ့တရားလား မရှိတဲ့တရားလား။

သန်း မရှိတဲ့တရားပါဘုရား။

နုပ် အေး သမ္မာဒိဋ္ဌိနဲ့ မိစ္ဆာဒိဋ္ဌိဆိုတာ ဒီနေရာမှာကွဲသွား တာပဲ တကယ်မရှိတဲ့ငါကိုရှိတယ်လို့ ယူဆရင်တကယ် ရှိတဲ့ ရူပက္ခန္ဓာကို မရှိဘူးလို့ယူဆရင် မိစ္ဆာဒိဋ္ဌိပဲတကယ် မရှိတဲ့ ငါကို တကယ်မရှိဘူးလို့ သိသွားရင် တကယ်ရှိတဲ့

http://www.dhammadownload.com



ရူပက္ခန္ဓာကို တကယ် ရှိတယ်လို့ ယူဆရင် သမ္မာဒိဋ္ဌိပဲ။ သောတာပတ္တိမဂ်ဉာဏ် ဝိပဿနာဉာဏ်တစ်ခုခုမှ မရှိသေးရင် သမ္မာဒိဋ္ဌိ မဖြစ်သေးဘူးလို့သိပါ။

ဒါက ရူပက္ခန္ဓာပေါ်မှာ အယူမှားတဲ့ သက္ကာယဒိဋ္ဌိကို အသိနဲ့ပယ်သတ်လိုက်တာပဲ။ ဝိညာဏက္ခန္ဓာပေါ်မှာ အယူမှားတဲ့ သက္ကာယဒိဋ္ဌိကိုလည်း ပယ်သတ်ကြဦးစို့၊ မျက်စိအကြည်ရုပ်နဲ့ အဆင်းရုပ်တိုက်မိတဲ့အခါ မိန်းကလေးပဲလို့သိတဲ့ စက္ခုဝိညာဏ် စိတ်ကလေးပေါ်လာတယ်၊ သူ့ကိုစိတ်တရားဖြစ်လို့ ဝိညာဏက္ခန္ဓာ ဖွဲ့ရတယ်၊ မိန်းကလေးပဲလို့သိတဲ့ ဝိညာဏက္ခန္ဓာဟာ ငါဟုတ်သလား။

သန်း မဟုတ်ပါဘုရား။

နုပ် ငါဆိုတာကရော အာရုံကိုသိတဲ့ ဝိညာဏက္ခန္ဓာဟုတ်သလား။

သန်း မဟုတ်ပါဘုရား။

နုပ် ဝိညာဏက္ခန္ဓာထဲမှာရော ငါရှိသလား။

သန်း မရှိပါဘုရား။

နုပ် ငါထဲမှာရော ဝိညာဏက္ခန္ဓာ ရှိသလား။

သန်း မရှိပါဘုရား။

နုပ် ဒါဆိုရင် ငါဆိုတာရှိတဲ့ တရားလား မရှိတဲ့တရားလား

သန်း မရှိတဲ့တရားပါဘုရား။

နုပ် ဒါဟာ ဝိညာဏက္ခန္ဓာပေါ်မှာ အယူမှားနေတဲ့ သက္ကာယဒိဋ္ဌိကို အသိနဲ့ဖြုတ်လိုက်တာပဲ။

နုပ် မိန်းကလေးဆိုတဲ့ အဆင်းရုပ်ကိုမြင်လိုက်တာနဲ့ မခံစား

http://www.dhammadownload.com



ဘူးလား။

သန်း ခံစားပါတယ်ဘုရား

နုပ် မြင်လိုက်တဲ့ အဆင်းအာရုံရဲ့ အရသာကိုခံစားတာဟာ ဝေဒနက္ခန္ဓာပဲ၊ ဒါကို အန္ဓပုထုဇဉ်က ငါကခံစားတာလို့အယူမှားတယ်။ ကဲဖြေကြည့် အဆင်းအာရုံရဲ့ အရသာကိုခံစားတဲ့ ဝေဒနက္ခန္ဓာဟာ ငါဟုတ်သလား။

သန်း မဟုတ်ပါဘုရား။

နုပ် ငါကရော ဝေဒနက္ခန္ဓာဟုတ်သလား။

သန်း မဟုတ်ပါဘုရား။

နုပ် ဝေဒနက္ခန္ဓာထဲမှာရော ငါရှိသလား။

သန် မရှိပါဘုရား။

နုပ် ငါထဲမှာရော ဝေဒနက္ခန္ဓာရှိသလား။

သန်း မရှိပါဘုရား။

နုပ် မိန်းကလေးကိုမြင်လိုက်တဲ့အခါ လှတဲ့မိန်းကလေးပဲ၊ အရုပ်ဆိုးတဲ့မိန်းကလေးပဲလို့ မှတ်သားတာဟာ သညာက္ခန္ဓပဲ၊ အန္ဓပုထုဇဉ်က ငါကမှတ်သားတာလို့ အယူမှားတယ်၊ သောတာပန်က သညာက္ခန္ဓာကမှတ်သားတာလို့ အယူမှန်တယ်။ ကဲ သက္ကာယဒိဋ္ဌိခွာကြဦးစို့၊ မှတ်သားတဲ့ သညာက္ခန္ဓာဟာ ငါဟုတ်သလား။

သန်း မဟုတ်ပါဘုရား။

နုပ် ငါကရော သညက္ခန္ဓာဟုတ်သလား။

သန်း မဟုတ်ပါဘုရား။

နုပ် လှပတဲ့ မိန်းကလေးပဲလို့ မှတ်သားတဲ့ သညက္ခန္ဓာထဲမှာ

http://www.dhammadownload.com



ရော ငါပါသလား။

သန်း မပါပါဘုရား။

နုပ် ငါထဲမှာရော သညာက္ခန္ဓာပါသလား။

သန်း မပါပါဘုရား။

နုပ် ဒီလောက်ဆိုရင် သညာက္ခန္ဓာပေါ်မှာ အယူမှားတဲ့ သက္ကာယဒိဋ္ဌိကြီးဟာ ထိုက်သလောက်အသိနဲ့ကွာသွားပြီ။ နောက်ဆုံး သင်္ခါရက္ခန္ဓာပေါ်မှာ အယူမှားတဲ့ သက္ကာယဒိဋ္ဌိကြီးကိုလည်း ဝိပဿနာအသိနဲ့ပယ်သတ်ကြဦးစို့၊ မိန်းကလေးကို စပြီးကြည့်ချင်တဲ့စိတ်ပေါ်အောင် တိုက်တွန်းတာ၊ ပြီးတော့ ဆက်ကြည့်ချင်စိတ်ပေါ်အောင် တိုက်တွန်းနှိုးဆော်တာဟာ သင်္ခါရက္ခန္ဓာပဲ။

သင်္ခါရက္ခန္ဓာအရထဲမှာ

ဖဿ= အာရုံကိုတွေ့ထိခြင်းသဘောတရား

စေတနာ= အာရုံကိုခံစားဖြစ်အောင် တိုက်တွန်းနှိုးဆော်သော သဘောတရား၊ ဧကဂ္ဂတာ= အာရုံ၌စူးစိုက်တည်ကြည်သော သဘောတရား ဇီဝိတိန္ဒြေ= နာမ်တရားတို့ကို မပျက်စီးအောင် စောင့်ရှောက်သော သဘောတရား (နာမ်ဇီဝိတ–နာမ်သက်)၊

မနသိကာရ=ကြည့်မယ် နားထောင်မယ်စသည်ဖြင့် နှလုံးသွင်းခြင်းသဘောတရား ငါးခုပါတယ်၊ ဒီငါးခုမှာ စေတနာက ဦးဆောင်တဲ့အတွက် သင်္ခါရက္ခန္ဓာကို မြန်မာပြန်တဲ့အခါ တိုက်တွန်းနှိုးဆော်ခြင်းလို့ ပြန်ရတာပါ။ မိန်းကလေးကိုကြည့်ဖြစ်အောင် တိုက်တွန်းတဲ့

http://www.dhammadownload.com



သင်္ခါရက္ခန္ဓာဟာ ငါဟုတ်သလား။
သန်း မဟုတ်ပါဘုရား။
နုပ် ငါကရော သင်္ခါရက္ခန္ဓာဟုတ်သလား။
သန်း မဟုတ်ပါဘုရား။
နုပ် သင်္ခါရက္ခန္ဓာထဲမှာရော ငါပါသလား။
သန်း မပါပါဘုရား။
နုပ် ငါထဲမှာရော သင်္ခါရက္ခန္ဓာပါသလား။
သန်း မပါပါဘုရား။
နုပ် ဒါဆိုရင် မြင်သခိုက်မှာ ခန္ဓာငါးပါးပဲရှိတယ်။ ငါဆိုတာ မရှိဘူးလို့ပြတ်ပြတ်သားသားသိလောက်ပြီ။ ကြားခိုက်၊ နံခိုက်၊ စားခိုက်၊ ထိခိုက်၊ တွေးကြံခိုက်မှာလည်း ဒီနည်းအတိုင်း ခန္ဓာငါးပါးသာရှိတယ် ငါဆိုတာ မရှိဘူးဆိုတာကို အကျယ်ချဲ့ပြီးသိပါ၊ ဒီသက္ကာယဒိဋ္ဌိကြီး အမြစ်ပြတ်ပယ် ပျောက်သွားပြီဆိုရင် နိဗ္ဗာန်သုံးမျိုးအနက်က ပထမ နိဗ္ဗာန်ကိုရတာပဲ။

## ပထမနိဗ္ဗာန်

ဒီနိဗ္ဗာန်သုံးမျိုးအဓိပ္ပါယ်ကို လယ်တီဆရာတော်က အနတ္တဒီပနီကျမ်းသစ်မှာ အပြည့်အစုံရေးထားတယ်၊ ဒီဆောင်းပါးမှာတော့ မင်းတို့ လူငယ်တွေ နားလည်အောင် သုတ္တန်ဝတ္ထုလေးတွေနဲ့ ပုံစံထိုးပြီးပြပေးမယ်၊ ပထမနိဗ္ဗာန်ကို နားလည်ဖို့အတွက်ဆိုရင် သံသရာသုံးမျိုးနဲ့ ဝဋ္ဋသုံးမျိုးကို အရင်သိထားရမယ်။

http://www.dhammadownload.com



သံသရာသုံးမျိုးက အောက်သံသရာ၊ အလယ်သံသရာ အထက်သံသရာတို့ပဲ၊ အောက်သံသရာဆိုတာ အပါယ်လေးဘုံကိုပြောတာ၊ အလယ်သံသရာဆိုတာ လူ့ဘုံ နတ်ဘုံကိုပြောတာ။ အထက်သံသရာဆိုတာ ဗြဟ္မာဘုံကိုပြောတာ၊ ဒီသံသရာသုံးမျိုးမှာလည်ဖို့အတွက် ဝဋ်သုံးမျိုးရှိရတယ်။

အပါယ်လေးဘုံလို့ခေါ်တဲ့ အောက်သံသရာမှာ လည်ဖို့အတွက် လိုအပ်တဲ့ ဝဋ်သုံးပါးက ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တို့ပဲ။ ကိလေသာဝဋ်အရ ရုပ်နာမ်ကို ငါလို့အယူမှားတဲ့ သက္ကာယဒိဋ္ဌိကိုယူရတယ်။ ကမ္မဝဋ်အရ အကုသိုလ်ဒုစရိုက်မှုတွေ ကျူးလွန်ခြင်းကိုယူရတယ်။ ဝိပါကဝဋ်အရ အပါယ်ခန္ဓာကိုယူရတယ်။

ဝဋ်သုံးပါးမှာ ကိလေသဝဋ်နဲ့ ကမ္မဝဋ်က အကြောင်းဝဋ်ဖြစ်ပြီး ဝိပါကဝဋ်က အကျိုးဝဋ်ဖြစ်တယ်၊ ကိလေသဝဋ် ကမ္မဝဋ်တို့ကြောင့် ဝိပါကဝဋ်ဖြစ်ရတယ်ပေါ့၊ မြန်မာလိုနားလည်အောင်ပြောရရင် ရုပ်နာမ်ကိုငါလို့အယူမှားတဲ့အတွက် ဒုစရိုက်တွေကိုပြုတယ်၊ ဒုစရိုက်တွေပြုတဲ့အတွက်ကြောင့် အပါယ်ကျတယ်လို့ဆိုလိုတာပေါ့။

အပါယ်ကျတယ်ဆိုတာ ဒုစရိုက်တွေပြုလို့ ဒုရာစာရတွေနဲ့ အသက်မွေးခဲ့လို့ပါ၊ ဒုစရိုက် ဒုရာစာရတွေဘာကြောင့် လုပ်မိသလဲဆိုရင် ရုပ်နာမ်ကို ငါလို့အယူမှားတဲ့အတွက်ပါ။

ငါမဟုတ်ဘူးဆိုတာကို ဝိပဿနာပညာ မဂ်ပညာတို့နဲ့ သိလိုက်တာနဲ့ မကောင်းမှုဒုစရိုက်တွေနဲ့လုပ်မကျွေးဖြစ်တော့ပါဘူး။ ဥပမာ ပေးရရင် ဘီလူးမကို လူမိန်းမထင်ပြီး မယားအဖြစ်ပေါင်းသင်းနေတဲ့ ယောက်ျားတစ်ယောက်ဟာ အပင်ပန်းခံ အဆင်း

http://www.dhammadownload.com



ရဲခံပြီး လုပ်ကိုင်ကျွေးမွေးတယ်၊ ကာလအတော်ကြီးကြာအောင် ပေါင်းသင်းလာတော့ ဘေးကဘီလူးမလို့ပြောတာကိုလည်း လက်မခံနိုင်ဘူးဖြစ်နေတယ်။

တစ်ရက်တော့ ဘေးကပြောလွန်းမကပြောတော့ လက်တွေ့လေ့လာကြည့်မယ်ဆိုပြီး ညမှာအိပ်ချင်ယောင်ဆောင်နေလိုက်တယ်။ သူ့အမျိုးသမီးဟာ သူအိပ်ပျော်နေပြီလို့ထင်သွားပြီး အိမ်ထဲက စိတ်ချလက်ချထွက်သွားတယ်၊ သူကနောက်ယောင်ခံလိုက်သွားတယ်၊ သင်္ချိုင်းကိုရောက်တာနဲ့ လူ့အသွင်ပျောက်ပြီးအစွယ်ပြူးပြူးနဲ့ဘီလူးမအသွင်ရောက်လာတယ်။

ပြီးတော့ မြေပုံထဲက လူသေတွေကို ဖော်စားတော့တာပေါ့၊ အဲဒီတော့မှ အမျိုးသားဟာ ဘီလူးမမှန်းကိုယ်တွေ့သိသွားပြီးခင်မင်တွယ်တာတဲ့စိတ်တွေအကုန်ပျောက်သွားတယ်၊ ဘီလူးမကိုထားခဲ့ပြီး တခြားနေရာကိုထွက်သွားတော့တာပေါ့။ ဒီဥပမာနကို ဥပ မေယျနဲ့ဟပ်လိုက်ရင် ဘီလူးမဟာ ခန္ဓာငါးပါးနဲ့တူတယ်။

အစွယ်ထွက်တာ၊ မျက်လုံးပြူးတာ၊ နဖူးမောက်တာ၊ နာယောင်ကောက်တာ၊ ဖနောင့်တိုတာတွေက အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့တူတယ်။ အမျိုးသားက ယောဂီနဲ့တူတယ်။ လူမဟုတ်ဘူး ဘီလူးမလို့ ကိုယ်တိုင်မြင်တွေ့လိုက်ရတဲ့အတွက် အပင်ပန်းခံလုပ်မကျွေး တော့ဘဲ စွန့်ခွာသွားသလို ငါမဟုတ်ဘူး ခန္ဓာငါးပါးပဲလို့ ကိုယ်တိုင်သိလိုက်ရတဲ့အတွက် ဒုစရိုက်မှုတွေ ဒုရာဇီဝမှုတွေပြုပြီး လုပ်မကျွေးတာနဲ့တူတယ်။

**သန်း။** ဒုစရိုက်နဲ့ ဒုရာဇီဝကိုခွဲပြပါဦးဘုရား၊ ပြီးတော့ ဒုစရိုက် ၁၀ပါးကိုပြောပြပါဦးဘုရား

http://www.dhammadownload.com



နုပ်။ ယုန်လေးတွေ သမင်လေးတွေ၊ ငှက်လေးတွေကို အပျော် လိုက်သတ်တာမျိုးကျတော့ ဒုစရိုက်လို့ခေါ်တယ်။ အသက် မွေးဝမ်းကျောင်းအတွက် သတ်တာမျိုးကျတော့ ဒုရာဇီဝ လို့ခေါ်တယ်။

ဒုစရိုက်ကဆယ်ပါးရှိတယ် ကာယဒုစရိုက် ၃ပါး၊ ဝစီ ဒုစရိုက်လေးပါး၊ မနောဒုစရိုက်သုံးပါးတို့ပဲ။ ကာယဒုစရိုက် သုံးပါးက

ပါဏာတိပါတ = သူ့အသက်သတ်ခြင်း
အဒိန္နာဒါန = သူတစ်ပါးဥစ္စာကိုခိုးယူခြင်း
ကာမေသုမိစ္ဆာစာရ= သူတစ်ပါးသားမယားကိုပြစ်မှားခြင်းတို့ပဲ။

ဝစီဒုစရိုက်လေးပါးက

မုသာဝါဒ = လိမ်ညာပြောခြင်း
ပိသုဏာဝါစာ = ကုန်းတိုက်စကားပြောခြင်း
ဖရုသဝါစာ = ရုန့်ရင်းကြမ်းတမ်းသော စကားကို ပြောခြင်း
သမ္ဖပ္ပလာပ = အကျိုးမရှိသောစကားကိုပြောခြင်းတို့ပဲ။

မနောဒုစရိုက်သုံးပါးက

အဘိဇ္ဈာ = သူတစ်ပါးဥစ္စာကို မတရားရရန်ကြံစည်ခြင်း။
ဗျာပါဒ = သူတစ်ပါးပျက်စီးရန် ကြံစည်ခြင်း
မိစ္ဆာဒိဋ္ဌိ = အယူမှားခြင်းတို့ပဲ။

http://www.dhammadownload.com



ဒီဒုစရိုက်ဆယ်ပါးကို မလုပ်ဘဲရှောင်ကြဉ်လိုက်ရင် သုစရိုက်ဆယ်ပါးဖြစ်သွားတာပဲ။

သန်း။ ဒါနဲ့ စကားမစပ် ဆရာတော် နှလုံး သုံးလုံးကစားနေကြတာတွေဟာ ဘယ်ဒုစရိုက်ထဲပါမလဲဘုရား။

နုပ်။ မနောဒုစရိုက်သုံးပါးထဲပါဖို့များတယ်။ အဖြစ်နိုင်ဆုံးကတော့ အဘိဇ္ဈာပေါ့။ တန်ရာတန်ကြေးအလုပ်ကိုမလုပ်ပဲဖြတ်လမ်းနည်းနဲ့ ငွေရဖို့ကြံစည်နေတယ်ဆိုကတည်းကနေ့တိုင်းစိတ်သန္တာန်မှာ အဘိဇ္ဈာအကုသိုလ်တွေ အမြဲတမ်းဖြစ်နေတာပေါ့။

ဒီနှစ်လုံး သုံးလုံးအလုပ်တွေကို ဘယ်သူမှမလုပ်သင့်ဘူး ရဟန်းတော်တွေကလည်း ဒကာ၊ဒကာမတွေကို ပြုပြင် ဆုံးမသင့်တယ်။ အခုတော့ တစ်ချို့သောရဟန်းတွေဟာ ဂဏန်းပေးပြီး ငွေရှာနေကြတာ သိပ်ဝမ်းနည်းစရာ ကောင်းသလို သိပ်ရှက်စရာလည်း ကောင်းတယ် ဒီလောင်းကစားဟာ လူ့ဘဝရဲ့ အားမာန်ဖြစ်တဲ့ဝီရိယဓာတ်ကို အမြစ်ပါမကျန် ပျက်စီးသွားစေတယ်။ ဒီလိုလောင်းကစားလုပ်ငန်းမျိုးတွေကို ဘုရင်ကိုယ်တိုင်ဦးစီးပြီးလုပ်ခဲ့တဲ့အတွက် အထက်မြန်မာပြည် မန္တလေးမြို့ကြီးဟာ ပျက်စီးလုနီးပါးဖြစ်ခဲ့ရတယ်။ မင်းတို့ခုခေတ်ကစားတဲ့နှစ်လုံး၊ သုံးလုံးက ခေတ်နောက်ကျနေသေးတယ်၊ သီပေါမင်းလက်ထက်က တစ်လုံးထိတောင်ကစားခဲ့ဘူးတယ်။

သန်း။ တစ်လုံးထိ ဟုတ်ရဲ့လား ဆရာတော်။

http://www.dhammadownload.com



နုပ် သိတ်ဟုတ်တာပေါ့။ မင်းအကျယ်ဖတ်ချင်ရင်တော့ ပါဠိ ဘာသာပြန်တဲ့ သီပေါရဲ့ မဟောသီဆိုတဲ့စာအုပ်ကို ဖတ်ကြည့်ပေါ့။ ဒီမှာ မှတ်မိသလောက်အကျဉ်းလေး ပြောပြမယ်၊ ဘုရင်နဲ့မိဖုရားကလည်း အသုံးအဖြုန်းကြီး၊ အခွန်အတုတ်တွေကလည်း မှန်ကန်စွာကောက်ခံခြင်း မရှိတော့ ဘုရင့်ဘဏ္ဍာငွေတွေနည်းလာတာပေါ့။

အဲဒီမှာပဲ အောင်ဘာလေတစ်လုံးထိဆိုတာ စတယ်။ သိတယ်မဟုတ်လား၊ ပုထုဇဉ်ဆိုတာ လောဘရဲ့ သားကောင်ချည်းပဲလေ၊ ဒါ့ကြောင့်တစ်လုံးထိဖွင့်တဲ့ အချိန်ကစပြီး အထက်မြန်မာပြည် တစ်ပြည်လုံး စီးပွားရေး အလုပ်၊ စိုက်ပျိုးရေးအလုပ်၊ မွေးမြူရေးအလုပ်ဘာမှ မလုပ်ကြတော့ဘူး အထက်မြန်မာပြည်တစ်ပြည်လုံးက လယ်သမားတွေ၊ ယာသမားတွေ၊ အလုပ်သမားတွေ အားလုံးဟာ ဘာအလုပ်မှမလုပ်ကြတော့ပဲ မန္တလေးမြို့ ပေါ်တက်လာပြီး နေ့တိုင်းထီချည်းပဲထိုးနေကြတော့တယ်။ လူသန္တာန်မှာရှိတဲ့ ဝီရိယဓာတ်ပျက်စီးသွားတာနဲ့ လူဟာ ပျက်စီးသွားတာပဲဆိုတာ ဘယ်လောက်ထင်ရှားသလဲ။

သန်း တစ်လုံးထိကနေ့တိုင်းကို ဖွင့်တာလားဘုရား။

နုပ် ဟုတ်တယ် နေ့တိုင်းကိုဖွင့်တာ၊ နောက်တော့ ဝီရိယဓာတ် နဲ့ စာရိတ္တဟာတစ်ဆက်တည်းပဲ၊ ဝီရိယဓာတ်ပျက်စီးတာ နဲ့စာရိတ္တလည်းပျက်စီးတော့တာပဲ၊ မန္တလေးတစ်မြို့လုံးမှာ ခိုးမှုတွေ၊ သတ်မှုတွေ၊ လုယက်မှုတွေ ထိန်းလို့မရအောင် ဖြစ်လာတယ်၊ လူတွေ ပျက်စီးမှတော့ နိုင်ငံလည်းပျက်စီး

http://www.dhammadownload.com



တော့တာပေါ့။

အဲဒီမှာ လင်မယားနှစ်ယောက်ရဲ့ ကြေကွဲဖွယ် ဖြစ်ရပ် လေးတစ်ခုပါတယ် တောနယ်ကနေ မန္တလေးမြို့ ပေါ်တက်လာတဲ့ ငယ်ရွယ်တဲ့လင်မယားနှစ်ယောက်ဟာ အရောင်းအဝယ်လုပ်စားတာ အတော်အဆင်ပြေနေတယ်။ နောက်တော့ အဘိဓ္ဓာ မနောဒုစရိုက်ဝင်လာပြီး စီးပွားရေးမလုပ်တော့ပဲ နှစ်ယောက်လုံးနေ့စဉ်တစ်လုံး ထီပဲထိုးကြတော့တယ်၊ ညနေလေးနာရီဆိုရင် ထီရုံမှာ လူတွေအုံခဲနေတာပေါ့၊ ရက်ကြာလာတာနဲ့အမျှ သူတို့မှာ ရှိတဲ့ရွှေငွေတွေ လုံးပါးပါးသွားတယ်။ ဒီနေ့လည်း တစ်လုံး ထီထိုးစရာမရှိတော့ နေတဲ့အိမ်ကိုပါပေါင်နှံပြီး ရသမျှ ပိုက်ဆံကို ယောကျ်ားလက်ထဲအပ်ပြီးအခုလိုပြောတယ်။

ညက သူခုနှစ်ဂဏာန်းအိပ်မက်မက်တယ်။ အကုန် တစ်လုံးထဲပုံအောထိုးပါ။ သူကတော့ စိတ်မခိုင်လို့ ထီရုံကို လိုက်မကြည့်တော့ဘူးတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ မပေါက်ဘူးဆိုတာနဲ့ သူတို့ဘဝကပျက်ပြီကိုး၊ သူက အိမ်ပေါ်ကနေ လှမ်းမျှော်ကြည့်နေမယ်။ ပေါက်တယ်ဆိုရင် ထီရုံ ညာဘက်ပေါက်ကထွက်ခဲ့ပါ။ မပေါက်ရင် ဘယ်ဘက်ပေါက်ကထွက်ခဲ့ပါ။ သူ အဝေးကနေ ကြိုသိပါရစေလို့ မှာပြီး အိမ်ပေါ်ကနေ ထီရုံရှိရာလှမ်းကြည့်နေတယ်။ ယောကျ်ားဖြစ်သူလည်း ရှိတဲ့ငွေလေးပိုက်ပြီး ထီရုံမှာ ခုနှစ်ဂဏာန်းကို ပုံအောထိုးလိုက်တာ အဲဒီဂဏာန်းပဲထွက်လာတယ်။ ယောကျ်ားဟာ ဝမ်းသာအားရငွေတွေထုပ်ပိုးပြီး

http://www.dhammadownload.com



အပြေးထွက်လာလိုက်တာ မိန်းမမှာတာနဲ့ ပြောင်းပြန် ဖြစ်သွားတယ်၊ ထီမပေါက်ရင် ထွက်လာရမယ့် ဘယ်ဘက်အပေါက်ဖြစ်နေတယ်။

အိမ်ပေါ်ကမိန်းမက လှမ်းမြင်လိုက်တာနဲ့ ငါတို့ ဘဝတော့ ပျက်ပြီဆိုပြီး အိမ်ထဲကိုငိုပြီးဝင်သွားတယ်။ ယောက်ျားက ငွေထုပ်ကြီးပိုက်ပြီး ဝမ်းသာအားရ ကဆုန်ပေါက်ပြီးပြေးလာတယ်။ အိမ်ထဲဝင်လိုက်တာနဲ့ ကြိုးဆွဲချသေနေတဲ့ မယားကိုတွေ့ရတော့တယ်။

သန်း ဖြစ်မှဖြစ်ရလေဘုရား။

နုပ် အဲဒီလိုနိုင်ငံပျက်လုနီးဖြစ်လာမှ တစ်လုံးထိကို သီပေါမင်းဟာ ပြန်ပိတ်လိုက်ရတယ်။ ဒီလိုအဖြစ်ဆိုးတွေ ခုခေတ်မှာ ပိုများတာပေါ့။ နောက်အပါတ်မှ ဆက်ပြောဦးမယ်။

## နာမရူပပရိစ္ဆေဒဉာဏ်နှင့်ပစ္စယပရိဂ္ဂဟဉာဏ်

သက္ကာယဒိဋ္ဌိသည် မီးတောက်ကြီးနှင့်တူ၏ ဒုစရိုက်မှုများသည် မီးတောက်မှထွက်သော မီးရောင်များနှင့် အလားတူ၏။ မီးတောက်အားကောင်းလျှင် အားကောင်းသည့်အလျောက် မီးရောင်တို့လည်း အားကောင်းကုန်၏။ တောက်ပလင်းထိန်ကုန်၏။ မီးတောက်မှိန်လျှင် မှိန်သည်နှင့်အမျှ မီးရောင်တို့လည်း မှိန်ကုန်၏။ မီးတောက် သေ၍ငြိမ်းလျှင် မီးရောင်တို့လည်း ငြိမ်းလေကုန်၏။ သက္ကာယဒိဋ္ဌိသည်လည်း ဤဥပမာအတိုင်းပင်ဖြစ်၏။ လူမှာလည်း လူ့အလျောက် လူသက္ကာယရှိ၏။ နတ်မှာလည်း နတ်သက္ကာယ၊

http://www.dhammadownload.com



ဗြဟ္မာမှာလည်း ဗြဟ္မာသက္ကာယရှိ၏။ လူဖြစ်ဖြစ်၊ နတ်ဖြစ်ဖြစ်၊ ဗြဟ္မာဖြစ်ဖြစ် အားလုံးသည် သက္ကာယ တန်းလန်းနှင့်ချည်းဖြစ်၏။ သူတို့သည် အပါယ်ဆင်းရဲအကြောင်း ကို မသိမဟုတ်သိကုန်၏။ သို့ပါလျက်လည်း အပါယ်လေးပါး သို့တဖုတ်ဖုတ်ကျရောက်နေခြင်းမှာ အရင်းစစ်သော် သက္ကာယကြောင့်ဖြစ်၏။ သက္ကာယသည် အပါယ်သို့ကျအောင် ချလိုက်သည့်လက်သည် ဖြစ်၏။ တရားခံဖြစ်၏။ သက္ကာယဒိဋ္ဌိကမြှောက်ပင့် လေသောကြောင့် ဒုစရိုက်မှုများကို အသိခေါက်ရက်နှင့် ပြုကြရကုန်၏။ (ဒဂုန်ဦးစန်းငွေရေး သောတာပန်နှင့် ယထာဘူတစာအုပ် စာမျက်နှာ ၄၇ မှ)

စိတ်နှလုံးထဲမှာ သက္ကာယဒိဋ္ဌိ အပြီးပါရှိနေသမျှ ကာလပတ်လုံး ပဉ္စာနန္တရိယကံကြီးငါးပါးလည်းအပြီးပါရှိ၍ နေလေတော့သည်။ ဒုစရိုက်ဆယ်ပါးလည်း အပြီးပါရှိနေလေတော့သည်။ ဘယ်မကောင်းမှုမျိုး ဘယ်အမိုက်အမဲမျိုး ဘယ်အမှောက်အမှားမျိုး ငါ၌မဖြစ်လတ္တံ့ဟု တစ်စုံတစ်ခုမှမရှိ။ လူ့ပြည်မှာလူဖြစ်သော်လည်း ရင်ထဲမှာ အပါယ်လေးဘုံအပြီးပါ၏။ နတ်ပြည်ခြောက်ထပ်မှာ နတ်မင်းကြီး၊ သိကြားမင်းကြီးဖြစ်သော်လည်း ရင်ထဲမှာ အပါယ်လေးဘုံအပြီးပါ၏။ ဗြဟ္မာပြည်မှာ ဗြဟ္မာမင်းကြီးဖြစ် သော်လည်း ရင်ထဲမှာ အပါယ်လေးဘုံအပြီးပါ၏။

(လယ်တီဆရာတော်၏ ပဋိစ္စသမုပ္ပါဒ်ဒီပနီမှ)

နုပ် သုံးလုံးထိ နှစ်လုံးထိ ဘောလုံးလောင်းတဲ့ တစ်လုံးထိတွေကြောင့် လည်ပင်းပြတ်သေသွားတဲ့ ရန်ကုန်က ဆရာဝန်တစ်ယောက်အကြောင်းကို ပြောပြချင်သေးတယ် ဒီ

http://www.dhammadownload.com



ဆရာဝန်ရထားတာကလည်း အရာရှိကြီးတစ်ဦးရဲ့သမီး ဆိုတော့ သူ့အတွက် ကြိုးစားအားထုတ်မယ်ဆိုရင် ရှေ့လျှောက်တက်လမ်းချည်းပဲ။

ဒါပေမယ့် နှစ်လုံး၊ သုံးလုံး၊ တစ်လုံးလောင်း ကစားမှုတွေကြောင့် သူဟာ ဘဝပျက်ပြီးစိတ်ဓာတ် ကျသွားတယ်၊ ဒီလောက် လောင်းကစားကျူးမှတော့ အိမ်ထောင်ရေးလည်းပြိုကွဲသွားတာပေါ့၊ တစ်ညတော့ ညသန်းကောင်ကြီးမှာ တစ်ယောက်တည်းထလာပြီးရေ အိမ်ထဲဝင်သွားတယ်၊ အထဲရောက်တာနဲ့ သူ့လည်ပင်းကို ထုံဆေးသုတ်ပြီး ဓားနဲ့ဖြတ်ချလိုက်တယ်။

လည်ပင်းပြတ်ကထွက်လာတဲ့ သွေးတွေကြောင့် ရေအိမ်အတွင်းပိုင်းတစ်ခုလုံး ဆေးနီတွေ ပက်ထားသလို ဖြစ်သွားတယ်၊ မိုးလင်းလို့ သူ့မိသားစုတွေနိုးလာတဲ့အခါ ရေအိမ်ထဲက စီးလာတဲ့ သွေးတွေဟာ အိမ်ထဲမှာ ချောင်းပေါက်မတတ်ပေါ့၊ ဒီဖြစ်ရပ်ဟာ ၂၀၀၅ ခုနှစ် ခုနစ်လပိုင်းလောက်ကမှဖြစ်သွားတာ၊ ထိုးသားတင်လား ဆိုတော့ အခန့်မသင့်ရင် ဒိုင်တွေလည်း ဒုက္ခရောက် တာပါပဲ။

သာကေတဘက်မှာ တို့ကျောင်းဒကာရဲ့မိတ်ဆွေ တစ်ယောက်ရှိတယ်၊ ကောင်းရောင်းကောင်းဝယ်လုပ်စား နေတာကြီးပွားနေရက်နဲ့ လောဘတက်ပြီး သုံးလုံးဒိုင် သွားကိုင်တယ်၊ ပထမပိုင်းတော့ သူချည်းစားနေရတော့ တိုက်ငါးလုံး၊ ကားငါးစီး၊ မြေ ကွက်ဆယ်ကွက်လောက်ထိ

http://www.dhammadownload.com



ပိုင်ဆိုင်တဲ့ သူဌေးကြီးတစ်ယောက် ဖြစ်သွားတာပေါ့။ မိတ်ဆွေတွေက လောင်းကစားဒိုင်အလုပ်ကို စွန့်ပြီး ကောင်း ရောင်းကောင်းဝယ်ပြန်လုပ်စားဖို့အကြံပေးကြ ပေမယ့် သူကလက်မခံတော့ဘူး၊ လူမှာဝီရိယဓာတ်နဲ့ အချောင်ရချင်တဲ့ဓာတ် ဟာအမြဲတိုက်ပွဲဖြစ်နေတယ်၊ ဝီရိယဓာတ်ကနိုင်နေတဲ့အချိန်မှာ သူ့ဘဝဟာ တိုးတက် နေတာပဲရှိတယ်။ ဆုတ်ယုတ်တယ်ဆိုတာ မရှိဘူး။

အချောင်ရချင်တဲ့ ဓာတ်ကနိုင်သွားပြီဆိုရင်တော့ သူ့ဘဝဟာ ဆုတ်ယုတ်ပျက်စီးဖို့ပဲရှိတယ်။ ကြက်ကန်း ဆန်အိုးတိုးပြီး ခေတ္တခဏ ချမ်းသာတာရှိချင်ရှိမယ်၊ ဒါလည်း ခွေးရူးကောင်းစား တစ်မွန်းတည့်ဆိုတဲ့စကား အတိုင်းခဏပါ။ ရာသက်ပန်မဟုတ်ပါဘူး။

အချောင်သမား အမြင့်တက်သွားတာကို အကောင်းမထင်ပါနဲ့၊ အကျမှာ အများကြီးနာဖို့အတွက် အမြင့်ကြီးကိုတက်သွားတာပါ။ သာကေတက လောင်း ကစားဒိုင်တအားချမ်းသာသွားတယ်ဆိုတာလည်း တအား မွဲဖို့အတွက်ပါ၊ နောက်မကြာပါဘူး အောဂဏန်းတွေ လျော်ရပါများတော့ ရှိသမျှအကုန်ပြုတ်တော့တာပဲ။ ဘယ်လောက်ထိပြုတ်သွားသလဲဆိုရင် ကိုယ်နေတဲ့အိမ် ကိုပါ ထိုးဆပ်လိုက်ရတယ်။

ဒီအချိန်က သူတို့အသက်ဟာ ငါးဆယ်ကျော် ကျော်လေးပဲရှိသေးတယ်၊ ဒါပေမယ့် စိတ်ဆင်းရဲတဲ့ ဒဏ်ကြောင့် ခေါင်းတစ်ခုလုံးမှာရှိတဲ့ ဆံပင်တွေဖြူဖွေး

http://www.dhammadownload.com



သွားတယ်။ နေစရာမရှိတော့တဲ့ သူတို့လင်မယားဟာ အထုပ်ကလေးဆွဲပြီး သက်န်းကျွန်းဘက်က ကျူးကျော်တဲ လေးတစ်လုံးမှာနေရင်း လပိုင်းလောက်အကြာမှာပဲ နှစ်ယောက်လုံးရှေ့ဆင့်နောက်ဆင့်ဆုံးပါးသွားကြတယ်။

သန်း ကြောက်စရာပါလားဆရာတော်။

နုပ် အေး ဒါ့ကြောင့် ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး မပျက်စီးစေချင်တဲ့ သူမှန်သမျှ နှစ်လုံး၊ သုံးလုံး တစ်လုံး (ဘောလုံး)နဲ့ လောင်းကစားမှုမှန်သမျှ ဒိုင်လည်းမလုပ်သင့်ဘူး ထိုးသားလည်းမလုပ်သင့်ဘူး။ သီပေါမင်းလက်ထက်မှာ တစ်လုံးထီဖွင့်လိုက်တာ လယ်သမားတွေ ယာသမားတွေ၊ အရောင်းအဝယ်သမားတွေ ဘယ်သူမှ ကိုယ့်အလုပ်ကိုမလုပ်ကြတော့ပဲ မန္တလေးမြို့ပေါ်တက်ပြီး ထီချည်းထိုးနေကြတော့တယ်။

ကြာတော့ ခိုးကြ၊ ဝှက်ကြ၊ သတ်ကြ၊ ဖြတ်ကြနဲ့ နိုင်ငံပျက်စီးသွားတယ်၊ ထိန်းသိမ်းလို့ကိုမရတော့ဘူး အဲဒီကျတော့မှ သီပေါမင်းဟာ တစ်လုံးထီကိုပိတ်တယ်ကဲ မင်းလျှောက်မေးနေတာနဲ့ပဲ၊ ဒုစရိုက်ဒုရာဇီဝ ခွဲရာကနေ တစ်လုံးထီရောက်သွားပြီ၊ အရေးကြီးတဲ့ ပစ္စယပရိဂ္ဂဟ ဉာဏ်ကိုဆက်ကြဦးစို့ ပစ္စယပရိဂ္ဂဟာဉာဏ်ဆိုတာ ခန္ဓာငါးပါးဖြစ်ခြင်းရဲ့ အကြောင်းတရားကို သိမ်းဆည်းပြီး သိသောဉာဏ်လို့ဆိုလိုတယ်။

၃၁ ဘုံသားအားလုံးဟာ တစ်စုံတစ်ယောက်သော တန်ခိုးရှင်က ဖန်ဆင်းလို့ဖြစ်လာတာလည်း

http://www.dhammadownload.com



မဟုတ်ဘူး၊ အကြောင်းမဲ့ သူဖြစ်ချင်သလိုဖြစ်လာတာလည်း မဟုတ်ဘူး၊ အကြောင်းတရားကြောင့်ဖြစ်လာတဲ့ အကျိုးတရားတွေပဲလို့ သေချာသိစေချင်လို့ ပစ္စယပရိဂ္ဂဟ ဉာဏ်ကို ဟောတော်မူတာပဲ။ ရုပ်နာမ်နှစ်ပါးဖြစ်ခြင်းရဲ့ အကြောင်းနဲ့ ခန္ဓာငါးပါးဖြစ်ခြင်းရဲ့အကြောင်းဆိုတာ အတူတူပါပဲ၊ ရုပ်နာမ်နှစ်ပါးကို ငါးပုံပုံတဲ့အခါ ခန္ဓာငါးပါး ဖြစ်သွားတယ်။

၃၁ ဘုံ ခန္ဓာတွေထဲက တို့နဲ့တိုက်ရိုက်သက်ဆိုင်တဲ့လူ့ဘဝ လူ့ခန္ဓာဖြစ်ခြင်းရဲ့ အကြောင်းကို သေချာဆန်းစစ်ကြရအောင်။ ဟိန္ဒူဘာသာကတော့ လူ့ဘဝခန္ဓာကို ဗြဟ္မာကြီးက ဖန်ဆင်းတာလို့ယူဆတယ်။

ခရစ်ယာန်ဘာသာကတော့ ထာဝရဘုရားက ဖန်ဆင်းတာတဲ့။ အစ္စလာမ်ဘာသာကတော့ အလ္လာဟာလ်အရှင်က ဖန်ဆင်းတာလို့ဆိုပြန်တယ်၊ ခုခေတ်လူတွေကတော့ လူဆိုတာ အဖေနဲ့အမေကြောင့် ဖြစ်တာလို့ယူဆလိုက်တယ်၊ ဗုဒ္ဓရဲ့ဓမ္မနဲ့ တိုက်ကြည့်လိုက်တဲ့အခါ ဒီအယူအဆတွေအားလုံးမှားပါတယ်။

ကရုဏာရှင်ဘုရားအမည်ခံ တန်ခိုးရှင်တစ်ဦးဦးကဖန် ဆင်းတာဆိုရင်လူတွေဟာ

လူချမ်းသာတွေချည်းဖြစ်သင့်တယ်၊

လူဆင်းရဲတွေဖြစ်မလာသင့်ဘူး

အနာရောဂါကင်းသူတွေချည်းဖြစ်သင့်တယ်

အနာရောဂါများသူတွေ မဖြစ်သင့်ဘူး

http://www.dhammadownload.com



အသက်ရှည်သူတွေချည်းဖြစ်သင့်တယ်၊
အသက်တိုသူတွေ မဖြစ်သင့်ဘူး၊
ရုပ်ချောသူတွေချည်းဖြစ်သင့်တယ်၊
အရုပ်ဆိုးသူတွေမဖြစ်သင့်ဘူး၊
အခြွေအရံများသူတွေချည်းဖြစ်သင့်တယ်၊
အခြွေအရံနည်းသူတွေ မဖြစ်သင့်ဘူး၊
အမျိုးမြတ်သူတွေချည်းဖြစ်သင့်တယ်၊
အမျိုးယုတ်သူတွေမဖြစ်သင့်ဘူး၊
ဉာဏ်ကောင်းသူတွေချည်းဖြစ်သင့်တယ်၊
ဉာဏ်ထိုင်းသူတွေမဖြစ်သင့်ဘူး၊

အခုတော့ သူဖြစ်ချင်သလို ဖြစ်နေကြတာကို ထောက်သောအားဖြင့် ကရုဏာရှင်အမည်ခံတန်ခိုးရှင်က ဖန်ဆင်းတာမဟုတ်တာသေချာနေတယ်။ ဆင်းရဲတဲ့ သူတွေ အသက်တိုတဲ့သူ တွေကိုလည်း သူပဲဖန်ဆင်းတာပါလို့ မှတ်ငြင်းနေရင် ဘုရားတော့ ဟုတ်ပါရဲ့ လူသားတွေ အပေါ် မသနားတဲ့ဘုရားဘဝကိုရောက်သွားပြန်တယ်။ လူသားတွေအပေါ် ကရုဏာမရှိဘူးဆိုရင် ဘုရားဆိုတာလည်း ဘယ်လိုမှမဖြစ်နိုင်ပြန်ဘူး၊ ဒါကြောင့် လူ့ဘဝ လူ့ခန္ဓာကို တန်ခိုးရှင်တစ်ဦးဦးက ဖန်ဆင်းတာဆိုတဲ့ အယူအဆကို ပယ်ပစ်ရမယ်။

သန်း။ ရှေ့မဆက်မီမှာ ချမ်းသာခြင်း၊ ဆင်းရဲခြင်းရဲ့အကြောင်း အသက်ရှည်ခြင်း၊ အသက်တိုခြင်းရဲ့အကြောင်းစတာတွေကို ရှင်းပါဦးဘုရား။

http://www.dhammadownload.com



နုပ်။ ဒါတွေဟာ ကံကြောင့်ဖြစ်ရတာပဲ။ ဒီအကြောင်းတွေကို ဥပရိပဏ္ဏာသပါဠိတော် စူဠကမ္မဝိဘင်္ဂသုတ်မှာ ဗုဒ္ဓက အဖြေပေးထားပါတယ်။

လူချမ်းသာဖြစ်ရတာဒါနပြုခဲ့လို့၊
လူဆင်းရဲဖြစ်ရတာဒါနမပြုခဲ့လို့၊
အနာရောဂါကင်းတာ သူတစ်ပါးကို မညှဉ်းဆဲခဲ့လို့၊
အနာရောဂါများတာ သူတစ်ပါးကို ညှဉ်းဆဲခဲ့လို့၊
အသက်ရှည်တာ သူ့အသက်မသတ်ခဲ့လို့၊
အသက်တိုတာ သူ့အသက်သတ်ခဲ့လို့၊
ရုပ်ချောတာ မေတ္တာပွားများခဲ့လို့၊
ရုပ်ဆိုးတာ ဒေါသအာဃာတကြီးခဲ့လို့၊
အခြွေအရံများတာ ကိုယ့်ထက်သာသူအပေါ်ဝမ်းမြောက်ခဲ့လို့၊
အခြွေအရံနည်းတာ ကိုယ့်ထက်သာသူအပေါ်မနာလိုခဲ့လို့၊
အမျိုးမြတ်တာ မာနကင်းပြီး ဂါရဝနိဝါတရှိခဲ့လို့၊
အမျိုးယုတ်တာ မာနကြီးပြီး ဂါရဝနိဝါတကင်းခဲ့လို့၊
ဉာဏ်ကောင်းတာ ကိုယ်မသိတာမေးမြန်းခဲ့လို့၊
ဉာဏ်မကောင်းတာ မေးမြန်းခြင်းမရှိခဲ့လို့ဘဲ။

ဒီကံဟာ ခန္ဓာငါးပါးဖြစ်ခြင်းရဲ့ အတိတ်အကြောင်းသုံးပါးထဲမှာ တစ်ပါးအဖြစ်ပါလာလိမ့်မယ်၊ ဖန်ဆင်းရှင်ကြောင့် လူ့ခန္ဓာဖြစ်လာတာမဟုတ်ကြောင်း သုံးသပ်ပြီးတဲ့နောက် အမေ အဖေဆိုတဲ့အကြောင်းတစ်ခုတည်းကြောင့် လူ့ခန္ဓာဖြစ်လာတာမဟုတ်ပုံအကြောင်းကိုလည်း ဆက်

http://www.dhammadownload.com



လက်သုံးသပ်ပြမယ်။

လူသားတစ်ယောက် မိခင်ဝမ်းမှာ သန္ဓေတည်ဖို့အတွက် အင်္ဂါသုံးချက်လိုအပ်တယ်၊ တစ်အချက်က မိခင်ဟာ ရာသီပန်းပွင့်ပြီးစဖြစ်ပြီး သားအိမ်စင်ကြယ်နေရမယ်၊ နှစ်အချက်က ဒီအချိန်မှာပဲ မိခင်နဲ့ဖခင်ဟာ သံဝါသပြုမှုရှိရမယ်၊ သုံးအချက်က သန္ဓေတည်မယ့်သူဟာ အရင်ဘဝမှ စုတေဆဲ (သေဆဲ )အချိန်ဖြစ်ရမယ်၊ ဒီသုံးချက်ညီမှ မိခင်ဝမ်းမှာ သန္ဓေတည်နိုင်တယ်။

ဒီသုံးချက်မှာ သန္ဓေတည်မယ့်သူဟာ အရင်ဘဝကစုတေဆဲဖြစ်ခြင်းဆိုတဲ့ အချက်ဟာ အဓိကအကျဆုံးဖြစ်တယ်၊ကျန်တဲ့ နှစ်ချက်ကတော့ အဓိကမကျပါဘူး သတ္တဝါတစ်ယောက် လူသားဖြစ်ဖို့ပံ့ပိုးတာလောက်ပဲ ရှိပါတယ်။

သန်း အဲဒီအချက်ကို တပည့်တော်တို့ခေတ်လူငယ်တွေ နားလည်လက်ခံနိုင်အောင် သာဓကပုံစံလေးတွေပြပြီး ရှင်းပြစေချင်တယ်ဘုရား။

နုပ် သန္ဓေတည်ပုံလေးမျိုးကိုရှင်းပြလိုက်ရင် မင်းတို့ခေတ်လူငယ်တွေနားလည်သွားမှာပါ၊ သန္ဓေတည်ပုံ သတ္တဝါတို့ဖြစ်ပေါ်ပုံဟာ လေးမျိုးရှိတယ်။

ဇလာဗုဇ = သားအိမ်မှာ သန္ဓေတည်တဲ့သတ္တဝါ- လူတို့၊ မြင်းတို့၊ နွားတို့ရဲ့ သန္ဓေတည်ပုံမျိုးပေါ့၊

အဏ္ဍဇ = ဥခွံမှာသန္ဓေတည်တဲ့သတ္တဝါ ကြက်၊

http://www.dhammadownload.com



ငှက်၊ ဘဲ၊ တို့ရဲ့ သန္ဓေတည်ပုံမျိုးပေါ့၊
သံသေဒဇ = ထိစပ်၊ ငြိကပ်တဲ့နေရာမှာ သန္ဓေတည်တဲ့ သတ္တဝါ၊ အပုပ်အစပ်ရှိတဲ့ နေရာတွေမှာအလိုလိုဖြစ်လာတဲ့ပိုးလောက်တို့ရဲ့ သန္ဓေတည်ပုံမျိုးပေါ့။
ဩပပါတိက= ဝုန်းကနဲကျရောက်လာသကဲ့သို့ ခန္ဓာကိုယ်ထင်ရှားဖြစ်လာသော သတ္တဝါ ငရဲကျသူများ၊ နတ်ဖြစ်လာသူများရဲ့ သန္ဓေတည်ပုံမျိုးပေါ့။

အဏ္ဍဇနဲ့ ဇလာဗုဇသတ္တဝါတို့မှာသာ လူ့ဘဝ ခန္ဓာဟာ မိဘကြောင့်ဖြစ်တာလား၊ အဝိဇ္ဇာ၊ တဏှာ၊ ကံတို့ကြောင့်ဖြစ်တာလားဆိုတာ ခွဲခြားဖို့ခက်တာပါ။ သံသေဒဇနဲ့ ဩပပါတိကသတ္တဝါ တို့မှာတော့ မိဘတို့ ပါမလာပဲဖြစ်ကြရတော့ အဝိဇ္ဇာ၊ တဏှာ၊ ကံကိုကြောင့်သာ လူ့ဘဝခန္ဓာဖြစ်လာရတာဆိုတာ တော်တော်ရှင်းပါတယ်။

ဥပမာ သံသေဒဇသတ္တဝါဖြစ်တဲ့ ပဒုမဝတီ အမည်ရှိတဲ့ အမျိုးသမီးမှာ မိဘဆိုတာမရှိပါဘူး။ ပဒုမ္မာကြာပန်းထဲမှာ သန္ဓေတည်ပြီး လူဖြစ်လာသူပါ။ ဝေဠုဝတီမင်းသမီးဆိုရင်လည်း မိဘမရှိပါဘူး ဝါးပင်မှာ သန္ဓေတည်ပြီးလူဖြစ်လာသူပါ၊ စိဉ္စမာနဆိုရင်လည်း မိဘမရှိပါဘူး၊ မန်ကျည်းပင်မှာသန္ဓေတည်ပြီးလူဖြစ်လာသူပါ။

လူတစ်ယောက်ငရဲကျသွားပြီဆိုရင် ခြောက်မိုင်

http://www.dhammadownload.com



လောက်ရှိတဲ့ ခန္ဓာကိုယ်ကြီး ဝုန်းကနဲရဲပြည်မှာ သွားပေါ်တာပါ၊ ဘယ်မိဘမှမရှိပါဘူး၊ နတ်သား၊ နတ်သမီးဖြစ်ကြပြီဆိုရင်လည်း ကာမဂုဏ်ခံစားတတ်တဲ့ လူပျိုအရွယ်၊ အပျိုအရွယ်ဝုန်းကနဲ ပေါ်လာသလိုသွားဖြစ်တာပါ။

သန်း ဒီလောက်ဆိုရင် လူ့ဘဝခန္ဓာဖြစ်လာတာဟာ မိဘကြောင့်မဟုတ်ဘဲ အကြောင်းတရားကြောင့် ဖြစ်ရတာဆိုတာကို သဘောပေါက်ပါပြီဘုရား။ လူ့ခန္ဓာဖြစ်ရခြင်းရဲ့ အကြောင်းတရားကိုသာ သေချာရှင်းပြပါဘုရား။

နုပ် လူ့ခန္ဓာဖြစ်ခြင်းရဲ့ အတိတ်အကြောင်းက သုံးပါးရှိတယ်။ ပစ္စုပ္ပန်အကြောင်းကလည်း သုံးပါးပဲရှိတယ်။ အတိတ်အကြောင်း သုံးပါးက အဝိဇ္ဇာ၊ တဏှာ၊ ကံတို့ပဲ။ ပစ္စုပ္ပန်အကြောင်းသုံးပါးတို့ကတော့ အာဟာရ၊ ဖဿ၊ နာမ်ရုပ်တို့ပဲ။

"အဝိဇ္ဇာဆိုတာ ခန္ဓာငါးပါးရဲ့ မမြဲတာ၊ ဆင်းရဲတာ၊ အစိုးမရတာကို မသိတာပေါ့၊ တရားကိုယ်ကတော့ မောဟစေတသိက်ကိုရတယ်။ တဏှာဆိုတာ ခန္ဓာသစ်ကို လိုချင်တာပေါ့၊ ဘာ့ကြောင့်လိုချင်ရသလဲဆိုရင် အဝိဇ္ဇာက ဒီခန္ဓာကို မြဲတယ်၊ချမ်းသာတယ် အစိုးရတယ်လို့ အထင်မှားအောင် ဖုံးလွှမ်းထားတဲ့အတွက်ကြောင့်ပဲ။

တဏှာအရ လောဘစေတသိက်ကို ကောက်ရတယ်။ လူ့ခန္ဓာကိုလိုချင်လာပြီဆိုတော့ လူ့ခန္ဓာရရာရကြောင်း လောကီ ကုသိုလ်ကံတွေကို ပြုတော့တာပေါ့။

http://www.dhammadownload.com



အဲဒါကို ကံလို့ခေါ်တယ်။ စေတနာစေတသိက်ကို ကောက်ရတယ်။ ခန္ဓာငါးပါးရဲ့အတိတ် အကြောင်းဟာ အဝိဇ္ဇာတဏှာကံချည်းအတူတူပဲ။

ဘာကြောင့်လဲဆိုရင် ဒုက္ခကို မသိတဲ့အခါ ခန္ဓာငါးပါးလုံးရဲ့ဒုက္ခကို မသိခဲ့တာ။ လိုချင်တဲ့အခါ ခန္ဓာငါးပါးလုံးကိုတစ်ပြိုင်နက် လိုချင်ခဲ့တာ။ လိုချင်တာရအောင် အားထုတ်တဲ့အခါ ခန္ဓာငါးပါးလုံးကို ရအောင်အားထုတ်ခဲ့တာ ဒါကြောင့် ခန္ဓာငါးပါးဖြစ်ခြင်းရဲ့ အတိတ်အကြောင်းကတော့ အဝိဇ္ဇာတဏှာကံချည်း အတူတူဖြစ်နေတာပေါ့။

ပစ္စုပ္ပန်အကြောင်းကျတော့ ကွဲသွားပြီ။ ရူပက္ခန္ဓာဖြစ်ခြင်းရဲ့ ပစ္စုပ္ပန်အကြောင်းဟာ အာဟာရ ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဖြစ်ကြောင်းရဲ့ပစ္စုပ္ပန်အကြောင်းဟာ ဖဿ၊ ဝိညာဏက္ခန္ဓာဖြစ်ခြင်းရဲ့ ပစ္စုပ္ပန်အကြောင်းဟာ နာမ်ရုပ်ပဲ၊ တစ်ခုချင်း အကျယ်ရှင်းရရင် ယခုပစ္စက္ခဘဝမှာ အစာအာဟာရတွေကို နေ့စဉ် စားပေးနေရတယ်။ ဒီလိုနေ့စဉ်စားပေးနေတဲ့ အာဟာရဓာတ်ကြောင့် ရူပက္ခန္ဓာလို့ ခေါ်တဲ့ ရုပ်တရားဟာ ဆက်လက်ဖြစ်ခွင့်ရနေတာပါ။

ကံ၊ စိတ်၊ ဥတုတို့သည် ရုပ်တရားဖြစ်ခြင်းရဲ့ အကြောင်း ထဲမှာပါတာပါပဲ၊ ဒါပေမဲ့ အာဟာရက ရုပ်တရားကိုဖြစ်စေတဲ့ နေရာမှာ အားကြီးသောအကြောင်း ဖြစ်တဲ့အတွက် အာဟာရကို ရှေ့တန်းတင်ပြီး ပြထားတာပါ။ စေတသိက်ခန္ဓာ သုံးပါးဖြစ်ခြင်းရဲ့အကြောင်းကို အကျယ်ပြရမှာဖြစ်တဲ့အတွက် ဝိညာဏက္ခန္ဓာဖြစ်ခြင်းရဲ့

http://www.dhammadownload.com



အကြောင်းကို ကျော်ပြီးရှင်းကြရအောင်။

မိခင်ဝမ်းမှာ သန္ဓေတည်တာနဲ့ မဟာဝိပါတ် ပဋိသန္ဓေစိတ်တစ်ပါးရယ်၊ စေတသိက်ရယ်၊ ကာယဒသကကလာပ်၊ ဘာဝဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်၊ ကလာပ်သုံးစည်း ရုပ်ပေါင်းသုံးဆယ်တစ်ပြိုင်နက်ဖြစ်ကြတယ်၊ ပဋိသန္ဓေစိတ်နဲ့ စေတသိက်ကို နာမ်လို့သုံးပြီး ရုပ်ပေါင်းသုံးဆယ်ကို ရုပ်လို့သုံး လိုက်တာပါဘဲ''။

ပဋိသန္ဓေတည်စက ဒီရုပ်နဲ့နာမ်သာမဖြစ်ခဲ့ဘူးဆိုရင် အခုအချိန်မှာ ဝိညာဏက္ခန္ဓာဆိုတာလည်း မဖြစ်နိုင်တော့ဘူး။ ဒါကြောင့် ဝိညာဏက္ခန္ဓာဖြစ်ခြင်းရဲ့ ပစ္စုပ္ပန်အကြောင်းကို နာမ်ရုပ်လို့ပြောခဲ့တာပေါ့။

သန်း ပရမတ်လေးပါးခွဲပြစဉ်တုန်းက ရုပ်ဓါတ် ၂၈ ပါးသာရှိခဲ့တာ အခု ပဋိသန္ဓေတည်တဲ့အခါကျမှ ဘာဖြစ်လို့ရုပ်ပေါင်းသုံးဆယ်ဖြစ်သွားတာလဲဘုရား။

နုပ် အေး ဒါလည်း သင်္ဂြိုဟ်မသင်ဘူးတဲ့သူဆိုတော့ နားရှုပ်စရာဖြစ်သွားတာပေါ့၊ ရှင်းပေးပါ့မယ်၊ တကယ်တော့ ရုပ်ဓာတ်က ၂၈ ပါးထက်ပိုလို့မရပါဘူး။ ဒီမှာ ရုပ်ပေါင်းသုံးဆယ်လို့ပြောလိုက်တာက ကလာပ်သုံးစည်းကိုခေါင်းတည်ပြီးပြောလိုက်လို့ပါ၊ အမှန်က တူရာတွေကို ပေါင်းပစ်လိုက်ရင် ရုပ်ပေါင်းသုံးဆယ်ဟာ ၁၂ ပါးပဲဖြစ်သွားမှာပါ။

သဘောတူရာ ပေါင်းစည်းထားတာကို ကလာပ်လို့ခေါ်တယ်၊ ကမ္မဇကလာပ် ၉ စည်း၊ စိတ္တဇကလာပ်

http://www.dhammadownload.com



ဖြစ်စည်း၊ ဥတုဇကလာပ် ၄ စည်း၊ အာဟာရဇကလာပ် ၂ စည်းရှိတယ်။ ပဋိသန္ဓေတည်ဆဲအခါမှာ ရတဲ့ကလာပ်စည်းသုံးခုထဲက ကာယဒသက ကလာပ်စည်းထဲမှာပါတဲ့ ရုပ်ဓာတ်ဆယ်ပါးက

| | | |
|---|---|---|
| ကာယပသာဒ | = | ကိုယ်အကြည်ရုပ်၊ |
| ဇီဝိတ | = | ရုပ်များကိုစောင့်ရှောက်သောရုပ်၊ (ရုပ်သက်ဟုလည်းခေါ်၏) |
| ပထဝီ | = | မာသသော၊ ပျော့သသော၊ |
| အာပေါ | = | ဖွဲ့စည်းသသော၊ ယိုစီးသသော၊ |
| တေဇော | = | ပူသသော၊ အေးသသော၊ |
| ဝါယော | = | ထောက်ကန်သသောလှုပ်ရှားသသော၊ |
| ဝဏ္ဏ | = | အဆင်းရုပ်၊ |
| ဂန္ဓ | = | အနံ့ရုပ်၊ |
| ရသ | = | အရသာရုပ်၊ |
| ဩဇာ | = | အဆီအနှစ်အစေးရုပ်တို့ပဲ။ |

ဘာဝဒသကကလာပ်မှာဆိုရင် ဘာဝရုပ်အရ ယောကျ်ားဆိုရင် ပုမ္ဘာဝရုပ်ကိုယူရပြီး မိန်းမဆိုရင် ဣတ္ထိဘာဝ ရုပ်ကိုယူရမှာပေါ့၊ ပုမ္ဘာဝရုပ်ဆိုတာ ယောကျ်ားရဲ့သဘောယောကျ်ားရဲ့အမူအယာပေါ့၊ ဣတ္ထိဘာဝရုပ်ဆို [illegible]သဘော မိန်းမရဲ့အမူအယာပေါ့၊ ကျန်တဲ့ရုပ်ကိုးပါးက ကာယဒသက ကလာပ်အတိုင်းပဲ။

ဝတ္ထုဒသကကလာပ်အရ ရုပ်ဆယ်ပါးမှာ ဝတ္ထုရုပ်ဆိုတာ ဟဒယဝတ္ထုခေါ် နှလုံးအိမ်ကိုပြောတာပါ။

http://www.dhammadownload.com



သူလည်းကျန်တဲ့ ရုပ်ခုတ်ကိုးပါးက ကာယဒသက ကလာပ်အတိုင်းပါပဲ၊ ဒါ့ကြောင့် တူရာပေါင်းလိုက်ရင်-

ကာယပသာဒရုပ်၊

ဟဒယဝတ္ထုရုပ်၊

ဘာဝရုပ်၊

ဇီဝိတရုပ်၊

အဝိနိဗ္ဘောဂရုပ် ၈ ပါး၊

ဆိုပြီး (၁၂)ပါးပဲရှိပါတယ်။ ရုပ်ဆယ်ပါးတွဲစီကို ပေါင်းထားတဲ့ ကလာပ်သုံးစည်းကိုကြည့်ပြီး ရုပ်ပေါင်း သုံးဆယ်လို့ပြောခဲ့တာပါ။ ထူးထူးခြားခြားမှတ်ရမှာ တစ်ခုက တချို့သူတွေမှာ ဘာဝဒသကကလာပ်မရတဲ့ အတွက် ယောကျ်ားအင်္ဂါ၊ မိန်းမအင်္ဂါ နှစ်မျိုးလုံးမပါတဲ့ ပုဂ္ဂိုလ်တွေရှိတတ်တယ်၊ အဲသလို ပုဂ္ဂိုလ်တွေကို နပုံးပဏ္ဍုက်လို့ခေါ်တယ်၊ ရဟန်းခံလို့မရဘူး။

တစ်ချို့ပုဂ္ဂိုလ်တွေကျတော့ ယောကျ်ားအင်္ဂါ၊ မိန်းမအင်္ဂါ နှစ်ခုလုံးပါနေတာတွေလည်းရှိတတ်တယ် ဒါမျိုးကျတော့ စာပေမှာ ဥဘတောဗျဉ်းလို့ခေါ်တယ်၊ သူလည်း ရဟန်းခံလို့မရဘူး လွန်ခဲ့တဲ့လေးငါးလလောက် က ရန်ကုန်မှာ မိန်းမကနေ ယောကျ်ားဖြစ် သွားလို့ဆိုပြီး တစ်မြို့လုံး အုံးအုံးကြွက်ကြွက်သွားကြည့်ကြတယ်။

သန်း အဲဒါ တကယ်ပဲ မိန်းမကနေ ယောကျ်ားဖြစ်သွားနိုင်သ လားဘုရား။ ပြီးတော့ ဘယ်လိုအကုသိုလ်ကံတို့ကြောင့် အခုလို နပုံးပဏ္ဍုက်ဘဝ၊ ဥဘတောဗျဉ်းဘဝ ကိုရောက်

http://www.dhammadownload.com



ကြုံရတာလဲဘုရား။

နုပ် မိန်းမကနေ ယောက်ျားဖြစ်မသွားနိုင်ပါဘူး၊ အမှန်က ဒီ မိန်းကလေးဟာ မွေးကတည်းက အင်္ဂါနှစ်ခုလုံးပါလာခဲ့တာပဲ၊ ဒါပေမယ့် မွေးစအချိန်ကနေ အသက်နှစ်ဆယ်ထိက မိန်းမစိတ်က များတော့ မိန်းမအင်္ဂါကထင်ရှားပြီး ယောက်ျားအင်္ဂါက ငုပ်ကွယ်သလို မထင်မရှားဖြစ်နေတာပေါ့၊ အခုလို အသက်နှစ်ဆယ်အရွယ်လည်း ရောက်ရော ယောက်ျားစိတ်တွေကများလာပြန်တော့ ယောက်ျားအင်္ဂါကထင် ရှားလာပြီး မိန်းမအင်္ဂါကငုပ်ကွယ်သလိုဖြစ်သွားတာပေါ့ တကယ်တော့ အင်္ဂါကနှစ်မျိုးလုံးရှိနေတာပါ၊ သူ့အကြောင်းရေးတဲ့ ဆောင်းပါးထဲမှာလည်း နှစ်ခုလုံးရှိနေကြောင်းဝန်ခံထားပါတယ်။

အခုလို ဥဘတောဗျဉ်းဘ၀၊ နပုံးပဏ္ဍုက်ဘ၀ကိုဘာ့ကြောင့်ရောက်ရတာလဲဆိုရင် သူတစ်ပါးမယားတွေ၊ သူတစ်ပါး သမီးပျိုတွေကို ဖျက်ဆီးခဲ့တဲ့ ကာမေသုမိစ္ဆာစာရက်ကြောင့်ပါပဲ၊ ကဲ ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဖြစ်ခြင်းရဲ့ ပစ္စုပ္ပန်အကြောင်းကိုဆက်ကြရအောင်၊

ဒီစေတသိက်ခန္ဓာဖြစ်ခြင်းရဲ့ ပစ္စုပ္ပန်အကြောင်းဟာ ဖဿလို့ဗုဒ္ဓကဟောတော်မူခဲ့တယ်၊ ဖဿရဲ့ အဓိပ္ပါယ်ကိုတော့ တွေ့ထိခြင်းသို့မဟုတ် တရားသုံးမျိုးပေါင်းခြင်းလို့မှတ်ထားပေါ့၊ ဖဿအကြောင်းကို အကျယ်ပြောရင် ဝိပဿနာရှုပွားပုံ၊ အလုပ်ပေးတရားတွေ တခါတည်းပါသွားလိမ့်မယ်၊ ဒါ့ကြောင့် တစ်လုံးမှလွတ်

http://www.dhammadownload.com



မသွားအောင် သေချာနားထောင်ပါ။

သန်း မှန်ပါ သေချာနားထောင်ပါ့မယ်ဘုရား။

နုပ် ပထမဆုံးဖဿခြောက်မျိုးကို မှတ်ရမယ် ဖဿခြောက်မျိုးက–

စက္ခုသမ္ဖဿ = မျက်စေ့ဖြင့်ကောင်းစွာထိတွေ့ခြင်း၊
သောတသမ္ဖဿ= နားဖြင့်ကောင်းစွာထိတွေ့ခြင်း၊
ဃာနသမ္ဖဿ = နှာခေါင်းဖြင့်ကောင်းစွာထိတွေ့ခြင်း၊
ဇိဝှါသမ္ဖဿ = လျှာဖြင့်ကောင်းစွာထိတွေ့ခြင်း၊
ကာယသမ္ဖဿ= ကိုယ်ဖြင့်ကောင်းစွာထိတွေ့ခြင်း၊
မနောသမ္ဖဿ = စိတ်ဖြင့်ကောင်းစွာထိတွေ့ခြင်းတို့ပဲ။

စက္ခုသမ္ဖဿဖြစ်ပုံကို ဟောကြားထားတာ က 'စက္ခုံစ ရူပေစဉ္စပ္ပဋိစ္စ ဥပ္ပဇ္ဇတိစက္ခုဝိညာဏံတိဏ္ဏံသင်္ဂတိဖဿော' တဲ့။ အဓိပ္ပါယ်က စက္ခုပသာဒရုပ်ရယ်၊ ရူပါရုံရယ်၊ စက္ခုဝိညာဉ်စိတ်ရယ် သုံးမျိုးပေါင်းသွားတာကို စက္ခုသမ္ဖဿလို့ခေါ်သတဲ့၊ အဲဒီလိုဖဿဖြစ်တာနဲ့ စေတသိက်ခန္ဓာသုံးပါးလုံးပေါ်တော့တာပဲ၊ အရင်ခန္ဓာငါးပါးဖြစ်ပုံ ရှင်းပြစဉ်အခါက မြင်သိစိတ်၊ ကြားသိစိတ် (ပ)တွေးသိစိတ်၊ ဘယ်စိတ်ဖြစ်ဖြစ် အမြဲတမ်းလိုက်ဖြစ်တဲ့ စေတသိက် (၇)လုံးရှိကြောင်း ပြောခဲ့ဖူးတယ်။

အဲဒီစေတသိက် (၇) လုံးက–

ဖဿ = အာရုံကိုတွေ့ထိခြင်းသဘော၊
ဝေဒနာ = အာရုံအရသာကိုခံစားခြင်းသဘော၊
သညာ = အာရုံကိုမှတ်သားခြင်းသဘော၊

http://www.dhammadownload.com



စေတနာ = စေ့ဆော်တိုက်တွန်းခြင်းသဘော၊
ကေဂ္ဂတာ = အာရုံ၌ တည်ကြည်ငြိမ်သက်ခြင်း သဘော၊
ဇီဝိတိန္ဒြေ= နာမ်တရားတို့ကိုစောင့်ရှောက်ခြင်းသဘော၊
မနသိကာရ=နှလုံးသွင်းခြင်းသဘောတို့ပဲ။

အခုလည်း တရားသုံးမျိုးပေါင်းတဲ့ထဲမှာ မြင်သိစိတ်ပါတဲ့အတွက် မြင်သိစိတ်ဖြစ်တာနဲ့ ဒီစေတသိက် (၇) လုံးလာ ပေါ်တာပဲ၊ ဒီ(၇)လုံးထဲက ရူပါရုံရဲ့ အရသာကို ခံစားခြင်းသဘောဝေဒနာစေတသိက်က ဝေဒနက္ခန္ဓာဖြစ်လာတယ်၊ ရူပါရုံကို မှတ်သားတဲ့သဘော သညာစေတသိက်က သညက္ခန္ဓာဖြစ်လာတယ်၊ ရူပါရုံရဲ့ အရသာကို ဆက်ခံစားဖြစ်အောင် တိုက်တွန်းနှိုးဆော်ခြင်း သဘောစေတနာစေတသိက်နဲ့ ကျန်တဲ့စေတသိက်များက သင်္ခါရက္ခန္ဓာဖြစ်လာတယ်။

ဒီသဘောကိုကြည့်ပြီး ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာတို့ဖြစ်ခြင်းရဲ့ ပစ္စုပ္ပန်အကြောင်းဟာ ဖဿလို့ပြောခဲ့တာပေါ့။ ဖဿကြောင့် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဖြစ်တယ်လို့ ပြောတာက စာသဘောနဲ့ပြောနေတာပါ၊ တရားသဘောနဲ့ပြောမယ်ဆိုရင် အဆင်းတစ်ခုခုကိုမြင်လိုက်တာနဲ့ ခံစားတဲ့သဘောတရား မှတ်သားတဲ့သဘောတရား၊ တိုက်တွန်းနှိုးဆော်တဲ့သဘောတရားတို့ တစ်ပါတည်းဖြစ်ပြီး ပျက်သွားကြတယ်လို့ ဆိုလိုတာပါပဲ။

http://www.dhammadownload.com



ဒါ့ကြောင့် ရှေ့ပိုင်းတုန်းက အဆင်းအာရုံ တစ်ခုခုကိုမြင်လိုက်တာနဲ့ ဖြစ်ပျက်သွားတဲ့သဘောတရား ခန္ဓာငါးပါးကို ဉာဏ်နဲ့သိပြီး ခန္ဓာငါးပါး အနိစ္စလို့ရှုပွားဖို့ သင်ပေးခဲ့တာပေ့ါ၊ သောတသမ္ဖဿကိုဆက်ကြရအောင်၊ နားရယ်၊ အသံရယ်၊ ကြားသိစိတ်ရယ် သုံးမျိုးပေါင်း သွားတာကို သောတသမ္ဖဿလို့ခေါ်တယ်၊ လွယ်လွယ် ပြောတော့ ဖဿဖြစ်တယ်ပေ့ါ၊ အဲဒီလိုဖဿဖြစ်တာနဲ့ အထက်ကအတိုင်းပဲကြားသိစိတ်နဲ့အတူ စေတသိက် (၇)လုံး လာဖြစ်တယ်။

အဲဒီစေတသိက် (၇) လုံးထဲက-

အသံရဲ့ အရသာကိုခံစားတဲ့သဘောတရား၊

ဝေဒနာစေတသိက်က ဝေဒနက္ခန္ဓာဖြစ်လာတယ်၊

အသံကို ဘာသံပဲလို့မှတ်သားတဲ့သဘောတရား၊

သညာစေတသိက်က သညာက္ခန္ဓာဖြစ်လာတယ်၊

အသံကို ဆက်နားထောင်ဖြစ်အောင်တိုက်တွန်း နှိုးဆော်တဲ့သဘောတရားစေတနာစေတသိက်နဲ့ ကျန်တဲ့စေတသိက်တွေက သင်္ခါရက္ခန္ဓာဖြစ်လာတယ်၊ ဒါကစာသဘောနဲ့ပြောတာပေ့ါ၊ တရားသဘောနဲ့ ပြောမယ်ဆိုရင် အသံတစ်သံကို ကြားလိုက်တာနဲ့ ခံစားတဲ့သဘောတရား၊ မှတ်သားတဲ့သဘောတရား၊ တိုက်တွန်းနှိုးဆော်တဲ့သဘောတရားတို့ဟာ တစ်ပါ တည်းဖြစ်ပြီး ပျက်သွားကြတယ်လို့ဆိုလိုတာပါပဲ။

တရားသုံးမျိုးပေါင်းတဲ့ ဖဿထဲက နားအကြည်

http://www.dhammadownload.com



ရုပ်နဲ့ အသံရုပ်က ရူပက္ခန္ဓာ၊ ကြားသိစိတ်က ဝိညာဏက္ခန္ဓာ၊ အသံရဲ့ အရသာကိုခံစားတဲ့သဘောက ဝေဒနက္ခန္ဓာ၊ မှတ်သားတဲ့သဘောက သညာက္ခန္ဓာ၊ တိုက်တွန်းနှိုးဆော်တဲ့သဘောက သင်္ခါရက္ခန္ဓာ၊ ဒီသဘောတရား ခန္ဓာငါးပါးရဲ့ဖြစ်ပျက်သွားပုံကို ဉာဏ်နဲ့သိပြီး အသံတစ်ခုခုကြားလိုက်တာနဲ့ ခန္ဓာငါးပါးအနိစ္စလို့ ရှုပွားပေးရမယ်။

ဃာနသမ္ဖဿကိုဆက်သွားမယ်၊ နှာခေါင်းရယ်၊ အနံ့ရယ်၊ နံသိစိတ်ရယ် သုံးမျိုးပေါင်းတာကို ဖဿလို့ ခေါ်တယ်၊ ဒီလို ဖဿဖြစ်တာနဲ့ နံသိစိတ်နဲ့အတူ စေတသိက် (၇)လုံး ဖြစ်တယ်၊ အဲဒီစေတသိက် (၇)လုံးထဲက အနံ့ရဲ့အရသာကို ခံစားခြင်းသဘောတရား ဝေဒနာစေတသိက်က ဝေဒနက္ခန္ဓာဖြစ်လာတယ်။

ဘာနံ့ပဲလို့မှတ်သားခြင်းသဘောတရား သညာစေတသိက်က သညာက္ခန္ဓာ ဖြစ်လာတယ်၊ ဆက်ပြီး နမ်းရှုဖြစ်အောင်၊ တိုက်တွန်းနှိုးဆော်ခြင်းသဘောတရား စေတနာစေတသိက်နဲ့ ကျန်စေတသိက်တွေက သင်္ခါရက္ခန္ဓာဖြစ်လာတယ်၊ ဒါကိုကြည့်ပြီး ဝေဒနက္ခန္ဓာ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဖြစ်ခြင်းရဲ့ ပစ္စုပ္ပန်အကြောင်းဟာ ဖဿလို့ဗုဒ္ဓကဟောတော်မူခဲ့တာပါ။

ဒါက စာသဘောနဲ့ပြောတာ၊ တရားသဘောနဲ့ပြောရရင် အနံ့တစ်ခုခုနမ်းရှုမိလိုက်တာနဲ့ ခံစားတဲ့သဘောတရား၊ မှတ်သားတဲ့သဘောတရား၊ တိုက်တွန်း

http://www.dhammadownload.com



နှိုးဆော်တဲ့သဘောတရားတို့ဟာ တပါတည်းဖြစ်ပြီး ပျက်သွားကြတယ်လို့ဆိုလိုတာပါပဲ၊ အားလုံးချုပ်လိုက်ရင် နာခေါင်းအကြည့်ရုပ်ရယ်၊ အနံ့ရုပ်ရယ်က ရူပက္ခန္ဓာ၊ နံ့သိစိတ်ကဝိညာဏက္ခန္ဓာ၊ ဝေဒနာ စေတသိက်က ဝေဒနက္ခန္ဓာ၊ သညာစေတသိက်က သညာက္ခန္ဓာ၊ စေတနာနဲ့ ကြွင်းတဲ့စေတသိက်က သင်္ခါရက္ခန္ဓာ၊ ဒီသဘောတရား ခန္ဓာငါးပါး ဖြစ်ပျက်သွားပုံကို ဉာဏ်နဲ့သိပြီး အနံ့တစ်ခုခု ကိုနံ့တိုင်း ခန္ဓာငါးပါး အနိစ္စလို့ ရှုပွားရုံပါပဲ၊ ကျန်တဲ့ဖဿ

## ဝိပဿနာတရားအစ သုတမယဉာဏ်က

ကမ္ဘာကုန်လုံး ကျဉ်းချုံးသော်ခါ၊
ရုပ်နာမ်ကိုထား တခြားမပါ၊
သိတတ်ညွှတ်တတ် ခေါ်မှတ်နာမ်သာ၊
မသိတတ် ရုပ်မှတ်ဖေါက်ပြန်တာ။
ရုပ်ကတခြား နာမ်ကားတစ်ဖြာ၊
အကြောင်းပြုလို့ ပေါင်းစုမှီရာ၊
ချင်းချင်းမှီရ ယှဉ်ကြမကွာ၊
နာမ်ကသွား ရုပ်များပါရရှာ။
နာမ်ကြောင်းရုပ်ကျိုး တစ်မျိုးမှတ်ပါ၊
ရုပ်ကြောင်းနာမ်ကျိုး ခေါ်ရိုးတစ်ဖြာ၊
ကြောင်းကျိုးနှစ်ရပ် ဆက်စပ်နေတာ၊
သတိထား ရှုပွားရှင်းအောင်သာ။

http://www.dhammadownload.com



လှေကိုလူစီး ခရီးမြစ်ညာ၊
လှော်ခတ်ကုန်ဘိ သွားသည့်ပမာ၊
ရုပ်ကိုမှီငြား နာမ်များဖြစ်လာ၊
နာမ်မှီစွဲ ရုပ်လည်းဖြစ်ရပါ။
ရုပ်ကိုလှေထား လှော်သားနာမ်သာ၊
ဉာဏ်တရားကား စီးသွားသူပါ၊
ရုပ်နာမ်အရှိ မှန်သိဉာဏ်လာ၊
ငြီးငွေ့ပျင်း လိုကင်းမဂ်ဉာဏ်လာ။
တံလျှပ်အလား ရေးသားရေမှာ၊
နေရောင်ထိရောက် နှင်းပေါက်ပမာ၊
အပ်ဖျားမုံညင်း တင်ခြင်းတူတာ၊
ဖြစ်ပျက်ချုပ်၊ နာမ်ရုပ်သဘာဝါ။
မရှိရာမှ ဖြစ်ကြလျှင်စွာ၊
မရှိရာသို့ မြန်းလို့ချုပ်ရှာ၊
ကောင်းကင်တစ်ခေတ် လျှပ်စစ်ပမာ၊
ဖြစ်ပျက်ချုပ် နာမ်ရုပ်သဘောပါ။

ယောဂီသည် တရားအားထုတ်သောအခါ သုတမယံ ဉာဏ်အနေနဲ့ ယင်းလင်္ကာများအရ ရုပ်နာမ်သဘောကို သိထားရမည်။ ထို့နောက် သုတမယဉာဏ်ကို အစဉ်မှီးပြီး စိန္တာမယဉာဏ်နဲ့ကြံစည်စဉ်းစားကာ တကယ်သိ၊ အဟုတ်သိ၊ ခန္ဓာသိဖြစ်အောင် ဘာဝနာမယဉာဏ်နှင့် ရှုပွား အားထုတ်ရမည်။

http://www.dhammadownload.com



(ဓမ္မဒူတအရှင်ပညာဇောတ၏ ဗုဒ္ဓဓမ္မပြဿနာများ အမှတ် ၅ မှ )

နုပ် ဇိဝှါသမ္ဘဿအကြောင်းကို ဆက်ရအောင်။ လျှာရယ်၊ အရသာရယ်၊ စားသိစိတ်ရယ်သုံးမျိုးပေါင်းတာကို ဖဿလို့ခေါ်တာပဲ၊ ဒီဖဿထဲမှာ စားသိစိတ်ပါတဲ့အတွက်ကြောင့် စားသိစိတ် နဲ့ယှဉ်တဲ့စေတသိက်(၇)လုံးလည်း တစ်ခါတည်းပေါ်တော့တာပေါ့။ အဲဒီစေတသိက် (၇)လုံးထဲက စားတဲ့အရသာကို ခံစားတဲ့သဘောတရား ဝေဒနာစေတသိက်ကဝေဒနက္ခန္ဓာဖြစ်လာတယ်။

စားလိုက်တာ ဘာဟင်းပဲ ဘာထမင်းပဲလို့ မှတ်သားတဲ့ သဘောတရားသညာစေတသိက်က သညာက္ခန္ဓာ ဖြစ်လာတယ်။ ဆက်စားဖြစ်အောင် တိုက်တွန်းတဲ့ သဘောတရား စေတနာစေတသိက်နဲ့ ကျန်တဲ့ စေတသိက်တွေက သင်္ခါရက္ခန္ဓာဖြစ်လာတယ်။ ဒါကိုကြည့်ပြီး ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဖြစ်ခြင်းရဲ့ ပစ္စုပ္ပန်အကြောင်းဟာ ဖဿလို့ ဟောတော်မူခဲ့တာပေါ့၊ ဒါက စာသဘောနဲ့ပြောတာ။

တရားအလုပ်သဘောနဲ့ပြောရရင် အရသာတစ်ခုခုကိုစားလိုက်တာနဲ့ ခံစားတဲ့သဘောတရား၊ မှတ်သားတဲ့သဘောတရား၊ တိုက်တွန်းနှိုးဆော်တဲ့ သဘောတရားတို့ဟာ တစ်ပါတည်းဖြစ်ပျက်သွားကြတယ်ဆိုတာကို သိစေချင်တာပါပဲ၊ ပြန်ချုပ်ရင် လျှာအကြည်ရုပ်ရယ်

http://www.dhammadownload.com



ရသာရုံရယ်က ရူပက္ခန္ဓာ၊ စားသိစိတ်က ဝိညာဏက္ခန္ဓာ၊ ဝေဒနာစေတသိက်ကဝေဒနက္ခန္ဓာ၊ သညာစေတသိက်က သညာက္ခန္ဓာ စေတနာနဲ့ကျန်တဲ့ စေတသိက်တွေက သင်္ခါရက္ခန္ဓာပေါ့။

ဒီသဘောတရား ခန္ဓာငါးပါးဟာ ဆွမ်းလုပ်ဆိုတဲ့ ရသာရုံရယ်၊ လျှာအကြည်ရုပ်ရယ်၊ ထိလိုက်တာနဲ့ တစ်စက္ကန့်အတွင်းမှာ ရုပ်ခန္ဓာပေါင်း ကုဋေငါးထောင့် ရှစ်ရာရှစ်ဆယ်ကျော်၊ နာမ်ခန္ဓာပေါင်း ကုဋေတစ်သိန်း ဖြစ်ပျက်သွားကြတယ်၊ ဒီလိုခန္ဓာငါးပါး ဖြစ်ပျက်သွားတာကို ဉာဏ်နဲ့သိသိပေးနေရင် ဝိပဿနာရှုပွား ပြီးသားဖြစ်သွားတာပါပဲ။

ကာယသမ္ဖဿအကြောင်းကို ဆက်ရအောင်၊ ကိုယ်ရယ်၊ အတွေ့အထိလို့ခေါ်တဲ့ ဖောဋ္ဌဗ္ဗာရုံရယ်၊ ထိသိစိတ်ရယ် သုံးမျိုးပေါင်း မိတာကို ဖဿလို့ခေါ်တယ်၊ ဒီဖဿထဲမှာ ထိသိစိတ်ပါတဲ့အတွက်ကြောင့် ထိသိစိတ်နဲ့ ယှဉ်တဲ့ စေတသိက် (၇) လုံးလည်းတစ်ခါ တည်းပါလာတာပေါ့။

အဲဒီ စေတသိက် (၇)လုံးထဲက ထိတဲ့အရသာကို ခံစားတဲ့သဘောတရားဝေဒနာစေတသိက်ဟာ ဝေဒနက္ခန္ဓာ ဖြစ်လာတယ်၊ ထိတဲ့အရသာကိုမှတ်သားတဲ့ သဘောတရားသညာ စေတသိက်ဟာသညာက္ခန္ဓာ ဖြစ်လာတယ်၊ ဆက်ထိဖြစ်အောင် တိုက်တွန်းတဲ့သဘောတရားစေတနာ

http://www.dhammadownload.com



စေတသိက်နဲ့ကျန်တဲ့ စေတသိက်တွေဟာ သင်္ခါရက္ခန္ဓာ ဖြစ်လာတယ်။

ဒါကိုကြည့်ပြီး ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဖြစ်ခြင်းရဲ့ ပစ္စုပ္ပန်အကြောင်းဟာ ဖဿလို့ ဟောခဲ့တာပေါ့။ ဒါက စာသဘောနဲ့ပြောတာ၊ အလုပ်သဘောနဲ့ပြောရရင် ဖောဋ္ဌဗ္ဗာရုံလို့ခေါ်တဲ့ အတွေ့အထိအာရုံတစ်ခုခုကို ထိတွေ့လိုက်တာနဲ့ ခံစားတဲ့ သဘောတရား၊ မှတ်သားတဲ့သဘောတရား၊ စေ့ဆော်တိုက်တွန်းတဲ့သဘောတရားတို့ဟာ တပါတည်းဖြစ်ပျက်သွားကြတယ်ဆိုတာကို သိစေချင်တာပါပဲ။

ပြန်ချုပ်ရင် ကိုယ်အကြည်ရုပ်ရယ်၊ အတွေ့အထိရုပ်ရယ်က ရူပက္ခန္ဓာ၊ ထိသိစိတ်က ဝိညာဏက္ခန္ဓာ၊ ဝေဒနာက ဝေဒနက္ခန္ဓာ၊ သညာကသညက္ခန္ဓာ၊ စေတနာနဲ့ကျန်စေတသိက်တွေက သင်္ခါရက္ခန္ဓာပေါ့၊ ဒီသဘောတရားခန္ဓာငါးပါးဟာ ကာယပသာဒနဲ့ ဖောဋ္ဌဗ္ဗာရုံနဲ့ ထိလိုက်တာနဲ့တစ်ပြိုင်နက်ဖြစ်ပျက်သွားကြတယ်။

ဒီလိုသဘောတရားငါးခု ဖြစ်ပျက်သွားတာကို ဉာဏ်နဲ့ ခန္ဓာငါးပါးအနိစ္စလို့ သိသိပေးတာကိုပဲ ဝိပဿနာတရားအားထုတ် တယ်လို့ခေါ်တာပါ။ လက်နဲ့လက်ကိုင်ပုဝါနဲ့ထိတဲ့အခါ၊ ခြေဖဝါးနဲ့ ဖိနပ်နဲ့ထိတဲ့အခါ ရေနဲ့မျက်နှာနဲ့၊ ရေနဲ့ကိုယ်နဲ့ထိတဲ့အခါ၊ အိပ်ယာခင်းနဲ့ ကျောနဲ့ ထိတဲ့အခါမျိုးတွေမှာ ကိုယ်အကြည်ရုပ်နဲ့ ဖောဋ္ဌဗ္ဗာရုံနဲ့ထိတွေ့နေပြီလို့ သိနိုင်ပါတယ်။

http://www.dhammadownload.com



နောက်ဆုံးဖြစ်တဲ့ မနောသမ္ဖဿဖြစ်ပုံကို သွားကြဦးစို့၊ မနောဓာတ်ရယ်၊ အတွေးအာရုံလို့ခေါ်တဲ့ ဓမ္မာရုံရယ်၊ တွေးသိစိတ်ရယ် သုံးမျိုးပေါင်းမိတာကိုပဲ ဖဿလို့ပြောတာ၊ မနောဓာတ်ဆိုတာ နှလုံးသွေးအကြည်ဓာတ်မှာ မှီဖြစ်တဲ့ ပဉ္စဒွါရာဝဇ္ဇန်းစိတ်နဲ့ သမ္ပဋိစ္ဆိုင်းစိတ်ကိုပြောတာ။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်ရဲ့အဓိပ္ပါယ်က ငါးဒွါရမှာ ထင်လာတဲ့ အာရုံငါးပါးကို ဆင်ခြင်ခြင်းဖြစ်တယ်၊ သမ္ပဋိစ္ဆိုင်းရဲ့အဓိပ္ပါယ်က ငါးဒွါရမှာ ထင်လာတဲ့ အာရုံငါးပါးကို လက်ခံခြင်းဖြစ်တယ်။ ဒီလို ဖဿဖြစ်တဲ့အခါ တွေးသိစိတ်ပါတယ်၊ တွေးသိစိတ်ဖြစ်တာနဲ့ ယှဉ်ဖက်စေတသိက် (၇) လုံးလည်းလာဖြစ်ရတယ်။

အဲဒီစေတသိက် (၇)လုံးထဲက တွေးတဲ့အာရုံရဲ့အရသာကို ခံစားတဲ့သဘောတရားဝေဒနာ စေတသိက်က ဝေဒနက္ခန္ဓာဖြစ်လာတယ်၊ တွေးတဲ့ အာရုံကိုမှတ်သားတဲ့ သဘောတရားသညာစေတသိက်က သညက္ခန္ဓာဖြစ်လာတယ်၊ ဆက်တွေးဖြစ်အောင် တိုက်တွန်းတဲ့သဘောတရားစေတနာနဲ့ ကျန်တဲ့စေတသိက်တွေက သင်္ခါရက္ခန္ဓာဖြစ်လာတယ်။

ဒါကိုကြည့်ပြီး ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဖြစ်ခြင်းရဲ့ ပစ္စုပ္ပန်အကြောင်းဟာ ဖဿလို့ ဟောခဲ့တာပေါ့၊ ဒါက စာသဘောပေါ့၊ အလုပ်သဘောနဲ့ပြောရရင် အတွေးအာရုံတစ်ခုခုကို တွေးလိုက်တာနဲ့

http://www.dhammadownload.com



ခံစားတဲ့သဘောတရား၊ မှတ်သားတဲ့ သဘောတရား စေ့ဆော်တိုက်တွန်းတဲ့သဘောတရားတို့ဟာ တစ်ခါ တည်းဖြစ်ပျက်သွားကြတယ်ဆိုတာကို သိစေချင်တာပါပဲ။

ပြန်ချုပ်ရင် မနောအကြည်ရုပ်ရယ်၊ ဓမ္မာရုံမှာ ပါတဲ့ရုပ် အာရုံရယ်က ရူပက္ခန္ဓာ၊ တွေးသိစိတ်က ဝိညာဏက္ခန္ဓာ၊ ဝေဒနာက ဝေဒနက္ခန္ဓာ၊ သညာက သညက္ခန္ဓာ၊ စေတနာနဲ့ကျန်စေတသိက်တွေက သင်္ခါရ က္ခန္ဓာပေါ့၊ ဒီသဘောတရားခန္ဓာငါးပါးဟာ မနောဓာတ် နဲ့ ဓမ္မာရုံနဲ့တွေ့လိုက်တာနဲ့ တစ်ပြိုင်နက်ဖြစ်ပျက်သွား ကြတယ်။

ဒီလို အလုံး၊ အတုံး၊ အခဲ၊ အရည်၊ အဖတ်၊ အမှုန့်၊ အမွှား ဘာမှရှာမရတဲ့ သဘောတရားငါးခု ဖြစ်ပျက်သွားတာကို ဉာဏ်နဲ့သိသိပေးနေတာကိုပဲ ဝိပဿနာတရားအားထုတ်တယ်လို့ ပြောတာပါ။

**သန်း** အာရုံ ၆ ပါးတစ်ပါးပါးနဲ့ တိုက်ဆိုင်လာတဲ့အခါတိုင်း ခန္ဓာငါးပါးကိုအနိစ္စလို့ ရှုပွားရင်း ရဟန္တာဖြစ်သွားတဲ့ မထေရ်တစ်ပါးအကြောင်းကို ဆောင်းပါးအမှတ် (၂၇)မှာ ဆရာတော်ပြောပြခဲ့တာ တပည့်တော်မှတ်မိနေပါတယ်။ ဘုရား အဲဒီလို ရှုပွားပြီးရဟန်းကိစ္စပြီးခဲ့တဲ့ မြန်မာ ပြည်က ရဟန်းတော်များရောရှိကြပါသလားဘုရား။

**နုပ်** အများကြီးရှိတာပေါ့။ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ရာကျော် (၁၁၆၂ ဝန်းကျင်) ကပေါ်ထွန်းခဲ့တဲ့ မုနိန္ဒာဘိလင်္ကာရ သဒ္ဓမ္မဝရသာမိမဟာဓမ္မရာဇဂုရုဘွဲ့တံဆိပ်တော်ရ စတုဂီရိ

http://www.dhammadownload.com



တောင်လေးလုံး ဆရာတော်ဘုရားကြီးနဲ့ ညီတော် အရှင် ဓမ္မပိယအမည်ရှိတဲ့ မထေရ်ကြီးနှစ်ပါးဟာ ခန္ဓာငါးပါး အနိစ္စ သို့မဟုတ် ခန္ဓာငါးပါးဒုက္ခ၊ သို့မဟုတ် ခန္ဓာငါးပါး အနတ္တလို့ရှုပွားရင်း ရဟန်းကိစ္စပြီးခဲ့ကြတာ။

တောင်လေးလုံးဆရာတော်ကြီးရေးခဲ့တဲ့ ရှုဖွယ် ကျမ်းလေးဆယ်ကျော်လောက်ရှိတယ်၊ ငါ့ဆီမှာတောင် ဆယ်ကျမ်း လောက်ရထားတယ်။ အားလုံးဝိပဿနာ ရှုပွားနည်း တွေချည်းပဲ၊ ဆရာတော်ကြီးနှစ်ပါးရဲ့ တရား စွမ်းရည်ဟာ ပျံလွန်တော်မူတဲ့ အချိန်ကျမှပိုပြီး ထင်ရှား လာတယ်။

သက်တော်ကြီးရင့်လာပြီဖြစ်တဲ့ တောင်လေးလုံး ဆရာတော်ကြီးဟာ တစ်ရက်မှာ ဒကာတွေကို အခေါင်း နှစ်လုံးစပ်ခိုင်းတယ်၊ တစ်ပါးတည်းဖြစ်တဲ့အတွက် အခေါင်းဟာ တစ်လုံးပဲ စပ်ခိုင်းရမှာ ဘာကြောင့်နှစ်လုံး စပ်ခိုင်းပါလိမ့်ဆိုပြီး ဒကာတွေဟာ မတွေးတတ်အောင် ဖြစ်နေတယ်၊ ဒါပေမယ့် ပြန်လည်းမလျှောက် ရဲတော့ ခေါင်းနှစ်လုံးစပ်ပြီး ဆရာတော်ဆီယူလာကြတယ်။

အခေါင်းတွေ သူ့ရှေ့ရောက်တာနဲ့ ဆရာတော် ကြီးက မင်းတို့စပ်လာတဲ့အခေါင်းတွေ ငါနဲ့တော်ရဲ့လား ဝင်ကြည့်လိုက်ဦးမယ်လို့ပြောပြီး အခေါင်းထဲဝင်လှဲလိုက် တာ တစ်ခါတည်းပျံတော်မူပြီးသားဖြစ်သွားတယ်၊ ဒကာ တွေလည်း တစ်ယောက်နဲ့တစ်ယောက် ဘာမှပြန်မပြော တတ်လောက်အောင် တအံ့တသြဖြစ် နေချိန်မှာ

http://www.dhammadownload.com



သက်တော်ကြီးကြီး ဆရာတော်ကြီးတစ်ပါးကျောင်းဝိုင်းထဲကိုဝင်လာတယ်။

ဒကာတွေကဝတ်ချရှိခိုးပြီးလျှောက်ထားမေးမြန်းကြည့်တော့ တောင်လေးလုံးဆရာတော်ကြီးရဲ့ညီရဟန်း အရှင်ဓမ္မပီယဖြစ်နေတယ်၊ အရှင်ဓမ္မပီယကနောင်တော်ရဲ့ အလောင်းကိုကြည့်ရင်း ဘေးနားမှာကပ်ချထားတဲ့ အခေါင်းတစ်ခုကိုမြင်လိုက်တယ်ဆိုရင်ပဲဩော် ဒီမှာ အခေါင်းတစ်ခုပိုနေသေးတာပဲ၊ တို့အတွက်နေမှာ လို့ပြောပြီး ဝင်လှဲလိုက်တာညီတော်ရဟန်းလည်းတစ်ခါတည်း ပျံတော်မူပြီးသားဖြစ်သွားတာပဲ။

သန်း အံ့ဩစရာပါလား ဆရာတော်။

နုပ် သေခြင်းတရားဟာ တရားရှိသူတွေအတွက်ကတော့ဘာမှအံ့ဩစရာမဟုတ်ပါဘူး၊ သေခြင်းတရားဟာ သုံးမျိုးရှိတယ်၊ ခဏိကမရဏ၊ သမုတိမရဏ၊ သမုစ္ဆေဒမရဏတို့ပေါ့၊ ခဏိကမရဏဆိုတာစောစောကပြောခဲ့တဲ့ ခန္ဓာငါးပါး သို့မဟုတ် ရုပ်နာမ်နှစ်ပါးရဲ့ ဖြစ်လိုက်ပျက်လိုက်နဲ့အမြဲ သေနေတာကိုပြောတာဖြစ်တယ်ဆိုတော့ ပဋိသန္ဓေနေတာပေါ့၊ ပျက်တယ်ဆိုတာကတော့ သေတာပေါ့။

ဝိပဿနာရှုတယ်ဆိုတာ ခဏိကမရဏနဲ့ရုပ်နာမ်တွေ ခဏတိုင်းသေနေတာကိုကြည့်တာပါပဲ၊ သမုတ်ထားတဲ့ တစ်ဘဝတစ်ခါသေတာမျိုးကိုတော့သမုတိမရဏလို့ခေါ်တာပေါ့၊ ခဏတိုင်းသေ~နေတဲ့ခဏိကမရဏကို ပိုင်နိုင်စွာ ရှုနေတဲ့ယောဂီ အတွက်

http://www.dhammadownload.com



တစ်ဘဝတစ်ခါသေ သမုတိမရဏဟာ ဘာမှအံ့ဩစရာ မဟုတ်တော့ပါဘူး။

"ရဟန္တာအရှင်မြတ်တို့ရဲ့ ခန္ဓာဝန်ချခြင်းကို သမုစ္ဆေဒမရဏလို့ခေါ်တယ်။ အဓိပ္ပါယ်ကတော့ အသေဖြတ်ခြင်း၊ အသေရပ်ခြင်းပေါ့။ နောင်ဘယ်သောအခါမှ သေခြင်းဆိုတာမရှိတော့ဘူး။ ရဟန္တာဖြစ်ပြီး ခန္ဓပရိနိဗ္ဗာန်မစံမချင်း ခဏိကမရဏသမုတိမရဏ အသေနှစ်မျိုးနဲ့ ဘဝတိုင်း သေနေရတာမဟုတ်လား။ ဒီအသေနှစ်မျိုးလုံးကို အပြီးအပိုင် ဖြတ်ချလိုက်တာကိုပဲ သမုစ္ဆေဒမရဏလို့ ပြောတာပါ။

အခုတောင်လေးလုံးဆရာတော်ကြီးတို့ ညီနောင်နှစ်ပါးကိုလည်း သမုစ္ဆေဒမရဏနည်းနဲ့ ခန္ဓာဝန်ချတယ်လို့ ပြောရမှာပေါ့။

သန်း စိတ်ဝင်စားစရာကောင်းလိုက်တာဘုရား။ တောင်လေးလုံးဆရာတော်ကြီးရဲ့ ဝိပဿနာနဲ့ပတ်သက်တဲ့ အဆုံးအမလေးတွေကို နားထောင်ချင်လိုက်တာဘုရား။

နုပ် ကဲ အဲဒါဆိုရင်လဲနားထောင်၊ ဆရာတော်ကြီးက ညီတော်ရဲ့အမေးကိုဖြေတဲ့အနေနဲ့ ရေးထားတဲ့ ဓမ္မပိယ ရှုဘွယ်ကျမ်းထဲကကောက်နုတ်ချက်တချို့ကိုဖတ်ပြမယ်၊ ဓမ္မပိယနောင့်ညီလှ လောက၌ ယက္ခုမ္ဗတ္တက ဘီလူးဖမ်းစား၍ ရူးကုန်သော အရူးတို့သည် တစ်ယောက်ကိုတစ်ယောက်က ရူးသည်ဟုမထင်နိုင်၊ အဘယ့်ကြောင့်ဆိုသော် သူလည်းအရူး၊ ငါလည်းအရူး အရူးချင်းတူလေသောကြောင့်

http://www.dhammadownload.com



မှတ်။

ထို့အတူ ပိတ္တုမ္ဗတ္တကသည်းခြေပျက်၍ ရူးကုန်သောသူတို့သည်လည်း တစ်ယောက်ကိုတစ်ယောက်က ရူးသည်ဟု မထင်နိုင်ကုန်။ အဘယ့်ကြောင့်ဆိုသော် သူလည်းအရူး၊ ငါလည်းအရူး အရူးချင်းတူသောကြောင့်ဟုမှတ်။

ဒိဋ္ဌုမ္ဗတ္တက ခန္ဓာငါးပါးကို မိန်းမ၊ ယောကျ်ားမယားဟု လင်ဟု ထင်မှတ်စွဲယူကုန်သော ဒိဋ္ဌုမ္ဗတ္တကအရူးတို့သည်လည်း တစ်ယောက်ကိုတစ်ယောက် ရူးသည်ဟုမထင်နိုင်ကုန် အဘယ့်ကြောင့်ဆိုသော် သူလည်းအရူးငါလည်းအရူး အရူးချင်းတူသော ကြောင့်ဟုမှတ်။

ဥပမာအားဖြင့် စက္ခုနှစ်ကွင်းအလင်းမရကြကုန်သော စုံလုံးကန်းသူနှစ်ယောက်တို့သည်လည်း တစ်ယောက်ကိုတစ်ယောက်ကန်းမှန်းမသိနိုင်ကြကုန်၊ အဘယ့်ကြောင့်ဆိုသော် သူလည်းအကန်း၊ ငါလည်းအကန်းအကန်းချင်းတူသောကြောင့်ဟုမှတ်။

နောင်ကြီးညီလှ မောင်ပိယ ထိုဥပမာနှင့်အလားတူစွာသာလျှင် ဒိဋ္ဌုမ္ဗတ္တက အယူဝါဒဖေါက်၍ ရူးနောက်နေကုန်သူတို့သည်လည်း တစ်ယောက်ကိုတစ်ယောက်အရူးဟုသိနိုင်ကြမည်မဟုတ်ပြီ။ ဒိဋ္ဌုမ္ဗတ္တကအဖြစ်မှ ကင်းလွတ်၍ (ဝါ) အမြင်မှန်ရ၍ ယထာဘူတဉာဏ်နှင့်ပြည့်စုံသူသာလျှင် ဒိဋ္ဌုမ္ဗတ္တကအယူဝါဒရူးဟုတ် မဟုတ်ကို ကေန်မုချသိနိုင်ရာတော့သည်။

http://www.dhammadownload.com



ယထာဘူတဉာဏ်ကို မရသော မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်သည် မြင့်မားသော တောင်ခြေရင်း၌နေသူနှင့်အလားတူ၏။ ယထာဘူတ ဉာဏ်ကိုရပြီးသော သမ္မာဒိဋ္ဌိပုဂ္ဂိုလ်ကား မြင့်မားသောတောင်ထိပ်ပေါ်ကလူနှင့် အလားတူ၏။ ယင်းပုဂ္ဂိုလ်နှစ်ယောက်အနက် တောင်ထိပ်ပေါ်ကလူကား အရပ်ထက်ဝန်းကျင်ရှိ မြင်အပ်ရာရာတို့ကို ကောင်းစွာ ထင်ထင်မြင်လေသော်လည်း တောင်ခြေရင်းကလူသည်ကား တောင်ထိပ်ပေါ်က လူသောက်မြင်နိုင်မည်မဟုတ်၊ ကိုယ်တိုင် မမြင်ရသောကြောင့် သူပြောသမျှကိုသာ ယုံချင်ယုံ မယုံချင်နေရသည့်အခြေ၌သာ တည်လေသည်။

## တောင်ကားတရား ဘုရားကားတောင်ပေါ်ကလူ

ဓမ္မပီယ၊ နာမခေါ်ဆို၊ ညီဘုန်းမို၊ ငါဆိုခဲ့သော ထိုဥပမာ၌ မြင့်မားလှစွာသော ရောမတောင်ကြီးအလားတရားတော်ကိုမှတ်။ တောင်ထိပ်ကြီးပေါ်သို့ ရောက်နေသူအလား မြတ်ဘုရားကိုမှတ် တောင်ထိပ်ပေါ်သို့ ရောက်နေသူသည် အရပ်ထက်ဝန်းကျင်ကို ပြက်ပြက်ထင်ထင်မြင်လေသည့်အလား အစိန္တေယျဘုရားသခင်သည် သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် နှစ်သက်မြတ်နိုးဖွယ်ရာသော တရားရတနာ ဥစ္စာအပေါင်းကို မြင်တော်မူသည်ကိုမှတ်။

တောင်ထိပ်၌နေသော ယောကျ်ားသည် တောင်

http://www.dhammadownload.com



အောက်က လူတို့အား သနားသောကြောင့် ကိုယ်နှင့်ထပ်တူမြင်စေလို၍ ချိုချိုသာသာအခါခါ ဖော်ဟစ်၍ပြောလေဘိသကဲ့သို့ ဘုရားသခင်သည် ခပ်သိမ်းသောတရားကို ဆရာမထား ကိုယ့်ဉာဏ်အားဖြင့် အကြွင်းမရှိ သိတော်မူပြီးလျှင် တောင်အောက်က လူနှင့်တူသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် အနိစ္စကိုလည်း အနိစ္စမှန်းမသိ နိစ္စဟုထင်နေကုန်၏။

ဒုက္ခကိုလည်း ဒုက္ခမှန်းမသိ သုခဟုထင်နေကုန်၏။ အနတ္တကိုလည်း အနတ္တမှန်းမသိ အတ္တဟုထင်နေကုန်၏။ အသုဘကိုလည်း အသုဘမှန်းမသိ သုဘဟုထင်နေကုန်၏။ ငါဟူ၍မျှ ညွှန်ပြစရာမရှိဘဲကိုလျှက် ငါဟုထင်မှားလျှက်။

ငါဟူ၍မှညွှန်ပြစရာမရှိသောကြောင့် ငါဟူသည်ကား ဤတရားပင်ဖြစ်သည်ဟုမပြ မဆိုနိုင်ဘဲလျှက်၊ ဤသူကား မယား ဤသူကားလင်၊ ဤသူကား သမီး၊ ဤသူကားသား၊ ဤသည် ဤသည်တို့ကား ငါ့အမိ၊ ငါ့အဖ၊ ငါ့ဆွေမျိုး၊ ဤဟာ ဤဟာတို့ကား ငါ့ရွှေ ငါ့ငွေ၊ ငါ့လှည်း၊ ငါ့အိမ်ဖြစ်သည်ဟူ၍ သူရူးပမာ ငါဟူ၍ မရမရှိဘဲကိုလျက် အချော်ချော် အမှားမှား တရားလွဲလျှက် ခွေးဝက်ပမာ ယထာဘူတဉာဏ်စက္ခုမရှိ။

စက္ခုကန်းကြလေကုန်သောကြောင့် ဆင်ကန်းတောတိုး အကျိုးအဆက်ဆက်ယုတ်အပ်သော အကြောင်းဖြစ်သည်ကို မြင်တော်မူသောဘုရားသခင်သည် ချစ်ခင်

http://www.dhammadownload.com



လေးမြွတ်တော်မူလှသောကြောင့် ဟုတ်မှန်စွာ ယထာဘူတဉာဏ်ကိုရကြောင်း ကောင်းစွာကျင့်စေလိုသောကြောင့် ချီးသာနာဖွယ်သောအသံတော်ကို ကျူးရင့်တော်မူ၍ (၄၅) ဝါ တရားဟောတော်မူသည်ကိုမှတ်။

ညီတော် ဓမ္မပီယပုဂ္ဂိုလ်၊ ပဉ္စင်းညို၊ သိလိုမြင်လိုသဖြင့် တောင်ထိပ်သို့တက်၍ ကြည့်ရှုကုန်လျှင် နှစ်သက်ဖွယ် မြတ်နိုးဖွယ်၊ အံ့ဖွယ်သရဲထူးထူးကဲကဲတွေကို မြင်ရကုန်သောကြောင့် တောင်ပေါ်မှမဆင်းလိုကြဘဲ တောင်ထိပ်ပေါ်တွင် ပျော်ပိုက်နေသူ တို့ကဲ့သို့ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ ခေမာ၊ ဥပ္ပလဝဏ် အစရှိကုန်သော သားတော်ကြီး၊ သမီးတော်ကြီးတို့၏ ယထာဘူတဉာဏ်ဖြင့် အမှန်ကိုအမှန်အတိုင်း အဟုတ်ကို အဟုတ် အတိုင်းမြင်သောကြောင့် တရားတော်တောင်ထိပ်ပေါ်က မဆင်းမသက်ဘဲ သက်တော်ထက်ဆုံးမွေ့လျော်တော်မူသည်ကိုမှတ်၊ တောင်ထိပ်သို့ မတက်လို မတက်နိုင်သောကြောင့် နှစ်သက်စဖွယ် တင့်တယ်လှပစွာသော အရာတို့ကို မသိမမြင်ရှိကုန်သူတို့ကဲ့သို့ ထိုအတူကာမဂုဏ်ငါးပါး၊ သမီးသားနှင့် မယားနှင့်လင်၊ ရှင်တမြူးမြူး သူရှုးပမာ တရားတော်တောင်ထိပ်သို့ မတက်လို မတက်နိုင်သောကြောင့် အမှန်ကို အမှန်အတိုင်းမသိမမြင်။

ခန္ဓာငါးပါးတရားကို အလွဲလွဲအမှားမှား သားသမီး မယား လင်စသည်ဖြင့် ထင်ရှား၍ ပျော်နေကုန်သော ဗာလပုဂ္ဂိုလ်တို့ကိုမှတ် တောင်ထိပ်ပေါ်ရောက်၍

http://www.dhammadownload.com



မမြင်စဖူး ထူးမြတ်သောအံ့ဖွယ်သရဲထူးကဲကဲတို့ကို ကိုယ်တိုင်ထင်ထင်မြင်ရသောအဖသည် သား သမီးတို့အား မိမိမြင်ရသည့်အတိုင်း မြင်စေလိုသောကြောင့် တောင်ထိပ်ပေါ်သို့ မတက်လိုသော သားသမီးတို့ကို လက်ဆွဲကိုင်ငင်ချီပိုး၍ တောင်ထိပ်သို့တင်လိုသောအဖကဲ့သို့ ထို့အတူလျှင် ဘုရားသခင် ရွှေနှလုံးတော်ရှိသည်ကို သိအပ်လှတော့ သည့်ညီတော်ဓမ္မ မောင်ပီယ။

## ယထာဘူတဉာဏ်ကိုရသော်

ဓမ္မစရိုက် ပီယသိုက်ဖြင့် သမိုက်ဘွဲ့ချီ နှောင့်ချစ်ညီ ဤလောကီဘုံဌာန ယထာဘူတဉာဏ်ကို သာရခဲ့ပါသော် လောကီသစ္စာတော်ကို ခံယူသောက်မိပြီမှတ်။ လောကကီသစ္စာတော်ကိုခံယူ သောက်မိ၍ အစိမ့်ရခါ လောကုတ္တရာမဂ်သစ္စာအစဝင်လာ၍ သောတာပတ္တိဖိုလ်သို့ ရောက်လိမ့်မည်မှတ်။ နှစ်ကြိမ်မြောက်လောကီသစ္စာတော်ကို အထပ်ထပ်သောက်ပြန်လျှင် လောကုတ္တရာမဂ်သစ္စာဒုတိယဝင်လာ၍ သကဒါဂါမိဖိုလ်သို့ ရောက်လိမ့်မည်မှတ်။

သုံးကြိမ်မြောက် လောကီသစ္စာကို ထပ်ကာထပ်ကာ သောက်ပြန်လျှင် လောကုတ္တရာမဂ် သစ္စာသုံးကြိမ်မြောက် ဝင်လာ၍ အနာဂါမိဖိုလ်သို့ရောက်လိမ့်မည်မှတ်၊ လေးကြိမ်မြောက်လောကီသစ္စာကို ထပ်၍ထပ်၍ သောက်

http://www.dhammadownload.com



လျှင် လောကုတ္တရာမဂ်သစ္စာ စတုတ္ထဝင်လာ၍ အရဟတ္တဖိုလ်သို့ ရောက်လိမ့်မည်မှတ်။

လောကီသစ္စာ (ဝိပဿနာ)ကို ယထာဘူတဉာဏ်ဖြင့် ရှေးဦးစွာခံယူရရှိမည်။ ခံယူပြီးလျှင် ပဉ္စက္ခန္ဓာအနိစ္စ၊ ပဉ္စက္ခန္ဓာအနိစ္စဟု ဝိပဿနာဉာဏ်ဖြင့် ထပ်ကာထပ်ကာသောက်ရလိမ့်မည်၊ ပဉ္စက္ခန္ဓာဒုက္ခာ၊ ပဉ္စက္ခန္ဓာဒုက္ခာဟူ၍လည်းကောင်း ဝိပဿနာဉာဏ်ဖြင့်ထပ်ကာထပ်ကာသောက်ရလိမ့်မည်။ ပဉ္စက္ခန္ဓာအနတ္တာ၊ ပဉ္စက္ခန္ဓာအနတ္တ ဟူ၍သော်လည်း ထပ်ကာထပ်ကာဆင့်ကာဆင့်ကာ အကြိမ်ကြိမ် ဝိပဿနာဉာဏ်ဖြင့်သောက်ရလိမ့်မည်။

ညီတော် ဓမ္မမောင်ပီယ ဆိုအပ်ပြီးသော အနိစ္စ၊ ဒုက္ခ၊ အနတ္တဆေးတော်ကိုပင် ခန္ဓာတော်ရေလဲနှင့်သောက်လိုသည်ဖြစ်လျှင် အနိစ္စကိုလည်း ငါးထွေခန္ဓာရေလဲ၍သောက်လေ။ ဒုက္ခကိုလည်း ငါးထွေခန္ဓာရေလဲ၍သောက်လေ၊ အနတ္တကိုလည်း ငါးထွေ ခန္ဓာရေလဲ၍ဝိပဿနာဉာဏ်ဖြင့် သောက်မြဲသာဆင့်ကာဆင့်ကာထပ်ကာထပ်ကာသောက်လေ။ လောကုတ္တရာမဂ်သစ္စာပြေးဝင်လာမည်မှာ အပြီးသာ၊ မဂ်နောက်ကို ဖိုလ်အလိုလိုရောက်လာရမည်၊ အဆီးအတားမရှိပြီ။ ဤသို့ညီလှရှင်ဓမ္မပီယသည် စိတ်မှာစွဲ၍ခဲလိုက်ပါဘိ၊ တစ်ထိုင်တည်းတွင် အောင်ပွဲလေးကြိမ်ခံ၍ စံရအောင်ဟူလိုသတည်း။

http://www.dhammadownload.com



## ငါးထွေခန္ဓာရေလဲဆိုသည်မှာ

လက်မွန်ဓမ္မ၊ အာဒိပြု၍၊ ပိယအဆုံး နောင့်ညီဘုန်း သုံးထွေသောဓမ္မ အနိစ္စနှင့် ဒုက္ခ အနတ္တာ၊ ဤသုံးပါးကို ငါးခုစီခွဲ ခန္ဓာတော်ရေလဲဟူသည်ကား–

၁။ ရူပက္ခန္ဓော အနိစ္စော၊ အနိစ္စော၊

၂။ ဝေဒနက္ခန္ဓော အနိစ္စော၊ အနိစ္စော၊

၃။ သညက္ခန္ဓော အနိစ္စော၊ အနိစ္စော၊

၄။ သင်္ခါရက္ခန္ဓော အနိစ္စော၊ အနိစ္စော၊

၅။ ဝိညာဏက္ခန္ဓော အနိစ္စော၊ အနိစ္စော၊

ဤသို့ အနိစ္စ ဓမ္မဆေးတော်ကို ခန္ဓာငါးထွေ ရေတော်လဲ၍ သောက်မြဲအကြိမ်ကြိမ်သောက်လေ။

ရူပက္ခန္ဓော ဒုက္ခော ဒုက္ခော၊

ဝေဒနက္ခန္ဓော ဒုက္ခော ဒုက္ခော၊

သညက္ခန္ဓော ဒုက္ခော ဒုက္ခော၊

သင်္ခါရက္ခန္ဓော ဒုက္ခော ဒုက္ခော၊

ဝိညာဏက္ခန္ဓော ဒုက္ခော ဒုက္ခော၊

ဤဒုက္ခဓမ္မဆေးတော်ကို ခန္ဓာငါးထွေရေတော်လဲ၍ သောက်မြဲသာအကြိမ်ကြိမ်သောက်လေ။

ရူပက္ခန္ဓော အနတ္တာ၊ အနတ္တာ၊

ဝေဒနက္ခန္ဓော အနတ္တာ၊ အနတ္တာ၊

သညက္ခန္ဓော အနတ္တာ၊ အနတ္တာ၊

သင်္ခါရက္ခန္ဓော အနတ္တာ၊ အနတ္တာ၊

http://www.dhammadownload.com



ဝိညာဏက္ခန္ဓော အနတ္တာ၊ အနတ္တာ၊

ဤသို့ အနတ္တဓမ္မဆေးတော်ကို ခန္ဓာငါးထွေ ရေတော်လဲ၍ သောက်မြဲသာသောက်လေ။ အစုံအစုံ မဂ်ဖိုလ်လေးခါဖြစ်ရောက် လာသောကြောင့် သမ္မာသမ္ဗုဒ္ဓ ၏ ဩရသအစစ်၊ ရဟန္တာဟူသော သားတော်ဖြစ် လိမ့်မည်။

သန်း ကောင်းလိုက်တာဘုရား ဒီဆရာတော်ကြီးအကြောင်း ကြားသာကြားဖူးတာ၊ ရေးသားဟောပြောချက်တွေကို တော့ ခုမှကြားဘူးတာပဲဘုရား။ ဒီလိုခန္ဓာငါးပါး အနိစ္စ၊ ခန္ဓာငါးပါးဒုက္ခ၊ ခန္ဓာငါးပါးအနတ္တလို့ ရှုပွားဖို့အကြောင်း ဟောကြားချက်မျိုးပါဠိတော် အဋ္ဌကထာတွေမှာ တိုက်ရိုက် ရှိပါသလားဘုရား။

နုပ် ရှိတာပေါ့၊ အခု တောင်လေးလုံးဆရာတော်ကြီးရေးသား ချက်တွေဟာလည်း ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်ထဲက ဟော ကြားချက်တွေကို မြန်မာလိုပြန်ရေးထားတာပါပဲ။ ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် သီလဝန္တသုတ်ထဲက ရဟန္တာမထေရ် ကြီးနှစ်ပါးရဲ့ အမေးအဖြေတွေကိုပြောပြမယ် ဝိပဿနာ ရှုပွားနေသူတိုင်း အရေးတကြီးသိသင့်လို့ပေါ့။

သန်း အမိန့်ရှိပါဘုရား။

နုပ် အရှင် ကောဋ္ဌိက က အရှင်သာရိပုတ္တရာကို အခုလို မေးတယ်။ သီလစင်ကြယ်တဲ့ ရဟန်းဟာသောတာပတ္တိ မဂ်ကိုရချင်တယ်ဆိုရင် ဝိပဿနာကို ဘယ်လိုရှုပွားရ မလဲတဲ့၊ ဒီအခါ အရှင်သာရိပုတ္တရာက အာရုံ ၆ပါးနဲ့

http://www.dhammadownload.com



တိုက်ဆိုင်လာတိုင်း ဒွါရ ၆ပါးမှာ ဖြစ်ပျက်သွားတဲ့ ပရမတ်ခန္ဓာငါးပါးကို ဉာဏ်နဲ့သိပြီး ခန္ဓာငါးပါး အနိစ္စလို့ ရှုပွားရမှာဖြစ်ကြောင်း ပြန်ဖြေတယ်။

တစ်ခါ သောတာပန်တည်ပြီးတဲ့ရဟန်း၊ သကဒါဂါမ်ဖြစ်ချင်ရင် သကဒါဂါမ်တည်ပြီးတဲ့ရဟန်း၊ အနာဂါမ်ဖြစ်ချင်ရင် အနာဂါမ်တည်ပြီးတဲ့ရဟန်း၊ ရဟန္တာဖြစ်ချင်ရင် ဘယ်လိုဝိပဿနာရှု ရမလဲလို့ ဆက်လက်မေးမြန်းတဲ့အခါ အထက်ပါအတိုင်း အတူတူ ရှုပွားရမယ်လို့ ဖြေဆိုတော်မူတယ်။

သန်း ဒါဆိုရင် သောတာပန်ကနေ ရဟန္တာဖြစ်တဲ့အထိ ရှုပွားနည်းပြောင်းစရာမလိုဘူးဆိုတဲ့သဘောပေါ့ဘုရား

နုပ် မှန်တာပေါ့၊ ဒါ့အပြင် နောက်ထပ်မေးခွန်းကပိုပြီးစိတ်ဝင်စားစရာကောင်းတယ်၊ ရဟန္တာဖြစ်ပြီးတဲ့ သူကရော ဘယ်လို ရှုပွားပြီးနေရဦးမလဲဘုရားလို့ မေးတဲ့အခါ အရှင်သာရိပုတ္တရာက ရဟန္တာဖြစ်ပြီးတဲ့သူဟာလည်း အာရုံ ၆ပါးတိုက်ဆိုင်လာတိုင်း ဖြစ်ပျက်သွားတဲ့ ခန္ဓာငါးပါးကို ဉာဏ်နဲ့သိပြီး ခန္ဓာငါးပါး အနိစ္စ ခန္ဓာငါးပါးဒုက္ခ၊ ခန္ဓာငါးပါးအနတ္တလို့ ရှုပွားနေရမှာဖြစ်ကြောင်း ဖြေဆိုတဲ့အခါ အရှင်ကောဋ္ဌိကက ပြန်မေးတယ်။

လေးမင်္ဂလေးဖိုလ်ရပြီးသား ရဟန္တာဟာ အဘယ်အကျိုးငှာ ဝိပဿနာရှုပွားနေရတာလဲဘုရားတဲ့၊ အရှင်သာရိပုတ္တရာက တည်ကြည်ခြင်း၊ အေးချမ်းစွာနေရခြင်း အကျိုးငှာ ရဟန္တာများလည်း ဝိပဿနာရှုပွားလျက်နေကြ

http://www.dhammadownload.com



တယ်လို့ ဖြေဆိုတော်မူတယ်။ ဒီဖြေဆို ချက်ကိုထောက်ပြီး ရဟန္တာဖြစ်ပြီးသွားကြသူများ သတိ၊ သမာဓိ ပညာတွေ ပိုကောင်းနေတာဟာ ဝိပဿနာအမြဲရှုနေကြ လို့ပဲဆိုတာ ထင်ရှားတာပေါ့။

အခုပြောခဲ့တာတွေကို ပြန်ချုပ်လိုက်ရင် အာရုံ ၆ပါးနဲ့ တိုက်ဆိုင်လာတိုင်းဖြစ်ပျက်သွားတာဟာ ငါမဟုတ် ပဲ ရုပ်နာမ်တရား တွေပါပဲလားလို့ ပြတ်ပြတ်သားသား သိသွားတာကို နာမရူပပရိစ္ဆေဒဉာဏ်လို့မှတ်ပေါ့။ တစ်ခါ ဒီရုပ်နာမ်နှစ်ပါးဟာ အလိုလိုသူဖြစ်ချင်သလို ဖြစ်လာ တာမဟုတ်ဘူး၊ တန်ခိုးရှင်တစ်ဦးဦးက ဖန်ဆင်းလို့လည်း ဖြစ်လာတာမဟုတ်ဘူး။

အဝိဇ္ဇာ၊ တဏှာ၊ ကံဆိုတဲ့ အတိတ်အကြောင်း သုံးပါး အာဟာရ၊ ဖဿ၊ နာမ်ရုပ်ဆိုတဲ့ ပစ္စုပ္ပန် အကြောင်းသုံးပါးတို့ ကြောင့်ဖြစ်လာတာပဲလို့ ရှင်းလင်းစွာ သိသွားတာကို ပစ္စယပရိဂ္ဂဟဉာဏ်လို့မှတ်ပေါ့။

သန်း ပိုနားလည်အောင် အသံတစ်သံကို ကြားလိုက်ရတဲ့အခါ မှာ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟ ဉာဏ်ဖြစ် သွားပုံကို လက်တွေ့ကျကျရှင်းပြပါလားဘုရား။

နုပ် အေး ဒါဆိုလည်း ရှင်းပြရတာပေါ့၊ အခု ငါ့ပါးစပ်ကထွက် လာတဲ့အသံရုပ်နဲ့ မင်းရဲ့နားအတွင်းက သောတပသာဒ အကြည်ရုပ်တို့တိုက်ဆိုင်မိတာနဲ့ ခန္ဓာငါးပါးဟာဖြစ်ပျက် သွားပြီ။ ဒီငါးပါးထဲက အသံရုပ်နဲ့ နားအကြည်ရုပ်က ရူပက္ခန္ဓာဖြစ်လို့ ရုပ်တရားပဲ၊ ငါမဟုတ်ဘူးလို့သိတယ်။

http://www.dhammadownload.com



ကြားသိစိတ်ဆိုတဲ့ ဝိညာဏက္ခန္ဓာရယ်၊ အသံရဲ့အရသာကို ခံစားတဲ့ ဝေဒနက္ခန္ဓာရယ်၊ အသံကိုမှတ်သားတဲ့ သညာ-က္ခန္ဓာရယ်၊ ဆက်နားထောင်ဖြစ်အောင် တိုက်တွန်းနှိုးဆော်တဲ့ သင်္ခါရက္ခန္ဓာရယ်က နာမ်ခန္ဓာလေးပါးဖြစ်လို့ နာမ်တရားပဲ၊ ငါမဟုတ်ဘူးလို့ ပြတ်သားစွာသိတယ်၊ နှစ်မျိုးပေါင်းလိုက်တော့ နာမ်နဲ့ရုပ်ပဲရှိတယ်၊ ငါဆိုတာ မရှိဘူးလို့ ပြတ်သားစွာသိသွားတဲ့ဉာဏ်ကို နာမရူပ ပရိစ္ဆေဒဉာဏ်လို့ ခေါ်တယ်၊ ဒီရုပ်နာမ်နှစ်ပါးဟာ အလိုလို ဖြစ်လာတာမဟုတ်ဘူး။ တန်ခိုးရှင်က ဖန်ဆင်းလို့ ဖြစ်လာတာမဟုတ်ဘူး။ ရှေ့မှာပြောခဲ့တဲ့ အတိတ်အကြောင်းသုံးပါး၊ ပစ္စုပ္ပန်အကြောင်းသုံးပါးတို့ကြောင့် ဖြစ်လာတာပဲလို့ သိသွားတဲ့ဉာဏ်ကိုတော့ ပစ္စယပရိဂ္ဂဟ ဉာဏ်လို့ မှတ်ပေါ့။ ကျန်တာတွေတော့ နည်းမှီသိပေါ့။

ဒီဉာဏ်နှစ်ပါးကို ပိုင်နိုင်စွာသိသွားရင် စူဠသောတာပန်ခေါ်ကြောင်း၊ အပါယ်မကျဘဲ ကောင်းရာ သုဂတိသာရောက်တော့ကြောင်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ အခုလိုဖွင့်ပြတယ်။

ဣမိနာ ပန ဉာဏေန သမန္နာဂတော
ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော
နိယတဂတိကော စူဠသောတာပန္နော
နာမ ဟောတိတဲ့။

သန်း တရားလိုက်စားသူတွေအတွက် အားတက်စရာပါပဲဘုရား

နုပ် ဘုရားရှင်ရဲ့ သာသနာနဲ့တွေ့မှတော့ အားတက်စရာ

http://www.dhammadownload.com



ချည်းပါပဲ၊ နောက်အပါတ်ကျမှ ဝေဒနာရှုပွားနည်း အကျယ်ကို ဆက်ပြောပြမယ်။

အရှင်ဇဝန
မေတ္တာရှင် (ရွှေပြည်သာ)

http://www.dhammadownload.com

# အရှင်ဇဝန မေတ္တာရှင် (ရွှေပြည်သာ) ၏ စာအုပ်များ


<u>ထွက်ပြီး</u>

၁။ မျက်ရည်မကျခင် သိစေချင်
၂။ ယုံမှတ်လို့ ပုံအပ်မိသူများအကြောင်း (၁)
၃။ ယုံမှတ်လို့ ပုံအပ်မိသူများအကြောင်း (၂)
၄။ သရဏဂုံအစွမ်း အံ့မခန်း
၅။ မေတ္တာအစွမ်း အံ့မခန်း
၆။ သီလအစွမ်း အံ့မခန်း
၇။ စာရိတ္တသတ္တိ
၈။ မင်္ဂလာတားဖိုလ်တားအန္တရာယ်များ
၉။ အတွင်းရန်သူ
၁၀။ မိဘမေတ္တာရသစုများ (မင်းဟိန်းထိပ်နှင့်တွဲ၍)
၁၁။ မြန်မာတို့၏ အသက်
၁၂။ အရှုံးမရှိသော ဒသဿန

http://www.dhammadownload.com

၁၃။ မိရိုးဖလာဗုဒ္ဓဘာသာဝင်နှင့်
တကယ့်ဗုဒ္ဓဘာသာဝင်(အိတ်ဆောင်)
၁၄။ တကယ့်ဗုဒ္ဓဘာသာနှင့်
သစ္စာလေးပါး (အိတ်ဆောင်)
၁၅။ လူငယ်များအတွက်
ဂမ္ဘီရဝိပဿနာအတွဲ (၁ + ၂)
၁၆။ ကျောင်းအမနတ်သမီး အလှူကြီး (အိတ်ဆောင်)
၁၇။ ပါရမီထိုက်သောဒါနနှင့် ပါရမီမထိုက်သောဒါန
၁၈။ ဘဝနှင့်ရင်းရသော
အတွေးအမြင်များ အတွဲ (၁)
၁၉။ ဆရာကောင်းကို ရှာဖွေခြင်း

<u>ယခု</u>

၂၀။ လူငယ်များအတွက်
ဂမ္ဘီရဝိပဿနာအတွဲ (၃+၄) ၃၂၀၆၅၉၀၆၀၉

<u>ဆက်လက်၍</u>

၂၁။ စုန်လမ်းနှင့် ဆန်လမ်း (အိတ်ဆောင်)
၃၂၀၂၂၇၀၄၀၇
၂၂။ ဘဝနှင့်ရင်းရသော
အတွေးအမြင်များ အတွဲ (၂) ၃၂၀၆၆၃၀၆၀၉